ဓမ္မကထိကပါရဂူ

ဆရာကြီး ဦးမြတ်သိန်းထွန်း

# မဟာဓမ္မကထိက ဒီပနီ



ဘွင့်ခေါင် ဆရာတော်၏ မြေး

(ဓမ္မ ကထိက ပါရဂူ)

ဆရာကြီး-ဦးမြတ်သိန်းထွန်း

# မဟာ

# ဓမ္မကထိက ဒီပနီ

သား-မောင်ထွန်းမြင့်-ရှုပိုင်

ခေတ်စာပေထုတ်ဝေရေး
၈၇၀-၁၅ လမ်း၊ ၄-ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

အဖိုး ၁၅။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ်
( ၈၈၈၆ )

ဒုတိယ အကြိမ်
အုပ်ရေ ၂၀၀၀
ဩဂုတ်လ ၁၉၇၆

---

မျက်နှာဖုံးကို
ပန်းချီ ညွန့်ဝေရေးဆွဲ၍
အောင်သန်းအော့ဖ်ဆက်တွင် ရိုက်နှိပ်သည်။

**ပုံနှိပ် / ထုတ်ဝေ**

မောင်ချိုထွန်း (ခ)မောင်ကြည်မောင်ချို(မြဲ ၀၂၁၂၉) သပြေညိုစာပုံနှိပ်တိုက်၊ ၅၈ ဗိုလ်ကလေးဈေးလမ်း ရန်ကုန်မြို့က တာဝန်ခံ ပုံနှိပ်၍၊ ဦးအောင်ငွေး (မြဲ ၀၃၀၆) ခေတ်စာပေ ထုတ်ဝေရေး ၈၇၀-၁၅လမ်း၊ ၄-ရပ်ကွက် ဝ်တောင် ဥက္ကလာပ၊ ရန်ကုန်မြို့က ထုတ်ဝေသည်။

## မဟာကျေးဇူးရှင် စလင်း ဆရာတော် ဘုရားကြီး

# ဂုဏ်ထူးဆောင်လက်မှတ်

အင်းစိန်မြို့၌ ၇-ရက်စဉ် ဟောပြသော ပညာဒီပနီကျမ်းပြု ဝိပဿနာ ဓမ္မကထိက ဆရာမြတ်သိန်းထွန်းကို ပင့်ခေါ်၍ ကြည့်မြင်တိုင် စလင်းလမ်း ငွေထိန်းစာရေးကြီး မောင်ဘအုန်း နေအိမ်၌ ၇-ရက်နှစ်လီ စလင်း ကျောင်းတိုက်အတွင်း ၇-ရက်တကြိမ် အဟောခိုင်းစေပြီးနောက် ကြည့်မြင်တိုင် ကျောင်းကြီးတိုက် အတွင်း၌ မဂ္ဂ သမ္မာရ အဖွဲ့ချုပ် ဥက္ကဋ္ဌ မောင်ဘအေး ပင့်ဘိတ် တောင်းပန်သဖြင့် ဟောပြောပြန်သည်။ ယခုကဲ့သို့ ခက်ခဲသော အဘိဓမ္မာတရားကို ပေါ်လွင်ထင်ရှားစေပြီး လူဖြစ်ကျိုးမရှုံး အဘိုးတန်ဆုံး ဝိပဿနာအသိဉာဏ်ကို ပရိယတ်အခြေခံ ပဋိပတ်ခေါ် ပညတ်-ပရမတ် ဝေဘန် ဟောပြ နိုင်သူမှာ အလွန်တရာရှားလှချေသည်ဟု ကြားနာဘူးသူ ရှင်,လူ အပေါင်းတို့က ဝမ်းမြောက်စွာ ထောက်ခံကြပြီး လျှောက်ထားကြကြောင်း၊ ဆရာတော် ကိုယ်တိုင်လဲ ကြားနာရကြောင်း။ ဆရာတော်၏ တပည့် သားရင်းကဲ့သို့ သာသနာတော်၌ ထောက်ပံ့သူ လက်ရုံးတဆူ အားကိုးပြုလျက် ကျွေးမွေးထားကြောင်း အင်းစိန်ခရိုင် ထန်းတပင်မြို့နယ် ရွာသစ်ရွာသို့လဲ ဆရာတော်ကိုယ်တိုင် လိုက်၍ တကာများ ပင့်လျှောက်ချက်အရ နာယူဘူးကြောင်း။ သို့အတွက် သာသနာတော် တန်ခိုးထွက်၍ အသက်ရှည်လိမ့်အုံးမည်။ လူပြိန်းသိဘို့ ဥပမာ ဥပမေယျ သာဓကမျိုးစုံနှင့် ဟောပြနိုင်သူ ယခု အသက်တိုင် မတွေ့ဘူးသေးကြောင်း။ "ငါတို့ ရဟန်းဖြစ်လင့်ကစား" သူကဲ့သို့ မြို့ရွာဒေသထိုထိုသို့ ပင့်တိုင်း ဟောဘို့ရန် ခဲယဉ်းကြောင်း။ သာသနာတော်မြတ်၌ တကယ်တမ်း ထောက်ပံ့နိုင်သူ အန္တေဝါသိက တပည့်အရင်း ဖြစ်ကြောင်း။ (**သာသနဟိတဝါယာမ**) ဂုဏ်ထူးဘွဲ့တံဆိပ်ကို ချီးမြှောက်၍ လေးလေးနက်နက် ရဲဝံ့စွာ ထောက်ခံ လိုက်ပါသည်။

၁၂၉၇-ခု
တန်ဆောင်မုန်းလပြည့်။

(ပုံ) ဦးဝါသဝ
စလင်းဆရာတော်
ကြည့်မြင်တိုင်၊ရန်ကုန်မြို့။

## ပညတ်ဟာ ငါ့သောမင်း အစစ်။

# ဂုဏ်ထူးဆောင် လက်မှတ်

ကြည့်မြင်တိုင် စလင်းတိုက်အတွင်း တရားဟောပြောလျက် နေသော (**ပညာဒီပနီ**)ကျမ်းပြုဆရာ ဝိပဿနာ ဓမ္မကထိက မြတ်သိန်းထွန်း၏ ကမ္မဋ္ဌာန်းတရားကို ငါ၏ ကျောင်းတိုက်နေ သီလရှင်နှင့်ယောဂီများက လျှောက်ထား၍ခွင့်ပြုပင့်ခေါ် လာရောက် ဟောပြောရာသို့ ဆရာတော်ကိုယ်တိုင် ညစဉ် ၂-နာရီခန့် အစ အလယ် အဆုံးတိုင် နာကြားခဲ့ရာ မြတ်စွာဘုရား၏ ဒေသနာ ပါဠိတော်များနှင့် အဋ္ဌကထာတို့ပါ ညီညွတ်သော အဓိပ္ပါယ်ရှိ၍ ပိဋကတ် ကျမ်းဂန်နှင့် မတိမ်းမစောင်းသည့်ပြင်၊ ဥပမာ ပြယုဂ်တို့ဖြင့် လူပြိန်းလူငယ်များပင် နားလည်နိုင်၏။ သို့အတွက် ယခုလိုမြန်မာပြန်လျက် ဟောပြချက်ကို ငါတို့ ကျေးဇူးရှင် မြတ်စွာဘုရား၏ သာသနာမှန် တရားမှန်တို့သည် ကေန် ကြီးပွါး လိမ့်မည်ဟု မြော်လင့် ယုံကြည်သည်ဖြစ်၍ လူဝတ်ကြောင်နှင့်ပင် သာသနာတော်ကို အားပေးကူညီနိုင်သောသတ္တိထူးဖြင့် စေတနာကောင်းလမ်းကြောင်းဖြောင့်မှန် ယထာဘူတဉာဏ်ကို ထိုက်တန်သလောက် ဆောင်ရွက်အားထုတ်သူဖြစ်၍ ဆရာတော်ကဲ့သို့မခြား ၇-ရက်စဉ်ဟောလျက်နေသော ရတနာ ၇-ပါးနှင့်တူသော ၇-ခဏ်းသရုပ် ဝိပဿနာ အကျဉ်းချုပ်ကို အစက အဆုံးတိုင်အောင် ရှင် လူတိုင်းပင် တရားတော်ဂုဏ် အာရုံပြု၍ ရိုသေစွာ နာကြားထိုက်ပေကြောင်း၊ ရှင်,လူတို့၏ အပြစ်တင်ဘွယ်ရာ(**အတ္တုက္ကံသန,ပရဝမ္ဘန**,မပါ၊ မျက်နှာ ကြီးငယ် မထောက် မထား မြတ်ဘုရား၏ နှုတ်တော်ထွက် (**သာမုက္ကံသိက**) ဒေသနာတော်ကိုသာ အားပေး တိုက်တွန်းလျက် သာသနာကျိုးကို သည်ပိုးဆောင်ရွက်သော ဓမ္မကထိကသည် လူပုဂ္ဂိုလ်ထဲက ဆရာတော် လက်ထက်၌ တမိုးအောက် တယောက်သာ ဖြစ်ကြောင်း အထူးဝမ်းမြောက်သဖြင့် လေးနက်စွာ ထောက်ခံလိုက်သည်။

အောက်နိုင်ငံမူလသာသနာပြု
အဂ္ဂမဟာပဏ္ဍိတ
ပဋ္ဌမဘွဲ့တံဆိပ်တော်ရ
ငြိမ်းအေးရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ။

(ပုံ) ဦးကောသလ္လ
အလယ်တောရဆရာတော်
ရန်ကုန်မြို့။
၁၂၉၇-ခု
ပြာသိုလဆုတ် ၁၁-ရက်။

ဘယ်မျှပင်ချမ်းသာသော်လဲ- ထမင်း ၂-နပ်။

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပဏာမ ပုစ္ဆက ဂန္ထာရမ္ဘ | ၁ |
| ကျမ်း၏စကားအချီး | ၃ |
| ဓမ္မအမျိုးပေါင်း ၁၀၀-အမြွက်မျှ | ၅ |
| ရှိခိုးနည်းနှင့်နိုင်းယှဉ်၍ လိုရင်းတရားရှာဘို့အရေး | ၉ |
| ကထာအမျိုးအစား နားလည်ထားကြ | ၁၁ |
| ပရမတ်ဆတ်ဆတ် ဟောချင်လျှင် အထူးသတိချပ် | ၁၅ |
| ဓမ္မသဘာဝ, အနတ္တ, ၄-ချက် တိုင်ပင်ကြစမ်းပါ | ၁၇ |
| ဓမ္မကထိကဆိုင်းဘုတ် ဘာတရားကို ဟောမှာလဲ | ၁၈ |
| ချမ်းသာဘို့တရားအနှစ် ဟောသလား- ဂုဏ် ၆-ပါးသတိထား | ၂၃ |
| အရိယာအလောင်းမှန်ပါက သူများဟောတိုင်းရမ်းမဟောနဲ့ | ၂၄ |
| ဓမ္မကထိကလက္ခဏာကို အရကျက်ထားစမ်းပါ | ၂၇ |
| ပါဠိအားကိုးမသိ-တရားမှာ ဂုဏ်မရှိ စည်းမျဉ်းကြည့် | ၃၀ |
| တရားဟောကိန်း ၃-ဌာန ဘယ်ခါမှ မမေ့ရ | ၃၆ |
| ဆဒ္ဒါန်ဆင်မင်းဇာတ် ဒါနပြုလျှင်သတိချပ် | ၃၈ |
| တိရစ္ဆာနကထာ ၃၀-ငါးသိချင်ဒါဒီမှာတွေ့ပြီ | ၄၄ |
| တရားဟောထုံး အရင်းခံ ဥပဒေ | ၄၇ |
| စဉ်းစားရန် အရေးကြီးသော အခဏ်း | ၄၈ |
| ဓမ္မကထိကလုပ်လျှင် ပိဋကတ်စည်းမျဉ်းနားလည်ပါ | ၅၀ |
| ဗုဒ္ဓဘာသာ ရှင်,လူတိုင်း သတိပြုချက် | ၅၂ |
| အနှစ်ပါသောတရားတောင်း (၃-ယောက်ဆိုပါ) | ၅၄ |
| ၇-ရက်စဉ်ဟောထုံး ပဌမည လိပ်ပဏာမ | ၅၆ |
| နာမပညတ် အပေါ်ထပ် အဖုံးကိုဖွင့်ပြီ | ၆၆ |
| သူဌေးသမီး ကာလီသောတာပန် နိဂုမ်းသတ်တမျိုး | ၆၈ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဒုတိယညာ အောင်ခြင်း ၄-ပါး ပဏ္ဏာသ | ၈၀ |
| သညာနုပညတ် အလယ်ထပ် အဖုံးဖွင့်ပုံဘတ်ပါ | ၈၁ |
| ရှမ်းမကလေး စောသိန်းသန်း နိဂုမ်းသတ် | ၈၄ |
| တတိယညာ ဝိပ္ပလ္လာသ ၃-ပါး ပဏ္ဏာသ | ၈၈ |
| သန္တတိပညတ် အောက်ထပ် အဖုံးဖွင့်နည်းကြည့်ပါ | ၉၁ |
| ဘိုင်စကုတ် ဥပမာနဲ့ နိဂုမ်းသတ် ပြန်ပြန်ဘတ် | ၉၃ |
| ပညတ် ၃-စားနဲ့ သက်ဆိုင်ရာသာဓက အရကျက် | ၉၈ |
| စတုတ္ထညာ သစ္စာ ၄-ပါး ပဏ္ဏာသ | ၁၀၀ |
| နာမ်-နဲ့-ရုပ် ပရမတ်တရား ဒီတခါတမျိုးဟောမယ် | ၁၀၂ |
| နာမ်ဝါဒ-ရုပ်ဝါဒမျက်လှဲပြိုင်ပွဲ နိဂုမ်းသတ် | ၁၀၈ |
| ပဉ္စမညာ ဗိုလ် ၅-ပါး ပဏ္ဏာသ | ၁၂၂ |
| ခန္ဓာ ၅-ပါး ပရမတ် ဟောနည်းတမျိုးဘဲ | ၁၂၇ |
| သတိဆားယောဂီ | ၁၄၁ |
| ဝဇီရာထေရီနဲ့ မာရ်နတ် စကားရည်လုပွဲ | ၁၄၃ |
| ဆဋ္ဌမညာ ဉာဏ် ၃-စား ပဏ္ဏာသ | ၁၅၁ |
| အာယတန ပရမတ် ဒီလိုဟောပုံရေးပုံ တွေ့ဘူးလား | ၁၅၃ |
| ငနီခံ နိဂုမ်းသတ် ကိုယ်တွေ့နဲ့ဟပ် | ၁၅၇ |
| သတ္တမညာသိက္ခာ ၃-ပါး ပဏ္ဏာသ | ၁၆၈ |
| ဓာတ် ၁၈-ပရမတ်တရားဟောပုံ ရေးနည်းမတွေ့ဘူးသေး | ၁၇၀ |
| နိဂုမ်းသတ် ဇဝန ဟသ်ာမင်းဇာတ် | ၁၇၅ |
| မဟာဓမ္မကထိက ဒီပနီလမ်းညွှန် | ၁၈၄ |
| အထက်တန်းစားယောဂီများအတွက် | ၁၈၅ |
| ဒီမှာ-လူကောင်ပျောက်ရှုနည်း | ၁၈၇ |
| ရာဟုလာကို အတုခိုးဘို့ ဥပဒေရှိတယ် | ၁၈၉ |
| အစ္စန္တပရိသုဒ္ဓိ ထိုင်ဂိုင်းပြောနည်း | ၁၉၁ |
| မိန်းမကိုရှက်စမ်း-ဝဇီရာထေရီ ဥဒါန်း | ၁၉၄ |
| ဆရာမသေခင် မှာခဲ့မည် ကြပ်ကြပ်သတိထား | ၁၉၅ |
| ၅-ယောက်တဖွဲ့ ယခုလုပ်ကြစမ်းပါ | ၁၉၆ |

# နိဒါန်း

## (ဂုဏ်နှံ့ဒြပ်-မဟာပ်)

---

လှေ့သူကြီးယောင်ဆောင်သော လှေထိုးသား၊ တိုက်ပိုင်, အိမ်ပိုင် ထင်ရတဲ့ တံခါးစောင့်၊ စစ်ဗိုလ်အသွင်ပြ ဒါးပြ၊ ရဟန်းအသွင်ပြ အရက်သမား၊ သီလရှင်ဟန်လုပ် မိန်းမပျက်၊ ဆိုင်းဝိုင်းတီးခေါင်းဆောင် ကိုယ်လုံးပြသော ပတ်စာခွါသူ၊ ဇာတ်မင်းသား ထင်ရသောကားဆွဲသမား၊ မင်းကြီးထင်ရသော မင်းခစား-မင်းစေ။ ကျမ်းတတ်ယောင်ဆောင်တဲ့ ပါဠိသုံး အရပ်သား၊ သူဌေးဟန်လုပ်တဲ့ ခါးပိုက်နှိုက်၊ ပညာရှိယောင်ဆောင်လေ့ရှိသော ၁၂-ထွေဝိဇ္ဇာ ယောင် ဇ-သွယ်၊ စစ်သူကြီးဂုဏ်ပြတတ်တဲ့ ဆင်ဦးစီး၊ တုဿိတာ နတ်ဟန်လုပ်သော နတ်ဝင်မနဲ့-နတ်ဝင်ထီး၊ အဖွဲ့ချုပ်အရိပ်ပြတဲ့ အပြင်ရေးမှူး၊ ခနရှင်ထင်ရအောင် အမူအရာပြ စီးကရက်သောက်ကူလီ၊ စာရေးကြီးလိုလိုထင်စေဘို့ အသွားမရှိတဲ့ဖောင်တိန်ကို အိတ်မှာချိတ်သူ၊ ကားပိုင်ရှင်အထင်ခံ ဒရိုင်ဘာ၊ ဘုရားယောင်ဆောင်သော မာရ်နတ်၊ မြင်သူတွေ ရဟန္တာထင်ရသော ဒုဿီလ၊ (**ကျမ်းပြုဆရာ အမည်တတ်–ဗဟုသုတစပ်စု၊**) ဓမ္မကထိကအမည် ဆိုင်းဘုတ်တပ်လျက် သေဘေးလမ်းပြ၊ ထိုကဲ့သို့ ဟန်ဆောင် ဟိတ်ထုတ်-နိမိတ်လုပ်၍ ရှိတ်ပြ-ရှုံးပြ၊ အရေခြုံ-အနေချောင် အထက်တန်းစားကဲ့သို့ အယောင်ဆောင် ဟူသမျှတို့ကို မြူကမျှ မကျန်ရအောင် သီလဂုဏ်အဘိုးတန်-သမာဓိဂုဏ်အမျိုးမှန် ပညာဂုဏ် တန်ခိုးယှဉ်စေဘို့၊ ဤ**မဟာဓမ္မကထိကာ ဒီပနီ** လက်နက်နှင့် ကာကွယ်ဖိနှိပ်ကြရမည်။ (သတိပေးချက် ၂၅၀၀-သာသနာတဝက်။)

တရားရခြင်း ၂-မျိုးမှာ- သမထအလုပ်မှန်ကို မှူတည်၍ ဝိပဿနာ ပညာလက်နက်ဖြင့် ခန္ဓာကိုယ်ကို ဖျက်ဖြိုပြီး မဂ်ဖိုလ်ကို ရကြသော နည်းဥပဒေတမျိုး။ သမထသတ်သတ် အားမထုတ်မူ၍ ခဏိကသမာဓိဖြင့် အတွင်းကြိတ် ပါဝင်မှန်း မသိဘဲ ဝိပဿနာ ပညာလက်နက်ဖြင့် ဒီခန္ဓာဖြိုဖျက်ပြီး ဖိုလ်မဂ်ကို ရနိုင်သော နည်းဥပဒေတမျိုး။ ဤကား၊ အထံုပါရမီအတိုင်း စရိုက်အားလျော်သလို ဖြစ်ကြရသည်မှတ်။(**မငြင်းနဲ့–တွေးမနေနဲ့**) အချိန်အားလပ်ခွင့်ကို ရယူနိုင်ကြသော သမထယျာနိက-အရိယာအလောင်း သူတော်ကောင်းတို့နှင့် အားကြီးသင့်လျော်သော ဤကျမ်းစာကို ကမ္မဋ္ဌာန်းအလုပ်ခွင်သို့မဝင်မီဖြစ်စေ၊ ဝင်ပြီးသောအခါ ဖြစ်စေ တရားအားထုတ်ဆဲ အားထုတ်ပြီးသည်ဖြစ်စေ၊ ဘတ်ရှုပါက အကျိုးကေန် မျှားရမည့်ပြင်၊ ကမ္မဋ္ဌာန်း အလုပ်ခွင်သို့ ,မဝင်နိုင် မဝင်ချင် မဝင်အားကြသော ယောဂီ အရိယာအလောင်းတို့အတွက် တဘက်သတ် မျက်နှာ မငယ်ရအောင်

စီးပွါးရေး အိမ်ထောင်ရေး ဒီခန္ဓာဒုက္ခ မကင်းသမျှ ဘယ်မျှပင် အရေးများကြသော်လဲ အရေးကြီးတဲ့ အထဲက အနည်းငယ် အချိန်ယူ၍ (**ဆေးကောင်းလျှင်သန်းခေါင်း**) ဆိုဘိသကဲ့သို့ ဒီခန္ဓာဟာ ဘဝပေါင်း အဆက်ဆက် သံသရာမှာ ကြာသော်လဲ အသိဉာဏ် တလက်တလင်းမျှနှင့် မဂ်အတွင်း ကျနိုင်ကြစေရန် (ဆရာ၏ မေတ္တာ။)

## ကမ္မဋ္ဌာန်း မထိုင်နိုင်-မထိုင်အား။

သန္ဓေကိုယ်ဝန်ရှိ မိန်းမများ, လူအို, လူနာ, ခြေကျိုး, ခြေပြတ်, မျက်စိကန်း, သွေးကျနာ, လိပ်ခေါင်းရောဂါသည်, ပန်းနာရင်ကြပ်, အဆုတ်နာ, ဖေါရောင်သူ,ကိုယ်တခြမ်းသေ,ကျောမွဲနေပူခံ,စက္ကူလ,သုဘရာဇာ,အသုဘရာဇာ လူမျိုးခြားနဲ့ပုဏ္ဏား, စစ်ဗိုလ်,စစ်သား,ရုံးအုပ်,ရုံးအလုပ်,ဂါတ်အုပ်,ဂါတ်အလုပ်, ဈေးသည်,ကူလီ, ခရီးမပြတ်သွားရသူ(**ဒီကျမ်းစာကို သွားလေရာ အမြဲဆောင်**) အငြိမ်းစားမင်းများ, ဇိမ်ခံသူဌေးကြီးများ, စာသင်သား,စာချဆရာတော်များ ကျောင်းဆရာ ဆရာမများတို့နှင့် ကျောင်းသားများ သင်သိ·မှတ်သိခလေးသူငယ်များ, သန္ဓေဖွားပြီးစ မိန်းမများလဲ တွေးနိုင် ဆင်ခြင်နိုင်တယ်မှတ်။ ဆေးရုံရှိ ဆရာဝန် ဆရာမ သူနာပြုသမျှ တစ္ဆေ သူရဲခေါ် ပြိတ္တာများ တိရစ္ဆာန်နှင့် အသူရကာယ် များတို့ပါ ဤကျမ်းစာကို ဘတ်နိုင်သူ ဘတ်သံ ကြားရသူတို့မှာ အဘိုးမပြတ်နိုင်သော တရားအမြတ်ကို ကြားနိုင် နာယူနိုင် အရိယာ ဖြစ်နိုင်ကြစေရန် အဓမ္မထဲက ဓမ္မကို ရွေးထုတ် (**ဓမ္မကထိကထဲက မဟာဓမ္မကထိကကို ရွေးထုတ်ကြဘို့**။) တရားတော့ တရားပါဘဲ တရားဆိုသော်လဲ အသံတူ အဆံကွဲ၊ အဆံတူပေမဲ့ ဉာဏ်အယူမှန်ကြဘို့ ဟောထုံးနှင့် နာယူနည်း အပြည့်အစုံ ဓမ္မဂုဏ် ၆-အင်္ဂါ၊ အေး တရားအမှန်မို့ ဒီပနီတအုပ် ရေးသားရပြန်ပြီ။

**ကာမဂုဏ် စကားတွေ ပြောပြီး·မသေကြနဲ့။**

**ဓမ္မာရုံတရားတွေဟောပြီးမှ-သေကြ။**

# ပဏာမ ပုဗ္ဗက ဂန္ထာရမ္ဘ

အပါယ်လေးပါးမှလွတ်ရာ၊ ဇာတိသွေးဗိုက်မှ ကင်းရာတရားကိုသာ ဟောတော်မူသော ဘုရား။ ။တနည်း၊ သံသရာခေါ်သော ရုပ်, နာမ် ခေတ်ဆက်ရဟတ်စက်မှ ဖြတ်ထွက်ရာ လမ်းပြ၍ ဆုံးမတော်မူသော ဘုရား။ ။တနည်း၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာတို့၏ ဉာဏ်ကိုသာ ရစေ, ပေးစေ, ဖြစ်စေတော်မူသော ဘုရားရှင်ကို အံ့ဩလို့မကုန်၊ သဗ္ဗညုဂုဏ်တော်ကို အောက်ဆုံးတန်းကနေ၍ ဦးချလို့မဝပါဘုရား။

ရင်ပူအေးသော ကိုင်၍မပြနိုင်သော သူတပါး မယုံကြည် နိုင်သော (**အပရပ္ပစ္စယ**)တရားတော်ကို ကိုယ်တိုင်ခန္ဓာပုပ်မှာ ထိုးထွင်း၍ သိရသဖြင့်(မဂ်တရား ဖိုလ်တရား-နိဗ္ဗာန်တရားတော်) ကို။ တနည်း၊ ပိဋကတ်သုံးပုံ တရားမြတ်ကို-တနည်း။ သီလ, သမာဓိ, ပညာ, မဂ္ဂင်ထိပ်အုပ် သိက္ခာပုဒ် တရားယာဉ်ကို။ တနည်း၊ မဂ္ဂင်ထိပ်စီး အနတ္တ လက္ခဏာ ဖြစ်သော သမာဒိဋ္ဌိ ဉာဏ်တော်ကြီးကို။ တနည်း၊ အတ္တမစွက်၊ အနတ္တ သက်သက်သန့်သန့် ဖြစ်သော သုညတ သဘာဝ တရားတော်မြတ်ကို သုတဉာဏ်ဖြင့် အဆင့်ဆင့်မှ ပင့်မြှောက် လှမ်းကိုင် ထိုးထွင်းပိုင်၍ ကိုယ်တိုင်မြင်ရ မြတ်ဓမ္မကို ဦးချည့်တ်လျှိုး ရှိခိုးပါ၏လို့ ပါးစပ်က ရွတ်ဆိုတာ စာထဲမှာ ရေးတာထက် အဆများစွာ ပိုလွန်ပါ၏ဘုရား။

ဒိဋ္ဌိ,တဏှာ, အဝိဇ္ဇာကို ပယ်ခွါရည်မှန်း မြတ်သကိန်းနှင့် ကျင့်လမ်းမြင်သိ သိက္ခာပြည့်၍ သမုတိခေါ် သံဃာတော်ကို။ တနည်း၊ ဒိဋ္ဌိ, ခန္ဓာ, သံသရာမှ ပယ်ခွါထွက်မြောက် လေးယောက်သော ပရမတ္ထသံဃာတော်ကို ဖူးမျှော်ဦးတင် မာန်မဝင်ဘဲ ကန်တော့ပါ၏-ဆိုဒါထက်၊ မရေတွက်နိုင်အောင် အံ့ဩချီးမွမ်းပါ၏၊ ရိုသေခြင်း မြဲပါ၏ဘုရား။

လောကဥ္စ နေမှု, စားမှု, အစုစုမှစ၍ ကျွေးမွေးသုတ်သင် ဘ, မိခင်နှစ်ပါးကိုလဲ တရားမပြတ်သော သားမြတ်က အထပ်ထပ် ကျေးဇူး အထူးသိမြင် ရှိခိုးဦးတင်နေသော စေတနာကို သူများမသိနိုင်ပါဘုရား။

အာစရိယဂိုဏ်းဝင် ဆရာမြတ် ထေရ်အရှင်တို့ကို မသေခင်မှာပင် အစဉ်ရိုသေမှုကို ဖယ်၍ ခန္ဓာပျက်ကြွေ လောကဥ္စ ဆရာကြီး သေသွားပြီ ခေါ်ကြပေမဲ့ ဟောဒီ ကျမ်းစာတွေ၏ ပဏာမကပင် အပိုစကား မဘက်ဘဲ ကိုယ်စားဆက်၍ ရှိခိုးစေခဲ့ပါသည်ဘုရား။

မေး။ ။ဘာ့ကြောင့် အနန္တငါးပါးကို ရှိခိုးပါသလဲ။

ဖြေ။ ။တကျော့ခရိုင်မှာ ဘာမဆိုင်အလုပ် ငါပိုင်တွေ အကုန်ဖြတ်ပြီး။ အနတ္တ လက္ခဏာသုတ် အတွေ့တရားထူးမို့ ပဉ္စဝဂ်ခေါ် ရသေ့ ငါးဦးတို့၏ တရားကျပ်ပြည့်ရပုံ သက်သာသကဲ့သို့ ဓမ္မစကြာအဖွဲ့ မြို့ရွာတိုင်း အိမ်တိုင်း ဖြစ်စေ့ရစေဘို့ ရှိခိုးတယ်။ တနည်း တရားအမှန်ကို လူရှင်တိုင်း ဟောတတ်ဘို့ ကြားနာတတ်ဘို့ **ဓမ္မကထိက** ဒီပနီကျမ်းကို ရေးသား စေခြင်းငှာ အနန္တ ငါးပါးကို ရှိခိုးပါသည်။

# ဓမ္မ ကထိက ဒီပနီ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

ဗုဒ္ဓေါလောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ။

သဗ္ဗပါဏိနံ၊ ခပ်သိမ်းသော သတ္တဝါ အပေါင်းတို့၏။ ဟိတာယ၊ မွေးခြင်း သေခြင်း, ဝဋ်စာရင်းမှ လွတ်ကင်းစေခြင်း အကျိုးငှာ။ လောကေ၊ လူ့ပြည် ကြီး၌။ ဗုဒ္ဓေါ၊ တရားပိုင်ရှင် 'ဘုရားမြတ်သခင်သည်။ သမုပ္ပန္နော၊ မည်သူ တဦးယောက်ကမှ မပင့်မခေါ်သာ အခွင့်တော်စွာ ပွင့်ပေါ်၍ လာရပါပေ၏ တကား။ စဉ်းစားဘတ်။

**ခပ်သိမ်း**—ဆိုသော သဗ္ဗနာမ်ပုဒ်အရ လူ, နတ်, ဗြဟ္မာ ခေါ်သော ဘဝင်သွေး မြင့်ကြတဲ့ အထက်တန်းစား တို့၏ အကျိုးငှာသာ မထင် ကြနဲ့၊ အောက်တန်းစား အပါယ်လေးပါး အဖွဲ့ဝင် ဘားနတ်သားနဲ့ မဟာဒတ္တ နွားလား၊ လင်းနို့သားငါးရာစသော တိရစ္ဆာန်တို့၏ အကျုတ် တရားရဘို့ပါ ပါဝင်သည်။ သတိပြုခဲ့လှ၏။

**တရားအစစ် ဟောသူထံ၌ တရားနာယူလျှင် တရားလမ်းစဉ်အတိုင်း မဂ်ဖိုလ်ကို ရနိုင်၏။**

၁။ သောတာပန် ဖြစ်တာ ဘုရားကဲ့သို့ တောထွက်ပြီး ဒုက္ကရ စရိယာ ကျင့်ရတယ်လို့ မထင်နဲ့နော်။ **ထင်** ပင်ပန်းမယ်။ ကျမ်းဂန်ကို ယုံကြည် သော်။ ဥပဒေအရှိ။ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် အလောင်းတို့၏ ဇာတ်ထုပ် ပြန်ကြည့်၊ အဲဒါ အနာဂါရ မုနိတို့အတွက် အနာထပိဏ် စိတ္တ ဉ်ကြွယ်မှအစ၊ ပုညဝဆုနနဲ့ ဝိသာခါ အဲဒါ အာဂါရမုနိတို့အတွက်။

၂။ သကဒါဂါမ်ခေါ်သော ဉာဏ်ကို ရဘို့ တော, တောင် ခိုမှီး,စိပ်ပုတီး လက်ကိုင် ဂူလိုဏ်ကိုဝင်နိုင် ကမ္မဋ္ဌာန်းထိုင်ပါမှ ရမယ်လို့ မယူနဲ့နော်၊ ယူ-မှောမယ်။

၃။ အနာဂါမိမင်ကို ရ-ရောက်ဘို့ကလဲ မဂ္ဂဝိထိချတတ်မှ၊ မဂ္ဂဝိထိ ကျဒါကို ကိုယ်တိုင်သိမှ ရမယ်, ရောက်ရမယ်လို့ စာထဲမှာ ပါတိုင်း အတွေးမကြီးလေနဲ့ သူများပြောတိုင်းလဲ မယုံလေနဲ့နော်။ အပြောကြီးနေလျှင် ပြောသံကြားကို ယုံကြည်နေခဲ့သော်။ တနည်း၊ အဝတ်အစားတို့ကို ခြိုးခြံမှ အနာဂါမ် ဖြစ်ရမယ်။ ဆဲသံ, ကဲ့ရဲ့သံတို့ကို နားမှာကြားလျှင် ဒေါသစိတ်မထအောင် အောင့်အီး စောင့်စည်း၍ နေရမယ်။ သို့မှ အနာဂါမ် ဖြစ်မယ်လို့ ထင်ဒါတွေကို တွေးမနေနဲ့။ (မွေး့သေ မလွတ်မှတ်) သေရက်ကို ဗေဒင်မေးထားစမ်းပါ။

၄။ အရဟတ္တမင်, အရဟတ္တဖိုလ်ခေါ် ရဟန္တာ ဖြစ်ဘို့ကလဲ မင်ခဏကို ဖိုလ်ခဏကို ကိုယ်တိုင်, ကိုယ်ပိုင် သိလိုက်ရမှ လှိုက်ခနဲ, ခြိုက်ခနဲ, ဟိုက်ခနဲ, ဖြစ်ဘူးသွားမှ။ တနည်း၊ တရားတွေးနေရင်း လင်းခနဲ, ဝင်းခနဲ, ဖြတ်ခနဲ, လှပ်ခနဲ, မေ့သွားခြင်း, လစ်သွားခြင်း ဖြစ်ရမယ်လို့ မထင်ကြနဲ့။ ရဟန္တာရဲ့ ဉာဏ်ကို ရလိုလျှင် ဘုရားရှင်ကဲ့သို့ တိုင်းပြည်, မြို့ရွာ, အိမ်, ကျောင်း စသည် တို့ကိုစွန့်။ လင်စွန့်၊ မယားစွန့်၊ သမီး့သားနှင့် စီးပွားအကုန်စွန့်ပြီး တကိုယ်စာ တယောက်ထည်း ခိုမှီး သစ်ရိပ်၊ တိတ်ဆိတ်အာရုံ၊ကာမဂုဏ် အစုစု အာရုံမပြုဘဲ ရှောင်ကွင်းနိုင်သလောက် တင်းတိမ်ပြီး ကျင့်ကြံနိုင်မှသာ ရဟန္တာ ဖြစ်မယ်။ သိပ်ပြီး အတွေးပေါက်တိုင်း သူများပြောတိုင်း စဉ်းစားခန်းမထုတ်လေနဲ့နော်။ ထုတ်နေရင် ခွဲ-ခွဲ။

ဒါကြောင့် ခန္ဓာဒုက္ခ ဘဝနခမ်းသတ်ဘို့ မဂ္ဂသစ္စာလမ်း ဇာတ်ကို သိဘို့ မြင်ဘို့ ပါးနပ်မှ တရားအမြတ် ရဘို့က ဘာလဲ (အနတ္တ) အရိယာ ဖြစ်လိုက အရိယာ နည်းစံနစ်ကို သပ္ပုရိသခေါ် ဂုဏ်အင်္ဂါ ၇-ပါးနဲ့ ပြည့်စုံသော ဆရာ စစ်ထံ အမြန်စုံစမ်း လျှောက်ထားကြ။

ဘုရားဖြစ်ပါက ဘုရားဆုကို ပန်ဆင်ကြသော နည်းလမ်း စည်းကမ်းအရ ကျမ်းဂံန် ဥပဒေနဲ့ညီကြ။

ဗဟုဇန ဟိတာယ၊ လူအများ အကျိုး ရှိစေခြင်းငှာ။ ဗဟုဇန သုခါယ၊ လူအများ ဆင်းရဲ ကုန်ခန်း ချမ်းသာ ကြစေခြင်းငှာ။ ငါဘုရား အပင်ပန်း ခံပြီး ရှာဖွေ၍ ရခဲ့သော တရားမြတ်ကို ပါးနပ်ကြသူ ဉာဏ်ရှိသော ရှင်, လူတို့ သက်သက်သာသာ နို့သက်ခံ၍ သောက်စို့ကြလို့ ပရိနိဗ္ဗာန် ဝင်စံခါ နီးမှာပင် ညီတော် အာနန္ဒာကို ဦးတည်၍ မှာတော်မူခဲ့တယ်။
(မဟာဝါ ဥပဒေ)

## ဝယဓမ္မာ–သင်္ခါရာ–အပ္ပမာဒေန–သမ္ပါဒေထ။

၁။ ဝယဓမ္မာကို နားလည်ရမှာလား–လင်နဲ့မယား စွန့်ကြမှာလား။
၂။ သင်္ခါရာကိုသိဘို့ အားထုတ်ရမှာလား–စည်းစိမ်တွေကို ပယ်ရမှာလား။
၃။ အပ္ပမာဒေနကို လက်ကိုင်ပြုရမှာလား–ပုဂ္ဂိုလ်အနေ ပြောင်းရမှာလား။
၄။ သမ္ပာဒေထ ဖြစ်ဘို့ ကြိုးစားရမှာလား–တောထွက်ဘို့ ကြံရမှာလား။
ပရိယတ်, ပဋိပတ် စွယ်စုံ စိတ်ကောင်းပညာရှိကို မေးပါ-လျှောက်ပါ-စုံစမ်းပါ။

---

## ဓမ္မမျိုး အမြွက်မျှ နားလည်ကြ

၁။ ဉာယဓမ္မ-သတ္တဝါတိုင်းနဲ့ သင့်တော်သောတရား။
၂။ ဥဇ္ဇယျဓမ္မ-သိသင့် သိထိုက်သော မဂ္ဂသစ္စာတရား။
၃။ ဂုဏဓမ္မ-ဂုဏ်ကျေးဇူးရှိသောတရား။
၄။ အာစာရဓမ္မ-သီလစောင့်ထိန်းသောတရား။
၅။ သမာဓိဓမ္မ-စိတ်တည်ကြည်သောတရား။
၆။ နိဿတ္တဓမ္မ-သတ္တဝါမဟုတ်သောတရား။
၇။ အာပတ္တိဓမ္မ-အပြစ်ဖြစ်နေသောတရား။
၈။ ကာရဏဓမ္မ-အခြေခံ အကြောင်းရင်းတရား။
၉။ သတိပဋ္ဌာနဓမ္မ-သွား, လာ, ထိုင်, လျောင်း ၄-ဌာနမှ အစ နေရာတိုင်း ရုပ်ပျက်, နာမ်ပျက်ကို မမေ့အောင် နှလုံးသွင်းတရား။
၁၀။ ပဋ္ဌာနဓမ္မ-ရုပ်, နာမ် ၂-ပါးတို့၏ အပြန်ပြန် အထပ်ထပ် ကြောင်းကျိုး စပ်၍ အသေးစိပ် ကျေးဇူးပြု၍ ဆက်ဆံကြသော အနန္တ တရားမြတ်။
၁၁။ ဗာလဓမ္မ-လူမိုက်လမ်းပြသောတရား။
၁၂။ ပဏ္ဍိတဓမ္မ-ပညာရှင်လမ်းပြသောတရား။
၁၃။ ပုထုဇ္ဇနဓမ္မ-ပုထုဇဉ်တို့အား ဆိုးမသောတရား။
၁၄။ အရိယဓမ္မ-အရိယာပုဂ္ဂိုလ်တို့အား ဆိုးမသောတရား။
၁၅။ ဣတ္ထိဓမ္မ-မိန်းမများကို ဆိုးမသောတရား။
၁၆။ ပုရိသဓမ္မ-ယောကျ်ားများကို ဆိုးမသောတရား။
၁၇။ ပုဂ္ဂလဓမ္မ ပုဂ္ဂိုလ်ကို ရည်၍ဟောသောတရား။

၁၈။ ဓမ္မ, ဓမ္မ-သဘာဝကို ရည်၍ဟောသောတရား။
၁၉။ ဒုဂ္ဂတိဓမ္မ-ယုတ်ညံ့သောဘဝသို့ ရောက်ကြောင်းတရား။
၂၀။ သုဂတိဓမ္မ-မြင့်မြတ်သောဘဝသို့ လမ်းညွှန်တရား။
၂၁။ ပိဋကတ္တယဓမ္မ-ပိဋကတ်သုံးပုံရှိတရား။
၂၂။ ပစ္စတ္တဓမ္မ-တယောက်တွက်, တကိုယ်စာတရား။
၂၃။ ကုသလဓမ္မ-စိတ်ချမ်းသာသောတရား။
၂၄။ အကုသလဓမ္မ စိတ်မချမ်းသာသောတရား။
၂၅။ အဗျာကတဓမ္မ-အကျိုးမရှိ မသိသောတရား။
၂၆။ အာရမ္မဏဓမ္မ-အာရုံပြုရာဖြစ်သောတရား။
၂၇။ ဥပဒေသဓမ္မ-နည်းလမ်းညွှန်ပြသောတရား။
၂၈။ လောကဓမ္မ-မွေးခြင်း,သေခြင်း ဓမ္မတာတရား။
၂၉။ လောကုတ္တရဓမ္မ-မွေး,သေ အရှင်းမရှိ အလွတ်တရား။
၃၀။ ဗုဒ္ဓဓမ္မ-ဘုရားကြီး၏ နှုတ်ထွက် သာမုက္ကံသိကတရား။
၃၁။ သံဃဓမ္မ-သာဝကတပည့်တို့၏ ဟောသောတရား။
၃၂။ နိယာမဓမ္မ-ကုသိုလ်,အကုသိုလ် ကံထိုက်တရား။
၁၃။ နာမရူပဓမ္မ-နာမ်သဘာဝ, ရုပ်သဘာဝတရား။
၃၄။ နိဝါနဓမ္မ-အလိုဆန္ဒ အရှင်းမရှိတရား။
၃၅။ ပဋိစ္စသမုပ္ပါဒဓမ္မ-အကြောင်းခံလို့ အကျိုးပေါ်တရား။
၃၆။ နိဿရဏတ္တဓမ္မ-ကြောင်းကျိုးကင်းပြတ်တရား။
၃၇။ အာဂါရဓမ္မ-အိမ်ထောင်ပြုလျက် သိမြင်သောတရား။
၃၈။ အနာဂါရဓမ္မ-တကိုယ်ထည်း သိမြင်သောတရား။
၃၉။ ဉာသိဓမ္မ-သာသနာပ ရသေ့တရား။
၄၀။ ပဗ္ဗဇ္ဇာဓမ္မ ဘုရားရှင်ဩဝါဒခံ ရဟန်းတရား။
၄၁။ ဗောဓိသတ္တဓမ္မ-ဘုရားလောင်း ကျင့်ထုံးတရား။
၄၂။ သမ္မာသမ္ဗုဒ္ဓဓမ္မ-ဘုရားဖြစ်မှ ဟောသောတရား။
၄၃။ အတ္တဓမ္မ-ငါပိုင်,ငါဆိုင် စည်းမျဉ်းပြုသောတရား။
၄၄။ အနတ္တဓမ္မ-ငါ,ငါပိုင်-ရှင်းရှင်းမဟုတ်တရား။
၄၅။ ပညတ္တိဓမ္မ-ပုဂ္ဂိုလ်သတ္တဝါ-အမှတ်ဖြင့် ကျင့်သုံးသော တရား။
၄၆။ ပရမတ္ထဓမ္မ-ပုဂ္ဂိုလ်သတ္တဝါ-အရှင်းမရှိတရား။

## ဓမ္မ အမျိုးမျိုးပြခဏ်း

၄၇။ ပုထုဇ္ဇနဓမ္မ-မွေး,သေဆက်စပ်-ပြုတတ်သော တရား။

၄၈။ အရိယဓမ္မ မွေး,သေလွတ်ရာကို-အားထုတ်သောတရား။

၄၉။ သေက္ခဓမ္မ-သီလ,သမာဓိ,ပညာ, ၃-ဌာန ညီမျှသောတရား။

၅၀။ အသေက္ခဓမ္မ သီလ,သမာဓိ ပညာ ၃-ဌာနကို ညီမျှအောင် အားထုတ်ပြီးစီးသောတရား။

၅၁။ သုတဓမ္မ-တဆင့်ကြားသိရသောတရား။

၅၂။ ပညာဓမ္မ-ကိုယ်တိုင်-ထိုးထွင်းသိမြင်သောတရား။

၅၃။ ပရိယတ္တိဓမ္မ-စည်းကမ်းသတ်မှတ်ချက်ကို သင်ကြားရမဲ့တရား။

၅၄။ ပဋိပတ္တိဓမ္မ-လိုရာခရီးသို့ရောက်ရန်တရား။

၅၅။ ပဋိဝေဓဓမ္မ-အပူမရှိသော အတိသုခတရား။

၅၆။ အနိစ္စဓမ္မ-ခန္ဓာမပြတ်ပျက်တရား။

၅၇။ ဒုက္ခဓမ္မ-ခန္ဓာဘေးပေါင်းစုံတရား။

၅၈။ အနတ္တဓမ္မ-ခန္ဓာဟာ-ယောကျ်ား,မိန်းမ မဟုတ်သောတရား။

၅၉။ ပညတ္တိ အနတ္တဓမ္မ-လောကသမုတ်ခြင်းတွေလဲ-ဘာတခုကမှ ရှာမရသောတရား။

၆၀။ ပရမတ္ထအနတ္တဓမ္မ-အရိယာတို့ သိမြင်သော တရားကလဲ— ဟောဒါဘဲလို့ မပြနိုင် မပြောနိုင်တဲ့တရား။

၆၁။ ဝါဒဓမ္မ-စိတ်ကြိုက်တူရာ ပြောဆိုလေ့တရား။

၆၂။ သစ္စာဓမ္မ-အဟုတ်အမှန်ကျတရား။

၆၃။ ဒါနဓမ္မ-ပေးကမ်းစွန့်လှူသောတရား၊

၆၄။ သီလဓမ္မ ကိုယ်ချင်းစာသူတော်တရား။

၆၅။ ဘာဝနာဓမ္မ-ခန္ဓာကိုယ်၏-အကြောင်းအကျိုးတရား။

၆၆။ တဏှာဓမ္မ-မိမိလိုရာကို လေ့လာသောတရား။

၆၇။ နိဗ္ဗာနဓမ္မ-အလိုဟူက မြူတမျှ မရှိတရား။

၆၈။ ပရပစ္စယဓမ္မ-သူတပါး ယုံကြည်နိုင်တဲ့တရား။

၆၉။ အပရပ္ပစ္စယဓမ္မ-သူတပါး မယုံကြည်နိုင်တဲ့တရား။

၇၀။ ဝိနိပါတဓမ္မ သေလျှင် ဖြစ်ချင်ရာဖြစ်တဲ့တရား။

၇၁။ နိယတဓမ္မ-သေလျှင် ချမ်းသာတဲ့ဘဝ ကိန်းသေရတဲ့တရား။

၇၂။ အပါယဝိမုတ္တဓမ္မ-အပါယ်လေးပါးမှ လွတ်သောတရား။

၇၃။ ဇာတိက္ခယဓမ္မ-သွေးညှိ ဝမ်းဗိုက်သို့ မရောက်သောတရား။
၇၄။ သင်္ခတဓမ္မ-ထပ်ခါလုံ့လ ပြုပြင်အားထုတ်ရတဲ့တရား။
၇၅။ အသင်္ခတဓမ္မ-ပြုပြင်မှု အစသတ်, ဘဝပြတ်တရား။
၇၆။ ဓာတုဓမ္မ သူ့အလိုလို ဖြစ်ပေါ်သောတရား။
၇၇။ ခန္ဓာဓာတုဓမ္မ ကိုယ်ခန္ဓာ ဓာတ်သဘောတရား။
၇၈။ သဘာဝဓာတုဓမ္မ ဖြစ်ပျက်မှု ဓာတ်တရား။
၇၉။ သုတ္တန္တဓမ္မ-နားလည်အောင် ဟောပြသောတရား။
၈၀။ ဝိနယဓမ္မ-စည်းကမ်းဥပဒေ လမ်းပြတရား။
၈၁။ အဘိဓမ္မာဓမ္မ-အလွန်ခက်, အလွန်နက်နဲသောတရား။
၈၂။ နိဗ္ဗိဝဓမ္မ-အသက် ရှည်-တို လုံးလုံးမရှိတရား။
၈၃။ သုညတဓမ္မ-ငါ-သူ အကောင်အထည် ဘာမှမရှိတရား။
၈၄။ ပစ္စေကဗုဒ္ဓဓမ္မ-တသီးပုဂ္ဂလ ဘုရားငယ် ဟောသောတရား။
၈၅။ အတိဇေဂုစ္ဆဓမ္မ-အလွန် စက်ဆုပ်အပ်သောတရား။
၈၆။ အဘိနန္ဒဓမ္မ-လွန်စွာ တပ်နှစ်သက်သောတရား။
၈၇။ အဿာဒဓမ္မ-သာယာခံစား ပျော်မွေ့သောတရား။
၈၈။ အသုဘဓမ္မ-မတင့်တယ်, ရွံဘွယ်, အော့အန်ဘွယ်တရား။
၈၉။ မနုဿဓမ္မ-လူတို့၏ ကျင့်ဝတ်တရား။
၉၀။ ဒေဝဓမ္မ-အကုသိုလ်ပြုရာ၌ ရှက်ခြင်း,လန့်ခြင်းတရား။
၉၁။ မရဏဓမ္မ-သေခြင်းတရားကို အဖန်ဖန် ဆင်ခြင်မှုတရား။
၉၂။ ကောဋ္ဌာသဓမ္မ-ခန္ဓာကိုယ် အစိတ်အပိုင်းကို ယောကျ်ား-မိန်းမ အကောင် အထည် ပျောက်အောင် ခွဲစိတ်ဝေဘန်ခြင်းတရား။
၉၃။ ပညာဓမ္မ-အသိဉာဏ် သန့်သန့်တရား။
၉၄။ သဘာဝဓမ္မ-သူ့သဘော သက်သက်တရား။
၉၅။ ပကတိဓမ္မ ကမ္ဘာမူလ ရှိနှင့်သောတရား။
၉၆။ သမထဓမ္မ-စိတ်တည်ငြိမ်သောတရား။
၉၇။ ဝိပဿနာဓမ္မ-ထိုးထွင်းသိမြင်သော ပညာတရား။
၉၈။ သုတမယဓမ္မ-ကြားဘူးဒါနဲ့ တင်းတိမ်သောတရား။
၉၉။ စိန္တာမယဓမ္မ-တွေး, ကြံ, ပေါက်တိုင်းရသောတရား။
၁၀၀။ ဘာဝနာမယဓမ္မ-သိမြင်လို့ မပြီးနိုင်သောတရား။

## သိချင်လို့—စာဘတ်ရင်—စဉ်းစားဘတ်

ဓမ္မကထိက-လူဝတ်ဆရာ- ဘိုးသူတော်ဆရာ- ရသေ့ဝတ်ဆရာ- သီလရှင်ဆရာ- သင်္ကန်းဝတ် ဆရာတော် အရှင်မြတ်များက-တရားဟောလျှင် ဘုရားအလိုတော်ကျ (အဓိပ္ပါယ်သဘောသို့ ဆိုက်အောင် ဟောပြဘို့။)တနည်း၊ တရားနာယူကြသော လူ့,ရှင်အပေါင်း အရိယာအလောင်းတို့ကလဲ ငါတို့မှာ လိုရင်းအဓိပ္ပါယ်-သဘောဟာ ဘယ်အထိဆိုက်ရောက်မှသာ အကျိုးကျေးဇူးနှပ်၍ လူဖြစ်ကျိုး ရှင်ဖြစ်ကျိုးနပ်ကြမှာဘဲလို့။ **အဓိပ္ပါယ်ခေါ်** သဘောအဆုံးကိုသာ လိုက်နာ ဟောပြနာယူကြစေကုန်သတည်း။

### ရှိခိုး ဦးချနည်း။

၁။ လက် ၂-ဘက်ပူးယှက်၍ ထိထားရခြင်း။
၂။ ဒူး ၂-ဘက်ပူးယှက်၍ ထိထားရခြင်း။
၃။ တတောင်ဆစ်နှင့် ဒူးဖြင့်ထိထားရခြင်း။
၄။ နဖူးနဲ့ လက်အုပ်နဲ့ ထိရခြင်း။
၅။ **ဦးချ**လျှင် ဒူး ၂-ဘက်နဲ့ အထိုင်ဌာနနဲ့ ထိရခြင်း။

ထိုကဲ့သို့ ထိခြင်းငါးပါးတို့နှင့် ပြည့်စုံ၍ ရှိခိုးဦးချရမည်ဟူ၍ ရှေးဆရာမြတ်တို့ ဆုံးမကြ၏။ ရှိခိုးထိုက်သူတို့ကို တွေ့မြင်လျှင် ထိခြင်းငါးပါးဖြင့် ပြည့်စုံရမှာကား၊နေရာတိုင်း မဟုတ်သင့်။ အရာဌာနကို ကြည့်ရှုဝေဘန်၍သာ အဓိပ္ပါယ်သဘောကို ယူကြ-သိကြရမယ်မှတ်။ အနန္တငါးပါး စသော ရှိသေထိုက်သူတို့ကို သင်္ဘော,လှေ,မော်တော်ကား,မီးရထား,လေယာဉ်ပျံ,တောချုံ,ရွှံ့ညွန်ရွှံ့ဗွက်ဒူးဆစ်မြုပ် ရေရှိသော ချောင်းကူး,မြောင်းကူး,ဘုတာရုံ လူဆုံသော လူပြည့်ကျပ်နေရာဌာန-စသည်တို့၌ တွေ့ရသော်၊ပြေးရင်း,သွားရင်းတွေ့ခဲ့လျှင် ဆေးရုံမှာ မမာရင်း တွေ့သော်။ နာဖျားသော တပည့်က-ဘယ်လိုလုပ်ပြီး ဦး ချရမှာလဲ။

လိုရင်း အဓိပ္ပါယ်မှာ၊ ရိုသေသော စိတ်စေတနာဖြင့် ရှိခိုးတယ်-- မာန်ချတယ်ဆိုသော အမူအရာ ပေးခြင်းသာ ပမာဏ မှတ်ကြရမည်။

လက်အုပ်ချီခြင်း၊ ဉကျောင်းငုံ့ခြင်း၊ နဖူးပြင်၌လက်မြှောက်တင်ခြင်း၊ ခါး ညွှတ်ခြင်း၊ မျက်နှာ ချီခြင်း-စသော ကာယကံ-ဝစီကံ-မနောကံတို့ဖြင့်သော လေးစားခြင်းအဓိပ္ပါယ်သဘောကို ရှိခိုးဦးချရာ မည်သည်မှတ်။ထိုအတူ ယခုရေးသော

**ဓမ္မကထိကဒီပနီ၌** ဖော်ပြထားသော ပါဠိတော် အဋ္ဌကထာ ဋီကာ စသော ဥပဒေသာဓက အရပ်ရပ် စကားအရပ်ရပ် တို့ကို စဉ်းစားဝေဘန်ကြပါ။ တရားဟောထုံးနဲ့ တရားနာယူနည်း အစီပွါယ်သဘော ဆိုက်ဘို့ရာမှာ ဘုရားရှင်အလိုတော်ကျ မိမိတို့၏ချမ်းသာခွင့်ရ ဝိမုတ္တိကိစ္စတခုသို့သာ ရောက်စေ့ရစေဘို့ အရေးကြီးသည် မှတ်ကြပါ။ ။(တရားတွေများတယ်-တရားရွေးကြ)

## ဓမ္မကထိက–မဟာ ဓမ္မကထိက

ကျမ်းဂန်ဥပဒေအရမှာ၊ ၂-မျိုးမဟုတ် တမျိုးဘဲမှတ်။ **(ဓမ္မကထိက)** ဓမ္မ-တရား၊ ကထိက-ဟောပြော ရွတ်ဆိုခြင်း၊ တရားတော်ကို ဟောပြောရွတ်ဘတ်သော ပုဂ္ဂိုလ်ကို ဆိုသည်။

ဘာတရားကိုလဲ ရုပ်နာမ်စသော အဘိဓမ္မာတရားကို ဟောပြော ရွတ်ဆိုသော သူကိုသာ ဓမ္မကထိကဟူ၍ သိထားရမယ်၊ သို့မဟုတ်က **(အဓမ္မ-ကထိကမှတ်)**။

လောကကြီးမှာ၊ ဘာတရားကိုဘဲဟော ဟော ဓမ္မကထိက ဆိုင်းဘုတ်ကမ္ပည်းနာမည် တပ်ကြတယ်။ ပရိယတ္တိခေါ် ပိဋကတ်တော်စည်းမျဉ်းကို နားလည်ကြသူတို့က အားလုံးကိုပင် တရားဟောလျှင် ဓမ္မကထိက နာမည်တပ်တိုင်း ဟုတ်တယ် ထင်ကြ၏။ အဲဒီ အထင်မှားကို သိသာထင်ရှားအောင် ဆရာကြီးမသေခင် ရှင်းပြခဲ့သည်မှတ်။

## ဒ ိဋ္ဌိ တဏှာ ကုန်ရာကို ဟောမှသာ ဓမ္မကထိက

အချို့ထင်ကြပုံ၊ ကထိက စကားကို နေရာတိုင်းမှာ တပ်ကြ၏။ ခေါ်ဆိုကြ၏။ လက်သမားပညာ သဘင်ပညာတို့ကို ကထိက တပ်ဆိုကြ၏။ ကြပ်ကြပ်စဉ်းစားကြ။

## မဟာ ဓမ္မကထိက–ဘာလဲ

မြတ်သော ပရမတ္ထ သဘာဝ ဓမ္မကို ဟောပြလို့ မဟာ ဓမ္မ ကထိကဟူ၍ ဆရာရေးသော ကျမ်းဂန်တို့၌ ဆိုင်းဘုတ် ခေါ်၊ ကမ္ပည်း ခေါ်နာမည် တပ်၍ ပြလိုက်တယ်။ ဘာ့ကြောင့် သာသနာ ထက်ဝက် ၂၅၀၀နှစ်မပြည့်မီ၊ အနှစ် ၂၀-ခန့် အတွင်း၌ ဝိပဿနာတရားသည် မြို့တိုင်း ရွာတိုင်း အိမ်တိုင်းလိုလိုပင် လေ့လာကြသော ခေတ်ဖြစ်တယ်။ အဲဒီခေတ်မှာ ဝိပဿနာ အသံပြ၍ ကျမ်းစာရေးခြင်း၊ ဝိပဿနာ အသံပြပြီး ဟောပြောသူတွေ ပြန့်နှံ့

လာကြရာ။ အချို့က ဝိပဿနာ တရားမှသာ တန်ခိုးကြီးတယ်ဆို၍ အသံနဲ့ ဟန်နဲ့သာ ရုပ်ပျက်, နာမ်ပျက်ကို ကမ္မဋ္ဌာန်းထိုင်ခိုင်း၍ အားထုတ်စေ၏။ ရုပ်, နာမ်, ဖြစ်,ပျက် အသံပါတိုင်း ဝိပဿနာ, တရားထူးမြတ် ဟုတ်ချင်မှဟုတ်မယ်။ ဝိပဿနာ သန့်သန့် သက်သက် စစ်စစ်ကို ရွေးချယ်တက်ကြစေဘို့ရာ ဝိပဿနာ မဟာဓမ္မကထိက ဟူ၍ ဆရာကိုယ်တိုင်ဘဲ တရားနာဘိတ်စာ ကြေငြာတိုင်း ရေးသော ကျမ်းစာတိုင်း နာမည် တပ်လိုက်သည်။ ဓမ္မကထိက ဆိုဒါလဲ မြတ်သော ရုပ်,နာမ် အစစ် သက္ကာယဒိဋ္ဌိ ရဲသောက်မြစ် ဖြတ်ဘို့ရာ ဟောသူကိုပင် ဆိုသည်။ အတုတုမှတ်လေ။

ဓမ္မကထိက နာမည်တပ်တိုင်း ဓမ္မကထိက မမှတ်နဲ့ မဟုတ်ဘူး။ ကျမ်းဂန် ဥာဒေပြနဲ့ မညီသောတရားကို ဟောသော လူပျှင်တို့သည် ဓမ္မကထိက ဆိုင်းဘုတ် နာမည်မတပ်ကောင်း၊ လောဘ ဒေါသ မောဟ ကုန်ရာ နည်းပါးရာကို မဟောပါဘဲ ဓမ္မကထိက နာမည်ဂုဏ်ကို ယူကြသော ပုဂ္ဂိုလ်တို့သည် ကြီးစွာသော ဓမ္မအန္တရာယ်မှတ်လေ။ ဘယ်ဘုရား လက်ထက်တော် သာသနာတွင်းမှာပင် ဖြစ်စေ၊ အကျွတ်တရားကိုမရနိုင် (**ကပိလရဟန်းဇာတ်ထုပ်**)ကို အထူးသတိပြုကြ၊ ကြပ်ကြပ်စဉ်းစားကြ။

---

**ကထာအမျိုးအစား—သိထား။**

**ဒေသနာနဲ့ကထာ—အခေါ်လွဲပေမဲ့ သဘောတူ။**

၁။ ပရိယာယကထာ-သွယ်ဝိုက်၍ တရားမှန်ဟောခြင်း။
၂။ နိပ္ပရိယာယကထာ- တိုက်ရိုက် တဲ့တဲ့ ဘွင်းဘွင်း ဟောခြင်း။

---

၁။ သုတ္တန္တကထာ-လူပိန်းနားလည်ဘို့ ဟောခြင်း။
၂။ ဝိနယကထာ -ယဉ်ကျေးအောင် ဆုံးမ ဟောပြခြင်း။
၃။ အဘိဓမ္မကထာ ထူးမြတ်သော တရားနက်ကို ဟောခြင်း။

---

၁။ ဒါနကထာ-နိဗ္ဗာန်ရဘို့ ပေးလှူရန်ဟောခြင်း။
၂။ သီလကထာ-အရိယာတို့၏ အလေ့ကို ဆုံးမစေခြင်း။
၃။ သမာဓိကထာ-အရိယာကဲ့သို့ စိတ်ကိုတိမ်းစေခြင်း။
၄။ သဂ္ဂကထာ-လူနတ်တို့၏ ခံစားမှုဇိမ်ကို ဟောခြင်း။
၅။ အာနိသံသကထာ-အမြတ်ဆုံး နိဗ္ဗာန်ခေါ် ရုပ်, နာမ်, ချုပ်ငြိမ်းဘို့ကို ရည်ရွယ် မြော်လင့်၍ ဒါန, သီလ, သမထ, ဝိပဿနာ တို့၏ အကျိုး ကျေးဇူး အာနိသင်ကို ဟောပြခြင်း။

၆။ ကာမာဒီနဝကထာ-ကာမဂုဏ် အညစ် အကြေး၏ အပြစ်ဘေးကို ဟော ပြခြင်း။
၇။ မဂ္ဂကထာ-၃၁ ဘုံ၌ ခန္ဓာဒုက္ခတို့၏ ချုပ်ငြိမ်းရာ ရုပ်နာမ် လက္ခဏာ အစစ် တရားလမ်းကြောင်းကို ဟောပြခြင်း။

---

## ငါကသာ ဆရာ၊ ငါကသာတရားဟောပုဂ္ဂိုလ် အခြားသူတွေက ငါဟောတဲ့ တရားကိုသာ လိုက်နာကြ။

အဲဒီ စိတ်ထားမျိုးဟာ နိဗ္ဗာန်လမ်းပြ အစစ်မဟုတ်၊ သူများတွေဟော သောတရားကိုလဲ နာစေရမည်။ မိမိ၏တပည့်များကို မိမိ၏ကျေးဇူးရှင် ဆရာကြီး ထံသို့ အမြန်ပို့အပ်ရမည်။ မိမိကဲ့သို့ တရားအစစ် အမှန်ကို ဟောပြနိုင်အောင် အမြဲတန်း သင်ပြ တိုက်တွန်းရမည်။ သို့မှ သာသနာ ကြီးပွားမည်။ ဆရာစစ်၏ လက္ခဏာနဲ့လဲ ပြည့်စုံရမည်မှတ်။ လောကမှာ အထည်ပစ္စည်းများကို ဝယ်ယူခါ နီး၌ ရွေးချယ်၍ ဝယ်ကြသလို ဆရာရွေး ဆည်းကပ်၊တရားရွေးနာ၊ကျမ်းစာလဲ ရွေးဘတ်။ ဘာ့ကြောင့် အကျိုးကုန်တယ်၊ သူများတွေ ဟောတဲ့ တရားကိုလဲ နာကြ၊ စုံစမ်းကြ။ မိမိတို့လဲ တရားဟော ပုဂ္ဂိုလ်ကြီးဖြစ်အောင် ကြိုးစားကြ၊ အနည်းဆုံး ကိုယ့်အိမ်သားကို ဟောနိုင်အောင်။ တနည်း၊တရားဟောထုံး နားလည် ထားကြဘို့ ခေတ်အချိန်ရောက်ပြီ ယောဂီတို့။

အစားမှားလို့သေလျှင် တဘဝသာ သေနိုင်တယ်၊ တရားမှားနဲ့ တွေ့ပြီး သေရသော်၊ ဘဝတိုင်း ခွဲဆို့ရမယ် မျက်ဖြူ လန်ရမယ်။ ဒါ့ကြောင့် ဒီခန္ဓာ ဒိဘဝမျိုးကို ရခဲ ကြုံခဲသော သာသနာခေတ်၌ ဘာသာအစစ်က ဗုဒ္ဓဘာသာ အပည်ခံရုံနဲ့ သေလျှင် အပါယ် လွတ်ပြီလို့ ဂုဏ်မကြနဲ့၊ မိမိတို့ ကိုးကွယ် အားထားသော ဘုရားရှင်၏ တရားဟာ တရားရေအေး အမြိုက် ဆေးလို့ ခေါ်ဆိုကြတယ်။(အမြိုက်)ဆိုဒါ အမတာမှတ်။ အမတ ဆိုဒါ ဘာသာပြန်မှာ မသေဘူး။ သေခြင်းမရှိဆိုဒါ သေရမှာ မကြောက်၊ သေတယ်ဆိုဒါ လူပြိန်းရဲ့ အသိအမှတ်။ ဧင်စစ်မှာ (**ဓမ္မအမတ**) တရားအမြိုက်၊ တရားအမြဲတေ ဘုရား ရေအေးမှတ်ပါ။ အဲဒီရေအေးကို သောက်စို့ရမှသာ ရင်ပူအေးကြမယ်။ ကျမ်း ဂန်ရှိ တရားဟောထုံး ဥပဒေ အမျိုးမျိုးကို တိုင်ပင်ကြဘို့ နားလည်ထားကြဘို့ အမြဲတန်း အိတ်ဆောင် လက်ကိုင် နေ့စဉ် ကြည့်သော ကြေးမုံ မှန်ပျဉ်ကဲ့သို့ တစောက် တအုပ်ကျ လက်ရှိ အမြဲတန်း သွားလေရာဆောင်၊ တရားဟောမယ် ကြားလျှင် ကြည့်ဘတ်စေဘို့ **ဤ ဓမ္မကထိက** ဒီပနီကို ရေးသရုပ်နဲ့ အတွေး မရှုပ်ဘို့ အရေးလုပ်ပြီး ပြည်ခွင်ဘို့ တမျိုးတနည်း စီစဉ်၍ ရေးထုတ် လိုက်ရ ပြန်သည်။ ပည်သူမျှ မဟုတ်ဘူး မမှန်ဘူးလို့ မပြောကောင်း မပြောရဲ မပြော ဝံ့သော ဒီပနီမှတ်။

## ဒီသာဓကကိုဆောင်

ဗုဒ္ဓဿ ဘဂဝတော ဒုဝိဓာ ဒေသနာ ဟောတိ။ သမုတိ ဒေသနာ ပရမတ္ထ ဒေသနာတိ။

ဘဂဝတော၊ ပြိုင်သူတွေရှုံး၊ အနန္တ ဘုန်းတော်နှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဒေသနာ၊ တရားဟောနည်းသည်။ သမုတိဒေသနာ၊ ပညတ် တင်စား၍ ဟောခြင်း။ပရမတ္ထဒေသနာ၊ခက်ခဲသော သဘောတရားကို ဟောခြင်း။ ဣတိ၊ ဤကဲ့သို့။ ဒုဝိဓာ၊ ၂-မျိုး ၂-စားရှိသည်။ ဟောတိ၊ဖြစ်၏။ သုတ္တန်နှင့်ဝိနည်း ၂-မျိုးကို သမုတိဒေသနာမှတ်ပါ။ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်လို့ခေါ်ထားသော သဘာဝဓမ္မဖြစ်သော အဘိဓမ္မာ တရားကို ပရမတ္ထ ဒေသနာမှတ်။ ဒီအတိုင်း ဟောရမယ်။

အပရောနယော ဒွေ ဘဂဝတော ဒေသနာ၊ ပရမတ္ထ ဒေသနာ စ ခန္ဓာဒိဝသေန သမုတိ ဒေသနာ စ သပ္ပိကုမ္ဘာဒိ ဝသေန။

အပရောနယော၊ နည်းတပါးကို။ ဝေဒိတဗ္ဗော၊ သိသင့်,သိထိုက်, သိအပ် ပြန်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဒေသနာ၊ တရားဟောထုံး ဥပဒေသည်။ ခန္ဓာဒိဝသေန၊ ခန္ဓာငါးပါး စသည်တို့၏ အစွမ်းဖြင့်။ ပရမတ္ထဒေသနာ စ၊ သဘာဝဓမ္မကို ဟောပြခြင်းရင်း။ သပ္ပိကုမ္ဘာဒိဝသေန၊ ထောပတ်အိုးစသည်ဖြင့် သမုတိ ဒေသနာ စ၊ လောက ဝေါဟာရ ခေါ်ဆိုကြသည့် အတိုင်း ပညတ်သုံး စကားဖြင့် ဟောပြခြင်းရင်း။ ဣတိ၊ ဤကဲ့သို့။ ဒွေ၊ ၂-ပါးရှိကုန်၏။

တနည်းဟောခြင်းမှာ ခန္ဓာငါးပါး, ရုပ်နာမ်တရား စသော သဘာဝ ပေါက်အောင် ဟောခြင်းကို ပရမတ္ထ ဒေသနာမှတ်။ ထောပတ်အိုး, ဆီအိုး ဆီခွက်စသည်ဖြင့် ပညတ်သုံး စကားအတိုင်း ဟောပြောခြင်းကို သမုတိ ဒေသနာမှတ်။ ။ဒီလိုဘဲဟောကြပါ။

### သမုတိဟော—ပရမတ္ထဟော ဟောနည်း ၂—မျိုး ရှိသော်လဲ ဒီလိုဟောစမ်းပါ။

ဘုရားရှင်တို့သည် ပညတ်စကားဖြင့် သုတ္တန်တရားကို ပဌမဦးစွာ ဟောတယ်။ နောက်မှ ပရမတ်တရားကို ဟောတယ်။ မြတ်စွာဘုရားတို့၏ ဟောခြင်းသည် ပညတ်တင်စား၍ သမုတိကထာကို ဟောပေမဲ့ အမှန်သို့ ရောက်သော သဘာဝတရားတို့ကို အချိုးကျကျ မပျက်ပယွင်း ဟောကြကုန်၏မှတ်။ ။ ပရမတ္ထကထာ သက်သက်ကိုဘဲ ဟောဒါရှိ၏။ ပရမတ္ထတရားကို။ ဝါ၊ စိတ်, စေတသိက်, ရုပ်,နိဗ္ဗာန် ၄-မျိုးကို ဟောပြသော်လည်း ပညတ် အသုံးစကား မှာပင် တင်၍မနေပါဘဲ၊ပညတ်အသုံးအတိုင်းမှာပင် တန့်ရပ်၍ မနေပါဘဲ အမှန်

ဖြစ်သော သစ္စာဝင်သော သစ္စာ ၄-ပါးသို့ ဆိုက်သော။ ပဋိဝေဓ ခိုက်အောင် ဘာသာပြန် နိဗ္ဗာန်ရောက်အောင် သဘာဝ ဆိုက်အောင်, သဘာဝ ကျအောင် အချိုးကျကျ မချွတ်မယွင်း ဟောရိုးထုံးစံရှိတယ်။ သို့အတွက် ဤနည်းကိုမှီ၍ အသင် ဓမ္မကထိကတို့ ဟောကြပါကုန်။ (ဆရာလဲ ဤနည်းအတိုင်း ဟောပါ သည်။)ဒီမူမျိုးကို ကရားဟောပုဂ္ဂိုလ်မလုပ်ချင်သော်လဲ သိထားပါက ဓမ္မကထိက ပညာသည်မှတ်ပါ။ သိနားလည်ခဲ့လျှင် တရားဟော ပုဂ္ဂိုလ်နဲ့တွေ့လို့ တရား နာယူသော် ဒီဓမ္မကထိကဟာ ကျမ်းဂန်ဥပဒေအရ စည်းမျဉ်းကို နားလည်, ပလည် ဘာကဲခတ်တတ်၏။ အပြစ်ရှာဘို့ အပြစ်ပြောဘို့မဟုတ်။

(ရှင်းတမ်း) သမုတိ ပညတ်တင်စား၍ ဘုရားဟော တရားအမှန် သုတ္တန်ဒေသနာ, ဇာတ်နိပါတ်စသည်တို့ကို ဟောကြပါ။ဟောကောင်း သည်မှတ်၊ဟောသော် သဘာဝဆိုက်ပေစေ၊ သဘာဝဆိုက်ဆိုဒါဘာလဲ (**စဉ်းစားအုံး**) ဝတ္ထုသက်သက်မှာ၊ ပဋာစာရီဇာတ်, ဝိသာခါဇာတ်, စန္ဒကိန္နရီဇာတ်, ဘုရားအလောင်း ဘူရိဒတ် နဂါးမင်းဇာတ် တေမိမင်း ဇာတ် စသည်တို့ကို ဟောလျှင်၊ဒီဇာတ်လမ်းကိုဘာ့ကြောင့် ဟောတယ်။ မြတ်စွာဘုရား ဘာကိုရည်၍ ဟောတယ်ဆိုဒါ ဥပဒေကိုကြည့်ပါ။

ဂိမုတ္တိရသပေါ် နိဗ္ဗာန်ရမှုကိစ္စတခုအကြောင်း ဖော်ပြစရာ မဟုတ်ပါဘဲ၊ ဘယ်တရားကိုမှ ကုသိုလ်မဟောမှတ်။

ပဋာစာရီကိုဟောသော သုတ္တန်၊ ဝိသာခါကိုဟောသော သုတ္တန်စသည်တို့၌ ဘာ့ကြောင့် ဟောတယ်ဆိုသော အဓိပ္ပါယ်သဘောပါတယ်။ သဘောသည်ပင် သဘာဝမှတ်။ သဘာဝသည်ပင် ဂိမုတ္တိမှတ်။ ခက်တယ် ဟောဘို့။ ဓမ္မကထိက ဆိုသော်လဲ (**ဓမ္မ**) မှ ကထိကစမ်းပါ၊ **ဓမ္မဟာ—သဘာဝ** မှတ်လိုက်။ ဓမ္မ သို့ မဆိုက်ရောက်သော။ တနည်း၊ သဘာဝသို့ မဆိုက်ရောက်သော ကထိကတို့သည်၊ ဘုရား၏ တရားကို လုံးဝ နားမလည်ဘူးမှတ်။ ဓမ္မကထိက မဟုတ်။ ဒါလွှမ်း အဖော့ အရှုံးအရှုံး နိုင်ပင် အချိန်ကုန်ကြဒါများ၏။ ဗုဒ္ဓဘာသာ လူမျိုးတွေ ဖြစ်ပါလျက် **ဗုဒ္ဓရဲ့ ဘာသာအမှန်ကို** သိကြရမယ်၊ နာကြရမယ်၊ ဟောကြရ မယ်။ အထက်တန်း ပညာရှင်ကြီးများက သတ္တဝါတို့ကို သနားသဖြင့် (ဒီလိုမှ တရားကဲ့လို့) ကြွေးကြော်ဘို့ အချိန်ရောက်ပြီ၊ ဒီလို ဟောကြစမ်းပါ။ ဒီလို သဘာဝဆိုက်အောင် ဟောတတ်သော ဓမ္မကထိက အစစ်တို့ကို ပင့်ဘိတ်၍ ကြားနာရမှသာ လူဖြစ်ကျိုးမရှုံး ဖြစ်မည်။ သတိရှိခဲလေစွ-သတိပြုခဲလှ၏။

## ပရမတ်ဆတ်ဆတ်ကို ဟောချင်သော ဓမ္မကထိကတို့၏ သတိထားချက်။

ပရမတ္ထ သဘာဝသက်သက်သို့ ဆိုက်ရောက်သောဉာဏ်၌၊ ပုဂ္ဂိုလ် သတ္တဝါ ဟူ၍ ဘာတခုကမျှ ရှာမရချေ။ ဤသို့ သိမြင်သော ခဏက စ၍ (သပ္ပုရိသ ဆရာစစ်၏ ဥပနိဿယကို အချိုးကျမရလျှင်၊ အယူမှားသော အတိဝါဝသို့ ရောက်တတ်၏၊)**ဘုရား, တရား, သံဃာ, မိဘ, ဆရာ** ဟူ၍ ပမျှ၊ ယူရိုတွင်မဟုတ်၊ ဖွင့်ဟ၍ ပြောတတ်၏။ ဂုဏ်ရှိမယ်ထင်လို့ ပြောဟောတိုင်း ပဟာဝိစ္စာ မှတ်လေ။ အဘိဓမ္မတ္ထသင်္ဂြိုဟ် သင်ဘူးသော အရပ်သားတို့၏ အယူ ဖြစ်တတ်ပုံမှာ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူ၍ ပရမတ္ထတရားလေးပါးရှိတယ်၊ (စိတ်ကား အကျဉ်း ၈၉၊ အကျယ် ၁၂၁-ရှိတယ်။ တပါးစီ သိကြ၏၊ ပြောတတ်ကြ၏။ စေတသိက်ကား—ဖဿ, ဝေဒနာ စသည်ဖြင့် လက္ခဏာတပါးစီ ဟောပြတတ်၏။ ပေါင်း ၅၂-ရှိတယ်။)

စိတ်နဲ့စေတသိက် ယှဉ်တွဲ၍ဖြစ်ပုံ။ သမ္ပယောဂနည်း-၁၆၊ သင်္ဂဟနည်း-၃၃ စသည်ဖြင့် အပြန်အလှန် ရေတွက်၍ ပြောတတ်ကြ၏၊ ရုပ်ကား ၂၈-ပါးတို့ကို တပါးစီ ရေတွက်လျက်၊ **ရူပသမုဒ္ဒေသ, ရူပဝိဘာဂ, ရူပသမုဋ္ဌာန, ရူပကလာပ, ရူပ ပဝတ္တိက္ကမ**-စသည်ဖြင့် ပြောကြ၊ ဟောကြ၊ သိကြ၏။ နိဗ္ဗာန်ကိုလဲ(သဉပ္ပါဒိ သေသ၊ အနုပ္ပါဒိသေသ။ သုညတ အနိမိတ္တ-အပ္ပဏိဟိတ) စသည်ဖြင့် အရေ အတွက်နဲ့တကွ သိဟတ်ကြ၏။ အဘိဓမ္မာစကား မှန်၏။ အဘိဓမ္မာ တရားသို့ ရောက်ခဲ-သိခဲလှ၏။ ထိုအရပ်သား သင်္ဂြိုဟ်ဆရာတို့ကို မဆိုထားဘိဦး။ ပရိယတ် ပိဋကတ်တို့ကို သင်ကြားဘူးသော လူ-ရှင်တို့ပင် အဘိဓမ္မာ ၇-ကျမ်းကို ပါဠိ, အဋ္ဌကထာ ရကြ-တတ်ကြသော်လဲ အဘိဓမ္မာ တရားကို ရခဲကြ၏။ ကြုပ်ကြုပ် သတိ ပြုကြ။ ငါတို့ကား အဘိဓမ္မာတရားကို သိရပြီ-တတ်ရပြီလို့ အထင်ကြီးသည်မှာ သုတမယဉာဏ်မျှပါကလား-သုတဝါပုဂ္ဂိုလ်မျှပါကလား။ ဒုက္ခပ်သိပ် ယင်း ငြိမ်းရာသို့ ရောက်ထာအထိ၊ သိမြင်သော အဘိဓမ္မာ မဟုတ်သေးပါကလားလို့-မိမိကိုယ် မိမိ သိခဲလှ၏၊ တိုင်ပင်ခဲကြ၏။(ဘကြို မှန်းထတ်ဘို့ ဘင်္ဂယယ်မှတ်။)

---

## ကထာဝတ္ထု—ရှိးတော် ဥပဒေ

ကျမ်းဂန် ဥပဒေနဲ့ညီသော ဓမ္မကထိက ဖြစ်လိုပါက အောက်ပါ အားကိုး ပါဠိများကို အရကျက်စမ်းပါ။

အနတ္တာတိ အတ္တနာ ဇီဝေန ပုဂ္ဂလေန ရဟိတော ကောဝေပွပိ ပုဂ္ဂလော နတ္ထီတိ အတ္တော။

တသ္မာ ဗုဒ္ဓါ ပဋ္ဌမ်သမုတိကတံ ကထေတွာ ပစ္ဆာ ပရမတ္ထ ကတ

ကထေန္တိ၊ တေ သမ္မုတိကထံ ကထေန္တာပိ သစ္စမေဝ သဘာဝမေဝ အမုသာဝ ကထေန္တိ။

ပရမတ္ထကထံ ကထေန္တာပိ သစ္စမေဝ သဘာဝမေဝ အမုသာဝ ကထေန္တိ။

အနုဝတ္တာမတိ၊ အနုဝတ္တဆိုသော ပါဠိစကားသည်ကား။ အတ္တနာ၊ လူကောင်, ယောကျ်ား, မိန်းမကောင်, ထင်လုံးရှိသော ငါနှင့်။ ဇီဝေန၊ ရှည်တယ်-တိုတယ် ရှင်တယ်၊ စဲ့ညှမ့်ဘောက် ထက်သက် ဝင်သက်ခေါ်သော အသက်နှင့်။ ပုဂ္ဂလေန၊ ချမ်းသာ, ကြည်ညိုစရာ, စိတ်ယိုးစရာ, မုန်းစရာဖြစ်သော ပုဂ္ဂိုလ်နှင့်။ ရဟိတော၊ ရှင်းရှင်းကြီး လွတ်ကင်း၏။ ဧကော၊ တခုသော တရားသဘောသည်။ ပုဂ္ဂလောပိ၊ သတ္တဝါပုဂ္ဂိုလ် မည်သည်လည်း။ နတ္ထိ၊ အရိယာတို့၏ ဉာဏ်မှာသိ တကယ်တန်း မရှိ။ ဥပတိဘာယံ၊ ဤသည်ကား။ အတ္ထော၊ အဘိဓမ္မာတရားသဘော သက်သက် ပေတည်း။ (တရားထဲမှာ ဘာမှ လာမရှုပ်နဲ့-ရှုပ်ဒိဋ္ဌိ။)

တသ္မာ၊ ထိုကြောင့်။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ ပဌမံ၊ ရှေးဦးစွာ။ သမ္မုတိကထံ၊ ပညတ်စကားကို။ ကထေတွာ၊ ဟောကြားပြီး၍။ ပစ္ဆာ၊ နောက်မှ။ ပရမတ္ထကထံ၊ ပရမတ်သဘာဝ မြင်လောက်သော စကားကို။ ကထေန္တိ၊ ဟောရိုး ထုံးစံ ရှိကြကုန်၏။ တေဗုဒ္ဓါ၊ ထိုဘုရားရှင်တို့သည်။ သမ္မုတိကထံ၊ ပညတ်စကားကို။ ကထေန္တာပိ၊ ဟောကြားကုန်သော်လည်း။ သစ္စမေဝ၊ သစ္စာထိုက်ပြန် ဧကန်အမှန်သာလျှင် ဖြစ်သော။ သဘာဝမေဝ၊ သဘောတရားကို သာလျှင်။ အမုသာဝ၊ မချွတ်မယွင်းဘဲသာလျှင်။ ကထေန္တိ၊ ဟောကြကုန်၏။

ပရမတ္ထကထံ၊ ပရမတ်စကားကို။ ကထေန္တာပိ၊ ဟောကြားကုန်သော်လည်း။ သစ္စမေဝ၊ သစ္စာထိုက်ပြန် ဧကန်အမှန်သာလျှင် ဖြစ်သော။ သဘာဝမေဝ၊ သဘောတရားကိုသာလျှင်။ အမုသာဝ၊ မချွတ်မယွင်းဘဲသာလျှင်။ ကထေန္တိ၊ ဟောကြကုန်၏။

ဘာသာပြန် လိုရင်း အဓိပ္ပါယ်ကား --မြတ်စွာဘုရားတို့ တရားဟော ကြသော ဥပဒေသည်၊ ရှေးဦးစွာ **သမ္မုတိကထာ**ခေါ် ပညတ်တင်စား သော ပုဂ္ဂလ,သတ္တစကားဖြင့် ဟောတော်မူသည်မှတ်။ သို့ပင် ဟောလင့် ကစား။ သစ္စာဝင်အောင် သစ္စာဆိုက်အောင် သစ္စာလေးပါးသို့ သက်ဝင် အောင် ဟောသည်မှတ်။ သဘာဝသို့ ရောက်အောင် ဟောသည်မှတ်။ ယထာဘူတဉာဏ်သို့ ရောက်အောင်။ ဝါ၊ ဟုတ်ထာ မှန်ထာဘဲလို့ ပေါ်လောက်အောင် ဟောတော်မူသည်မှတ်။

တနည်း၊ ပရမတ္ထခေါ်သော ရုပ်တရား,နာမ်တရားတို့ကို ဟောသော် လဲ သစ္စာဝင်အောင်, သစ္စာဆိုက်အောင်, သစ္စာလေးပါးသို့ သက်ဝင်

အောင် ဟောသည်မှတ်။ သဘာဝသို့ ရောက်အောင် ဟောသည်မှတ်။ ယထာဘူတဉာဏ်သို့ ရောက်အောင်။ ဝါ၊ ဟုတ်လှချည့်၊ မှန်လှချည့် ဝန်ခံလောက်အောင်, ကြည်ညိုလာအောင် သစ္စာတော်အရှင်က ဟောတော်မူသည်မှတ်။ (ဤကဲ့သို့ ဟောကြစမ်းပါ။)

ယခုခေတ်၌ သုံးကြသည်။ သဘောတရားဘဲ၊ သဘာဝဓမ္မဘဲ ပြောဆိုလေ့ရှိကြ၏။ ပြောဆိုတဲ့အတိုင်း သဘောတရား၊ သဘာဝဓမ္မတို့ကို ပိုင်နိုင်အောင် ကြိုးစားကြကုန်၊ သဘောတရားဘဲ၊ သဘာဝဓမ္မဘဲ စကားသုံးတိုင်း တရားရပြီလို့ မမှတ်ကြနဲ့။ အပြောစကားအရ သဘောတရားသို့ အကျအထိုင်ရောက်ကြဘို့ခေတ် ဖြစ်နေပြီ ယောဂီတို့။

## ဓမ္မသဘာဝက ၄–ချက် ဒီလို ထွက်တယ်။

၁။ ဓမ္မသဘာဝ-အနတ္တနဲ့-နိစ္စနဲ့တွဲ။

၂။ ဓမ္မသဘာဝ-အနတ္တနဲ့-သုခနဲ့တွဲ။

၃။ ဓမ္မသဘာဝ-အနတ္တနဲ့-သုဘနဲ့တွဲ။

၄။ ဓမ္မသဘာဝ အနတ္တသန့်သန့်-တွဲဘက်မရှိ။

မဂ် ၄-ယောက်-ဖိုလ် ၄-ယောက်၊ မဂ္ဂဋ္ဌာန် ၄-ယောက်-ဖလဋ္ဌာန် ၄-ယောက်။ တနည်း၊ မဂ်ပုဂ္ဂိုလ် ၄-ယောက်၊ ဖိုလ်ပုဂ္ဂိုလ် ၄-ယောက်။ မဂ်၌တည်သော ပုဂ္ဂိုလ် ၄-ယောက်၊ ဖိုလ်၌ တည်သော ပုဂ္ဂိုလ် ၄-ယောက်။ ပေါင်း အရိယာ ၈-ယောက်။ (စဉ်းစား။)

မဂ်တရား, ဖိုလ်တရား သတိကြပ်ကြပ်ထား။ နိဗ္ဗာန်ရသူ, နိဗ္ဗာန်သွားရသူ, နိဗ္ဗာန်၌ စံစားနေကြသူ, တိုင်ပင်ပါ။ **မဂ်တရား-ဖိုလ်တရား-နိဗ္ဗာန်တရား** အပြန်အလှန်စဉ်းစား၊ ဓမ္မကထိကစစ်စစ် လုပ်ချင်ပါက ကိုယ်တိုင်က ရှေးဦးစွာ သိပိုင်ထားဘို့ အရေးကြီးသည်မှတ်။

## ဓမ္မသဘာဝ ရှင်းတမ်း

နံပါတ် ၁-ဓမ္မသဘာဝကို ရှင်းမယ်၊ ဆရာမသေခင် သုတ္တန်နည်းအရ မှာခဲ့ပယ်။ အနတ္တလက္ခဏာထဲမှာ အတွင်းက ဘေးက ငုပ်လျက်-ခိုဝင်ကပ်လျက်-ခြံရံလျက်-ရှေ့နောက် ကာဆီးလျက်၊ (**နိစ္စက**)ပိတ်ထို့နေတယ်။ အဲဒီပုဂ္ဂိုလ်ကို သောကာပန်မှတ်။ အနတ္တထဲမှာ နိစ္စ-ခိုဝင် ကပ်ပူးလျက်နေလို့ အဲဒီ သောတာပန်ပုဂ္ဂိုလ်ဟာ-ဇာတ်သွေးပိုက်က မလွတ်သေး၊ အနတ္တဉာဏ် တလက်တလင်းမျှရသော

အကျိုးထူးဝိသေသ မဟာဖလကြောင့် ပြုခဲ့သော ဒုစရိုက် ကံပေါင်း အနန္တတို့ အကျိုးပေးခွင့် ဖြစ်သော အပါယ်သံသရာကြီး ပြတ်ကင်းရပေပြီ။

နံပါတ် ၂-အနုတ္တလက္ခဏာ ထဲမှာ သုဘက အတွင်းဝင်ပြီး ရှုပ်နေသူကို သကဒါဂါမိ် ပုဂ္ဂိုလ်ဆိုတယ်၊ ဒါ့ကြောင့် တဏှာ မကုန်သေး တဏှာအတွက် ထိုပုဂ္ဂိုလ်မှာ မသာတွေ ဆက်ရအုံးမည်၊ ဆရာကောင်း လိုလှ၏။ ကိုယ့်ဘေး ကိုယ်သိကြ။

နံပါတ် ၃-အနုတ္တလက္ခဏာထဲမှာ သုခက အနှောင့်အယှက် ပေးနေပြန်ပြီ။ အဲဒီ မသန့်ရှင်းသော အနုတ္တဉာဏ်ရှင်ကို အနာဂါမိ် ပုဂ္ဂိုလ်လို့ ဥပဒေက ဆုံးဖြတ်ပြီးပြီ။ နှုတ်လှန် ပြန်မနေစမ်းပါနဲ့။ အနည်းငယ်သော ဘဝနဲ့ ချစ်ကျွမ်းဝင်နေသေးသော ဒုက္ခရှင်လို့ သိခဲ့လှ၏။ ဒါ-ဘာ့ကြောင့် မာန။

နံပါတ် ၄-အနုတ္တ လက္ခဏာ သန့်သန့် သက်သက် စစ်စစ် သိမြင်သော ဉာဏ်တော်ရှင် ရဟန္တာ ပုဂ္ဂိုလ်မှတ်လိုက်။ တဏှာမရှိ ငွဲ့လုံးမရှိ ရဟန္တာအရှင် ရထားသော အနုတ္တ၌ နိစ္စ, သုဘ, သုခလုံးဝ မရှိ မှတ်လေ။

**ဓမ္မကထိကပုဒ်ပြတ်မှတ်-အထူးသတိချပ်။** ။ရဟန္တာ ပုဂ္ဂိုလ်ကို တကယ် ဖူးချင်သလား။ တွေ့မြင်ချင်ပါက အနုတ္တဉာဏ်ကို ယခုရလျှင် ဖူးမြင်ရမယ်မှတ်။ သာသနာကြီးပွားပါစေ။ ရဟန္တာခေါ် အရဟတ္တ မဂ်ခေါ် အရဟတ္တဖိုလ်ခေါ် ရဟန္တာကို ဖူးတွေ့ရတယ်ဘဲပြောပြော။ အနုတ္တထဲမှာ ပုဂ္ဂအစက်ကလေး မပါစေနဲ့နော်-ပါလျှင် ဥပါဒါနက္ခန္ဓာနဲ့ မကင်းသေးမှတ်။ (အနုတ္တနဲ့ ပုဂ္ဂလနဲ့ ရောထွေးနေသော)ယောဂီပညာရှင်အစစ်ကို စူဋ္ဌသောတာပန်မှတ်ပါ။ ဘာပြု လို့ ဒီလို (အနုတ္တနဲ့ ပုဂ္ဂလနဲ့ တွဲဘက် ရှုပ်ထွေး နေပါသလဲ မဂ္ဂန္တရာယ် ဆယ်ပါး သင့်နေလို့ အဲဒီအချက် နိဗ္ဗာန်လမ်းပြ ဆရာစစ်လိုပြီ။ ဝိပဿနာ ယောဂီတို့ အထူး သတိထားရန်မှာ ဝိပဿနာ ဉာဏ်ကို သုတမယ အနေနဲ့ ထင်နေသူတို့ကား ကြီးစွာသော မဂ်အန္တရာယ် ပိတ်ပင် တားဆီး နေသည်ဟု သံဝေဂ ရှိကြစေ၊ ဆရာ၏ တပည့်ထဲမှာ အများကြီး ရှိတယ်မှတ်။

---

## ဓမ္မကထိကဆိုဒါ ဘယ်လိုတရားကို ဟောတတ်မှ ဓမ္မကထိကခေါ်နိုင်ပါသလဲ။

ဓမ္မကထိကာ နာမ အာဘိဓမ္မိက ဘိက္ခုယောဝ၊ အဝသေသာ ဘိက္ခု ဓမ္မကထံ ကထေန္တာပိ နဓမ္မကထိကာ။

အာဘိဓမ္မိက ဘိက္ခုယောဝ၊ အဘိဓမ္မာတရားကို လေ့လာ ပွားများ၍ ရင်တွင်း နှလုံးထဲ၌ ဆောင်ယူထားသော သူတို့သည်သာလျှင်။ ဓမ္မကထိနာမ၊ ဓမ္မကထိကတို့ မည်ကုန်၏။ အဝသေသာ၊ ကြွင်းကုန်သော။ ဘိက္ခု၊ ရဟန်း၊

တို့သည်။ ဓမ္မကထံ၊ တရားစကားကို။ ကထေန္တာပိ၊ ပြောဟောကုန်သော်လည်း န ဓမ္မကထိကာ၊ ဓမ္မကထိက မမည်ကုန်။ အရကျက် စဥ်းစား - အကဲခတ်။

ရောင်းမှု ဝယ်မှုနဲ့ ပတ်သက်၍ အလိမ်အညာခံစေ၊ တရားနဲ့ ပတ်သက်၍ အလိမ်အညာ မခံကြနဲ့ ယောဂီတို့။ စိတ် စေတသိက် ရုပ် နိဗ္ဗာန် ဆိုသော အကျဥ်းချုပ် အဘိဓမ္မာတရားကို မသိမပိုင်သူတို့ကို ဓမ္မကထိက မဆိုရ၊မမှည့်ထိုက် မခေါ်အပ်၊ မခေါ်နဲ့ မဟုတ်ဘူး။ အဘိဓမ္မာတရား စစ်စစ် သန့်သန့်တို့ကို သိပိုင်သော လူရှင်တို့ကိုသာလျှင် ဓမ္မကထိကဟူ၍ ပုဒ်ပြတ်မှတ်လိုက်။ တရား အစစ်မသိတတ် လူဖြစ်ကျိုးမနပ်။

## ဓမ္မကထိကဆိုဒါ ဒီလိုလဲမှတ်ထားပါ။

ဓမ္မကထိကော ဓမ္မကထိကောတိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာ ဝတာန-ခေါဘန္တေ ဓမ္မကထိကောဟောတီတိ။

ဘန္တေ၊ မြတ်စွာဘုရား။ ဓမ္မကထိကော ဓမ္မကထိကောတိ၊ ဓမ္မကထိက ဓမ္မကထိက ဟူ၍ ဝုစ္စတိ၊ ခေါ်ဆို ပညတ် သမုတ်အပ်၏။

ဘန္တေ၊ အရှင်ဘုရား။ကိတ္တာဝတာ၊ အဘယ်မျှသော အရည်အချင်းရှိသဖြင့်။ ဝါ၊ ဘာတရားကို ဟောနိုင်သော လက္ခဏာဖြင့်။ ဓမ္မကထိကော၊ ဓမ္မကထိက ဟူ၍။ ဝါ၊ တရားဟောသောသူမည်သည်။ ဟောတိနုခေါ၊ ဖြစ်ပါသနည်း။ ဣတိ၊ ဤသို့။ အဝေါ စ၊ နတ်သားက ရှိသေစွာ ဘုရားကို လျှောက်ထား၏။

## ဘုရားကမိန့်တော်မူပုံ။

ယော ဘိက္ခု ရာဂက္ခယာယ ဓမ္မံဒေသေတိ၊ ဒေါသက္ခယာယ ဓမ္မံ ဒေသေတိ မောဟက္ခယာယ ဓမ္မံ ဒေသေတိ၊ အယံ ဝုစ္စတိ ဘိက္ခု ဓမ္မကထိကောတိ။

ယော ဘိက္ခု၊ အကြင် ခန္ဓာဒုက္ခကို ကြောက်လန့် တုန်လှုပ်သော ရဟန်းမြတ်သည်။ ဝါ၊ သံသရာဖြတ်ချင် လူနဲ့ရှင်သည်။ ရာဂက္ခယာယ၊ ချစ်မက်စုန်စ်သက်မှု ကာမဂုဏ်စခန်းမှ တဏှာ ကုန်ခန်းစေခြင်းငှာ။ ဓမ္မံ၊ အဟုတ်အမှန် ဒိဋ္ဌရှိ၊ ရုပ်နဲ့နာမ် အနိစ္စသိ အစစ်တကယ်ပိုင်သော တရားမြတ် ပရမတ်ကို။ ဒေသေတိ၊ ဟောပြောတတ်၏။

ဒေါသက္ခယာယ၊ ကိုယ်နှုတ်လွန်ကျူး၊ အဆိပ်ပြင်းထန်၊ မာန်စွယ်ထောင်ပြူး။ မြွေဟောက်နဲ့ ဘီလူးကဲ့သို့ ကြမ်းတမ်း ယုတ်မာသော စိတ်ညစ်, စိတ်ရှုံးမှ အထူးထွက်လမ်း ဒေါသစိတ် ကုန်ခန်းစေခြင်းငှာ။ ဓမ္မံ၊ အဟုတ်အမှန် မုချရှိ

ရုပ်နဲ့နာမ် ဒုက္ခသိ အစစ်တကယ်ပိုင်သော တရားမြတ် ပရမတ်ကို။ ဒေသေတိ၊ ဟောပြောတတ်၏။

ပောဟကဣယာယ၊ နေရာတိုင်း မလိမ္မာ၊ အရာရာမှာ အမှန်မမြင် ဆင်ခြင်မှု အလုံးကင်း ဖုံးလွှမ်းခြင်း အဝိဇ္ဇာ၊ ဒုက္ခသစ္စာကို အရှင်းမသိ မိုးတိမ်တိုက် အုပ်မိသော နေ-လ၏ပမာ ညဥ့်အခါသန်းခေါင် အမှောင်တောအုပ်၊ လဆုတ်ပက္ခ၊ အင်မတန် မိုက်မဲလှသော ခန္ဓာလောကထဲမှ မောဟစိတ် ကုန်ခန်းစေခြင်းငှာ။ ဓမ္မံ အဟုတ်အမှန် ဓာတ်သဘာဝအရှိ ရုပ်နဲ့နာမ်အနတ္တသိ အစစ်တကယ်ပိုင်သော တရားမြတ် ပရမတ်ကို။ ဒေသေတိ၊ ဟောပြောတတ်၏။

အယံဘိက္ခု၊ ဤကဲ့သို့ ရုပ်နဲ့နာမ် ပရမတ်တရား၌ အနိစ္စ, ဒုက္ခ, အနတ္တ သုံးပါး ပိုင်းခြားသိမြင် ဟောတတ်သော ကျား, မ, လူ, ရှင်ကို။ ဓမ္မကထိကောတိ၊ ဓမ္မကထိကဟူ၍။ ဝါ၊ တရားဟော ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ လျှောက်လာသူ နတ်သားအား မှတ်ယားဘို့ ငါဘုရားမိန့်ခဲ့၏။

### သိတိုက်သော အချက်ကောင်းကို သိပါ။
### မသိဘဲနဲ့- မပြောပါနဲ့—မလုပ်ပါနဲ့။

ဓမ္မကထိက ခေါ်တိုင်း မဟုတ်ဘူး။ အသံကူ, အဆံကဲ့, အဆံတူသလိုလိုနဲ့ ဉာဏ်ကွဲသေးတယ် ယောဂီတို့။ သာသနာတွင်းမှာ လူဖြစ်ရကျိုး နပ်ကြစေ။ ဒါမှ မနုဿတ္တ ဒုလ္လဘမှတ်၊ ဒီလိုအချက်ကောင်းကို သိရမှ လူစစ်စစ် ဖြစ်ခဲတယ်လို့ ဟောကော်မူသည်မှတ်။ (ရာဂနဲ့ လောဘ အတူတူ တဏှာလဲ ခေါ်တော့ တဏှာများဘို့ ကာမဂုဏ် ခံစားဘို့ ဟောသောသူတို့ကို ဓမ္မကထိက မမှတ်နဲ့။) ဒီပုဂ္ဂိုလ်ရဲ့တရားကို နာရမှ ကာမဂုဏ် ခံစားရတယ် မထင်ကြနဲ့။ ဓမ္မ-တရား၊ ကထိက-ဟောပြောခြင်း၊ တရားကိုသာဟောမှ ဓမ္မကထိကမှတ်လေ။ (ခုဇ္ဇုတ္တရာ ကျွန်မကြီးကို ဓမ္မကထိက အစစ်မှတ်။)

ဓမ္မံကထေတီတိ ဓမ္မကထိကော။ ။ဓမ္မံ၊ အဘိဓမ္မာ တရားကို။ ဝါ၊ ဝိပဿနာ တရားကို။ ဝါ၊ အနတ္တတရားကို။ ကထေတိ၊ ဟောပြောတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဓမ္မကထိကော၊ ဓမ္မကထိက မည်၏။ ပုထုဇန်ဖြစ်စေ၊ အရိယာဖြစ်စေ၊ အဘိဓမ္မာတရားကို ဟောပါက ဓမ္မကထိက မည်သည်မှတ်။ ပုထုဇန် မှန်သော်၊ အဘိဓမ္မာ ဝိပဿနာတရားကို ဟောခဲလှ၏။

## ဆရာကိုယ်တိုင် ပြောသံကြားဘူး၏။

သက်န်းဝတ်တပါးက ဆရာကို ပြောဘူး၏။ တကာကြီး တရားဟော ကောင်းတယ်လို့ နာမည် တယ်ကျော်ပါကလား။ မှန်ပါဘုရား-နာမည်ကျော်ဒါက ဘာတရား ဟောလို့လဲ။ ဝိပဿနာတရား ဟောတယ်လို့ ကြားရတယ်။ ဘယ်လိုကျမ်းတွေ ရေးကယ်လို့ ကြားဘူးပါသလဲဘုရား၊ အဘိဓမ္မာ ဝိပဿနာကရား။ ပညတ်-ပရမတ်တရားတွေကိုဘဲ ရေးတဲ့ကျမ်းတွေဘဲလို့ ကြားဘူးပါတယ်။

## ဆရာက လျှောက်ထားတယ်။

မှန်ပါဘုရား။ တပည့်တော်မှာ လူဝတ်ကြောင် ဖြစ်ပါတယ်ဘုရား။ လောကမှာ အလွန်တန်ခိုးငယ်တဲ့ဘဝ ဖြစ်ပါကယ်ဘုရား။ အိမ်ထောင်ကိစ္စလဲကတွက်ရျသိသမျှတရားကို ဟောရတယ်။ သိသမျှ ကျမ်းစာတွေကိုလဲ ပဘောင် ရေးသားထားခဲ့ရပါတယ်ဘုရား။ အရှင်ဘုရားတို့လို မြတ်စွာဘုရားရဲ့ အဝတ်အထည်တော်ကို ရဟန္တာအရှင်များ ဝတ်ရုံဆင်မြန်း မြတ်သတ်န်းနှင့် တပည့်တော်ဟောသော အဘိဓမ္မာ ဝိပဿနာ တရားနဲ့ ယှဉ်၍ ပင့်ပျော်ပါတယ် ဘုရား။ အရှင်ဘုရားတို့သာ ဤကဲ့သို့ ဟောခဲ့လျှင်၊ တပည့်တော် နိုင်ငံကျော်တာထက် ရာ,ထောင်ပက တန်ခိုးကြီးကျယ်နိုင်ပါတယ်ဘုရား-လို့ လျှောက်တယ်။

## ကိုယ်တော်ကြီးက မိန့်တော်မူပုံ။

(ဒကာကြီးပြောဒါ မှန်ပါတယ်-မှန်ပါတယ်၊ ဝန်ခံပြီးမှ ရှောင်ပုံ။)

ကျုပ်တို့က ရုပ်တရား-နာမ်တရားတို့ ဟောတတ်ပေမဲ့ ဒကာကြီးလို နံယ်လှည့်ပြီး မပြောနိုင်ဘူး။ ပြီးတော့-ကျုပ်တို့က ဝိပဿနာတရားဟောရင် ဘယ်သူကမှ ဆွမ်းလောင်းတော့မှာ မဟုတ်ဘူး။ ဆွမ်းတော်မှာ ကေန်၊ စရပ်လှူသူ, ကျောင်းလှူသူ, သင်္ကန်း လှူသူတွေ ရှိမှာပဟုတ်။ ဒါ့ကြောင့် လူ့ဖြည်-နတ်ပြည်တွေနဲ့ စည်းစိမ်ခံစားသူကို နောင်ဘဝအတွက် ပျော်ကိုးပြီး သဲသဲဟောရတယ်။ ဒါနလုပ် ပိုက်ဆံချမ်းသာမယ်၊ သူဌေးဖြစ်ရမယ်။ သီလဆောက်တည်ရင် အသက်ရှည်မယ်။ နတ်ဘုံမှာ နတ်သား နတ်သမီးတွေ ဖြစ်ရမယ်။ ဒီလိုဟောမှဖြစ်ကယ် ဒကာကြီးရဲ့ ကျုပ်တို့ သင်္ကန်းဝတ်က ဒိဝိပဿနာဟောရင် မြို့ရွာမှာ မနေနိုင်ဘဲ မြန်မြန် ထွက်ပြေးရမယ်....ကဲ့။

## ဆရာက ကျေနပ်အောင်ပြန်၍ လျှောက်ပုံ

အဘိဓမ္မာတရားကို ဟောလို့ရှိလျှင် ဘုန်းကန်ခိုးသာ၍ ကြီးပါတယ်။ ဆွမ်းများများ စားရပါတယ်၊ ကျောင်းတိုက်ပျိုးစုံရပါတယ်၊ သင်္ကန်း အထည်လှူမဲ့ ယောဂီတွေ ပေါပါတယ်၊ စရပ် ရေတွင်း စသည့် လှူဒါယ် ဝတ္ထုမျိုးစုံတို့ အားကြီးလာပါတယ်။ ကျောင်းတိုက် အတွင်းမှာလဲ ရုပ်ပွားတော် စေတီတော်

စာကြည့်တိုက် ၁၉၀၄၁

စသော ဘုရားတည်သူ ဒကာ-ဒကာမတွေ ပေါပါတယ်ဘုရား။ ဘာ့ကြောင့် တရား အထွင့်အမြတ်ကို ဟောလို့ ကြည်ညိုသူ ပေါပါတယ်။ လူ့ပြည် ရောက်ကြောင်း နတ်ပြည်ရောက်ကြောင်းတွေကို အစချီ ဖြဟ္မာ့ပြည်အထိမြောက် မသေမပျေးတဲ့ နိဗ္ဗာန် ထွက်ပေါက်ကိုလဲ မဂ်ရောက် ဖိုလ်ဝင် ဒေသနက္ကမ ဟောစဉ် လဲရှိပါတယ် ဘုရားလို့ လျှောက်တော့။ ဟာ ဆရာကြီးနဲ့သာ တော်တယ်၊ ကျုပ်တို့နဲ့ ဒီအနတ္တတရားနဲ့ မဖြစ်ဘူးဆိုပြီး လက်ကာ၍ ကွမ်းစားနေတယ် ယောဂီတို့။ စဉ်းစားဝေဘန် တရားမှန် သိဘို့ကိုယ်ပိုင်ဉာဏ်။

---

## တိုင်ပင်ကြ—ဝိုင်းထဲဘတ်ပြ။

၁။ ဓမ္မစစ်စစ်-လူရှင်တိုင်းနဲ့မဖြစ်။

၂။ ဓမ္မအမှန်-ပုဂ္ဂိုလ်တိုင်းနဲ့မတန်။

၃။ ဓမ္မသက်သက်-ယောကျ်ား မိန်းမတိုင်း မနှစ်သက်။

၄။ ဓမ္မသန့်သန့်-လူတိုင်း ရှင်တိုင်းမဖြန့်။

၅။ ဓမ္မမွန်မြတ်-ရာဂများသူနဲ့ မအပ်စပ်။

၆။ ဓမ္မအဟုတ်-ရှင် လူတိုင်း အားမထုတ်။

၇။ ဓမ္မကထိက-ဒါ့ကြောင့် လူတိုင်းမသိကြ။

ရတနာ သုံးပါးကို ယုံကြည်အားကိုးကြသော ပညာရှင်များ။ ဤ၇-ချက်ကို မသိကြလျှင် အားကိုးရာ မမှည်။

**ဝေဘန်**၊—ဓမ္မကထိက-ဟုတ်ရင်ဟုတ်၊ မဟုတ်ရင်-အဓမ္မကထိက။

**တနည်း**၊—ဓမ္မကထိက-ဟုတ်ရင်ဟုတ်၊ မဟုတ်ရင်-ပုဂ္ဂလကထိက။

**တနည်း**၊—တရားကိုနာ ဓမ္မသဝနမှတ်။
မတရားကိုနာ-အဓမ္မသဝနမှတ်။

**တနည်း**၊—တရားကိုသာနာ-ဓမ္မသဝနမှတ်။
မတရားကိုနာ-ပုဂ္ဂလသဝနမှတ်။

**တနည်း**၊—တရားဟောလျှင် နာသူတွေ တရားကြားရမယ်။
မတရားဟောလျှင် နာသူတွေ မွေး့သေ မလွတ်။

**တနည်း**၊—တရားဟောပါက-လိုလားသူမှာ တရားရတယ်၊ ငွေချမ်းသာဘို့နဲ့ အသက်ရှေဘို့ ဟောပါက တရားနာသူတွေမှာ သွေးပဋိသန္ဓေနေမှုက အစ သွေးဆုတ်ပြီးသေဘို့မှာ အဆုံးပါဘဲ။

**တနည်း၊**—တရားစစ်ကိုဟောလျှင်-ပုဂ္ဂိုလ်ပါလျှင် ခွဲထုတ်၊တရားနဲ့ပုဂ္ဂိုလ် ခွဲမထုတ်တတ်လျှင် - ကြားနာသူတွေရဲ့ နားမှာ တရားကို မကြားရ ပုဂ္ဂိုလ်ကိုသာ မြင်ကြရမယ် မှတ်။

**တနည်း၊**—တရားဟောတတ်လျှင်· တရား အစ- တရားအလယ်- တရားအဆုံး၊ တရားမဟောတတ်သော်၊ တဏှာကအစ-မာနက အလယ်-ဒိဋ္ဌိမှာ အဆုံး သတ်မယ် ပုဒ်ပြတ်မှတ်။

---

ဂုဏ် ၆-ပါးရှိသောတရား။

စက္ခုသု အပါယေသုစ သံသာရဝဋ္ဋဒုက္ခေသုစ အပတမာနေ ကတ္ဘာ မာရေတိတိ ဓမ္မော၊

(ဓရဓာတ်-ရမ္မပစ္စည်း၊ ဓရဓာတ်အရ-ဉာဏ်အမြင့်တန်းသို ပို့ဆောင်ခြင်းမှတ်။ ရမ္မပစ္စည်းအရ တရားရသူကိုမှတ်။)

စက္ခုသု၊ လေးပါးကုန်သော။ အပါယေသုစ၊ အပါယ်တို့၌ရင်း။ သံသာရဝဋ္ဋဒုက္ခေသုစ၊ ပင့်သန္ဓေနေရသော သံသရာ ဝဋ်ဆင်းရဲတို့၌ရင်း။ အပတမာနေ၊ နောက်ထပ်တဖန် လှည့်ပြန်၍မကျရလေအောင်။ကတ္ဘာ၊ မိမိ၏အသိဉာဏ်တရား ကပင်ပြုပြင်၍။ မာရေတိ၊တဆင့်ထက်တဆင့် ဘဝပြတ်အောင် မြှင့်တင်၍ပို့ဆောင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဓမ္မော၊ ဓမ္မမည်၏။ (အန္တဘဝမှ ကလျာဏဘဝသို့ အဆင့်ဆင့် တန်းမြင့်စေတတ်သော သဘောကို ဓမ္မမှတ်လေ။ ပရမတ္ထသဘာဝကို မသိမမြင်သမျှ အမြင့် ဓမ္မမဟုတ်၊ တရားစစ်စစ်ကား ဂုဏ်အင်္ဂါ ၆-ပါး ရှိသည်မှတ်။)

၁။ **သွာက္ခာတော ဘဂဝတာ ဓမ္မော၊** စ, လယ်, ဆုံး, သုံးပါးလုံး ကောင်းသောလက္ခဏာ ရှိရမည်။

၂။ **သန္ဒိဋ္ဌိကော၊** မသေခင် ယခု ပစ္စက္ခဘဝမှာပင် သောကစသော မီးငြိမ်းခြင်းလက္ခဏာ ရှိရမည်။

၃။ **အကာလိကော၊** ယခုချက်ချင်း တခဏအတွင်း မဂ်ဉာဏ်ကို ရနိုင်ခြင်းလက္ခဏာ ရှိရမည်။

၄။ **ဧဟိပဿိကော၊** ဒီတရားမျိုးကို နာကြည့်စမ်းပါ၊ ဒီကျင့်စဉ်မျိုးကို ကျင့်ကြည့်စမ်းပါ၊ ခေါ်ထိုက်ခြင်းလက္ခဏာ ရှိရမည်။

၅။ **ဩပနေယျိကော၊** လောကီ၌ ခံစားသမျှအာရုံဟူကား ခံစားပြီးလျှင် ပျောက်ပျက်ကုန်၏။ စားသောက်သော အစာအာဟာရတို့က ကိုယ်ခန္ဓာ၏ အပြင်ဘက်သို့ ယွက်ကျကုန်၏။ တရား အသိဉာဏ်ကို သိပိုင်ကြသော ယောဂီ

လူရှင်တို့မှာ ချွေးထွက်လဲမထွက် မျက်စိထွက်ကျလဲ-တရားထွက်မကျ၊ ခြေလက်ပြတ်ကျပေမဲ့-တရားပြတ်၍မကျ။ ဒါ့ကြောင့် ရင်ထဲ နှလုံးသားထဲ၌ အစဥ်အမြဲကပ်၍ ဆောင်ခြင်းလက္ခဏာ ရှိရမည်။

၆။ **ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ၊** လောကီအာရုံ ကာမဂုဏ်တို့ကို ခံစားကြလျှင် လူများများတို့နဲ့မှ ပျော်နိုင်ကြ၏။ အနဲဆုံး ၂-ယောက် ၃-ယောက်တွဲရမှ မြူးတူးပျော်ပါးတတ်ကြကုန်၏။ တယောက်ထဲနေလျှင် ပျင်းရိတတ်ကြ၏။ တရားအစစ်ကို အရသိပိုင်သော ယောဂီ အရိယာတို့သည် (တသီးပုဂ္ဂလ) တယောက်ထဲသတ်သတ် တရားစည်းစိမ်ကို ခံစားတတ်ခြင်းလက္ခဏာ ရှိရမည်မှတ်လေ။ ဘာဂုဏ်မှမရှိသောတရားကား ဘုရားဟောတရားမဟုတ်။

သာသနာတော် နှစ်ပေါင်း ၂၅၀၀-ပြည့်ကျော်လျှင် ဓမ္မစစ်စစ်ကို ဟောကြသော ပုဂ္ဂိုလ်တွေ များစွာပေါ်လာကြမည်မှတ်။ မင်းကောင်း မင်းမြတ်တို့နှင့် ရဟန်းကောင်း ရဟန်းမြတ်များက တရားအစစ် မဟုတ်ထာကို ဟောပြောကြသော လူဝတ်,ရှင်ဝတ် စသည်တို့ကို အာဏာစက်, ဓမ္မစက်ဖြင့် ပိတ်ပင် ဆီးတားဘို့ခေတ်သို့ ရောက်ကြပြီမှတ်။ **လူ, နတ်, ဗြဟ္မာ** ဖြစ်ပြီး ဇိမ်ခံဘို့ကို တရားစစ်စစ် မထင်ကြနဲ့၊ ဘုရားဟော တရားစစ်ဟူ၍ မမှတ်လင့်။ **ပုထုဇန်အန္ဓဗာလ** တို့၏ ဟောပြောချက်ကား နိဗ္ဗာန်ကို အသံပြရုံမျှနဲ့ မိမိအား ရှိသောဘို့-လျှုဘို့ ဟောလေ့ ရှိ၏။ တပည့် ဒကာ, ဒကာမတွေ သေလျှင် ဘယ်ကိုရောက်ရောက် တာဝန်မယူမှတ်။ (ပါးဂြှဲတော့—နှပ်ကြတော့။)

---

## သူများဟောတိုင်း ရမ်းမဟောဘို့။

ဒေသနက္ကမဒေသနာ-ပုဂ္ဂလဇ္ဈာသယဒေသနာ ၂-မျိုး ရှိရာတွင်၊ ရှေး ဘုရားရှင်တို့။ တနည်း၊ ရှေးအရိယာတို့၊ ရှေးပညာရှိတို့ ဟောသကဲ့သို့ တရားဟောထုံး, ဟောပုံ, ဟောနည်း, ဟောရိုး, ဟောစဥ်အတိုင်း၊ နောက် ဓမ္မကထိကတို့က ဟောရမယ်။ ဒီလို ရှေးထုံး နမူနာအရဟောလျှင် ဒေသနက္ကမဒေသနာ ဟောနည်းမှတ်။ ။တနည်း၊ မိမိထံသို့ ရောက်လာ နာယူလိုလားသော ပုဂ္ဂိုလ်၏ အဇ္ဈတ္တခေါ် အတွင်းသန္တာန်ကို တိုက်ရိုက် မသိဒါကို ဖယ်။ ပြင်ဘက် ပြယုဂ် **ရူပနိကာယ—သဒ္ဒနိကာယ** ၂ ဌာနကို အကဲခတ်၍ မိမိ၏ဉာဏ်ဖြင့် စဥ်းစားဝေဘန်။ (ထိုသူ၏ လိုလားသောအချက်ကို လိုက်လျော၍ အကျွတ်တရားကို ရစေခြင်းငှာ ဟောခြင်းကို ပုဂ္ဂလဇ္ဈာသယဒေသနာမှတ်။)

## အဓိပ္ပါယ်ရှင်းတမ်း ဘာလဲ။

ဒါနကိုအကြောင်းခံ၍ အကျိုးဆက်လက်ပေးပုံ၊
သီလကိုအကြောင်းခံ၍ အကျိုးဆက်လက်ပေးပုံ၊
သမထကိုအကြောင်းခံ၍ အကျိုးဆက်လက်ပေးပုံ၊
ဝိပဿနာကိုအကြောင်းခံ၍ အကျိုးဆက်လက်ပေးပုံ၊

တနည်း၊ ပဟာတဗ္ဗခေါ် ပယ်သင့် ပယ်ထိုက်သော အကုသိုလ်တရားတို့ကို ပယ်ဘို့ ဟောရမည်။ **ပယ်ဆိုသည်မှာ၊** ကိုယ်ပယ်, နှုတ်ပယ်, စိတ်ပယ်, ဉာဏ်ပယ်, ၄-မျိုးပယ်နည်းကို သတိပေး ဆုံးမရမည်။ **ဘာဝေတဗ္ဗ** ခေါ် ပွါးများအပ်သော တရားမှာ နှုတ်ပါးစပ်ဖြင့် ရွတ်ဘတ်ပွါးများခြင်း, စိတ်သမာဓိထား၍ ပွါးများခြင်း၊ ဉာဏ်သန့်သန့်ဖြင့် ပွါးများခြင်းကို ခွဲခြမ်းဝေဘန်၍ ဆုံးမကြရမည်။ တနည်း၊ **အကုသလဓမ္မ ပဟာတဗ္ဗ၊ ကုသလဓမ္မဘာဝေတဗ္ဗ** ၂-ဌာနတို့တွင် အကုသလဓမ္မ၌ ဒုစရိုက်ကံပေါင်း ၃-ဌာန ၁၀-ပါးတို့၏အပြစ်ကြောင့်လက်ငင်းပစ္စက္ခ၌ ကိုယ်, စိတ် ၂-ဖြာ မချမ်းသာပုံ၊ တမလွန်လောက နောင်သံသရာ၌ အပါယဒုက္ခတို့ကို မဆုံးဖြတ်နိုင်အောင် ခံစားရ၍ ထိုအပါယဒုက္ခမှ လွတ်ခွင့်ကြုံသော လူ့,နတ်,ဗြဟ္မာ,ဖြစ်စေခါမူ၊ မိမိတို့ပြုခဲ့သော အကုသလဓမ္မတို့က အဆုံးမသတ်နိုင်အောင် နှိပ်စက်ဖိစီးသော အကျိုးပေးခံရပုံ၊ အကြောင်းနဲ့အကျိုးကို တရားနာသူတို့ ဒုက္ခသံဝေဂဘေးဘယ အာဒိနဝတို့ကို ကြောက်လန့်တုန်လှုပ်အောင် မပြုလုပ်ဘို့ ဟောပြရမည်။ **ကုသလဓမ္မဘာဝေတဗ္ဗ** ပုဒ်၌ ဒုစရိုက်ကို ရှောင်ကြဉ်သော် သုစရိုက်မှတ်ကြလို့ဟော၊ (သုစရိုက် ၁၀-ပါးလို့) သတ်သတ်အမှတ်မရှိဘူး၊ ပုညကြိယာ ၁၀-ပါးဟူ၍သာ သတ်မှတ်ချက်ရှိသည်။) ထိုပုညကြိယာ ၁၀-ပါးကို ပဏ္ဍိတထံ၌သာ အချိုးကျ ကြားနာရမည် မှတ်လေ။ ပဏ္ဍိတ် မဟုတ်သူတို့ထံ၌ ဒိဋ္ဌိဇုကမ္မ-မပါဝင်သော ပုညကြိယာတို့ ဖြစ်တတ်၏။ နစ်နာလှ၏။ **ဝပ္ပတာဒါန-ဓမ္မတာသီလ ဝပ္ပတာဘာဝနာ** တို့ကား ကမ္ဘာနဲ့ မြေဇာ ဆိုသလို သတ္တဝါတိုင်း စိတ်ထင်ရာ ဦးတည်ရာကို ပြုကြရိုးလမ်းဟောင်းကြီးမှတ်လေ။

## ပုညကြိယာ ၁၀-ပါး အဓိပ္ပါယ်အစစ်။

၁။ ဒါန-မိမိပိုင်ပစ္စည်းကို အခြားသူအားပေးလှူခြင်း။
၂။ သီလ-သတ်ခြင်း,ခိုးခြင်း စသည်မှ ရှောင်ကြဉ်ခြင်း။
၃။ ဘာဝနာ-ခန္ဓာကိုယ်၏အကြောင်းကို ပွါးများလေ့လာခြင်း။
၄။ အပစာယန-အရိုအသေပြုထိုက်သူကို ရိုသေရခြင်း။
၅။ ဝေယျာဝစ္စ-သင့်သလို ဝတ္တရားထမ်းဆောင်ရခြင်း။

၆။ ပဋိဒါန-မိမိရသောကုသိုလ်ကို ပေးဝေပြောကြားခြင်း။
၇။ ပတ္တာနုမောဒနာ-သူတပါးတို့၏ကောင်းမှုကို ဝမ်းသာခြင်း။
၈။ ဓမ္မသဝန-တရားအစစ်အမှန်ကို ကြားနာယူခြင်း။
၉။ ဓမ္မဒေသနာ တရားအစစ်အမှန်ကို ဟောပြောခြင်း။
၁၀။ ဒိဋ္ဌိဇုကမ္မ-အယူဖြောင့်မှန်သောအမှုကို ပြုလုပ်ခြင်း။

| | | |
|---|---|---|
| ဒါန | သီလ | ဘာဝနာ |
| ပဋိဒါန | အပစာယန | ဓမ္မသဝန |
| ပတ္တာနုမောဒန | ဝေယျာဝစ္စ | ဓမ္မဒေသနာ |
| ဒိဋ္ဌိဇုကမ္မ | ဒိဋ္ဌိဇုကမ္မ | ဒိဋ္ဌိဇုကမ္မ |

ဒိဋ္ဌိဇု-ကို ပုဒ်ခွဲသော်။ ဒိဋ္ဌိ,တပုဒ်၊ ဥဇု,တပုဒ်၊ ၂-ပုဒ်မှတ်။ ဒိဋ္ဌိ,အယူ၊ ဥဇု,အဖြောင့်၊ (ဒိဋ္ဌိဇု-အယူဖြောင့်။)ကမ္မ၊ ပြုလုပ်ခြင်း။ အယူဖြောင့်ဘို့ရာ ပြုလုပ်မှုကို ဒိဋ္ဌိဇုကမ္မခေါ်သည်မှတ်။ ပဏ္ဍိတဆိုင်ရာ ဒိဋ္ဌိဇုကမ္မ ဖြစ်နိုင်သည်။ (အယူဖြောင့်ရမယ်ဆိုသည်မှာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရမယ်မှတ်၊) တနည်း၊ ခန္ဓာကောင် ဘဝဖြတ်မှုကို အာရုံပြုရမည်မှတ်။ အတိုချုပ်၊ ရုပ်တရား, နာမ်တရား, ၂-ပါးကို ပိုင်းခြား၍ သိမြင်ပြီးမှ ဒါနပြုရမယ်မှတ်။ သီလစောင့် သုံးရမယ်မှတ်။ ဘာဝနာကမ္မဋ္ဌာန်းကို ပွါးများ လေ့လာရမယ်မှတ်။ (ပုညကုသိုလ်ကောင်းမှု။ ကိရိယ-ပြုခြင်းအားထုတ်ခြင်း။)ပုည-ကိရိယကုသိုလ်ကောင်းမှုကို ပြုကြအားထုတ်ကြဆိုလိုသည်။ ဤကား—အကုသလဓမ္မ ဟောသာပွန့်-ကုသလဓမ္မ ဘာဝေတဗ္ဗ အခကျိးမှတ်လေ။ (ဒေသနက္ကမဒေသနာနည်းအမြွက်မျှတည်း။)

---

## ပုဂ္ဂလဇ္ဈာသယ ဒေသနာနည်း။

ရုပ်ရှာ,ဌာန,မြို့နယ်,စရိုက်၊ သို့မဟုတ် အုပ်စုတစုအလိုကိုသော်၎င်း၊ အဖွဲ့တဖွဲ့ကောင်းကိုသော်၎င်း၊ တယောက်ယာဦးတည်းကိုသော်၎င်း၊ ရည်ရွယ်၍ဟောခြင်းကို ပုဂ္ဂလဇ္ဈာသယဒေသနာမှတ်။ ဥပမာ၊ ပဉ္စဝဂ္ဂီ ငါးယောက်တဖွဲ့၊ အကြိုက်-အလိုကိုလိုက်၍ ထိုပုဂ္ဂိုလ်တို့၏ တရားအမြန်သိုးရ ဘို့ အလိုဆန္ဒကိုသိခြင်း၊ဘဒ္ဒဝဂ္ဂီညီနောင်မင်းသား ၃၀-တို့သည် ဥရုဝေဠတောအုပ်မှာ ပျော်ပါးသလောက်၊ တယောက်သော မင်းသား၏အဖော်မယားပျောက်သဖြင့်၊ ယိုသူတို့နှင့် သင့်တော်သော အခွင့်လျော်သော ကာမာဒီနဝကို မှသအပြစ်ပြပြီး ဒုက္ခအစစ်ကို ဟောပြဆုံးမသည်မှာ တသင်းတပွဲလုံး အကျွတ်တရားကို ရစေခြင်း။ ဥဂ္ဂသေန-ဇာတ်ပွဲကြီး၌ တပွဲလုံး,တဖွဲ့လုံးကို နောက်ပါကျွတ်ခန်းဝင်ဘို့ရာ ပဋ္ဌမရှေ့ဆောင်ဖြစ်သော ဇာတ်မင်းသား၏ ရင့်ကျက်သော ပါရမီရှိပြီး ပညာအရည်အချင်းကိုသိတော်မူ၍ ဆုံးမဟောပြခြင်း။ ခုဇ္ဇုတ္တရာ ကျွန်မဖြစ်သော အရိယာ သောတာပန်မကြီးထံ၌ သာမာဝတီမိဖုရားကို မှူးဆောင်ပြု၍ နောက်ပါခြွေရံမ ၅၀၀-

တို့ပါ အရိယာသောတာပန် တညီထဲဖြစ်စေဘို့ ဟောပြခြင်း။ ထိုကဲ့သို့ တသိုက် တအုံ, တဂိုဏ်း,တအုပ်,တစုတို့တရားရအောင် ဟောပြခြင်းကိုလဲ **ပုဂ္ဂလဇ္ဈာသယ ဒေသနာမှတ်။** ။ထိုမှတပါး တယောက်ကောင်း၏ဆန္ဒကို သိမြင်၍ဟောခြင်း မှာ၊ အာဠဝကဘီလူး, အင်္ဂုလိမာလ, ဗကဗြဟ္မာ, ဘခင်သုဒ္ဓေါဒနမင်းကြီး, ခေမာမိဖုရားကြီး စသော သူတို့ကို တရားထူးရအောင် ဟောပြဆုံးမခြင်းကိုလဲ **ပုဂ္ဂလဇ္ဈာသယ ဒေသနာ** ပင် မှတ်လေ။

**အတိုချုပ်မှာ။** ။ဘယ်ပုဂ္ဂိုလ်ကိုမှ မရည်ရွယ်ဘဲ ရှေးဘုရားရှင်တို့၏ ဟောရိုး-ဟောစဉ်အတိုင်း ဟောပြဆုံးမခြင်း။ တနည်း၊ မည်သူ တစုံ တယောက်၏ လောကမျက်နှာကို မထောက် မငဲ့မညှာမူ၍၊ တရားတော် အမှန်ကျသည့်အတိုင်း ဖြောင့်ဖြောင့် ရှင်းရှင်း ဟောပြော ဆုံးမခြင်းကို **ဒေသနက္ကမ ဒေသနာမှတ်။** ပုဂ္ဂိုလ်၏-ပုဂ္ဂိုလ်တအုပ်,တစု,တဖွဲ့,တဂိုဏ်း၏ အလိုဆန္ဒကို သိမြင်၍ ဟောပြ ဆုံးမခြင်းကို **ပုဂ္ဂလဇ္ဈာသယ ဒေသနာ** ပုဒ်ပြတ်မှတ်။

---

## ဓမ္မကထိက လက္ခဏာကို အရကျက်။

နိရယေ ဘယသန္တာပံ၊ နိဗ္ဗာနေဝိပုလံ သုခံ။
ဥဘယေတာနိ အတ္ထာနိ၊ ဒဿေတဗ္ဗာနိ ယောဂိနံ။

ဘယသန္တာပံ၊ ဘေးဒုက္ခများစွာ ပူပန်မှုရှိသော။ နိရယေ၊ ငရဲကြီးရှစ်ထပ် ၌ငှင်း။ ဝိပုလံ၊ အနေအထိုင်အလွန်ကျယ်ပြန့်သော။ သုခံ၊ အန္တပုထုဇန်တို့ ဘယ်နည်းနဲ့မှမယုံကြည်နိုင်သော။**အပရပ္ပစ္စယ**-ခေါ် ချမ်းသာအစစ်ဖြစ်ပေသော။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌ငှင်း။ ဥဘယာနိ ငရဲနဲ့ဒုက္ခ,နိဗ္ဗာန်နဲ့သုခ, ၂-ဌာနဖြစ်ကုန် သော။ တောနိအတ္ထာနိ၊ ထိုအကျိုးတရားတို့ကို။ ယောဂိနံ၊ မွေး, သေခန္ဓာမှ လွတ်ခြင်းတရားနာလိုသူ ယောဂီ ရှင်အပေါင်းတို့အား။ ဓမ္မကထိကေဟိ၊ တရား အမှန်ကို ဟောပြလိုသော တရားဟောပုဂ္ဂိုလ်တို့သည်။ ဒဿေတဗ္ဗာနိ၊ထိတ်လန့် အောင် ခန္ဓာ ဒုက္ခကိုပြ၍ ထွက်မြောက်ရာအမှန် ဝိပဿနာဉာဏ်ကို ဟောပြအပ် ကုန်ရာ၏။

တရားမရဘဲ သေလျှင် အပါယ်ငရဲ ကျမယ်။ တရားရပြီး သေလျှင် ကောင်းရာ သုဂတိရောက်မယ်၊ တနည်း၊ သက္ကာယဒိဋ္ဌိ တန်းလန်းစွဲနဲ့ သေသော် ကေန်ငရဲကျမယ်။ သက္ကာယဒိဋ္ဌိကင်းကွာ၍သေသော် ကေန် ငရဲမကျ။ အပါယ်လေးပါးမှ လွတ်မယ်။ သောတာပန်ဖြစ်မယ်။နိဗ္ဗာန် ဝင်လက်မှတ်ရမယ်။နိဗ္ဗာန်ရမှ ဒုက္ခဝပ်သိမ်း ကင်းငြိမ်းမယ်လို့ ငရဲနဲ့နိဗ္ဗာန် ၂-ဌာန၏ အပြစ်နဲ့ အကျိုးထူးကို တပည့်ဒကာတို့အား ဟောပြဘို့ တာဝန်မှာ ဓမ္မကထိက၏အဘို့မှတ်။

## တရားအစစ် အမှန်ကို ဘယ်သူဟောဟော ဘုရားအစစ် ဟောသကဲ့သို့ အလေးပြုရမယ်။

ယောကောစိ ဘိက္ခုဝါ ဘိက္ခုနီဝါ ဥပသကောဝါ ဥပသိကာဝါ
ဓမ္မံဒေသေတု ပကာသေတု သဗ္ဗောသော သတ္ထာရာ ဒေသိတော
ပကာသိတောနာမ ဟောတိ။

ယောကောစိ၊ အမှတ်မရှိသော။ ဝါ၊ ဘယ်သူဟောမှ နာယူမယ်လို့မပိုင်း မခြား အမှတ်အသား အတည်မထားအပ်သော။ ဘိက္ခုဝါ၊ သင်္ကန်းဝတ် ရဟန်းယောကျ်ားသည်၎င်း။ ဘိက္ခုနီဝါ၊ သင်္ကန်းဝတ်ရဟန်း မိန်းမသည်၎င်း။ ဥပသကောဝါ၊ လူဝတ်ကြောင် ဒါယကာ ယောကျ်ားသည်၎င်း။ ဥပသိကာဝါ၊ လူဝတ်ကြောင် ဒါယိကာမသည်၎င်း။ ဓမ္မံ၊ တရားအစစ်အမှန်ကို။ ဒေသေတု ဟောပြောနေသည်ဖြစ်စေ။ ပကာသေတု၊ သင်တန်းဆုံးမပြသ နေသည်ဖြစ်စေ။ သောသဗ္ဗော၊ ထိုအလုံးစုံသော ပုဂ္ဂိုလ်သည်။ သတ္ထာရာ၊ မြတ်စွာဘုရားသည်။ ဒေသိတောနာမ၊ ဟောပြောနေသည်မည်သည်။ ပကာသိတောနာမ၊ သင်တန်း ဆုံးမ ပြသနေသည်မည်သည်။ ဟောတိ၊ ဖြစ်၏။

ဘာသာပြန်အဓိပ္ပါယ်မှာ၊ သင်္ကန်းဝတ် ရဟန်းယောကျ်ား, သင်္ကန်းဝတ် ရဟန်းမိန်းမ, လူဝတ်ယောကျ်ား, မိန်းမ မည်သူမဆို မြတ်စွာဘုရား တရားကို ဟောနိုင်, ပြနိုင်တယ်မှတ်။ ထိုကဲ့သို့ ဘုရားရှင်၏တရားကို ဟောနေသူ-ဆုံးမပြသ နေသူကို ဘုရားအစစ်ဟူ၍ မှတ်ရမယ်၊ ရိုသေရမယ်၊ နာယူရမယ်မှတ်လိုက်။ ။ ယခုအခါ သင်္ကန်းဝတ်ရဟန်းမိန်းမ မရှိပါကလား၊ မတွေ့ရဘူး-မမြင်ရဘူးပါကလား လို့ ရှောက်ပေး ရှောက်ကေား အရေးမတော်ဒါတွေကို အလေးမချော်ကြစေနဲ့။ သူ့ခေတ်, သူ့အခါ, သူ့အချိန်, သင့်သလို ဖြစ်ကြရသည်မှတ်။

သူတော်ကောင်းတရား အစစ်အမှန်ကို ကျင့်ကြံ အားထုတ်ခြင်းနဲ့ သက်ဆိုင်ရာ အဝတ်အထည် ဝတ်ဆင်ခြင်းတို့ကား၊ တိုင်းပြည်ကို အုပ်ချုပ်သော သာသန ဒါယကာ ဘုရင်မင်းမြတ်၏ အာဏာစက်နှင့် ထိုဘုရင် ကိုးကွယ်သော အရိယာ ပရမတ္ထ သံဃာများ၏ ဓမ္မစက်တို့ကြောင့် သင့်လျော်သလို သာသနာတော်ကြီးပွား ရာကို ထင်မြင်ယူဆ-မြော်လင့်ချက်ရှိသည့် အလျောက် ဝတ်ဆင်မြန်းခြင်းတို့သာ အရေးပါ အရာရောက်ရမည်မှတ်လေ။

သင်္ကန်းဝတ် ရှင်,ရဟန်းတွေကို အလှူခံပုဂ္ဂိုလ်မှတ်ရမည်။ အလှူခံဆိုတိုင်း လူဝတ်ကြောင် အိမ်ထောင်သည်တို့ကဲ့သို့ တိုက်တာ အသီးသီး အထွေထွေ ရွှေ, ငွေ ပစ္စည်း, လယ်ယာ, ကျွန်း, ကျွဲ, ခြံပိုင်, မြေပိုင် ဖြစ်အောင် အလှူမခံရ။ တရားရဘို့ သီလ, သမာဓိ, ပညာဆိုသော ဓမ္မ အမွေကိုသာ ခံစံကြရမည်။ ပစ္စယအမွေခံဖြစ်ဘို့မလို။ ပေးလှူတတ်သော လက္ခဏာကြောင့် ဒါယကာခေါ်

တယ်မှတ်။ ခန္ဓာဆိုးကြီး ဘဝမှ လွတ်မြောက်ရန် ရည်ရွယ်၍ လှူကြရမယ်။ တနည်း၊ မိမိအား အပါယ်လေးပါးမှ ကယ်တင်သော တရားထူးကို ဟောသော ပုဂ္ဂိုလ်ကို အလေးပြု၍ ဆည်းကပ် လှူဒါန်းရမယ်။ စောင့်ရှောက်နိုင်သလောက် စောင့်ရှောက်ပြုစုကြရမယ်။ (လှူခွင့်ကြုံက-ပုဂ္ဂိုလ်မရွေး လှူပါ။)

---

## သမုတိကထာနဲ့ ပရမတ္ထကထာ ၂–စားရှိပြန်တယ်။

ပုဂ္ဂိုလ်, သတ္တာ, ဖြဟ္မာဒေဝ, မိန်းမ, ယောကျ်ားအစ ဇီဝအသက်ဟူ၍ မြတ်စွာဘုရားဟောသော တရားတော်မှာ ပါတယ်။ သုံးရပယ်, ဟောရပယ်, မသုံးမဟောလျှင် မဖြစ်ဘူး။ ဤကဲ့သို့ ဟောပြသော စကားတော်ကို သမုတိကထာမှတ်။ နာမ်, ရုပ်, ခန္ဓာ, ဓာတ်, အာယတန, ပရမတ် တရားတို့၌ အနိစ္စ, ဒုက္ခ, အနတ္တ သဘောကို ပေါ်လွင်အောင် ဟောခြင်း။ သတိပဋ္ဌာန်တရား သမ္မပ္ပဓာန်တရား စသော ဗောဓိပက္ခိယ သစ္စာဝင်ဖြစ်သော တရားကို ပရမတ္ထကထာဟူ၍ မှတ်ပါ။ (တပည့်ဒကာများကို ခွဲပြပါ ဆုံးမပါ။)

## ဒီပါဠိကို အောက်တန်းမကျဘူ အရကျက်။

> ဗုဒ္ဓါနံ ပန ဒွေ ကထာ သမုတိကထာစ ပရမတ္ထကထာစ တတ္ထ သတ္တောပုဂ္ဂလော ဒေဝါဖြဟ္မာတိအာဒိကာ၊ သမုတိ ကထာ နာမ။ အနိစ္စံ ဒုက္ခံ အနတ္တာ ခန္ဓာဓာတုယော အာယတနာနိ သတိပဋ္ဌာန သမ္မပ္ပဓာနာတိ အာဒိကာ ပရမတ္ထကထာ နာမ။

ပန၊ ခွဲခြား၍ ပြဦးအံ့။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ဒွေ ကထာ၊ ၂-မျိုးသော စကားတို့သည်။ သမုတိ ကထာ စ၊ပညတ် တင်စား၍ ဟောတော်မူသော စကားသည်၎င်း။ ပရမတ္ထကထာစ၊ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ဟူ၍ ပရမတ္ထ သဘာဝ သက်သက်ကိုသာ ဟောတော်မူသောတရား စကားသည်၎င်း။ ဟောတိ၊ ဖြစ်၏။

တတ္ထ၊ ထိုကထာ ၂-မျိုးတို့တွင်။ သတ္တောပုဂ္ဂလော ဒေဝေါ ဖြဟ္မာတိ အာဒိကာ၊ သတ္တဝါ, ပုဂ္ဂိုလ်, နတ်,ဖြဟ္မာ အစရှိသော စကားသည်။ သမုတိကထာနာမ၊ သမုတိကထာမည်၏။ အနိစ္စံ၊ မမြဲသော သဘောသည်၎င်း။ ဒုက္ခံ၊ ဆင်းရဲခြင်း ဘေးအစုသည်၎င်း။ အနတ္တာ၊ အနှစ်သာရ ရှာမရခြင်းသည်၎င်း။ ခန္ဓာဓာတုယော၊ ခန္ဓာငါးပါး,ဓာတ် ၁၈-ပါး တို့သည်၎င်း။ အာယတနာနိ၊ ၁၂-ပါးသော အာယတနတို့သည်၎င်း။ သတိပဋ္ဌာနသမ္မပ္ပဓာနာတိအာဒိကာ သတိပဋ္ဌာန် လေးပါး,သမ္မပ္ပဓာန် လေးပါးဟူ၍ အစရှိသော ဗောဓိပက္ခိယ တရားအပေါင်းသည်၎င်း။ ပရမတ္ထကထာနာမ၊ ပရမတ္ထကထာ မည်ကုန်၏။

## ပါဠိအားကိုးမသိ-ဂုဏ်မရှိ။

အပရောနယော ဒွေဘဂဝတော ဒေသနာ ပရမတ္ထဒေသနာစ၊
ခန္ဓာဒိဝသေန ' သမ္မုတိဒေသနာစ သပ္ပိကုမ္ဘာဒိဝသေန။

အပရောနယော၊ တပါးသော နည်းဥပဒေကို။ ဝေဒိတဗ္ဗော၊ ဤကဲ့သို့ သိလားအပ်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဒေသနာ၊ တရားဟော နည်းသည်။ ခန္ဓာဒိဝသေန၊ ခန္ဓာစသည်တို့၏ အစွမ်းဖြင့်၊ ပရမတ္ထ ဒေသနာစ၊ ပရမတ်၏ သဘောကို ဟောပြခြင်းသည်ရင်း။ သပ္ပိကုမ္ဘာ ဒိဝသေန၊ ထောပတ်အိုး စသည်တို့၏ အစွမ်းဖြင့်။ သမ္မုတိဒေသနာ စ၊ ပညတ် တင်စား၍ ဟော ခြင်းသည်ရင်း။ ဒွေ၊ ၂ မျိုး ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ (ဒေသနာနဲ့ ကထာ အတူတူမှတ်။)

## စည်းမျဉ်းကို သတိမူစမ်းပါ။

နဟိဘဂဝါ သမည့် အတိဓာဝတိ တသ္မာ အတ္ထိ ပုဂ္ဂလောတိ
ဝစနမတ္တတော အဘိနိဝေသော နကာတဗ္ဗော သတ္ထာရာတိ။

ဟိ၊ သဘာဝ ဆိုက်အောင် ထင်ရှားစွာ ပြပေအံ့။ ဘဂဝါ၊ မြတ်စွာ ဘုရားသည်။ သမည့်၊ ပညတ်သုံး စကားကို။ န အတိဓာဝတိ၊ ပြောဆိုသကဲ့သို့ မလွန်ပေ။ ဝါ၊ ထုံးစံ ပြောမြဲပြော၏။ တသ္မာ၊ ထို့ကြောင့်။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိဝစနမတ္တတော၊ ဤသို့ ဟောခါမျှဖြင့်။ အဘိ-နိဝေသော၊ ကေန်ပုဂ္ဂိုလ်ရှိဒါဘဲဟု တရားထဲ၌ နှလုံးသွင်းခြင်းကို။ သတ္ထာရာ၊ မြတ်စွာဘုရားသည်။ န ကာတဗ္ဗော၊ မပြုအပ်။ ဣတိ၊ ဤကဲ့သို့။ ဝေဒိတဗ္ဗော၊ ပုဂ္ဂလနဲ့မမ္မ, ၂-ဌာန ခွဲခြား၍ မှတ်သား ဝေဘန် သိအပ်ပြန်ရာ၏။

လောက၌၊ ခေါ်ဆို သမုတ်သည့်အတိုင်း၊ ပုဂ္ဂိုလ်ဘဲ, သတ္တဝါဘဲ,ယောကျ်ား ဘဲ,မိန်းမဘဲ လို့ ဘုရားဟောသော တရားစကားထဲ၌ ပြောဆိုရိုး ထုံးစံအတိုင်း ပါဝင်သွားသည်ကို တရားဘဲလို့မမှတ်နဲ့။တရားနာလျှင် တရားရစေ၊ ပုဂ္ဂိုလ်မပါ လေနဲ့။ ဘုရားလဲ-ယောကျ်ား, မိန်းမ, ရှိကြောင်းကို ဟောကဲ့ တရားထဲမှာ ပါတယ်။ ယောကျ်ားကို သိဒါ မိန်းမကိုသိဒါ တရားအမှန်ဟူ၍ မယူကြနဲ့ ယောဂီတို့။

(ပုဂ္ဂိုလ်သတ္တဝါ တကယ်ကေန် အမှန်ရှိတယ်လို့ တရားထဲ၌ နဲနဲမျှ ထည့်၍ နှလုံးမသွင်းကြနဲ့။ ယောကျ်ား, မိန်းမ, ရှိနေလျှင် သက္ကာယ ဒိဋ္ဌိမှတ်)။

## ပဥ္စမကြိုက် အဋ္ဌကထာ ဥပဒေ။

ဒုဝေ သစ္စာနိ အက္ခာသိ၊ သမ္ဗုဒ္ဓေါ ဝဒတံ ဝရော။
သမ္မုတိံ ပရမတ္ထဉ္စ၊ တတိယံ နုပလဗ္ဘတိ။

ဝဒတံ-ဝဒန္တော၊ အမှန်တရားကို ဟောဆိုဆုံးမတတ်သော။ ဝရော၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသော။ သမ္ဗုဒ္ဓေါ မြတ်စွာဘုရားကြီးသည်။ သမ္မုတိဉ္စ၊ အများလူတို့ ခေါ်ဆိုသည့် အတိုင်း အမည်နာမ ပညတ်ကိုရင်း။ ပရမတ္ထဉ္စ၊ အရိယာတို့သာ သိမြင်အပ်သော ပရမတ္ထ တရားကိုရင်း။ ဒုဝေ၊ ၂-ပါးကုန်သော။ သစ္စာနိ၊ အပြောသစ္စာနှင့် သဘောသစ္စာတို့ကို၊ အက္ခာသိ၊ ဟောကြားတော်မူ၏။ တတိယံ၊ သုံးခုမြောက်သော သစ္စာ ၄-ပါး တမျိုးကို။ ဧတ္ထ၊ ဤ ဥပဒေအရ၌။ နဉပလဗ္ဘတိ၊ မရအပ်။

**သမုတိသစ္စာ** ဆိုဒါက လောက၌ အများသုံးစွဲကြသော အလေ့ အကျင့် အမှတ်အသားကို ဆိုသည်။ **ပရမတ္ထသစ္စာ** ဆိုသည်မှာ ဘုရား စသော အရိယာ ပုဂ္ဂိုလ်မြတ်တို့သာ သိမြင်အပ်သော စိတ်,စေတသိက်, ရုပ်, နိဗ္ဗာန် ဖြစ်သော တရားတို့ကို ဆိုသည်။ ထိုမှတပါးဖြစ်သော သစ္စာ ၄ ပါးတို့ကို ဤဒေသနာထဲ၌ ထည့်၍ မယူနဲ့-မမှတ်နဲ့။ (သမုတိသစ္စာနဲ့ ပရမတ္ထသစ္စာ) ၂-မျိုး ကိုသာ သိမြင်ဘို့ဖြစ်သော သာဓက မှတ်လေ။

---

## ဒီလိုထောက်ခံချက်ကို နားလည်စမ်းပါ။

သင်္ကေတဝစနံသစ္စံ၊ လောကသမ္မုတိကာရဏံ။
ပရမတ္ထဝစနံသစ္စံ၊ ဓမ္မာနံ တထလက္ခဏံ။

လောက သမုတိ ကာရဏံ၊ ကမ္ဘာဦးကစ၍ ယခုတိုင် အများ လူအပေါင်း တို့၏ ခေါ်ဆို သမုတ် နှုတ်ပါးစပ်ထွက် အစဉ် ဆက်လက်ခြင်း၏ အကြောင်း ဖြစ်သော။ သင်္ကေတဝစနံ၊ သူ့ပြည်သူ့ ရွာ ဘာသာမရွေး ပြောဆို ရေးဖြင့် ရှေးပြေး ပေါရာဏ ဝေါဟာရမှ တဆင့်သဘော ရွေ့လျောလာခဲ့သော အထွေ ထွေ အမှတ်စကားသည်။ သစ္စံ၊ သူ့အယူ သူ့ဌာန သူတို့၏ ဘာသာ ဝါဒဖြင့် အမှန်ဖြစ်ကြ၏။ ဝါ၊ ဤခန္ဓာအကောင်ပုပ်၌ သမုတ်ခေါ်တွင် ဆံပင် မွေးညှင်း ကိုယ်တွင်း ကိုယ်ပ နာမမျိုးစုံ ကိုယ့်ဘာသာ အမှတ်စကားဖြင့် လောကခေါ် ပြတ်သားအောင် မှန်လှပေ၏။

ဓမ္မာနံ၊ ဘုရားရှင်နှင့် အရိယာတို့၏ အမြင်ဖြစ်သော တရားအပေါင်းတို့၏ တထလက္ခဏံ၊ ရုပ်,နာမ်မှ ဟုတ်မှန်လှသော လက္ခဏာရှိသော။ ပရမတ္ထဝစနံ၊ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ခေါ်သမျှ သဘာဝဖြစ်သော တရားစကားသည်။

ဝါ၊ ကမ္ဘာလောက ရှိသမျှ အချုပ် ဤခန္ဓာအကောင်ပုပ်နှင့် တကယ်စုပေါင်း လျှင် ၂-ခု ကောင်း နာမ်နဲ့ရုပ် လက္ခဏာ ၃-ဌာနမှာ ကေန္တသဘာဝ ခေတ် သရုပ် နိဂုံးချုပ် အစစ်ပါကလား-လို့ ပြောဟောကြသော စကားမြတ်သည်။ သစ္စာ၊ ထွက်ပေါက်လိုချင်သူတို့မှာ မဂ်ပေါက်ဖိုလ်ဝင် အမှန်ပင်ဖြစ်ရလေ၏။

ဒီပါဠိသာဓက အရ၊ အချို့ အယူမှားကြဒါကို ဆရာကိုယ်တိုင် တွေ့ရ၏။ တရား အသိဉာဏ်မှာ မိန်းမလဲရှိတယ်၊ ယောကျ်ားဆိုဒါလဲ ကေန်အမှန်တမျိုးဘဲ။ ရုပ်နာမ် ဆိုဒါလဲ အဟုတ်ကေန် ရှိဒါ အမှန်တမျိုးဘဲ။ ဒီလိုယူမှ ၂-ပါး ဉာဏ်မြင် ဒိဋ္ဌိစင်လို့ ထင်မှတ်၍ ယူကြ၏။ မှားတယ်မဟုတ်ဘူး။ တရားထဲမှာ နှမ်းစေ့ခန့်-အပ်ဖျားခန့်-မြူမှုန်ခန့်။ အထီး အမ လုံးဝ ရှာမရ။ အထီး, အမ ရှိနေသေးလျှင် အထီး,အမ ဘဝ-က ဘယ်တော့မှ မလွတ်-ပုဒ်ပြတ်မှတ်။

---

## တရားရလျှင် သာတူညီမျှ သာဓက။

သစ္စာ ဝေဿိကောဝါ ဟိ ဝိမုတ္တိံ ပဋိဝိဇ္ဈိတုံ ဘိက္ခုဝါ ဘိက္ခုနီဝါ ဥပါသကောဝါ ဥပါသိကာဝါ ဒေဝေါဝါ မာရောဝါ ဗြဟ္မာဝါ ပဋိဝိဒ္ဓလောကုတ္တရပဋ္ဋေ နာနတ္တံနာမ နတ္ထိ။

ဟိ၊ မည်သူမဆို တရားထူးရနိုင်ကြောင်းကို သာဓကပါဠိဖြင့် ထင်ရှားအောင် ပြလိုပေအံ့။ သတ္တ ဝဿိကဒါရကောဝါ၊ ၇-နှစ် အရွယ်ရှိသော ခလေးသူငယ် သည်၎င်း။ ဘိက္ခုဝါ၊ သင်္ကန်းဝတ် ရဟန်းယောကျ်ားသည်၎င်း။ ဘိက္ခုနီဝါ၊ သင်္ကန်းဝတ်မိန်းမသည်၎င်း။ ဥပါသကောဝါ၊ အဝတ်မျိုးစုံ ဝတ်သော လူ ယောကျ်ားသည်၎င်း။ ဥပါသိကာဝါ၊ အဝတ်မျိုးစုံဝတ်သော လူမိန်းမသည် ၎င်း။ ဒေဝေါဝါ၊ နတ်သည်၎င်း။ မာရောဝါ၊ နတ်တို့သနင်း မာရ်နတ် မင်းကြီးသည်၎င်း။ ဗြဟ္မာဝါ၊ ဗြဟ္မာမင်းကြီးသည်၎င်း။ ပဋိဝိဒ္ဓလောကုတ္တရ ပဋ္ဋေ၊ ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်း၍သိအပ်သော မဂ်ဉာဏ်ကို ရကြရာ၌။ နာနတ္တံ နာမ၊ ကယ်သူက အဆင့်အတန်းမြင့်တယ်လို့ ယူးခြားခြင်းမည်သည်။ နတ္ထိ၊ မရှိ။

**ရှင်းတမ်းအတိုချုပ်မှာ။** တရားရှာကြ-တရားအားထုတ်ကြ-တရားနာကြတယ် သိုဒါ ခလေးတွေ ပါကြစေ-ပါရမယ်။ ခလေးတွေပါ မဂ်ဉာဏ်-ဖိုလ်ဉာဏ်ကို ရနိုင်ကြတယ်မှတ်။ ဂူလိုဏ် စသည်ဖြင့် ကမ္မဋ္ဌာန်းထိုင်မှ အရိယာသောတာပန် ဖြစ်မယ်ယူကြရာ၌ ၇-နှစ်အရွယ် ခလေးတွေ၊ ၁၀-နှစ်အရွယ် ခလေးတွေ၊ ၁၅-နှစ်အရွယ် ခလေးတွေ မပါကြ-မပါရ၊ ဆရာလုပ်သူကဖြစ်စေ၊ လူကြီးများက ဖြစ်စေ၊ ဒီခလေးတွေဟာ ရုပ်ပါကယ်၊ အရာမရောက်ပါဘူး။ ဒိုလူကြီးများသာ တရားအားထုတ်ဘို့ အရွယ်ဘဲ၊ ဒီလို ယူကြ ပြောကြဒါကို ဆရာ ကိုယ်တွေ့

ဖြစ်တယ်။ ဒီလို အယူတွေ အများကြီး မှားတယ်မှတ်။ နတ်တွေ, ဗြဟ္မာတွေ ကမ္ဘာ့ဋ္ဌာန်းထိုင်ဘို့တော့ ခဲယဉ်းပါတယ်။ ဒါ့ကြောင့် တရားအစစ်အမှန်ကို ဟော ကြစမ်းပါ။ တရားနာသူတွေ ခလေးမှအစ နတ်, ဗြဟ္မာအထိ တရားရနိုင်တယ်။ သာဓုခေါ်နိုင်ကြတယ်။ ပြိတ္တာ, တစ္ဆေ, သူရဲတွေပါ အကျွတ်တရားကို ရနိုင် တယ်လို့(ပါဠိသာဓကကို အားကိုးကြလေ။) ဘုရားလက်ထက်ကသာ ဒီပါဠိနဲ့ ညီတယ်။ ယခု မညီဘူး မယူနဲ့။ ဒီလိုယူသော် ဒီပါဠိသာဓကတွေကို ဘာပြုလို့ သင်္ဂါယနာ တင်ထားရသလဲ။ ဘာပြုလို့ ကျက်မှတ်လေ့လာကြရသလဲ။ စဉ်းစား- တိုင်ပင်-ဝေဘန်။

---

## တရားဟောတိုင်း အမြဲရှုတ်ပါ။

ကတမော စ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ အယံ ဝိပဿနာ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ။

ဘိက္ခဝေ၊ အစစ် ပါးနပ်တဲ့ လူရော-ရှင်ရော ချစ်သား မြတ်တို့။ အသင်္ခတ ဂါမိမဂ္ဂေါ၊ အသင်္ခတဓာတ် ခေါ်သော နိဗ္ဗာန်ရကြောင်း တရားသည်။ ကတ မော၊ အဘယ်တရားပါလဲ။ (ဘုရားက မေးတော်မူတယ်။)

ဘိက္ခဝေ၊ အစစ်ပါးနပ်တဲ့ လူရော-ရှင်ရော ချစ်သားမြတ်တို့။ အသင်္ခတ- ဂါမိမဂ္ဂေါ၊ အသင်္ခတဓာတ် ခေါ်သော နိဗ္ဗာန် ရကြောင်း တရားသည်။ အယံဝိပဿနာ၊ ဤဝိပဿနာတရားဟူ၍။ ဝုစ္စတိ၊ ငါဘုရား ဟောတော်မူ၏။ (ဘုရားကဘဲပြန်၍ ဖြေတော်မူတယ်။)

တရားဟောပုဂ္ဂိုလ် ဖြစ်လိုပါက မိမိသည် အရိယာသောတာပန် မဖြစ်စေပါမူ၊ ဘုရားအလိုတော်ကျ စည်းကမ်းရှိရှိ ဟောပြဆုံးမလျှင် သောတာပန် ဖြစ်နိုင်သည်မှတ်။

---

## အင်္ဂုတ္တိုရ် ဥပဒေက ဆုံးဖြတ်ပုံ။

ဒုဝိဓောဓမ္မော နိပ္ပရိယာယဓမ္မော ပရိယာယဓမ္မော။

နိပ္ပရိယာယဓမ္မော၊ တဲ့တဲ့ဘွင်းဘွင်း ဟောပြသောတရား။ ပရိယာယဓမ္မော၊ နားခံသာအောင် မိမိအလိုသို့ပါအောင် ဆွဲဆောင်သွယ်ဝိုက်၍ ဟောပြသော တရား။ ဣတိ၊ ဤသို့။ ဒုဝိဓော၊ ၂-မျိုးရှိ၏။ ။တရားနာဟူလိုသော ပုဂ္ဂိုလ်၏ အလိုကို လိုက်သည်ဖြစ်စေ၊ မလိုက်သည်ဖြစ်စေ၊ ခန္ဓာကိုယ်၌ တရားရစေလိုသော ဆန္ဒဖြင့် ဟုတ်ရာ မှန်ရာတွေကို ပါဠိစကား, စာ-စကားမပါဘဲ လူပြိန်းပြော, ပြောသလို တဲ့တဲ့ဘွင်းဘွင်း ဟောပြသည်တချက်။ တနည်း၊ ကျမ်းဂန်ဥပဒေသာရှိ အဘိဓမ္မာနည်း သဘာဝကျကျ ဘယ်သူ့ကိုမှမငဲ့ဘဲ ဟောပြခြင်းကို နိပ္ပရိယာယ ဓမ္မမှတ်။

အဘိဓမ္မာနည်း သဘာဝကျကျ ဟောလျှင် အယူသည်းမှာ စိုးသဖြင့်ရင်း၊တရား တန်ခိုးငယ်မှာ စိုးရိမ်သဖြင့်ရင်း၊ဘုရားရှင်၏တန်ခိုး-တရားတန်ခိုး-တန်ဘိုး မဆုံး ဖြတ်နိုင်အောင် ထိုက်တန်ခြင်းသိစေဘို့ တရားတော်၏ဂုဏ်ထူး အထွေထွေကို ဟောပြခြင်းတို့ကို ပရိယာယ ဓမ္မမှတ်။

## ပညတ်ကို လွတ်ပြောက်၍ သဘာဝတည်မှ တရားမှတ်။

သစ္စံ ဂဏှတိ ပုဗ္ဗဘာဂေ ဘာဝနာယပန ဝဍ္ဎမာနာယ ပညတ္တိံ
သမတိက္ကမိတွာ သဘာဝေယေဝ သံတိဋ္ဌတိ။

ပန၊ ယောဂီတို့အဘို့ အထူးသတိပေးလိုသည်ကား။ ပုဗ္ဗဘာဂေ၊ မဂ်ဉာဏ်ကို မရမီ ရှေ့အဘို့၌။ သစ္စံ၊ ယထာဘူတဉာဏ် အမှန်တရားကို။ဂဏှတိ၊ ယူအပ်၏။ ဘာဝနာယ၊ ဝိပဿနာ ဘာဝနာဖြင့်။ ဝဍ္ဎမာနာယ၊တွေးကြံ စဉ်းစားဉာဏ်ဖြင့် လေ့လာ ပွားများသော ယောဂီအား။ ပညတ္တိံ၊ လောက၌ ခေါ်ဆို သုံးတတ် တကယ် မရှိသော ပညတ် စကားတွေကို။ သမတိက္ကမိတွာ၊ လွန်မြောက်၍။ သဘာဝေ ယေဝ၊ ပရမတ္ထ သဘာဝ၌ သာလျှင်။ သံတိဋ္ဌတိ၊ ကောင်းစွာ သမာဓိရ၍။ တည်ရလေ၏။
(သဘာဝမဆိုက်သမျှ မဂ်ဉာဏ်ပရ။)

---

ဆရာနဲ့ဟာပည့် ၂-ယောက်မှ သမ္မာဒိဋ္ဌိဉာဏ်ကိုရနိုင်တယ်။
ဆရာနဲ့တာပည့် ၂ ယောက်မှ မိစ္ဆာဒိဋ္ဌိလဲ ဖြစ်နိုင်တယ်။

ပရတော ဃောသော စ ယောနိသော မနသိ ကာရောစ ဒွေ ပစ္စယာ
သမ္မာဒိဋ္ဌိယာ ဟောတိ၊ မိစ္ဆာဒိဋ္ဌိယာစ ဟောတိ။

ပရတော ဃောသော စ၊ သူတပါးအား တရား ဟောပြသော ဆရာမြတ် သည်ရင်း။ ယောနိသောမနသိကာရော စ၊ ကောင်းစွာ ဆင်ခြင် နှလုံးသွင်း၍ နာယူသော တပည့်လိမ္မာသည်ရင်း။ ဒွေ ပစ္စယာ ၂-ပါးသော အကြောင်း ကြောင့်။ သမ္မာဒိဋ္ဌိယာ၊ သမ္မာဒိဋ္ဌိဉာဏ်ကို ရနိုင်သည်။ ဟောတိ၊ ဖြစ်၏။ မိစ္ဆာဒိဋ္ဌိယာ စ၊ မှားသော အယူသည်လည်း။ ဟောတိ၊ ဖြစ်နိုင်၏။

ရှင်းပြီ။ ။တရားဟောဆရာနဲ့ တရားနာတပည့် ၂-ယောက် ဟောမှ နာမှ သမ္မာဒိဋ္ဌိဉာဏ်ကို ရ၏။ ဆရာမရှိဘဲ ဆရာက မဟောပြဘဲနဲ့ တပည့်က တရားရတယ်၊ တွေးနိုင် ဆင်ခြင်နိုင်တယ် ဟူ၍ မမှတ်လင့်။ ဆရာဟောဆဲ ဟောပြီး အဆုံး၌ တရား ရနိုင်၏။ နောင် စဉ်းစားဝေဘန်ရင်းလဲ တရားရနိုင်၏။

## တယောက်ထည်းကို ရှင်းပြီ

**သမထ**တရားကို အားထုတ်သူလဲ တယောက်ထဲ၊ ဝိပဿနာ ပညာစခမ်းကို တွေးကြံဝေဘန်သူလဲ တယောက်ထဲ။ ဘယ်လို ထူးသလဲ။ သမထတရားဆိုဒါ ဆရာက နည်းပေးတဲ့အတိုင်းသာ အလုပ်လုပ်ရတယ်မှတ်။ ဟပည့်က ဘာကိုမှ တွေးဘို့၊ ကြံဘို့၊ ဝေဘန်နေဘို့ မလို။ သမထဆိုဒါ စိတ်မျှားနေဒါကို နဲလာအောင်။ တနည်း၊ မကောင်းတဲ့ အာရုံတွေသို့ သွားရောက် ကျက်စားနေဒါကို ကောင်းသော တခုသောတရား စိတ်ရောက်လာအောင်၊ စိတ်တည်လာအောင်၊ စိတ်တုန်လှုပ်မှု တွေဟာ စိတ်ငြိမ်သက် လာအောင်၊ ဒဿိဇ္ဈာ ဗျာပါဒတရား တွေ မဖြစ်ပါဘဲ ဘုရားဂုဏ်ကိုဖြစ်စေ၊ တရားဂုဏ်ကိုဖြစ်စေ၊ သံဃာတို့၏ဂုဏ်ကို ဖြစ်စေ၊ မိမိ၏ ကိုယ်ခန္ဓာထဲက အစိတ်အပိုင်း ကဒုဂ္ဂ ကောဋ္ဌာသ ကစုကိုပင် ဖြစ်စေ။တနည်း၊ အာနာပါနခေါ် ထွက်လေ ဝင်လေကိုရှူရှိုက်၍ပင် ဖြစ်စေ၊ စရိုက်အားလျော်စွာ အားထုတ်နေခြင်းကို သမထတရားဟု မှတ်လိုက်။

## ဝိပဿနာကို တယောက်ထည်းအားထုတ်ပုံ

ခန္ဓာ ကိုယ်၌ ငါထင်မှတ်ခြင်း၊ ပုဂ္ဂိုလ် သတ္တဝါ ထင်မှတ်ခြင်း၊ လူ ရှင် ထင်မှတ်ခြင်း၊ ယောကျ်ားမိန်းမ ထင်မှတ်ခြင်း၊ ဒီအထင် အမှတ် ပျောက်စေဘို့ရာ တကိုးလုံးကို ရုပ်ဟု မမြဲသဘောဟု ပျက်နေတယ်ဆိုဒါ မြင်မှု ပျက်စုကြီး ဟူ၍ သိမှု၊ ဘေးဒုက္ခ အစုအခဲကြီးဘဲလို့ သဘောပေါက်ရောက်မှ (**ဘေးအစုနဲ့ အပျက်စုသည်ပင်**) ငါပိုင် ငါဆိုင် မဟုတ်ကြောင်း ထင်ထင်ရှားရှား သဘော ကျခြင်း စသည်ဖြင့် တွေးခြင်း စဉ်းစားခြင်း ဝေဘန်ခြင်း၊ အပြန် အလှန် တွက်ခြင်း၊ **ပုဂ္ဂလဿန** အခဲအဝှံးကို ခွဲစိတ်ချေမှုန့်၍ အနုမြူ ပရမာအနုမြူ အထိ၊ ဘာမှုကမျှ မရှိဒါအထိ ဟာလာဟင်းလင်း ခန္ဓာ ဝတ်သား တို့၏ ကွင်းပြင်ကြီး အခြေအနေသို့ ဆိုက်ရောက်အောင် ထပ်ခါ ထပ်ခါ နှလုံးသွင်း ခြင်းကို ဝိပဿနာတရား အားထုတ်နေတယ်လို့ ပုဒ်ပြတ်မှတ်။

သမထကား-စိတ်၏ ငြိမ်သက်မှုကို ကျေနပ်ခြင်း။
ဝိပဿနာကား-အသိဉာဏ်ရဘို့ကို ကျေနပ်ခြင်း။

**သမထတရားကား**၊ လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံတို့၌ အကျိုးဆက် ဒုက္ခကြီး တို့၏ အကြောင်းခံ သဘောတည်း။ **ဝိပဿနာ တရားကား** အပါယ်လေးဘုံ၊ လူဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ တို့၌ အကျိုးဆက် ဒုက္ခကြီးတို့၏ အကြောင်းခံ သဘောကို ပယ်သတ်မှုတည်း။

**သမထတရား သက်သက်ကား၊** အတ္တဒိဋ္ဌိ လွတ်ကင်းစရာ လမ်းကြောင်းနှင့် လုံး၀မသက်ဆိုင်။

**၀ိပဿနာတရားကား၊** အတ္တဒိဋ္ဌိ လွတ်ကင်းစရာ လမ်းကြောင်း အစစ်ဟူ၍ သိကြရာ၏။ ဤကား သမထနှ့် ၀ိပဿနာကို အမြွက်မျှခွဲပုံ။

ဆရာပညာရှိထံက နည်းကောင်းဖြင့် အားထုတ်ပွါးများသော သမထမျိုးသည် အရိယာဖြစ်ဘို့, နိဗ္ဗာန်ရဘို့, အခြေခံ အစစ်မှတ်။

ဆရာပညာရှိထံက နည်းကောင်းဖြင့် အားထုတ်ပွါးများသော ၀ိပဿနာမျိုးသည် အရိယာဖြစ်ဘို့, နိဗ္ဗာန်ရဘို့ အခြေခံ အစစ်မှတ်။ **ခွဲ ထုတ် မယ်၊** သမထမှ ၀ိပဿနာသို့ တဘင့်ကူးပြောင်း၍ ဆရာကောင်းမှ ဟောပြနိုင်သည် မှတ်။ ၀ိပဿနာတရားကား၊ **သီလ–သမာဓိ–ပညာ** တကိစ္စထဲ ပါ၀င်သည် မှတ်လေ။

> ဆရာမကောင်းသော သမထ အားထုတ်သူတို့ကား၊ နှပ်ထွက်၍ မောတက်၏၊ မေ့တတ်၏၊ ရူးတတ်၏။ ဆရာမကောင်းသော ၀ိပဿနာ အားထုတ်သူတို့ကား။•

သီလ သမာဓိကို အလေးမပြုခြင်းကြောင့် အရေးမစိုက်၊ အလကားထင်လို့ အတိမာ၀ ပမ္မတ္တရာယ် ဖြစ်တတ်၏။

---

တရားဟောကိန်း ၃-ဌာန။

၁။ **ဒါန၊** နိဗ္ဗာန်ရဘို့ ပေးလှူရမယ်။
၂။ **သီလ၊** အရိယာတို့၏ အလေ့အကျင့် ရှိရမယ်။
၃။ **ဘာ၀နာ၊** ခန္ဓာ၏ အကြောင်းအကျိုးကို လေ့လာရမယ်။

နိဗ္ဗာန်ရဘို့ဆိုဒါ ရွှေပြာသည်းတခုခုကို ရလာဒါမျိုး မထင်နဲ့။ နိဗ္ဗာန်ရောက်ဘို့ဆိုဒါလဲ ရောက်ရာဌာနတခု ကောန်ရှိတယ်လို့ မမှတ်နဲ့။ **ဒါဖြင့်** နိဗ္ဗာန်ဆိုဒါ **ဘာလဲ** တကျပရှိဒါကို နိဗ္ဗာန်၊ ဘာသာပြန်မှာ ဒိ၀န္တာကို မလို ချင်ဒါ ကျွခပ်သိမ်း ကင်းငြိမ်းသောတရားကို ရဒါကိုပင် နိဗ္ဗာန်မှတ်။ (သဘော တရား ၊)

**ကျေနပ်အောင် ရေးမယ်။** ကာမချမ်းသာ, ဓမ္မချမ်းသာ ၂-မျိုး ရှိတယ်။ ချမ်းသာဒါချင်း အတူတူမှာ ကာမချမ်းသာပုံမှာ ဣဋ္ဌ,ပုရိသအပေါ်၌ စွဲချက်နာ၍ ချမ်းသာကြ၏။ ဓမ္မချမ်းသာကား အနတ္တသဘာ၀ပေါ်၌ စွဲချက်နာ၍ ချမ်းသာသည်ဟူလို။ ။နိဗ္ဗာန်စည်းစိမ်ကိုခံစားရာ၌ ဉာဏ်ဟူ၍သိ။ မဂ်ဉာဏ်-ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကိုလှမ်း၍ အာရုံပြုနိုင်တယ်လို့ ကျမ်းဂန် ဥပဒေအရ

ဆုံးဖြတ်ထား၏။ အသုံးစကားဖြင့်သာ သုံးနှုန်းရာ၏။ စင်စစ်သော်ကား၊ ချမ်းသာမှန်ပါက ခံစားရတယ်၊ အေးချမ်း သာယာ ရှိတယ်၊ သန္တိသုခဘဲလို့ သုံးကြရာဝယ်၊ (စိတ်, နာမ်, ဉာဏ်တို့မှ လွတ်ကင်း၍ ချမ်းသာရာကို အရှင်းမသိနိုင်။) **နိဗ္ဗာန်မှာ ရုပ်နဲ့နာမ် ရှိတယ်မဆို။** နိဗ္ဗာန်ဟာ သဘာဝမှတ်။ အဲဒီ သဘာဝမှာ နာမ်လဲမရှိ-ရုပ်လဲမရှိဘူး။ အသိအတွေး ခက်သေးပါက အနုတ္တဉာဏ်ကို ရအောင် ကြိုးစားကြပါ။ အနုတ္တဉာဏ်ကို ပိုင်နိုင်လျှင် နိဗ္ဗာန်လို့ခေါ်ဆိုကြသော အခြေကို ကျကျ,နန, ဘွင်းဘွင်းကြီး မြင်တွေ့ကြရမည်။ (ဤကား စကားချုပ်။)

---

## ဝိဝဋ္ဋဒါနခဏ်း။

ဒီ အသေကောင် ခန္ဓာတုံးကြီး နောင်တဖန် မဖြစ်စေဘို့ကိုသာ ရည်ရွယ်၍ လှူစမ်းပါ။ (အတိုချုပ် ရေးလိုက်သည်။) မဖြစ်ဘို့ဆိုသည်မှာ **ဖြစ်** ဆိုသော ဒုက္ခသစ္စာကို ကွက်ကွက်ကွင်းကွင်း မြင်မှသာ ,ဒီအသေကောင်ကို ပလိုချင်စိတ်ပေါ်ပြည်မှတ်။ သို့မဟုတ်က ထပ်ခါ ဆုတောင်းကြမယ်မှတ်။ အန္ဓဗာလတို့ပေးလှူသောနည်းကို မလိုက်နဲ့၊ အရိယာပုဂ္ဂိုလ်တို့ လှူနည်းကို ပေးကြ-လှူကြပါ။ တောင်းတိုင်းပေးပေမဲ့ နိဗ္ဗာန် မရဘူး။ (ပိုက်ဆံကုန်သော်-စားဘို့နဲ့, တရားရဘို့မှာသာ ကုန်ပါ။)

**ပဏ္ဍိတသေဝန** မဟုတ်ပါဘဲ ပေးလှူကြခြင်းသည် အများလှူတိုင်း,အများက ချီးမွမ်းတိုင်း လှူကြသော ဒါနမျိုးဖြစ်၏။ ထိုထို သံသာရဝဋ္ဋဒုက္ခကို မမြင်ပါဘဲ ပေးလှူကြသော အကျိုးကား နိဗ္ဗာန်ရမှု တဏှာ ချုပ်ငြိမ်းမှုနဲ့ ပသက်ဆိုင်။ လူ နတ်တန်ဲတန် ကာမစည်းစိမ်တို့ကို ခံစံဘို့ ပေးလှူပါက တဏှာတိုး၍ ပွါးများသဖြင့် သံသရာ၌ ကျင်လည်ကြရမည်။ (အပါယ်ကျမှု-မလွတ်သေး။)

နိဗ္ဗာန်ကိုမြန်မြန်ကြီးရပါလို၏၊ မရခင်စပ်ကြားဘဝတိုင်း,ဘဝတိုင်း အသက်ရှေခြင်း, အဆင်းလှခြင်း စသော လိုချင်စရာ,မက်စရာမျိုးစုံတို့ကို သုပေးခြင်းကို နားဝင်၍ သဘောကျ နှစ်သက်သော အလှူရှင်တို့ကား၊ နိဗ္ဗာန်ကိုသော အမြတ်ဓမ္မကို ကာပဂုဏ် အယုတ်ဓမ္မနဲ့ ဖလယ်လိုက်တယ် လဲလိုက်တယ်လို့ နားလည်ခဲလှချည့်ရဲ။ နိဗ္ဗာန်ကို တဖြေးဖြေးတော့ ပျောက်မှာဘဲလို့ ရှေးရှေးက ပုထုဇန်လူကြီးတွေ ယုံကြည်သလို ယခုခေတ်၌ လူပါး, လူနပ်, ယောကျ်ားနပ်, မိန်းမနပ်, ရှင်ပါး, ရှင်နပ်, ရဟန်းပါး, ရဟန်းနပ်, ရဟန်းမြတ်တွေက ပယုံ-ပယုံ၊ ဘယ်တော့ကမှ မယုံ။

လောက၌ ပိုက်ဆံရဘို့ကို တိုင်ပင်ကြတယ်၊ အမျိုးမျိုးစဉ်းစားဝေဘန်ကြတယ်။ ဥပမာစက်သူဌေးတယောက် စက်ကြီးတည်မယ်၊သင်္ဘောသူကြီးတယောက် သင်္ဘောဝယ်မယ် ဆိုသော အကြံကြံစည်လျှင် အကုန်အကျစာရင်းအမျိုးမျိုး

လုပ်ကြရတယ်။ ရင်းသလောက် အမြတ်ရ-မရ ချိန်ဆကြရ၏။ အင်မတန်မှ အကုသိုလ်ကံ နှိပ်စက်လို့သာ အရှုံးဖြစ်ရမယ်၊ မူလကမြတ်ရမယ်-အကျိုးခံစားရမယ်လို့ ထင်လုံးနဲ့လုပ်ကြ၏။ မည်သည့်ရောင်းဝယ်ရေးမဆို ဤကဲ့သို့ အလုပ် မလုပ်မီက ဉာဏ်ရှိသလောက် ကြံစည်လုံးထုတ်ကြတယ်။

## ဒိဓန္ဓာ မေးသေစာရင်းဖျက်ဘို့။

မိမိပိုင် ပစ္စည်းဝတ္ထုတို့ကို တကျပ်ကစ ရာ, ထောင်, သောင်း, သိန်း, သန်း စသည်ဖြင့် နိဗ္ဗာန်ရပါလို၏လို့ စွန့်လှူပေးကမ်းကြရာ၌ ကြိုတင်၍ တွေးကြ-တိုင်ပင်ကြ-စဉ်းစားကြ မကုန်စေနဲ့, မရှုံးစေနဲ့ မမြတ်ပေမဲ့ မရှုံးစေနဲ့ တဏှာချုပ်ငြိမ်းဘို့ကိုသာ ရည်ရွယ်၍ လှူစမ်းပါ။ ဒီအလှူမရှုံးပါဘူး စိတ်ချ။ အလှူခံပုဂ္ဂိုလ်က ဘယ်လိုပင် မြှောက်ပင့်၍ဆုမျိုးစုံပေးပေး အလှူခံပုဂ္ဂိုလ်ပေးတိုင်းလဲ မရပါဘူး။ဘာပြုလို့ သူ့ကိုယ်တောင် သူရဘို့ခက်ပါတယ်။ ဒါ့ကြောင့် စက်သူဌေး ဥပမာ သဘော်သူကြီး ဥပမာကဲ့သို့ အရှုံးအမြတ်ကို ထပ်ခါ သုံးသပ်ဆင်ခြင်ကြလေ။ခက်ခဲစုဆောင်းရှာဖွေရသော ရွှေ, ငွေ, ပစ္စည်းတို့ကိုလွယ်လွယ်နဲ့ မကုန်စေရန် - အလွဲသုံးစားမဖြစ်စေရန် ဆရာကြီးမသေခင် သတိပေးခဲ့သည်။ ပညာရှိပုဂ္ဂိုလ်များကို စုံစမ်းပြီး ပေးလှူကြ အရမ်းမလုပ်နဲ့ ရဘို့လုပ်ရင်ရပါစေ။ (လုပ်တတ်ရင်-အခု ရပါတယ်။)

---

## ဆဒ္ဒါန်ဆင်မင်းဇာတ်။

သောဏုတ္တရခေါ် လုဒ္ဒကမုဆိုးကို ဗုဒ္ဓလောင်းလျာက ဒီလိုပြောပြီးလှူတယ်။ **စာဖြေးဖြေးဘတ်**၊ ဟဲ့-လုဒ္ဒက လောင်းဗုဒ္ဓဘုရာ့အန္စယ် ငါ့အစွယ် ၂-ချောင်းကို မစုံမက်လို့ မန္စမျောလို့ ပိုနေလို့ ထားစရာမရှိလို့ လှူဒါမဟုတ်။ နားထောင်-သူများဉာဏ်မျိုး, အန္ဓနည်းမျိုး, သူများလုပ်တိုင်း လိုက်၍အတုခိုး၍ လုပ်တယ်မမှတ်နဲ့။ ငါ့အစွယ် ၂-ချောင်းကို တန်ဘိုးလုံးဝမရှိလို့ သင့်အားလှူလိုက်တယ်လို့များ ယူသလား။ယူ-မှားမယ်မှတ်။ သင့်မှာ ငါမြတ်နိုးသော အရှင်ရဟန်းဇာတ်ရုံ၍ သဏ္ဍာန်းအမြတ်ဂုဏ်ပါတယ်။ အဲဒီဂုဏ်မြတ်ကို ဟန်ဆောင်လုပ်လို့အသင်အသက်ဘေးကို ချမ်းသာရတယ်မှတ်။ **အဝတ်ဂုဏ်မြတ်နဲ့** အကျင့်ယုတ်လှ၊ ဟဲ့-လုဒ္ဒက၊ ကိုယ်ချင်းစာတရားအမြဲမထားပေမဲ့၊ ယခုအခိုက်ဂရုစိုက်၍ သတိပြုလိုက်စမ်း။ သင့်ပါးစပ်တွင်းက သွားတချောင်းကိုနှုတ်ပြီး ငါ့ကိုပေးနိုင်ပမလား၊ ငါ့အစွယ် ၂-ချောင်းဟာ ရန်သူအပေါင်းကို ကာကွယ်နိုင်တယ်၊ ဒီအစွယ် ၂-ချောင်းနဲ့ဘဲ အသက်မွေးရတယ်၊ နင့်ပါးစပ်ထဲက သွားတွေဟာ ဘယ်မျှအသုံးကျတယ်ဆိုဒါ ယခုတွေးပါ။ အသက်တမျှ အဘိုးတန်လှသော အစွယ် ၂-ချောင်းကို ဘုရားဉာဏ်ကိုရစေဘို့မြှော်လင့်တယ်။ဘုရားဉာဏ်နဲ့အစွယ်

နဲ့လဲတယ်မှတ်လိုက်။ ငါ့မှာ အစွယ်တွေပေါ်တယ် ထင်သလား၊ ရက်ရက်စက်စက် သွေးသံထွက်အောင် လွှစက်နဲ့ စွယ်ရင်းက ဖြတ်၍ပေးတော့မယ်။ ဖြတ်လဲပြီး ငါ့အသက်လဲသေမှာဘဲ၊ မသေခင် အလှူအစွယ်ကံကြောင့် တဆူတကယ်မှန်သော ဘုရားဉာဏ် ငါအမှန်ရစေသား။ ။ကိုင်းဖြတ်တော့·ရော့, ယူ, ထင်သလိုသုံးပေတော့၊ အလကားမလှူဘဲ ဘုရားဉာဏ်နဲ့ အစွယ်နဲ့လဲတယ်။ (အိပေးရင်ဆန်ရမှ-မရ သူမိုက်။)

နိဗ္ဗာန်ရဘို့ ဒါနလုပ်လှူင် လူသေကောင်ကိုပလိုချင်နဲ့၊ တဏှာချုပ်ငြိမ်းဘို့ အလှူပေးလှူင် သွေးဗိုက်ကိုကြောက်ပါ။ ဒုက္ခမရှိဘို့ သုခရှာသော် မသာတွေမတွေ့ဘို့ သတိပြု။ နိဗ္ဗာန်လိုချင်လို့ လှူသော် နိဗ္ဗာန်ရောက် တရားပြဆရာကိုလှူ။ နိဗ္ဗာန်လမ်းပြ ဆရာအစစ်ကို မတွေ့သော် လူသေကောင် ဆုတွေကို မတောင်းနဲ့။ ဒီခန္ဓာဆိုးဘဝမှ လွတ်စေရန် စေတနာ ကကယ်ထား၍ ပုဂ္ဂိုလ်မရွေးလှူပါ။ ဝိပဿနာဉာဏ်ကိုရပြီးမှ လှူသော် သူများအညာ မခံရတော့ဘူး။ ဝိပဿနာဉာဏ်နဲ့လှူ ဝိဝဋ္ဋ ဒါနမှတ်လို့ ဟောကြပါ။ စားဘို့လဲထားအုံး။ (ဤကား ဝိဝဋ္ဋဒါန ခဏ်း အမြွက်မျှတည်း။)

---

## ဝိဝဋ္ဋသီလခဏ်း။

လူပြိန်းသိဘို့ရေးမယ် **သီလ**ပါဠိစကား နားလည်ဘို့ မြန်မာပြန်မှာ အလေ့အကျင့်ကို ဆိုသည်။ တရားအမှန်ကို သိမြင်ကြသော ပုထုဇန် သူတော်ကောင်း နှင့် အရိယာတို့ကဲ့သို့ အလေ့အကျင့်ရှိရမည်။ မသတ်ရ, မခိုးရ, **သူ့ပိုင်မယား— သူ့ပိုင်လင်ကို** မဆက်ဆံမပေါင်းသင်းရ, မလိမ်ရ, မူးမေ့တတ်သော အရက်စသည် တို့ကို မသောက်စားရ။ အဲဒါ ငါးပါးသီလမှတ်။ ထို ငါးပါးသီလကို အရိယာ အစဲ ဖြစ်ချင်ပါက စောင့်ရှောက် ထိန်းသိမ်းရမယ်လို့ ဟောပါ။ (အရိယာနဲ့ နိဗ္ဗာန် အတူတူမှတ်။) တနည်း၊ ဥပုသ်ခေါ် ၈-ပါးသီလကိုလဲ စောင့်ရမယ်။ တလ ၄ ကြိမ်, ၈-ကြိမ် နေ့စဉ် အချိန်အပိုင်းအခြားမရှိ။ရက်, လ, မပိုင်းမခြား ဘဲလဲ စောင့်နိုင်တယ်မှတ်။ တလ ၄·ကြိမ် ထုံးစံကား၊ ရှေးအစဉ်အလာ အမှတ် အသား ဖြစ်သည်။ ယနေ့နံနက် အရုဏ်တက်သည်က စ-နက်ဖြန်နံနက် အရုဏ် တက်ချိန်အထိ တရက်တိတိ, စောင့်သုံးခြင်းမှာလဲ ဝိကာလဘောဇနာ သိက္ခာ ပုဒ်အတွက် စောင့်စေလိုလို့ သတ်မှတ်ခြင်း ဖြစ်သည်။ လိုရင်းမှာ၊ (ဒီလိုလဲ-စောင့်ကောင်းပါတယ်။)

ခဏေန သီလံ ရက္ခေယျ။

ခဏေန၊ တခဏ တအောင့် တနာရီ တမိနစ်ကြာခန့်ဖြင့်။ သီလံ၊ သီလ အလေ့အကျင့်ကို။ ရက္ခေယျ၊ စောင့်ရှောက်ကြရာ၏။ ။သဘောကား၊ ငါးပါး, ရှစ်ပါး, ဆယ်ပါး, ၇၅-ပါး, ၂၂၇-ပါး သီလတို့ကို စောင့်ထိန်းနိုင်သမျှ စောင့်ကြရမယ်။ မိမိ၏အကျိုးများကို ဂရုစိုက်ကြလို့ ဟော။ တသက်လုံး ၂၂၇-ပါး စောင့်ထိန်းနိုင်ပါက အတိုင်းထက် လွန်စွာ သင့်လျော်သည်မှတ်။ သို့မဟုတ်က လူပြိန်းတို့အပေါ်၌ ဂုဏ်ပြ ရုပ်လုံးပြ ကောင်းရုံမျှ ဟန်ဆောင်ပြီ သိက္ခာပုဒ်ကို မရိုသေ မထိန်းမစောင့်ဘဲနေလျှင် ကြီးလေးသောအပြစ် မှတ်ကြ။

ဘယ်သီလကိုဘဲစောင့်စောင့်၊ အသက်ရှေရမယ်၊ အဆင်းလှရမယ်၊ ချမ်းသာ စီးပွါး တိုးတက်ရမယ်ဆိုသော သီလ၏ အကျိုးကျေးဇူး ဂုဏ်ထူးတို့ကို ခံ-စံရ ကြောင်း ဟောပြရမယ်။ တရားနာသူက သီလ၏ဂုဏ်ကျေးဇူး ရှိသလောက် မကျိုးမပေါက် စောင့်ရှောက်ကြရမယ်။ **ကောင်းသော အလေ့ မှန်လျှင် မကောင်းကျိုး မပေးဘူး** သတိထားရမည်မှာ၊ ငါသီလစောင့်တဲ့ အကျိုးဟာ နိဗ္ဗာန်မရခင်စပ်ကြား၌ အသက်ရှေမှာဘဲ, အဆင်းလှမှာဘဲစသော တဏှာများဘို့ ဘက်သို့ အာရုံမရောက်စေနဲ့။ အရိယာသောတာပန်ဖြစ်ဘို့ကိုသာ ရည်ရွယ်ကြ ရမယ်။ လိုရင်းမှာ ဝိပဿနာဉာဏ်ကိုရပြီးမှ သီလစောင့်လျှင် အရိယာသောတာ ပန် အမြန်ဖြစ်မည်မှတ်လို့ ဟောပါ။ (ဒါနလုပ်သော်-ပိုက်ဆံ မချမ်းသာမှာ မပူပါနဲ့) **နိဗ္ဗာန်** ဆိုသော စကားမြတ်၌ ကိုယ်,စိတ် ၂-ဖြာ ချမ်းသာစရာတွေ မရေတွက်နိုင်အောင် ပါဝင်တယ်လို့ ဟောစမ်းပါ။

အချို့ကထင်ကြတယ်။ ကွယ်ရာမှာ ပြောကြတယ်။ ဝိပဿနာ ဓမ္မကထိက များဟာ ဒါနသီလကိုပယ်တယ်။ သူတို့ဟောတဲ့တရားကို မနာကြနဲ့။ သူတို့ ရေးတဲ့ကျမ်းဂန်ကို မကြည့်ကြနဲ့၊ ပိတ်ပင်တားဆီးကြ၏။ ပိဋကတ်ကျမ်းစာကို အကျအန မသင်ဘူးဘဲ၊ ဝိပဿနာ သညာသိဓမ္မကထိကတို့ကတော့ ဒါနသီလ ကို ပယ်ချင်လဲပယ်၍ ဟောမယ်။ ပရိယတ်, ပဋိပတ် စွယ်စုံ **ဝိပဿနာ မဟာ ဓမ္မကထိက** အစစ်မှန်လျှင် နိဗ္ဗာန် ရထိုက်, မရထိုက်၊ ဒီပုဂ္ဂိုလ်လှူရင် အကျိုး ယုတ်, ဒီပုဂ္ဂိုလ်လှူရင် အကျိုးမြတ်၊ အဲဒီလို ခွဲခြမ်းဝေဘန်၍ ရှင်းရှင်းလင်းလင်း ဟောတယ်, ရေးတယ် မှတ်ပါ။ **ဒါန-သီလ** မပယ်ဘဲနဲ့ ပယ်တယ်လို့ ပိတ်ပင် ပါက အန္ဓပုထုဇန်တို့၏ ထင်မြင် စွပ်စွဲချက်သာ မှတ်ရမည်။ (ဤကား ဝိဝဋ္ဋ သီလခဏ်း အမြွက်တည်း။)

## ဘာဝနာ အခဏ်း

**ဘာဝနာမှာ၊** သမထဘာဝနာ, ဝိပဿနာ ဘာဝနာဟူ၍ ၂-မျိုးရှိတယ်။ **သမထ** ဘာသာပြန်မှာ စိတ်၌ အညစ်အကြေးမရှိ၊ ငြိမ်းချမ်းခြင်း။ လောဘ, ဒေါသ, မောဟ စသော အကုသိုလ်စိတ်တွေ ချုပ်ငြိမ်းနေသည်မှတ်။ တနည်း၊ စိတ်တည်ကြည်ခိုက်မှာ ထို မကောင်းမှုစိတ်တွေ အိမ်စိတ်, ကျောင်းစိတ်တွေ, စီးပွါးစိတ်တွေ၊ လင်ပူ, မယားပူ, သားသမီးပူ, အဲဒီအပူတွေမရှိ၊ မပေါ်မလာ၊ သမာဓိစိတ် ဆက်ခါဆက်ခါ ဖြစ်ပေါ်နေလျှင် အေးငြိမ်း ချမ်းသာ၏။ သမာဓိ စိတ်၏ အနိစ္စသဘောသို့ရောက်သော်၊ စိတ်တည်ကြည်မှုမရှိသော လောဘ,ဒေါသ မောဟ, လင်, မယား, သွီးသား, စီးပွါး အကြံအစည် စိတ်မျိုးစုံတို့သည်။ **ပျားသလက်အုံကို ဒုတ်နဲ့ ထိုးဆွသော်** ပျားကောင် အနန္တတို့သည် ပျားသလက် အုံအတွင်းက တစီစီ မြည်လျက် ဒုတ်ဖြင့် ထိုးဆွသူကို တန်ပြန် ထိုးကြသည်။ ထို့နည်းတူစွာ သမာဓိစိတ် ထိန်းသိမ်းခိုက်မှာသာ နိဝရဏ တရားတို့ ဆိတ်ငြိမ်ကြ၏။ **သမာဓိစိတ်ပျောက်**လျှင် မူလရှိရင်းစွဲ လောဘ ဒေါသ တို့သည် ထို ယောဂီပုဂ္ဂိုလ်အား နှိပ်စက်ကြကုန်၏။ တကယ်တန်းမပျောက်၊ သမာဓိ တန်ခိုးကြောင့် ကိန်းနေကြ၏။ ငုပ်နေကြတယ်လို့ ဟောပါ။ **သမထဘာဝနာ** ဆိုဒါ ဆရာကောင်းထံ၌ စည်းကမ်းတကျ အားထုတ်လျှင် သမာဓိရကြ၏၊ ရသော်လဲ သောကမီး ပူငြိမ်းခြင်းမှာ ပင်စင် မငြိမ်းမှတ်ရမယ်။ခေတ္တ ခဏမျှသာ ကမ္မဋ္ဌာန်း ထိုင်၍ အားထုတ်တဲ့ အပိုင်းအခြား စိတ်တည်ဆဲ ခဏတို့၌သာ ငြိမ်းကြသည် မှတ်လေ။ ဤကား သမထ၏ သဘော။

---

## သမထတရား ၄၀။

ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ အနုဿတိ ၁၀-ပါး၊ ဗြဟ္မဝိဟာရ တရား ၄ ပါး၊ ပဋိကူလ ၁-ပါး၊ ဝဝတ္ထာန် ၁-ပါး၊ အရူပ ဈာန် ၄-ပါး၊ ပေါင်း ၄၀။

ကသိုဏ်း ၁၀-ပါးကို အားထုတ်သူ ယခုခေတ်၌ မကြား။ အသုဘ ၁၀-ပါးကို အားထုတ်သူလဲ နဲတယ်။ အနုဿတိ ၁၀-ပါးထဲက ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း, အာနာပါန ကမ္မဋ္ဌာန်း, ကာယဂတာသတိ ကမ္မဋ္ဌာန်းတို့ကို လေ့လာသူတွေများ၏။ အာနာပါနကို သာ၍ အားထုတ်သူ များကြ၏၊ ဗြဟ္မဝိဟာရ တရား လေးပါးထဲက မေတ္တာသမထကို အချို့ကျကျ အားထုတ်သူ အနည်းငယ်ရှိ၏။ ကရုဏာ, မုဒိတာ, ဥပေက္ခာ ၃-ပါးကို အားထုတ်တယ်လို့ မကြားစဘူး။ ပဋိကူလ ကမ္မဋ္ဌာန်းကိုလဲ သာမန်အားဖြင့် ပြောသံကြားရ၏။

သမာဓိရဘို့ အားထုတ်ခြင်း မကြားစဘူး။ ဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်းကိုလဲ သမာဓိရအောင် အားထုတ်ကြတယ်လို့ မရှိ။ အရူပစျာန်တရားကို အားထုတ်ကြသူကား လုံးဝမရှိ။ ထိုကမ္မဋ္ဌာန်း ၄၀ တို့ကို အားထုတ် ပွားများ ကြသော ထုံးဥပဒေမှာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ ပါရှိသည်။ နိဗ္ဗာန်ကို မြော်လင့်ကြသော ရဟန်းတော်များနှင့် သင့်လျော်၏။ ဒါ့ကြောင့် ဝိသုဒ္ဓိမဂ်လာ အတိုင်း ထို အခါက ရဟန္တာ အရှင်မြတ်တို့ကို ထင်ရှားစွာ ရှိသောခေတ် ဖြစ်၏။ ဆရာမြတ်၏ထံ၌ နည်းခံသော သမထမျိုးသည် သမထ သမာဓိနှင့်ပင် တရားပြီးဆုံးပြီ မယူဘဲ ဝိပဿနာ ပညာစခမ်းကို သေသေချာချာ တန်းတက်၍ အားထုတ်ကြ၏။ ယခုခေတ်၌ ရဟန္တာဟူ၍ ထင်ရှားစွာ သမုတ်ခံရသော ပုဂ္ဂိုလ်တို့ကား ရှားနေပြီ။ မရှိမဆို ရှိပေမဲ့ သမထနည်းမှန်နှင့် ဝိပဿနာ နည်းမှန်ကို ပြတတ်ဘို့မလွယ်။

## သမထယောဂီတို့၏ ထင်မြင်ချက်။

သမထသမာဓိကို နိမိတ်ပေါ်အောင် အားထုတ်ကြ၏။ ဝိပဿနာကို ရပ်ပျက်နာမ်ပျက် သာမန်သိရုံမျှနှင့် တင်းတိမ်နေကြ၏။ သမာဓိ တရားကိုသာ အထိုင်ကျကျ ယူကြ၏။ ငါတို့လဲ အရိယာ စခမ်းသို့ ရောက်ပြီလို့ ထင်မြင်ချက် အားကိုးတခု ပြုကြ၏။ **သမထ၏တန်ခိုးကား** မတွေ့ မမြင်ဘူးသော အာရုံနိမိတ်တို့**ကို** အထူး-အကဲ-အမှန်-အမြတ် အားကိုးသားကြ၏။ မဂ်ထင်၏။ ဖိုလ်ထင်၏။ နိဗ္ဗာန်ထင်နေ၏။ အာနာပါန ရှူရှိုက်လျှင် နှာခေါင်းဝက နှပ်တွေထွက်လာအောင်, မောအောင် မေ့မြောသွားအောင် မလုပ်ကောင်းမလုပ်ကြနဲ့။ (စာတတ်ပညာရှိများ ကြားလျှင် ဂေါတမဘုရား၏ဂုဏ်တော် အလွန် ထိခိုက်သဖြင့် ကဲ့ရဲ့မှာကို ရှက်ကြ-ကြောက်ကြ၊ ယင်ရာကို မပြုကြနဲ့ မလုပ်ကြနဲ့။

## သာသနာ ၂၅၀၀–ကျော်လျှင် တရား အစစ်ကို ရွေးချယ်စိစစ်ကြသော ရဟန်း, ရှင်လူ, မင်းစိုးရာဇာတွေ ပေါ်ထွက်မည် မုတ်လေ။

ဗုဒ္ဓါနုဿတိ အာနာပါန ကာယဂတာသတိ မေတ္တာ ဓာတု ဝဝတ္ထာန် အသုဘ စသော ကမ္မဋ္ဌာန်း တရားကို ပွားများကြပါ အားထုတ်ကြပါ၊ အနဲဆုံးထိတ်လန့်ခြင်း သံဝေဂတရားကို ရနိုင်ပါတယ်။ စိတ်၏နူးညံ့ခြင်း ဖြစ်ပါတယ်။ ဆရာကောင်းလျှင် မရှုးမနှမ်း မမောမပန်းဘဲ သက်သာစွာ သမာဓိတရားကို ရနိုင်ပါတယ်။ ပညာရှိ သူတော်ကောင်းများကြားလို့ မြင်လို့ သင့်လျော်ပါတယ်။ အားထုတ်သူ နောက်ပါများလဲ ဝမ်းသာစရာဖြစ်ပါတယ်။သမထ နည်း

မှန်ကျလျှင် ဝိပဿနာဉာဏ်ဖြစ်ဘို့ အလွန်တရာ လွယ်ကူပါတယ်။ ပညာရှိ ပုဂ္ဂိုလ်များ မြင်လို့,ကြားလို့ မလျော်သောသမထ-မလျော်သော ဝိပဿနာတို့ကို ရှောင်ကြပါ။ လူပြိန်းများ မကြည်ညိုနိုင်သော တရားအားထုတ်ခြင်းတို့ကို မဟောကြပါနဲ့၊ မပြကြပါနဲ့၊ မလိုက်နာကြပါနဲ့၊ အကျိုးရှိဘို့ရှာသော် အပြစ်မဖြစ်ကြစေနဲ့။ လောကီဂုဏ်သိမ်တွေကို မလိုလားပါက မာနလျော့ကျပါက တရားအမှန်သို့ ရောက်ကြရမည်မှတ်။

## တပည့်တွေမှားကြဒါ-ဆရာတွေကြောင့်။

ပရိယတ်-ပဋိပတ် စွယ်စုံမဟုတ်သော ကမ္မဋ္ဌာန်းပြ ဆရာတို့သည် သမထနဲ့ ဝိပဿနာကို ပရိယတ်အနေနဲ့ပင် မှန်ကန်စွာသိဘို့ ကြပ်ပါတယ်။ ပဋိပတ်တရားကို ပြသနေကြသော်လဲ မိမိတို့၏ထင်မြင်ချက် ဗဟုသုတအနေဖြင့် အချို့ပြသူတွေရှိ၏။ တရားမှားလျှင် ဘဝတိုင်း မဂ်ဖိုလ်ရဘို့နဲ့ ဝေးမည်မှတ်။ ထို့ကြောင့်၊ သမထနည်းကိုသော်ငင်း၊ ဝိပဿနာသန့်သန့်ကိုသော်ငင်း။ စုံတွဲကိုသော်ငင်း။ ခန္ဓာဒုက္ခမှ ကျွတ်လွတ်လိုသော အဓိဂမသဒ္ဓါရှိကြပါက လောကဂုဏ်ကို မရည်မှန်းပါဘဲ အားထုတ်ကြလျှင် ဝိဝဋ္ဋဘာဝနာ ဖြစ်ကြမည်မှတ်လေ။(ယထာဘူတဉာဏ်ကို မရလျှင် နိဗ္ဗာန်မရနိုင်။)

(ဤကား ဘာဝနာခဏ်း အမြွက်ပြီး၏။)

---

## ဒါန, သီလ, ဘာဝနာ လမ်းညွှန် ဥပဒေ ဆောင်ပါ။

သီဝံ ပတ္ထေထ ဘိက္ခဝေ သီဝံပတ္ထေတွာန ဒါနံ ဒါတဗ္ဗံ၊
သီလံ ရက္ခိတဗ္ဗံ၊ ဘာဝနာ ဘာဝေတဗ္ဗာ၊

ဘိက္ခဝေ၊ ခန္ဓာဒုက္ခကို တကယ်ကြောက်ကြသော ရှင်, လူအပေါင်းတို့။ သီဝံ၊ နိဗ္ဗာန်ချမ်းသာကို။ ပတ္ထေထ၊ ရအောင်ကြိုးစား၍ ရည်မှန်းတောင့်တကုန်ရာ၏။ သီဝံ၊ နိဗ္ဗာန်ချမ်းသာကို။ ပတ္ထေတွာန၊ ရအောင်ကြိုးစား ရည်မှန်းတောင့်တပြီး၍။ ဒါနံ၊ အရိယာတို့၏ နိသျည်း ဒါနပြုနည်းကို။ ဒါတဗ္ဗံ၊ ပေးလှူအပ်၏။ သီလံ၊ အရိယာတို့ အလေ့ဖြစ်ဘော သီလမြတ်ကို။ ရက္ခိတဗ္ဗံ၊ စောင့်ထိန်းအပ်၏။ ဘာဝနာ၊ သမထဘာဝနာ-ဝိပဿနာဘာဝနာ ၂-မျိုးကို။ ဘာဝေတဗ္ဗာ၊ ဆရာကောင်းထံ နိသျည်းခံ၍ စိတ်မာန်ကိုဖြတ် လေ့လားပွါးများအပ်ကုန်ရာ၏။

## နေ့ရာမရွေးဘဲ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ကြောင်း။

ယဿ သဒ္ဓါ ဗလဝတိ၊ ဝိပဿနာစ အာရဒ္ဓါ၊ တဿ
ဂစ္ဆန္တဿ တိဋ္ဌန္တဿ နိသီဒန္တဿ· နိပဇ္ဇန္တဿ ခါဒန္တဿ ဘုဉ္ဇန္တဿ
မဂ္ဂဖလ ပဋိဝေဓောနာမ နဟောတီတိ နတ္ထိ။

ယဿ၊ အကြင်ယောဂီပုဂ္ဂိုလ်အား။ သဒ္ဓါ၊ ရတနာစုံညီ သရဏဂုံတည်၍ ယုံကြည်ခြင်း သဒ္ဓါသည်။ ဗလဂတိ- လွန်စွာအားကြီး၏။ ဝိပဿနာစ၊ ယထာဘူတအမှန် ဝိပဿနာပညာဉာဏ်ကိုလဲ။ အာရဒ္ဓါ၊ ဆည်းပူး ရှာဖွေကာ အထပ်ထပ် အမြဲတန်းအားထုတ်အပ်၏။ တဿ ဂစ္ဆန္တဿ၊ သွားလျက်ဆင်ခြင်သော ထိုယောဂီပုဂ္ဂိုလ်အား။ တဿတိဋ္ဌန္တဿ၊ မတ်တတ်ရပ်လျက် ဆင်ခြင်သော ထိုယောဂီ ပုဂ္ဂိုလ်အား။ တဿနိသီဒန္တဿ၊ နေထိုင်လျက်ဆင်ခြင်သော ထိုယောဂီ ပုဂ္ဂိုလ်အား။ တဿနိပဇ္ဇန္တဿ၊ လျောင်းစင်းလျက် ပက်လက် ဆင်ခြင်သော ထိုယောဂီပုဂ္ဂိုလ်အား။ တဿခါဒန္တဿ၊ ထမင်းမှတပါး အာဟာရစားလျက် ဆင်ခြင်သော ထိုယောဂီပုဂ္ဂိုလ်အား။ တဿဘုဉ္ဇန္တဿ၊ ဆွမ်း, ထမင်းတို့ကို စားသောက်ရင်း ဆင်ခြင်သော ထိုယောဂီမြတ်အား။ မဂ္ဂဖလ ပဋိဝေဓောနာမ၊ မဂ်ဖိုလ်ရနိုင်ခြင်းမည်သည်။ နဟောတိ၊ မဖြစ်နိုင်ဘူး။ ဣတိ၊ ဤကဲ့သို့။ နတ္ထိ၊ အယူ မရှိစေရ။ ဝါ၊ မယူကြနဲ့။ (သွားရင်း,ထိုင်နေရင်း, လဲလျောင်းရင်း, စားသောက်ဘွယ်တို့ သုံးဆောင်ရင်း၊ ရုပ်နာမ်အဖြစ်အပျက်ကို ဣတ္ထိ, ပုရိသ, ပျောက်အောင် ဆင်ခြင်နိုင်သော်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကိုရနိုင်တယ်မှတ်။ အိုးနဲ့အိမ်နဲ့ နေကြသောသူ၊ တကိုယ်ဘည်းပင် နေကြသောသူ ယောဂီပုဂ္ဂိုလ်တို့ အရိယာပုတ်ညီမျှစွာ နေထိုင်ရင်းပင် သောတာပန် ဖြစ်နိုင်သည် မှတ်လေ။)

---

### တိရစ္ဆာန ကထာ-၃၀။

၁။ **ရာဇကထံ**-မင်းမိဖုရားတို့၏ဇိမ်ကို-သာယာသောစကား။
၂။ **စောရကထံ**-ခိုးပြ,သူခိုးတို့ကို မှန်းသော အပြစ်စကား။
၃။ **မဟာမတ္တကထံ**-အမတ်ဖြစ်လိုခြင်း-ဝမ်းသာခြင်းစကား။
၄။ **သေနာကထံ** လက်နက်စွဲကိုင်ပြီး ဟန်ယူဟန်ထား အမျိုးမျိုးဖြင့် စစ်ရေးပြစကား။
၅။ **ဘယကထံ** သေကြေပျက်စီးကြသော စိတ်ဆင်းရဲသော ဘေးစကား။
၆။ **ယုဒ္ဓကထံ**—ဘယ်ဌာန စစ်တိုက်တယ်လို့ ဝမ်းမြောက်ခြင်း စိတ်ဆင်းရဲခြင်းစစ်တိုက်ပွဲစကား။

၇။ **အန္နကထံ**—အအီ အဆိမ့် စသော ပျော်ပွဲ ရှိ၌ အားကြီးစားလို့ ကောင်းဒါဘဲလို့ မမေ့နိုင်အောင် ပြောသော ထမင်းစကား။

၈။ **ပါနကထံ**—အရက်သေစာ၊ နွားနို့ ဆေးလိပ် စသော အရသာတို့ကို အားကြီးသောက်လို့ ကောင်းလှချည့်လို့ ထပ်ခါ ပြောကြသော အသောက်, အမျိ, အရှုစကား။

၉။ **ဝတ္ထကထံ**—အင်္ကျီ, လုံချီ, ထမီ, ပုဆိုး စသော အထည် မျိုးစုံတို့ ဆင်မြန်းရခြင်း၌ သာယာသော အဝတ်တန်ဆာစကား။

၁၀။ **သယန ကထံ**-မွေ့ရာ ကော်ဇော စသော နူးညံ့သော အခင်းကောင်း အိပ်ရာကောင်းတို့ကို ထိုင်ရ, အိပ်ရဒါ သိပ်ကောင်းတယ်လို့ နှုတ်ပါးစပ်က `သမ္မာဒိဋ္ဌိ ညဏ်မချိန်ဘဲ အမှန် ဗိမ်ရှိကြောင်း ပြောကြသော အိပ်ရာစကား။

၁၁။ **မာလာကထံ**—ဒေါနပန်း, စကားစိမ်း, စကားဝါနှင့် နှင်းဆီ စသော ပန်းမျိုးစုံ အလှမျိုးစုံတို့ကို အလွန်အပင်း သာယာခံစား လိုသော ဘဝ္ဒ ဖြစ်လာအောင် မက်မက်မောမော ပြောကြသော ပန်းမျိုးစုံ စကား။

၁၂။ **ဂန္ဓကထံ**-နံ့သာ ဖြူနီ, ကရမက်, တောင်တန်ကြီး, ကဒိုး, ရေမွှေး, ပေါင်ဒါမှုန့် စသော အနံ့တို့ကို နှာခေါင်း အာရုံ၌ စွဲလမ်းပြီး အားကြီးကောင်းတယ်လို ပြောကြသော အနံ့မျိုးစုံစကား။

၁၃။ **ဉာတိကထံ**-ငါ့ အမျိုးအဆွေကမင်းမျိုး၊ ငါ့ချွေးမ ငါ့သားမက် အမျိုးအဆွေတွေ့ ကတော့ သူဌေးမျိုးချည်းဘဲလို့ ကာပဂုဏ် ဆူပြီး တဏှာဂုဏ်ကို ပြုလို၍ အားရပါးရ ခဏ ခဏ ပြောလေ့ ရှိသော ဆွေမျိုးစကား။

၁၄။ **ယာန ကထံ**-လှေကောင်း, လှည်းကောင်း, ရထားကောင်း, သင်္ဘောကောင်း, မော်တော်ကားကောင်း, လေယာဉ်ပျံကောင်း စသော ပေါ်, ကမ်းစင်မှ စ၍ စီးနင်းလိုက်ပါရဒါ အင်မတန်မှ ဇိမ်ရှိဒါဘဲလို့ သွားရေကျအောင် မြှန်မြှန် ရှက်ရှက် ပြောကြခြင်း ယာဉ်စကား။

၁၅။ **ဂါမ ကထံ**—ငါတို့နေရာ ရွာ, သူတို့နေရာ ရွာ၌ နေရဒါ ပျော်ပွဲ ရှင်ပွဲ တွေနဲ့ အင်မတန် နေလိုင်းလို့ ကောင်းဒါဘဲလို့ အားရပါးရ ပြောကြခြင်း-ရွာစကား။

၁၆။ **နိဂမ ကထံ**-ငါတို့ သူတို့နေသော ရွာငယ်, နိဂုမ်း၌ နေပျော် ကြက်, ငှက်, ဝက် စသည်တို့ကို သတ်ဖြတ် လုပ်ကိုင်နိုင်ခြင်း၊ငါး,ဖား စသော သတ္တဝါတို့ကို မျှာဘွေ စားသောက်နိုင်ခြင်း၊ မုဆိုးအလုပ်၊ တံငါ

အလုပ်၊ အနေချောင်, အစားချောင်သော အလုပ်၊ ကြွားမှု, မော်မူနဲ့ပါးခြင်း စသည်တို့ကို ကြိုက်နှစ်သက်ခြင်း ပြောကြသော နိဂုမ်းရွာငယ်စကား၊

၁၇။ **နဂရ ကထံ** မန္တလေးမြို့ ရန်ကုန်မြို့စသော မြို့ကြီး ပြည်ကြီး တိုင်းကြီးတို့၌ လူဖြစ်ရဒါ နေ့ရဒါ စည်းစိမ်ရှိတယ်။ ပျော်ပွဲ ရှင်ပွဲ မျိုးစုံ၊ အဝတ်အစားမျိုးစုံ၊ အချောအလှမျိုးစုံ၊ တရားတွေမျိုးစုံ၊ ပုဂ္ဂိုလ်ထူးတွေမျိုးစုံ၊ သူခိုး, ခါးပိုက်နှိုက်တွေ မျိုးစုံ၊ မွေးကြ သေကြ ဒါတွေမျိုးစုံရှိလို့ နေ့ဘိုလဲ ကောင်းတယ်။စိတ်ညစ်ဘိုလဲ ကောင်းတယ် စသည်ဖြင့် မြို့ကြီး ပြည်ကြီးနဲ့ ပတ်သက်၍ လောဘဇော ဒေါသဇော ဖြစ်စေရန် ပြောဆိုကြသော မြို့စကား။

၁၈။ **ဇနပဒ ကထံ**-အိုးအိမ် အဝတ် အစား အနေအထိုင်မှ စ၍ စုတ် ပြတ်ဆင်းရဲ ကျောမွဲ ချေးထူတို့၏ နေရာ တောစွန် မြို့ဖျား၌။ တနည်း၊ တောတောင် နီးစပ်သော လူရိုင်းတို့ နေရာ၌ လူဖြစ်ရဒါ မကောင်းဘူး ကောင်းတယ် စသည်ဖြင့် ပြောကြသော ဇနပုဒ်ခေါ် ကျေးလက်လက်တက်ခွဲခေါ် လူနည်းစု အရပ်စကား။

၁၉။ **ဣတ္ထိ ကထံ**-မိန်းမတို့ကို ချီးကျူးခြင်း ကဲ့ရဲ့ခြင်း မိန်းမစကား။

၂၀။ **ပုရိသ ကထံ**-ယောကျ်ား တို့ကို ကြိုက်,မကြိုက် ပြောသော ယောကျ်ားစကား။

၂၁။ **ကုမာရ ကထံ**-ကြိုက်,မကြိုက်-လူပျိုစကား။

၂၂။ **ကုမာရီ ကထံ** သဘောကျ,မကျ-အပျိုစကား။

၂၃။ **သူရ ကထံ**-နေရာတိုင်း အစွမ်းကောင်း-သတ္တိရှိစကား။

၂၄။ **ဝိသိခါ ကထံ**-မြို့တွင်းရှိ သာယာသော လမ်းစကား။

၂၅။ **ကုမ္ဘဋ္ဌာန ကထံ**-ပုဂံ,ခွက်စသော-အိုးအလုပ်စကား။

၂၆။ **ပုဗ္ဗပေတ ကထ** ရှေးဘဝက ဖြစ်ခဲ့ဘူးသော တစ္ဆေ, သူရဲ, ဥစ္စာစောင့်စသော ပြိတ္တာစကား။

၂၇။ **နာနတ္တ ကထံ**-ဘဝအထွေထွေ၌ ဖြစ်ခဲ့ဘူးဒါတွေကို နောက်ပြန်တွေး၍ ပြောသော-အထွေထွေစကား။

၂၈။ **လောကက္ခာယိက ကထံ** လောက၏ အကြောင်း။ တနည်း၊ ဒီလူတွေ၊ ဒီသတ္တဝါတွေ ဘယ်တော့ခါမှ ကုန်ဆုံးပျက်ပျောက်ကြပါလိမ့် စသည်ဖြင့် အရေအဖတ်မရ ပြောခြင်း-အကျိုးမရှိသော အပိုစကား။

၂၉။ **သမုဒ္ဒက္ခာယိက ကထံ**-ဒီသမုဒ္ဒရာရေတွေဟာ ဘယ်က စီးဆင်းလာလို့ ဘယ်ဆီထိအောင် သွားကြတယ်။ ဘယ်တော့ခါမှ ကုန်ခန်းပမလဲလို့ ကိုယ်နဲ့ မစပ်ဆိုင်သော-ဗလချာစကား။

၃၀။ **ဣတ္ထိဘာဝ ါဘာဝ ကထံ**-ဤဘဝ-ထိုဘဝ စသည်ဖြင့် ဘဝမျိုးစုံတို့ကို အတွေးပေါက်တိုင်းပြော-အလကားစကား။

**အဓိပ္ပါယ်ချုပ်မှာ။** တိရစ္ဆာန-ပါဠိစကား၏ ဘာသာပြန်မှာ၊ နိဗ္ဗာန်နဲ့ ဖိလာ၊ မဂ်ဖိုလ်နဲ့ ကန့်လန့်၊ ဝိပဿနာဉာဏ်နဲ့ ပြောင်းပြန်၊ အရိယာတို့၏ ဉာဏ်မြင်နဲ့ ဆန့်ကျင်ဘက် မှတ်လေ။ တိ-သုံးခု၊ ရစ္ဆာန-လမ်းခရီး။ သုံးပါးသော လမ်းခရီးကိုသာသိလို့ တိရစ္ဆာန်မှတ်။ **မေထုန**၊ မေထုန် ပျော်ခြင်း။ **ဘုဥ္ဇနံ**၊ အစား စားတတ်ခြင်း။ **နိဒ္ဒံ**၊ မေ့မူးလျက် အိပ်ပျော်ခြင်း။ (မြတ်စွာဘုရား၏သံသရာပြတ်၊ခန္ဓာပြတ်၊အတ္တဒိဋ္ဌိ အမွေပြတ်တရား အဆီအနှစ်တို့ကို မကြားနိုင်၊မနာနိုင် မလိုက်စား မလေ့လာနိုင်ဲ သဘောကို မတွေးနိုင် အပါယ်သံသရာတို့၌ ကျင်လည်ရမဲ့ ဒုက္ခ အထွေထွေတို့ကို မတွေးနိုင်-မတိုင်ပင်နိုင်ကြသော **ဣတ္ထိဟိန်-ပုရိသဟိန-မဟာဗာလပုဂ္ဂိုလ်တ္တက** တို့၏ အသိကား။ ၃-ဌာနမှတ်။ ဘာလဲ မေ-ဘုဉ်-နိဒ်-အန္ဓပုထုဇန် မှန်ပါက **တိရစ္ဆာနကထာ** ခေါ် မဂ်ဖိုလ်မှ ဖီလာဖြစ်သော **နိရတ္တက သမ္ဖပ္ပလာပ**-စကားဖျင်း, စကားသိမ်, စကားနုပ်, စကားယုတ်, စကားစုတ်တို့နဲ့သာ အချိန်ကုန်၍ သုသာန်သို့ မကြောက် မရှက်ဘဲ သွားရာလမ်းစဉ် တရားနာသူတို့ ဖြစ်ကြကုန်သည်ကို သံဝေဂ ရကြစေ ဓမ္မကထိကတို့။ စားဘို့၊ အလုပ်ရှိ ထလုပ်-ပြောလျှင် တရားစကားပြော။

တိရစ္ဆာနကထာ ပြီး၏။

---

## တရားဟောထုံး-အရင်းခံဥပဒေ။

နိဗ္ဗာန်ရကြသော ဘုရားပေါင်း အနန္တ-သတ္တဝါပေါင်း အနန္တရှိပြီလို့ဟော။ ကြွင်းကျန်သော သတ္တဝါတွေလဲ အနန္တရှိသေးတယ်လို့ဟော။ယခုလို ဟောတိုင်း တာရှေကြီးရှောက်မတွေးပါဘဲ ကိုယ့်အတွက်ကို ထွက်ပေါက်ရဘို့တွေးပါ-တရားနာပါလို့ဟော။ ယောကျ်ားနဲ့မိန်းမ တရားရသူဟာ မြတ်တယ်လို့ဟော။ မိန်းမယုတ်တယ်၊ ယောကျ်ားကမြတ်တယ်လို့ သင့်ရုံယူ၊ တကယ်မယူနဲ့ ဘာ့ကြောင့် မိမိ၏မိခင်ကို ထိခိုက်တယ်မှတ်။ မိန်းမများကလဲ ငါတို့တော့-ခွေးထီးလောက်ကမမြတ်ဘူးလို့ယူကြဒါ များတယ်မှတ်။ **(စာဘတ်မမြန်နဲ့)** ယောကျ်ားဘဝကို ရအောင် ဆုတောင်းမယ်။ ဒီလိုယူရင် မှားဘီ၊ ဒါ့ကြောင့် (အရိယာဖြစ်ဘို့ ဆုတောင်း-ယောကျ်ားဖြစ်ဘို့ ဆုတောင်းစေလို့ ဥပဒေမှာမပါဘူး။)ယောဂီတို့ ပုဒ်ပြတ်မှတ်။ ဒါ-အန္ဓတွေ ဆုတောင်းမှတ်လိုက်။ မိန်းမတွေ ယုတ်တယ်လို့ အယူရှိသောယောကျ်ားများ သတိပြုချက်မှာ ယုတ်တဲ့မိန်းမနဲ့-ငါမကင်းလျှင်

ငါကော ယောကျ်ားမြတ်လားလို့ တွေးပြီး တရားရမှမြတ်မယ်လို့ ယူပါ။ **သစ္စာလေးပါး** ကို အရှယ်မငှေး သိမြင်ဘို့ဟောပါ၊ နာကြပါ။ လူဖြစ်သေ့ နတ်ဖြစ်လဲသေ့ ဗြဟ္မာဖြစ်ပြန်လဲ သေ့ အသက်အသချေ ဘယ်မျှဘဲ ကြာကြာ နေရစေကာမူ သေတဲ့ဘူတာဆိုက်ထာဘဲ အသေလွတ်တဲ့တရားကို နာကြလို့ ဟောစမ်းပါ၊ (သေဘေးမလွတ်သောတရားကို ကြည့်ရှောင်။)

အန္ဒဘဝမှ-ကလျာဏဘဝသို့၊ ကလျာဏမှ သောတာပန်အဖြစ်သို့၊ သောတာပန်မှ-သကဒါဂါမ်၊ သကဒါဂါမ်မှ - အနာဂါမ်၊ အနာဂါမ်မှ-ရဟန္တာ အထိ ဆိုက်အောင် ဟောတတ်သလောက် ဟောပါ။ အချို့ ပြောသံကြားဘူးတယ်။ သောတာပန်လောက် ဖြစ်ရင်တော်ပါပြီ။ အဲဒီ ပုဂ္ဂိုလ်ဟာ တရားကို အရှင်းနားမလည်လို့ ပြောတယ်မှတ်။ သို့မဟုတ်ကဘဝကိုတပ်မက်လို့။ တနည်း၊ ဒီလို အနေမျိုး မနေရတော့ဘူးမှတ်လို့ ပြောသည်။ တနည်း၊ ရဟန္တာ-ယခုဘဝမှာ မဖြစ်နိုင်၊ ဖြစ်အောင် ဟောနိုင်သူ မရှိတော့ဘူးလို့ ဒေသနာနဲ့ ဆန့်ကျင်ဘက် အယူရှိလို့မှတ်။ တနည်း၊ ရဟန္တာဉာဏ်ကိုရသော်၊ ယနေ့ အိုးအိမ်၊ သားမယား၊ စည်းစိမ်တွေကို စွန့်၊ ချက်ခြင်းသင်္ကန်းဝတ်၊ သင်္ကန်းမဝတ်ဘဲ လူဝတ်နဲ့နေလျှင် ၇-ရက်အတွင်း ဧကန်ဒိဋ္ဌ သေရမယ်။ ဒီလို ကြားဘူးတယ်။ ရှင်နာဂသိန်နဲ့-မိလိန္ဒမင်းကြီးရဲ့ အမေးအဖြေခဏ်းမှာ ပါဠိ တိုက်ရိုက် ပါရှိတယ်။ ဒါကြောင့် ဒီသား ဒီမယား ဒီလင် ဒီလို စည်းစိမ်မျိုးတွေ နေအိမ်၊ တိုက်တာ၊ ရတနာ၊ ရွှေငွေ၊ တိုက်ကိုလဲ မစွန့်နိုင်ဘူး၊ သေလဲ မသေချင်ဘူး။ ရဟန္တာတော့ မဖြစ်ချင်လဲ ရှိစေတော့ အိုးနဲ့ အိမ်နဲ့ ပုဆိုးနဲ့ ထမိန်နဲ့ အမျိုးနဲ့ ဇိမ်နဲ့ အဘိဓမ္မာအရ အရိယာ သာဝက ဝိသာခါ အလှတို့ကဲ့သို့ သောတာပန်လောက်နဲ့ဘဲ တော်လောက်ပါပြီလို့ဆရာကိုယ်တိုင် ပြောသံကြားဘူးတယ်။ ကိုယ်တွေ့လဲအလျောက် ခံ၍ တရား တောင်းဘူးတယ်။ (ဒီလိုလဲ သိထားပါ၊ ဓမ္မကထိကနဲ့ စာဘတ်သူတို့။)

---

## စဉ်းစားရန်အရေးကြီးသောအခဏ်း။

လင်နဲ့ မယားနဲ့ သားသမီး စီးပွားတွေနဲ့ နေရင်း သောတာပန် ဖြစ်နိုင်တယ်လို့ ဥပဒေ ပရိယတ်က ဆိုထားလို့ တရားရပြီး ထင်သော ယောဂီက ငါသည် အိမ်ထောင်ရှိသော်လဲ သောတာပန် ဖြစ်ပါပြီလို့ ယူခြင်းဟာစာထဲက ဆိုထားလို့ယူဒါလား။ ကိုယ်ပိုင်ဉာဏ်နဲ့ ယူဒါလား တနည်း၊ အိုး အိမ်နဲ့လူဝတ်က ရဟန္တာမဖြစ်နိုင်။ **ရဟန္တာ ဖြစ်ပြီးလျှင် ၇-ရက် အတွင်း သင်္ကန်းမြန်မြန် ဝတ်ရခြင်း**။ တနည်း၊ မူလကထဲက

သက်န်းဝတ်ရင် တရားရတယ် အထင်နဲ့ ငါတော့ ရဟန္တာ ဖြစ်ပြီလို့ စာထဲက သင်္ကန်းဝတ်မှ ရဟန္တာဆိုသဖြင့် ယူခြင်းလား၊ မိမိသဘော ပေါက်လို့ ယူခြင်းလား။ တိုင်ပင် ဆွေးနွေး မိမိကိုယ် ထပ်ခါတွေး၊ သင်္ကန်းဝတ်နဲ့ တရားသိလျှင် ရဟန္တာ ထင်တတ်တယ်။

အကုသိုလ်လုပ် မကောင်းကျိုးကို ယခု လက်ငင်းပေး၊ နောင်လဲဆက်ပေး တယ်။ ကုသိုလ်လုပ်ရင် ကောင်းကျိုးကို ယခုချက်ခြင်း ခံစားရမယ်လို့ ဟော။ နောက်တထစ် ကုသိုလ် အကုသိုလ်လုပ်တိုင်း ချက်ခြင်း လက်ငင်း အကျိုးပေး ခွင့် ဝင်ခွင့်ရမှသာ ပေးနိုင် ဝင်နိုင်တယ်လို့ ဟော။ စာတတ်တဲ့ ယောဂီရှင် အတွက် မသာပေါင်း အနန္တ သတ္တဝါ မျိုးစုံ အနန္တ နေရာဌာန ဘုံ အမျိုး အမည် အနန္တ ရှိနဲ့ပြီ။ တိုအောင်ဖြတ်။ ရှေ့လိုက ဆက်ဆုတောင်းလို့ တွေးလုံး ကြောက်လုံးပေါ်အောင်ဟောပါ။ ငရဲမှာ အနန္တနှစ်ပေါင်း တိရစ္ဆာန် ဖြစ်ခဲ့ဒါ မရေတွက်နိုင် ပြိတ္တာဘဝ၌ အဖြစ်မျိုးစုံလှုပြီ၊ အသူရကာယ် ဖြစ်ခဲ့ဒါမှာတော့ ရိုးနေပါပြီ။ အပါယ်လေးပါးဆိုဒါ မိမိရဲ့ နေအိမ် ဌာနလို့ ဒုက္ခ သံဝေဂကို ချက်ခြင်းရအောင် နည်းပရိယာယ် အမျိုးမျိုးနဲ့ ဟောကြပါ။

ဒါနပြုလျှင် ရေစက်ချပါ၊ ဒါန ပြုတိုင်းလဲ ရေစက် ချရတယ်လို့ မယူနဲ့ ရေစက်ချရမှ အလှူ အထမြောက်တယ်လို့ အယူစွဲ ဖျောက်ပါ။ လူသေသော် တရားနာ ဆွမ်း, သပိတ်သွတ်ပါ။ သေသူကို ရည်မှန်း၍ အမျှဝေ။ လူသေ ကောင်ကြီးကတော့ လူမဟုတ်၊ ရုပ်သဘော သက်သက်လို့ဘဲ သပိတ်သွတ် ဆွမ်းတရား သုတ္တန်အဆုံး၌ ရုပ်,နာမ် ၂-ပါးလုံး ဆင့်၍ ဟောပါ။ အဘိဓမ္မာ ထည့်ဟောပါ။။

ကထိန်အလှူ သိမ်အလှူ အကျိုးခံစံဘို့ ကြီးကျယ်ပုံလဲဟော။ အဆုံးသတ်ခါနီး အနိစ္စတရား ထည့်ဟောကြပါ။ ရှင်ပြု ပဥ္စင်းခံ အကျိုးကျေးဇူးများဘို့ကို ဟော ရမယ်။ ဟောတော့ ရှင်ပြုတရား ရဟန်းခံတရား ၎င်း၏ နောက်ဆွယ်က ဒုက္ခကို ပေါ်လွင်အောင် ဟောဘို့ မမေ့နဲ့။ ပိဋကတ်သုံးပုံသင်ကြားတတ် မြောက်ပါက အလွန်တရာ ဘုန်းတန်ခိုး ကြီးမားတယ် ဟောပြီးသော် အနိစ္စ, ဒုက္ခ, အနတ္တ ဒီသုံးချက်ကို ခန္ဓာကိုယ်၌ ဝိပဿနာဉာဏ် ရောက်အောင်ပို့ပါ။ ရှင်ဘုရင် မိဖုရား သူဌေးကြီး သူဌေးကတော် မင်း မင်းကတော် စသော လောက၌ စည်းစိမ်ရှင်တို့ကို တော်ပါပေတယ်။ ရှေးရှေးက ဒါန သီလ အဟုန် များခဲ့ပါပေတယ်လို့ **မဟာပ္ပလမဟာနိသံသ** အကျိုးရင်းနဲ့ အကျိုးဆက် ထောက်ပံ့ပုံ ကြီးကျယ်လှပေတယ်လို့ ချီးကျူးပြီး ဟောချင် ဟောနိုင်တယ်။ (ထည့်လိုက်စမ်းပါ။) အဲဒီ မင်းစိုးရာဇာ၊ ယောကျ်ား မိန်းမတို့ရဲ့ ခန္ဓာ တွေဟာ အသေတုံး၊ အပုပ်တုံး၊ အသုဘတုံး အစစ်အမှန်ကို တကယ် သက်

သေခံ ရသွားအောင်လဲ ဟောမှ **ဓမ္မကထိက် စစ်စစ်မှတ်။** (ရေမရော) တရား မဟောမီက ဓမ္မကထိက အမည်ခံ သတိပြုပါ။ ငါကကော ဒီလို ပိုင်ပိုင် သိရဲ့ လားလို့ ယခု ကျမ်းစာဘတ်နေရင်း တွေးလိုက်။

ကျမ်းရေးတဲ့ ဆရာက ဘုရားရှင် အလိုတော်ကျ ဥပဒေ စည်းကမ်း အရ ကိုယ်တိုင် သဘောကျပြီးလို့ရေးထုတ်လိုက်သည် စာဘတ်သူတို့။သမုတိ **သံဃာနဲ့** ပရမတ္ထ သံဃာ ၂-မျိုး ရှိကြောင်း ဆက်ဆက်ဟောပါ။ ကလျာဏ ပုထုဇန် သီလဝန္တကို အရိယာ **အစစ်** ဂိုဏ်းဝင် အမှတ်ထား၍ ကြည်ညိုရမယ်။ ဒါန လုပ်လျှင် ငါ့အလှူ ငါ့ကျောင်း ငါ့စရပ် စသည်ဖြင့် လှူကထဲက ငါမပါစေနဲ့ သတိပြု။ လှူသူကပင် ငါမပါခဲ့လျှင် အလှူခံ သူတို့က ငါပိုင် ငါ့ကျောင်း ငါ့ကိုးကွယ် ငါ့ကိုသာ လှူစေလိုသော ဆန္ဒသည် **အာမိသဒါယာဒ** ဖြစ်လို့ အလှူခံသော်လဲ ငါမဝင်ဘို့ အပိုင်မဖြစ်နိုင်သော နည်းစံနစ်ကို ရှာပါလို့ ဟော။ နိဗ္ဗာန် လိုချင်သော် နိဗ္ဗာန်လမ်းပြ ပုဂ္ဂိုလ်ကိုသာ လှူစေ။ နိဗ္ဗာန်ကို တကယ် မလိုချင်သော် ပုဂ္ဂိုလ်မရွေး အလှူပေးတော့။ နိဗ္ဗာန်လမ်းပြ သပ္ပုရိသ ဆရာ စစ်ကို မတွေ့ခဲ့သော်၊ ခန္ဓာဒုက္ခ, လွတ်လပ်ရေးကို ရည်ရွယ်ပြီး ပုဂ္ဂိုလ်မရွေး အလှူမြတ်ကို ပေးလှူကြလို့—ဖွင့်ဟော။

---

## ဓမ္မကထိကလုပ်လျှင်-စည်းမျဉ်းနားလည်ပါ။

ဥဒ္ဒိဿစေတီ-ဘုရားကို ရိုသေပါ၊ရှိခိုးပါ၊ ဝိပဿနာဉာဏ်ကိုလဲ အမြန်ရအောင် ဆရာကောင်းကိုမှီဝဲပါ။ ပရိနိဗ္ဗာန်စံဝင်ပြီးသော ဘုရားရှင်ဂုဏ်တော်တွေ၊ ဥဒ္ဒိဿ စေတီပုထိုးများ ကိုးကွယ်ဆည်းကပ်ရသော အကျိုးကျေးဇူးတွေကို ဟောပြီး သော်၊ သေဘေးကိုတွေးဘို့ သတိပေးပါ။ တရားတော်ဂုဏ် အနန္တ ရှိကြောင်း ဟော၊ အနတ္တတရားရဘို့ တိုက်တွန်း။ သံဃာတို့ကို ရှိခိုးပူဇော်၊ လူဝတ်အရိယာ ဖြစ်ပေမဲ့၊ သင်္ကန်းဝတ် ယခု, ယနေ့ ရှင်သာမဏေ ကိုရင်ငယ်ကိုပင် ရှိခိုးပါ၊ ရိုသေပါ။ ။ဝိပဿနာဉာဏ်ကို ဘယ်အထိဘဲ ရရ-အနန္တ ငါးပါးတို့၏ ဂုဏ်ကို မမေ့နဲ့။ ယာဉ်ချက်ခြင်း ကျေးဇူးဆပ်။

လွန်ခဲ့သော နှစ်ပေါင်း ဆရာတို့၏ သက်တမ်းရှိ၊ ယနေ့ အထိ ဗုဒ္ဓဘာသာ များစွာရှိသော မြန်မာပြည်ကြီး၌ တရားစစ်ကိုဟောပြသူ မိန်းမတယောက်ကမှ မတွေ့ဘူး၊ မကြုံဘူး။ ။တရားစစ်စစ် တကယ်ဟောပြသော မိန်းမကို စင်မြင့် တင်၍ရှိခိုးပြီး နာယူနိုင်ကြဘို့ မလွယ်ဘူး။ ထမိဝတ် မိန်းမပင် ဖြစ်စေပါမူ— ဝိပဿနာလမ်းမှန်ကို ဟောပြောလျှင် ရိုသေစွာ နာယူကြပါလို့ ဟောပါ။ (မြန်မာပြည်မှာ) **ဝိပဿနာတရားဟောသော လူ့ရှင်ပေါင်း ၁၀၀ ယခုတိုင်**

**မရှိသေး၊** ရှေးရှေးသောဘဝတို့က အထက်တန်းစား အသက်ရှည်စွာ ကမ္ဘာတည်အောင် နေခဲ့-ဖြစ်ခဲ့ဘူးသော ဗြဟ္မာကြီး၏ဘဝမျိုးကို အိမ်သာထဲက ပိုးလောက်, ဝက်, ကြွက်တို့ပင် ရခဲ့ဘူးပြီ။ ဆရာကြီးနဲ့ စာဘယ်သူနဲ့လဲ နည်းတူပါဘဲ။ ဘယ်လိုပင် တန်ခိုးဣဒ္ဓိရှိကြသော်လဲ **အနိစ္စ** ခံတပ်၊ ဒုက္ခ ခံတပ်၊ အနတ္တ ခံတပ်၏ ဒဏ်ရာ ဒဏ်ချက်၊ လက်နက် ၃-ချက်ကို မခံ ပရပ်နိုင်သဖြင့် ယခု သုဂတိ အောက်ဆုံးတန်းသို့ ပြန်ပြန်ရောက်နေပါပြီ။ သို့အတွက် ဖြစ်ပျက် **မွေးသေ** ဘဝတွေမှ လွတ်မြောက်ရန် တရားထူးကို ရှာကြဘို့ဟော။ ယောဂီသည် ခြေချနင်းရာ မြေကြီး၊ အိမ်ဆောက်ခါနီး-ကျောင်းဆောက်ခါနီး-သိမ်ဆောက်ခါနီး-တိုက်တည်ခါနီး၌ **မင်းမြေ-ရဟန်းမြေ-ပုဏ္ဏားမြေ** ပညာရှိတို့နေသို့ရာ ဘုမ္မိနက်သံမှန်သော မြေနီ-မြေဝါ-မြေကောင်း-မြေမြတ်ကို ရွေးချယ်ကြ၏၊ ရွေးကြပါ။ တရားအစစ်သိသူ၏ ဉာဏ်မှာ မြေကြီးမှန်လျှင် ငါ၏အသယောင်းကောင်ကို မြုပ်နှံ မပြက်ခဲ့သော သုသာန်အရပ်ဟူ၍ မှတ်ကြ-တွေးကြလို့ နာနာ ဟောကြစမ်းပါ။ သာသနာတွင်းတရား-သာသနာပတရား ၂-စားရှိကြောင်း ခွဲဟော။ သာသနာပ တခါတရံ၌ ပစ္စေကဗုဒ္ဓခေါ်-ဝုံယာ ခြွေရံမရှိ။ တသီးပုဂ္ဂလ ဘုရားအငယ် ရှိသေးတယ်လို့-ဓမ္မကထိကလုပ်သူက ဟောပြ။ ။**သို့သော်၊** သူများရဟန္တာဖြစ်လာကို ရှိခိုးရမယ်၊ လှူရမယ်၊ မိမိရဟန္တာဉာဏ်ရဘို့က ပါးသူ-နပ်သူမှ ဂရုပြုမယ်မှတ်။

ဘုရားဆုပန်သောသူများကို ဝိပဿနာကရားဟောလျှင် အရေးစိုက်ခဲ၏။ ဘာ့ကြောင့် မာနကြီးနေလို့-ဘဝင်သွေးမြင့်နေလို့။ ။ဆရာ၏ တပည့်ထဲမှာ ၅-ယောက်လောက်ရှိဘယ်၊ တရားနာပေမဲ့-ကက်ကက်တတ်။

ရန်ကုန်မြို့၌ ယခုနှစ်အထိရှိသော ရွှေကျင်ဂိုဏ်းပင် ဆရာတော်တပါးသည် ဝိပဿနာ အနတ္တတရားတော်ကိုလွန်စွာကြည်ညို၏။ရိုသေစွာနာယူ၏။ဟောသော ပုဂ္ဂိုလ်ကို အလူးကြည်ညို၏။ (**ဆရာ ကိုယ်တွေ့-ဘုရားဆုပန်တွေထဲမှာ ရွှေကျင်ဆရာတော်သည် ဘုရားကြီးဆုကို ပန်ယူသည်နှင့် ညီသည်**)။ ။လူကြိုက်နည်းသော ဝိပဿနာ တရားတော် နေပင်း, လမင်းကြီး ယခု နတ်ကြွန် လင်းရှားစွာ ဟက်ပေါ်တော့မည်။ ဘုရားလောင်း အစစ်နှင့် အရိယာလောင်း အစစ်တို့၏ ဝမ်းမြောက်ဘွယ်မှတ်။ (ဗုဒ္ဓရာဇာ-ကောန်ပေါ်မည်။)

**အရိယာနံအဒဿာဝီ**-ဆိုသဖြင့် အရိယာပုဂ္ဂိုလ်တို့ကို အန္ဓပုထုဇဉ်တို့၏ အသိဉာဏ်ဖြင့် မတွေ့နိုင်, မသိနိုင်, မျက်စိနဲ့ကြည့်ပေမဲ့ မမြင်နိုင်ပုဂ်။ အရိယာတွေ ပေါ်များလာသောခေတ်၌ အရိယာပုဂ္ဂိုလ်များကို မပြစ်မှားကြနဲ့၊ ပြစ်မှားခဲ့သော် ဓမ္မန္တရာယ် ၁၀-ပါး သင့်တတ်တယ်လို့ ဓမ္မကထိကလုပ်သူဟ သတိပေး တရား အမြဲတန်းဟောပါ။

ဘုရားပွင့်ခြင်းဟာ အရိယာဖြစ်စေခြင်းငှာ ပွင့်တော်မူတယ်လို့ အသိအမှတ်ပြုခဲ့၏။ ငါဟာ အရိယာ မဖြစ်နိုင်ပါက သံသရာက မလွတ်ဘူးလို့ တကယ်သံဝေဂရှိသော်၊ အခု ဝိပဿနာတရားကို အားထုတ်ရမည်။ တကယ်သံဝေဂ မရှိသဖြင့် ပေါ့ရေ့ပျင်းရိ အမှုမဲ့ အမှတ်မဲ့ နေခြင်းသည် ခန္ဓာဒုက္ခကို မကြောက် မလန့် မရှက်သူမှတ်လေ။

---

## ဗုဒ္ဓဘာသာ ရှင်, လူတိုင်း သတိပြုချက်။

သံသာရဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ၊ နိဗ္ဗာနံ သစ္ဆိကရဏတ္ထာယ။

သံသာရဝဋ္ဋဒုက္ခတော၊ သံသရာဝဋ်၌ မွေး, သေ ၂-ချက် စပ်ဆက်ယှဉ်တွဲ ဘုရားစသော သူတော်ကောင်းတို့ ကြောက်ဘွယ်ဖြစ်သော ဘေးပေါင်းစုံ ဆင်းရဲမှ။ မောစနတ္ထာယ၊ လွတ်ထွက်စေခြင်းအကျိုးငှါ-ဆိုသော ဘုရားရှင်၏ ဆုံးမချက်သတိပေးစကားတော်ကို ကြပ်ကြပ်ယခု စဉ်းစားပါ။ (**စာဘတ်သော် လေးလေးဘတ်၊ စာရွက်ကို လှန်သော် လက်ကို တံထွေး မဆွတ်ပါနဲ့။**) ဒါန လုပ်တိုင်း၊ သီလဆောက်တည်တိုင်း၊ အလှူမှန်သမျှရေစက်ချတိုင်း ဆိုလေ့ရှိကြ၏။ ပဌမဝန်ခံချက်သည် ဆရာတော် သံဃာတော် ရဟန်းတော်များရှေ့မှာ ပညာရှိများရှေ့မှာ ပရိသတ်စုံရာတို့ရှေ့မှာ ရွတ်ဆို၍ နှုတ်လက်မှတ် ထိုးကြ၏။ စကား ပလ္လင်ခံ - တရားပလ္လင်ခံအတိုင်းနဲ့ တကယ် စေတနာရှိသော်၊ ခန္ဓာဒုက္ခ ချုပ်ငြိမ်းရာလမ်းဖြစ်သော ဝိပဿနာဉာဏ်ကို ဘာပြုလို့ အမြန်ယခု အားမထုတ်ကြပါသလဲ၊ ဘာ့ကြောင့် မဟောကြပါသလဲ၊ ဘာပြုလို့မကြားမနာကြပါသလဲ တိုင်ပင်ကြ။ (ဥပဒေကို-ရိုသေကြပါ။)

## တဆင့်တက်၍ စဉ်းစားကြစမ်းပါ။

ဘန္တေ သံသာရဝဋ္ဋ ဒုက္ခတော၊ မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။

ဘန္တေ၊ အရှင်ဘုရား။ သံသာရဝဋ္ဋ ဒုက္ခတော၊ သံသရာဝဋ်ဆင်းရဲ အပေါင်းမှ။ မောစနတ္ထာယ၊ ထွက်မြောက်စေခြင်း အကျိုးငှါ၊ ပဗ္ဗဇ္ဇံ၊ အရှင်မြတ်အဖြစ်ကို။ ယာစာမိ၊ ခွင်တောင်းပါ၏ဘုရား။ ။ဒီမွေးသေ ဒုက္ခခန္ဓာမှ လွတ်ဘို့ ရှင်သာမဏေ ပြုပေးပါ။ သင်္ကန်းဝတ်ပါရစေ ဘုရားလို့ ရှေးဦးပဌမ ဝန်ခံချက်နဲ့ကိုက်ညီသော စေတနာရှိလျှင်၊ ယခုအမြန်ဆုံး ခန္ဓာဒုက္ခကိုမြင်သော သစ္စာလေးပါး ဝိပဿနာတရားတို့ကို အားထုတ်ကြရမည်မှတ်ကြ။ သို့မဟုတ် တာဝန်ယူထားသော သစ္စာစကား ချွတ်ယွင်းပျက်ကွက်ခဲ့လျှင် အကျိုးမြတ်ဖြစ်ဘို့မရှိ၊ အကျိုးယုတ်ဖြစ်ရမည်ကို သတိရခဲ့လေစွ၊ ပြန်၍ တွေးခဲ့လေစွ။

**ဒိဝန်ခံချက်** ဥပဒေ မှန်ခဲ့လျှင် ဝိပဿနာတရားကို ဟောသူ ကြားနာသူတို့၏ အပြစ်ကို ဘာ့ကြောင့် ပြောရပါသလဲ။ **ဒါနပယ်တယ်-သီလပယ်တယ်** စသည်ဖြင့် မဟုတ်မမှန်ဘဲနဲ့ ဘာ့ကြောင့် အနှောင့်အယှက်ပြု၍ ပြောဆိုကြပါသလဲ။ ကြီးစွာသော ဓမ္မအန္တရာယ် သင့်သော မဂ်ဖိုလ်ကို ဘယ်အခါမှ မရနိုင် ကြောက်လန့်ကြပါကုန်။ ပဋမဝန်ခံချက်ဟာ ဥပဒေနဲ့ ကိုက်ညီပါတယ်လို့ စေတနာကောင်းနဲ့ ယူခဲ့လျှင် ပြည်တိုင်း, မြို့နယ်တိုင်း, ရပ်ရွာတိုင်းရှိ လူ, ရှင်, ပုဂ္ဂိုလ်များက အားပေးကြပါ၊ ကူညီကြပါ၊ မှားဒါပါလျှင် ပြုပြင်ပေးကြပါ၊ မှန်ဒါကို ဖြည့်စွက်ပါ။ မှားဒါကို မှားတယ်၊ မှန်ဒါကို မှန်တယ်လို့ အပြစ်မပြု၊ လစ်လျူမရှုပါဘဲ တပြည်လုံးရှိ မြို့နေ ပြည်သူ သူတော်မြတ် ရှင်လူတို့ ကြည်ဖြူနှစ်ခြိုက်စွာ လေ့လာကြပါကုန်။ အဖွဲ့အသင်း ပြုလုပ်ကြပါကုန်။

**ဝိမုတ္တိခေတ် အစစ်သို့ ရောက်ခါနီးပြီ၊ ၆-လလိုတော့သည်။**

ဤကား၊ ဓမ္မကထိက သင်တန်း ဟောထုံး စည်းမျဉ်း နမူနာ အောက်တန်းမကျအောင် သင့်ရုံမျှ ရေးထုတ်လိုက်သည်။ **(ဓမ္မကထိက ဒီပနီ)** လက်ထဲသို့ ရောက်သည့် ခဏကစ၍ ဝိပဿနာဉာဏ် ရင့်သန်တိုးတက် ကြက်သရေဂုဏ်တန်ခိုး ထွက်ပါစေသား။ (ဆရာကြီး၏မေတ္တာ။)

**ဓမ္မကထိက ဟောထုံး ပြီး၏။**

---

ဗုဒ္ဓဘာသာတရား အမှန်တကယ်-ထွန်းကားလိုသော ဆန္ဒ ရှိပါက
ဘုရားထူးခံ-သာသနာပိုင်ဆရာတော်များနှင့်
ပြည်ပိုင် အစိုးရမင်းများ
ဗုဒ္ဓဘာသာတရားကို အရိယာဉာဏ်သို့
ထိရောက်နိုင်သောလမ်းစဉ်ကို တကယ်သိဘို့ ခေတ်သို့ရောက်ပြီ။
တရားအမှန်ကို မသိသမျှ အားလုံး ဒုက္ခကြီးစွာဖြစ်ကြရမည် မှတ်။

# သရေးတောင်း အချိုး။

ကိစ္ဆေန မေ အဓိဂတံ၊ ဟလံဒါနိ ပကာသိတုံ။
ရာဂ ဒေါသ ပရေတေဟိ၊ နာယံ ဓမ္မော သုသမ္ဗုဒ္ဓေါ။

ကိစ္ဆေန မေ အဓိဂတံ၊ ဟလံဒါနိ ပကာသိတုံ။
သင်္ချေများစွာ ကပ်ကမ္ဘာဝယ် ပဋ္ဌနာဆုတောင်း ဒို့အလောင်းသည်။

ကိစ္ဆေန မေ အဓိဂတံ၊ ဟလံဒါနိ ပကာသိတုံ။
ထီးနန်းတိုင်းပြေ စည်းစိမ်တွေကို စွန့်လေခဲ့ကြောင်း ဒို့အလောင်းသည်။

ကိစ္ဆေန မေ အဓိဂတံ၊ ဟလံဒါနိ ပကာသိတုံ။
မိဖုရားနှင့် သမီးသားပါ ပစ်ခွါလှူကြောင်း ဒို့အလောင်းသည်။

ကိစ္ဆေန မေ အဓိဂတံ၊ ဟလံဒါနိ ပကာသိတုံ။
လက်ခြေအင်္ဂါ သက်ခန္ဓာကို ပညာလှူကြောင်း ဒို့အလောင်းသည်။

ကိစ္ဆေန မေ အဓိဂတံ၊ ဟလံဒါနိ ပကာသိတုံ။
ပင်ပန်းလှစွာ လေးသစ္စာကို ရလာခဲ့ငြား ဒို့ဘုရားသည်။

ကိစ္ဆေန မေ အဓိဂတံ၊ ဟလံဒါနိ ပကာသိတုံ။
အချောင်မရ ပင်ပန်းလှ၍ ဓမ္မအမှန် သစ္စာဉာဏ်ကို ကောင်ဒါရ ယခုအခါ
ထင်ရှားစွာဖြင့် ဟော... ရှင်မသာ။

---

ရာဂဒေါသ ပရေတေဟိ၊ နာယံဓမ္မော သုသမ္ဗုဒ္ဓေါ။
တဏှာလောဘ များလွန်းလှ၍ အနိစ္စအခြေ မသိနိုင်ပေ။

ရာဂဒေါသ ပရေတေဟိ၊ နာယံဓမ္မော သုသမ္ဗုဒ္ဓေါ။
မာနဒေါသ လွန်ကဲကြ၍၊ ဒုက္ခအခြေ မသိနိုင်ပေ။

ရာဂဒေါသ ပရေတေဟိ၊ နာယံဓမ္မော သုသမ္ဗုဒ္ဓေါ။
ဒိဋ္ဌိမောဟ ပွားမိုက်ကြ၍ အနတ္တအခြေ မသိနိုင်ပေ။

ရာဂဒေါသ ပရေတေဟိ၊ နာယံဓမ္မော သုသမ္ဗုဒ္ဓေါ။
ယောကျ်ား မိန်းမ ချစ်ခင်ကြ၍ အသုဘအခြေ မသိနိုင်ပေ။

ရာဂဒေါသ ပရေတေဟိ၊ နာယံဓမ္မော သုသမ္ဗုဒ္ဓေါ။
ဗာလအန္ဓ မိုက်ကန်းကြ၍ သဘာဝအခြေ မသိနိုင်ပေ။

ရာဂဒေါသ ပရေတေဟိ၊ နာယံဓမ္မော သုသမ္ဗုဒ္ဓေါ။
တဏှာဒိဋ္ဌိ နှိပ်စက်ဖိလျက် မသိနိုင်သူ များပိုလ်လူသည် အယူဖြောင့်စင်
ဉာဏ်ပယှဉ်၍၊ သိမြင်ထင်စေ၊ မစွမ်းနိုင်ပေ။

# တရားတောင်းဆို။

နတ်လူဗိုလ်ခြေ၊ များဝေနေကို၊ ရောက်စေနိဗ္ဗာန်၊ ရည်မှန်းသန်လျက်၊ ဆုပန်ချက်ကြောင့်။ ။မပေးချင်ပေမဲ့၊ ပေးခဲ့ရတဲ့ပါရမီအရှင်၊ ပသေချင်ပေမဲ့၊ သေခဲ့ရတဲ့ခန္တီအရှင်။ ။မစွန့်ချင်သော်လဲ၊ စွန့်လှူခဲ့ရတဲ့ ပါရမီအရှင်၊ ဒုက္ခကို ကြောက်သော်လဲ အနှိပ်စက်ခံခဲ့ရတဲ့ ခန္တီအရှင်။

အလောင်းတော်ဘဝမှာဖြင့် ဒုက္ခတွေ-မျိုးစုံတွေ့ခဲ့ရတဲ့ ပါရမီအရှင်။ ဘုရားစင်စစ်ဖြစ်ခါမှ ဝိပါကပင့်တွေ-ခံရှာရတဲ့ ခန္တီအရှင်။ (**ဘုရားတဆူ ပွင့်ပေါ်ဘို့ရာ**) အလှန်တရာခက်ခဲသည်။ ခြောက်...တရားထူး တလုံးရဘို့က အင်မတန်မှ နက်နဲသည်။ ။မနုဿတ္တ ဒုလ္လဘနဲ့ အညီ၊ ဤလူ့ပြည်....လူဘဝ ပသေခင် ရောက်လာရတဲ့ တခဏကလေး၌—

၁။ **ဒိဋ္ဌဓမ္မာ**-အနတ္တထင်ထင်၊ ဟုတ်ရာကို မြင်ရလေအောင်။

၂။ **ပတ္တဓမ္မာ**-ချမ်းသာရာမှီခို၊ မဂ်နဲ့ဖိုလ် ရောက်ရလေအောင်။

၃။ **ဝိဒိတဓမ္မာ**-ထိုးထွင်း၍ကောန်၊ သစ္စာဉာဏ် သိရလေအောင်။

၄။ **ပရိယောဂဠ္ဌဓမ္မာ**-အရိယာသူတော်စင်၊ သာကီဝင် ဖြစ်ရလေအောင်။

၅။ **တိဏ္ဏဝိစိကိစ္ဆော**-စိတ် ဒွိဟ လွတ်ကင်း၊ ရှင်းလင်းစွာ သိရလေအောင်။

၆။ **ဝိဂတ ကထံကထော**-လှဲပတ်လို့ မရှုပြီ၊ စိတ်တည်ကြည် ဖြစ်ရလေအောင်။

၇။ **ဝေသာရဇ္ဇပတ္တော**-ရဲရင့်ခြင်း သတ္တိစုံ၊ တရားဂုဏ် ရှိရလေအောင်။

၈။ **အပ္ပရပ္ပစ္စယော**-ဉာဏ်ထဲရှိ တရားမို့၊ သူတပါး ပယုံနိုင်။ နိဗ္ဗာန်တိုင် ရောက်ရလေအောင်၊ အရိယာဂိုဏ်းဝင် ယောဂီရှင် သူတော်ကောင်းတို့အား၊ ရည်ညွှန်းခါ ကျမ်းအရ၊ လမ်းပြတော်မူလှဲပါပေါ့ မဟာဓမ္မကထိကအမော် နိုင်ငံကျော် ကျေးဇူးတော်-အရှင်မြတ်ဘုရား။


(တရားတောင်း အချီး၊ကွင်းပိတ်-စာ ၂-ပိုဒ်ကို တယောက်တ့ယှည့်စီ ဆို။ တရားတောင်းကို သတ်သတ်ဆိုစေခိုင်း၊ အားလုံး ၃-ယောက်။)

# ဦး မြတ်သိန်းထွန်း ၇-ရက်စဉ်ဟောထုံး။

စာဘာတ်၊ တတ်, မတတ် လူပြိန်းနဲ့ခလေး ဘာသာခြားမရွေး သိလွယ် မြင်လွယ် တရားအမှန်ကို အမြန်ရလွယ်အောင် ဟောဒီလို လိပ်ရုပ်ပုံ စံနမူနာကို ကျောက်သင်ပုံးဘောထဲမှာ ရေးပြီးဟောတယ်။

## ပဌမည ဟောစဉ်။

### ပဲခူးမြို့ ရွှေမောဓောဘုရားသမိုင်း ပဏာမ။

| စ | ဓ |  | ဗ | ဝ |
|---|---|---|---|---|
| သစ္စ | ဓနံ | | ဗဟို | သုဝဏ္ဏ |
| အမှန် | ဥစ္စာ | | အပျား | ရွှေ |
| ငါးရံ့ | ဥဒေါင်း | | ပုဇွန် | လူဝံ |
| ဆား | ထုံး | | ဆပ်ပြာ | ယမ်းစိမ်း |
| ၇ | ၁၀ | | ၁၉ | ၁၇ |

ဆရာ တရားဟောမယ်။ တရားကို ဂရုစိုက်ပြီး နာကြ၊ သားစိတ် သမီးစိတ် စီးပွားစိတ် တွေကို ဖျောက်လိုက်ကြ၊ တရားယူးကိုရဘို့ ကြိုးစား၍ စိတ်စေ တနာထားပြီး ငြိမ်သက်စွာ နာယူကြ၊ ဆရာက လက်နဲ့ထောက်ပြလျှင် ပြတဲ့ နေရာကို ကြည့်ပြီး နာကြပါ။ ခေါင်းကို အောက်ငုံ့ပြီး မနာကြနဲ့။ မျက်စိ မှိတ်ပြီးမနာကြနဲ့။ ဘာ့ကြောင့် လက်တွေ့ မျက်မြင်သိရအောင် ပြယုဂ်နဲ့ ဟောမယ် နားထောင်။ ပဲခူးမြို့ မြို့မဖြစ်မီ မြို့မတည်မီက တောင်ငူမြို့ တပင် ရွှေထီး ဘုရင်လက်ထက်ဖြစ်တယ်။ ပဲခူးမြို့၏နေရာဟာ သမုဒ္ဒရာရေပြင် အတိ မှတ်၊ ကာလ မြင့်ကြာသောအခါ ရေတွေကဖြေးဖြေးခန်းပြီး သဲနုံး စသည် ဖြင့် မြေနုကျွန်းပေါ် ဖြစ်လာတယ်။ မြေကြီးများများ ယင်ရှားပြီး တောချုံ စသည်ဖြင့် ပေါက်ပွား၍ နေသည်။

## ဒီနေရာကို မြို့တည်မယ်

တပင်ရွှေထီးဘုရင်၏ အမိန့်အရ တောချုံ စသည်တို့ကို သုတ်သင် ရှင်းလင်းကြ၏။ ဆေးရုံနေရာ ရုံးနေရာ ဂါတ်နေရာ ထောင်နေရာ ဈေးနေရာ မြို့ကွက် အမှတ်နေရာတို့ကို စီစဉ်သတ်မှတ်ကြ၏။ တနေရာကိုတော့ ဘုရားစေတီ တည်မည်လို့ မြက်တောချုံတောတို့ကို ခုတ်ထွင် ရှင်းလင်းကြပြန်တယ်။ တောချုံတို့ကို ရှင်းရာ၌ အလွန်ကြီးလှသော **လိပ်ကြီး** တကောင်ကို တွေ့ကြ၏။ လူအများ ဝိုင်းအုံလာကြ၏။ သတ်ဟဲ့ ရိုက်ဟဲ့ ခုတ်ဟဲ့ ထိုးကြဟဲ့ ဆိုတဲ့ အသံတွေ ဆူညံနေသည်ကို ကြားရသဖြင့် **လိပ်ကြီး** ငြိမ်သက်စွာ မသွား မလာဘဲ နေ၏။ ဦးခေါင်း လက်ခြေ တို့ကို ရုပ်သိမ်းပြီး မတုန် မလှုပ်နေတယ်။ လူသံတွေ ဆူညံဒါကို ကြားရသော ပညာရှိ ပုဂ္ဂိုလ် တယောက်က အမြန်ပြေးလာတယ်။ ဟေ့ ဟေ့ မရိုက်မသတ်ကြနဲ့။ ဒီလိပ်ကြီး တွေ့ရဒါ အတိတ်ကောင်း နိမိတ်ကောင်းမှတ်။ ဘာပြုလို့ ဘုရားတည်မယ် ကြံသော နေရာ၌ တခါဘူးမျှ မတွေ့မကြုံဘူး ယူးကဲသောလိပ်၊ သူ၏ကျောက်ကုန်းမှာ အမှတ်ဟံသိပ်ကမ္ဗန်မြတ်သော **အက္ခရာ**ဖြစ်တယ်၊ ငြိမ်လိုက်ကြစမ်းလို့ ပညာရှိက နိမိတ်ယူဆပြီး ဒီနေရာ လိပ်ရုပ်ကို အကဲခတ်တယ်။ အားလုံးတို့ကလဲ ဝိုင်းပြီးကြည့်နေကြတယ်။

> ပညာရှိနဲ့ တွေ့လို့ လိပ်သတ္တဝါ သေဘေးက လွတ်တယ်မှတ်။ ယခုလဲ နိဗ္ဗာန်လမ်းပြ သပ္ပုရိသဆရာအစစ်နဲ့ တွေ့ကြလျှင် လူသတ္တဝါတွေ မသေတဲ့ တရားထူးကို ရမယ်မှတ်၊.

## အက္ခရာ ၁-လုံးက ၄-လုံး ဖြစ်ပုံ

ဆူညံတဲ့ လူသံတွေကို ကြောက်လန့်ပြီး ဦးခေါင်း, ခြေ, လက် ပြင်မထွက် ဝံ့ဘဲနေသော လိပ်ကြီးဟာ လူသံတွေ ဆိတ်ငြိမ်သဖြင့် ဘေးလွတ်ရာသို့ ပြေးမယ် ဟန်ပြင်သော လိပ်ကြီးသည် ဦးခေါင်း လက်, ခြေများပြင်ဘက်သို့ ထွက်လာတယ်။ ဝိုင်းအုံလျက်နေကြသော လူစုကို အကဲခတ်ဟဲ့ သဘောနဲ့ တဖြေးဖြေး ရှေ့နောက် တောင်မြောက် ၄-ဌာနသို့ လှည့်ခါ လှည့်ခါ ကြည့်နေသည်။ ထိုအခိုက်တွင် ပညာရှိက ကျောက်ကုန်းတွင် ပါသော အက္ခရာ **မူလ** အနေကို ပူပြင်၍ ကွင်းပိတ်ပေးသဖြင့်(**စ**)အက္ခရာဖြစ်တယ်မှတ်။ ၎င်း (**စ**)အက္ခရာသည် ကွင်းပိတ် အောက်ဘက်သို့ လိပ်-လည်တိုင်းပါသွားခိုက် (ဝ) အက္ခရာ ဖြစ်တယ်မှတ်၊ ပဌမ နဂိုရ်ရှိရင်းစွဲ အနေဖြင့် အက္ခရာ ပက်လက်ဖြစ်လျှင် (ဗ) အက္ခရာဟူ၍ ပညာရှိက အမှတ်ပြုတယ်။ **နောက်ဆုံးတချက် ကြပ်ကြပ်သတိပြုယောဂီ**။ ပူလာရှိ အက္ခရာ၏ အဂ ပါးစပ်ရှိ လက်သည်းကွင်း ပုံစံကိုဖြုတ် ပြောင်းပြန်လှည့်ပြီးကပ်လျှင် (ဝ) အက္ခရာ ဖြစ်တယ်မှတ်။

## လိပ်ထဲက စ,မ ၄-လုံး

# ၈-၆-၉-၀

လိပ်အမှတ်ဖြင့် နိမိတ်ဘတ်လျက် ကောင်းကျိုးမင်္ဂလာ ရှိရမယ်လို့ ယူဆပြီး ကိုင်း- တပည့်တို့ ဒီလိပ်ကြီးကို မသတ် မဖြတ်ဘဲနဲ့ ရွှေရည် ငွေရည်လောင်း ဆုတောင်းမေတ္တာပို့ပြီး ပဲခူး မြစ်ထဲသို့သွား၍ ချမ်းသာစွာ လွှတ်လိုက်ကြလို့ ခိုင်းတယ်။

လိပ်ကြီးမြစ်ထဲသို့ ရောက်သွားဘိ၊ တံဆိပ် အက္ခရာကြောင့် လိပ် သက်သာသော နိမိတ် ဆက်လာပြီး အတိတ် ဓမ္မစကြာဉာဏ်မရွေ့သဖြင့် ဒီနေရာ ရွှေမော်ဓော၊ ဘုရား အမှန်ဧကန်ပုံဖြစ်၏။

ဒီမှာပုံစံ ဟောကွက်

| ၈ | ၆ | ၉ | ၀ |
|---|---|---|---|
| သစ္စံ-အမှန် | ဓနံ-ဥစ္စာ | ဗဟုံ-အများ | သုဝဏ္ဏံ-ရွှေ |
| ငါးရံ့ | ဥဒေါင်း | ပုဇွန် | လူဝံ |
| ဆား—ဂ | ထုံး—၁၀ | ဆပ်ပြာ-၁၉ | ယမ်းစိမ်း-၁၇ |

လောကီဝိဇ္ဇာများ ယူနည်း စတုပညာသ၊

၉-နဝင်း၊ ခေတ်ဆေး အာယုဝဍ္ဍန။

**အဓိပ္ပါယ်ဘာသာပြန်မှာ။** လိပ်ကြီးကို တွေ့ရှိတဲ့ နေရာဌာန ဟောဒီ မြေကြီး ၇-တောင် တူးကြတပည့်တို့။ကေန် အမှန် ဥစ္စာ ရတနာတွေ အများကြီး ရမယ်။ ရွှေတွေအများကြီး ရမယ်မှတ်။ တပည့်များက ဆရာပညာရှိ ပြောတဲ့ အတိုင်း မဆိုင်းမတွ ချက်ခြင်းဘဲ တူးကြ ဆွကြတယ်။

## ၇–တောင်စောက်အနက်တူးတယ်

ရတနာ ၇-ပါးနှင့် ရွှေမျှားမျှားကြီး တွေ့ဘီ။ အဲဒီ ရွှေတွေနဲ့ ရတနာတွေနဲ့ ဘုရားတည်တယ်။ရှေးခေါ်ပုံ **ရွှေမော်တော် ဘုရား**၊ ယခုကာလ ရွှေ့လာမှ **ရွှေမော်ဓော ဘုရား**လို့ အမည်နာမ် ပြောင်းသွားတယ်။ အဲဒီ ဥပမာအရ ဆရာ ယခု တရားဟော့တဲ့ မကျွှာပ်ကို လိပ်မကွှာပ်ဆိုတယ်။ ဒီမကွှာပ်၌ ၇-ရက်စဉ် တရားပွဲကြီးကို ရက်မပျက် ဆက်ဆက် တရားနာယူကြပါက၊ နောက်ဆုံးရက်ကျလျှင် **လိပ်ပတ် လည်လာလျှင်** လိပ်အပတ် လည်သောခါ၊ လိပ်ပတ် လည်အောင် တရားနာပါက ပဌမ အက္ခရာတလုံးက **အနတ္တဆိုသော**၊ ဓမ္မ-စကြာမှာ ဆုံးမယ် လို့မှတ်။ တရားတွေ့ပြီမှတ်။ တရားအစစ်တွေ့လျှင် ဒီလိပ်မကွှာပ်မှာဘဲ ဘုရားအစစ် တွေ့ရမယ်လို့ ပုဒ်ပြတ်မှတ်။

---

## လောကီ၌ သွားမကျိုး၊ ဆံမဖြူ၊ ခါးမကိုင်း၊ နားမထိုင်းသော အသက်ရှည်ဆေး

ဒီလိပ်ထဲက(စ·မ) အက္ခရာ ၄-လုံး၏ အဓိပ္ပါယ် သဘော ပေါက်သလောက် လိုရာကို သုံးစွဲနိုင်သည်မှာ ငါးရုံ့မြီးကွက်မှာ (စ) အက္ခရာ ပုံစံ ပါတယ်။ ဥဒေါင်းမြီးမှာ (ခ) အက္ခရာ ပုံစံပါတယ်။ ပုဇွန်အမြီး ၂-ခွမှာ(ဗ)အက္ခရာ ပုံစံ ပါတယ်။ လူဝံ၏ ဝမ်းဗိုက်တွဲတွဲမှာ(ဝ)အက္ခရာ ပုံသဏ္ဌာန်ပါတယ်။ ဒါ့ကြောင့် ငါးရံ့အသား, ဥဒေါင်းအသား, ပုဇွန်အသား, လူဝံ၏အသား တရွေးခန့်စီ ယူထားပါ။ (စ) အက္ခရာ အင်္ဂါ ဂြိုဟ်သက် ၈-နှစ်ရှိလို့ အင်္ဂါနံ ဖြစ်သော ဆားက ၈-ကျပ်သား၊ (ခ) အက္ခရာ စနေဂြိုဟ်သက် ၁၀-နှစ်ရှိလို့ စနေနံ ဖြစ်သော ထုံးက ၁၀ သား၊(ဗ)အက္ခရာ ကြာသပတေးဂြိုဟ်သက် ၁၉-နှစ်ရှိလို့ ကြာသပတေးနံ ဖြစ်သော အကြမ်းဆပ်ပြာက ၁၉သား (ဝ) အက္ခရာ ဗုဒ္ဓဟူး ဂြိုဟ်သက် ၁၇-နှစ်ရှိလို့ ဗုဒ္ဓဟူးနံဖြစ်သော ယမ်းစိမ်းက ၁၇-သား၊ ပေါင်း ဆေးအလေးချိန် ၅၄-ကျပ်သားမှတ်။ ၎င်းဆေး အစုစုကို ဇော်မံ၊ ဖွဲမီးနဲ့ဖုတ်, ပြာချ၊ပျားရည်နှင့်ဖျော်ပါ။ နံနက်-ည ဇွန်းယယ်နဲ့ တဇွန်းစီ သောက်၊ ခပ်သိမ်း ရောဂါပျောက်၊ ဆေးအချိန် ၅၄-ကို နက္ခတ် ၉-နဝင်းနဲ့စား၊ အကြွင်း သုည ဖြစ်လို့ စတုပဉ္စာသ ကိုးနဝင်း ခတ်ဆေးလို့ ခေါ်ကြ၏။

## စ၊ဓ၊ဗ၊ဝ ၄-လုံးကို ဆရာ၏ကိုယ်ပိုင်ဉာဏ်ဖြင့် ယူဆပုံ။

| ဿ | ဓ | ဗ | ဝ |
|---|---|---|---|
| သစ္စာ ၄-ပါး | ဓမ္မ-တရား | ဗုဒ္ဓ-ဘုရား | သိဝံ-နိဗ္ဗာန် |

အရိယာဝိဇ္ဇာယူနည်း။—ကာမစိတ် ၅၄၊ မဂ်-၄၊ ဖိုလ်-၄၊ နိဗ္ဗာန်-၁၊ ၅၄-ကို ၉-နဲ့စား၊ အကြွင်းသုည အနတ္တမှတ်။

လိပ်အပတ်မလည်ခင်က-အက္ခရာ ၁-လုံး။
လိပ်ပတ်လည်သောအခါ-အက္ခရာ ၄-လုံး။

ဒီလိပ်ရုပ်ကို ကျောက်သင်ပုံးမှာ ရေးဒါကို အချို့တရားနာသူက ဘယ့်နှယ် ဒီဆရာ လောကီဆရာဘဲ၊ ဒီလိုကင်ဝယ်ပြယ်။ (**လိုရင်းမှာ**)လိပ်ပတ်လည်အောင် တရားနာကြပါလို့ ယနေ့ ပဋ္ဌမညကစပြီး သတိပေးလိုသော ဥပမာမှတ်ကြ။ အရိယာ မဖြစ်ကြသေးသူတို့၏ ရင်ထဲမှာရှိတဲ့ ကာမစိတ်ကို ပရိယတ္တိအလိုမှာ ၅၄-မှတ်။ အကုသိုလ် ၁၂-ခု၊ အဟိတ်စိတ် ၁၈-ခု၊ ကာမာဝစရစိတ် ၂၄၊ ပေါင်း ၅၄-ဖြစ်တယ်။ အဲဒီ ၅၄-ပါးထဲမှာ အကုသိုလ်စိတ်လဲ ပါတယ်-ကာမဘဲ။ ကုသိုလ်စိတ် ၈-လုံးလဲပါတယ် ကာမဘဲ။ အကုသိုလ်ကံကြောင့် ဖြစ်ရသော အကျိုးပေးစိတ်က ၇-လုံး ဒါလဲ-ကာမဘဲ။ ကုသိုလ်ကံကြောင့် ဖြစ်ရသော အကျိုးပေးစိတ်က ၁၆-လုံး ဒါတွေလဲ ကာမပါဘဲ။ကျန် ၁၁-လုံး ကြိယာစိတ်တွေကိုလဲ ကာမဘဲလို့-ကျမ်းဂန်ကဆိုတယ်။ ။ကာမဆိုဒါ ပါဠိစကား၊လူပြိန်းတွေ လိုရင်းသိဘို့က (**ကာမ**)ကို ဘာသာပြန်နဲ့ ပြောမယ်-ရေးမယ်။ ပဋိပတ္တိနည်းကိုပြမယ်။ ။မြတ်စွာဘုရား ဟောကြားဆုံးမခဲ့သောတရားတော်က တရားရဘို့၊ ကိုယ့်ကိုယ်ကို သိဘို့၊ ကိုယ့်အကြောင်း ကိုယ်တွေးဘို့၊ ကိုယ့်အဖြစ်အပျက် ကိုယ်ဆင်ခြင်ဘို့၊ ပါဠိစကားကို နားမလည် တရားမရ၊ နားလည်မှ တရားရမယ် ပုဒ်ပြတ်မှတ်။

---

**ကာမ**-အလိုရှိခြင်း။
**ကာမ** အလိုမပြည့်ခြင်း၊
**ကာမ**-လိုလိုနေခြင်း။
**ကာမ**-ပိုတယ်မရှိ။

**ကာမ**-အလိုကြီးခြင်း။
**ကာမ**-တင်းမတိမ်ခြင်း။
**ကာမ**-အားမရနိုင်ခြင်း။

ကာမဇော ၂၉-ဆိုဒါလဲ ဒီကာမစိတ် ၅၄-ထဲကပါဘဲ။ ဘာသာပြန်မှာ၊ ကိုယ်လိုဒါတွေ ဇောစောခြင်း-စိတ်ရောက်နေခြင်းကို ကာမဇော ၂၉-လို့ ပရိယတ္တိအလိုဖြင့် သိဘို့မှတ်။

---

**ကာမ**-တောင့်တလို့မပြီး။
**ကာမ** မလွှဲသာလို့ အောင့်နေရတယ်။
**ကာမ**-ကိုယ့်အလို ကိုယ်သာသိ။
**ကာမ**-စိတ်ယဲက အခဲမကြေဘူး။
**ကာမ**-မကော်နိုင်-မတန်နိုင်။
**ကာမ**-သီလဂုဏ်ကြောင့်သာနေ၁်။
**ကာမ**-ကိုယ့်ဂုဏ်နဲ့မတော်အားကြီးလို့။

ကာမေတိ ဧတေနာတိ ကာမော။ ။ဧတေန၊ ထို ဒိဋ္ဌေစေတသိက်ဖြင့်။ ကာမေတိ၊ စွဲစွဲလမ်းလမ်း အလိုရှိတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ကာမော၊ ကာမ မည်၏။

---

**ကာမ**-ငါ့အလို လိုက်ရမယ်။
**ကာမ**-ငါပိုင် ငါဆိုင်အားလုံး။
**ကာမ**-ဘသူ့ကိုမှ ပေးစရာမလို။
**ကာမ**-စွဲသေ ငရဲပြေရောက်ပေစေ-ကြိုက်တယ်။
**ကာမ**-ငါ့ကိုချစ်လို့ ချစ်တယ်။
**ကာမ**-သူက မချစ်ပေမဲ့-ငါက ကြိုက်တယ်။
**ကာမ**-တရားစစ်ကို မနာမယူဘူး။

ကာမဂုဏ် ကာမရာဂ သံယောဇဉ် ကာမစ္ဆန္ဒ နိဝရဏ ကာမောဃ ကာမယောဂ ကာမာသဝ အဘိဇ္ဈာ ကာယဂန္ထ ကာမရာဂါနုသယ ဘဝရာဂါနုသယ။

---

**ကာမ**-ဇောစောနေတယ်။
**ကာမ**-သဘောအကျဆုံး။
**ကာမ**-နှစ်ခြိုက်လို့မပြီး။
**ကာမ** စုံမက်တယ် ဖွင့်မပြော။

**ကာမ**-မြတ်နိုးတယ်စိတ်ထဲက။
**ကာမ**-ကြည်ဖြူတယ် မျက်နှာချို။
**ကာမ**-သနားတယ် အသုံးတမျိုး။

အာရုံ ၆-ပါး ကာမဂုဏ် ၅ ပါးတို့ကို လိုက်စား ကြူးလွန်၍ လာခဲ့သော ဘဝပေါင်း အနန္တမှ ယခုဘဝ ယနေ့ ယနေ့ည ယခုခဏ အထိ၊ ကြိုက်လို့ လိုက်လို့၊ မိုက်လို့၊ နိုက်လို့ မဆုံး တပြုံးပြုံးနဲ့ သေနေ့ သေရက်ကို မတွေးနိုင်။

**ကာမ**-အိပ်ပပျော် စားမဝင်။
**ကာမ**-တမှိုင်မှိုင် ကတွေတွေ။
**ကာမ** မျက်စိကဆုံး ကြည့်နေရတယ်။
**ကာမ**-မြင်ဆဲမပြတ် ကြည့်လို့အားမရ။
**ကာမ**-မြင်ပြီးလျှင် အိမ်မက်မက်တယ်။
**ကာမ**-အတွေ့မှာနှစ်သက် တွေ့ပြီးတော့ကြင်နာ။
**ကာမ**-တကြောင်းမထောက် လကြောင်းထောက်။

ဘုရားအလောင်းတော် ကုသမင်း။ တနည်း၊ အနိရုဒ္ဓ မင်းသား တနည်း၊ တေလပတ္တမင်းသား။ တနည်း၊ မဒ္ဒလက္ခဏာဒေဝီကို မြင်ရရုံနဲ့ ချွန်လျော့ကျတဲ့ ရသေ့ကြီး။ တနည်း၊ ပြည့်တန်ဆာမ သိရိမာကို သိသာအောင် ကြိုက်ပိုး ပိုးတဲ့ ရဟန်းစသော အခြားသူ၏ ကဇာတ်၊ ပြဇာတ်၊ ထောင်ဇာတ်တွေကို ရှောက်ပြီး **ကာမ** တွေသာပုံ တွေးနေရင် အန္ဓမှတ်။**ကိုယ့်ကာမ**ကို ကိုယ်တွေးမှ ကလျာဏ။

---

**ကာမ**-ဟိုကြောင့်-ဒီကြောင့်ငဲ့လုံး။
**ကာမ**-နောင်-ဘဝတိုင်း၊ ဘဝတိုင်း ခံစားရပါလို၏။
**ကာမ**-နိဗ္ဗာန်မရခင်စပ်ကြား ဒီလင်နဲ့ဒီမယား။
**ကာမ**-မင်းကြီး၊ သူဌေးကြီး-မင်းကတော်၊ သူဌေးကတော် ဖြစ်ဘို့၊
**ကာမ**-ဖြစ်လေရာရာ ပျော်ဆိုသောစကား ပကြားရလို။
**ကာမ** ဘယ်တော့မှ မမေ့ဘူးဟဲ့။
**ကာမ**-ချစ်ခြင်းမေတ္တာ မဟာသမုဒ္ဒရာ။

ပိုးပင့်ကူ တိရစ္ဆာန်သည်၊ စက်ဝိုင်းပမာ၊ မိမိ၏ကိုယ်ခန္ဓာမှဖြစ်သော ပိုးချေး၊ ပိုးသွေး၊ ပိုးမျှင် ကိုဖြင့် ဟိုမှ ဒီမှ ဆက်သွယ်လျက် ကူးသန်းသွားလာဘို့ရာ ကိုယ်တိုင် တကောင်ထည်းစီမံလျက် ပိုးပင့်ကူသည် သားကောင်များစွာတို့ကို ပေါက်ဖွါးပြီးနေသကဲ့သို့၊ အန္ဓပုထုဇနိခေါ် ယောကျ်ားမိုက်-မိန်းမမိုက်တို့

သည်၊ အာရုံ ၆-ပါး။ တနည်း၊ ကာမဂုဏ် ၅-ပါးဆိုသော ကြိုးမျိုးစုံတို့ကို မိမိ၏ကိုယ်ခန္ဓာက ကိုယ်တိုင် ဆက်သွယ် ကူးသန်းသွားလာလျက် **၃၁-ဘုံစက်ဝိုင်း ပင့်ကူတိရစ္ဆာန်၏နေအိမ်ဥပမာ**နဲ့ ထပ်တူ။ တနည်း၊ မိမိကြိုက်နှစ်သက်ရာ ထိုထိုအာရုံကာမဂုဏ်တို့ကို လိုက်စားပြီး စက္ခုဝိညာဏ် စသော သား,သမီးများစွာတို့ကို ပေါက်စေ ပွါးစေသည်မှတ်။ တနည်း၊ အကောင်လိုက် အထည်လိုက်ဖြစ်သော ဃရာဝါသ **အိမ်ထောင်** ကျသဖြင့်၊ သား,သမီး, မြေး, မြစ် စသည်တို့ကို ပေါက်စေ ပွါးစေသည်ကို (ကာမ) အစစ်ဟူ၍ စာမကြည့်နဲ့ မိမိရဲ့တဏှာသိဂဏှာဟိ ပုဒ်ပြတ်မှတ်လေလော။

---

**ကာမ**-ချိုးမွမ်းခံလိုခြင်း။
**ကာမ**-ငါ့ကို ဦးစားပေးမှ ကြိုက်တယ်။
**ကာမ**-ငါ့အောက် ကြိုမှ သဘောကျမယ်။
**ကာမ**-ငါ့ဆီကိုလာ ဆည်းကပ်ပါ။
**ကာမ**-ငါ့တရားနာ-ငါ့ကျမ်းကိုသာကြည့်။
**ကာမ**-ငါ့နည်းကိုသာယူ သူများထံသွား-မကြိုက်။
**ကာမ**-ငါ့ပေး ငါ့လှူ-ငါ့တပည့် ငါ့အနားနေ။

လောကကြီး၌ လူဖြစ်ကြသော သာသနာတွင်းမှာ တရားမျိုးစုံတွေကို နာရပေမဲ့၊ မိမိမှာ ရင်တွင်းပူ မအေးသမျှ တရားမရဲသေး။ တနည်း၊ တရားအစစ်အမှန်ကို မကြားမနာရလို့မှတ်။ တနည်း၊ တရားအစစ်အမှန်ကို ကြားနာရသော်လဲ၊ ဟောတဲ့ တရားသားကို ဘာသာပြန်နဲ့ နားမလည်ကြလို့ **ကာမ** ထဲမှာ တဝဲလယ်လယ်။

---

**ကာမ**-ဣဋ္ဌာရုံ-ကိုယ်သဘောကြိုက်။
**ကာမ**-အခါအချိန်-နေ့,ညမရွေး။
**ကာမ**-အသက်ကိုစွန့်ရဲတယ်-မရမနေ။
**ကာမ**-ကြိုးဆွဲချသေ-အဆိပ်သောက်သေမယ်၊
**ကာမ**-ငါ့ပစ္စည်း ငါသေရင်-ငါဘဲ စောင့်မယ်-ခုလဲ စောင့်နေတယ်။
**ကာမ**-မစားရက်, မဝတ်ရက်, မလှူရက်။
**ကာမ**-ငါ အပင်ပန်းခံရှာမယ်-သူများ စားပေစေ။

(ကာကဝလ္လိယဇာတ်၌ ထမင်းထုပ်ပို့လာသော မိန်းမရဲ့ဆံထုံးကို ပါးစပ်ဖြင့် လှမ်း၍ကိုက်သော ကားတိုင်တင်-ရာဇဝတ်သား။) ပဒုမမင်းသားခေါ် ပေါင်တိုဇာတ်၌၊ လင်ကို ခံတောင်းနဲ့ရွက်၍ ထမင်းလည်ပြီး တောင်းကျွေးသောမိန်းမ။

တက္ကပဏ္ဍိတရသေ့ဇာတ်၌ ရေထဲမျောလာတဲ့မိန်းမကို လက်ပစ်ကူးပြီး ဆယ်ယူ ပေါင်းသင်းသော ရသေ့လူထွက် ဈေးသည်။)

ညှတ်ကျော့ကွင်းမှာ ပေါင်းရအောင် ကောင်းသမျှ ဒေါင်းမနဲ့ မျှား၊ အလောင်းဘဝက မှားခဲ့သော ဒို့ဘုရားအလောင်းရဲ့ ကာမကို ဖြစ်မှ-ဖြစ်ရလေခြင်းလို့ ပေးပငေါ်ကြနဲ့။ ယောဂီရဲ့ ကာမကို ပရိယတ်နည်းအရ (၁၄)မကပါဘဲ။ (ဩဇာ...ငါ၏ကာမမှာ) မငရဲကျွတ်နိုင်အောင် အနန္တ ရှိပါကလားလို့ ပဋိပတ်နည်းဖြင့် ယခု တွေးစမ်းပါ၊ တိုင်ပင်ပါ၊ ပြောရဲစမ်းပါ။

---

**ကာမ** တစ်ယောက်ကိုဖယ်-နတ်သမီး ၁၀၀၀-တင်းမတိမ်။

**ကာမ**-မျက်မိအကြိုက် စသော သမုဒ္ဒရာ ၆-စင်း။

**ကာမ** ဝိတက္ကပ ကိလေသာ-အမျှားသိ ထင်ရှားခြင်း။

**ကာမ**-ပရိယုဋ္ဌာန ကိလေသာ-မိမိစိတ်မှာ တရှုရှုထခြင်း။

**ကာမ**-အနုသယကိလေသာ -လာမထိနဲ့- ထိရင် မီးပွင့်သွားမယ်။

**ကာမ** လူ့စည်းစိမ်ပြီး နတ်စည်းစိမ် လိုတယ်၊ ကာမသုဂတိ ၇-ဘုံ။

**ကာမ**-အကြိမ်ကြိမ်, အဖန်ဖန် ခံစား, ခံစားလို့ အားရပြီးမှ နိဗ္ဗာန် တဖြေးဖြေး။

(**ကာမိယတိ ဧတ္ထာတိ-ကာမော**) ဧတ္ထ၊ ဤဌာန၌ ဤလူ့ဘုံ-လူ့ဘဝ ဤခန္ဓာသမူဟ အစု၌။ ကာမိယတိ၊ အလိုရှိအပ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ကာမော၊ ကာမမည်၏။ **ကာမစိတ်** (၁၄)ကို ဝိပဿနာဉာဏ်ဖြင့် အကျယ် ဝေဘန်၍ ဒုက္ခသစ္စာ ထင်ရှားအောင် ဆရာမသေခင် ရေးခဲ့မည်။ ကာမစိတ်ဟာ ၁၄-ပဟုတ်၊ အနန္တရှိကြောင်း။ လိုလို့ အားမရ တင်းမတိမ်ကြောင်း မတော်နိုင်, မတန်နိုင်, မရပ်နိုင်သော, မဝနိုင်, မပြီးနိုင်သော မိမိ၏စိတ်ကာမကို ရေတွက်လို့ အသုံးအစ မရှိကြောင်း။ ဒုက္ခသံဝေဂ ရစေလိုသည် ယောဂီတို့။ (တရားရှာ-တရားရပေမေ။)

အဲဒီ ကာမစိတ် အနန္တကို ဘုရား ဉာဏ်တော်ဖြင့် အကျဉ်းချုံး၍ ၁၄-ပြတယ်လို့ ပရိယတ်ကို ကြည့်ညိုကြ။

---

**ကာမ** အရဟတ္တမဂ်ဉာဏ်-မရောက်, မရနိုင်။

**ကာမ**-အနန္တရဲ့လက်ကိုင်ဒုတ်-ဗာလရဲ့ လွယ်အိတ်။

**ကာမ**-ပုထုဇ္ဇနရဲ့ ဦးထုပ်-ပုထုဇန်ရဲ့ ခါးပတ်။

**ကာမ** နိဗ္ဗာန်လမ်းပြ သပ္ပုရိသ-ဆရာစစ်ကို မတွေ့ဘူး။

**ကာမ** ဆရာအစစ်အမှန်ကို-ရဲန်ပြုခြင်း, တော်လှန်ခြင်း။
**ကာမ**-အနတ္တဉာဏ်ကို ရပေမဲ့-ကတ်တတ်တတ် ငဲ့လုံးရှိခြင်း။
**ကာမ**-၃၁-ဘုံ ဂျပိုး-ခန္ဓာကိုယ်တွင်းကို ထိုးတဲ့ပိုး။

သတ္တဝါခပ်သိမ်းကို သတ်သူဘသူလဲ **ကာမ**၊ ကြိုးပေးသူ ဘသူလဲ **ကာမ**၊ သက္ကာယဒိဋ္ဌိမကွာနိုင်ဒါ **ကာမ**၊ သက္ကာယဒိဋ္ဌိကွာပြီးနောက် သွေးဗိုက်၌ ပဋိသန္ဓေနေရဒါ **ကာမ**၊ ပုဂ္ဂိုလ်မြတ်ကို မရှုစိမ့်ဒါ **ကာမ**၊ ဝိပဿနာတရားမှန်ကို အရေးမယူဒါ **ကာမ**၊ ကိုယ့်အဖွဲ့-ကိုယ့်ဂိုဏ်းကိုသာ အရေးယူဒါ **ကာမ**၊ ငါထိပ်သီးဖြစ်ခိုက် ငါလုပ်ချင်ဒါလုပ်ထာ **ကာမ**၊ ပညာရှိကဲ့ရဲ့မှာ မကြောက် မရှက်ထာ **ကာမ**၊ သညာသိသမျှနဲ့ တရားရပြီလို့ တင်းတိမ်အထင်ကြီးနေဒါ အဆိုးဆုံး **ကာမ**မှတ်။

---

**ကာမ**-ဟိတ်ထုတ်ခြင်း-ရှိတ်ပြခြင်း။
**ကာမ**-ရှိုးလုပ်ခြင်း၊ ဟန်အနေပြခြင်း။
**ကာမ**-ဣန္ဒြေစောင့်ခြင်း-တိတ်တိတ်ပုန်းကြံခြင်း။
**ကာမ**-ရဘ္ဘိုအမြဲတန်း ကြံစည်ခြင်း။
**ကာမ**-အိမ်ပေါ်မှာသေပြပေမဲ့-သံဝေဂ မရ။
**ကာမ**-မြို့ပိုင်,ပြည်ပိုင်ကိုဖယ်-စကြာမင်းဖြစ်ဘို့။
**ကာမ**-ပိဋကတ် ၃-ပုံ ဘယ်မျှဘဲတတ်တတ်-ပဋိပတ်မဆိုက်။

ဝိပဿနာ ပဋိပတ်ဉာဏ်အမြွက်မျှပြလိုက်သော ကာမစိတ် အနန္တတို့၏တည်ရာမှီခိုရာ၊ကိန်းအောင်းရာ ဥပါဒါနက္ခန္ဓာခေါ်တော့ သက္ကာယဒိဋ္ဌိ ခန္ဓာခေါ်တော့။ အကျဉ်းနည်းဖြင့် ၅၄-ကာမဂုဏ်ခေါ်သော ကာမနဲ့ ကာမာဝစရခေါ်သော ကာမကို ပရိယတ်ပဋိပတ်စွယ်စုံဉာဏ်ဖြင့် ဝေဘန်ကြစေ။ **(မဂ်—၄၊ ဖိုလ်—၄၊ နိဗ္ဗာန်—၁၊)** လောကုတ္တရာတရား ၉-ပါးတို့နှင့်ကာမစိတ် ၅၄-ကို စားခဲ့-ချေခဲ့သော်၊ အကြွင်းမှာ ဗလာ-သုည-နတ္ထိ။ ဘာတခုကမှ မရှိမှတ်။ အာရုံ ၆-ပါးလာဘ်ပေါ်ထွက်နေပေမဲ့ ခံစားပြီးပျောက်၊ ခံစားဆဲမှာ ရှာမတွေ့၊ မခံစားမီက အရှင်းမရှိမှတ်။ အဲဒီလို အကြွင်းသုညဖြင့် အနတ္တကို ဆိုက်ရောက်မည့်တရားမှတ်။ လိပ်ပတ်လည်အောင် ၇-ရက်စဉ် တရားကို မပျက်မကွက်ကြားနာလျှင် အပါယ်မကျတော့ဘူးလို့ စိတ်သာချ ဒီနေရာ လိပ် ပဏာမချုပ်ကာပြီ။


လိပ် ပဏာမပြီး၏။

---

## ယနေ့ည နာမပညတ်အဖုံးကို ဖွင့်၍ ဟောမယ်။

ရန်ကုန်မြို့၊ မန္တလေးမြို့၊ ဦးမြတ်သိန်းထွန်း၊ ယောကျ်ား၊ မိန်းမ၊ ခွေး၊ ကြက်စသော ခေါ်ဆိုမှုတွေကို ပညတ်မှတ်။ ဟောဒီ ခန္ဓာကိုယ်အတုံးကြီးကို ပရမတ်မှတ်လိုက်။ သတ္တဝါတွေ တရားမရကြဒါ ဘာ့ကြောင့်။စာစကားနဲ့ပြော လျှင် ပညတ်နဲ့ပရမတ်ကို နားမလည်လို့မှတ်။ ဘာသာပြန် လူပြိန်းသိဘို့ ပြော ရလျှင် အမှားနဲ့အမှန်ကို ခြားနားမသိလို့မှတ်။ ပရမတ်ကို ပညတ်ဖုံးနေလို့ တရားမရဘူး။ တနည်း၊ အမှန်ကို အမှားဖုံးနေလို့တရား မရဒါမှတ်ကြ။

## ဟောဒီမှာ ကြည့်စမ်း ပန်းကန်။



ဒီလက်နဲ့ကိုင်ထိ ထားသော ဝတ္ထု တခုကို ပရမတ်လို့မှတ်။ ပန်းကန် လို့ ခေါ်ဆိုခြင်းကို ပညတ်မှတ်။ ဒီဝတ္ထုကို ခွက်ခေါ် နိုင်တယ်။ ပန်းကန်ခေါ်နိုင် တယ်။ ခေါ်ဒါတွေ ပညတ်တကယ်မရှိ။ ပန်းကန်နာမည်ကို လက်နဲ့ထိ စမ်းသပ် လို့မရ။လက်နဲ့စမ်းသပ်လို့တွေ့ထိသမျှပရမတ်မှတ်လိုက်။ပရမတ်ခေတ်သားလို့မှတ် ထား။ လဘက်ရည်အိုး,လဘက်ရည် ပန်းကန်,အစ၊ ကုလားထိုင်, စားပွဲ,ညောင် စောင်း, ကုတင်, ဘီဒို, အိမ်, ကျောင်း, သစ်ပင်, တော, တောင်, ရေ, မြေ, ကောင်းကင်, နေ, လ, နက္ခတ်စသော ကမ္ဘာဦးက စ၍ ယခုတိုင် လောကကြီး မှာ ခေါ်ဆိုမှု, ပြောမှု အမှတ်အသား ပြုပြီး၊ ဤဝတ္ထုကို သဘောသိ, ဤဝတ္ထု ကို အနုံးသိ စသည်ဖြင့် (**သင်္ကေတ**)ပြု၍ ခေါ်ဆိုသမျှတွေကို နာမပညတ်မှတ်။ ဒီခေါ်မှု နာမည်ကို လက်နဲ့စမ်းသပ်လို့မရ၊ ရဒါ-ပရမတ်မှတ်။(ပညတ်နဲ့ပရမတ် ၂-ခုကို ရှင်းအောင် ဘတ်ကြ-နာယူကြ။ ပန်းကန်တလုံးနဲ့အမြန်ဆုံးသိရအောင် **သက်မဲ့မှန်သမျှ** အားလုံး ဉာဏ်သွားကြပေတော့။)

ရန်ကုန်မြို့လား, မြေကြီးလား, လက်နဲ့စမ်းလို့ ပညတ် နာမည်ကို ရှာကြ ယောဂီတို့။လောကစကားနဲ့ လူပြိန်းသိဘဲပြောစမ်းပါ။ လက်တွေ့လက်ထိ မြေကြီး ကိုလက်ဖြင့်ထိ၍မေးပါ။**ရန်ကုန်မြို့ကြီးလား၊ မြေကြီးဘဲလား။** တနည်း၊မန္တလေး မြို့အစစ်လား၊ အခြားတောရွာက မြေကြီးမျိုးဘဲလား၊ ခလေးတွေကိုမေးပါ။ ခလေးက လက်ခုပ်နဲ့ကြုံးယူ၍ပြတယ်။ (**ဘကြီး**) ဒါ-မြေကြီးတွေဘဲ၊ သဲတွေဘဲ၊ ရွှံ့ပုပ်တွေဘဲ၊ ကတ္တရာစေးတွေသုတ်ထားဒါဘဲ။ ခလေးကဖြေပုံကို နားထောင်၊ ဘကြီးက ဒီမြေကြီးအစုကို မန္တလေးမြို့ ထင်နေသလား-ဘကြီးရဲ့၊ မျက်စိကို

**သေသေချာချာ ပွတ်သပ်ကြည့်စမ်းပါ၊ မြို့ကြီးမဟုတ်ဘူး ဘကြီးရဲ့ဘဘကြီးရဲ့၊ မြေကြီး-မြေကြီးဗျ။**

**အံမယ်, လေးဟဲ့** .. (မြေကြီးကို မြို့ကြီး ထင်ဒါများ)အမှန်ယူရင် မြေကြီး၊ အမှား,ယူရင် မြို့ကြီး၊ ဒါ·ခလေးသိမှတ်၊ လူပြိန်းသိမှတ်။ (တရားနဲ့သုံးလျှင် စာ စကားနဲ့ ပြောလျှင် ဟောဒီလက်နဲ့ထိထားဒါ ပရမတ်၊ မြို့လို့ခေါ်ဆိုကြဒါ ပညတ်။မြို့အရှင်းမရှိဘူး၊ ပရမတ်ခေတ်သားအစုမှတ်။)

တရားရှာဒါ ဟောဒီ ခန္ဓာမှာ ရှာကြ ယောဂီတို့။ ဒီမှာကြည့်စမ်း၊ ဆရာ ဟောတဲ့ တရားကို နာလျှင် လူကိုကြည့်နာပါ။ ဘာ့ကြောင့် ကိုယ်တွေ့·လက်တွေ့ ဟောပြချင်လို့ကြည့်နာကြပါ၊ ဆံပင်ဒီမှာ ခေါ်မှုအမည် မရှိဘူး။ လက်နဲ့ထိကိုင် ထားဒါမှန်လျှင် ပရမတ်မှတ်။ ဒါလဲ ပရမတ်၊ ဒါလဲပရမတ်၊ ဟောဒီနေရာလဲ ပရမတ်။ တကိုယ်လုံး ပရမတ်တုံးကြီးလို့ ပုံပြတ် မှတ်လိုက်။ အပျက်တုံးကြီးလို့ အနိစ္စကို ယနေ့ည အသံပြုလိုက်မယ်။ ပရမတ်ပျက်စုအတုံးကြီးဘဲလို့ ကိုယ်စီ ကိုယ်ငှ တွေးပြန်ကြ။ စာဘတ်တဲ့ ယောဂီ စဉ်းစားဘတ်။ **ဓမ္မကထိကဒီပနီ** ဆိုဒါ တရားဟောထုံးကို ရေးတယ်။ (ငါတို့အိမ်ပေါ်သို့) ဆရာကြီးကိုယ်တိုင် လာ၍ ၇·ရက်စဉ် ဝိပဿနာတရားစစ်စစ်ကို ဟောနေပါကလား။

မတရားရဘို့ ဒီခန္ဓာနဲ့ အရင်းပြုလျှင် တရားရဘို့လဲ ဒီခန္ဓာနဲ့ဘဲ အရင်းပြု ကြတော့။ အချို့တရားရှာလျှင်၊ တောထဲ,တောင်ထဲမှာ ထင်ကြတယ် မဟုတ် ဘူး။ တောထဲ,တောင်ထဲမှာ တရားမရှိဘူး။ ဟောဒီခန္ဓာမှာသာ တရားရှိတယ် မှတ်။ ဒီမှာကြည့်စမ်း၊ လောကအမှတ်နဲ့ ဟောဒီ ပရမတ်တုံးကြီးကို, အပျက် တုံးကြီးကို (**ဦးမြတ်သိန်းထွန်း**)လို့ ခေါ်တယ်၊ ယောကျ်ား အယူအစွဲ ရှိထား ကြတယ်။ **ဦးမြတ်သိန်းထွန်း** မရှိကြောင်း, ပညတ်ဖြစ်ကြောင်း ရေးခဲ့·ဟောခဲ့ ပြီ။ ယောကျ်ား မဟုတ်ကြောင်း, မရှိကြောင်း, နာမည်ကို ရှာကြပေတော့။ **မောင်စိန်၊ မောင်မြ၊ မစိန်၊ မမြ** နာမည်ပညတ် မရှိ၊ ယောကျ်ား, မိန်းမ, နာမည် ပညတ်မရှိ။ ဆံပင်, နဖူး, နှာခေါင်း, နားရွက်, လည်တိုင် စသည်မရှိ။ **(မရှိပညတ်၊ ရှိပရမတ်။)**

**(အမည်ဟူသမျှ ခေါ်ဆိုကြ–နာမပညတ်သိ။)**
နာမပညတ် အခဏ်း သိမ်းပြီ။

## သူဌေးသမီး(ကာလီ)နိဂုမ်းသတ်။

မြတ်စွာဘုရား ပွင့်တော်မူစက ဘုရားကို အရှင်း မဖူးမတွေ့ရ၊ တရားတော်ကိုလဲ မကြား မနာရပါဘဲ၊ အရိယာ သောတာပန် ဖြစ်သော သာဝတ္ထိပြည် သူဌေးသမီး **ကာလီ၏** ဇာတ်လမ်း အတိုချုပ်ကို နားထောင်ကြ။ ညတညဥ္ မိမိတို့ နေအိမ် ပြာသာဒ် တိုက်ခန်းအဝ၌ ခေတ်သုံး(တိုက်၏ လသာခန်း၌)မိမိ၏ ကိုယ်ဝန်လွယ်ရသော သားဒုက္ခကို ညည်းလျက်, တွေးလျက် စဉ်းစားနေတယ်။ ဩြော် .. လောကလူ့ပြည် ပြောရမဲ့ အမှုတွေ ရှည်လှချည့်ကလား။ မိဘ ၂-ပါး မွေးဖွားလာစ ခလေးမကလေး၊မိန်းခလေး၊မိန်းမကလေးခေါ်တယ်။ **(ခလေးမ)** ကစ အပျိုကလေး-အပျိုကြီး တကိုယ်ထည်းနေရာက ၂ ကိုယ် ခရီးစဉ်ရှောက်၊ မီးအစဉ်တောက်ပြီး လာလိုက်ထာ၊ ကြည့်စမ်း-ယခုတော့ ၂-ကိုယ်က ၃-ကိုယ် ဖြစ်လာပြီ။ အင်မတန်ကြီးလေးသော ဝန်ထုပ်ကြီးပါကလား။ အချို့ ဆင်းရဲ သောလူများကတော့ ထင်ကြမယ်။ သာဝတ္ထိပြည်ပေါ်၌ နာမည်ကျော် သူဌေး သမီးလို့ အဝေးအနီးက **ကာလီ–ကာလီလို့** နာမည်ကိုကောင်မှ ထုတ်ဖော်၍ မခေါ်ရဲကြ။ ဘာ့ကြောင့် စိန်, ရွှေ, ငွေ့အစ ပေါကြွယ်ဝသဖြင့် သုံးချင်တိုင်း, စားချင်တိုင်း, လှူချင်တိုင်း,ထင်သလို (တိုက်အရိပ်ပေါ်က ကြိုက်စိတ် ပျော်သလို နေရလို့, သုခချမ်းသာရှိမှာ ကေန်ဘဲလို့ ပညာနည်းပါးကြသော အမျိုးသမီး တွေကတော့ အထင်ကြီးကြမယ်။ ။ကိုင်း-ယခုတော့ ဒီရောဂါကြီး, ဒုက္ခကြီးကို. ဘယ်သူကုလို့ ရကြမှာလဲ။ တရားနာသူတွေ စဉ်းစားကြ။ ပဋမသား သန္ဓေ ရှိဒါကို အကြီးဆုံး ဒုက္ခဘဲလို့ ကာလီမိန်းခလေးက သံဝေဂရကြသလို၊ သား ၅-ယောက်၊ ၇-ယောက်၊ ၁၂-ယောက် မွေးဖွါးဘူးကြသူတို့ ဒီလိုဒုက္ခကို တွေးဘူး ကြရဲ့လားလို့, စဉ်းစားကြ, တိုင်ပင်ကြ၊) ငါ့ဒုက္ခငါရှာ၊ ငါ့မသာငါဆုတောင်း အကောင်းထင်မှက်။ အိမ်ထောင်-ဇာတ်ထောင်ရဒါ ဒီခန္ဓာ ဖြစ်တိုင်း-ဖြစ်တိုင်း ဒီလိုချည်း နေမှာဘဲ။ မနှစ်က-အပျို။ ဒီနှစ်တော့-အအို။ မနှစ်က-အအို၊ ဒီနှစ် တော့-ခလေးအမေ၊ တမျိုးစီ-တဖုံစီ ရုပ်မျက်လှဲ့ ပြပုံကို ညအခါ လ,သာဆဲ၊ လ,သာခန်းမှာ ကာလီရှဲ သံဝေဂတွေးလုံး။

---

ဘုရားဖြစ်စ ၁၀၃-ခုနှစ်။ ဝါဆိုလပြည့် စနေနေ့တွင် မိဂဒါဝုန်တောသို့ ပဉ္စဝဂ္ဂီခေါ် ငါးယောက်အစု ရသေ့တို့အား၊ ဘုရားဖြစ်ကြောင်း သိစေဘို့ရာ တရားထူး ဓမ္မစကြာကို ဟောပြ ဆုံးမတော်မူရန် ကြွတော်မူတယ်။ တန်ခိုး အဘိညာဏ် ကောင်းကင်ခရီးက ဈာန်ယာဉ်စီး၍ မကြွပါဘဲ အပင်ပန်းခံလျက် မြေပြင်ကြီးကို ခြေလျင်ခရီးဖြင့် ကြွတော်မူဒါ ဘာသူ့ အတွက်လဲ၊ ဘာကို မြော်လင့်လို့လဲ၊ (ရသေ့ကြီး ဥပကနှင့်တွေ့ဘို့။)

## ဥပကရသေ့ ယခုအခ ဘုရားတွေ့။

ဥပက ရသေ့ကား၊ မြတ်စွာဘုရားသွားလိုသော လမ်းမ-ညာဘက်တောစပ်မှ ဘယ်ဘက်ခရီးလမ်းမသို့ အထွက် ရင်ဆိုင်လျက် (ရသေ့နဲ့ဘုရား)ဒီနေရာ အတွေ့ စကားပြောဘိ။ ။ကိုင်း-အသင် ဘသူလဲလို့-ဘုရားက မေးတယ်။ ရသေ့က-ကျုပ် ရသေ့လဲ ခေါ်တယ်၊ ရဟန်းလဲ ခေါ်တယ်။ ပရပိုဇ်လဲ ခေါ်တယ်။ အရိယာသူတော်ကောင်းလဲ ဟုတ်တယ်။ အများက ရိုသေကိုင်းညွှတ်၍ အထွဋ်အထိပ် တရားကို ကြိုးစားရှာတွေ့ အားထုတ်ပြီး တောအုပ်ကြီးထဲမှာ နေတယ်။ အထွဋ်အထိပ်ဆိုဒါ ဘာတရားများအားထုတ်ပါသလဲ။ အားထုတ်တဲ့ တရားကတော့ လူသံမကြားသောအရပ် တောထဲသို့ ချဉ်းကပ်ပြီးနေဒါပါဘဲ။တောထဲ နေဒါ တရား ဆိုမှာလား။ ရွာထဲမှာတော့ မျက်စိ အာရုံ, နား အာရုံ အစ ကာမဂုဏ်စိတ်တွေ ထကြွ သောင်းကျန်းတယ်။ ဒါတွေကို မမြင်ရ မကြားရ တော့ ကာမဂုဏ်စိတ်တွေ မထ,မကြွဘူး။ ဒါ့ကြောင့် ဆိတ်ငြိမ်ရာမှာဘဲ နေဒါ တရားပေါ့ တရားပေါ့။

အစားအသောက်ကို ပြောပါအုံး ကြက်သား, ဝက်သား,ငါး, ဖါး ဆိတ်, ဝက် စားချင်စိတ် အကုန်ပျက်လို့ ရသမျှ ရှိသမျှ ရောင့်ရဲ တင်းတိမ်ပြီး သစ်သီး သစ်ရွက်တို့နဲ့ဘဲ စားသောက်ခါ နေတော့ဒါပါဘဲ။ အသင့်အား ဒီကိုယ်မှာဝတ် ဆင်ထားသော အဝတ်ကို ဘယ်သူက ပေးထားပါသလဲ။(**ဟာ**)အဝတ် ဝတ်ဘို့ ဘယ်သူက ပေးရမှာလဲ။ ကိုယ့်အဝတ်ကိုယ်ဘဲ ရှာတွေ့ပြီး သင့်သလို ဝတ်နေဒါ ပေါ့။ ဒါနဲ့-နို့နေပါအုံး၊ ကျုပ်ကိုတော့ မေးတယ်။ အသင်ကော ဘယ်က လာလို့ ဘယ်ကို ယခု သွားမလို့လဲ။ မိဂဒါဝုန်တောနေ ရသေ့တို့အား ထူးမြတ် သော တရား အကောင်းဆုံး တရား, မဂ်ပေါက်ဖိုလ်ဝင် အေးငြိမ်းရာ နိဗ္ဗာန်ကို အလိုလို မြင်နိုင်တဲ့ တရားကို ဟောပြ ဆုံးမဘို့ သွားမယ်။ လာခဲ့တဲ့ လမ်းစ ကတော့ မဟာဗောဓိပင်ဌာနက လာခဲ့တယ်။

ဥပက-က၊ ရယ်တယ်။ အံမယ်လေးဟဲ့ ခက်တော့ တာဘဲ ဆရာကြီးရဲ့၊ မဂ်ပေါက် ဖိုလ်ဝင် အလိုလို နိဗ္ဗာန်မြင်နိုင်တဲ့ တရားနဲ့ ပဥ္စဝဂ္ဂီ ရသေ့တို့ကို ဆုံးမရအောင် သွားမယ်ဆိုသော **မဂ်ပေါက် ဖိုလ်ဝင်** ဆိုတဲ့ စကား တယ်လဲ ကြီးကျယ်ပါကလား။ ကျုပ်တို့ တောထဲမှာ နှစ်ရှည် လများ နေပြီး ကြိုးစား အားထုတ်လို့ မဂ်စော် ဖိုလ်စော် ဘာစော်မှ မနံဘူး။ ဒီ နိဗ္ဗာန်ရဘို့ တရားကို ဘယ်လို ပုဂ္ဂိုလ်မှ ယခုအခါ မသိနိုင်ဘူး ဆရာကြီးရဲ့။

## တရားအစစ်ကို မသိမတွေ့သမျှ ဘုရားအစစ်ကို မသိနိုင်-မတွေ့နိုင်။

မိဂဒါဝုန် တောသို့ မကြွပါနဲ့။ ဘာပြုလို့လဲဆိုတော့ ရသေ့ကြီးတွေ နေပုံ, စားပုံ အင်မတန် စည်းကမ်းကြီးတယ်။ သူတို့နေကြတဲ့ ကျောင်း သင်္ခ်ဏ်း စည်းဝင်း စည်းဝိုင်း အတွင်းသို့ဘယ်လိုလူမျိုးမှ မဝင်မလာရဘူး။ သူများ မဝင်ရပေမဲ့ ကျုပ်ကတော့ ဝင်ရပါတယ်။ အသင် ဘယ်ကလဲ၊ ကျုပ်-မဟာဗောဓိက၊ ဘယ်လို ပုဂ္ဂိုလ်ဆိုမလဲ၊ ဇိနခေါ်တယ်။အနန္တဇိနလဲခေါ်တယ်။ရန်မျိုးစုံ အောင်နိုင်လို့ **အနန္တဇိနံမှတ်**။ လူ, နတ်,ဗြဟ္မာ အားလုံးသော သတ္တဝါတို့ကို အပ္ပါယ် စသော သံသရာဒုက္ခ။ တနည်း၊ မွေးခြင်း, သေခြင်း ဒုက္ခတို့မှ လွတ်မြောက်သော တရားထူးကို ဟောပြ နိုင်တယ်။ လိုချင် သူကို ပေးနိုင်တယ်၊ ဒါကြောင့် လောကကြီးမှာ **အသဒိသ ပုဂ္ဂလ** ခေါ်တယ်။ **အတုလ ပုဂ္ဂလလဲ** ခေါ်တယ်။ အများတို့က ဦးတိုက် ဦးခိုက် ဦးညွှတ် ဦးချ မာနလျှော့ ရှိသောမြတ်နိုး ရှိခိုး ပူဇော် ဖူးမျှော်ထိုက်သော ပုဂ္ဂလဝိသေသ ဖြစ်လို့ ဘုရား ခေါ်တယ်၊ ဘုရား ဘုရား။

> ထိုစဉ် အခါဝယ် ကပိလ ပြည်နယ်နှင့်တကွ၊ တိုင်းကြီး, ပြည်ကြီး အသီးသီးတို့၌ သူက သူတော်ကောင်း၊ ငါက ပညာရှိ၊ ငါမှ လူဟုတ် သူကဲလူကြီး၊ ဒီလူက အထက်တန်း၊ ဟိုလူကတော့ အမိပတိ၊ ဤသူက ရသေ့၊ ထိုသူက ရဟန်း၊ ဟိုနယ်က ရဟန္တာ၊ ဒီနယ်, ဒီဒေသက ဘုရားပေါ်နေတယ် စသည်ဖြင့် လောကကြီးမှာ ထုံးစံ ဓမ္မတာ အတိုင်း နဂိုရ်ရှုပ်ပြီး ဘုရားထူးခံတွေ ဗိုလ်လုပ်နေကြတယ် ယောဂီတို့။ လမင်းပတ္တက်ပေါ်မိ ပိုးစုံးကြူး အရောင် ရေနံဆီ မီးခွက်ရောင်ဓာတ်မီး ရောင်စသောခေတ္တ အယောင်ဆောင်တွေ ပေါ်စမြဲရှိစမြဲ ထုံးစံပါဘဲ။

ကျုပ်က ဘုရားဘဲလို့ ပြောလိုက်တော့ ဥက္ကောင်းကို တဘက်စောင်းငဲ့ပြီး နားစိုက် အကဲခတ်နေတဲ့ ရသေ့ကြီးက အင်း-အသင်ကလဲ တမျိုးဘဲ၊ တမျိုး ဗိုလ် ပေါ်လာပြန်ဒါဘဲ၊ ကိုယ့်ကိုယ်ကိုယ်ဘဲ နာမည်ဖေါ်ပြီး ဘုရားခေါ်တယ် ဆိုဒါ ဟုတ်ပေလိမ့်မယ် ဟုတ်ပေလိမ့်မယ်၊ ဟုတ်ဟန်တူပါရဲ့၊ ပါဠိ စကားနဲ့တော့(**ဟုပေတိ**) ဟုတ်လောက်ကဲ့ဆို၍။ ဥက္ကောင်းကို ငြိမ့်ပြတယ်။ အဲဒီအခါကျတော့ ဘုရားဂုဏ်ကို ပြလို၍ မေးပြန်တယ်။ အသင်ရသေ့ကြီး ယခုဘယ်ကို သွားမလို့လဲ။ သွားမလို့တုံး။ ပေါဟိုက သေတနီဂုမ်း ဇနပုဒ် ရွာထဲသို့

**သွားမယ်။** သစ်သီးများနဲ့စားဘို့ဆားအလှူခံ၊ဆားတောင်းရအောင် သွားမယ်။

တရားတတ်လျှင်-ဖြောင့်ရမယ်။

စကားတတ်လျှင်-စောင့်ကြကွယ်။

တချို့ စကားပြောဒါ တယောက် ပြောလျှင် တယောက်ကဝင်ပြီး လုပြောတယ်။ စကား ဆုံးအောင် နားထောင်ပြီးမှ ပြောကြပါ။ စကား အကျကို နားထောင်ပြီးမှ ပြောကြ ယောဂီတို့။

ပဋ္ဌမ စကားတုံးက လူသံမကြားလို့ တောထဲ၌ ယိပ်ငုံပ်ရာ ဖြစ်သော သစ်တပင်နား ဝါးတပင်အောက် တယောက်ထည်းထည်း တရားရှာတယ်။ ယခု ဘယ်ကို သွားပလဲ ပေးတော့ ဆားတောင်းရအောင် ရွာထဲသွားမယ်။ မြတ်စွာဘုရားက ဒီအချက် ရသေ့၏ သက်သေခံ ကိုယ်တိုင် ထွက်ဆိုချက် မဂ်ဖိုလ်ဘက်နဲ့ နဲနဲမျှ မသက်ဆိုင်ပုံကို စကားကျဖမ်းပြီ။ ကောက်နုတ်ချက် မှတ်ပြီ။ ကောက်ချက် ချ ကပြီ။

ဘယ့်နှယ်လဲ ရသေ့ကြီး၊ ချဉ်ဆားမှိုးဘို့ လူသံတွေ အားကြီးတဲ့ ရွာထဲသို့ ယခု သွားချင်လာတော့ ဆိတ်ငြိမ်ရာကို ချဉ်းကပ် ခိုမှီးတဲ့ တကိုယ်သည်းစိတ် ဟုတ်သေးရဲ့လား။ တကိုယ်စိတ် မဟုတ်ပါဘဲ ၂ ကိုယ်စိတ်,အပျိုစိတ်, မီးပွါးမှဲ့ ရီးစားစိတ်တွေများ အသင်ရသေ့ကြီးရဲ့ ရင်တွင်း နှလုံးသားမှာ ဖွင့်ဟ၍ မပြောနိုင်ဘဲ တအုံနွေးနွေး တဆွေးဆွေး (အနုသယ ကိန်းသမျှ- ဥပကရဲ့ မိန်းမ)များရှိနေလေသလားမသိ၊ ကဲ-ကဲ အသင်လဲ ဆန္ဒရှိရာ သွားပေတော့။ ဆားနဲ့မယား ရှာချင်ဒါသာ ရှာပါ။

ကျုပ်ကလဲ ငါးဦးရသေ့တို့ထံ တရားထူး တွေ့စေဘို့ အမြန်၊ ပိဂဒါတော အစစ်သို့ ဒဘိခမ္မာ သဘောအနှစ် (**ကာမနဲ့အတ္တ**) မဟုတ်ဘူး ၂-ဘက် ပင်ပန်း နေကြလို့ တရားဓမ္မစက် အမြင်စခန်းကျကျနှင့် ငါးရက် သင်တန်း ပြသွားမယ် ပြောပြီး လမ်းလွဲတယ်။ ယခုလို ဓမ္မအရိပ်ပြ **ပရိစိတ္တ ဝိဇာနန** အသိဥာဏ် ဒီနေရာပြလိုက်တယ်။တဲ့တဲ့ပြောင်ပြောင် ပြောပြလိုက်တော့၊ တဏှာစွဲ အနုသယ နှင့် ဆာဝါစွဲ ဥပက ဘုရားပြောတဲ့အတိုင်း တကယ်ဟုတ်နေတယ်။ စဏ္ဍာမုနို မုဆိုးကြီးသမီးနှင့် ချစ်ကြိုက်နေသော ရဟန်းယောင် ရသေ့မှာ လက်တွေ့ဟော ဗုဒ္ဓဗေဒင် ဆရာနဲ့ တွေ့ရသဖြင့် ပြန်မလှန်နိုင်အောင် မှန်နေဒါပေါ့။ လမ်းခွဲ၍ သွားသော် ဘုရားနောက်သို့ အမြန်လိုက်လာပြီး နေပါအုံး ဆရာကြီး ဝေတ္တ ရပ်ဆိုင်းပါအုံး၊ ယခုတင်က ဆရာကြီး ပြောလိုက်တဲ့ စကားကို ကြားရဒါ ကျုပ်-အတော်ဘဲ ရှက်သွားတယ်။ (သို့ မဟုတ်ဘူးလား) ဟုတ်ဟို နေပါအုံး ဆရာကြီး ဗေဒင်များတတ်ပါသလား။ **ဗုဒ္ဓ ဗေဒင်တတ်တယ်၊** ယခု ယောဒါ

မမှန်ဘူးလား။ ဥပက ဒီအချက်ကျိုးဒါဘဲ။ ဒါပေမဲ့ ဘုရား အစစ်လို့ သိဘို့ ယုံကြည်စရာ များစွာ ဝေးပါတယ်။ ဘုရားဟောလိုက်ထာ အမှန်ကေန် ဟုတ်နေလေတော့ ခြောင် ဒီပုဂ္ဂိုလ်ဟာ ပုဂ္ဂိုလ်ထူး အစစ်မှန်တယ်။ဣန္ဒြေရှင်လဲဖြစ်တယ်။ (ဘုရားဇိန)ဆိုဒါ ဟုတ်ချင်လဲ ဟုတ်မှာဘဲဟု ကြည်ညိုစိတ် ပေါ်လို့ မေးပြန်တယ်။

အရှင် ဘယ်မှာ နေသလဲ၊ ဗောဓိပင်မှာ နေတယ်။ နောင်-ကျုပ်လာလိုက လာနိုင်အောင် မေးပါတယ်။ ။အခုလိုက်ခဲ့ပါလား။ အခု ချက်ခြင်းတော့ မလိုက်နိုင်သေးပါ။ ။ဒါဖြင့် လူထွက် ပိန်းမယူ၊ ဒုက္ခ ပျိုးစိုက်လိုက်၊ ခလေး ၁-ယောက်ရ စိတ်ပျက်ပြီး အဲဒီ အခါကျမှ လာဖြစ်မှာပါဘဲလို့ ပြောပြတယ်။ ဘုရားရှင်က နားဝင်အောင် ပြောလိုက်တော့ (အနာဂါမိမဂ်ဉာဏ်) ကိုလက်ခံနိုင်မဲ့ အရိယာအလောင်းဖြစ်တဲ့ ရသေ့ဆရာမြတ်မှာ နောင်အခါ ဆာဝါနဲ့တွေ့ရမဲ့ တဏှာဇာတ်တွေကို တွေးပြီး သံဝေဂ ဖြစ်ကပြီ ယောဂီတို့။ မူလကထဲက ဟရားလိုချင်သော တကယ့် စေတနာနဲ့ ဟာကိုယ်ကည်း သပ်သပ် ရဟန်းဇာတ် အပါအဝင် လုပ်နေတဲ့သံဝေဂရပြီး အပေါ်မှာ ဒီကဲ့သို့မယားဒုက္ခ၊သားဒုက္ခကို ရှက်ကြောက်အောင် ပြောလိုက်တဲ့အသံကို နားဝမှာ ကြားရလေတော့ ဟင်.... ဒုက္ခကို ရှောင်ရာက ဒုက္ခကို ရှာရမယ်လို့ ကပါယ်ပြီး တဏှာဇာတ်မီး တည်ထောင်ရမဲ့ ငါရသေ့ အပိုက်ဆုံးပါကလားလို့ စိတ်ယဲက အကြိတ် အခဲနဲ့ တွေးပြီး ဥကွောင်းငုံ့နေတယ်။ မျက်ရည်ကျတယ် ယောဂီတို့။ မျက်ရည်သုတ် မပူရပ် ဟန်ပြင်နေဒါကို သဗ္ဗာတော် ဉာဏ်အရှင်က သာမဇဉ် မဟာကရုဏာဖြင့် ရာဟုလာသား ခင်သကဲ့သို့ အသနားဝင်ပြီး နောင်ဖြေ်လ ချက် ဘုရားအစဉ်ကို သတိရအောင် (ဇိန)ကိုမေး၊ ဒုက္ခကို တကယ်မြင်သောခါ ပြေး၍သာ လာခဲ့ပေတော့ ရသေ့ကြီး။

ဟချို့က တွေးတတ်တယ်၊ အံ့ပါမဲ့။ ဒီဥပကဟာ ဘုရား
မှန်းတောင် မသိဒါများ တယ်မိုက်ပါကလား၊ ဒီလို တွေးတတ်လျှင်
တွေးတဲ့လူကတော ဘုရားအစစ်ကို တွေ့ရပလားလို့ ကိုယ့်အပြစ်ကိုယ်ရှု။

ဥပကနဲ့ပြောပြီး မိဂဒါဝေါကြီးသို့ရောက်၊ ရသေ့တွေစံမြန်းတဲ့ ကျောင်းသခ်မ်းအနီးခြံဝင်းဝင်း အပြင်ဘက်သို့ ချဉ်းကပ်လာတယ်။ရသေ့များကမြင်ဘီ၊ ဟောဟိုကလာဒါ ဇကန် သိဒ္ဓတ္ထမင်းသားဘဲ သူလာသော် ခရီးဦးကြို မဆိုကြနဲ့ သိတ်ဆိတ်နေကြစို့။ တိုင်ပင်လို့ စကားလဲဆုံး ဘုရား၏ ဘုန်းတန်ခိုးကြောင့် ကြွပါ-လာပါ ထိုင်ပါပြောကြ၏။ မြတ်စွာဘုရားက ကျုပ်ဘုရားဉာဏ်ရလာပြီ၊ ရိုသေစွာနေရာပေးကြတော့။ ဒီလိုတဲ့တဲ့ဘွင်းဘွင်း **တထာဂတေန—**

**အဘိသမ္ဗုဒ္ဓါ–ပစ္စညာသိ**-လို့ မိမိကိုယ်ကို မိမိဟုတ်မှန်ဒါကို မလွန်ဆန်နိုင်အောင် ဘုရားလို့ ဝန်ခံဘိ။

ရသေ့များကပြောပုံ။ ။အသင်မင်းသား-တောထွက်တာကြားတယ်။ ၆-နှစ်လုံးလုံး တကိုယ်ထည်းအပင်ပန်းခံ၍ ဘုရားဖြစ်ရန် ကျင့်ကြံနေတယ်ဆိုဒါ ကြားရတယ်။ ကဲ-လာလာ ဒီလိုပေါ့လေ၊ ကျင့်ရ-ကြံကြရဒါပေါ့။ ၆-နှစ် ကြာမျှ သစ်သီးသစ်ဥတို့ကိုစားပြီး သဗ္ဗညုတဉာဏ်ခေါ် ခပ်သိမ်းသောတရားသိတဲ့ ဘုရားဖြစ်ဘို့နဲ့ ဝေးလှချည့် အသင်မင်းသား။ မြို့, ရွာ, တောနယ်များသို့ လှည့်လည်ဖျားယောင်းပြီး ဆွမ်း,သက်နိုးစသည်တို့ကို အလှူခံနေမယ်ဆိုပါက ဘုရားဖြစ်ဘို့သာ၍ ဝေးမှာပေါ့။ ဘုရားဖြစ်လာတယ်ဆိုသော ဝန်ခံချက်ရဲသည်ကို မယုံနိုင်ကြသဖြင့် ၃-ကြိမ်တိုင် ပယ်ကြ၏။ တယောက်နဲ့တယောက် ပြုံးနေကြတယ်။

---

## ရှေးက ရှင်ဘုရင်ဖြစ်ဘူးလို့သာ။

ရသေ့များကတွေးကြတယ်။ လက္ခဏာကို ကြည့်ရဒါတော့ တရားရဒါနဲ့ဘဲ တူတယ်။ သို့ပေမဲ့ ဘုရားတော့ ဘယ်နည်းမှ မဖြစ်နိုင်ဘူး။ တန်ခိုးအဘိညာဏ်ကိုတော့ ရချင်လဲရမယ်၊ နာမည်တော့ တော်တော် ကျော်ကြားဒါဘဲ။ ငါတို့အင်မတန်အပင်ပန်းခံ၍ အားထုတ်နေဒါတောင်မှ ဘာကောင်မှ မဟုတ်သေးဘဲ တချက်တော့ ရိုသေထိုက်တယ်။ ရှေးအခါက ကပိလတိုင်းကြီးသခင် ရှင်ဘုရင်ဖြစ်ဘူးတယ်။ နေရာပေးထိုက်ပါတယ်လို့ တွေးပြီး ရိုသေစွာ နေရာပေးကြတယ်။ ထိုအခါမြတ်စွာဘုရားက ရသေ့တို့၏အကျင့်ကို မေးတယ်။ ။ရသေ့များကပြောပုံ။ သားမယား အိုးအိမ်နဲ့နေရင်း ကျင့်ကြံခြင်း ကာမသုခလ္လိကာနုယောဂအချက်တနည်း၊ သားမယား, အိုးအိမ်ကို ပယ်စွန့်၍ ခန္ဓာကိုယ်ကို ညှဉ်းဆဲပြီး ကျင့်သော အတ္တကိလမထာနုယောဂ အချက်။ အကြောင်းစုံ အနည်းနည်း ပြောကြ၏။ မြတ်စွာဘုရားက ၂-မျိုးလုံး တရားမဟုတ်၊ ရွာသူတို့၏ အလေ့စသော ပုထုဇန်လူမိုက်များ လေ့လာသော မဟုတ်မတရား၊ ရှင်ပင်တို့မှာ အယုတ်တရား ၂-ပါးမှတ်လို့ ပြောပြတယ်။ ဒါဖြင့် အသင်မင်းသားသိတဲ့ တရားအမှန်ကို ဟောပါလို့, တောင်းပန်ကြတယ်။ ။မြတ်စွာဘုရားက တရား တကယ် နာလိုပါက ရှိခိုးကြ၊ ဦးတိုက်ကြ, အရိုအသေပေးကြမှသာ တရားဟောမယ် ပြောလေသည်။

## တညီထဲဦးတိုက်ကြ၏၊ ရသေ့တွေ လက်ပြောက်ကြပြီ။

မြတ်စွာဘုရားက အတ္တနဲ့ကာပ ၂-ဌာနအယုတ် ဘာကာမှ မဟုတ်ကြောင်း မမှန်ကြောင်းကို ရှင်းလင်းပြီးမှ သမ္မာဒိဋ္ဌိ အယူမှန်ဖြစ်သော မဂ္ဂင် ၈-ပါး၊

မဇ္ဈိမခေါ် ဓမ္မစကြာတရားကို သစ္စာဝင်အောင် ဟောပြတော်မူသည်။ ဝါဆိုလပြည့်နေ့ည ကောဏ္ဍညရသေ့ကြီး သောတာပန်တည်သည်မှတ်။လဆုတ် ၁-ရက်နေ့ည ဝပ္ပရသေ့၊ လဆုတ် ၂-ရက်နေ့ည မဟာနာမရသေ့၊ လဆုတ် ၃-ရက်နေ့ည ဘဒ္ဒိယရသေ့၊ လဆုတ် ၄-ရက်နေ့ည၌ အဿဇိရသေ့ သောတာပန်-တည်သည်။ ဝါသိုလဆုတ် ၅-ရက်နေ့၌ ရသေ့ငါးယောက်လုံး တပြိုင်ထဲ အရဟတ္တမဂ်ဉာဏ်ကို ရကြသည်၊ ရဟန္တာဖြစ်တယ်မှတ်။ ပဌမသောတာပတ္တိ မဂ်ဉာဏ်ကို ရတဲ့ ခဏကစပြီး ဘုရားအစစ်ဟူ၍ ဝိစိကိစ္ဆာမရှိ ပိုင်ပိုင် သိကြရ၏။ ဤနေရာ၌ ဓမ္မစကြာတရားဟောပုံ အကျယ်ကို ဓမ္မစကြာဒီပနီကျမ်း အားရအောင် ကြည့်ရှုကြပေတော့။

## သာတာဂိရိနတ်နဲ့ ဟေမဝတနတ်။

ကဿပဘုရားရှင် လက်ထက်ကပင် ပိဋကတ်သုံးပုံ အာဂုံဆောင် ဖြစ်ခဲ့ကြရ၏။ ယခု ဘုရားရှင်လက်ထက်၌ သာတာဂိရိနတ်သည် မဇ္ဈိမဒေသခေါ် မိဂဒါဝုန်တော၌ စောင့်လျက်နေ၏။ ဟေမနတ်သည် ဟိမဝန္တာတောင်၌ စောင့်ကြပ်သော တောင်စောင့်နတ် ဖြစ်တယ်။ တနေရာနဲ့တနေရာ ယူဇနာ ၁၀၀-ခန့် ကွာဝေး၏။ မြတ်စွာဘုရားရှင်သည် ပါန်မာနကျ ဂါရဝကျိုး ရှိခိုးလျက် ဆည်းကပ်၊ တရားမှန် နှလုံး၌ ဟပ်၍ အထပ်ထပ် ဘဝင်တွေ ငါးပါးသော ရှင်ရသေ့တို့ကို ထင်စေ, မြင်စေ, သဘောပေါက်ကြစေဘို့ အတ္တနဲ့ကာမ ၂-ဌာန အယုတ်အစွန်း ၂-ဘက်ကို တကယ်ဖြုတ်ပြီး အလယ်သရုပ်ဗဟို မဇ္ဈိမတရားကိုယ်ဖြင့် ပုဂ္ဂိုလ်မမှတ်။ သတ္တဝါမရှိ၊ နဂုတ္တိ၊ နပုရိသော၊ သဘောပေါက်အစရုပ်နဲ့နာမ် အနိစ္စမှုဒုက္ခကို အထပ်ထပ်ပြတယ်။ ပြီးတော့မှ အနတ္တ၊ (ဓမ္မစက္ကသုတ္တာန်တရားကို ရုပ်,နာမ် ၂-ပါး တမျိုးသွင်းပြီး စိုးစဉ်းမျှ တရားပြလိုက်တယ်။

## ၅—ရက်ခင် လူသိ နတ်ကြား တရားပွဲကြီး။

လူက ၅ ယောက်၊ နတ်, ဗြဟ္မာ ၁၈-ကုဋေ၊ အကျွတ် တရား ရကြတဲ့ ပွဲတော်ကြီးမှတ်။ ဒီကနေ့ကစပြီး ဘုရား အစစ်က တရား အနှစ်ကို ဖွင့်ဟ၍ ဟောပြီ။ တရားစည်ကြီး တီးပြီး၊ **တရားဟောပြီ—တရားဟောပြီ**လို့ ကြွေးကြော်ကြလို့ (ဓမ္မစက္က ပဝတ္တနခေါ်တယ်မှတ်။) ဓမ္မ-တရား။**စက္က**လှည့်လည်။ **ပဝတ္တန** ဟောကြားခြင်း။ (ဓမ္မစက်ပုံ့နှံ့ပြီ ယောဂီတို့။) အဲဒီ တရားပွဲကြီးမှာ တရားနာဆဲ၌ သာတနတ်က တရား နာနေရင်း တွေးပုံ။ ငါ့ သူငယ်ချင်း ဟေမဒီတရားပွဲမှာ ပါရဲ့လားမသိ။ ငါယခုမှ သတိရတယ်။ ဒီလို သမာဓိ မရှိဘဲနဲ့ တရားနာလို့ သာတနတ် တရားမရ၊ ဟေမနတ် တရားနာမပါမှန်းသိတော့ တရား

**မနာဘဲ** ကောင်းကင်ခရီးဖြင့် ဈာန်ယာဉ်စီး၍ ခရီးပြင်း ထွက်ပြီး သူငယ်ချင်းညှာ ချက်ခြင်း တရားမနာရတော့ဘူး ယောဂီတို့။ (တရားပွဲကာ-ထပြီ။)

အင်မတန် ချစ်ကြင်နာသော နှတ်မိတ်ဆွေ ၂-ယောက်တို့၏ ရှေး အခါက ကတိ စကား ထားကြပုံမှာ မိမိတို့ ဌာန၌ ထူးဆန်းသော အကြောင်း ပေါ်ပေါက် တွေ့ရှိပါက အချိန်မရွေး အမြန်ပြေး၍ ပြော လာကြစတမ်းလို့ ဝန်ခံချက်ရှိသည်။

---

## ကာလီ၏ ခေါင်းပေါ် ကောင်းကင်က။

မိဂဒါဝုန်တော၌ ဘုရားပွင့်တော်မူလို့ ဓမ္မစကြာတရား ဟောခါနီး မြေကြီး တုန်လှုပ်တယ်။ ထူးကဲသော အတိတ်နိမိတ်တွေ ပေါ်လာကတယ်။ (**ဟေမဝန်တဲ့ တောင်မှာ**) အရောင်အဝါတွေ လင်းနေကတယ်။ တောင်အတွင်းက ဆိုင်းသံ ဗုံသံ ဒူရိယာ အသံမျိုးစုံတို့ဖြင့် သာယာစွာ တီးကြ, မှုတ်ကြ, မြည်ကြတယ်။ပန်းပင် မျိုးစုံတို့က ချက်ခြင်း ပွင့်ကြလျက် အလွန်တရာ မွေးကြိုင်သော အနံ့ တို့ဖြင့် ထင်ရှားစွာ ဖြစ်ပေါ်ကြ၏။ ဘုရား ပွင့်ကြောင်းကို အရှင်းမသိ၊ မိမိနေတဲ့ တောင်၏ ထူးဆန်းပုံ အလုံးစုံကို အကုန်ပြောချင်လို့ တောခွင်စောင့် မိတ်သာ-တထံ (**ဟေမ**) က စိတ်ပါသမျှနဲ့ အမြန် လာတယ်။ ကောင်းကင် ခရီးကဘဲ ကာလီ၏ ဥက္ကောင်းပေါ် အာကာသ ကောင်းကင်ယံ၌ နှတ် ၂-ယောက် အမြန် တွေ့ဘီ။ စကားတတ်**တဲ့** (ဟေမ)က ပဌမ ပြောတယ်။

အဆွေတော် သာတရဲ့၊ ကမ္ဘာမှာ မတွေ့ဘူး ယနေ့မှအထူး ဖူးပွင့်သီးစုံ သစ်ပင်ကုန် ပျံ့သင်း တောင်အတွင်းက တီးမှုတ်သံမျိုးစုံ သာယာနူးညံ့ အံ့ဩလို့ မကုန်၊ ကျုပ်နေတဲ့ တောရဂုံအတွက် ထူးဆန်းပုံပေါ် ထွက်လို့ မပျက်တန်း ကကိ ချစ်မိတ်ဆွေရှိရာသို့ ခုမြန်စွာလာခဲ့တယ်။ ကိုင်း-လိုက်ခဲ့၊ တောင်က အ ရောင်တွေထွက်နေတယ်။ **သာတ** က ဟေမရဲ့ပြောလာသမျှ အရောင်တွေမှူးပြီး တကယ်ဘဲကောင်အနေထူးဒါကို ရှေးဦးစွာပြောပေမဲ့ ငါ့သိက ဘုရားတန်ခိုး ကြောင့် ထူးဆန်းသော အတိတ်နိမိတ်တွေဖြစ်ရမယ်။ ကောင်းဘဲလို့ ပြောနိုင် သလောက်ပြောပေစေလို့ စကားကို အနိုင်မပြောဘဲ အဟောပြောနေတယ်။

လာကွ-**သာတ**ရဲ့ အင်မတန်ထူးဆန်းလို့ ခေါ်ရအောင် လာတယ်။ သွားမယ် ကွဲ့ မင်းပြောတဲ့စကားကို ခေတ္တရပ်နားစမ်းပါ။ ငါပြောမယ်။ မင်းနေတဲ့ တောင်ကြီးမှာ အရောင်တွေ၊ တညီးညီး, တလက်လက်,ယာ ညပေါ်ထွက်ပုံကို ကြားရပြီ၊ ငါနေတဲ့ မိဂဒါဝုန်တောထဲ၌ ထူးကဲသော အချက်ကို ငါပြောမယ်, နားထောင်၊ ဘုရားပွင့်တယ်ဟဲ့ (**ဟေမရဲ့**,)ဘုရား ဘုရား၊ မဓမ္မစကြာတရားကို ဟောနေဘီ။ ငါနေတဲ့ တောထဲက တရားပွဲ၏တန်ခိုးကြောင့် ဘုရား၏တန်ခိုး

ရောင်ခြည်တော်တွေ ထွက်ပေါ်ကွန့်မြူးသဖြင့် ငါ့ဆီက–ဘုရားရောင်–မင်းတောင် မှာ ဟပ်ထာတဲ့ (**ဟေမရဲ့**)နတ်အ-ရဲ့။

---

## ဘုရားပွင့်တယ်ဆို ဒါမယုံဘူး။

ဟေ့-သာတ။ သူများမယုံနိုင်တဲ့ စကားအပိုတွေ မကြွားနဲ့၊ ဘုရားပွင့်တယ် ဆိုဒါ မပြောစမ်းပါနဲ့၊ ငါ့ခေါ်ဒါကိုသာ အမြန် လိုက်ခဲ့ပါ။ ဒီကဲ့သို့ နတ် ၂-ယောက်တို့၏ ဘုရားပွင့်တယ်ဆိုတဲ့အသံ တောင်က, အရောင်အဝါတွေ ထွက် တယ်ဆိုတဲ့အသံတွေကို (**ကာလီ**)က ကြားတယ် အကဲခတ်တယ်။ အလို-ငါနေတဲ့ ခေါင်းပေါ်တဲ့တဲ့-အာကာသ ကောင်းကင်က အင်မတန်ထူးခြားသော အသံတွေ ပါကလား။ တယောက်က သူနေတဲ့ တောင်ထဲမှာ အရောင်အဝါတွေ အမြဲတမ်း ထွက်နေတယ်၊ကြည့်ရအောင်လာ၍ခေါ်တယ်။တယောက်ကတော့မိဂဒါဝုန်တော မှာ ဘုရားပွင့်တယ်။ ဓမ္မစကြာတရားကို ဟောနေတယ်။ လာလိုက်ခဲ့ တရားနာ သွားမယ်။ ဒီလို-တယောက်ကို တယောက် အပြန်အလှန် ခေါ်ဆိုကြတဲ့ အသံ တွေကြားရဒါ တယ်ထူးဆန်းပါကလား။ ဘယ်လိုလူမျိုးတွေ ဖြစ်ပါလိမ့်မလဲလို့၊ နတ် ၂-ယောက် စကားကို၊ သားဒုက္ခ-ကာလိက ပါရမီရှိလို့ ဘုရားသံကို နားခံလို့ သဒ္ဒါစိတ်နဲ့ နားထောင်နေတယ်။

သာတ က-ပြောပြန်ပြီ။ ဟေမရဲ့-မင့်ကို ငဲ့ညှာရဒါနဲ့ ငါ-တရား မနာရဘူး။ ငါ-နေတဲ့ မိဂဒါဝုန်တောသို့ ဘုရား ကြွရောက်လာတယ်တဲ့။ ကပ္ပိလ ပြည့်ရှင် ဘုရင်သုဒ္ဓေါဒန၏ သားတော်မြတ် အလောင်းတော်သိဒ္ဓတ်သည်၊ လေးရပ်သော သစ္စာခွင်ကို ဗောဓိညောင်ပင်၌ တရားအမှန်နှင့် ငါးမာရ်ကို အောင်မြင်လို့— ဘုရားစင်စစ် ကောန်ဖြစ်ကပြီတဲ့၊ (**ဟေမရဲ့**) နတ်အ-ရှဲ-မှတ်ဟ။ နင်-ဘာမှ မသိ ဘူး၊ ဘာမဟုတ် ညာမဟုတ်, တောင်စုတ်က အရောင်ထုတ်နေဒါတောင် မရိပ်မိ-နိမိတ်အရှိ ငါပြောမယ် နားထောင်။ ကောဏ္ဍည, ဝပ္ပ, မဟာနာမ, ဘဒ္ဒိယ, အဿဇိ, ပဉ္စဝဂ္ဂီ ငါးယောက်တသင်း ငါးယောက်တဖွဲ့တို့-မင်းရသေ့တွေ ဘုရား မလာခင်က ငါကရယာန္တာ၊ သူကတော့ဘုရား ဝါကြွား မော်မောက် ဒီအချက် မှာ လက်မြှောက်ကုန်ပြီ။ ဘာ့ကြောင့် (**၅-ရသေ့အဖွဲ့**) မတရားအတွေ့နဲ့ချုံပြီး လိုက်စား မိုက်မှားတဲ့ ကာမကို တရားကောင်းလုပ်။ တနည်း၊ ဝတ်မှတ် ခေါင်း ပါး သစ်သီးတွေစားပြီး ရေချိုး, မီးလှုံ, တုံးခုံ, ဇယ်ခပ်, ကိလေသာပြတ်ကြဘို့ အတ္တကို တရားဘဲလို့ ယူပြန်တယ်။ မြို့ပေါ်, နယ်ပေါ်, ရွာကျော်, ရပ်ကျော်မှာ ဂုဏ်တန်ခိုး ထင်ပေါ်အောင်လို့ သူတော်ကောင်းအယောင်ဆောင်ကြဒါ။ ယခု တော့ ပညာရှိနဲ့တွေ့တော့မှ သူတို့ရှိတဲ့ လက်နက်တွေ အပ်ကုန်ဘီတဲ့၊ နတ်အ (ဟေမရဲ)။ ကာမလက်နက်, အတ္တလက်နက်, မဂ်ဖိုလ်ညဏ်၊ ကျည်ဆံမထွက်လို့

ရှိခိုးပြီး လက်နက်ချကုံ်နိ်တီ။ ဂေါတမ မြတ်စွာဘုရားက မဇ္ဈိမ ပဋိပတ်ဓမ္မစကြာ တရားမြတ်ကို အယူမှန် သမ္မာဒိဋ္ဌိ ပညာစခန်းကစ၍ ပြနေ့တီ, ဟောနေ့တီ။

နတ်တွေ့ဗြဟ္မာတွေ့ အသင်္ချေအနန္တ အကျွတ်တရားရကြတယ်။ နင့်ကိုယ်နင် စာတတ်ပေတတ် ပိဋကတ်သုံးပုံ နှုတ်ငုံလို့ အာဂုံတတ်တဲ့ နတ်ဆိုပေမဲ့ တကယ် မနတ်ဘူး။ ဘာမှ စကားမရှည်နဲ့-နင့် တောင်မှာထွက်နေကြတဲ့ ရွှေရောင်ငွေရောင် မက တဝင်းဝင်းနဲ့ ထွန်းလင်း တောက်ပတဲ့ ပတ္တမြား အရောင်တွေဟာ ငါ့- တောက ဘုရား အရောင်ဘဲလို့ ပုဒ်ပြတ် စာမညီနဲ့ ဂဏှာဟိ မှတ်လေလော။

ပိဋကတ်တတ်သော နတ်ဟေမက ဘုရား တကယ် ဟုတ်-မဟုတ်, သာတကိုစစ်တမ်းထုတ်ပြီ-ခပ်ဆိုင်းဆိုင်း နားနားဘတ်။

ဟေမက မေးတီ။ ကိုင်း-ဒါဖြင့် မင်းတွေ့ဒါ ဘုရား စစ်-ပစစ် ငါမေးမယ် (ဖြေစမ်း။)

**မေး။** ။သိဒ္ဓတ်ရာဇာ၊ လောင်းမဟာသည်၊ မြတ်စွာဗုဒ္ဓ၊ မုချကေန်၊ ဖြစ်ရိုးမှန်က၊ ရောင်လျှံခြောက်သွယ်၊ လွှန်တင့်တယ်၍၊ ကြည်ညိုဘွယ်ရာ လက္ခဏာများ ပါရှိလား။

**ဖြေ။** ။ဓမ္မစကြာ၊ မြတ်ဓမ္မာကို၊ မိဂဒါဝုန်၊ ရဂုံတောဖျား၊ ရသေ့များကို၊ ဟောကြားဆုံးမ၊ ဗုဒ္ဓကေန်၊ ဖြစ်ရိုးမှန်လို့၊ ခြောက်တန်ရောင်ခြည်၊ ထွက်လည် ကွန့်မြူး၊ စိတ်ကြည်နူးခဲ့၊ ရှိဦးစုံခိုက်၊ ပူဇော်ထိုက်သည့်၊ သိုက်မြိုက်လက္ခဏာ ပါတာမှန်တယ်။

**မေး။** ။ဘုရားမှန်က၊ ဓမ္မကေန်၊ ဟောထုတ်ပြန်လဲ၊ သမ္မာဒိဋ္ဌိ၊ စရိုမဂ္ဂင်၊ လမ်းကြောင်းထွင်၍၊ မဂ်ဝင် ဖိုလ်ပေါက်၊ နိဗ္ဗာန်ရောက် တရားမှန်ရှိလား။

**ဖြေ။** ။ရသေ့ထိပ်ဖူး၊ ထိုငါးဦးတို့၊ ညွတ်နူးမာန်ချ၊ တရား ရလျှင်၊ ကောဏ္ဍညက၊ အစမပျက်၊ မဂ်သောတာပန် တရားအမှန်။

**မေး။** ။ငါးပါးသီလ၊ ကျင့်ဓမ္မနှင့်၊ စောင့်ထက္ကနြေ၊စိတ်နေပျော့ပျောင်း၊ လမ်းကြောင်းညွှန်ပြ၊ ဆုံးမဘို့ရာ ဟောတတ်ပါရှိလား။

**ဖြေ။** ။သီလ, သမာဓိ၊ ကြီးဘိပညာ၊ သုံးသိက္ခာနှင့်၊ ၉-ဖြာ ဂုဏ်ပုဒ်၊ အဟုတ်ပြည့်စုံ၊ ဘုရားဂုဏ်နဲ့၊ ကြည်ယုံဟောတတ် တရားမြတ်။

**မေး။** ။အပါယ်လေးရပ်၊ ဇာတိပြတ်ဘို့၊ ထွက်ရပ်သစ္စာ၊ ဒေသနာကို၊ သေချာဟောခိုက်၊ လွှန်နှစ်ခြိုက်၍၊ ဖြစ်ထိုက်အရိယာ ရှိပါရှိလား-သင်နတ်သား။

**ဖြေ။** ။ရသေ့ငါးဦး၊ နတ်စုံဖူး၍၊ ကြည်နူးဗြဟ္မာ၊စကြာဝဠာပေါင်း၊ သန်း ပေါင်းအနန္တ၊ ကျွတ်တန်းရလို့၊မြတ်လှအရိယာ များစွာဖြစ်ခြင်း သင်နတ်မင်း။

မေး။ ။ဘုရားမြတ်စွာ၊ ဟုတ်ရာမှန်က၊ အနိစ္စနဲ့၊ ဒုက္ခ အနတ္တံ လက္ခဏာကို ရုပ်နာမ သဘာဝ၌ ငါမျှမဝဲ ဒိဋ္ဌိစင်ဘို့၊ ဉာဏ်မြင်စာရေး၊ တကယ်တန်း ဟောနိုင်ပါရဲ့လား သင့် ဘုရား၊

ဖြေ။ ။အနိစ္စ, ဒုက္ခ, အနတ္တကို နာမ ရုပ် ထို ၂-တန်၌ ဝေဘန်ပိုင်းခြား ကသိုဏ်းတား၍၊ ဟောကြားလို့သာ၊ မြတ်စွာဗုဒ္ဓ၊ နာမည်ရအမှန် ငါ့ဘုရား ကေန်၊

မေး။ ။ဇာတိတွင်းနက်၊ သဘောခက်ကို၊ ခွဲဝက်စိတ်ဖြာ၊ ပိုင်းခြား ခါဖြင့်၊ များစွာဒုက္ခ၊ ပဋမအခြေ၊ ဟောတတ်ပေ၍၊ စိတ်သံဝေရောက်၊ တကယ်ကြောက်အောင်၊ မဂ်ပေါက်ဖိုလ်ဝင်၊ သင်၏ ဘုရား ပြနိုင်ပါရဲ့လား၊

ဖြေ။ ။ခန္ဓာဒုက္ခ၊ အစအခြေ၊ သွေးရေ သွေးပုပ်၊ သွေးစက်သွေးခဲ၊ သွေးထဲကဖြစ်၊ ခန္ဓာညစ်ကို၊ စိနစ်ပိုင်ပိုင်၊ ငါ့ဘုရား-တကယ် ဟောနိုင်တယ်။ (မမေးနဲ့ တော်လိုက်။)

မေးသော ဘာသာပြန်မှာ၊ဟဲ့-သာတ၊ဘုရားအစစ်အမှန်ကို အန္ဓဗာလတို့က တကယ်မသိဘူး။ တရားအစစ်အမှန်ကိုလဲ တကယ်တန်း ကြားရ-နာရဘို့ ခက် ဘယ်ဟဲ့ သာတရဲ၊ ငါက ပိဋကတ်မှုမှတ်နဲ့ အယူတတ်ဘို့ အယူမြတ်ဘို့ မေး ဒါဟဲ့။ သာမန်လူ, သာမန်နတ်, သာမန်ဗြဟ္မာတို့က ဘုရားပွင့်တယ် ဘုရားကို ဖူးရတယ်လို့ ငါ့ကို လာ၍ ပြောလျှင် (မယုံ-မယုံ) ယခုတော့ မိတ်ဆွေ သူငယ်ချင်းဖြစ်တယ်။ ဒီဘဝကျမှ ချစ်ခင်ယုံကြည်ကြဒါမဟုတ်၊ ဟိုရှေးဘဝ ကဿပ ဘုရားလက်ထက် ကထဲက ဘုရားအစစ်နဲ့ အတူနေလာတယ်။ ဘုရား ဟော ကျမ်းဂန် ပိဋကတ် စာပေ အမှန်ကိုလဲ ယခုအထိ အာဂုံရရှိတယ်။ သိတတ် ပါးတက်တဲ့ သူငယ်ချင်းလဲ မှန်တယ်။ ဒါ့ကြောင့် ယုံကြည်တယ်။

အဆုံးသတ် ငါပမေးချင်ဒါက ဘုရား အစစ် မှန်လျှင် တရား အစစ်ကို အစက အဆုံးတိုင် ဟောပြတတ်ရမယ်- သာတရဲ့။ သစ္စာ ၄-ပါး၌ ဒုက္ခသစ္စာ အချက်မှာ ဇာတိဒုက္ခဆိုဒါ အင်ပတန် အရေးကြီးတဲ့ အချက်၊ အဲဒီ ဇာတိ ဝမ်းကို ပေါ်လှင်အောင် ဟောတတ်ဘို့ ပဋိသန္ဓေ နေရခြင်း ဆင်းရဲကို တကယ် ကြောက်ရင် လန့်ရင် ဒီခန္ဓာဒုက္ခရဲ့ အခြေအမြစ် အရင်းခံ မူလကို ပိုင်ပိုင်သိလျှင် စက်ဆုပ်ဘို့ ကောင်းတယ်။ တကယ် စက်ဆုပ်ရွံရှာလျှင် ဒီခန္ဓာကိုယ်ကို မချစ် မခင်ပစ္စလမ်းဘူး သာတရဲ့။ အဲဒီ ဇာတိဒုက္ခကိုဟောပြတတ်ခဲ့ရင် ကြားနာရတဲ့ သူမှန်ပါက တရားအစစ်ရပြီ။ အပါယ်တံခါး ပိတ်ပြီလို့ စိတ်ချမယ်။ ဒီအထိ ဟောတတ်ကဲ့လား-သင့်ဘုရား၊

**မင်း**-တယ်လဲစကားရှည်ဒါကိုကွဲ့။ ဘုရားအစစ် ဖြစ်နေပါပြီဆိုဒါ ဇာတိခပ်း **ဟောတတ်**ကဲ့လားတဲ့။ ဇာတိချုပ်ငြိမ်းဘို့ ဟောတတ်ရှိနဲ့လဲ ဘုရားမဖြစ်သေးဘူး **တဲ့ ဟောမရဲ့**၊ဘုရား‌ဆိုဒါ သဗ္ဗညုတ ဉာဏ်တော်ကိုရတယ်၊ ဘာလဲ ခပ်သိမ်းသော တရားအလုံးစုံ တို့ကို ကိုယ်တိုင် ကိုယ်ပိုင် သိမြင်တော်မူပို့ ဘုရား မှတ်လိုက်။ မင်းက စာသင်ဘူးတိုင်း ဘုရားစစ်တမ်း ထုတ်နေလိုက်ယာ ဒီလိုမေးခြင်း၊ စိစစ်ခြင်းတွေများဒါနဲ့ ကပယ်ဘုရားနဲ့လဲ လွဲခဲ့ပြီ။ အရိယာမဖြစ်ရ၊ ယခုဘုရားနဲ့လဲ လွဲအုံးမယ်။ တော် ရှေတယ်၊ အရိယာ မဖြစ်ဘဲ နတ်ဖြစ်ကျိုး မနပ်ဘူးဟဲ့ ဟောမရဲ့။

ကာလီ သားဒုက္ခ စဉ်းစားဆဲ၊ မှတ်သိတ် ပျားစွဲသို့သလို ရေငတ်
သာနဲ့ ရေတွင်းထဲကျဒါနဲ့။

ငရဲးဘဝက အာသေဝန ပစ္စည်း အဆက်ပါတယ် ပြောတော့။ တနည်း၊ ပါရမီရှိခဲ့ကယ်လို့ဘဲ ဆိုချင်ဆို၊ပင်ကိုယ်ကထဲက စိတ်ကောင်း စိတ်တနာကောင်း သဒ္ဓါကောင်းရှိတဲ့ကာလီ ့ခလေးမ သားဦးသန္ဓေရစ ကိုယ့်ဒုက္ခကိုယ် ထင်ပေါ်အောင် အမြင်အမြော်နဲ့ စဉ်းစားခိုက် ရေချိုးချင်ဒါနဲ့ မိုးရွာလာဒါနဲ့ အဆင်ပြေဟဲ့ ကာလီ ဘုရားရှင်ကို လက်ငင်း ပက်ပင်း မျက်မြင်ဒိဋ္ဌ မဖူးမတွေ့ရပေမဲ့ တကယ်ဖူးတွေ့ ကြားနာ ရသလို **နတ်စကား အသားပါတာကို** မြတ်ဘုရား၏တရား နာရဘိသကဲ့သို့ ယုံကြည်မြတ်နိုး ရှိခိုးဦးတိုက်လျက် ကြားနာနေသော ကာလီ၊ ဘုရား၏ တရားသံမဟုတ် တဆင့်စကား နတ်စကား, နတ်တရား, **တရား ဟုတ်သမျှ အတွက်** သားဒုက္ခနဲ့, တဆက်ထဲ လင်းကနဲ့, ရှင်းကနဲ သဘောကျဟဲ့ ကာလီ၊ ဘုရားကို အရှင်းမဖူးမတွေ့ရပါဘဲ ဓမ္မစကြာ တရားနက်၊ သစ္စာ ၄-ပါးအချက်၊ ဇာတိဒုက္ခ လက်နက်ကြောင့် အရိယာ မဂ် ပန်းကို လက်ရ လှမ်းယူလိုက်သော (ကာလီ။) ဂေါတမဘုရား လက်ထက်တော်၌ ပဉ္စမဆုံး သောတာပန်တည်ဒါ ဘသူလဲ၊ သွေးဗိုက် ဒုက္ခကို တကယ် ရွံမုန်း စက်ဆုပ်တဲ့(ကာလီ)လို့ မှတ်ကြ ယောဂီတို့၊

ဒါ့ကြောင့် ပဉ္စမည လိပ်ပဏာမ။ ကောန် အပါယ်လွတ်ဘို့ တရားကို နာကြရတယ်လို့ စိတ်သာချ၊ ဂုဏ္ဍာသယဆိုဒါ (၁၀-၁၀) အက္ခရာ ၄-လုံး လိုရာကို သုံးချင်ဒါသုံးကြ၊ အဆုံးနဲ့အစ ပဉ္စမအက္ခရာတလုံးက (ဓမ္မ-စကြာ)မှာ ဆုံးမယ် လို့ ကျောက်သင်ပုံး ဘောတွေ့ ပြယုဂ် ဇာတ်ကားတွေနဲ့ ဟောနည်း တမျိုးကို ပကာသန အရှင်းမမှတ်ကြနဲ့၊ နာမပညတ်ဆိုဒါ နာမည်မရှိဘူး။ မရှိပညတ်၊ ရှိဒါက အဘိဓမ္မာအရ ဘာလဲ ပရမတ်။ ပရမက်ဆိုဒါက ဟောဒီဝန္ဓာကို မြန်မာ လိုတော့ ဘာယိမိသလဲ၊ အသားဘဲ၊ အသားကို ယောကျ်ား, မိန်းပထင်ရင်

ဒါမှား၊ ဘာသာပြန်နဲ့ အသားကို အသားဘဲလို့ အယူမှန်ရှိလျှင်၊ မှန်ဒါယူလျှင် ညာဏ်မှာကူ၍ လူမဟုတ်ကြောင်း ထင်ရှားရမယ်။

ပဏာမ, အသား, နိဂုမ်းသတ်စကားနဲ့ အစ, အလယ်, အဆုံး သုံးပါးလုံး ကောင်းရမယ်။သွက္ခာတော, ဘဂ၀တော, ဓမ္မော-ဆိုဒါ **အာဒိကလျာဏ၊ မဇ္ဈေကလျာဏ၊ ပရိယောသာနကလျာဏ၊** ဒါပါဠိစကား၊ စာအသိများတဲ့ နတ် ၂-ယောက်ကဲ့သို့ ပရမတ် မပေါက်ဘဲနဲ့ တရားရဘို့ နောက်မကျစေနဲ့ ယောဂီတို့။ (လိုရင်းသာလိုက်) မြန်မာလို မုချ-ခန္ဓာကိုယ်ဒုက္ခ။ တန်ခိုးကြီး ပါရမီမရွေးကြပါဘဲ။ အမျိုးသွီး ကာလီ ခလေးမကဲ့သို့ ယခု ညချင်းပင် ၇-ရက်စဉ် တရားပွဲ မပြီးခင်ကဘဲ ငါတော့ တရားအစစ်ရပြီ၊ ဘုရားအစစ်လဲ တွေ့ရပြီလို့ သာဓု ၃-ကြိမ် ကျယ်ကျယ်ခေါ်၍ ၀မ်းမြောက်ကြစေကုန်သတည်း။

ပဌမည တရားဟောပုံ အမြွက်မျှ ပြီး၏။

---

### ဒုတိယည အောင်ခြင်း ၄-ပါး ပဏာမ။

၁။ ဒါနတိုင်းကို-ဓမ္မဒါနက အောင်၏။

၂။ အရသာတိုင်းကို-တရားအရသာက အောင်၏။

၃။ ပျော်မွေ့စရာတိုင်းကို-တရားနဲ့ ပျော်မွေ့ခြင်းက အောင်၏။

၄။ ဒုက္ခတိုင်းကို-ဘာမှ-မလိုချင်စိတ်က အောင်၏။

**ဓမ္မဒါန**ဆိုဒါ ပိဋကတ်သုံးပုံ ကျမ်းစာများကို ပေးလှူခြင်း၊ နိဗ္ဗာန် ရောက်ကြောင်း ကျမ်းစာ အစစ်အမှန်တို့ကို ပေးဝေလှူဒါန်းခြင်း၊ တရားအဘိုးတန်ကို ဟောပြ သုံးမပေးခြင်း။ တရားအစစ်အမှန်တို့ကို အားထုတ်ကြသော ယောဂီ, ရှင်, လူတို့အား ကျွေးမွေးခြင်း၊ ဘေးမျိုးစုံသော ခန္ဓာ ဒုက္ခမှ လွတ်အောင် ဟောပြသော မဟာဓမ္မကထိကတို့အား ပူဇော်ပွဲ ပြုလုပ်၍ လှူဒါန်းခြင်းကို **နံပါတ် ၁-ဓမ္မဒါန် မှတ်။** ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးစသော ပစ္စည်း ၄-ပါးကို လှူကြသော ပစ္စယဒါနတို့ကို ဓမ္မဒါနက ထိုပ်စီးကနေ၍ အောင်မြင်နိုင်သည် မှတ်ကြ။

**လောကိဥ္** ရှိသော ကာမအာရုံ ကာမဂုဏ်နှင့် ပတ်သက်သော ခံစားခြင်း၊ အရသာဟူသမျှကို တရားရသော အရိယာတို့၏ စည်းစိမ်ချမ်းသာ အရသာက အောင်မြင်၏။ လောကစည်းစိမ်ကိုခံစားဘူးသဖြင့် ယခုတိုင် အမူးကြီး,အရူးကြီး, မူးရူးကြသော အန္ဓဗာလတို့၏ ကာမရသကို ဓမ္မရသ ခံစားနေကြသော အရိယာ

**တို့၏ နံပါတ် ၂-ဓမ္မရသက** အမူးဘဝ, အရူးဘဝက လွတ်မြောက်အောင်မြင်နိုင်တယ်လို့ ပရိသတ်များ ယုံကြည်အားကိုးကြပါ။

လောကကြီး၌ ဆန္ဒရှိသလို ထင်သလို ပျော်ရွှင် မူးတူးကြ၏။ အန္ဓပုထုဇဉ်တို့၏ ပျော်ရွှင်စကား၊ ပွဲသဘင်စသော အာရုံ၊ အိုးအိမ်၊ တိုက်တာ, ဥယျာဉ်, ဗိမာန်စသော အာရုံ၊ လင်နှင့် မယားနှင့် သိုး, သား, စီးပွါး, ရွှေ, ငွေစသော အာရုံတို့ ပေတည်း။ ကာမဂုဏ် ငါးပါးတို့နှင့် စပ်ကိုင်သော အန္ဓပုထုဇဉ်တို့၏ ပျော်မွေ့ရခြင်းသည် အပူသောကမကင်းဘဲ ပျော်မွေ့ကြရ၏။ နေရေး, သေရေး, အပါယ်ကျရောက်မှာကို စိတ်မချရသောအရေး၊ တရားကောင်းကို အပိုင်မရသော အရေးတို့၏ အထဲမှာပင် ခေတ္တခဏမျှ ပျော်မွေ့ ကြရ၏။ ပြန်တွေးကြည့်ကြ ယောဂီတို့။

တရားစစ် တရားမှန်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်ပြီးလို့ သေရေး, နေရေး, ဘာရေးကမှ မပူ၊ အပါယ်မကျတော့ဘူးလို့ ကျိန်းသေ ကိန်းသေ လားရာသုဂတိ အမှန်လက်မှတ်ရပြီးထားသော အရိယာ။ တနည်း၊ နောင် တဖန် ပဋိသန္ဓေနေမှု ကင်းပြတ်သော ဘဝပြတ် အရိယာတို့၏ ပျော်မွေ့ရခြင်းကို **နံပါတ် ၃-ဓမ္မရတိ မှတ်**။ ဘာသာပြန်မှာ အန္ဓတို့၏ ပျော်မွေ့ခြင်းကို အရိယာတို့၏ ပျော်မွေ့ခြင်းက သောကမရှိလို့ အောင်မြင်တယ်မှတ်ကြ။ ယနေ့ည ဟောသောတရားကို ရိုသေစွာနာယူကြ။

**နံပါတ် ၄-ရူပါရုံ** စသော အာရုံ ၆-ပါး တို့ကို တပ်မက် မောသော (တဏှာ။) ဘာသာပြန်မှာ ဒိဠန္ဒာကိုယ်ကြီးကို နှစ်သက်ခြင်းမှစ၍ လိုက်စားပြီး လိုက်စားဆဲ လိုက်စား၍ မကော်နိုင် ပတန်နိုင် မပြီးနိုင်သော အလိုရမ္မက် လောဘစိတ် ကုန်ခန်းပြင်းဉာဏ်ကို ရခဲ့လျှင် အပူဟူသမျှ ဒုက္ခခပ်သိမ်းကို နိုင်ရပြီ အောင်မြင်ရပြီလို့ဝမ်းသာကြ သာဓုလိုက်ကြ။

ပဏာမ တော်ပြီ။

---

## ယခုည သဏ္ဍာနပညတ် အဖုံးကိုဖွင့်မယ်။

အလုံးပုံ၊ အပြားပုံ၊ ၃-ထောင့်ပုံ၊ ၄-ထောင့်ပုံ၊ ရှေ့ပုံ၊ ကြက်ပုံ၊ ဆင်ပုံ၊ မြင်းပုံ၊ နွားပုံ။ ကျဲပုံ၊ မြွေပုံ၊ ကင်းခြေများပုံ၊ ပရွက်ဆိတ်ပုံ၊ ပိုးလောက်လန်းပုံ၊ ညှောင်စောင်းပုံ၊ ကုလားတိုင်ပုံ၊ အိမ်ပုံ၊ ကျောင်းပုံ၊ အင်္ကျီပုံ၊ အမျိုးမျိုး၊ လူပုံ၊ လောကျားပုံ မိန်းမပုံ၊ ကုက္ကိုပင်ပုံ၊ တန်းပင်ပုံ၊ အနိစ္စပုံ၊ အမြင့်ပုံ၊ မျက်နှာပုံစံမျိုးစုံ၊ ပုံဟူသမျှကို သဏ္ဍာနပညတ်မှတ်။ (အဲဒီပညတ်လဲ-အရှင်းမရှိဘူး။)

၁။ နာမ ပညတ် အမည်၊ နားညွှဲခံ-နားရောဂါ။

၂။ သဏ္ဌာနပညတ်-ပုံ၊ မျက်စိညွှဲခံ-မျက်စိရောဂါ။

ဟောဒီ ဝါးလုံးကိုကြည့်ကြ။ သဏ္ဌာန် ပညတ် မရှိပုံကို ကျကျနန မျက်စိနဲ့ လဲကြည့်၊ နားကလဲ ဂရုစိုက်နာကြ။ပုံမရှိကြောင်းပြောမယ်။ တရားမရကြဒါ စာလို သုံးလျှင် ပရမတ်ကို ပညတ်ဖုံးလို့ ဘာသာပြန်နဲ့ပြောလျှင် အမှန်ကို အမှားဖုံးနေလို့မှတ်။ ပရမတ်ကို နားလည်လျှင် တရားရမယ်။ အမှန်အတိုင်း ခန္ဓာမှာသိလျှင် တရားရပြီလို့ စိတ်ချမှတ်တော့။ ကြည့်စမ်း—ကြည့်ကြစမ်း။ အလုံးကို မြင်သလား။ ၄-ထောင့်ကိုမြင်သလား။ အမှန်ပြောကြ။ အလုံးကိုမြင်လျှင် မှားတယ်၊ သေသေချာချာကြည့်ပါ။ အလုံးမမြင်ဘူး။ တခြမ်းသာ မြင်ရမယ်။ ကိုယ်ကြည့်တဲ့ ဘက်ကိုဘဲ မြင်ရမယ် ဧကန်။ လောကီ စကားနဲ့ ရိုးရိုးဘဲပြော မှန်တဲ့အတိုင်း အမြင်မှာ တခြမ်းသာ မြင်တယ်ဆိုသော မျက်စိမှ မှန်တယ်။ (**အလုံးကို**) မြင်တဲ့မျက်စိဟာ အန္ဓအကန်း မျက်စိဆိုတယ်။ ဝါးလုံးကို ကြည့်လို့ အမြင်မှန် ကခြမ်းဘဲလို့ မသိလျှင် ခန္ဓာကိုယ်ကို ကြည့်လျှင် သာ၍ မှားဘိမှတ်။ ခန္ဓာငါးပါးကို ယောကျ်ား မိန်းမ ဒါ့ကြောင့် အဆင်မှားကြဒါ မှတ်။ တရားနဲ့ ပြောလျှင် မြင်ဒါအမှန်က ပရမတ်။ ဝဏ္ဏပါဠိ ဘာသာပြန် အဆင်းကိုသာ မျက်စိနဲ့ မြင်ရမယ်မှတ်။ အဆင်းမှန်သမျှ ပရမတ်မှတ်။ အလုံးပုံ မရှိကြောင်းကို ပြောလျှင် အပြား အဝိုင်းစသည်တို့ကို ငဝဘန်ကြ။ ကုက္ကိုပင်၌ အကိုင်း အခက် အလက် ပင်လုံးကို မမြင်ရ၊မြင်ဒါမှန်သမျှ အဆင်းရုပ် ပရမတ် အိမ်ပုံ ကျောင်းပုံ ထင်ရ၏။ ထင်ဒါ မျက်စိရောဂါမှတ်။ သက္ကာယဒိဋ္ဌိရှိလို့ ငါ့အိမ်ပုံ ငါ့ကျောင်းပုံ ထင်၏။ စွဲလမ်း၏။ အိမ်စွဲ ကျောင်းစွဲနဲ့ သေလျှင် (**ပုံဝွဲကြောင့်ပှတ်လေ။**)ပုံမရှိ မသေခင်က သဏ္ဌာနပညတ် မရှိကြောင်း သရုပ်ခွဲကြ။ ဆရာဟောပြီးလျှင် သင်ဘာတူသူတို့နဲ့ တိုင်ပင်ကြ။ ပရိယတ်က ကမ္မနိမိတ် ပဋိပတ်က သဏ္ဌာန်အရိပ်။

---

## အိမ်ပုံ ကျောင်းပုံ သဏ္ဌာနအစွဲ။

မူလက တောထဲက သစ်ပင်ကို ခုတ်ဖြတ် ပိုင်း လွှစင်တင်ခဲ့တယ်။ စိတ်တယ်။ (၈-ပတ်လည် ၆ ပတ်လည်၊ ၄-ပတ်လည် ၃-၂၊ ၄-၂ စသည်ဖြင့် ခေါ်ဆို စီမံပြုလုပ်ကြ၏။ အိမ်မဟုတ်ငါ့အိမ်ပိုင် အရှင်းမဟုတ်၊ ကျောင်းပဟုတ်၊ ငါ့ ကျောင်းပိုင် အရှင်းမဟုတ် အိမ်ဆောက်လိုက် ကျောင်းဆောက်လိုက် ပြီးပလား ပြီးဘိ၊ တက်နေဘိ။ ငါ့အိမ်သစ် ငါ့ကျောင်းသစ် တထောင်တန်၊တသောင်းတန် စသည်ဖြင့် စွဲပြီ မက်ပြီ မခွဲရက် မခွါရက် နှစ်သက်ပြီ သာယာပြီ အိမ်ရှေ့အိမ်ဘေး က အိမ်နောက်က ကျောင်းရှေ့က ကျောင်းဘေးက ကျောင်းနောက်ဘက်က

**ခဏခဏ** လှဲ့ပတ်ကြည့်တယ်။ အဲဒါပုံစွဲမှတ်။ ခေတ္တခဏ နေစဉ်ခိုက်စဉ်းစားခိုက် **ဒီခန္ဓာ**သည်ပင် အိမ်ငှါးလို့ သတိပြုကြ။ ဒီခန္ဓာသည်ပင် အိမ်ငှါးဟု တကယ် ပြတ်ပြတ် ယူထားလျှင် ငါ့အိမ်-ငါ့ကျောင်းဟူ၍ဘာစွဲလမ်းဘို့လိုမလဲ၊ သေဘေး တွေးစမ်းပါ။ မနေဘူးဒါမှတ်လို့။

---

## အုတ်တိုက်ဟာ ရှုံပျော့တွေကို။

သဲ-ထုံး-ဘိလပ်မြေ-ရေတို့ကို အင်္ဂတေ စီမံတယ်။ ရှုံပျော့ကို မာအောင်နေလှန်း မီးဖုတ် အုတ်ချပ်ခဲတွေဖြစ်၊ အုတ်တချပ်စီနေတုံးက အုတ်တိုက် ဟသောင်းတန်၊ တသိန်းတန်သော ၂-ထပ်, ၃-ထပ်တိုက် ပုံစံမပေါ်၊ သဲဟာ တိုက်လား၊ ထုံးကော, ဘိလပ်မြေမှုန့်တွေကော,အုတ်ခဲတွေကော, သံကရိယာတွေပါ တခုစီ, တခြားစီစုပုံထားစဉ်ကအုတ်တိုက်ပုံမပေါ်သေး။လိုရင်းအချုပ်မှာ(**အရေနဲ့အမှုန့်**) နှစ်မျိုးပါဘဲ ကြပ်ကြပ်စဉ်းစား။(အရေတွေက အခဲဖြစ်ထာပါဘဲ ယောဂီ၊သိဘို့, မြင်ဘို့, သင်္ချာန်ပျောက်ဘို့ ဂရုစိုက်ပါ။) အုတ်တိုက်ပုံကို စွဲလို့-ချွဲဆို့လျှင် အဲဒီ အုတ်တိုက်ပုံသင်္ချာန် ကမ္မနိမိတ်ကို လက်ကိုင်ဒုတ်လုပ်ပြီး မသေချင်ပါက သင်္ချာန်မရှိကြောင်း အထူးသတိပြု။ (ပုံမြင်-မှား၊ အဆင်းမြင် မှန်။)

> ပုံ-သင်္ချာန်-အရိပ်-နိမိတ်-အသွင် အထည်-အထည်ဒြပ်၊ အဲဒါတွေ စိတ်ထင်မှုမှတ်။ သင်္ကာယဒိဋ္ဌိရုံးမှာ မှတ်ပုံတင်သွင်းထားသည်ကို ကိုယ့်ပုံ ကိုယ် ဖျောက်ကြ။

---

## ယခုချက်ခြင်း မျက်နှာပုံကို မှန်ထဲမှာကြည့်။

မှန်ထဲမှာပုံကိုမြင်ရမယ်။ မှန်ထဲမှာကြည့်လျက် ဆင်ခြင်ပါယောဂီ။ (ယောကျ်ား တကယ်လိုချင်လို့ မယားတကယ်ရအောင်ယူရင် မယား ရတယ်။ ယောကျ်ား လိုချင်လို့, ယောကျ်ားတကယ်ရှာသော်၊ မိန်းမများမှာ ယောကျ်ားရပါတယ်၊ လင်ခေါ်တယ်။ ထိုနည်းတူ၊ တရား တကယ်လိုချင်သလား၊ လိုချင်လျှင် ယခု ချက်ခြင်း မိမိမျက်နှာကို မှန်ထဲမှာကြည့်လိုက်၊ မှန်ထဲက ပုံအရိပ်ကို လက်နဲ့ စမ်းပါ၊ ပွတ်သပ်ကြည့်ပါ။ (အနိမ့်အမြင့် အရှင်း မရှိဘူး။) ခန္ဓာကိုယ်ရှိ မျက် နှာကို လက်ဖြင့် စမ်းသပ်ကြည့်လျှင် နဖူးကမောက်တယ်၊ နှာတန်က မြင့်တယ်၊ မျက်ခုံးရိုးက မြင့်တယ်၊ မျက်လုံးအိမ်က နိမ့်တယ်၊ လည်ပင်း, လည်တိုင်က နိမ့်တယ်၊ မေးစေ့က မြင့်တယ်၊ နားရွက်က နောက်ကျတယ်၊ ပါးသားက ရှေ့ ရောက်တယ် စသည်ဖြင့် အနိမ့်အမြင့်ကို ရှိတယ်, မြင်ရတယ်ထင်ကြ၏။ (**အနိမ့်- အမြင့်**)ကိုမြင်လျှင် မိစ္ဆာ။ ကိုင်မိတယ်ယူလျှင် ဒိဋ္ဌိမှတ်။ အမှန်မှာ မြင်ဒါ အဆင်း၊ ထိဒါ ပထဝီလို့ သင့်ရှိမှတ်ကားနှင့်**အုံ**။ ။သင်္ချာနပညတ်မရှိကြောင်း မလွယ်ဘူးယောဂီ။ ပေါ့ပေါ့မတွေးနဲ့၊ သေသေသူ၏မျက်နှာပုံ၊ သွားပုံ-လာပုံ

အမူအရာမျိုးစုံတို့ကို မြင်ယောင်နေဒါ ပုံစွဲသညာန ပညတ်မှတ်။ သေမင်းအစစ် မှတ်။ ။မှန်ထဲမှာရှိသောပုံအရိပ်ကို လူထင်၏။ ထင်သော်လဲ အနိမ့်အမြင့် မရှိပါဘူး။ စင်စစ်မှာ၊ မျက်စိအမြင် မှန်ရမှာက၊ ဩဘ်-မြင်ဒါမှန်သမျှ အဆင်းရုပ်တွေပါကလားလို့ ပုန်ပြတ်ယူလိုက်။

## ဟောဒီ ခေတ်ပုံကို ကြည့်ကြ။

ဒီမှာ လက်နဲ့စမ်းကြည့်ကြ၊ အနိမ့်အမြင့်ကို စမ်းသပ်မိရဲ့လား။ တညီထဲ၊ တသားထဲ အဆင်းရုပ် ပရမတ်အစစ် မှတ်လိုက်။ ဥပမာ၊ လူတယောက်ကို ခေတ်ပုံရိုက်ကူးနေသော်၊ ခေတ်ပုံရိုက်ခံနေသူကို နှာခေါင်း, နားရွက်, နှုတ်ခမ်း, ပါးစပ်, ပါးသား, နဖူးသား မူလက အနိမ့်, အမြင့်တို့ကို တညီထဲ ဖြစ်အောင် တသားထဲ ဖြစ်အောင် ခေတ်ပုံဆရာက လက်နဲ့လာ၍ ညှိပေးသလား, ဖိပေး သလား-စဉ်းစား။ဒါ-ဘာခေါ်သလဲ (**ခေတ်ပုံ**)ခေတ်-ဆိုဒါ **ပရမတ်**။ ပုံ-ဆိုဒါက **ပညတ်**မှတ်။ ခေတ်ပုံကို လူပုံယင်ရင် **သညာနဲ့စွဲ** မှတ်။ ဆရာ့လက်က ကိုင်ထား တဲ့ အောင်ဆန်းရဲ့ပုံကို ဘာခေါ်ကြသလဲ။ ခေတ်ပုံခေါ်ပါတယ်။

ဘာကို ရိုက်ကူးဒါလဲ။ လူကို ရိုက်ကူးယူပါတယ်။ သူ့နဂိုရ်အတိုင်း, မူလ အတိုင်း, ပင်ကိုယ်အတိုင်း ရိုက်ကူးလိုက်သလား(လူ)ကို ခေတ်ဖြစ်အောင် တမင် ပြုပြင်ပေးရသလား။ သူ့နဂိုရ် မူလအတိုင်းပါ။ ယခုကိုင်ထားဒါ လူပုံလား, ခေတ်ပုံလား (ခေတ်ပုံ)အစစ်ပါ။ ဒါဖြင့်ခေတ်ပုံကူးဆရာ ရိုက်ကူးမှ ခေတ်ပုံ ခေါ်ကြတယ်။မူလကထဲက ခေတ်ပို့ခေတ်ပုံခေါ်တယ်၊ ပုဒ်ပြတ်မှတ်လိုက်။

ခေတ်-ဆိုဒါ ပရမတ်၊ ပုံ-ဆိုဒါက ပညတ်၊ခေတ်သဘောသာ ထကယ်ရှိတယ်။ ပုံ-ထင်ဒါက မျက်စိနဲ့ပေါ်သက်သော **အတ္တဒိဋ္ဌိစိတ်စွဲ**အာရုံရဲ့အစွဲမှတ်လေ။ခေတ်ပုံ ဆရာက မျက်စိနဲ့ မှန်ဘီလူးအပက ချိန်ရွယ်ပြီး အဆင်းခေတ် သတ်သတ်ကိုသာ ကွက်ပြီး နှုတ်ယူလိုက်တယ်မှတ်ကြ။ ဟောဒီခေတ်ပုံထဲမှာ အောင်ဆန်း အရှင်း မပါဘူး။ ဟောဒီ ခေတ်ဆေးတွေကို ခွါကြည့်၊ မိန်းပ, ယောကျ်ား အရှင်းမရှိ။

သညာနပညတ် တရားသား သင့်လောက်ပြီ။

---

## ရှပ်းမလေး စောသိန်းသန်း နိဂုမ်းသတ်။

ယနေ့ည ဟောလိုက်ထာ သညာန၊ ပနေ့ညက နာမ၊ ဒီပညတ် ၂-ခုကြောင့် အထင်မှားပုံ၊ ကိလေသာထကြွပုံ၊ နာမည်ကိုကြားရလို့ နားစွဲ ဒိဋ္ဌိကြောင့် ဣန္ဒြေ ပျက်ပုံကို မြင်လိုက်ရလို့ မျက်စိစွဲဒိဋ္ဌိကြောင့် အရှက်ကို ပစဉ်းစားနိုင်၊ ပြောဘိ နားထောင်ကြ။ **စောသိန်းသန်း** ဆိုသော မိန်းမကလေးတယောက်ဟာ ဆရာ၏

**ရီး**စား ဖြစ်တယ်။ တနေ့သောအခါ ဆရာအား လာ၍ ပြောပုံ၊ ဆရာ-ကျမ မန္တလေးမြို့သို့ ဆွေမျိုးများနဲ့ တွေ့ရန် သွားမယ်၊ တလခန့်ကြာမယ်တဲ့၊ ပြောသွားဘိ ယောဂီတို့၊ သွားလို့ ၅-ရက်ခန့် ကြာသော်-။

ဆရာက ရန်ကုန်မြို့ရှိ ဒုတိယ အထပ်တိုက်ပေါ် တံခါး ပေါက်နားမှာ ဝိပဿနာ ကျမ်းစာရေးနေတယ်။ အသုဘ အချက်-စက်ဆုပ်စရာကို ပေါ်လွင်အောင် ရေးနေဆဲ **စောသိန်းသန်း** ရီးစားစိတ်လဲ တချက်,တချက် ပေါ်လာရင်း ရေးဒါဘဲ၊ ရွံစရာရေးရာက **စောသိန်းသန်း**ရဲ့မျက်နှာပုံကို မြင်ယောင်ကယ် ယောဂီတို့။ အဲဒါ ဆရာ့ရောဂါကို ပြောနေတယ်ပုတ်။ ကိုယ့်ရောဂါ ကိုယ့်မှာ ဖြစ်ဘူးဒါကို ကိုယ်ဘဲ တွေးကြတော့။ ဒိခန္ဓာကြီးထဲကို သေသေချာချာ တွေးကြည့်လျှင် မက်စရာတခုကမှ မရှိပုံ၊ အသုဘကို ရေးနေဆဲမှာ (စော)ဆိုသော စာတလုံးပါသွားတယ်။ ပြန်ဘတ်၊ ပြန်ဖျက်။ (သိန်း)ပါပြန်တယ်၊ ဖျက်တယ်။ (သန်း)ပေါ်ပြန်ကယ်၊ ပါသွားဒါဘဲ။ အဲဒီလို ဝိပဿနာ အသုဘစိတ်နဲ့ **စော သိန်းသန်း** မိန်းမ ရီးစားစိတ်နဲ့ စိတ် နှစ်မျိုး ရှုပ်ထွေးပြီး သမ္မတ်အူနဲ့ စာဘူး တောင်းဖြစ်နေကုံးမှာ။ ဖေါင်တိန်ကို ခေတ္တ ချပြီးဘွေးတယ်။ ဒီ့ရီးစားစွဲဟာ ဝိပဿနာ ဉာဏ်ထဲမှာတောင် ဖိစီးနှိပ်စက်လာဒါပါကလားလို့ စဉ်းစားနေဆဲ။

**နာ**မည်တူ, အသွင်ပုံဟန်တူ လောကမှာရှိတယ်။ ဆရာ၏တပည့်တယောက်က မူလက သူနဲ့သိထားဘူးသော မိန်းမကလေးတယောက်ရဲ့အပည်ကလဲ **စော သိန်းသန်း**လို့ရှိတယ်။ အဲဒိမိန်းခလေးက အခြားမြို့က ခေတ္တ ရန်ကုန်သို့ အလည်လာတယ်။ ဆရာ့တပည့်က သူ၏အသိကို ခေါ်၍မေးတယ်။**စောသိန်းသန်း** ရေ ဘယ်တုံးက လာသလဲလို့မေးသံကို ဆရာက ကြားလိုက်တယ်။ ရီးစားစိတ် ပေါ်ခိုက် ခေါ်လိုက်တဲ့နာပ ရင်တွင်းက တဏှာဆွလို့ ဗြုံးကနဲ တံခါးပေါက် အဝသို့ အသာထပြီး ကြည့်လိုက်တယ်။အဲဒါ နားရောဂါထပြီပုတ်။ တံခါးဝက ကြားရတဲ့ ခေါ်သံနဲ့လှမ်းပြီး အောက်သို့ကြည့်လျှင် မြင်တယ်။ နောက်ဘက်က ကေန် ငါ့ရီးစ းဘဲ ဘယ်အချိန် ပြန်ရောက်နေပါလိမ့် တွေးပြီး၊ အရေးတကြီး တိုက်၏အောက်ထပ်သို့ ဆင်းလိုက်တယ်၊ အဲဒါက မျက်စိရောဂါပုတ်။ မြေပြင်ကျတော့ ဟိုကြည့်,ဒီကြည့်။ နောက်တော့မြင်တယ်။ အပျိုတယောက် စျေးဘက်သို့ရှောက်သွားဒါကို စာရေးတဲ့ဖေါင်တိန်ကို လက်ကကိုင်လျက် တန်းလိုက်တယ် ပမှီလိုက်၊ ဟစ်ခေါ်သော တပည့်နဲ့လမ်းမှာတွေ့ဘိ။ တပည့်က မေးတယ်၊ ဘယ့်နှယ်ဆရာ လက်က ဖေါင်တိန်ကိုကိုင်ပြီး ခပ်သုတ်သုတ်လာပုံ၊ ဆရာကိုင်တဲ့ ဖေါင်တိန်မှာ ထိပ်ဖုံးအစွပ် ဘယ်ဆီ ကျကျန်ရစ်သလဲ၊ ဘာကိစ္စ-ဘယ်လို အရေးတကြီး ဖြစ်လာသလဲ မေးတယ်။ ဟဲ့-နေစမ်း၊ မိန်းမတယောက်ရှောက်သွားဒါ မြင်သလား-မြင်တယ်။ငါ့-**စောသိန်းသန်း** မဟုတ်ဘူးလား။ ဒိမိန်းမပျို

က ကျွန်တော်ရဲ့မိတ်ဆွေပါဆရာ၊ နာမည်ချင်းတော့တူပါတယ်။ တိုက်အောက်က ခေါ်သံကြားလို့ငါ ဆင်းလိုက်လာတယ်။ ဒါက ကျွန်တော်ဘဲ ခေါ်ဒါပါ။ ကျွန်တော်ရဲ့အသိ မိန်းမပျိုက အရုပ်ဆိုးတယ်၊ မျက်စိတဘက်လပ်နေတယ်။ ဆရာရဲ့နှံးစား မန္တလေးသွားဒါကို ကျွန်တော်သိပါတယ်။ ကိုင်း-ပြန်ပါတော့ ဆရာလို့ တဲ့တဲ့ပြောမှ ပြန်လာတယ် ယောဂီတို့။

တိုက်ပေါ်က ဆင်းလိုက်ပုံမှာ။ လူကိုယ်တိုင် ဟောပြေလျှင် အားလုံး တရားသဘောပေါက်အောင် ဟန်ယူ-ဟန်ထားနဲ့ပြလေ့ရှိတယ်။

စာဘတ်သူများ စိတ်ထဲက ဟန်ကိုသာမှန်းပြီး အာရုံယူ၍ဘတ်ပါ။ **စော သိန်းသန်းရေ-ခေါ်သံကြားလို့စာရေးရာက** တံခါးဝသို့ ထခိုက်မှာ နာမပညတ်စွဲ သက္ကာယဒိဋ္ဌိမှတ်။ တံခါးဝက လှမ်းကြည့်လို့ နောက်ခိုင်းပြီး လမ်းရှောက်သွားသော မိန်းမကို မြင်ဒါက စပြီး၊ တပည့်တယောက်နဲ့ရင်ဆိုင်တွေ့ဒါအထိ-တိုက်အောက်ထပ်သို့ ဆင်းလိုက်သွားခြင်းကို သဏ္ဌာနပညတ်-ပုံစွဲ-သက္ကာယဒိဋ္ဌိ မှတ်လိုက်။

## တရားအဆုံး အနုသန္ဓေစကားစပ် ပြောနည်း။

ဒါ့ကြောင့် ဟောခဲ့သော ပဏာမ တရားသား၊ ယခုည် ဟောသော ဥပမာ မျိုးစုံတို့ပါ၊ တပါထည်းပါသွားအောင် နိဂုမ်းချုပ်မယ်။ အဲဒီလို မိတ်ဆွေ တယောက်က တဲ့တဲ့ဘွင်းဘွင်း ဖွင့်ဟ၍ပြောပြမှ မဟုတ်မှန်းသိလို့ပြန်လာတယ်။ ပြန်၍ရှင်းမယ်။ ကျမ်းစာရေးရင်း နာမည်ကြားလို့မနေနိုင်ဒါက နာမပညတ်က ဆွဲနှုတ်လိုက်ထာ ကျမ်းစာရေးမနေပါနဲ့၊ တရားစိတ်တွေကို ဖျောက်လိုက်စမ်းပါ ဆိုဘိသကဲ့သို့မှတ်၊

တိုက်အောက်ထပ်သို့ ဆင်းပြီး မြေပြင်သို့ ရှောက်လိုက်ထာက ဘာရောဂါ ထသလဲ။ တံခါးဝက ထပြီး ကြည့်လို့ လမ်းရှောက် သွားတဲ့ မိန်းမကလေးရဲ့ ကျောဘက်ကို မြင်ကထဲက သဏ္ဌာနပညတ်က မျက်စိရောဂါဖြစ်အောင် လုပ်ပြီး လို့ သိကြတော့။ ဒါ့ကြောင့် ဝိပဿနာတရားဆိုဒါ။ ဘာသာပြန်မှာ အထူး ဝိသေသ သိမြင်ရမဲ့တရား။ ဘယ်အပေါ်မှာလဲ၊ ဟောဒီ ခန္ဓာပေါ်မှာ မှတ်လိုက်။ **ပရမတ်ကို ဖုံးအုပ်ထာပညတ် ပညတ်**၊ အမှန်ကို ဖုံးအုပ်တာက အမှား-အမှား။ ပဏာမ ထားခဲ့ဒါ အောင်ခြင်းလေးပါးမှတ်။ ခြားနားအောင် သိလျှင် အဘိုး မဖြတ်နိုင်။ ဘာပြုလို့ အောင်ခြင်း လေးပါးထဲက ဓမ္မရတိ-ဆိုသော တရားနဲ့ ပျော်ဘူးလျှင် အမှားမပါ။ ဒါ့ကြောင့် တရားအသားမှာ သဏ္ဌာနမှတ်။ ယနေ့ည

**အတွေ့ပြ၍** ဟောတဲ့ ဥပမာတွေ ကိုယ့်မျက်နှာပုံ အနိမ့် အမြင့်သိဘို့ မှန်ထဲမှာကြည့်။ ပွတ်ကြည့်၊ လက်နဲ့စမ်းသပ်ကြည့်၊ တကယ်ရှိတယ် ထင်ပါက ဝါးလုံးဆောင်၍ ပြဒါကို မမေ့နဲ့။ အိမ်ပြန်ရောက်တော့ ဆေးလိပ်ကို ကိုင်ကြည့်၊ ကိုင်ပြ။ တယောက်နဲ့တယောက်မေးကြ ဖြေကြ။ **အလုံးနဲ့အပြား** ဟသုံးစကားမှာသာ တမျိုးစီခေါ်ရတယ်။ အမြင်မှာ အဆင်းရုပ်၊ အကွင်းငုပ်နေတဲ့ အစွဲခတ်၊ ငရဲဇာတ် မရှိအောင် ခွဲမဆိုမိ ခွဲမကြပ်မိ၊ စောစောက ပရမတ်ဉာဏ်ရဘို့လိုက်။ ဘာ့ကြောင့် သေသူတွေကို၊ ကွဲသူတွေကို၊ ခွဲသူတွေကို မြင်ရောင်-မြင်ရောင်ဒါ ဉာဏ်ရှာကြ၊ ဧကံန်သဏ္ဌာနရောဂါဘဲလို၊ပညတ်ဟာ ငါ့သေမင်းဘဲလို့ သတိပြု၊ သိမှုက မြင်ဒါ ပရမတ်ပါဘဲ။ ဝါးလုံး ဥပမာ သစ်ပင်ဥပမာတို့ကို သဘောမပေါက် ပိုင်လျှင်၊ သရာ စောစောကလက်ကိုင်ပြ၊ နဂိုရှိမရှုပ်ရအောင် အောင်ဆန်းရဲ့ ခတ်ပုံကို ပရိသတ်မြင်အောင် ပြခဲ့ပြီ။ အနိမ့်အမြင့်ကို မြင်တဲ့ မျက်စိဟာ အကန်းအန္ဓ၊ ခတ်ပုံရိုက်စဉ်က အနိမ့် အမြင့်ကို လက်ဖြင့်ဖိနှိပ်၍ မပြုပြင်ပါဘဲ (**နဂိုရှိခတ်ကို**) အဂျီမငုတ်နဲ့၊ ခတ်ပုံမရိုက်ခင်ကလဲ ခတ်ပါဘဲ၊ ရိုက်ကူးပြီးတော့လဲ ခတ် ပရမတ်, အငံစ်မှတ်လိုက်။

## တရားနာတယ် ဆိုပေမဲ့၊ တရားတကယ်ရကြရဲ့လား။

သဏ္ဌာနပညတ်နဲ့ သေဝါနီး စွဲလမ်းပေါ်ပေါက်လာဒါကို ခေါ်ကြတဲ့ ကမ္မနိမိတ် သဘောတူမှတ်။ ပြောခဲ့ပြီ အချို့က ပြောကြတယ်၊ ဒီဆရာဟောဒါ အဆန်းဟောဒါဘဲတဲ့ အဆန်းဟောသော်လဲ ကျမ်းသဘော မလွဲရင် အပါယ်မကျဘူး။ တကယ်အပြတူးတယ်လို့ တရားနာပြီး ပြန်သွားလို့ လမ်းကျတော့ မတွေ့ကြနဲ့၊ ရှမ်းပကလေးဆိုဒါ နာမနဲ့သဏ္ဌာန ၂-ခဏ်းပရှုပ်ရအောင် မိမိကိုယ်မိမိ စစ်တမ်းထုတ်၍ ကြည့်တတ်ဘို့ ဟောလိုက်တယ်မှတ်။တရားတကယ် နာတတ်သူတို့မှာ ဒီလိုဟောပုံမျိုး၊ ပြပုံမျိုး၊ ယခုမှနာရတယ်၊ ယခုမှ နာဘူးပါပေတယ်၊ ဒိုမိဘတွေ ဘော့မျိုးတွေ သေသွားကြဘီ၊ ဒီကဲ့သို့ ကွဲပြားအောင် ဟောပြတဲ့ ဝိပဿနာ တရားထူးကို ကြားဘူး, နာဘူးမျှားရှိမှ ရှိသွားကြပါရဲ့လားလို့ **သေသူကိုရှင်သူတကြတော့** အဟော-အပြော အပြ၊ လမ်းကျတော့ တွေး ရှမ်းမကလေးဆိုဒါ ကျောချမ်းလောက်တဲ့ ဥပမာ၊ ကျောကျိန်းချမ်းပေမဲ့ ယောကိန်းအဆန်းဆိုဒါ **စောသိန်းသန်း-စောသိန်းသန်း** ကဲ့လို့ ဥပမာရှုပြီး ကိုင်း-ယခု သာဓု ၃-ကြိမ် ကျယ်ကျယ် ခေါ်ကြစေကုန်သတည်း၊

ဒုတိယည ဟောနည်းအမြွက်ပြီး၏။

## တတိယည ပဏ္ဏာမ ဟောစဉ်

၁။ **ဒိဋ္ဌိဝိပ္ပလ္လာသ**-အယူမှား အန္ဓပုထုဇန်။

၂။ **စိတ္တဝိပ္ပလ္လာသ**-အသိမှား သောတာပန်-သကဒါဂါမ်။

၃။ **သညာဝိပ္ပလ္လာသ**-အမှတ်မှား အနာဂါမ်။

၁-နံပါတ် ဥပမာ **တောင်္ငှက်**။ ၂ နံပါတ် ဥပမာ **မြို့သား**။၃-နံပါတ် ဥပမာ-**လယ်သမား**။ ဝိမုတ္တိပါဂခေတ်၌ ဝိပဿနာဉာဏ်ကို မရကြသော သူတို့သည် နေရာတိုင်းမှာ အောက်တန်းကျမည်။ ဝိပ္ပလ္လာသ ပါဠိကို ရှေး အနက်မှာ ဖောက်ပြန်ခြင်း။(ယခုကျမ်း၌ လူပြိန်းများ နားလည်စေဘို့ ဖောက်ပြန်မသုံးမူ၍ အမှား-ဟူ၍ သုံးလိုက်သည်။ မကဲ့ရဲ့ကြနဲ့။)

**ဝိပ္ပလ္လာသ၏ အစိပ္ပါယ်ချုပ်မှာ**။ ဒိဋ္ဌိရှိသူ တဏှာရှိသူတို့၏ စိတ်ကို ဉာဏ်ကို လှည့်စားသော စိတ်, ဖောက်ပြန်သော စိတ်, တချက် တချက် ပေါ်သည်ကို မှတ်ပါ။ အန္ဓဗာလတို့မှာ အခါခပ်သိမ်း လှည့်စားဖောက်ပြန် နေသော စိတ်ကို ဆိုသည်။ သောတာပန် သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်တို့ကိုပင် တဏှာ ကျန်ရှိသဖြင့် ဖောက်ပြန်သောအသိမျိုး ဖောက်ပြန်သော အမှတ်မျိုး ရှိသေးသည်။

**နံပါတ် ၁-အစိပ္ပါယ်မှာ**။ လယ်သမား တယောက်က လယ်ထဲမှာ စပါးသီးချိန် တောကြက်, ငှက်, စာ,ဝက်စသည်တို့က စားသောက်ဖျက်ဆီးလို့ တောင်္ငှက်များ စပါးမစားဘို့ရာ လူရှင်ကြီး တကယ်ထင်ရအောင် ကောက်ရိုးကို လူရုပ်လုပ်ပြီး ဖန်သင်းထားတယ်။ အတွင်းက ကောက်ရိုးတွေကို အမာခံ လုပ်တယ်။ အင်္ကျီနဲ့, ပုဆိုးနဲ့, ခေါင်းပေါင်းနဲ့ လက်က တောင်္ငှက်ကို ချောက်လှန့်သော လောက်လေးကိုပစ်မဲ့ တကယ့်ဟန်နှင့် လက်က ကိုင်ပြထားတယ်။ တောင်္ငှက်များ မလာရဲဘူး စပါးကောင်းကို မစားရဘဲနဲ့ ကောက်ရိုးရုပ်ကိုလူထင်ပြီး နေရင်း ဇာတို တောချုံထဲသို့ ဝင်ကြရကုန်၏။

ထိုနည်းအတူ မှတ်ဘို့မှာ။ ယခု သာသနာတော်တွင်း၌ စပါး ကောင်းနဲ့ တူသော အပါယ်လွတ် တရားအစစ်အမှန်တွေ ရှိပါလျက် မကြားမနာ-မလိုက်မစားပါဘဲနဲ့၊ အပိုင်လုပ်သော လင်-အပိုင်ထင်သော မယားတို့ အပေါ်၌ ၃၂ ပါးသော သွေးစု,အရိုးစု, အသားအစုတွေဘဲလို့။ တနည်း၊ ရုပ်နဲ့နာမ် ၂-ပါး သဘောပါကလားလို့ စပါးတောထဲက စပါးအစာ မစားရသလို၊ သာသနာ တောထဲက တရားသာသနာကို မစားပါဘဲ၊ စားနေကြ, ပျော်နေကြ ဖြစ်တဲ့ ကာမဂုဏ်တော၊ ကာမဂုဏ် ရေသို့သော မိမိတို့၏ နေအိမ်သာဘွယ် ပြန်ရောက်ကြရကုန်၏။ (အန္ဓရဲ့ အယူလွဲ-အယူဖောက်ပြန်ဒါကို ဒိဋ္ဌိဝိပ္ပလ္လာသ မှတ်ပါ။)

**နံပါတ် ၂-ကိုပြောဘီ—ရေးမယ်။** လယ်တော အရပ်သို့ မရောက်ဘူးသော မြို့သားတယောက် လယ်စောင့်ရုပ်ရှိ လယ်ကွင်းပြင် ကမ်းစပ်ကတက်လာပြီး ထို အရပ်ရှိရာသို့ တဲ့တဲ့လာ၍ ရွာတရွာသို့ သွားရန်လာသည်။ အဝေးကမြင်တယ်။ မတ်တတ်ရပ်ပြီး- လောက်လေးကိုင် စာတွေ့ ငှက်တွေ ပစ်နေဒါ လယ်သမား ကြီးဘဲအထင်နဲ့ အမှတ်မဲ့လာခဲ့ရာ။ စဉ်းစားတယ်။ ဘယ့်နှယ် ဒီလူကြီး တယ်ပြီး ငြိမ်သားကောင်းပါလားလို့ စဉ်းစားရင်း၊ နီးလာတော့မှ၊ ဟိုက်-အရုပ်ကြီးကို လူကြီးမှတ်လို့ အဲဒီလို အထင်လွဲသော မြို့သား ဥပမာအရ ထပ်တူ သိရန်မှာ။ သောတာပန်- လူဝတ်အရိယာ- ဝိသာခါတို့ဟာ ငယ်စဉ် ကထဲက သက္ကာယဒိဋ္ဌိ ကွာပြီးပြီ။ တရားနဲ့ဝေးသောခါ ပညတ်အာရုံခံ ဖြစ်တယ်။ သားဘဲ လင်ဘဲ- စီးပွါးဘဲလို့ စိတ်ရောက်နေသည်မှတ်။ လင်နဲ့ အနားကပ်သော်၊ ခလေးချီဘို့ အနားနီးလျှင် ပိုက်ဆံကိုင်ခါနီးသော်၊ အိမ်ကို့တိုက်ကိုမြင်သော်၊ အသေကောင် တွေဘဲ၊ အရိုးစုတွေဘဲ၊ သွေးစု-သွေးခဲတွေဘဲ၊ ရုပ်နာမ်အစုတွေဘဲ၊ ထိပျောက်၊ ကြည့်ပျောက် အာရုံတွေဘဲ။ အပျက်သဘောတွေဘဲလို့ တရားနဲ့စဉ်းစားသော် လူမဟုတ်၊ ယောကျ်ားလင်မဟုတ်၊ မိန်းမ၊ မယားမဟုတ်၊ ရွှေ၊ ငွေ၊ တိုက်၊ အိမ် မဟုတ်ကြောင်း သိတယ်မှတ်။ သောတာပန် ပညတ်ကို အာရုံပြုခိုက်နဲ့ ကောက် ရိုးရုပ်ကို အဝေးကမြင်လို့ လူထင်ဒါနဲ့တူ၏။ သောတာပန်က တရားဆင်ခြင် ဒါနဲ့။ လူမဟုတ် ကောက်ရိုး ရုပ်ကြီးမှန်း သိဒါနဲ့ တူ၏။ (သောတာပန်နဲ့- သကဒါဂါမ်-ဒိဋ္ဌိဝိပ္ပလ္လာသကိုသာ ပယ်သေး၏ မှတ်။)

**နံပါတ် ၃-ကို ဟောမယ် ရေးဘီ။ စာဘတ်ရင် အင်းတွေ-အဲတွေ-ဒဲ့တွေ- မထည့်စမ်းပါနဲ့၊ ဆေးလိပ်ချ ရှင်းရှင်းဘတ်။** ပရိသတ်တွေ စကားပြောမှု သည်းခံကြပါ။ နားထောင် နံပါတ် ၃-ကို ဂရုစိုက်ကြ၊ သူအရိယာ-ငါသောတာ ပန်-သူက ရဟန္တာ-ငါက အနာဂါမ် ထင်လုံးရှိနေကြတဲ့ အထင်ကြီးယောဂီ၊ လူ၊ ရှင်တွေကို **ဝိပ္ပလ္လာသ** မှတ်ကျောက်နဲ့ မှတ်တင်မယ်။ လယ်စောင့်ရုပ် မလုပ်သော လယ်သမားတယောက်က တောထဲသို့ဝင်ပြီး ကင်းခွေ သွားတယ်၊ တောထဲသို့ ဝင်စကတလမ်း၊ ထင်းစည်းထမ်းပြီး တောထဲကထွက်တာကတလမ်း။ (ဗြုံးကနဲ) လန့်သွားတယ်။ အံမယ်-ကြည့်စမ်း၊ ငါ့မှာ လန့်သွားလိုက်ထာလို့ စိတ်ထဲက တွေးတယ်။ ထင်းခွေလယ်သမားက လယ်စောင့်ရုပ်ကြီးကို မမြင်ပါဘဲ အမှတ်မဲ့၊ ထွက်လာတယ် လန့်မှာပေါ့ လူထင်လို့။ ဘာပြုလို့ လူ ထင်ရသလဲ။ ပုဆိုးနဲ့ အင်္ကျီနဲ့၊ ခမောက်နဲ့၊ လောက်လေးကိုင်ထားလို့ လူကြီးထင်တယ်။

တယောက်နဲ့တယောက် အထင်မှားကြဒါဟာ ခေတ္တခဏ ဆင်မြန်း သော အာဂန္တုက အဝတ်အထည်ကြောင့် လူထင်၊ ယောကျ်ား-မိန်းမ ထင်၊ ချစ်ခင်နှစ်သက်နိုင်ကြတယ်လို့ အန္ဓဗာလတို့ သိခဲ-တွေးခဲ-တိုင်ပင်ခဲ လှ၏။

ထင်းခွေလယ်သမားက လူကြီးထင်ပေမဲ့ ခေတ္တမှတ်။ အနာဂါမ် ပုဂ္ဂိုလ်က ယောကျ်ား မိန်းမထင်သော်လဲ တအောင့်တခဏမှတ်လိုက်။ ဘာပြုလို့ ဒီလယ်သမားက ကြာကြာကြီး မြို့သားလို အမှား မကြာပါသလဲ။ မြို့သားကဲ့သို့ လူထင်လိုး မကြာပုံက မှားသာမှားရတယ်၊ သူလဲ လယ်သမား အစစ်ပဲ။ သူ့လယ်ထဲမှာ တောငှက်များ ဆူပူလျှင် သူလဲ ဒီလို အရုပ်မျိုး လုပ်နေကြဘဲ။ ဒါ့ကြောင့် မှားသော်လဲ ခဏမှတ်။

ရှင်းမယ် မြို့သားကလဲ အနားကျတော့ အရုပ်မှန်း သိတယ်။ လယ်သမားကလဲ မှားမဲ့သာ မှားရတယ်။ အရုပ်ကြီးဘဲလို သိတယ်။ (အရုပ်သိပုံ ဘယ်လိုထူးသလဲ စာပြန်ဘတ်၊ မရှင်းသေး ဆေးလိပ်ချတွေး။) မြို့သား သောတာပန်က အရုပ်မှန်း သိပေမဲ့ အပြင်ဘက်ကို မြင်လို့ သိရတယ်။အတွင်းမှာ ဘာတွေကို ထည့်လုပ်တယ်လို့ အရှင်းမသိ၊ လယ်သမား အနာဂါမ်က အရုပ်မှန်း သိပုံမှာ အပြင်ရော, အတွင်းရော သိတယ်မှတ်။ အပြင်က ဖုံးကွယ်ထားသော ခမောက် အင်္ကျီ, ပုဆိုး, အဝတ်အထည် ဝတ်ပုံ,ဆီးပုံ မြင်ရလို့ အပြင်ကလဲ လူအစစ်မဟုတ်ကြောင်း သိတယ်။ အတွင်းက လုပ်ကိုင် ကြံစည်ထားဒါလဲ ဆန်ကျိုးတစိလောက်မှ တန်ဘိုးမရှိတဲ့မြက်မှိုက်ကောက်ရိုးတွေကို လုပ်ထားတယ်လို့ ဆိုဒါကို သိတယ်။ ဒီအရုပ်မျိုးကို ကိုယ်တိုင်လဲ လုပ်ဘူးတယ်။ ဒါ့ကြောင့် မြို့သားက အရုပ်၏ အတွင်း ကြိယာတွေကို အရှင်းမသိ၊ လယ်သမားက အတွင်းကို ကျကျနန သိတယ်မှတ်။

ဉပမာနဲ့ ညီအောင် မှတ်သွားကြ၊ ဘတ်သွားကြ၊ သောတာပန် ပုဂ္ဂိုလ်က တရားသိပုံမှာ ဒီခန္ဓာ၏ အတွင်းကို တကယ်တန်း ဝေဘန်၍ အမှန်ကျ မသိ။ အပြင်ဘက်ကိုသာ ဆင်ခြင်သုံးသပ်လေ့ဖြစ်တယ်။ အနာဂါမ် ပုဂ္ဂိုလ်က ဒီခန္ဓာ ကိုယ်မှာ **အနတ္တစာတ်**သဘောကို လဲသိသည်၊ မမြဲသော ရုပ်တုံး အစစ်ဟူ၍လဲ သဘောပေါက်ပြီးတဲ့အပြင် ပညတ်အာရုံ လာပြန်လျှင်လဲ အသုဘ လက်နက်ကို အမြဲတန်း ကိုင်ဆောင်ထားသဖြင့် ရွံစရာ အံချင်စရာ, မသတီစရာ, မကိုင်ချင်စရာ ဖြစ်တဲ့ ခန္ဓာအိမ်၏ အတွင်းကြိယာတို့ကို သိရတယ်။ ဘယ်အသားကိုဘဲ အပ်နဲ့ထိုးထိုး ထိုးချင်တဲ့ နေရာကို အပ်နဲ့ထိုး၊ ပုဂ္ဂိုလ် သတ္တဝါမဟုတ်၊ လူမဟုတ် ယောကျ်ားမဟုတ် မိန်းမ မဟုတ်ကြောင်း။ (မမက်ကြဘို့အရေး ယောဂီတို့ရေ ထွက်သမျှ သွေးတွေက သက်သေခံမယ်၊ ဒီခန္ဓာသွေးစု ပုဒ်ပြတ်မှတ်။) အဲဒါ အနာဂါမ် အသုဘကိုင်ပုံ အရိပ်မျှ ဟောပြ, ရေးပြလိုက်သည်။ (သည်မျှ မမှတ်နဲ့အုံး။)ကောက်ရိုးကိုလူထင်ဒါက သင့်တော်သေးတယ်။ဒီအပုပ်တွေ စုထားသော အပုပ်အစု အဖွဲ့အသင်းကို အဟုတ်တကယ် လူစာရင်းသွင်းထားပုံ အံ့သြတယ်။ ကိုယ့်ကိုယ်ကိုယ်တွေး။ စည်းပြင် မထွက်စေနဲ့။ (ကိုင်း သံပေါက် လိုက်ဆိုကြ။) တပိုဒ်က အသံ မြှင့်တယ် တပိုဒ်ကို ချ-ဆို။

## ဝိပ္ပလ္လာသ ၃-ပါး သံပေါက်။

ဒိဋ္ဌိ၊ စိတ်, သညာ ဖောက်ပြန်လာ ခွဲခါသိဘို့ထုတ်။
ယူ-သိ-မှတ်ခါ တန်းတက်ပါ တွေးပါဉာဏ်အလုပ်။

တောင့်ကျမြို့သား လယ်သမား အမှားနေ့စဉ်ဖြုတ်။
ယောဂီသိရာ ဥပမာ မှတ်ပါ ကောက်ရိုးရုပ်။

အန္ဓဗာလာ သေသောခါ ငရဲမှာ ကေန်မြုပ်။
စပါးသာသနာ မစားရှာ လားရာအပါယ်ရုပ်။

တောင့်ကျအန္ဓ ပမာပြ ကြောက်ကြခန္ဓာပုပ်။
အရိယာမြို့သား အသိမှား ပယ်ရှားဒိဋ္ဌိပြုတ်။

လယ်လုပ်သားမှန် အနာဂါမ် မှားပြန်ခေတ္တရုပ်။
တွင်းပြင်စစ်ကြည့် နှစ်မရှိ မှတ်သိကောက်ရိုးရုပ်။

ကိုင်း-ဆရာ ခေတ္တနားမယ်၊ ပဏာမ တော်လောက်ပါပြီ။

---

## တတိယည သန္တတိပညတ် ဟောစဉ်။

ကြည့်စမ်း ကြောက်သင်ပုံးဘောမှာ ရေးပုံ၊စောစောကရေးကူး မှတ်သား ထားကြ၊ ထင်ရှားအောင်ဘတ်၍ထားကြ။ ။ရုပ် နာမ် ၂-ပါးတို့က နေ လ သွားဒါထက်လျင်မြန်တယ်၊ဒီလိုဖြစ်ပျက် ၂-တန်မြန်အားကြီးလို့ **အပျက်ကိုမမြင်၊ အဖြစ်ကိုသာ**မြင်၊ ပျောက်ထာမမြင် ရှိဒါကိုသာမြင်၊ သေသေနေဒါကို သဘော မပေါက် လူရှင်ဘဲ ငါလဲအရှင် သူလဲအရှင်ဘဲလို့ အစဉ်စွဲပြီး ရုပ်နာမ် ၂ ချက်၌ စွဲချက်နာဒါ **သန္တတိမှတ်**။ ခက်တယ် စာပြန်ဘတ်။ အစဉ်စွဲလို့ စိတ်က အထင် လွဲဒါ သန္တတိ။

ဥပမာ ပြောမယ်။ လယ်ကွင်းထဲ၌ မိုးတွင်းအခါ ကောက်ပင်တွေ စိုက်ပြီးပြီ။ အဝေးကလှမ်းကြည့်၊ တပိန်းထဲ တပြားထဲ မြင်ရတယ်။ တထွာခန့် ကပေခန့်စီ တပင်နဲ့တပင် ကွာခြားနေတယ်လို့ အဝေးကမမြင်၊ စင်စစ်မှာ အဝေးက တပိန်းထဲ အမြင်ဟာမှားတယ်။အမှန်မှာ တပင်စီ ဖြစ်တယ်။ ဒီခန္ဓာဟာ လက်ဖျစ် တတွက်ခန့်၌။ လွယ်လွယ်ပြောမယ် တမိနစ်ခန့်၌ (**လူဘဲထားပါအုံး**)ဒီလူကောင် ကြီးဟာကျမ်းဂန်ပြပုံမှာ ကုဋေပေါင်း ၅၀၀၀-ကျော် ပေါ်လာတယ်၊ပျောက် နေတယ်, ဖြစ်တယ်,ပျက်တယ်။ လူကောင်တွေသေသေ နေတယ်လို့ ဘုရားစသော အရိယာများ သိကြတယ်။ ယောဂီအရိယာဖြစ်ဘို့ ခန္ဓာပျက်ကြောင်း ကြိုးစား၍ တရားနာပါ။ စကားမပြောကြနဲ့၊ ဤကဲ့သို့ တမိနစ်၌လူကောင်ပေါင်းများစွာ,

မသာများစွာ ချုပ်ပျောက်နေတာကို မမြင်၊ တယောက်ထဲဘဲလို့ ထင်ဒါ သန္တတိ ပညတ် ဖုံးတယ်မှတ်။

ဟောဒီမြေဖြူတောင့်ဟာ သည်အတိုင်း မူလက မဟုတ်ဘူး။ မြေမှုန့်တွေ တမှုန့်စီကို စုပေါင်း၍ အခဲပြုလုပ်ထားတယ်မှတ်။ တမှုန့်စီမမြင်၊ တခဲထဲ၊ တထောင့်ထဲထင်ဒါ **သန္တတိ**။ တနည်း၊ သရက်ပင်၊ ကုက္ကိုပင်များကိုကြည့်၍ ဉာဏ်ဖြင့် ဝေဘန်ဆင်ခြင်ပါ။ အသီး၊ အပွင့်၊ အရွက်၊ အဖူး၊ အညွန့်၊ အကိုင်း၊ အခက်၊ အခေါက်၊ အပွေး၊ ပင်စည်၊ သစ်လုံးမှ စ၍ တခုစီ တခြားစီကို မမြင်။ အားလုံး စုပေါင်း ဆက်စပ်ထားသည်ကို မစဉ်းစားဘဲ၊ ငါ— သစ်ပင်ကြီးကို မြင်တယ်လို့ဆိုဒါ အမြင်မှားနေတယ်။ တစုစုကို တခုထဲ ထင်လုံးဟာ (**သန္တတိ**) ခန္ဓာကိုယ်၌ ဥက္ကောင်း လက်၊ ခြေ၊ မျက်စိ၊ နား၊ နှာခေါင်း၊ ကျောသား၊ ရင်သား၊ ပေါင်၊ ဒူး၊ ခြေသလုံး၊ ခြေခုံ၊ လက်ချောင်း၊ ခြေချောင်း၊ ခြေသည်း၊ လက်သည်းမှစ၍ တခုစီဆက်၊ တကိုယ်ထဲ ထင်လုံးနဲ့မက်၊ စင်ပုံနဲ့ဆက်ပုံ၊ အပျက်မမြင် အဆက်ကြောင့်၊ စိတ်က အထင်မှားဒါ (**သန္တတိ**) ခက်တယ် ယောဂီ၊ ပရမတ်ကို ပညတ်မျိုးစုံ ဖုံးအုပ်တယ်။ ပရမတ္ထ သဘာဝကို မသိသမျှ နိဗ္ဗာန် မရ၊ သောတာပန် မဖြစ်၊ ပရမတ်ကို အမြဲတန်းကပ်လျက် ဖုံးနေဒါ သန္တတိမှတ်။ (ကွဲခဲလှ၏။)

ဒီမှာ— ဆံစု အပင်များစွာကို စုပေါင်းထားတယ်။ အဝေးကတော့ တပင်စီ မမြင်ဘူး။ ဆံစုတချောင်းထဲသာ မြင်ကြရတယ်။ အမှန်မှာ တပင်စီအစစ်၊ ဒီခန္ဓာလဲ ယခု မတ်တတ်ရပ်လို့နေတုံး များစွာသေနေတယ်မှတ်။ လူပြိန်းက တနာရီမှာ ၅၀၀- ၅၀- ၁၀ သေနေတယ် မသိဘူး။ ငါလင်ဟာ ငါ့မယားဟာ၊ ငါနဲ့ညားလာဒါ ၁၀- နှစ် အနှစ် ၂၀- ၃၀- ၅၀- ရှိပြီ။ ဒီလိုမယားဘဲ၊ လင်ဘဲလို့ မှားစွဲ ထင်စွဲဟာ သန္တတိ မှတ်ပါယောဂီ။

ဥပမာတမျိုး ဒီကိုကြည့်ကြ၊ ဆွဲကြိုး ခေါ်ကြတယ်။ မြေကြီးထဲက သည် နမူနာအတိုင်း ထွက်လာတာ မဟုတ်။ တကွင်းစီ ကွင်းများ ဆက်ထားတယ်။ ဒါ့ကြောင့် ဆွဲကြိုးဖြစ်တယ်။ ဆွဲလို့ဖြစ်တယ်။ အလှဆင်လို့ဖြစ်တယ်။ ကွင်း ကလေးတွေ ပြတ်ပြတ်သွားလျှင်၊ ကွင်းပြုတ်လျှင် လည်ပင်း၌ ဆွဲလို့မဖြစ်။ ပန်း ထိမ်ဆရာက ဆက်ထားတယ်မှတ်။ ဒီခန္ဓာ တကောင်ထဲ မဟုတ်၊ ကံ- စိတ်- ဥတု- အာဟာရ သက္ကာယဒိဋ္ဌိ ဆရာလေးယောက်တို့က တကောင်စီ- တကောင်စီ ဆက်ပေးတယ်။ တကောင် ပျောက်သွားလျှင် ကြည့်မြင်တဲ့ အန္ဓကို ပျောက်မှန်း မသိရအောင် ကိုယ်စားလည် အမြန် ဆက်သွင်းပေးလိုက်တယ်။ ယခု ဟောနေ ဒါ့ရေးနေဒါ အဘိဓမ္မာ တရားမှတ်။ အင်မတန် ခက်ခဲ နက်နဲတယ်။ (ဆရာ

ကောင်းနဲ့ မတွေ့လျှင် တရားရဘို့ ကြပ်ပါတယ်။ ဝိပဿနာဉာဏ်ရဘို့ အပေါ စားမထင်ကြနဲ့ ပရိသတ်တို့။)

ဟောဒီမှာကြည့်စမ်း- မီးကွင်း၊ သေသေချာချာကြည့်ကြ၊ လက်ကလှဲ့တယ်၊ ပါးစပ်က အဓိပ္ပါယ်ပြောမယ်။ လက်ဖျစ် တတွက်မှာ။ တနည်း၊ တမိနစ်မှာ အများဆုံး မီးကွင်းပတ်ပေါင်း ၄-ပတ်, ၅-ပတ်ခန့်ရှိတယ်။ တပတ်ပြီး တပတ်၊ တလှဲ့ပြီးတလှဲ့၊ ဒီလို မမြင်ကြ၊ တကွင်းထဲဘဲ မြင်ကြတယ် မဟုတ်လား။ ဟောဒီလို ရပ်ထားလိုက်လျှင် မီးကွင်းလား, မီးစလား၊ မီးစမဟုတ်လား၊ ဒီလို လှဲ့လိုက်ရင် ဘာထင်ကြသလဲ၊ (**မီးကွင်းဖြစ်ပါတယ်၊**) စင်စစ်မှာ မီးစဘဲ၊ လှဲ့သူကမြန်လို့ မီးကွင်းထင်ရတယ်။ ထင်-ဆိုဒါ အမှန်မြင်မဟုတ်။ ဟောဒီ ခန္ဓာကိုယ် မီးစကြီး အစစ်မှတ်၊ တကောင်နဲ့တကောင် ကိုယ်စားထိုးပြီး ဆက်ဆက်သွားနေဒါကို မသိမမြင်၊ တယောက်ဘည်း, ကာကိုယ်ထည်း ထင်လုံးကို သန္တတိမှတ်။ ဒီမှာကြည့်၊ မြန်အားကြီးတော့ မီးစကို မမြင်၊ မီးကွင်းသာမြင်နေကြတယ်။ ဘယ်လိုဘဲ မြန်စေကာမူ ဉာဏ်ဖြင့် ဝေဘန်လိုက်ကြစမ်း။ ဟောဒီ ကော, ဒီလိုဆက်မိလျှင် တပတ်၊ ဒီကစ, ဒီထိတပတ်၊ တပတ်ပြီး တပတ်ပါဘဲ။ တပတ်စီ တပတ်စီ မမြင်ပါဘဲ မီးကွင်းကိုချည်း အာရုံပြုနေလို့ အမြင်မှားကြတယ်။ ဟောဒီရုပ်တုံးကြီး ပျက်ပျက်နေဒါကို မဆင်ခြင်တတ်၊ မတွေးတတ်လို၊ လူရှိတယ်, လူရှင်တယ် ထင်တယ်၊ ရုပ်ကို မမြင်၊ လူကိုသာ မြင်ဒါ သန္တတိ။ မြင်ဒါ- ဝဏ္ဏ- အဆင်းရုပ် ပရမတ်မှတ်။ လူမြင်, ယောကျ်ားမြင်, မိန်းမမြင်, သက္ကာယဒိဋ္ဌိ ရေဲသားမှတ်။ ဘယ်လိုဘဲ လူထင်- ထင်ချင်တိုင်း ထင်ပေမဲ့ အမြဲတန်း ပျက်နေတယ်သိ။ (ဖြစ်ပျက်မမြင်- ရုပ်နာမ်စဉ်- ဉာဏ်မြင် သန္တတိ) ဆိုသော နံပါတ်- ၃ သံပေါက်အရ သန္တတိပညတ် ဟောစဉ် ကော်ပါသီ။

၁။ နာမပညတ်- အမည်ဟာ- အရိုးထဲစွဲနေတယ်။

၂။ သဏ္ဌာနပညတ်- ပုံသဏ္ဌာန်ဟာ- မျက်စိထဲကမထွက်။

၃။ သန္တတိပညတ်- အသက်စွဲဟာ စိတ်ထဲမှာရှိနေတယ်။

---

ကိုင်း— ယနေ့ည ဘိုင်စကုတ် ဥပမာနဲ့ နိဂုမ်းသတ်မယ်။

ဘိုင်စကုတ် ကြည့်ဘူးကြသူတွေ များမှာဘဲ၊ ဘိုင်စကုတ် ပြပွဲရုံတွင်းသို့ ဝင်ရောက်, စမှာ အင်ဂျင်မီးသီးတွေ လင်းပြထားတယ်။ ပြခါနီးကြလျှင် (**မီးသီးတွေကို ငြိမ်းသတ်လိုက်တယ်။**)

အထူးမှတ်ချက်မှာ။ ၁၃၁၇- ခု၊ နယုန်လဆုတ် ၈- ရက်နေ့ည၊ ၈-နာရီနှင့် ၁၀- မိနစ်အချိန်၊ ရန်ကုန်မြို့၊ အလုံရပ်၊ ဆူပါပင်လယ်း၊

အမှတ်-၂၆၊ ဆရာ၏ နေအိမ်၌ ဒီဥပမာကို ရေးနေဆဲ ဖြစ်သည်။ အထက်က ကွင်းပြထားသော စာပိုဒ်အတွင်းမှာ တအိမ်လုံးလင်း၍ နေသော မီးချောင်း, မီးသီး ဟူသမျှတို့ အကုန် မီးရောင်မရှိ၊ ငြိမ်းသွားကြ၏။ ၁၅-မိနစ်ခန့်ကြာသောအခါမှ မီးချောင်း, မီးသီးများ ပြန်၍ လင်းလာကြသည်၊ တိုင်းပြည်၌ ဒီ(**ဓမ္မ ကထိက ဒီပနီ**) သာသနာ အရောင်သည် ကြည့်တတ်သူ လူ, ရှင်တိုင်း တရားအလင်းဓာတ်ကို ရကြရန် အတိတ်နိမိတ် ထူးဆန်းကြောင်း ဝမ်းသာဘွယ် အမှတ်ဖြစ်သည် ယောဂီတို့။

အင်ဂျင်မီးသီး အရောင်တွေကို ငြိမ်းစေပြီးမှ လူအများ ကြည့်နေသော ရှေ့တဲ့တဲ ပိတ်ကားဆီသို့ (ဆလိုက်) မီးရောင် အားပေး၍ လင်းလိုက်တယ်။ ဒီပိတ်ကားထဲမှာ လူလဲမရှိ၊ ယောကျ်ား မိန်းမ, ခလေး,လူကြီး, အိမ်တွေ, တိုက်တွေ ဘာတခုကမှမရှိ၊ ဟုတ်, မဟုတ် လက်နဲ့ ကိုင်ကြည့်ကြ၊ ပွတ်သပ်ကြည့်ကြ။

---

## အလွန်အံ့သြ ထူးဆန်းစွာ။

မျက်စိမြင်တဲ့တဲ့ ပိတ်ကားပြင်မှာ ပေါ်လာပုံတွေ၊ ယောကျ်ား, မိန်းမ မျိုးစုံ သွားတယ် လာတယ်၊ ထိုင်တယ်၊ လတယ်၊ သတ်ပုံ,ခုတ်ပုံ,စစ်တိုက်ပုံ။ မီးရထား, သင်္ဘော, ရေပြင်, တောင်ပုံ, တောစခန်း, လှေ, လှည်း, ဆင် မြင်း, ခွေး, ကြက်, အိမ်, တိုက်,ချစ်ခမ်း, ကြိုက်ခမ်း, တွဲပုံ,ဘက်ပုံ,ငိုခမ်း,ရယ်ခမ်း, လူအများ ပျော်ပွဲစားပုံ စသည်တို့ကို အလွန်အံ့သြ ထူးဆန်းစွာ မြင်ကြရ၏။ (**အလကား မကြည့်ရ**) ပိုက်ဆံပေးမှ တိုးဝှေ့ပြီး ဝင်ကြ၊ ကြည့်ကြ၊ ထွက်ကြရတယ်။ **တရားစာ ဘတ်ထာကို- တိုးတိုး ဘတ်မနေနဲ့**၊ ပန်းခြံ ဥယျာဉ်ထဲမှာ သီးနှံးစား လူပျိုနဲ့အပျို၊ ချစ်ကြိုက်စကား၊ အနားချဉ်းကပ်၍ ပြောနေခိုက် သူငယ်ချင်း နောက်ပိုး လူဝဝ တုတ်တုတ်ကြီးက သစ်ပင်ကွယ်က နေပြီး လန့်သွားအောင် အသံ ကျယ်ကျယ် မြည်အောင် ရှီ-ရှီနဲ့ လက်ခေါက် မှုတ်လိုက်တယ်။ သီးရီးစား ၂-ယောက်လုံး ဖြုံးကနဲ့ လန့်ပြီး တောင်ကြည့် မြောက်ကြည့် ကြည့်လို့မမြင်ရ၊ ချစ်သူနဲ့ စကားပြောလိုက်၊ နောက်ပြန် လှည့်ကြည့်လိုက် နေကြပုံကို ကြည့်သူများက သဘောကျ၍ ရယ်ကြတယ်။ လက်ခေါက် မှုတ်ကြတယ်၊ လက်ခုပ်တီးကြတယ်၊ ကိုင်း ဘိုင်စကုတ်ကို လက်တွေ့ပြလို့ လက်တွေ့ ကြည့်ကြလို့ ကြိုက်ကြတယ်။ ဒါဖြင့် တရားကိုလဲ လက်တွေ့ဘဲ ပြမယ် မကဲ့ရဲ့ကြနဲ့၊ လူပျိုနဲ့အပျိုလက်တွဲပြီး စကားပြောနေဒါကို ကြည့်သူ ယောကျ်ားမိန်းမတို့က သဘော ကျလို့ လက်ခုပ် တီးလို့ ပြီးလျှင် ပိတ်ကား နားသို့ ထသွား

ကိုင်ကြည့် လက်သည်းနဲ့ ကုတ်ခြစ်ကြည့် ယောကျ်ားလဲမရှိ၊ မိန်းမကိုလဲ မတွေ့၊ နားထောင် **အန္ဓဗာလတို့**မှာ ဝိပဿနာဉာဏ်ကိုနဲ့နဲ့မျှ မသိရသဖြင့် မြင်ရသော အာရုံ ကာမဂုဏ်စိတ်များပြီး ပိတ်ကားမှာ အရိပ်သွားဒါကို လူထင်ဒါ ဒို့၊ ရီးစားမြင်ဒါ **ဝိပ္ပလ္လာသ**၊ ကားဆက်သမျှ မှားချက်ကို အမှန်မသိဒါ သန္တတိ အထီး အမမှတ်လိုက် (စွဲမှားတဲ့ အထီးအမ အသားကို အပ်နဲ့ထိုးကြည့်ကြ။)

## ဘိုင်စကုတ်ကြိုက်သူတို့ ဝိပဿနာခေတ်မှာ အနိုင်ယူကြစပ်းပါ။

ဘိုင်စကုတ်အရိပ်ကို လူရှင်တွေ့ ကကြ၊ ပြကြတယ်လို့ ဇော်ကြပြီး သဘော ကျသော်လဲ မူလ အရင်းခံကို လိုက်ရှာကြရမယ်။ ရွာထဲကလူပကာတိကို ဓာတ်ပုံ ရိုက်၍ ပြဒါပါဘဲ။ ဓာတ်ပုံရိုက်စဉ်က အထိုင်ရုပ်ဟာ အလချုပ် ပဖြစ်နိုင်။ ဖြစ် အောင် ကားဆက်ပေးဒါမှတ်။ စဉ်းစား ပဋ္ဌမ မူလ ကုလားထိုင်ပေါ်မှာ ထိုင် ရာက ဖြေးဖြေးကြွ ကြွရာက ဒူးကို ဆန့်မယ့်ဟန် ဆန့်တယ်။ ခါးကို တဖြေး ဖြေး ဆန့်လိုက်တယ်။ ထဘီ အထိုင်နဲ့အထအထိ။ ဓာတ်ပုံကားချပ် ရိုက်သော် ပုံပေါင်း အနဲဆုံး ၅၀-၁၀၀ ဖြစ်တယ်။ သို့မဟုတ်က ထိုင်ရာက ထလို့မရနိုင်။ တပုံစီ ရိုက်ကူးပြီးပြသောခါကားဆက်၍ပြတယ်မှတ်။ (ရိပ်မိကြစေ။)

---

## ဒီမှာကော်ပြားထဲက ရုပ်ပုံတွေ။

ဟောဒီကော်ပြားဟာ ဘိုင်စကုတ် အရိပ်ပြပွဲမှာ သုံးတာဘဲ။ ဒီရုပ်ပုံဟာ တကောင် တကွက် တရုပ် တကွက် တုံးခြားလျက် ရှိတယ်။ လက်ကွေးရာက တဖြေးဖြေး တရုပ်ထက်တရုပ် ဆန့်ဆန့်လာတယ်။ နောက်ဆုံး အရုပ်ထိ အရုပ် ပေါင်းများစွာဖြစ်တယ်၊ မှန်ဘီလူးအဝ၌ မီးရောင်ရှေ့က ဒီကော်ပြားကိုစက်နဲ့ လှည့်ပေးလျှင် လက်ကွေးရာက လက်ဆန့်ဖြစ်ထာအထိ၊ တရုပ်ထဲ တယောက်ထဲ တကောင်ထဲ ထင်ရ၏။ ထင်ဒါမဟုတ်။ ဥပမာ တမိနစ်မှာ အရုပ်ပေါင်း ၁၀၀ မှတ်။နံပါတ် ၁-အရုပ်သည် အနိစ္စ။ ၂-နံပါတ် အရုပ်ပေါ်၊ ၂-နံပါတ် အရုပ် ပျောက်။ ၃-နံပါတ် ပေါ်လာတယ်။ ထိုကဲ့သို့ ဘေးစောင်းနေရာက တဲ့တဲ့ ကြည့်ဖြစ်ဘို့မှာလဲ အရုပ်ပေါင်းများစွာမှတ်လေ။

တကောင်စ-ဖြစ် ဖြစ်စကချုပ်၊နောက်တရုပ်ပေါ်၊ပေါ်ရုပ်ပျောက်ပျက်
နောက်ဆက်တကောင် ထို့နောင်တယောက်၊ ပေါ်ပျောက် ဖြစ်ချုပ်၊

ဤကိုယ်ရုပ်ကို အဟုတ်ယောကျ်ား၊ မိန်းမလားဟု စိတ်မှားထင်မှတ်၊ ထိုပညတ်ကြောင့် ဆက်စပ်စဉ်ကြောင်း၊ အရှင်ပေါင်းကို၊ ချုပ်ပြောင်းမမြင်၊ လူကောင်ထင်၍၊ ငါပင်တယောက်၊ သူတယောက်ဟု၊ သေပေါက်မရဏ၊ အနိစ္စကို၊ ဖိဋ္ဌမသိ-သန္တတိ။

## စိတ်များလို့ အရိပ်သွားဒါ-ပိတ်ကားမှာဘာမှမရှိ။

အနှယောကျ်ား မနှမိန်းမတို့မှာ ပုဂ္ဂလ--သတ္တ ဟူ၍ အစွဲအမှတ် ရှိကြသောကြောင့် ရုပ်သဘောအစစ်ကို လူရှင် ထင်ကြရ၏။ ရုပ်ကို လူထင်ဒါ နာမ်ကြောင့်မှတ်။ အတွင်းက နာမ်စက် လှုံ့ပတ်သောကြောင့် ဘာမှ အာရုံကို မယူတတ်မသိတတ်သော ရုပ်သဘာဝအစုကိုပင် လူထင်ရ၏။ နာမ်စိတ် ဆက်ခါ ဆက်ခါ ပေါ်လို့ ရုပ်အကောင်လဲ ဆက်ခါ ဆက်ခါ ဖြစ်ရ၏။ ဒီကော်ပြားမှာ ရှိနေသော ဓာတ်ဆေး ရုပ်ပုံဟာ ယောကျ်ားအရှင်းမဟုတ် မိန်းမလဲမဟုတ် လူဝေါသောခန္ဓာကိုယ်က သွေးတစက်ကမှ မပါဘူး။ သေသေချာချာ ကိုင်ကြည့်ကြ။ ဓာတ်ဆေးရုပ် သက်သက်ကို စက်ဆရာက ဓာတ်စက်နဲ့ လှည့်ပတ်ပေးသဖြင့် မီးရောင်ရှိသော ပိတ်ကားပြင်မှာ အရိပ်သွားထင်ဒါ လက်နဲ့ ကိုင်ကြည့်၊ ပိတ်ကားဘဲတွေ့ရမယ်မှတ်။ ဟောဒီ ခန္ဓာကိုယ်ကို ထိသမျှ စမ်းသပ်သမျှ အပေါ်, အမ တကယ်မဟုတ် ပထဝီဓာတ်သရုပ် အစစ်ဖြစ်ကြောင်းကို နက်ဖြန်ခါ စတုတ္ထညပရမတ်ကို ဟောလျှင် လူမဟုတ်ကြောင်း ရုပ်ပျက်နေကြောင်းကို သေချာစွာသိကြရမယ်။ နက်ဖြန် စောစောလာကြ။ (ရက်မပျက်ကြစေနဲ့။)

## ငါတို့တအိမ်သားလုံး ဘိုင်စကုတ်ဓာတ်သမားအစစ်

အဘကဓာတ်လိုက်မင်းသား၊ အမိက ဓာတ်လိုက်မင်းသမီး စသည်ဖြင့် ပေါ်လွင်အောင် စဉ်းစားကြ၊ ချစ်ခမ်း ကြိုက်ခမ်း စိတ်ဆိုးခမ်း ရန်ဖြစ်ခမ်း ကွဲပုံသေပုံ ရီးစားထားဒါ ကွဲဒါ သေဒါ ငိုဒါ ငါတို့အိမ်မှာ ငါတို့ရဲ့ရွာထဲမှာ အရှိသားဘဲ။ တအိမ်နဲ့တအိမ် ဘိုင်စကုတ်ပြပွဲ နေ့စဉ်မပြတ် ကပြနေကြပါကလား ဟိုအိမ်က ဘိုင်စကုတ် ဓာတ်သမားတွေကို ဒီအိမ်က ကြည့်ကြတယ်။ ဒီအိမ်က ဖြစ်ပျက်မျိုးစုံ ဘိုင်စကုတ်ပွဲကို ဟိုတအိမ်က ကြည့်မြင်ကြရတယ်။ တအိမ်ရဲ့ ကပြပွဲတွေကို အိမ်များစွာရှိ ပွဲကြည့် ပရိသတ်တို့က ကြည့်ကြရတယ်။ ကိုယ့်အိမ်သားတွေ အမျိုးမျိုး ကဓာတ် ပြဓာတ် ခင်းကျင်းဒါကိုလဲ ကိုယ့် အိမ်သားချင်းဘဲ ပြပ်လှန်၍ ကြည့်မြင်ကြရကယ်မှတ်။

## အိမ်သားဘိုင်စကုတ်ပြပွဲကလဲ ပိုက်ဆံကုန်တယ်။

လောကကြီး၌ အိမ်ဇာတ် အိုးဇာတ် တည်ထောင်ကြဒါ လင်ယောကျ်ားရဲ့ အရိပ်ကို မယားမိန်းမက ကြည့်ရှုလို့ အားမရ။ မယား မိန်းမရဲ့ အရိပ် ပြနေဒါ ကိုလဲ လင်ယောကျ်ားက မြင်လို့ ကြည့်လို့မဝနိုင်။ စီးပွား သမီးသား အစ သက်ရှိ သက်မဲ့ ဘိုင်စကုတ်တွေကိုလဲ နာရီစဉ် နေ့စဉ် ကြည့်မြင်လို့ တင်းမတိမ် ကြသည်ကို သိဘို့ခက်တယ်ယောဂီ။ ကိုယ့်အိမ်သား ဘိုင်စကုတ်ပြဇာတ်ကို နေ့စဉ် ကြည့်မြင်ဘို့ ပိုက်ဆံရှာရဒါ ပိုက်ဆံရှာလို့မပြီးနိုင်ဒါ တွေးခဲ တိုင်ပင်ခဲလှ၏။

---

## နိဂုမ်းသတ်ခါနီး စကားအနုသန္ဓေစပ်ပြောပုံ။

ဒါ့ကြောင့် ယနေ့ည အတွေ့ပြပြီး ပညတ် ၃-ပါးလုံး ပေါင်းရုံး၍ စလောင်း ဖုံးကို ဖွင့်လိုက်ပြီ။ (ဝမ်းဘဲဥကို အိုးထဲထည့်၊ စလောင်းဖုံး။ တောင်းအုပ်၊ အပေါ်က သစ်တုံးတခုဖိထား။ ဝမ်းဘဲဥနဲ့ တူသော နာမ်နဲ့ရုပ် ပရမတ်တရား ဖုံးဖိထားတာကို ဖွင့်လိုက နာမ ပညတ်နဲ့တူသော အပေါ်က ဖိနှိပ်ထားသော တုံးကိုဖယ်ပြီးပြီ။ သဏ္ဍာန် ပညတ်ဖြစ်သော တောင်းကိုလဲ ဖွင့်ခဲ့ပြီ။ နက်ဖြန်ခါ နာမ်, ရုပ်, ပရမတ်တရား ဝမ်းဘဲဥစာ့ဘို့ ယနေ့ည စလောင်းဖုံးကို ဖွင့်တယ် မှတ်။ အန္တဘဝက ကလျာဏ အဆင့်အတန်းရောက်ဘို့ ဝိပဿနာဆိုဒါ စိတ်မှာ ညဏ်ရဘို့ **ဝိပ္ပလ္လာသ** မှတ်ကျောက် ခေတ်ပေါက်တိုင်း အရိယာဖြစ်တယ်လို့ အထင် မကြီးကြနဲ့နော်။ ဘာ့ကြောင့်၊ အဘိဓမ္မာ တရားဟာ သဘောနက်သဖြင့် တောင့်ကဆို **အန္ဓဗာလမှတ်**။ တရားနဲ့လမ်းပြဒါက ပုဂ္ဂိုလ် ဒါတ္တဝါလို့ ဒါယူ မမှားလျှင် သောတာပန်ပါဘဲ။ မိမိကိုယ် မိမိ မှတ်ကျောက်တိုက်ဘို့ မမေ့ကြနဲ့။ ဆရာကောင်းကို မမှီဝဲရလျှင် ဘဝင်မြင့်ပြီး အရိယာ ဖြစ်တယ်လို့ တချို့က ကြွားပေမဲ့ မှိုသားဆိုတဲ့ သောတာပန်မှာ အင်္ဂါလေးပါးနဲ့ ပြည့်စုံရတယ်။ ဘာလဲ- ဘုရားစစ်, တရားစစ်, သံဃာအစစ်, သီလအစစ်, အဲဒါလို့ လက္ခဏာ လေးပါး စုံညီရတယ် ယောဂီတို့။ ကလျာဏမှ စူဠသောတာပန်၊ ထိုကဲ့သို့ အဆင့်အတန်းနဲ့ အမြင့်ကိုလှမ်းလိုက ဟောဒီခန္ဓာကိုယ် ကောက်ရိုးရုပ် မမေ့ရ။ အတွေ့ကျတော့ ခက်သေးတယ်မှတ်။

သို့သော် အားမငယ်ကြနဲ့၊ အန္ဓမဟုတ်၊ ကလျာဏမှ အရိယာအချုပ်၊ သိ သာဘို့အလုပ်က နေရတဲ့ဘဝဟာ ခဏကလေးရယ်၊ ဒုက္ခဘုံသား အစစ်မှတ် ကြတော့။ ခေတ္တမျှခံစားကြရတဲ့ စိတ်ထင်မှုအာရုံအိပ်မက်ကို အပူမပူါနဲ့၊ အယူမှားကို ပယ်နိုင်လျှင် လက်ခမောင်း ခတ်ကြတော့၊ ဥပမာပြလိုက် ဂါက

ကောက်ပင်၊ မြေဖြူတောင့်၊ ဆံစု၊ ဆွဲကြိုး၊ မီးကွင်း၊ ယခုနိဂုမ်းအသတ်က ဘိုင်စကုတ်၊ အိမ်ကျတော့ တိုင်ပင်ကြပေတော့။ သာသနာ အသက်လဲ တဝက်ကျလာပြီ၊ တရက်ထက် တရက် သောဘက်လဲ နီးလာကြပြီ၊ သူ့ ဝါဒ၊ ငါ့ဂိုဏ်း ငါ့ပါတီ၊ ငါ့အဖွဲ့လို့ တဏှာအသုံးနဲ့ ငါတလုံးကိုင်ပြီး၊ သူဗိုလ်- ငါဗိုလ်နဲ့ ဘာဗိုလ်မှ ရှုပ်မနေကြနဲ့၊ အားလုံးကုန် မြေကြီးသြဇာဘဲ မှတ်ကြ။ တနေ့မှာ ငွေတာသိန်း ဝင်ငွေ ရှိသော်လဲ ထမင်း ၂-နပ်ရယ်လို့ တွေးခဲ့ပေါ်ခဲ့ကြ၏။ သံဝေဂရပြီး ပိမုတ္တိခေတ်သစ်၌ ဝိပဿနာတရားကို ပရ-ရအောင် အားထုတ်ခဲ့လှ၏၊ တရားဟောတယ်၊ နာယူတယ်ဆိုလျှင် ဝိပဿနာ တရားမှ လိုရင်းတရားအစစ်၊ တရားအပေါင်းတို့တွင် ခရိုင်အချုပ် သူတဗိုလ်, ငါတမင်းရယ်လို့ အနိုင် မလုပ်ကြနဲ့၊ ငါ့ခန္ဓာကိုယ်ဟာ ဘိုင်စကုတ်။ ငါတို့ အိမ်သားတွေ ဘိုင်စကုတ် ဒိဋ္ဌဘဲလို့ မနေ့စဉ် အရိပ်ပြပွဲသို့ အနိစ္စ မမြဲကြောင်း ဉာဏ်အပြည့် သုံးဘို့၊ ကိုင်း- သန္တတိ အဖုံး ဖွင့်လိုက်ကပြီ။ သာမှု ၃- ကြိမ် ကျယ်ကျယ်ခေါ်၍ ဝမ်းမြောက်ကြစေကုန်သတည်း။

**ဖြစ်ပျက်မမြင်၊ ရုပ်နာမ်စဉ်၊ ဉာဏ်ပြင် သန္တတိ- ဆိုသော သံပေါက်အရ၊**
**သန္တတိပညတ် ဟောစဉ်ရပ်ကပြီ။**

---

## ပညတ် ၃-စားနဲ့ သက်ဆိုင်ရာ သာဓကမျှား။

ဓမ္မကထိက ယုပ်လိုသော ပုဂ္ဂိုလ်မျှားအဘို့ ဘာသာပြန်နှင့် ပြောတိုင်း တရားရမယ် မထင်ကြနဲ့။ ပါဠိသက်သေ မပြနိုင်, မရွတ်နိုင်လျှင် တရားဂုဏ် မရှိဘူး။

ပညတ္တိံ ထပေတွာ အနိစ္စာဒိ ဝိဝိဓာကာရေန ပဿတီတိ ဝိပဿနာ။

ပညတ္တိံ၊ လောက အမှတ် သမုတ် တင်စားအပ်သော ပညတ်ဟူသမျှကို။ ထပေတွာ၊ ပရမတ်တရားကို အမြင်မမှား ပယ်ခွါထား၍။ အနိစ္စာဒိ ဝိဝိဓာကာရေန၊ ပရမတ်ရုပ်နာမ်သာ အဟုတ်မှန်စွာမမြဲခြင်း အစရှိသော ဖွဲ့ဆင်ခြင်ဘို့ အခြင်းအရာဖြင့်။ ပဿတိ၊ ပညာဉာဏ်ဖြင့် သိမြင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ **ဝိပဿနာ၊ ဝိပဿနာ မည်၏။**

ဘာပြုလို့ ပညတ် ခေါ်သလဲ။ သိစေတတ်- သိစေအပ်သော လမ်းစဉ်ကို ပညတ်မှတ်။ (ဥပမာ- အုန်းသီးနာမည်ကို ကမ္ဘာဦးရှေးအခါကစ၍ နာမည်တတ်သူ ပဋ္ဌမလူကို သိစေတတ်၊ နောက်လိုက်၍ အုန်းသီးလို့ ခေါ်ဆိုမှု အစွဲအယူ ရှိကြသော သူတို့ကို သိစေအပ် မှတ်ပါ။) မိမိနာမည်ကို ရှေးဦးစွာအမည်

**မှည့်သောဘမိ** ၂-ပါးကို သိစေတတ်၊ ပညတ်ချက်ကြောင့် တရွာလုံးရှိ လူ **အများက** ဆက်သွယ်၍ ထိုနာမည်ကို တွင်ကျယ်အောင်, ထင်ပေါ်အောင် **နောက်လိုက်** ခေါ်ဆိုကြသည်ကို သိစေအပ် ပညတ်ချက်မှတ်ပါ။

**ပညာပိယတိ ဝေါဟာရိယတီတိပညတ္တိ။** (ကမ္မသာဓန, ကိတ်သဒ္ဒါနည်း။) ပညာပိယတိ ဝေါဟာရိယတီတိ။ ပရမတ်အစု၌ ခေါ်ဝေါ်တင်စား သင်္ကေတ အမှတ်ထား၍ သမုတ်အပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပညတ္တိ၊ ပညတ် မည်၏။ ၎င်းဝိဂ္ဂြိုဟ်အရ အခေါ်ခံရသော အကောင်အထည်-ဒြပ်-သဏ္ဌာန် အတ္ထ ပညတ်ရ၏။

တနည်း၊ **ပညာပိယတေ ဝေါဟာရိယတေတိ ပညတ္တိ၊** (ဘာဝ သာဓနကိတ် သဒ္ဒါနည်း။) ပညာပိယတေ၊ အထူးထူး အထွေထွေ သိစေခြင်း၊ ဝေါဟာရိယ တေ၊ ခေါ်ချင်သလို ခေါ်ဆိုခြင်း၊ ဣတိတသ္မာ၊ ထို့ကြောင့်၊ ပညတ္တိ၊ ပညတ် မည်၏။ ၎င်းဝိဂ္ဂြိုဟ်အရ။ ဝစီမယသဒ္ဒပညတ်။ သို့မဟုတ် နာမပညတ်၊ အမည် ကိုသာရ၏။ လိုရင်းမှာ၊ အဟုတ်တကယ်မရှိသော ပရမတ္ထ သဘာဝ အစု၌ တင်စား၍ သိစေတတ်ခြင်း, သိစေအပ်ခြင်း ၂-မျိုးကို ပညတ်မှတ်။ မေးသူရှိ ပြော၊ အမေးခံလျှင် ကိုယ်ကမေး၊ သူတော်ကောင်း တရားအစစ်ကို ကြွား မပြောနဲ့၊ ဝါးမပြောနဲ့၊ **ဓမ္မအန္တရာယ် လက်ငင်းသင့်တတ်သည်၊** (သတိပြု။)

---

## သဏ္ဌာနပညတ်နဲ့ သက်ဆိုင်သော ဝိသုဒ္ဓိမဂ်ဥပဒေ။

ဇဝံ ဣတ္ထိပုရိသာဒိဘာဝေန ဗာလဇနဝဥ္စနံ မာယာရူပသဒိသံ ခေတု ယန္တံ ပဝတ္တတိ။

ဇဝံဝုတ္တာဝစနေန၊ ဤသို့မျိုးစုံ ပုံ-ဥပမာပြ၍ ဟောခဲ့သောစကားဖြင့်။ ဗာ လဇနဝဥ္စနံ၊ အန္ဓလူမိုက်ကိုသာ လှည့်ပတ်တတ်သော။ မာယာရူပ သဒိသံ၊ မျက်လှည့်ရုပ်နဲ့, တကယ်တူလှသော။ မာတုယန္တံ၊ ခေတ်စက်ယန္တရားကို၊ ဝါ၊ သူ့ဘာသာသူ ဖြစ်ချင်တိုင်း ဖြစ်နေသော သဘောတရားကို။ ဣတ္ထိပုရိသာ ဒိဘာဝေန၊ မိန်းမ, ယောကျ်ား အစရှိသော မြင်ရ- တွေ့ရခြင်း၊ ငါသဲ, ငါ ပိုင်ဘဲလို့။ ပဝတ္တတိ၊ ပြောသမျှ စကားအသုံးကြောင့် လောကမှာ ကရားရှုံး ပြီး ငရဲရောက်အောင် အမှားဆုံးကြီး ဖြစ်ကြရလေတော့သတည်း။

ဒီလိုတွေးတတ်ရင် သံဝေဂမဖြစ်တိုက်ဘူးလား၊ သံဝေဂဖြစ်အောင် ဟော ပါမှကထိက။ လာဘ်ကိုမြှော်လင့်၍ မဟောပါနဲ့၊ (ယောကျ်ားထင်တဲ့ ငါ လင်ဘဲ၊ မိန်းမထင်၍ ငါ့မယားဘဲလို့ အသဲ, အမြစ်ခိုက်အောင် မဲ့ဖြင်အောင် အစွဲအချစ်သည်၊ **မင့်ကို ငါက စွဲသေမယ်၊ မင့်က ငါကိုစွဲပြီးသေ၊** (စွဲသေ

ရေဲ့မြေ) ရေဲကျအောင် စွဲကြစို့၊ တကယ်လား၊ တကယ်ဆိုပြီး ၂-ဦးသဘောတူ စာချုပ်သလို။ တနည်း၊ ရုံးမှာ မှတ်ပုံတင်ထားသလို၊ ရေစစ္စတြီပြုလုပ်ထားကြ သကဲ့သို့ ကျမ်းကျိန်စာ ဆိုဘိသကဲ့သို့ **သက္ကာယဒိဋ္ဌိ** လုံ့ဖြင့် ရင်ဝသို့ စူးစိုက်ထားကြ၏။ သက္ကာယဒိဋ္ဌိ မီးအိုးကြီးကို ဥက္ကောင်းပေါ်မှာ အမြဲတန်း ရွက်ထားကြသည်မှတ်လေ။

ဗာလဇနအတွက် သတိပေးပါ။ မိမိကလဲ အထူးသတိပြု။ ဓမ္မကထိက လုပ်သူကသာ၍ အရေးကြီးသည်။ သူများက အန္ဓ၊ ကိုယ်က ဒုသီလဖြစ်တတ်တယ်။ ငါဟောတဲ့တရား ငါ-နားလည်ရဲ့လား။

## သန္တတိပညတ်နဲ့ သက်ဆိုင်သော အားကိုးကျက်ပါ။

သန္တတိယာ ပဋိစ္ဆန္နတ္တာ အနိစ္စလက္ခဏံ နုဥပဋ္ဌာတိ။

သန္တတိယာ၊ အမှန်မမြင်၊ ဉာဏ်မဝင်၍၊ နာမ်ပင်ရုပ်ဆက်၊ ဖြစ်ပျက်မြန်ချက်၊ အသက်စွဲ၊ အရှင်စွဲ၊ အစဉ်စွဲ၊ သန္တတိပညတ်သည်။ ပဋိစ္ဆန္နတ္တာ၊ အန္ဓတို့၏ စိတ်မျက်လုံးမှာ ပြောမယုံနိုင်အောင် ဖုံးလွှမ်းသည်၏ အဖြစ်ကြောင့်။ အနိစ္စလက္ခဏံ၊ အစဉ်ပျက်ကွက် ချွတ်ယွင်းချက် လက္ခဏာကို။ နုဥပဋ္ဌာတိ၊ မထင်ရှားနိုင်။

ဘာသာပြန်နဲ့ နားလည်အောင် ပါဠိအားကိုးလဲ ရွတ်၍ပြပါ။ ပါဠိသာစကေ မပြနိုင်သော ဘာသာပြန် စကားသည် တရားမှန်သော်လဲ တန်ဘိုးမရှိသဖြင့်၊ ပရိသတ်ဝိုင်းမဝင်၊ လူမယုံကြည်။ ဥပမာ-ရွှေမရှိသော ပတ္တမြားကျောက်သည် လှပတင့်တယ်ဘိုရာ ပရိသတ်အလယ်မှာ ဂုဏ်မရှိမှတ်လေ။ ဓမ္မကထိကလုပ်လိုပါက ဥပဒေစည်းကမ်းဖြစ်သော ပါဠိအားကိုးများကို ကျက်မှတ်လေ့လာကြပါကုန်။

---

### စတုတ္ထညှ ပဏ္ဏာမ ဟောစဉ်။

၁။ ဒုက္ခသစ္စာ-ဒီဇန္ဓာဘေးတုံးကြီးအမှန်။

၂။ သမုဒယသစ္စာ-ဒီဇန္ဓာ လိုချင်လို့ ဆုတောင်းဒါအမှန်။

၃။ နိရောဓသစ္စာ-ဒီဇန္ဓာ ချုပ်ပြတ်ထားအမှန်။

၄။ မဂ္ဂသစ္စာ-ဒီဇန္ဓာရဲ့ အကြောင်း တကယ်သိဒါအမှန်။

နံပါတ် ၁-အခပွေါယ် သိဘို့မှာ ဒီဘဝအတွက် အမိဝမ်းဗိုက်၌ ပဋိသန္ဓေ ရေကြည်တည်စက ယခုအထိ ကြီးစွာသော ဘေးဆိုးကြီး ဆင်းရဲ တုံးကြီး၊

ဆင်းရဲသားကြီး ဆင်းရဲသူကြီး ဟူ၍ တရားကောင်း ရလျှင် သိရမယ် ကေန် အမှန်ဘဲလို့ ယခု စာဘတ်သည့် ခဏကစ၍ ပညာသိ မသိ ပပေါ် သော်လဲ ဘုရားဟောတရားကို ယုံကြည်သော်၊ မှန်ဒါကို ယခုယူလိုက်ပါ။ ချမ်းသာတယ်၊ စည်းစိမ်ရှိတယ်။ လူ့စည်းစိမ် ခေါ်ထားသော အဝိဇ္ဇာအယူကို ယခုချက်ခြင်း သပိတ်မှောက်လျှင် ယောဂီရှင် ဝိဇ္ဇာမိုရ်ရတယောက် ဖြစ်ရပြီလို့ လက်ခမောင်း ခတ်တော့။

**ဒုက္ခေ ဉာဏံ ဝိဇ္ဇာ။** ။ဒုက္ခေ- ဒုက္ခသစ္စာ၌။ ဉာဏံ၊ ကေန် မှန်တယ်လို့ သိမြင်သော ဉာဏ်သည်။ ဝိဇ္ဇာ၊ ဝိဇ္ဇာမိုရ် မည်၏။ အနုဗာလတို့ ထင်မြင် စွဲလမ်းချက်ရှိသော ကောင်းကင်ပျံ ဝိဇ္ဇာဆိုဒါ အဝေးကိုမြင်နိုင်ခြင်း၊ အဝေးက ပြောသံကို ကြားနိုင်ခြင်း။ သူတပါးစိတ်ကို သိနိုင်ခြင်း၊ သူများတွေရဲ့ အကြံ အစည်တို့ကို သိနိုင်ခြင်း၊ သူများတွေရဲ့ ရှေ့ဖြစ် နောက်ဖြစ်ကို သိနိုင်ခြင်း၊ အသက် ထောင်သောင်း ရှည်၍ တကမ္ဘာတည်အောင် ဆေးဖော်၍ စားခြင်း စသော ဝိဇ္ဇာတို့ကို **လောကီဝိဇ္ဇာမိုရ်မှတ်ကြ။**

> ဝိဇ္ဇာ-အသိ။ ရေ-ဆောင်ခြင်း။ ဝိဇ္ဇာမိုရ်ဆိုဒါ သူများရဲ့ ခန္ဓာကိုယ် အကြောင်း အကျိုး အဖြစ် အပျက် ရှေ့ရေး နောင်ရေးတွေ မျိုးစုံ သိမြင်ဒါကို လောကီဝိဇ္ဇာမိုရ်မှတ်။ မိမိ၏ ခန္ဓာရဲ့ ယခုဖြစ်ရေး ပျက်ရေး ပဋိသန္ဓေ နေရေးစသော ဆင်းရဲအစုစုကို သိမြင်ခြင်း အသိဉာဏ် ဆောင် ထားခြင်းကို **လောကုတ္တရာဂိုဏ်းဝင် အရိယာ ဝိဇ္ဇာမိုရ်မှတ်ကြ။** ဒုက္ခ အမှန် သိ ဝိဇ္ဇာ၊ မသိ-အဝိဇ္ဇာ ပုဒ်ပြတ်မှတ်။

နံပါတ် ၂-သစ္စာကို လူပြိန်းမှတ်ဘို့ ဟောမယ် ရေးမယ်။ ဟောဒီခန္ဓာမျိုး လိုလားမှု တောင့်တမှု ခင်တွယ်နှစ်သက်မှုတဏှာ စိတ်ယုတ်မာကို **သမုဒယသစ္စာ** အမှန်မှတ်ကြ။ ဒီခန္ဓာ ဆင်းရဲတုံးကြီးကို လိုချင်ဒါ ဆုတောင်းဒါ ခင်တွယ်ဒါ ချစ်ခင်ဒါ အင်မတန် ယုတ်မာညစ်နွမ်းတဲ့ (**တဏှာစိတ်**) အမှန်လို့သိလျှင် ဝိဇ္ဇာ မိုရ်မှတ်လိုက်ကြ။**ဒုက္ခသမုဒယေ ဉာဏံ ဝိဇ္ဇာ။** ။ဒုက္ခသမုဒယေ၊ မေ့ သော ၂ ချက်မွေးပြီးလို့ ပသောင် တေးမျိုးစုံပရေမတွက်နိုင်အောင် ဖြစ်ပေါ်နိုင်ကြောင်း ပသာတံဆိပ်နဲ့ ကိုယ်တိုင်တွေးလျှင် သိနိုင်သော တဏှာစိတ်၌။ ဉာဏံ၊ အင်မတန် ယုတ်ညစ်ပါကလားလို့ သိမြင်ခြင်းသည်။ ဝိဇ္ဇာ ဝိဇ္ဇာမိုရ်မည်၏။ ကိုယ့်တဏှာ အညစ်ကိုသိ-ဝိဇ္ဇာ။ မသိ-အဝိဇ္ဇာ ပုဒ်ပြတ်မှတ်။

နံပါတ် ၃-နိရောဓသစ္စာ၊ လူပြိန်း ကြားဘူးကြသော နိဗ္ဗာန်ရမှ အပူ သောက အေးငြိမ်းမယ်လို့ သိမြင်ဒါအမှန်ကို နိရောဓ သစ္စာမှတ်။ နိဗ္ဗာန် ရှိတယ်။ နိဗ္ဗာန်ကိုရတယ် ဆိုဒါလဲ ယုံကြည်ဒါ အမှန်ကို နိရောဓသစ္စာပုပ်ကြ။

လောကဝတ္ထု ပစ္စည်းတခုခု ရကြဒါလို အားလုံးမြင်အောင် ပြနိုင်သော တရား မမှတ်ကြနဲ့။ ဘုရားနှင့် အရိယာများသာ ယုံကြည် သိမြင်နိုင်သော ကိုယ်တိုင် ခံစားရသော မိမိမှာပင် ဘာပူကမှ မပူ။ ပူချင်လို့မဖြစ်။ အပူဆိုဒါရှာမရ။ တနည်း၊ နာမ်ဆိုဒါလဲမရှိ၊ ရုပ်ဆိုဒါတော့ ဗလာနတ္ထိ။ မိမိ၌ ဉာဏ်ပိုင်နှင့်သာ ခံစားရခြင်း။ လူပြိန်းသိဘို့မှာ ဒီခန္ဓာအတုံးကြီး ချုပ်ငြိမ်းခြင်းကို **နိရောဓသစ္စာ** မှတ်ကြတော့။

**ဒုက္ခနိရောဓေ ဉာဏံ ဝိဇ္ဇာ။** ဒုက္ခနိရောဓေ ဒုက္ခ၏ ချုပ်ငြိမ်းခြင်း၌။ ဝါ၊ နိဗ္ဗာန်၌။ ဉာဏံ၊ အမြတ်ဆုံး, အကောင်းဆုံး, အအေးဆုံးဘဲလို့ သိမြင်ခြင်း အမှန်သည်။ ဝိဇ္ဇာ ဝိဇ္ဇာမိုရ်မည်၏။ ။ဒုက္ခချုပ်ရာ သိ-ဝိဇ္ဇာ၊ မသိ-အဝိဇ္ဇာ ပုဒ်ပြတ်မှတ်။

နံပါတ် ၄-ဒုက္ခဆင်းရဲ အပေါင်းတို့၏ လွတ်ငြိမ်းရာ လမ်းမှန်ကို သိမြင်ခြင်းသည် မဂ္ဂသစ္စာမည်၏။ ဟောဒီ ခန္ဓာ၏ ဖြစ်စ ဖြစ်လယ် ဖြစ်ပြီး အဆုံး ပျက်။ တနည်း၊ ပဌမ အခြေခံ တည်ဆောက်ပုံ မဟန်ကြောင်း ဆရာ၏ ကိုယ်ခန္ဓာ စာဘတ်သူ ယောဂီရှင်၏ ကိုယ်ခန္ဓာဟာ အရင်းစစ် အမြစ်ဟာ မြေမှာ ခန္ဓာဆိုးကြီး ဖြစ်လာရသော ဌာန၊ ဒီခန္ဓာ၌ လူခေါ်စရာ ယောကျ်ားမှတ်စရာ၊ မိန်းမဘဲလို့ စွဲချက် ထင်ထားစရာကြီးဟာ ဘယ်မျှ တန်ဘိုးရှိတယ်၊ နောင်တဖန် ထပ်ခါဖြစ်ဘို့ နောင်ဘဝ နောင်ဘဝ ပြန်လည်ဖြစ်စရာ ဆုတောင်းထိုက်တဲ့ ခန္ဓာအစုတ် ခန္ဓာအပုပ် ဟုတ်သလားစသည်ဖြင့် ဒီရုပ် ဒီနာမ် ဒီအဆက်မပြတ်သော ဒီသံသရာ၏ ပြတ်ကြောင်းကို သိမြင်လျှင် မဂ္ဂသစ္စာမှတ်ကြ။

**ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါယ ဉာဏံ ဝိဇ္ဇာ။** ၊ဒုက္ခနိရောဓ ဂါမိနိပဋိပဒါယ၊ ဒုက္ခ၏အစသတ် ဘဝပြတ်ကိန်း ချုပ်ငြိမ်းရာ လမ်းကြောင်း၌။ ဉာဏံ၊ ကောန် သိမြင်သော ဉာဏ်သည်။ ဝိဇ္ဇာ၊ ဝိဇ္ဇာမိုရ်မည်၏။ ဒုက္ခမဖြစ်ဘို့ တရားအမှန် သိ ဝိဇ္ဇာ၊ မသိအဝိဇ္ဇာ ပုဒ်ပြတ်မှတ်။

သူများတွေ၏ ခန္ဓာ ဖြစ်ပျက်ကို သိမြင်လျှင် တရားမဟုတ်ဘူး။ကိုယ့်အရည်နဲ့ ကိုယ့်အချင်း တကယ်သိမှ တရားမှတ်။

ပဏာမ တော်ပြီ-ခေတ္တနားမယ်။

---

## စတုတ္ထည နာမ်နဲ့ရုပ် ပရမတ်တရား ဟောစဉ်။

တရားနာသူတွေ စာရွက်နဲ့ခဲတန်ယူခဲ့ကြလို ဘိတ်စာမှာ ဆရာထည့်မှာတယ်။ ရေးကူးကြ။ ဟောဒီထဲမှာ အတိုချုပ်ရေးပုံကို ကြပ်ကြပ်ဆင်ခြင်ကြ။ သဘော တူသူနဲ့ တိုင်ပင်ကြ။

## နာမ်နဲ့ရုပ် တွဲရုပ်လူ-ခွဲထုတ် လူမဟုတ်။

တရားဟော စင်မြင့်တွင် လူပြိန်းများ တရားရ လွယ်အောင် အရုပ်ကား (၇)ချပ်ကို အမြဲဆွဲထားတယ်။ ဟောဒီမှာ ဘုရားကား၊ ဟောဒါက ဝဋ္ဋဒါန ပြုပုံ၊ ဝိဝဋ္ဋဒါနပြုပုံ အလှူရှင် သူဌေးကြီးတို့၏ နမူနာ ကားချပ်။ ဒီကားက ၃၁ ဘုံကား၊ ဟောဒါက မြတ်စွာဘုရားနှင့်သောတာပန် ရဟန္တာဖြစ်ကြသော လူဝတ်-သင်္ကန်းဝတ် အရိယာများ၊ ဒီဘက်ကားချပ်က ဒုဋ္ဌဂ္ဂာမဏိရာ ကျွန်ပကြီးထံ သာမာဝတီနှင့် နောက်ပါ ငြွေရံမ ၅၀၀ တို့ တရားနာယူကြ၏။ အားလုံး သောတာပန် တည်ပုံမှတ်။ အဲဒီ ဇာတ်ဥပဒေအရ ဆရာ စဉ်းစားတယ်။ ပါဠိ ဘာသာနဲ့ ဟောသလား။ နားလည်တဲ့ ဘာသာပြန်နဲ့ ဟောဒါလား။ ၅၀၀ လုံး အရိယာဖြစ်ကြဒါ အံ့ဩစရာဘဲ။ သီလ, သမာဓိ ပညာ, ဝဏ်ဏကိစ္စထဲ ပါသွားဒါ ထင်ရှားတယ် ပရိသတ်တို့။ ဥပဒေအရ အယူမှန်ကြစေ။ ဟောဟို အလယ်က ကားချပ်မှာ အသက် ၇-နှစ်သား သင်္ကန်းချုပ်နေတဲ့ သုစိသာမဏေ။ တနည်း၊ စိရသာမဏေခေါ် ကိုရင်ကလေးထံ၌ ရှိခိုးပြီး တရားတောင်းနေဒါ ပေါဋ္ဌိလ မဟာထေရ်ကြီး၏ ပုံမှတ်၊ ရဟန္တာ ၅၀၀ တို့ကို စာချနေတယ်။ ပဟာဓမ္မ စရိယ ဂုဏ်ထူးရှိတယ်။ (၁၈-ဂိုဏ်း အုပ်ချုပ်သော မဟာနာယက ဆရာတော် ဖြစ်တယ်။) ပါဠိတော်နှင့်တကွ အဋ္ဌကထာ ၃-ပုံ ပိဋကတ်တို့ကို တဘက်ကမ်း ခတ်လောက်အောင် ပြိုင်ဘက်မရှိ တတ်မြောက်တယ်။ ဒီလို လောကီ ဂုဏ်ထူး-ဘွဲ့ထူးတွေကို ရပေမဲ့ အရိယာမဟုတ်ဘူး မှတ်ထားကြ။

**မာန မကြီးကြနဲ့နော်။** မာနဟာ ကိုယ့်သေမင်းမှတ်။ မာနရှိနေသေးသမျှ ရဟန္တာဉာဏ်ကို ဝေးစွ၊ ကလျာဏ ပုထုဇန်မဖြစ်။ အနာဂါမိမဂ်ဉာဏ် ရသော် လဲ ရဟန္တာ၏ဉာဏ်ကို ပိတ်ပင်ထားဒါလဲ မာနမှတ်ကြ။ ရဟန္တာဖြစ်ရန် တရား ထူးကို လိုချင်လို့ကြည့်စမ်း၊ အသက် ၈၀-ရှိသော ဆရာတော်ကြီးက မြစ်လောက် အရွယ် သာမဏေငယ် ရဟန္တာ ကိုရင်ကလေးထံမှာ ရှိခိုး၍ တရားတောင်းပုံ တွေးကြ၊ မာနလျှော့ကြ။ ဟိုဘက် အစွန်းက-ကားချပ် အဓိပ္ပါယ်က ဘာလဲ၊ ဇာတ်မင်းသား နိုင်ငံကျော် ဥဂ္ဂသေနခေါ်တယ်။ အတောင် ၆၀-ရှိတဲ့ တိုင်ထိပ် ဖျားပေါ်၌က,ခုန်ရင်း တရားရလို့ ရဟန္တာဖြစ်ပုံ၊ပွဲကြည့်ပရိသတ် အားလုံးကုန်၊ အရိယာ ဖြစ်ကြတယ်၊ ကလျာဏဖြစ်ကြတယ်။ တရားနာသူတွေ အတုခိုးစရာ ကျမ်းဂန်ပြယုဂ်သာဓကကို ဆရာက သက်သေခံဖြစ်အောင် အရုပ်ရေး၍ ဟော တယ်မှတ်။ ရှေးကသာ အရိယာဖြစ်တယ်၊ ယခုခေတ်၌ မဖြစ်မယူကြနဲ့။ သင်္ဂါ ယနာ တင်ထားသောကျမ်းကို အလကား မလုပ်ကြနဲ့။ တရားဟော ပုဂ္ဂိုလ်နဲ့ တရားနာသူများ နမူနာယူဘို့ သတိပြုကြရမယ်မှတ်။ (ဓမ္မအန္တရာယ်ဖြစ်အောင် မပြောကြနဲ့-မယူကြနဲ့။)

ကိုင်း–ယနေ့ညတော့ ဓမ္မရသဖြစ်တဲ့ ပရမတ်တရားအစစ်ကို ကြားနာကြရမယ်။ ဝမ်းဘဲဥကို စားကြရမယ်မှတ်။ ဟောဒီမှာ ကြည့်စမ်း၊ လက်လှုပ်ပြနေဒါကို (တရားရှာ ခန္ဓာမှာ) ဒီမှာ ခေါင်းလှုပ်တယ်၊ လက်ကွေးတယ်၊ လက်ကိုဆန့်တယ်။ (နာမ်နဲ့ရုပ်-တွဲရုပ်လူ) ဒီမှာသိတဲ့ ဉာဏ်ရှင်ကတော့ နာမ်ကြောင့် ရုပ်ဖြစ်ပျက်နေတယ်။ တနည်း၊ လှုပ်စေခိုင်းဒါ နာမ်၊ အလှုပ်ခံရဒါက ရုပ်။ အဲဒီ နာမ်နဲ့ရုပ် တွဲရုပ်အဖြင့် ပရမတ်တရားကို မသိမမြင်ကြသော အန္ဓဗာလတို့မှာတော့ လူဖြစ်နေတယ်၊ လူကိုမြင်နေတယ်၊ လက်ကို ခေါင်းကို မြင်နေတယ်။ အဲဒီအမြင် မှားတယ်မှတ်။

ဟောဒီ လက်နဲ့ ကိုင်ထားဒါကို လောကမှာ ဥက္ကောင်း။ တနည်း၊ ခေါင်း ခေါ်တယ်၊ နာမ်မရှိသော် ဒီအတုံးကြီး လှုပ်နိုင်ပါ့မလား။ **ရုပ်ကို နာမ်ရှုပ်၊ လူအဟုတ်ထင်၊ မိစ္ဆာဝင်၍၊ ငါပင်သူဘဲ၊ ယောကျ်ားဘဲဟု၊ အစွဲမိန်းမ၊ ယူပုံ ကြသည်။ အန္ဓဘဝ ပဆုံးတည်း။)** အာရုံကို ကြုံတတ် သိတတ်-ညွတ်တတ်ထာကို နာမ်မှတ်။

ဟောဒီ ခန္ဓာ တကိုယ်လုံးကြီးကို အမြဲတန်း ပျက်နေလို့ ရုပ်မှတ်။ နာမ်နဲ့ရုပ်တွဲရုပ်လို့ ဟောဒီမှာကြည့်။ အိမ်ကျတော့ ကိုယ့်ခန္ဓာကိုယ်ကြည့်။ ကိုယ့်လက်, ခြေ,ဥက္ကောင်းစသည်တို့ကို လှုပ်ကြည့်၊ ရပ်နားကြည့်၊ ခါးကိုကုန်းပါ, ဆန့်ပါ၊ ခြေထောက်ကို ကွေးပါ-ဆန့်ပါ၊ **(သူများ၏ခန္ဓာကို မစဉ်းစားနဲ့။)** နာမ်မရှိလျှင် မလှုပ်ရှားတတ်။ ဒီမှာသေတော့ ဒီလက်ခေါ် ရုပ်ပဲလား၊ တခြားလက်ရုပ်ပြောင်းအုံးမှာလား။ ဒီလက်ရုပ်ပါဘဲဆရာ၊ ဒီခေါင်းဘဲလား၊ သေလျှင် ခေါင်းတလုံး လဲအုံးမှာလား၊ ဒီထမင်းစားတဲ့လက်ဟာ ဒါဖြင့် လူသေရဲ့လက်ဆိုရင် လဲမလား၊ မလဲပါဘူးဆရာ။ လက်မပြောင်းတော့ပါဘူး။ နာမ်နဲ့ရုပ်တွဲရုပ် လူ ထင်လုံး သက္ကာယဒိဋ္ဌိမှတ်လိုက်။

## ခွဲထုတ်- လူမဟုတ် ရှင်းမယ်။

နာမ်ကို ပဌမပြောမယ်။ ဒီနာမ်ဟာ တကယ်ရှိတယ်၊ မရှိရင် တရားမဟောနိုင်၊ တရားနာမလာနိုင်။ ဘယ်အလုပ်ကိုမှ မလုပ်နိုင်၊ ရှိတယ်၊ ရှိလို့ နာမ်ကို ပရမတ်မှတ်။ ထုတ်ပြနိုင်ကြရဲ့လား၊ မပြနိုင်ပါ။ ရှိတာ ပရမတ်၊ မပြနိုင်ဒါ ခတ်၊ ပရမတ်နဲ့ခတ် သရုပ်ကွဲအောင် လူပြိန်းတို့ ခွဲမှတ်။ သိပြီးသူမှာ ပရမတ်နဲ့ ခတ်အတူဟူ၊ ရှိတယ်ဆိုသော နာမ် သဘောကလေးဟာ မိန်းမလား ယောကျ်ားလား ပုဂ္ဂိုလ်, သတ္တဝါလား၊ အသက်လိပ်ပြာ ဆိုနိုင်ကြရဲ့လား၊ ဘာတခုကမှ ပဆိုနိုင်ပါ။ အဖြူ,အမဲ,အနီ အဝါ အရောင်တွေကော ရှိရဲ့လား၊ဘာအဆင်းမှ

**မရှိပါ။ (နာမ်ကိုပြောနေတယ်။)** ရုပ်ကို မပြောသေးဘူး။ ဒီနာမ်ကို အလုံး, အပြား, အဝိုင်းရယ်လို့ ပုံသဏ္ဍာန်ကိုကော ပြနိုင်ကြရဲ့လား၊ မပြနိုင်ပါ။ ရှိတော့ ရှိရဲ့လား၊ ရှိပါတယ်။ ရှိတာ ပရမတ်။ နာမ်ကို- **ငါ့စိတ်, သူ့စိတ်လို့ယူလျှင် ပညတ်မှတ်။** အဲဒီနာမ်ဟာ စာလိုသုံးလျှင် လက်ဖျစ်တတွက်မှာ ကုဋေပေါင်း တသိန်းခန့် ဖြစ်ကြတယ်။ တလုံးစီ, တစိတ်စီ ဖြစ်လိုက်- ပျက်လိုက်မှတ်။ လူပြိန်း ဘို့ပြောရလျှင် တအောင့်ကလေးမှာ တခဏမှာပင်၊ မရေမတွက်နိုင်အောင် နာမ်တွေ ဖြစ်ကြ, ပေါ်ကြတယ်။ တလုံးသေ, တလုံးဖြစ် အဖြစ်နဲ့အပျက် တဆက်ထဲ ဆက်နေဒါကို လူပြိန်းတို့ မယုံနိုင်, မသိနိုင်။ ဒါကြောင့်၊ တသက် လုံးကြာမှ စိတ်ပျောက်သွားတယ် ယူကြ၏။ စိတ်ကိုအမြဲရှိတယ် ယူကြ၏။ မမြဲဒါကို မြဲတယ်ယူလျှင် သက္ကာယဒိဋ္ဌိမှတ်။ အသိအမှန်မှာ၊ နာမ်အနိစ္စ၊ နာမ် သည် မမြဲသောသဘောတရားမှတ်၊ စိတ်ကိုနာမ်မှတ်။ စေတသိက်ကိုလဲ နာမ် မှတ်။

နာမ်ကို ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ကြောင်း ဟောပြီးပြီ၊ ရေးပြီးပြီ။ ဆင်ခြင် ဘို့, တွေးဘို့ သရုပ်မကွဲရင် စုံစမ်းမေးမြန်းဘို့က တရားနာကြတဲ့ ယောဂီတို့တာ ဝန်မှတ်။ သရုပ်ကွဲအောင် ဆင်ခြင်၊ တတ်အောင် ဟောပြဘို့, ရေးပြဘို့က ဆရာ၏တာဝန် မှတ်လိုက်။

---

## ရုပ်ကို လူမဟုတ်ကြောင်း ပြောဘီ- နားစိုက်ကြ။

ချစ်ထာ- ရုပ်၊ ကြိုက်ထာ- ရုပ်၊ စုံမက်ထာ- ရုပ်၊ ထိခိုက်ထာ- ရုပ်၊ မြင်လိုက် ထာ- ရုပ်၊ မြင်ယောင်ဒါ- ရုပ်၊ ချောဒါ, လှဒါလဲ ရုပ်၊ မုန်းစရာလဲ - ရုပ်၊ စိတ်ဆိုးစရာလဲ ရုပ်၊ မနှစ်သက်စရာ ပြနေဒါလဲ- ရုပ်၊ စွဲလမ်း ဇောဇောနေ ဒါလဲ ရုပ်။ အတိုချုပ်မှာ၊ လောဘဖြစ်ထာလဲ- ရုပ်၊ ဒေါသဖြစ်ထာလဲ- ရုပ်၊ လူမဟုတ်ကြောင်းကို ဟောရမှာလဲ ဒီရုပ်ဘဲ။

နာမ်ကို လူမဟုတ်ကြောင်းကို ဟောရဒါက လွယ်သေး၏။ ရုပ်ကို လူမဟုတ် ကြောင်းဟောတတ်ဘို့,ရေးတတ်ဘို့,နာတတ်ဘို့,ဆင်ခြင်တတ်ဘို့က အလွန် ခက် သည်မှတ်။ စာမသင်ဘူးသူ၊ စာမတတ်တတ်သူ နားလည်ဘို့ ဘာသာခြားများ မြန်မာစကား နားလည်ရင် တရားနာတတ်ဘို့၊ ခလေးများ နားထောင်တတ် ဘို့ တရား ဟောနိုင်ရမယ်။ တရားတော်ကို လူကြီးမှ နာတတ်ရမယ်မဟုတ်၊ ၇- နှစ်အရွယ်ကစ၍ အသက် ဘယ်မျှဘဲ ကြီးစေကာမူ နားလည်ရမယ်၊ နာတတ် ရမယ်။ ဆရာတရားရစက တရားဟောဒါ လူကြီးတွေကို မဟောသေးဘူး။ အသက် ၁၂-နှစ်ကစ, ၁၆-နှစ်အထိ တပိုင်း-ပိုင်း၍ ခလေးများကို ဟောကယ်။ နောက် ၁၇- နှစ်ကစ, ၂၀-ထိ- တသန့်ထား၍ ၇- ခမ်း သရုပ်ကို ခွဲပြဘူးတယ်။

ဥပမာ- ဘာနဲ့တူသလဲတဲ့၊ တရားမရခင် ခလေးတွေက ၁-လက်မသံနဲ့တူတယ်၊ လူကြီးများက ၆-လက်မ ဝက်အူသံနဲ့တူတယ်။ ဆွဲနှုတ်လျှင် တလက်မ သံက နှုတ်လို့ရလွယ်တယ်၊ သံအသစ်လဲ ဖြစ်တယ်။ (လူကြီး ၆-လက်မသံက ရှေတယ်။ ဆွေးလဲ ဆွေးတယ်။ နှုတ်လို့ ရခဲတယ်။ ရပြန်လဲ ကွေးကောက် လိမ်တွန့် နေတတ်တယ်။ တနည်း၊ ကြိုးပြတ်သွားလို့ အငုတ် ကျန်နေရင် သာ၍ ဆိုးတယ် ဒါ့ကြောင့်၊ ခလေးတွေကို သက္ကာယဒိဋ္ဌိ အစွဲချွတ်ရဒါကမြန်တယ်။)

(**နာမ်ဖယ်လိုက်၊**) ဟောဒီ တကိုယ်လုံးကို ရုပ်မှတ်၊ လူမမှတ်နဲ့ လူလို မှတ်ထာ၊ ယောကျ်ားလို မှတ်ထာ၊ မိန်းမလို မှတ်ထာ တရားအမှတ်မဟုတ်၊ မတရားအမှတ်၊ တရားအယူမဟုတ်၊ မတရားအယူက ရုပ်ကို လူထင်တယ်။ လူကို ယောကျ်ားကို, မိန်းမကို သိချင်လို တရားလာနာသလား၊ ဝိပဿနာကျမ်းစာ ကို ဘတ်သလား၊ တရားလိုချင်လို့ တရားနာလာ သလား၊ တရားစာဘတ်ယာ လား၊ တရားလိုချင်ပါတယ်။ ဒါဖြင့် ဟောဒီ တကိုယ်လုံးကို ရုပ်မှတ်။ ဘာ့ ကြောင့်၊ အမြဲတန်းဘောက်ပြန် ပျက်စီးချွတ်ယွင်းနေလို့ ရုပ်မှတ်၊ ထင်ရှား အောင် ဟောမယ်- ရေးမယ်။ (စာရှုက်ကိုလှန်ရင် တံထွေးမသုတ်နဲ့၊ ပေါင့်က အသာ ဖြေးဖြေးလှန်။)

ဒါ- လက်သည်းမဟုတ်ဘူး- ရုပ်၊ ဒါ ဆံပင်မဟုတ်ဘူးရုပ်၊ ပျက်နေမှာ ထွက်နေဒါတွေ ချွေးမဟုတ်ဘူး-ရုပ်၊ ပါးစပ်ထဲက မပြတ်ယိုစီးထွက်ကျ ပျက်ပြ နေဒါတွေ တံထွေးမဟုတ်ဘူး- ရုပ်-ရုပ်၊ တကိုယ်လုံး- ရုပ်၊ ရိုပ်မိကြပလား။ ဒီအတုံးကြီးဟာ မပျက်ဘဲ တည်မြဲနေတယ် ယူကြသလား။ တွေးမှ ပတွေးကြ ဘဲ၊ ကြံမှ မကြံကြဘဲ၊ ဆရာကောင်းတံသို့ တကယ်သည်းကပ်ပြီး၊ နည်းနိသျ ခံယူပါက တွေးဖေါ်, ကြံဖေါ်ရလျှင် တရားရကြမယ်မှတ်။ (ပျက်နေမှန်း မသိဒါသန္တတိပညတ် ဖုံးအုပ်လို့၊ ပျက်ယာ သဘောပေါက်လျှင် သန္တတိမရှိ။)

အသက် ၅၀-ရှိသော လူဘဲထားပါ။ ယခုအထိ ဖြတ်ပစ်ဘူးသော လက် သည်းခေါ်တဲ့ ရုပ်တွေ ပြန်စု၊ တံထွေးခေါ်တဲ့ ရုပ်တွေ ပြန်စု၊ ရိပ်ပစ်, ဖြတ်ပစ် သော ဆံပင်တွေကို ပြန်စုပါ။ ယခု လူခေါ်တဲ့ အတုံးထက် များတယ်မှတ်။ ပြန်စုတဲ့ အထဲမှာ လူပါရဲ့လား၊ ယောကျ်ား ပါသလား၊ မိန်းပပါရဲ့လား။ အသက်ဝိညာဉ်ကော တွေ့ရဲ့လားယောဂီ။ တွေးစမ်းပါ၊ တုံ့ပင်ပါ၊ (**တရားရှာ ဒိဝန္ဒာမှာ**) ယခု ပါးစပ်ထဲက ထွက်နေဒါတွေကိုကော လူထင်သလား၊ မြို့အုပ်, မြို့ချုပ် ထင်သလား၊ နှစ်ပေါင်း ၅၀- ခန့်၊ ၆၀- ခန့်၊ ၇၀-ခန့်၊ ၈၀- ခန့် အသက်ရှည်တဲ့ မိန်းမကြီး ယောကျ်ားကြီးဘဲ ထားပါတော့။ မွေးစက ယခု အထိ၊ ထွက်ဘူး, ထွက်ဆဲချွေးတွေကို ပြန်စုပါ။ ရှာပါ။ အသက်- ၅၀ တွေ့ရဲ့ လား၊ ပြန်စုတဲ့ ချွေးတွေကို စဥ့်အိုး၊ တိုင်ကီ စသည်ဖြင့် လည့်ပါ။ အိုး

အလုံးပေါင်း အနဲဆုံး ၁၀-လုံး၊ အလုံး- ၂၀-၃၀-၄၀-၅၀-ဘဲ ထားလိုက်၊ အဲဒီအိုးထဲက, တိုင်ကီပုံးထဲက မိမိခန္ဓာက ထွက်သမျှ ချေးအရည်တွေကို လက်နဲ့ မွှေစမ်း၊ ရှာစမ်း၊ ဒုတ်နဲ့ ထိုးမွှေရှာကြ၊ သူဌေးတွေသလား၊ ခလေးတွေသလား ဘုန်းကြီး-ရဟန်း တွေရှဲလားမမှကထိက ရှိရှဲလား။ ဘာကောင်, ဘာသတ္တဝါ၊ ဘယ်လို အသက်များတွေရဲ့လား။ တန်ကူးလ, တပေါင်းလတနင်္ဂနွေ,စနေဆိုဒါ ဖယ်စမ်းပါ၊ ဝိပဿနာတရားထဲမှာ ပြဿဒါးက လာရှုပ်မနေနဲ့။

မျက်ရည်, ကျင်ငယ်, ကျင်ကြီး စသည်တို့ကို နာမပညတ်ဖယ် ရုပ်- မှတ်။ **နာရီစဉ်-** နေ့စဉ်ထွက်ပျက်နေတယ် ယောဂီ။ ဥပမာ၊ (ဘုန်းကြီးလူထွက်လို့ လောကမှာ ခေါ်ကြတယ်၊ ဘုန်းကြီးကဲ လူမထွက်ပါဘူး။ ဘာထွက်သလဲ ခန္ဓာကိုယ်သာမေး။ ခန္ဓာကိုယ်က ထွက်ကြောင်း အဖြေပေးလိမ့်မယ်။ သို့မဟုတ် ဘုန်းကြီးက လူထွက်မလား။ ရုပ်ပျက်သလား၊ ယခုစဉ်းစား, ယခုသိမယ်။

> နာမ်နဲ့ရုပ်တွဲရှုပ်- လူ၊ ခွဲထုတ်- လူမဟုတ်။ ဒါ့ကြောင့်၊ ခွဲဟောပါ မမှကထိက။ နာမရူပ ပရိစ္ဆေဒဉာဏ် ဆိုတယ်။ နာမ်တခြား, ရုပ်တခြား ပိုင်းခြားလို့ သိပါ။ (လူသေကောင် တရားမနာဘူး။)

ရုပ်၌ အနိစ္စကို မြင်အောင်ရှုပါ၊ အနိစ္စ လက္ခဏာ တလုံး သဘောကျလျှင် ဒုက္ခနဲ့ အနတ္တ တပါထဲ ပါဝင်သည် မှတ်လေ။ ရုပ်ပျက်ထာ အနိစ္စ၊ ဘာသူလုပ်လို့ ပျက်သလဲ၊ သူ့သဘော၊ ဒါဖြင့် အနတ္တမှတ်။ သူ့သဘောဖြင့် မိမိက မပျက်အောင် တတ်နိုင်ရဲ့လား၊ မတတ်နိုင်ဒါ ဒုက္ခ၊ ဒီဒုက္ခကို ပုဂ္ဂိုလ်လား, သတ္တဝါလား၊ ရုပ်တွေပါဆိုဒါ၊ ဘယ်ကလာ ပုဂ္ဂိုလ်သတ္တဝါ မေးနေရသလဲ၊ ဒါဖြင့် အနတ္တ။ ရုပ်ပျက်ကို သဘောပိုင်ပိုင်ကျလျှင် အနဲဆုံး ကလျာဏပုထုဇန် မှတ်။ အနတ္တအထိ သဘောဆိုက်ခဲ့သော်၊ စူဠသောတာပန်မှတ်။ မိန်းမထင်သူက မိန်းမ မဟုတ်ဘူး။ ယောကျ်ားထင်သူကလဲ ယောကျ်ားအရှင်းမရှိ၊ သူများ ဖျက်လို့ မပျက်အောင်သာသိ၊ ပုထုဇန်စိတ် ပျောက်အောင်သာသိ၊ **သက္ကာယဒိဋ္ဌိ ကွာတယ်မှတ်။** တရားစစ်ကို တွေ့လို့ ဘုရားအစစ်ကိုလဲ တွေ့ပြီထား။ သမုတိ သံဃာနဲ့ ပရမတ္ထသံဃာကိုလဲ ခွဲခြမ်းဝေဘန်တတ်ပြီ။ ငါးပါးသီလကိုလဲ အသက်ကဲ့သို့ ကာကွယ် စောင့်ရှောက်ခဲ့လျှင် **အရိယာသောတာပန်အစစ် မှတ်လေ။** သေလျှင် အပါယ် လေးပါးသို့ မကျမရောက်၊ လက်ခမောင်းခတ် ဝမ်းမြောက်တော့ ယောဂီတို့၊

စတုတ္ထည နာမ်နဲ့ ရုပ်-ပရမတ် ဟောစဉ်ပြီး၏။

## နာမ်ဝါဒ, ရုပ်ဝါဒ မျက်လှဲ့ပြိုင်ပွဲ နိဂုမ်းသတ်။

နာမ်ဝါဒကြိုက်သူတို့က၊ ဒီခန္ဓာလောကဟာ နာမ်ကြောင့်ဖြစ်တယ်။ နာမ်စီမံလို့ဖြစ်တယ်။ နာမ်မရှိလျှင် ဘာကောင်မှ မဖြစ်ဘူး-ယူတယ်။ ။ရုပ်ဝါဒအဆိုက ဒီလိုဆိုပြန်တယ်။ ·မြင်မြင်သမျှ-ရုပ်၊ ကြားသမျှ-ရုပ်၊ နံသမျှ-ရုပ်၊ စားသမျှ ရုပ်၊ ထိသမျှ-ရုပ်၊ အာရုံဇော စောသမျှတွေလဲ-ရုပ်၊ ရုပ်လောကမှတ်။ ။နာမ်လောကဘက်က ပဋိသန္ဓေနေစက, ရေကြည်အစက်ကလေးရုပ်ဟာ ဘဝကိုဇောစောလို့, ဘဝကိုနှစ်သက်လို၊ ဘဝနိကန္တိ လောဘဇောကြောင့်၊ ရုပ်ပြန်ဖြစ်လို့၊ ရုပ်ဟာ-နာမ်ကြောင့်ဖြစ်တယ်။ နာမ်ကသာ အကြောင်းခံ-အကြောင်းရင်းမူလအခြေခံ ဖြစ်တယ်။ ။ရုပ်လောကဘက်က နာမ်ဆိုဒါ ရုပ်ကြောင့် ဖြစ်ထာကွ၊ ရုပ်မရှိလျှင် နာမ်ဟာ မှီခိုရာမရှိ။ ဥပမာပြောမယ်။ (**ကြေးစည်ထဲမှာ–အသံမရှိ ခွဲရှာကြည့်**။) လက်ရိုက်သစ်သားထဲမှာလဲ အသံမရှိဘူး။ လက်ရိုက်ဒုတ်နဲ့ ကြေးစည်ကို ထုရိုက်လျှင် အသံထွက်လာတယ်။ အသံနဲ့ နာမ်ပေါ်ဒါနဲ့တူ၏။ ရုပ်ချင်းထိခိုက်လို့ နာမ်ပေါ်တယ်မှတ်။ ရူပါရုံအဆင်းကလဲ-ရုပ်၊ မျက်လုံး အကြည်ကလဲ-ရုပ်၊ (ရူပါရုံနှင့် **စက္ခုပသာဒ**)ရုပ် ၂-ခု ထိခိုက်လို့ စက္ခုဝိညာဏ်စိတ် ပေါ်ရတယ်။ ဒါ့ကြောင့် နာမ်ဟာ ရုပ်ကြောင့်ဖြစ်တယ်၊ ရုပ်သာလိုရင်းအခြေခံမှတ်။

နာမ်က နေရာတိုင်း အာရုံပြုဒါငါ၊ ဇောစောဒါ-ငါ၊ ကြံစည်တွေးတောဒါ-ငါ၊ ငါမပါဘဲ ရုပ်ကြီးဟာ ဘာမှမလုပ်တတ်ဘူးမှတ်လိုက်။ ။ရုပ်က ရုပ်ဆိုဒါ အာရုံအပြုခံရာဌာနဟာ ရုပ်ချည်းဘဲမှတ်။ ရုပ် ပဌမ ဦးစွာ အရင်းခံရှိထားလို့သာ နာမ်က အာရုံပြုရတယ်။ ရုပ်မူလကမရှိသော်၊ ဒီနာမ်ဟာ ဘာကိုအာရုံပြုမှာလဲ။ ဘာကိုမှ အာရုံမပြု။ ရုပ်ချင်း ထိလို့ နာမ်ပေါ်တယ်။ ။နာမ်က လောကမှာ ဝိညာဏ်လဲ့ပြနေတယ်ဟဲ့။ နာမ် ချယ်လှယ်နေတယ်ဟဲ့။ တလောကလုံးကို စိတ်နာမ်က ပြုပြင် ဖန်သင်းပေးနေတယ်။ စိတ်နာမ်ကြောင့် ဖြစ်ပေါ်ရတဲ့ရုပ်ဟေ့ချည်းမှတ်။ (စိတ္တေန နီယျတေ လောကော။) စိတ္တေန၊ စိတ်ကြောင့်။ လောကော၊ လူအပေါင်းကို။ နီယျတေ၊ ပြုပြင်ဖန်ဆင်းတတ်၏။ အဲဒါ ဥပဒေလွန့်မတတ်နဲ့။

အံမယ်လေးဟဲ့-နားထောင်စမ်း။ ပဌမမူလ ဒီစိက်နာမ်ဟာ ဘယ်သူ့ကို မှီရသလဲ၊ ဘယ်သူ့ကို အမှီပြုနေရသလဲ၊ ကျေးဇူးရှင်ကို မေ့ကြပလား။ **သားရေပေါ်အိပ်–သားရေ နားစားဒါလို** မလုပ်ကြနဲ့ကွ-ခက်ကုန်မယ်။ ကမ္ဘာ တည်စကထဲက ဒီခန္ဓာထဲ၌ ခဏ ခဏ ဖြစ်ပေါ်နေတဲ့ နာမ်ဟာ-ဒီ ခန္ဓာကြီးဟာ ရုပ်ဟာ-ရုပ်၊ ဒီရုပ်အစုထဲက မီးပန်း,မီးကျည်များကဲ့သို့ တဖျပ်ဖျပ် မီးတောက်တွေ ထကြွဒါလို့ ရှေးကဇာတ်လမ်းပြန်ခင်း၊ ဇာတ်ထွက်စကို ပြန်ရှင်း၊ အမိသွေးဗိုက်ရုပ်၌

ကလလခေါ် ရေကြည်ဟာ ရုပ်၊ ဥပဒေစကား ပြောလာရင် ဒီမှာလဲရှိပါတယ်။ **ကာယဒသက–ဘာဝဒသက–ဝတ္ထုဒသက**၊ အဲဒီ အချိန်က ရုပ်ပေါင်း ၃၀-ရှိတယ်။ အဌကလာပ် ပြောလျှင် ကလာပ် ၃-စီးလဲ ရုပ်ပါဘဲ၊ ဒီအချိန်မှာ ပဋိသန္ဓေစိတ်ခေါ်သော။ ဝိပါက် ဝိညာဏ်ပါတယ်၊ ဒါ နာမ်ဘဲ။ ဒီနာမ်ဟာ-ဟာဒယ ဝတ္ထုရုပ်ကို မှီနေရတယ် မှတ်။ (**ဟဒယ ဝတ္ထုံသိ့ နိဿိတံ ဝိညာဏံ မနောဝိညာဏံ**) အဲဒါ ဥပဒေ နောက်ထပ် ရှုပ်မနေနဲ့။

**နာမ်က** ပြောပုံ။ ။ဒီလို တဘက်နဲ့တဘက် အတိုက်အခံ ဖြစ်နေရင် အန္တတွေက ခြားဝင်နိုင်တယ်။ အံမယ်-ပညာရှိကလော ဘယ်ဘက်က နေပယ် ထင်သလဲ။ ။နာမ်က ပြောပြန်တယ်၊ နေပါအုံး။ မင်းနဲ့-ငါနဲ့ တယောက်တပြန် စကားတန် ရှည်နေရတာ၊ ပဋိသန္ဓေအခါက တပြိုင်ယဲဖြစ်တယ်ဆိုရင် မကျေနပ်ဘူးလား။ ဒါ-ငါအကောင်းပြောဒါ၊ ဘာပြုလို့လဲဆိုတော့ ဝိပဿနာခေတ်မှာ မင်းနဲ့-ငါနဲ့ငြင်းနေရင်၊ အခြားယောဂီတွေက ဟိုဘက်က ဟုတ်သလိုလို-ဒီဘက်က မှန်သလိုလို သက်သက်မဲ့ အချိန်ကုန်တယ်၊ ခြားက ယောဂီတွေကြားရင် တရားတကယ်မရဘဲနဲ့ (**မမ္မကခ်တိ**)ဆိုသောတရား၌ ယုံမှားခြင်းဖြစ်မှာ စိုးရိမ်ရတယ်။ ဒါ့ကြောင့်၊ ဒီစတုတ္ထည နိဂုမ်းသတ်စခမ်းမှာတိုးတိုးတိတ်တိတ် လက်ဆိတ်ပြီး။ နာမ်နဲ့ရုပ် တပြိုင်ထဲ, တညီထဲ, အတူတူ ဖြစ်တယ် ယူရင်-မကောင်းဘူးလားကွ၊ ကျမ်းဂန်နဲ့ကော မညီဘူးလား။

**ရုပ်က**။ ။အလို-တပြိုင်ထဲဖြစ်တယ်၊ တညီထဲဖြစ်တယ်။ ခြားက ယောဂီတွေ တရားရကြမှာ မဟုတ်လို့တိုးကိုးတိတ်တတ် လက်ဆိတ်ပြီး နာမ်နဲ့ရုပ်ဟာ အတူတူ မရှေးမနှောင်း ဖြစ်တယ်လို့ ယူပယ် ဆိုဒါ နေစမ်းပါအုံးဟဲ့–နာပ်လောကရဲ၊ (**နာမ်နဲ့ရုပ်**)မျိုးတူတယ် ထင်သလား၊ နာမ်ဆိုဒါက ကုသိုလ်မျိုး-အကုသိုလ်မျိုး မှတ်။ ငရဲမျိုး၊ တိရစ္ဆာန်မျိုး၊ ပြိတ္တာမျိုး၊ အသုရကာယ်မျိုး၊ လူမျိုး၊ နတ်မျိုး၊ ဗြဟ္မာမျိုးမှတ်။ (မျိုးစေ့မှတ်။)

ရုပ်ဆိုဒါ—အဗျာဂတမျိုး၊ ကောင်းကျိုး မကောင်းကျိုး ဘာကျိုးမှ မပေးတတ်ဘူး။ ဒါ့ကြောင့် မျိုးမတူလို့ အတူတူမဖြစ်ဘူး။ ကက်ကဲ တရား ပြောဒါဘဲ ကိုးတိုးပြောရပယ်။ လက်ဆိတ်ပြောရပယ်တဲ့။ သူများ ပစ္စည်းခိုးဒါမှ မဟုတ်ဘဲ၊ လူကို ချောင်းပြီး ရိုက်ထာမှမဟုတ်ဘဲ၊ တဲ့တဲ့ကျယ်ကျယ်ပြောပယ်။ ။နာမ်က (**ဥပါဒ်-ဌီ-ဘင်**)ခဏငယ် ၃-ခုကို နာမ်သက်တာ့ ဆိုတယ်မှတ်။ ။ရုပ်က ဒီလို ခဏငယ်ပေါင်း ၅၁-ချက်ရှိသော နာမ်၏ အသက် ၁၇-ချက်ကို ရုပ်သက် တချက်ဆိုတယ်။ မျိုးမတူ(**နာမ်နဲ့ရုပ်**) အတူတူဖြစ်တယ်။ သိဒါက ပရိယတ်သိ စာထဲမှာ တွေ့လို့ မှတ်ထားတဲ့ အသိသညာသိဖြစ်တယ်။ ဝိပဿနာ ပညာစခမ်း မဟုတ်ဘူး။ ဝိပဿနာ ပညာအလိုက(**ပရိငစ္ဆေဒ**) တခုစီ တသဘောစီ ပိုင်းခြား

ရမယ်-ဝေဘန်ရမယ်။ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်ကိုလဲ နာမ်မှာ ၃-ချက် ရုပ်မှာ ၃-ချက် ခွဲထုတ်ရမယ် မျိုးမတူဘူး၊ အတူတူ ဆိုဒါက ဝေဘန်စဉ်းစားဉာဏ် မဟုတ်ဘူးဟဲ့ နာမ်လောကရဲ့။

ကိုင်း-ဒီလို 'ကေပုဗ္ဗါဒ ကေနိရောဓ" ဖြစ်တူ, ချုပ်တူ ဥပဒေက ပြပါလျက် မတူနိုင် လာလေ-တခုစီဘဲ ပြိုင်ပြောစမ်းပါ၊ ခန္ဓာ ရုပ်ဟာ (**ဝိညာဏပစ္စယာ-နာမရူပံ**) ဝိညာဏပစ္စယာ၊ ဝိညာဏ်ဆိုသော အကြောင်းခံကြောင့်။ နာမရူပံ၊ နာမ်နဲ့ရုပ်သည်။ သမ္ဘဝတိ၊ အခွင့်လျော်လို့ ဖြစ်ပေါ်ရ၏။ ဒီဥပဒေ ဘယ်လို ပြန်ငြင်းဆန်မှာလဲ ဝိညာဏ်နာမ်ကြောင့် နာမ်နဲ့ရုပ် ဖြစ်ပေါ် ရတယ်ဆိုတော့။ နာမ်ကြောင့် ရုပ်ဖြစ်ထာလဲ ပါတယ်။ တနည်း၊ နာမ်ကြောင့် နာမ်နဲ့ရုပ် အတူတူ ဖြစ်ပေါ်လာကြောင်းလဲ ပါနေပြီ။ ကိုင်း-လုပ်စမ်း ရုပ်လောကရဲ့။

---

## ဟဲ့–မင်းမြင်ဒါက မျက်မွေးတဆုံးမြင်တယ်မှတ်

**ဝိညာဏပစ္စယာ နာမရူပံ**–ဆိုဒါ ပဋိစ္စသမုပ္ပါဒ်ဒေသနာဖြစ်တယ်။ ဝိညာဏ်ကြောင့် နာမ်နဲ့ ရုပ်ဖြစ်တယ်ဆိုဒါ(**ပါကဋပစ္စယ**)မဟုတ် **အပါကဋပစ္စယမှတ်**။ နင်နားမလည်ပါဘူးဟဲ့ နာမ်လောကရဲ့။ ထင်ရှားတဲ့ အကြောင်းကို ပါကဋပစ္စယ ခေါ်တယ်။ မထင်ရှားတဲ့ အကြောင်းကို အပါကဋပစ္စယမှတ်ပါ။ ငါရှင်းပြမယ်၊ ဝိညာဏ်ကြောင့် နာမ် ရုပ်အချက်၌ **ဧကတ္တနည်း** ဆိုဒါသဘောတူ သကဲ့သို့ ငါပြီးရင် မင်းတို့ဖြစ်ရမယ်လို့ မဆိုပေမဲ့ ဆိုသလိုဖြစ်တယ်။**အနတ္တနည်းလဲ** ရပြန်တယ်၊ ဝိညာဏ်က ငါပြီးရင် မင်းတို့ နာမ်နဲ့ရုပ် ဖြစ်ဘို့ ဘာမျှမဆိုင် တသီးတခြားစီဖြစ်တယ်လို့ ဆိုတယ်။ **အဗျာပါရနည်းလဲ** ဒီနေရာမှာ ဝင်နိုင်တယ်။ ဝိညာဏ် ဖြစ်ပြီးသော် နာမ်နဲ့ ရုပ် ၂ ပါးလာမှ လာပါ့မလားလို့ ကြောင့်ကြဘိုမလို၊ **ဧဝံဓမ္မတာနည်း** ဆိုဒါက ဘာလဲ၊ ဝိညာဏ်ပေါ်ဒါလဲ သူ့နည်းနဲ့သူ နာမ် ရုပ်ပေါ်ကြဒါလဲ သူတို့ သဘောနဲ့ သူတို့ဘဲဆိုဒါ ငါရှင်းပြတယ်၊ သို့အတွက် နာမ်ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်ဆိုဒါ တိတိကျကျ မယူနဲ့၊ အပါကဋပစ္စယ ဒေသနာမှတ်။

ဒါဖြင့် နေစမ်း။ **နာမံနိဿာယ ရူပကာယော ပဝတ္တတိ**။ နာမံ၊ နာမ်ကို။ နိဿာယ၊ အမှီပြု၍။ ရူပကာယော၊ ရုပ် အပေါင်းသည်။ ပဝတ္တတိ၊ ဖြစ်ကြရ၏။ ဆိုဒါဘာထပ်ပြီး ရှေ့အုံးမှာလဲ ဒီမှာလဲ ဒီလက်နက်မျိုးရှိဒါပါဘဲ။**ရူပံနိဿာယ နာမကာယော ပဝတ္တတိ**။ ရူပံ၊ ရုပ်ကို။ နိဿာယ၊ အမှီပြု၍။ နာမကာယော၊ စိတ်စေတသိက် နာမ်အပေါင်းတို့သည်။ ပဝတ္တတိ၊ ဖြစ်ကြရ၏။ ။ရုပ်လောကက ပြန်ဖြေတယ်။ (နာမ်ဘက်က) ဒါဖြင့် တခုက တခုကို အမှီ ပြုကြရတယ် ဆိုလျှင် မင်းနဲ့ ငါငြင်းဘို့ ဝါဒပြိုင်ဘို့ လိုအုံးမလား၊ ဝါဒ ပြိုင်ဆိုဒါ နင်လဲ

နှင့်အစွဲနဲ့ ငါလဲ ငါ့အစွဲနဲ့ ပြိုင်ကြဒါရှိတယ်၊ တရား နည်းလမ်းကျလို့ ကိုယ့်ဝါဒကို ကိုယ်မရှော့တာလဲ ရှိတယ်မှတ်။ ရုပ်ဘက်က ပြန်ပြောတယ်။(စာအုပ်ချုဆေးလိပ်သောက်ပါအုံး။)

**နာမ်**-သစ်ပင်တပင်ဖြစ်ဘို့ဟာ သစ်မျိုးစေ့မရှိဘဲ ဖြစ်မလား။

**ရုပ်**-ဒီသစ်မျိုးစေ့ဟာ သစ်ပင်ကဖြစ်လို့ သစ်စေ့ဖြစ်တယ်။

**နာမ်**-မူလပဌမက-သစ်မျိုးစေ့ ဗီဇနိယာမရှိတယ်မှတ်။ ရက္ခနိယမလို့စာထဲမှာ မပါဘူး ကိုင်းပြိုင်စမ်း။

**ရုပ်**-ဒီဗီဇနိယာမ သစ်မျိုးစေ့ တွေဟာ မြေကြီး ရုပ်ရှိနှင့်လို့ ဖြစ်ပေါ်ကြရတယ်၊ မြေကြီး ရုပ်ကိုသာ အမှီပြုနေကြရတယ်။ (ကောင်းကင်အာကာသမှာ မရှိဘူး။သစ်ပင်ကိုသာ ရုပ်ထင်မနေနဲ့၊မြေကြီးလဲ ရုပ်မှတ်။

**နာမ်**-ဥပမာနဲ့ ပြောဒါတဲ့၊ စိတ် စေတသိက် သိုသော ဟုသိုလ် မျိုးစေ့၊ အကုသိုလ် မျိုးစေ့တို့ကြောင့် ဒီခန္ဓာ ရုပ်မျိုးစုံတို့ ဖြစ်ပေါ်ကြောင်းကို သစ်မျိုးစေ့ ဥပမာနဲ့ပြပြီး ငြင်းကွက် ကုက်လိုက်တာ မှတ်ပါ။

**ရုပ်** - ဒီ စိတ် စေတသိက်ခေါ်တဲ့ နာမ်တွေကလဲ ဒီ ရုပ်ခန္ဓာထဲက ဖြစ်ပေါ်ကြဒါ မှတ်။

**နာမ်**-စိတ်ကြောင့်ဖြစ်တဲ့-စိတ္တဇရုပ်ဆိုဒါ ဘာပြောမလဲ။

**ရုပ်**-ဒီစိတ်ကိုက-ရုပ်ကို မှီရဒါမှတ်။ ညှော်ခံကလဲ ရုပ်၊ ညှော်သည်ကလဲ ရုပ်၊ မီးခြစ်အိမ်နဲ့ မီးခြစ်ဆံနဲ့ ၂ ခု ထိခိုက်လို့ မီးပွင့်ဒါမှတ်။ ရုပ် ၂ ခု ထိခိုက်လို့ နာမ်ပေါ်တာမှတ်။

သံယုတ်ပါဠိတော်က-ဆိုပုံ။ (**မာယူပမဉ္စ ဝိညာဏံ**။) ဝိညာဏံ၊ နာမ် ဝိညာဏ်သည်။ မာယူပမံ၊ မျက်လှည့်ဆရာကြီးနဲ့တူ၏။ ။နာမ်ဘက်က ထုတ်တဲ့ ဥပဒေ။ ။ဝိသုဒ္ဓိမဂ် အဋ္ဌကထာက-ဆိုပုံ။ (**မာယာရူပသဒိသံ**) မာယာ၊ မျက်လှည့် ဆရာသည်။ ရူပသဒိသံ၊ ရုပ်နဲ့ တူ၏။ ရုပ်ဘက်က ထုတ်တဲ့ ဥပဒေ။

ကိုင်း-ဒိဋ္ဌိဝိသုဒ္ဓိ ရုံးတော်မှာ နာမ်ရှေ့နေနဲ့ ရုပ်ရှေ့နေ ၂-ယောက် တရားစီလဲပြီ၊ (**ပညာရှင်တရားသူကြီးက စဉ်းစား**) နာမ်ကြိုးဆွဲရာသို့ ရုပ်ကလိုက်ပါ၍ ကပြရတယ်မှတ်။ ကြိုးဆွဲစရာအာရုံမှာ ရုပ်ကိုအမှီပြုလို့ နာမ်ကြိုးဆွဲနိုင်ဒါမှတ်။ (နေ့စဉ်နေ့တိုင်း အိပ်ချင်ဒါ-နာမ်၊ စားချင်ဒါနာမ်၊ တသွားချင်ဒါ-နာမ်)။ ။ ဒံမယ်-ရုပ်ကထိုင်းမှိုင်းလာလို့ အိပ်စိတ်ပေါ်တယ်၊ ရုပ်လျော့ပြီး အားနဲ့လာလို့ အစာ,အာဟာရ စားသောက်ချင်တဲ့စိတ်ဖြစ်ထာ၊ ရုပ်က တံ၍,ကျင်၍,ကိုက်ခဲပြီး၊ ဘောက်ပြန်လာလို့ ထပြီးသွားလိုသော စိတ်နာမ်ပေါ် ရတယ် ဟုတ်လိုက်။ (**ဝတ်ချင်ဒါ နာမ်က၊ ဆီးသွားချင်ဒါ-နာမ်ကမှတ်**။)

ပြောဘိ၊ ရုပ်မလှလို့, ရုပ်ရှိလို့, ရုပ်ကမှတင့်တယ်လို့ အထည်မျိုးစုံဝတ်ဆင်ရဒါမှတ်။ ဆီးသွားချင်ဒါဟာ မူလက ရုပ်တွေစုဆောင်းပြီး၊ ဆီးစပ်, ဆီးအိမ်သို့ ရောက်လာကြတယ်။ ဒီလို ဆီးကျင်ငယ်ခေါ်သော ရုပ်ကလာပ်တွေစုလာခြင်းရုပ်ကြောင့် ကျင်ငယ်စွန့်ချင်တဲ့ စိတ်နာမ်ပေါ်တယ်မှတ်။ ဒီလိုရုပ်စု, မဖြစ်လျှင် ဒီနာမ်ဘယ်တော့မှ မဖြစ်ဘူးမှတ်။ (စာဘတ် ခေတ္တနားပါအုံး။)

ဆံပင်ရိတ်ချင်ဒါ၊ ဆံပင်ကိုညှပ်ပစ်ထာ၊ ဆံပင်ကို ကြိုးကျစ်ချင်ဒါ နာမ်က မဟုတ်လား။ ခေါင်းကိုက်,ခေါင်းအုံ,ခေါင်းခဲ, ခေါင်းမူးဒါက ရုပ်မဟုတ်နာမ်ဆိုမလား၊ အိမ်တောင်ပြုချင်ဒါ-နာမ်၊ မပြုချင်ဒါလဲ-နာမ်။ ။အိမ်ထောင်ပြုချင်တဲ့ နာမ်ပေါ်ဘို့ရာက ရုပ်ချော,ရုပ်လှကို အာရုံပြုရတယ်။တနည်း၊ယောကျ်ားမိန်းမအထင်အစွဲ ခံရဒါက ရုပ်၊ အိမ်ထောင်မပြုဘဲနေရင်လဲ အခြားရုပ်တွေကိုအာရုံပြုနေလို့ မှတ်လိုက်။ ။လောကကြီးမှာ၊ **စိတ္တနိယာမ**ဆိုဒါ နာမ်သာအမြဲရှိတယ်၊ ဒီလိုဆိုရင် **ဥတုနိယာမ**ကို ဘယ်သွားထားမလဲ။ ။ဝက်သား, ကြက်သား,ဆိတ်သားတွေကို စားချင်ဒါ-နာမ်။ အထည်မျိုးစုံဝတ်ချင်ဒါ-နာမ်။ ။အထည်အဝတ် ဆင်မြန်းပြုပြင်ခြင်းခံနေရဒါက-ရုပ်။

နာမ်ကပြောတယ်။ ဟဲရားမလိုချင်ဒါက-ငါမျက်လှဲပြတယ်။ ငါက သတ္တဝါတွေကို နိဗ္ဗာန်မရအောင် လုပ်ထာမှတ်လိုက်။

ရုပ်က ပြောတယ်။ ယောကျ်ား-မိန်းမ အထင်ခံရဒါက ရုပ်ပေါ်မှာ မှတ်။ ငါပိုင်ယောကျ်ား၊ ငါပိုင်မိန်းမ၊ ငါပိုင်တိုက်တာ၊ လှေ, လှည်း, သင်္ဘော, မော်တော်ကား,ဥယျာဉ်,ခြံမြေ, ကိုင်း, လယ်ယာတို့ကို စွဲလမ်းပြီးသေ၊ သေခါနီးကမ္မနိမိတ် ပေါ်တယ်၊ မြင်ယောင်တယ်။ အဲဒါ ရုပ်ကိုစွဲလမ်းလို့ သတ္တဝါတွေကိုသက္ကာယဒိဋ္ဌိဖြစ်အောင် ရုပ်က ငါမျက်လှဲပြတယ် မှတ်လိုက်။

ရုပ်၌-ပထဝီ, အာပေါ, တေဇော, ဝါယောလို့ ခေတ်လေးပါးကိုခွဲ၍ ဟောချင်တိုင်း ဟောပါ။ သားဘဲ,မယားဘဲ,သမီးဘဲ,လင်ဘဲ,အထင်စွဲနေဒါ အရိယာမဖြစ်အောင် နာမ်က ငါလုပ်နေဒါမှတ်။ ငါမှ မျက်လှဲဆရာကြီးအစစ်။

(ရုပ်က ပြန်ပြောပုံ။) သတ္တဝါတွေ တရားရအောင် သမထ ကမ္မဋ္ဌာန်းကိုအားထုတ်ကြတယ်။ ဝိပဿနာကမ္မဋ္ဌာန်းကိုလဲ အားထုတ်ကြတယ်။ ဘယ်လိုဘဲအားထုတ် ကြိုးပမ်းသော်လဲ ဟောတုံး, ဟောဘဲ, အားထုတ်ဆဲမှာသာ တရားရသလိုလို၊ စိတ်သမာဓိဘဲ တည်လာသလိုလို၊ သက္ကာယဒိဋ္ဌိဘဲ ကွာပြီးသလိုလို၊ ရင်ဆိုင်ကိုယ်တွေ့ကြတော့။ ငါက မိန်းမဘဲ၊ သူက ယောကျ်ားဘဲလို့ တရားရဒါ တဒင်္ဂ,ဘာဝနာဖြစ်အောင် ငါက မျက်လှဲပြနေဒါဟဲ့၊ ရုပ်အစု, အပုပ်အစုကိုလူထင်နေကြတယ် မှတ်လိုက်။(လေးလေးဘတ်-ခန္ဓာနဲ့ဟပ်။)

ရှင်တိုးလဲ့ ငါကဘဲချစ်တယ်၊ မခွဲချင်ဘူး။ သေခါနီးတော့လဲ သာ၍ချစ်တယ်။ မခွဲချင်ဘူး။ မလွှဲသာလို့ သေပေမဲ့ စွဲသေဒါ ငါက လုပ်ထာမှတ်။ (နာမ်က ပြောတယ်။)

ရုပ်က တမျိုးပြောပုံ။ သေတဲ့လူတွေကို မြင်ယောင်တယ်၊ မြင်ယောင်တယ် ဆိုဒါ-နာမ်ကို မြင်ယောင်ဒါ မဟုတ်ဘူး။ မျက်စိနဲ့ ယခု မြင်နေဒါတွေလဲ အဆင်းရုပ်၊ မျက်စိမြင်ဘူးလို့ ခွဲရ, ခွါရ, သေကြရလို့ စွဲလမ်းတဲ့ စိတ်ထဲက အကြိတ်အခဲနှင့်မြင်ယောင် ကြားယောင် ဖြစ်နေရဒါ သက္ကာယဒိဋ္ဌိမပြုတ်အောင် သံလိုက်ကဲ့သို့ ဆွဲငင်ထားဒါလဲ ငါကွ—ငါ။

နာမ်က ပြောတယ်။ စိတ်ကောင်းတယ်၊ စိတ်သဘောဖြူစင်တယ်၊ စိတ်နေ, စိတ်ထား ဖြူဖြောင့်တယ်၊ စိတ်သမာဓိ ရှိတယ်၊ စိတ်တည်ကြည်တယ်လို့။ ငါ့ လင်က ငါ့ကို ချစ်တယ်မှတ်၊ ငါ့မယားက ငါ့ကို ကြိုက်တယ်မှတ်။ **အဲဒါ— နာမ်ဝါဒ မှတ်**။

ရုပ်က ပြန်ပြောတယ်။ နာမ်နဲ့ရုပ် ၂-ပါးကို ဖြစ်အတူ,ပျက်အတူ ဘယ်သူမှ ရှေ့နောက်မဟုတ်၊ အလွယ်ပြောဒါ ဝေဘန်စဉ်းစားဉာဏ် လုံးဝမရှိမှတ်။ စာထဲရှိ သုတမယအသိမျိုး ဖြစ်တယ်။ ရုပ်နဲ့နာမ်ကို ပိုင်းခြားပြီးသိသောဉာဏ်ကို နာမရူပ ပရိစ္ဆေဒဉာဏ် ဆိုတယ်။

နာမရူပ ဝဝတ္ထာနေန သက္ကာယဒိဋ္ဌိယာ ပဟာနံ ဟောတိ။

နာမရူပ ဝဝတ္ထာနေန၊ နာမ်နဲ့ရုပ်ကို။ ပဟာနပရိညာ၊ ဆိုက်ရောက်အောင် ပိုင်းခြားခြင်းဖြင့်။ သက္ကာယဒိဋ္ဌိယာ၊ နာမ်ရုပ် ၂-ပါး၌ ယောကျ်ား, မိန်းမ ထင်ချက် စွဲချက် အယူမှားကို။ ပဟာနံ၊ ပယ်နိုင်သည်။ ဟောတိ၊ ဖြစ်၏။ နာမ်ကြောင့်, ရုပ်ကြောင့်။ တနည်း၊ နာမ်က ရှေ့ဆောင်၊ ရုပ်က ရှေ့ဆောင် ဟူ၍ တွေးကြ, တိုင်ပင်ကြ, စဉ်းစားဆင်ခြင်ကြခြင်းကို ဝိပဿနာဉာဏ်ဖြစ်စေရန် ဖော်ပြလိုက်သည်မှတ်။ ပရိယတ္တိနည်းကို သိရုံမျှနှင့် ဝိပဿနာဉာဏ်ကို ရတယ် မထင်ကြနဲ့ ယောဂီတို့။

ကိုင်း-နာမ်နဲ့ရုပ်၊ ရှေ့နောက် ပြင်းခဏ်းအချုပ်, နိဂုမ်းအုပ်တော့မယ်၊ ၁၆- နှစ်ရွယ် သို့မီးပျို၏ ရုပ်အလောင်းကို ကြည့်ပြီး အမိ၏ ပူဆွေး ဒုက္ခ ရောက်ပုံ။ မနေ့က ညနေ ၅-နာဍီအချိန် ရွာထဲသို့ ရောက်သွားဒါကို အိမ်နီးချင်းများက မြင်ကြသေးတယ်။ ဇာတ်ထုပ်သာကေမှာ၊ အမိက ဒေါ်အောင်၊ သို့မီးက ခင်သန်း အောင်၊ ၁၆-နှစ်အပျို အငယ်ဆုံးဖြစ်တယ်။ သားအကြီးက သံတွဲမြို့၌ ကျောင်း ထိုင် စာချဆရာတော် ဦးကုသလ မှတ်။ သားအငယ်က မြို့ပိုင်-အောင်မင်းစိန်၊ မြိတ်မြို့မှာ ရုံးထိုင်မှတ်။ဖြစ်ရပုံ၊ ခင်သန်းအောင်သည် ည ၈-နာရီအချိန် ဝမ်းသက်

ရောဂါဖြစ်၊ နံနက် ၄-နာရီအချိန် သော၊ မိုးလင်းသောအခါ အလောင်းစင် ပြင်တယ်။ မိခင် ဒေါ်အောင်က ငိုဘီ။ **(သမီးရေ—သမီးကလေးရဲ့၊)** ငါ့သမီး—ယခုမှ ဆယ်တန်းအောင်ပြီးစ, ပါကလားသမီးရဲ့-စသည်ဖြင့် ကိုယ့်သမီးရဲ့ ရှိသမျှ ဂုဏ်ပုဒ်တွေ အကုန်ထုတ်ပြီး ငိုတယ်။ အိမ်နားနီးချင်းတို့က ငိုသံကြားတော့ ပြုံးကနဲဆို ဘာမသိ-ညာမသိ ထိတ်လန့်ခြင်း ဖြစ်ကြတယ်။

အလောင်းစင်သို့ တင်ထားသော သမီး၏ ဆံပင်တွေကို ဆီနဲ့ လိမ်းတယ်။ ဘီးနဲ့ ပြုပြင်ဖီးပေးနေရင်း၊ အော်လိုက်, ဟစ်လိုက် ဂုဏ်ပုဒ်တွေ ချီးကျူးပြီး ငိုလိုက်ထာ အသံပြာနေဘီ၊ မသာလာကြသော လူအပေါင်းကလဲ တချို့လဲ ငိုကြ၊ မျက်နှာမသာကြ၊ သူငယ်ချင်း အပျိုဘော်တွေကလဲ ငိုကြတယ်။ ဒေါ်အောင်က ပြောငို၊ အမေ တရားလဲ သိပါရဲ့-သမီးရဲ့၊ တရားသိပေမဲ့ မချိအောင် ပူလွန်းလို့ မငိုဘဲ မနေနိုင်၊ မအောင့်နိုင်တော့ဘူး-တရားလဲ လက်မလွှတ်ပါဘူး ဆို၍ ရင်ထုပြီးပြောငို ငိုဒါကို အချို့ပရိသတ်တွေက ပြုံးကြတယ်၊ တွေးကြတယ်။ (ကြံကြံဖန်ဖန် တရားသိပါရဲ့၊ ဒီတရားထဲက သမီး ပေါ်လာဒါများ အံ့ပါရဲ့) စသည်ဖြင့် တိုးတိုးပြောကြ၏။

ဒေါ်အောင်က ကမ္မဋ္ဌာန်းထိုင်ဘူး အလုပ်လုပ်ဘူးဒါ ၁၀-နှစ်၊ ဝိပဿနာတရားကို စစ်ကိုင်းသွားပြီး အားထုတ်ထာက ၃-နှစ် ဒေါ်အောင်ရဲ့ အဖြစ်။

ခေါင်းဖီးပေးတယ်၊ သနပ်ခါးလိမ်းတယ်၊ အဝတ်အထည် အသစ် တွေကို ဝတ်ဆင်ထားတယ်။ ဒေါ်အောင်မှာ ဒီအခိုက် သမီး-ဖြစ်နေသလား။ ရုပ်အနိစ္စလား။ ရုပ်အစစ်က သမီးယောင်ဆောင်၍ မျက်လှဲ့ပြတယ်မှတ်၊ ရုပ်ကပြောတယ်။ တရားရတယ်ဆိုတဲ့ ယောဂီ ဒေါ်အောင်ကို သမီး-ထင်အောင့် မျက်လှဲ့ပြဒါ ငါဟဲ့၊ အမှတ်မဲ့တော့ နာမ်နဲ့ရုပ် တွဲရှုပ်လို့ လူထင်ရတယ်။ ငါ့ကြောင့်, သူ့ကြောင့် ငြင်းကြရတယ်။ ဟော့-နာမ်၊ ယခု မင်းနဲ့-ငါနဲ့ တွဲနေသေးသလား။ မင်းမပါဘဲနဲ့ ယောဂီမကြီးက ငါ့ကို ၁၆-နှစ်သမီးပျို မပြီးအောင် ငိုနေပါပကော၊ ဒါ-ရုပ် မျက်လှဲ့ဆရာကြီး မှတ်။

ဒါ့ကြောင့် ရုပ်ကို ဃနကြေအောင် ခြေဖျက်ကြ၊ ရုပ် သဘာဝ ပေါ်အောင် ဝိပဿနာ ရှုကြလို့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာက ဥပဒေအရ ဖော်ပြထားတယ်။ အောက်ပါပါဠိကို အရကျက်ပါ၊

ပရိဂ္ဂဟိတရူပဿ ဒွါရဝသေန အရူပဓမ္မာ ပါကဋ္ဌာ ဟောန္တိ။

ပရိဂ္ဂဟိတရူပဿ၊ ဆင်ခြင်သိမ်းဆည်းထိုက်သော ရုပ်သဘောကို သိပိုင်သော

**ယောဂီရှင်အား။** ဋ္ဌါရဝသေန၊ စက္ခုဒ္ဒါရ၏အစွမ်းသတ္တိဖြင့်။ အရူပဓမ္မာ၊ စက္ခု **ဝိညာဏ်စိတ်** စသော နာမ်သဘောတရားတို့သည်။ ပါကဋ္ဌာ၊ ထင်ရှားဖြစ်လာကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကြကုန်၏။ ။ရုပ်ကိုရှုလျှင် နာမ်ပါသွားဘီမှတ်။ လေ့ သဘော မြုပ်လျှင် စီးနင်း လိုက်ပါသူတွေ့ အကုန် သေဆုံးကြတယ်မှတ်။

ခေါင်းထဲသို့သွင်းဘီ။ တကြိမ်အော်လို့ ငိုရပြန်တယ်။ အမယ်လေးသွီးအလှကလေးရဲ့၊ ဆယ်တန်းအောင်လို့ ပြီးစ တလလောက် ရှိသေးတယ်သွီးရေ။ မြို့ပိုင်စိန်ထွန်းကြိုင်နဲ့ အမေက တိုးတိုးတိတ်တိတ် စေ့စပ်ထားပြီးပြီ· မင်းကတော်မကလေးရဲ့။ ငါ့သွီး လောကမှာ အခြေကြီးကြီးနဲ့ ရွှေသွီး မဖြစ်လိုက်ရ·မခံစားလိုက်ရဒါ အမေအသဲနာလှန်းလို့၊ ဒီအချက် ယောဂီ ဒေါ်အောင် ရုပ်ပျက်သိတဲ့ ဝိပဿနာလက်နက်ကျည်ဆံမထွက်တော့ဘူး။သမာဓိကိုလဲမဖမ်းနိုင်တော့ပါလား။ ရန်သူသွီးက အချောအလှ ခုခံနေဘီ။ အဲဒါ-ရုပ်မျက်လှဲ့ဆရာကြီးမှတ်။

---

## ဥကျောင်းထဲက သန်းဘဝမှ နာမ်က အသံလွှင့်ပုံ။

တရားနာ ပရိသတ်တို့ရေ-ဆရာကြီး ဦးမြတ်သိန်းထွန်းက ရုပ်လုံးပေါ်အောင် အဟောအပြော ကောင်းတိုင်း ရုပ်ဘက်က မနေကြနဲ့အုံး။ ကျုပ်က ယခု သန်းဘဝမှာ သတ္တဝါတကောင် ဖန်ဆင်းထားလိုက်ပြန်တယ်။ ခေါင်းထဲသွင်းထားတဲ့ လူသတ္တဝါကိုလဲ ကျုပ်ဘဲ စီမံပြုလုပ်ခဲ့တယ်။ ဒေါ်အောင်ငိုနေရဒါ ပူနေရဒါ နာမ်မှတ်။ အဲဒီ အပူကိလေသာဖြစ်တဲ့ နာမ်ကိုသာ **အနိစ္စတင်ကြရမယ်။** နာမ် မရှိသော် သတ္တဝါမဖြစ်နိုင်။

သံယုတ်ပါဠိတော်ဥပဒေကို လက်ကိုင်ထားပြီး ဒိဋ္ဌိဝိသုဒ္ဓိ ရုံးတော်မှာစကားလုံးပေါ်အောင် ရှေ့နေလဲမယ်။ ရုပ်ပြောင်း, ရုပ်လှဲလုပ်ပေးဒါ-ငါ။ သွားတယ်၊ လာတယ်၊ စားတယ်၊ သောက်တယ် လူမျှင် ထင်ရအောင် ငါက မျက်လှဲ့ပြနေတယ်မှတ်ကြ။ ဖုတ်တစ္ဆေနဲ့-နာမ်နဲ့တူတယ်။ ဖုတ်တစ္ဆေဝင်ပြီး ပူးကပ်နေသောလူပကတိနဲ့ - ရုပ်နဲ့တူတယ်။ ဖုတ်တစ္ဆေကို မမြင်၊ လူကိုသာ မြင်နေဘိသကဲ့သို့၊ ရုပ်ကြီးက ကောင်းကျိုး, ဆိုးကျိုး, ဘာကျိုးကိုမှ မပေးတတ်တဲ့ (**အဗျာကတ သဘာ၀**)မှတ်။ လူ့ဘုံ-နတ်ဘုံရောက်အောင် လှုံ့ဆော်တိုက်တွန်း ပြုပြင်ပေးဒါ နာမ်။ တရားရတို့ အားကုတ်ထားလဲ နာမ်။ အရိယာ သောတာပန် ဖြစ်ထားလဲ ဉာဏ်။ ဉာဏ်ဆိုဒါ နာမ်ပါဘဲ ယောဂီတို့။ ဒါ့ကြောင့်-နာမ်ကို မျက်လှဲ့ဆရာကြီး မှတ်ကြ။

---

## ရုပ်ရှေ့နေက ထပြောပုံ။

မိခင်ကြီး ဒေါ်အောင်က သွီးသေတဲ့နေ့က သားမြို့ပိုင်ထံ စာအမြန်ပို့တယ်။ မည်သည့်နေ့ရက်က ထိုကဲ့သို့ ရောဂါဆိုးနှင့် ဂ-နာရီအတွင်း ချက်ခြင်းအမြန် နှမကလေးသေဆုံး အနိစ္စရောက်တဲ့ အကြောင်း၊ မြို့ပိုင်မင်းက-ရောက်လာသော စာကိုဘတ်ကြည့်ရင်း မျက်ရည်ကျတယ် ငိုရတယ်။ နှမကလေး ထင်ရသော ရုပ် အစု၏ကိုယ်စားလည် ဖြစ်ထာဘာလဲ၊ စာရွက်-စာရွက်စာလုံးတွေဟာ ရုပ်တွေ ပါဘဲ။ စာလုံးအက္ခရာခေါ် ရုပ်အစုတွေ၌ အစွဲရှိထားသဖြင့် နှမ၏ရုပ်ပုံပေါ်လာ ပြီး မြို့ပိုင်မင်းငိုချင်းချရဒါ(**ရုပ်မျက်လှဲမှတ်။**)

ထိုမှတဖန် အနောက်သံတဲ့မြို့၊ ဦးကုသလ ဘုန်းတော်ကြီးထံသို့ ထို့နည်းတူ စာတမန် ပို့လိုက်ပြန်တယ်၊ စာသင်သားများကို စာချခါနီး နှမ၏သေစာ ရောက်သွားပြန်၏။ စာအိတ်ဖောက်ဘတ်-အကြောင်းသိ၊ စာသင်သား တွေရှေ့မှာ မျက်နှာမသာဖြစ်၊ ရုပ်မပျက်အောင် စာချတယ်။ စာချပြီး တခါ မိခင်၏ ပေးစာကို ထပ်ဘတ်၊ မျက်ရည်ကျတယ်။ ရင်ထဲမှာ အပူဝင်တယ်။ ဒါ ဘာပြုလို့ ရောက်လာသောပေးစာကို ဘတ်တတ်လို့မှတ်။ စာမတတ်ရင် မငိုရဘူး။ ဒီအချက် စာမတတ်သူက သက်သာတယ်မှတ်။ စာရွက်ရုပ်သည် နှမ၏ကိုယ်စား ရုပ် ဖြစ်၏။ စာရွက်စာလုံးတွေ၌ စာဘတ်ရင်း နှမကလေးကို မြင်ယောင်တယ်။ အမိ တကာမကြီးကိုလဲ မြင်ယောင်ပြီး သနားကယ်။ ဒါ-ဘာလဲ **ပရိယတ္တိ သာသနာ အရ၊** စာချပုဂ္ဂိုလ် မှန်ကယ်။ **ပဋိပတ္တိ သာသနာအရ၊** ယောကျ်ား- မိန်းမ မရှိကြောင်း၊ မဟုတ်ကြောင်း။ ဝိပဿနာစခမ်းသို့ မဆိုက်ရောက်လို့ အတ္တစွဲ အဟုတ်ဖြစ်တော့ ရုပ်အစစ်ကို နှမထင်နေဘီ ပရိသတ်တို့။ ဦးကုသလကို မကဲ့ရဲ့နဲ့၊ စာဘတ်သူ၏ ရောဂါကိုသာ တွေးဘတ်။ (အလုပ်ရှိလျှင် စာအုပ် ခေတ္တချထား။)

## နာမ်ရှေ့နေ တလှဲ ထပြန်ပြီ။

ကတဲ-ကြီးကြီးကျယ်ကျယ် စကားတတ်တိုင်း ဘီအေအောင်တဲ့ ပညာတတ်လဲ ငိုရတယ်။ ပိဋကတ်စာပေတတ် ပညာရှင်လဲ ပူပင်ရတယ်။ ရုပ်မျက်လှဲ ကိုယ်စား တွေ-ဘာတွေနဲ့ ပြောသွားလိုက်ထာ လူဆိုဒါ အပြောရောက်တိုင်း တရားထင် တတ်ကြတယ် မဟုတ်ဘူး မထင်ကြနဲ့။ သဘောပေါက်မှသာ တရားဘဲလို့ ယူကြ စမ်းပါ။ အချို့ ဝိပဿနာ ဆရာတွေက ရုပ်ကို ဂရုပြု၍ အမျိုးမျိုး လက္ခဏာ တင်စက်၍ ဖျက်ဆီးကြတယ်၊ အချို့ ဝိပဿနာ လမ်းပြ ဆရာတို့ကလဲ ရုပ်ကို

ဘာမျှ အရေးလုပ်စရာ မလို၊ နာမ်မမိလျှင် ဉာဏ်မရှိလို့၊ ဉာဏ်ကောင်းမှ-နာမ် အကြောင်းကို ရိပ်မိကြမယ်လို့ နာမ်ကိုသာ အလေးပြုပြီး၊ ၃-ချက်သော လက္ခဏာတင်စက်၍ သမ္မာဒိဋ္ဌိဉာဏ်အမြင် ဖ*ါကြ-အားထုတ်ကြတယ်။ (စဉ်းစားကြ။)

ရန်ကုန်မြို့ကြီး၌ အင်မတန် လူစည်ကားသောနေရာတွေ၊မြင်းပွဲ,ဘိုင်စကုတ်ပွဲ, ဇာတ်ပွဲ, အငြိမ့်ပွဲ, ပြပွဲ, ရွှေတိဂုံဘုရားပွဲ, ကမ္ဘာအေးဘုရားပွဲ, သိမ်ကြီးဈေး ပရိသတ်စသည်တို့ကိုဖြစ်စေ။ မန္တလေးမြို့ကြီး၌ မဟာမြတ်မုနိပွဲတော်, အိမ်တော် ရာပွဲတော်, မန္တလေးတောင်ပွဲတော်, ကုသိုလ်တော်ဘုရား, ကျောက်တော်ကြီး ဘုရား, စန္ဒာမုနိဘုရား ပွဲရှိ ပရိသတ်များ၊ ဈေးချိုတော် ပရိသတ်များကို ဖြစ်စေ၊ ဝိပဿနာဉာဏ်ဖြင့် မျက်မြင်-ဉာဏ်မြင်နဲ့ ရှုကြ။ အဲဒီလို စုဝေးနေကြဆဲ ပရိသတ် လူထုတွေ၏ (**နာမ်တွေကို**) ဉာဏ်နဲ့ ဆွဲနှုတ်လိုက်စမ်း။ အားလုံးကုန် မြေကြီးပေါ်မှာ လဲကုန်ကြမယ်မှတ်။ အကုန်လုံး သုသာန် မပို့နဲ့ မမြှုပ်နဲ့ ၃-ရက် ခန့်ကြာလျှင် တမြို့လုံးရှိ လူရှင်တွေ မနေနိုင်-မခံနိုင်အောင် ပုပ်ပွလာရမယ်ကေန်။ ဒါ-ဘာသူ့ကြောင့် မြို့ကြီး-ရွာကြီးတွေ၌ လူတွေစည်ကားလှတယ်။ အထင်ကြီး အောင် ဝိပဿနာဉာဏ်အရ ဟုတ်လျှင် နာမ်က ငါလုပ်ထာ-ငါမျက်လှဲပြတယ်လို့ ရှေ့နေ့လဲလိုက်ပြီ။

နာမ်ခွာတ်မှာ ကံကပ်နေဒါကို ဉာဏ်ဖြတ်မှ ပြတ်မယ်လို့။ တွ*၊ အသင် ယောဂီသည်။ ဂဏှာဟိ၊ ပါးစပ် အရှေမပြောဘဲ ကြပ်ကြပ် မသေမချင်း မှတ်လေလော။

---

## ဝိသုဒ္ဓိမဂ်ဥပဒေ လက်ကိုင်ပြီး ရုပ်ရှေ့နေ။

သို့်းအလောင်း မသာချဘီ၊ သုသာန်ပို့တယ်၊ ဒေါ်အောင် အသံပြာနေဘီ။ ရင်ဘတ်ကို အခြားမိန်းမ တယောက်က လက်နဲ့ပင့်ပြီးထားရတယ်။ ဆို့ဆို့နေဘီ၊ ဒီအချက် ကမ္မဋ္ဌာန်း ဆယ်နှစ်ထိုင်ခဲ့သော်လဲ၊ **ဟိုစဉ်အခါကတော့** တရားရပြီလို့ ထင်တယ်။ (တရားဟာ-ရေအေးအစစ်။) အဲဒီ ရေအေးတရား ရင်တွင်းသို့သာ တကယ်ရောက်လျှင် အပြင်ဘက်သို့မထွက်။ **သြပနေယျိကဓေါ်တယ်။** ယခုတော့ ဒေါ်အောင်မှာ တရားရေပူ ဖြစ်နေပါကလားလို့ တရားနာပရိသတ်နဲ့ စဘတ် သူ အရိယာအပေါင်းက အပြစ်ဆိုချင်သလား-မဆိုနဲ့။ ကိုယ်တရားရတယ် ထင် လျှင် ဒေါ်အောင်လိုမဖြစ်ဘို့ ဆရာကောင်းထံ၌ အပူ စင်,မစင်ကို စစ်ဆေးပါ ယောဂီ။ (ကျွမ်းပြုဆရာလဲ-သတိထားလို့-သတိပေးဒါပါ။)

သုသာန်၌ အလောင်းကို မီးရှို့တယ်။ ဒေါ်အောင် မေ့သွားတယ်၊ တက်

နေဘီ။ ဖိုင်းပြီး နှိပ်ကြရ-နှာပေးကြရတယ်။ ပွေ့ပိုက်ပြီး ကားပေါ်တင် အိမ်ပြန်လာ။ သိမ်းရဲ့ ခါတ်ပုံကို မြင်တယ်-ငိုရပြန်ဘီ။ **အဲဒါ ရုပ် မျက်လှဲကြီး မှတ်။** သိမ်းရဲ့အရိုးတွေစု အုတ်ဂူသွင်း ဆိုင်းဘုတ် ရေးထားတယ်။ မှတ်တိုင်, မှတ်ငုတ် ခိုင်ဗွာစိုက်, မြင်တိုင်းငို, ရက်လည် သပိတ်သွတ်, လစဉ်သွတ်, သေတဲ့နေ့ကို စာချုပ်လုပ် အမှတ်ပြုပြီး နှစ်စဉ်နှစ်တိုင်း ဆွမ်းသပိတ်သွတ်ရတယ်။ အုတ်ဂူဟာ သိမ်းရဲ့ကိုယ်စား ရုပ်အစစ်၊ မိုးကျဘီ မိုးတွေလေတွေ လာတယ်။ မိုးသားတွေ အုံ့မှိုင်းပြီးမိုးတဖွဲဖွဲ တသဲသဲရွာလျှင်။

ဒီအချက် စဉ်းစား။ ။ကမ္မဋ္ဌာန်း ထိုင်တယ်။ သမထ ဝိပဿနာ့တရားကို အားထုတ်ကြတယ်။ အားထုတ်ကြရမယ်။ သို့သော် (အထင်မကြီးသင့်၊ ဘဝင်မမြင့်သင့်၊ မာနဆိုဒါ လောကစီးပွါးရှာဒါမှာ ထင်လုံးရှိဒါက တော်သေးရဲ့။ ဓမ္မ စီးပွါး ရှာရင်း မာနကြီးဒါ အဆိုးဆုံး ယောဂီတို့။)

ဆရာရဲ့တပည့်ထဲမှာ အတော်များတယ်၊ မာနကြီးကြဒါရှိတယ်။ ဝိပဿနာတရားကို သုတမယ ဉာဏ်အနေက ဘာဝနာမယ အခြေသို့ ဆိုက်တယ်မှတ်နေကြတဲ့တပည့်တွေ အားကြီးရှိတယ်။ အချို့က ဆရာကြီးနဲ့တွေ့ဘို့မလို၊ ဆရာကြီးထံက ပညာတွေဟာ ငါ-အကုန်ရတယ်။ ဆရာ့ထံ ခဏ ခဏသွားရင် ဝဋ္ဋလိဖြစ်မယ်။ ဒါ့ကြောင့် အဝေးကဘဲနေမယ် ဟာချို့ကတော့ ဆရာကြီးနဲ့တွေ့ပေမဲ့ ဘာမှမထူးဘူး။ သူလဲ-အနတ္တမှာ ဆုံးဒါဘဲ၊ ဒို့လဲ-သူရေးတဲ့ ကျမ်းစာကြည့်မယ်။ အနတ္တကိုတော့ ဒို့လဲ သိဒါဘဲ။ **(ဝိပဿနာ သညာသိ၊)** ယောဂီရဲ့ မာနကို။ တနည်း၊ တဏှာကို။ တနည်း၊ ဒိဋ္ဌိကိုပျောက်အောင် ဆေးကုဘို့ ခက်ပြီမှတ်။ ဘာ့ကြောင့် ဝိပဿနာကြောင်း ရေလည်လို့ အကုရခက်တယ်မှတ်။အချို့တပည့်တွေကတော့ စူဠသောတာပန် အခြေကို မဟာသောတာပန်အနေ ထင်လုံးနဲ့ မဂ္ဂတ္ထရာယ်သင့်နေသူတွေလဲရှိတယ်။ အချို့ကတော့ **(အနတ္တ ခါတ်သဘာဝ)** ကို ကိုင်ထားတယ်။ သူတို့က တဆင့်ဟောပြသော ယောဂီတွေကိုလဲ အနတ္တမှတ်။ ခါတ်ကိုသာမှတ်။ သဘာဝအပြင် ဘာမျှမရှိဘူးလို့ သင်ပြထားတယ်။ ဆရာကြီးထံသို့ သွားစရာမလို။ ငါက ပဋ္ဌမဆရာဖြစ်တယ်။ ငါ့ဆီမှာသာ ဆည်းကပ်ကြရမယ်လို့ ပိတ်ပင် တားဆီးထားသော ဆရာလုပ်နေသူက တမျိုးရှိတယ်။ငါးပါးသီလကို အရှင်း မစောင့်စည်းသော ယောဂီတွေ၊ ဆရာ၏တပည့်ထဲမှာ များစွာရှိတယ်။ အဲဒီလို အယူလွန်ယောဂီ၊ အယူရော့သော ယောဂီတို့မှန်ပါက လူထင်လုံး ရန်သူတို့နဲ့တနေ့ရင်ဆိုင်ကြရမယ်။ ဒီအခါကျမှ ဒေါ်အောင်ကို သတိရကြမယ် တပည့်တို့။ (ဓမ္မန္တရာယ် ပသင့်စေကြနဲ့။)

## မိုးသံ·လေသံ၊ကြားရပြန်၊ ဒေါ်အောင်ရဲ့ အစွဲအမှန်။

သွီးရေ·အမေကို လာခေါ်လှဲ·သွီးရဲ့၊ အပေ ဘယ်တော့မှ ပေ့နိုင်ပါ့မလဲ 'သွီးအလုကလေးရဲ့၊ မိုးသားအစုရုပ်တွေဟာ သွီးရုပ်၏ကိုယ်စားမှတ်။ သား မက်လောင်း အမှတ်ထားသော မြို့ပိုင်·စိန်ထွန်းကြိုင်က ခင်သန်းအောင်နဲ့သူငယ် ချင်းမဖြစ်သူ ခင်ညိုစိန်နဲ့ လက်ထပ်မင်္ဂလာပွဲသို့ ဒေါ်အောင်လိုက်တယ်။ သေလို့ တနှစ်ကြာသော သွီးကိုမြင်ယောင်လို့၊ မျက်ရည်သုတ်ပြီး အိမ်ပြန်လာရတယ်။ သွီးနဲ့မွေးဘက်ကိုယ်စား ရုပ်ကိုမြင်လို့ အတ္တဒိဋ္ဌိ ဖြစ်ရပြန်တယ်မှတ်။ ငါ့သားမက် ဟာ သူများရဲ့သားမက် ဖြစ်ရလေခြင်းလို့။ **ဒီအာ့ုက် အာဏာဝါန ကပ္ပဋ္ဌာန်း မကယ်နိုင်။** ခန္ဓာငါးပါးဖြစ်ပျက်တွေလဲ ဘယ်ဆိုရောက်ကုန်မှန်း မသိတော့ဘူး ယောဂီတို့။ (အဲဒါ-ရုပ်မျက်လှဲမှတ်။)

---

## နာမ်မျက်လှဲဆရာက အရှုံးမပေး။

နာမ်က မိန်းပတယောက်၏ ဝမ်းဗိုက်ထဲကနေပြီး အသံလွှင့်ပြန်တယ်။ ရုပ် မျက်လှဲ့ ရုပ်လှဲစားတိုင်း သတ္တဝါတွေ တရားမရဒါ မဟုတ်ဘူး၊ နာမ်လှဲစားလို့ တရားမရကြဒါမှတ်။ ငါ-ဒီရောက်နေဘီ-ဟော့၊(သန်းဘဝကသေ၊ တမ္ဘေ-ပြိတ္တာ ဖြစ်၊ သပိတ်သွတ်၊ ကြုံကြိုက်လို့-ကျွတ်၊ ဝိပဿနာ မရှင်းသူတို့ကို ဟောဒီမှာ လူတယောက်, ငါ-ဖန်ဆင်းနေပြန်ပြီ၊ လူတကိုယ်, ဆယ်ကိုယ်ခွဲနိုင်ဒါ နာမ်မှတ် လိုက်။ ရုပ်ကို ဝိပဿနာရှုလို့ ဘဝပြတ်တယ်ဆိုဒါ မဟုတ်ဘူး။ လူ့ဘဝဆိုဒါ ဟောဒီ ရုပ်တုံးကြီးလို့ခေါ်ဒါ-ထင်ဒါမှတ်။ ဒီဘဝကြီးဖြစ်အောင် လုပ်ထား-ငါ၊ (ဥပါဒါနပစ္စယာ ဘဝေါ။)

---

## ရုပ်မျက်လှဲဆရာက ငါကသာ·နိုလ်စစ်။

အမိဒေါ်အောင်ရဲ့ ဒုက္ခမျိုးစုံဟာ နာမ်လုံးပေါ်မှာစွဲတဲ့ ဒိဋ္ဌိလား၊ ကြပ်ကြပ် စဉ်းစားကြ၊ ရှုစရာ အသုဘသေးစု-ပြည်စု ဖြစ်သော ဒါမစက်က ဒါဟုတ်ပြောတဲ့ သွီးအနှစ် အထင်ခံနေရဒါ ရုပ်ဗျို့-ရုပ်။လူပျို, ဒါပျို ယင်ဒါရုပ်၊ အိမ်ကောင်း တိုက်ကောင်း အထင်ခံရဒါ ရုပ်အစုမှတ်။ သူဌေး, သူဌေးကတော်၊ မင်း, မင်း ကတော် အထင်ပေါ် အကျော်စော အခေါ်ခံနေရဒါ အဋ္ဌကလာပ် အစစ် မှတ်။ စိန်, ရွှေ, ကျောက်, ပတ္တမြား, မော်တော်ကား, မြင်းပွဲ, ဘိုင်စကုတ်ပွဲ၊ ငါပိုင် မိန်းမ၊ ငါပိုင် ယောကျ်ားရယ်လို့ အသဲခိုက်အောင်, ပဲပွဲနိုင်အောင်

တရားရပြီထင်သော်လဲ၊ စတုဓာတု ယန္တရားစက်နဲ့ ရင်ဆိုင်သော်၊ ယောဂီရှင်မှာ ကမ္မဋ္ဌာန်းဂူတွေပျောက်၊ အာဏာပါနခေါ် ထွက်လေ-ဝင်လေ ရှုခဲ့တာလဲ သတိမရ။ ဘုရားနိမိတ်တွေ သမာဓိရခဲ့ဒါလဲ ဘယ်ဆီရောက်တယ် မသိ။ ရုပ်မျက်လှဲ့မာယာရူပနဲ့ ရင်ဆိုင်တိုက်ပွဲကျလျှင် ပရမတ်တရား ဓာတ်တရားတွေလဲမရှိပါဘူး။ ဓာတ်ကလဲ မကယ်နိုင်၊ သဘာဝဆိုဒါလဲ မျက်ရည်ထဲပါပြီး မျောသွားဘီ။ အနတ္တလက္ခဏာကတော့ ဓမ္မစကြာ စာအုပ်ထဲ ပြန်ရောက်ထာဘဲ။ **(အသုဘရုပ်အစုကို)** အထီး အမအစွဲ မှတ်ပုံတင် မြဲလာဘီဆိုမှဖြင့် ဝိပဿနာဆိုတဲ့ အသံတွေ ငါ မကြားချင်ဘူး-ရှုပ်တယ်၊ မလာကြနဲ့လို့ အင်္ဂကလာပ် ရုပ်အစစ်ကို အဟုတ်ချစ်ထာ-ရုပ်မျက်လှဲ့၊ သက္ကာယဒိဋ္ဌိ အကြီးတန်းစား မှတ်လိုက်။

---

## နာမ်က ငြင်းရဒါမေဒလို့ လေပြေထိုးပြီ။

စိတ္တနိယာမလို့သာ ရှိတယ်။ ရူပနိယာမလို့ မရှိ၊ ရုပ်ကိုသေအောင် သတ်နိုင်တယ်။ နာမ်ကို သေအောင်သတ်ဘို့ ခက်တယ်။ ရုပ်ကိုရှာလျှင် မျက်မြင်တွေ့ရပါတယ်။ နာမ်ဟာ ဘယ်ဆီ ဘယ်ဌာနမှာ နေတယ်လို့ မသိနိုင်၊ ခန္ဓာထဲမှာ ဓားနဲ့ခွဲရှာ အရှင်းမတွေ့၊ ဒါဖြင့် မရှိဘူးလား, ရှိတယ်၊ ရှိလို့ ပရမတ်တရား ခေါ်တယ်၊ လက်တွေ့မပြနိုင်လို့ ဓာတ်တရားမှတ်ကြ။ **(သက္ကာယဒိဋ္ဌိ)** ခေါ်ဒါ အန္ဓရဲ့ စိတ်နာမ် မှတ်လိုက်ကြစမ်း၊ အဲဒီ မိစ္ဆာဒိဋ္ဌိနာမ်ကို သမ္မာဒိဋ္ဌိဉာဏ်နဲ့မှ သေအောင်သတ်လို့ရမယ်။ ဒါ့ကြောင့် မိမိ၏နာမ်ကို မိမိတို့ဘဲသိကြရသဖြင့်၊ ကိုယ့်နာမ် မျက်လှဲ့ဆရာကို ကိုယ့်ဉာဏ်နဲ့သာ ဝေဘန်ဘို့ပါဘဲ။ ရုပ်နဲ့သာ ပြိုင်ပြောနေရဒါ စာရှုက်ရေးလို့ ဆုံးမှာတော့ မဟုတ်၊ အရှုံးမပေးသော်လဲ၊ ဒီနေရာက ခေတ္တနားမယ်။

(နာမ်အနိစ္စံ၊ နာမ်ဒုက္ခံ၊ နာမ်အနတ္တံ-ကိုသာ သတိထားကြ။)

---

## ရုပ်က နောက်ဆုံးအတိုချုပ် ဝါဒဖြန့်ပုံ။

ဆေးဆရာတွေ သုံးကြတယ်။ **(ရာသီမပိုင်-ဆေးမကိုင်နဲ့။)** ရုပ်ကို မနိုင်ရင် ဝိပဿနာဉာဏ် မပိုင်ဘူးမှတ်ကြ ယောဂီတို့။ ငါတို့ရဲ့ဆရာကြီး သေသွားဘီ။ ဒီမှာရုပ်ပုံ, ရုပ်ထုတော်၊ ငါတို့ရဲ့ဘုရင် သေသွားဘီ၊ ဒီမှာ ရုပ်ပုံ, ရုပ်လုံး, ရုပ်ကားတွေ၊ ငါ့မယား, ငါ့လင်, ငါ့အိမ်, ငါ့ကျောင်း, ငါ့တိုက်, ငါ့ဗိမာန် ဓာတ်ပုံရိုက်ကူးထားတယ် ဒီမှာကြည့်စမ်း။ တအိမ်လုံးမှာ ဆွဲထားတဲ့ဓာတ်ပုံတွေ၊

တကျောင်းလုံးမှာ ဆွဲချိတ်ထားတဲ့ ရုပ်ပုံတွေ၊ ကျောက်တိုင်၊ မှတ်တိုင်တွေမှာ တင်ထားသော ရုပ်စု၊ ကလာပ်စု၊ ရုပ်မှုန့်၊ ကလာပ်မှုန့်တွေကို လူထင်နေကြလို့၊ ဒီအထိ အမှတ်မပျောက်ဘဲ ခေတ်မပေါက်ကြဒါ။ ဘာလဲ-ရုပ်မျက်လှဲ့ဗျ-ရုပ်မျက်လှဲ့၊ (အနတ္တကို ဆနဖုံးတယ်ဆိုဒါ ဆနဟာ ဘာလဲ၊) အထည်ဒြပ်ထင်မှု၊ ဘယ်အပေါ်မှာ ထင်ဒါလဲ ရုပ်အစုပေါ်မှာ သက္ကာယဒိဋ္ဌိဖြစ်တယ်လို့ အဟုတ်အဟုတ် ပုဒ်ပြတ်။ စာမကြည့်ဘဲ၊ ဂဏှာဟိ၊ မှတ်လေလော။

## ကိုင်း-အနုသန္ဓေစပ် နိဂုမ်းသတ်။

ဒါ့ကြောင့်-နာမ်နဲ့ရုပ် ငြင်းခုံခမ်းတွေ ဗိုလ်စာရင်းနဲ့ အသိုသွင်းကြပေမဲ့ လိုရင်းသာလိုက်။ ကိုယ့်စရိုက်နဲ့ကိုယ် ကြိုက်ရာသာယူ လူထင်ရင်တော့ မိစ္ဆာမှတ်။ နာမ်နဲ့ရုပ် တွဲလဲရှုပ်၊ ခွဲလဲရှုပ်၊ ဘယ်လိုဘဲရှုပ်ရှုပ်၊ ဒိဋ္ဌိမပြုတ်လျှင် အသေမရဲကြသေးပါဘူး၊ ဘာ့ကြောင့်-တရားတကယ်မရလို့ ရင်ဆိုင်မှာ လူမှတ်လို့ အပူဟပ်ထာဘဲ။ (ရင်ဆိုင်ဆိုဒါ-ကျောဆိုင် မဟုတ်ဘူး။) မလေးပစား ကလေးကလားနဲ့ သား-မယား၊ အိုးအိမ်တို့ကို ခံစား လိုက်စားဒါကိုတော့ တင်းမတိမ် တရားတိုးတက်မှုကိုတော့ တော်ရောပေါ့ဟဲ့၊ တော်လောက်ပါပြီတဲ့၊ အဲဒါပုထုဇန်ရဲ့အယူမှတ်။ အရိယာအစစ်ဆိုဒါက စတုသစ္စမမြဲ့ ရောင့်ရဲတင်းတိမ်ခြင်း မရှိမှတ်ရမယ်လို့ (**မဇ္ဈိမ ပဏ္ဏာသ**) ဉပဒေက သတိပေးထားတယ်။ (ဒီမှာသာခက။)

စတုသစ္စကထာပိ ပဏ္ဍိတာနံ ပိယာဟောတိ ဝဿသတံပိ သုဏန္တော
တိတ္တိံ နဂစ္ဆတိ။

ဒါ့ကြောင့်။ ယနေ့ည ပဏ္ဏာမက သစ္စာ ၄-ချက် တချက်စီ။ ဝိဇ္ဇာဓိုရ်ရဲ့စခမ်းစဉ်-လမ်းစဉ်ကို ဟောခဲ့-ရေးခဲ့ပြီ။ သစ္စာ ၄-ပါးကို တပါးစီဘဲ သိသိ၊ ၂-ပါး ဘဲသိ၊ ၃-ပါးဖြစ်စေ၊ ၄-ပါးစလုံး ဖြစ်စေ၊ ဘာဘဲ လုပ်နေနေ သိတိုင်း တွေးတိုင်း ဝိဇ္ဇာမှတ်။ ဝိပဿနာဉာဏ်ကိုသာ ဝိဇ္ဇာအစစ် မှတ်ကြစမ်းပါ အိမ်ထောင်ရှိလဲဝိဇ္ဇာ မရှိလဲဝိဇ္ဇာ စာသင် စာချပြီး သက်နိုးအဝတ်နဲ့သိပိုင်လျှင်လဲ ဝိဇ္ဇာအစစ်မှတ်။ သမုတိသံဃာအဖြစ်နဲ့ မသောချင်ကြပါနဲ့။ ပရမတ္ထသံဃာသို့ရက်အတိုမှန်းပြီး မဂ်ဖိုလ်လမ်းသို့ တန်းတက်ပြီးမှ သေကြပါလို့ ဆရာကြီးက သတိပေးပါတယ်။

(အန္ဓ)ဆိုဒါ မခံချင်ကြပါနဲ့၊ အရိယာမဖြစ်မီက လူတိုင်း အန္ဓချည်းပါဘဲ ပုထုဇန်ချည်းပါဘဲ၊ ဘယ်သူဘဲမော်မော်၊ ဘယ်ပုဂ္ဂိုလ်ကြီးဘဲ ကျော်ကျော် အဝီစိရဲ့မှာ နေခဲ့ကြဘူးသည်မှတ်။ မိမိကိုယ် မိမိ သတိ ကြပ်ကြပ်ထား။ မယားမကာယ် လင်မကာယ်နိုင်သော ခေတ္တခဏမျှ အငွေ့အာရုံ ကာမဂုဏ်နဲ့ ပျော်ကြ

သော မျက်လှဲ့နာမ် မျက်လှဲ့ရုပ်၊ ဟောဒီ အပုပ်ကောင်ကြီး သူသာန်မသွားခင် ဗုဒ္ဓဘုရားရှင်၏ ဝိပဿနာ စစ်စစ်ကို ကြားရ နာရမှ ဟုတ်မှန်တဲ့ တရားဘဲလို့ ရုပ်နဲ့နာမ် ၂-ပါးကို။ ဘာဝိတော၊ စာအရှိမပြောဘဲ ဒီခန္ဓာပေါ်၌ ယခု အရှိ ပြောကြ။ **ဗဟုလီကတော**-ဆိုဒါ အသိဉာဏ်များလျှင် အလိမ္မာရပြီး။ **အဘိညာယ သမ္ဗောဓာယ**-ဉာဏ်သဘော သဘာဝမှ တဆင့် စိတ်တဏှာ ပဟာနဖြင့် **နိဗ္ဗာ-နာယ**-ထိရောက်လျှင် အနုတ္တ အချက်ကြောင့် အရဟတ္တမဂ် ဉာဏ်အထွဋ် အဓိပတိဘဲလို့ သံဝတ္တတိကို သာမု ၃-ကြိမ် ကျယ်ကျယ်ကြီးခေါ်၍ ဝမ်းမြောက်ကြ စေကုန်သတည်း။

ကြေးစည်ရိုက်၊ စတုတ္ထညှဟောစဉ် ပြီးပါပြီ။

---

## ပဥ္စမညဗိုလ် ၅-ပါး ပဏ္ဍမ ဟောစဉ်

၁။ **သဒ္ဓါဗိုလ်**-ရတနာ အစစ် ၃-ပါး ယုံကြည်တဲ့အားဗလ။

၂။ **ဝီရိယဗိုလ်**-တရားအစစ်ရဘို့ ကြိုးစားတဲ့ အားဗလ။

၃။ **သတိဗိုလ်**-တရားနှလုံးသွင်းမှုကို မမေ့တဲ့ အားဗလ။

၄။ **သမာဓိဗိုလ်**-တရားစိတ် ခိုင်မာတည်ကြည်တဲ့ အားဗလ။

၅။ **ပညာဗိုလ်**-အသိဉာဏ် အဆင့်ဆင့် တိုးပွါးတဲ့ အားဗလ။

လောကကြီးမှာ တိုင်းပြည်ကို အုပ်ချုပ်သော ဘုရင်ရှိတယ်။ ပြည့်ရှင် ဘုရင်မှာ။ အင်အား ငါးပါး ရှိရမယ်။ အိမ်ရှေ့ ဥပရာဇာ စသော မှူး, မတ် အင်အား တမျိုး၊ မိဖုရား, သား, သမီး, ခြွေရံတော် စသော အခြံ အရံ အင်အားတမျိုး၊ စစ်တပ် ခံတပ်နှင့်တကွ စစ်ဗိုလ် စစ်သား ဆင် မြင်း စသော စစ်အင်္ဂါ အပေါင်းတို့နှင့် ပြည့်စုံခြင်း အင်အားတမျိုး။ တိုင်းပြည်၏ ကြက်သရေဆောင်ဖြစ်သော မြေနန်း ပြာသာဒ်နှင့် တကွ ပြအိုး ပြစဉ် ပြတိုက် မြို့ရိုး ကျုံးစသော ဘုရင်၏ အဆောက်အဦးမျိုးစုံတို့နှင့် ပြည့်ရခြင်း အင်အား တမျိုး၊ မစိုးရိမ် မစိုးc မကြောင့်ကြ မတောင့်တ ဆိုသော ကျည်တော်ကြီး ၄ မျိုးခေါ် ရွှေငွေစသော ရတနာ ၇-နှစ်ပါး တို့နှင့် ပြည့်စုံခြင်း အင်အား တမျိုး၊ ထိုကဲ့သို့ အင်အားဗလ ငါးပါးတို့နှင့် ပြည့်စုံလျှင် တိုင်းပြည်ကို အုပ်စိုး နိုပ်ကွပ်နိုင်သော ဘုရင်မြတ်၏ လက္ခဏာမှတ်။ ထိုနည်းတူစွာ ဒိဋ္ဌိ စသော ကိလေသာ ရန်သူပုန်တို့ကို အောင်မြင်ဘို့ရာ ယောဂီရှင် အရိယာအပေါင်းတို့၏ အရိယာ အစစ်တို့၏ လက္ခဏာ အင်အားဗလကိုလဲ ငါးမျိုးရှိတယ်လို့ နှလုံး သွင်းစေလိုတယ်မှတ်။

## ဗိုလ်ငါးယောက် သတ္တိပြခဏ်း

နံပါတ် ၁-သဒ္ဓါဗိုလ်ကပြောပုံ လူပြည်မှာခဏမျှလူလာ၍ ဖြစ်ရထာ တရားရမှ အကျိုးနပ်မယ်။ လင်လဲ အားမကိုးဘူး၊ မယားလဲ အားမကိုးဘူး၊ စီးပွါးနဲ့ သွီးသား စသော ဆွေမျိုးတွေကိုလဲ အားမကိုးဘူး၊ ဘုရား တရား သံဃာ ရတနာအစစ် သုံးပါးကို မတွေ့လျှင်မသေ။ မသိရလျှင် မသေဘူးဟဲ့လို့ မိမိအတွက် တကယ်တန်း ယုံကြည်အားကိုးရာ ဆရာအစစ်ကိုရှာမယ်၊ တရားအစစ်ကိုလဲ နာမယ်၊ ပိုင်ပိုင်အရ ယူမယ်၊ တရားရဘို့ အားထုတ်ခြင်း။ပဓာနိယ အင်္ဂါငါးပါးထဲမှာ ငါမပါလျှင် အရိယာ ဘယ်တော့မှ မဖြစ်ဘူး။ ဒုလ္လဘထဲမှာလဲ သဒ္ဓါဒုလ္လဘဆိုဒါ ငါဘဲ။ **(ငါမှသာဗိုလ်စစ်။)**

နံပါတ် ၂ ဝီရိယဗိုလ်၏ မိန့်ခွန်း။ သီလ, သမာဓိ, ပညာ, သိက္ခာ, သုံးပါးနှင့် ပြည့်စုံသော သပ္ပုရိသ ဆရာအစစ်ကို ကြိုးစားရှာမယ်၊ ငါတော့ ဒီဘဝမှာ ကိန်းသေ သေရမှာဘဲ၊ သေမဲ့အတူတူ တရားအထူးရဘို့ အားထုတ်မယ်။ ဒီခန္ဓာကိုယ်ကြီးနဲ့ မဆက်သွယ်သော ဘဝပြတ် တရားကို နာမယ်၊ ကျမ်းစာအစစ်အမှန်ကို ဖတ်မယ်။ ဝိပဿနာ တရားစစ်စစ်ကို ရွေးချယ်ပြီး အားထုတ်မယ်။ ဆရာကောင်းကို တွေ့လျှင် မာနရှော့၍ ဆည်းကပ်ကိုးကွယ်မယ်၊ ကျွေးမွေးလှူဒါန်းမယ်၊တရားရှာတယ်ဆိုဒါ ဝီရိယကင်းလွတ်လျှင် ဘယ်တော့မှ အရိယာ မဖြစ်မှတ်။ **(ငါတယောက်သာ ဗိုလ်မှူး။)**

နံပါတ် ၃ သတိ ဗိုလ်လာဘီ။ ငါမှ အရေးကြီးသော ဗိုလ်မှတ်ကြ ယောဂီတို့။ ဒီလို ခဏခဏတွေးကြပါ·သတိရကြစမ်းပါ။ ဒို့အိမ်ပေါ်မှာဘဲ အပြစ်မျိုးစုံ ရှိပါတယ်၊ မွေးတယ်၊ သေတယ်၊ အိုတယ်၊ နာတယ်၊ တယောက် တိုးလာတယ်၊ ၂-ယောက် သေသွားတယ်၊ တယောက်ကစ ၂-ယောက်၊ ၂-ယောက် အခြေတည်လျှင် အများကြီးဖြစ်လာတယ်။ ၁၀-နှစ်၊ ၁၅-နှစ်၊ အနှစ် ၂၀-၃၀-၄၀-၅၀-ကြာလျှင် တယောက်ထဲ ကျန်တော့ဒါဘဲ၊ ဒီဘုံ ဒီဘဝဟာ အလကားဘဝဘဲ၊ မွေးသေဘုံကြီးဘဲလို့ သတိပြုကြစမ်းပါ။ သေခြင်းတရားကို မမေ့ဘဲ မသောင် အားကိုးရာ တရားရဘို့ သတိပြုရမယ်။ (**သတိတလုံးဆောင်**)နေရာတိုင်း အကြံအောင် ရမယ်မှတ်။ ဒီခန္ဓာပုပ်ကြီးဟာ ဘာကမှ အဘိုးမတန်ပါကလားလို့ မျက်နှာသစ်တိုင်း၊ ပါးစပ်ကို ပလုပ်ကျင်းတိုင်း၊ အိမ်သာတက်တိုင်း၊ အိပ်ရာဝင် အိပ်ရာထတိုင်း ခန္ဓာကိုယ်ကြီး၏ ဖြစ်မှု·ပျက်မှုတို့ကို သတိ ထားရမယ်။ သတိမပါဘဲ အရိယာမဖြစ် မှတ်လိုက်။ **(ငါမှ ဗိုလ်ချုပ်။)**

နံပါတ် ၄-သမာဓိဗိုလ်၏ ဩဝါဒမှာ။ တရားရှာလျှင် စိတ်ကောင်းရှိမှ ရမယ်။ တရားနာသော် စိတ် ဝိတက်မများဘဲ စိတ်ခိုင်မာ တည်ကြည်စွာ နှလုံးသွင်းမှသာ တရားကို ရနိုင်မယ်။ သမထ တရားကိုဖြစ်စေ၊ ဝိပဿနာ တရားကိုဘဲ

ဖြစ်စေ၊ အားထုတ်သော် စိတ်လေ့, စိတ်လွင့်, စိတ်ရှုး, စိတ်နှောက်, စိတ်ပွေ့, စိတ်ရှုပ်, စိတ်ကလိမ်ချို, စိတ်သဗ္ဗတ်အူ, စိတ်စဘူးတောင်းဖြစ်သော ယောဂီလူညာတို့နဲ့ တရားမရဘူးမှတ်။ အာရုံကာမဂုဏ်တို့ကို လိုက်စားလွန်ကဲသော စိတ်ယုတ်မာနဲ့ တရားထွေးလျှင်၊ **ဘီလူး–လူယောင်ဆောင် အလွန်ဆိုးကြောတလပေါ့**။ လော်မာခြင်းများသော-စိတ်တုန်လှုပ်မှုများသော သူကား၊ နိဗ္ဗာန်ရတရားနဲ့ မသက်ဆိုင်မှတ်။ စိတ်ကောင်း, စိတ်မြတ်, စိတ်တည်, စိတ်ကြည်, စိတ်ငြိမ်သော-ဣန္ဒြေရှိသော သမာဓိတရားနဲ့ ပြည့်စုံမှသာ အရိယာ သောတာပန်ဖြစ်နိုင်မည်မှတ်။ (ငါက ဗိုလ်မှူးချုပ်။)

နံပါတ် ၅-ပညာဗိုလ်၏ အမိန့်မှာ။ အနိစ္စလက္ခဏာ စသည်တို့ကို ထိုးထွင်းသိမြင်နိုင်သော ပုဂ္ဂိုလ်ကိုသာ ပညာ ဗိုလ်စစ် ဆိုတယ်။ မဂ်ပညာ, ဖိုလ်ပညာသို့ဆိုက်ရောက်နိုင်သည် မှတ်လေ။ နားထောင်-ရှင်းရှင်း ပြောသွားမယ်။ ပိဋကတ်သုံးပုံကို အာဂုံရွရွ တတ်မြောက်ကြသော်၊ ပရိယတ္တိပညာခေါ်ရပေမဲ့ (**သုတဝါပုဂ္ဂိုလ်လဲဆိုသည်။**) ပညဝါအစစ် မဆိုသေး။ စာတတ်ပုဂ္ဂိုလ်တော့မှန်ရဲ့ လွှလာကျက်စား ပရိယတ် အခြေခံများသဖြင့် ဝိညာဏာစရိယ ပုဂ္ဂိုလ်ဟူ၍ ဥပဒေကဆုံးဖြတ်ထားတယ်။ ဘာလိုသဲလဲ မဂ်ဉာဏ်-ဖိုလ်ဉာဏ် လိုသေးလို့မှတ်၊ ရှင်းရှင်းပြောမယ်။ လူပြိန်းသိဘို့ရာ ကလျာဏပုထုဇဉ်, စူဠသောတာပန် အနေဖြင့်၊ ဝိပဿနာဉာဏ်ကို မသိရလျှင် အန္ဓဗာလ ဖြစ်တယ်။ ပညာမရှိသူ၏ ဝန်ထမ်းဆိုဒါလို။ ပိုက်ဆံမရှိချင်နေ၊ ပညာရှိဘို့ အရေးကြီးတဲ့ဘဝ၊ ပညာရှိကို အရေးယူတဲ့ ခေတ်သစ်သို့ ရောက်သဖြင့်၊ ပညာမပါလျှင် ဘယ်တော့ခါမှ အရိယာမဖြစ်နိုင် မှတ်ကြ။ (ငါမှသာ ဗိုလ်ချုပ်မှူးအစစ်။)

---

## ဗိုလ် ၅-ယောက် ရင်ဆိုင် စကားစစ်ပြိုင်ပွဲ။

၁။ သဒ္ဓါဗိုလ်က ပြောပုံ။ **သဒ္ဓါဟတ္ထော**။ သဒ္ဓါ၊ ရတနာ သုံးပါး တို့၏ ဂုဏ်ကျေးဇူးကို ယုံကြည်စိတ်ရှိသောသူသည်။ ဟတ္ထော၊ လက် ၂-ဘက် ပါသူနဲ့ တူ၏။ ။သဒ္ဓါတရားနဲ့ လက်နဲ့ တူတယ်။ ဝေဘူလတောင်ရောက် ပတ္တမြားကျောက်ကောင်းတွေ လက်မပါလျှင် မြင်ရုံမျှ မကောက်ယူနိုင်၊ သာသနာတွင်းသို့ လူလာ၍ဖြစ်တယ်။ သဒ္ဓါအင်အား မရှိပါက **အနုတ္တဉာဏ်ကို** ဘယ်တော့မှ မရ။

၂။ ဝီရိယဗိုလ်က ဆိုပြန်တယ်။ အရိယာသောတာပန်ဖြစ်ချင်ရင် တရားကို မယားလောက်, လင်လောက် အားမကိုးလျှင် မရ။ အသက်စွန့်၍ စီးပွါးရှာကြသလို၊ တရားအစစ်ကို ရခဲ့သော် အရိုးကွဲပေစေ၊ သွေးတွေဘဲ ခန်းခြောက်စေ၊

အကြောတွေဘဲ ပြတ်စေ၊ အရေခွံဘဲ စုတ်ပြတ်ကျပေစေ ဆိုသော ဝီရိယအင်္ဂါ ၄-ပါးနဲ့ အရင်းပြုမယ်လို့ စိတ်အားထားကြရမယ်။

သီလ, သမာဓိ, ပညာ, လက္ခဏာညီသော ဆရာမြတ်ကို။ တနည်း၊ ပရိယတ်, ပဋိပတ် စွယ်စုံအစစ်ကို အနဲဆုံး ပိဋကတ် ၃-ပုံ သင်ကြားဘူးပြီး ဝိပဿနာ တရားကို ပြနိုင်သော ဆရာ။ တနည်း၊ ဂုဏ်အင်္ဂါ ၇-ပါးတို့နှင့် ပြည့်စုံသော သပ္ပုရိသ ဆရာထံ၌ အသက်ခန္ဓာစွန့်၍ တရားကို တကယ့် စေတနာကောင်းနဲ့ အားထုတ်ရမယ်မှတ်။ ပဓာနိယအင်္ဂါ ၀ါးပါး အပါအဝင်၊ သဒ္ဓါဗိုလ်က ငါ ဘုရင်တပါးလို့ ဆိုပြန်တယ်။ အသက်ခန္ဓာကို စွန့်လှူမှ တရားရမယ်ချည်း မယူ လေနဲ့အုံး။ လှူရမယ်ဆိုဒါ ပုဂ္ဂိုလ်, ဂုဏ်အင်္ဂါ, အချိန်အရှယ်, လက္ခဏာတို့ကို စဉ်းစားရမယ်။ လှူတိုင်းလဲ တရားရမယ်မဟုတ်။ လိုရင်းမှာ တရားအစစ်အမှန်ကို မရ, ရအောင် ဆရာကောင်းကို ငွေကုန် လူပန်းခံ၍ ရှာဖွေခြင်းကိုပင် အသက် ခန္ဓာ စွန့်သည်မည်တယ် မှတ်လေ။ ဝါယာမနဲ့ ဝီရိယ အကူကူ၊ ဝီရိယမရှိဘဲနဲ့ တရားစစ်ကို မရဖူက်။

၃။ အံမယ်လေးဟဲ့၊ စကားဆိုဒါ ပြောမယ်ကြံလျှင် (**ရှေ့ပြော နောက် ကြည့်၊ ညပြောအောက်ကြည့်**) တိုးတိုးပြော ကွယ်ရာက နားဘောင်သူကို ဂရု စိုက်ရမတဲ့။ ဗောဓိပက္ခိယတရား ၃၇-ပါးထဲမှာ (**သတိ**) ဆိုဒါ နာမည်ကြီး, ဂုဏ်ကြီးဆိုဒါ မသိကြလို့ ထင်ရာပြောသွားကြတယ်။ သတိမမူတော့ ဂူမမြင်၊ သတိမူမှ ဂူဝင်ရမတဲ့၊ဘာ့ကြောင့် တရားကို အာရုံပြုတယ်ဆိုဒါ သတိ၊ နှလုံးသွင်း တယ်ခေါ်တာသတိ၊ အနုဿတိ ၁၀-ပါးလဲ သတိ။ မမ္ပဒ ပါဠိတော်၌ အပမာဒဝဂ်ဆိုဒါလဲ သတိ။ ဘုရားပရိနိဗ္ဗာန်စံဝင်ခါနီး ဆုံးမခဲ့သော ပစ္ဆိမ ဗုဒ္ဓဝစန ဆိုဒါကော သတိမဟုတ်သဒ္ဒါလား၊ ဝီရိယ ဆိုချင်သလား ယောဂီတို့။ ယောနိသော ဆိုဒါလဲ သတိကိုရေလဲနဲ့ သုံးဒါပါဘဲ။ ဘာမှ ရှုပ်မနေကြနဲ့ ။သတိ တလုံးအတွက် သတိပဋ္ဌာန်ရယ်လို့ ပါဠိတော်ကြီးကျမ်းတကျမ်း ထင်ရှားရှိနေ ပါတယ်။ ဒါ့ကြောင့်-ဘာသူနဲ့မှ မပြောလိုလို့-တောခိုနေပါသော်လဲ၊ မသိသေးသူ များတို့အားသတိပေး စကားရေးသားလိုက်ရပေသတည်း။(ဒါလဲ သတိဘဲမှတ်။)

၄။ မပြောလဲမပြီး-မတီးလဲ မမြည်၊ မချည်ပြန်လဲမခိုင်၊ မကိုင်တော့လဲ မမြဲ။ မရဲတော့လဲ ကြောက်တယ် ထင်ကြတယ် ယောဂီတို့။ စာကြည့်ပို့မလို့၊ သမာဓိ ဗိုလ်က ပြောရအုံးမှာပေါ့၊တောထဲ,တောင်ထဲ, ဂူလိုဏ်ထဲမှာ ကာမဂုဏ်အာရုံတို့ ဘိတ်ဆိတ်သဖြင့် စိတ်လှုင့်မရှိစတမ်း အင်မတန် ကြည်လင်လှသော သမာဓိကို ဖမ်းနေလိုက်ပါတယ်။ မြို့ထဲ-ရွာထဲမှာ ဟောကြ ပြောကြဒါ သူ့တရားမှန်တယ်၊ ငါ့တရားမှန်တယ်လို့ တရားနဲ့ပတ်သက်ရင် ဘာဒါလောက်တောင်-အတိုက်အခံ

လုပ်ဘို့လိုသလဲ။ သမာဓိတရားနဲ့ယှဉ်ပြိုင်နိုင်သော တရားမရှိဘူးဆိုဒါ သိဘို့တယ်ကြပ်ပါကလား။ သမထနဲ့သမာဓိ အတူတူသိကြစမ်းပါ။ သမာဓိမရှိလျှင် လူကောင်း, ရှင်ကောင်း, မင်းကောင်း, စိုးကောင်း, တရားဟောကောင်း, ကျမ်းရေးကောင်းမမှတ်နဲ့။ ကေဂ္ဂတာလဲ ခေါ်ပါတယ်။ စိတ်ရှူး,စိတ်မိုက်ကို ချုံးသတ်နိုင်တာ သမာဓိမှတ်ပါ၊ မင်းမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ဖြောင့်မတ်တည်ကြည်မှ အရိယာဉာဏ်ကို ရနိုင်မယ်။အရိယာဖြစ်ရင်တော့ အရိယာ သမာဓိပေါ့။ ဒါ့ကြောင့်၊ **သမာဓိ မာနန္တရိကညမာဟု သမာဓိနာ တေန သမော နဝိဇ္ဇတိ**-လို့ ဥပဒေစာရှိသမျှ ပါဠိပြပြီး သမာဓိက။ ဗိုလ်ဒီမှာဟော့၊ ဗိုလ်စစ်ဒီမှာလို့၊ ဝါဒ မများအောင် ပရိယတ်လာသမျှစကားနဲ့ မကြားဘူးသူတွေအားကိုးဘို့ လှဲ့ကြည့်ကြရအောင် အသံလွှင့်လိုက်တယ်။ **(ဗိုလ် ဒီမှာ)**

၅။ ။ပညာဗလ၊ လူဆိုဒါ နိုင်သူမပေါ်သေးခင်တော့- ကိုယ့်အိမ်မှာ ကိုယ်ဘဲလူကြီး၊ ကိုယ့်ရွာမှာ ကိုယ်သာ လူကြီး၊ ကိုယ့်ပြည်၌ အာဏာရှိခိုက်မှာ ငါသာဘုရင် ထင်ကြဒါပေါ့။ ငါ့တပ်ထဲမှာငါသာတပ်ဗိုလ်ချုပ်၊ ဒီလိုဆိုနိုင်ပါတယ်။ သာသနာ ၂၅၀၀-ပြည့်ခါနီးမှာ ဗိုလ်စစ်ပွဲကြည့်ကြရမယ်။ ပညာရှိတွေထဲမှာ ရှင်းပြဘို့အချိန်ရောက်ပြီ ယောဂီတို့၊ ချောက်တိုင်း မကြောက်ဘို့ လှန့်တိုင်းမလန့်ကြနဲ့။ အမြောက်ကောင်းရင်-ပေး၊ အချောက်ကောင်းရင်-ပြေး၊ ဒီလိုစကားတွေကိုလဲ နားလည်ထားရမယ်။ အချို့က အရမ်းကာရော ပြောတတ်တယ်။ ယခုခေတ်မှာ ပညာရှိမလိုဘူး။ သတ္တိကောင်းဘို့ အရေးကြီးတယ်လို့ ပြောကြဒါကို ကြားရတယ်။ လေးလေးနက်နက် စေဘန်ကြ။ ပညာရှိကို လက်လွတ်ရေးကူး စကားပြောလာရင် ပြောတဲ့လူဟာ ဘေးကြီးစွာ သင့်တတ်တယ်။ ပညာရှိပုဂ္ဂိုလ်ကို ပစ်ပယ်၍ ပြောသူ,ပုတ်ခတ်သူ,အလေးမပြုသူဟာ ဘယ်တော့မှ ကောင်းကျိုးမပေးဘူးမှတ်၊ ဘာ့ကြောင့် ပညာရှိက လွဲရင် ဘာတွေဘဲ ရှိတယ်ထင်ကြသလဲ။ **ပညာ, သမာ, အာဘာ နတ္ထိ**။ ပညာရောင်ထက် တောက်ပြောင်သော အလင်း ဘယ်မှာမှ မရှိဟု သိကြစမ်းပါ။ ရှင်းမယ်-သဒ္ဓါ, ဝီရိယ, သတိ, သမာဓိတို့ ဆိုဒါ ဗောဓိပက္ခိယအဖွဲ့ဝင် ဗိုလ်တွေ စစ်စစ်ဖြစ်ဘို့ လိုပါတယ်။ သမ္မာဒိဋ္ဌိခေါ် ပညာဦးစီးသော သဒ္ဓါ၊ ပညာနဲ့ ယှဉ်သော ဝီရိယ၊ ပညာပြဋ္ဌာန်းချက်ရှိသော သတိ၊ အရဟတ္တ မဂ်ဉာဏ်အဖွဲ့မှာ ပါဝင်ဆောင်ရွက်သော သမာဓိဆိုလျှင် တယောက်စီ ကြိမ်းဝါးဒါနဲ့ ညီပါပေတယ်။ နားထောင်တဲ့ ယောဂီတွေမှာ ထွေးရှုပ် သွားစေဘို့ သဒ္ဓါလွန်မဖြစ်ဘို့၊ လောကဘက်သို့ လုံးပမ်းသော ဝီရိယ မဟုတ်ဘို့ ရုပ်တရား, နာမ်တရားကို တွေးခြင်း, နှလုံးသွင်းခြင်းမှ လွတ်ကင်းသော သတိ ဖြစ်မှာစိုးလို့သမာဓိကလဲ အရိပ်စွဲ, နိမိတ်စွဲ

ပရမတ် သမာဓိ မဟုတ်ပါဘဲ ပညတ်စွဲ သမာဓိမဖြစ်ရလေအောင် ပညာကို မဖွဲ့ကြဘို့ပညာရှင်ကို အလေးပြုဘို့ ပညာဖိုလ်လဲရှိသေးဒါဘဲလို့ ငိုဒါ သက္ကာယဒိဋ္ဌိအမှောင် ရပျောက်စေဘို့ အရောင်တောက်လိုက်သည်။ (ဖိုလ်ဂုဏ်ဇေါ စရာမလို။)

ပဏာမ တော်လောက်ပြီ။

---

## ပဉ္စမည ခန္ဓာ ၅ ပါး ဟောစဉ်။

၁။ **ရူပက္ခန္ဓာ**-တကိုယ်လုံး ယခုပျက်။

၂။ **ဝေဒနက္ခန္ဓာ**-အာရုံကိုခံစားခြင်း။

၃။ **သညက္ခန္ဓာ**-ခံစားဘူးဒါကို မှတ်ထားခြင်း။

၄။ **သင်္ခါရက္ခန္ဓာ**-မှတ်ထားလို့ ထပ်ခါလိုက်ခြင်း။

၅။ **ဝိညာဏက္ခန္ဓာ**-ခံစားဘူးလို့ အမြဲကြံစည်ခြင်း။

၁။ ပရိယတ္တိအလို၊ ရုပ် ၂၈-ပါးရှိတယ်။ ဒီရုပ် ၂၈-ပါးဆိုဒါ ဟောဒီခန္ဓာမှတ်။ ယောကျ်ားမှာ ဣတ္ထိဘာဝရုပ်နှုတ် ၂၇-ပါး၊ မိန်းမမှာ ပုရိသဘာဝရုပ်နှုတ် ၂၇-ပါးရှိတယ်။ အဋ္ဌကလာပ်ဆိုဒါလဲ ဒီတကိုယ်လုံးကို ဆိုတယ်။ ဓာတ် ၄-ပါးကလဲ ဟောဒီအတုံးကြီးမှတ်။ ဘာ့ကြောင့် ရုပ်ခေါ်သလဲဘောက်ပြန်တယ်၊ ပျက်နေတယ်၊ မတည်ဘူး။ တမျိုးစီ ဖြစ်နေလို့ ခါတိုင်းနဲ့မတူ၊ မူအမျိုးမျိုး ရုပ်ပြောင်း ရုပ်လွှဲဖြစ်တယ်၊အတိုချုပ် ပျက်နေလို့ ရုပ်မှတ်။

၂။ စာစကားနဲ့ ပြောလျှင်၊ ဝေဒနာစေတသိက်ကို ဝေဒနက္ခန္ဓာမှတ်။ အာရုံကာမဂုဏ်တို့ ခံစားတတ်ခြင်းကို ဝေဒနက္ခန္ဓာ ခေါ်တယ်။ ရုပ် မဟုတ်ဘူး (**နာမ်။**) အဲဒီနာမ်ဟာ ခံစားပြီးပျောက်၊ ခံစားလိုက် ပျောက်လိုက်၊ဘယ်တော့မှ ခံစားလို့ ပြီးနိုင်ကြမလဲလို့ ကိုယ့်ရောဂါ ကိုယ့်ဝေဒနာကို ကိုယ်စစ်ဆေးပါ။

၃။ သညာ စေတသိက်ကို စာစကားနဲ့ ပြောလျှင် သညက္ခန္ဓာမှတ်။ ခံစားဘူးသော အာရုံ မှန်သမျှတို့ကို စွဲမြဲမှတ်သားထားသော နာမ်ကို သညက္ခန္ဓာလို့မှတ်ကြ ယောဂီ၊ အမှတ်ဆိုဒါ တကယ်ပျောက်ခဲတယ်၊ ခန္ဓာကိုယ်မှာ ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်ဆိုတယ် လူဟူ၍မှတ်ထားသော နာမ်ကို လိုက်ရှာစမ်း။ ဒီနာမ်ဟာ လူဟုတ်သလား၊ ဒါဟာလူဘဲလို့ မှတ်ထားသော အသားဆိုင် အသားခဲတွေလဲ လူဟုတ်ကဲ့လားလို့ အမြဲတန်း ဆင်ခြင်ပါ။

၄။ ခံစားပြီး မှတ်ထားသမျှအာရုံတို့ကို ထပ်ခါထပ်ခါ အားယူခြင်း အားစိုက်ခြင်း လှုံ့ဆော်ပေးခြင်း နာမ်ကို သင်္ခါရက္ခန္ဓာဆိုတယ်၊ဒါလဲ ယောကျ်ား မိန်းမ မဟုတ်။ ငါတိုက်တွန်းတယ်။ သူက နှိုးဆော်တယ် ထင်မှားသော နာမ်သဘောကို ခန္ဓာ၏အတွင်းမှ ခွဲဖျက်၍ရှာကြစမ်းပါ။ ဘာကိုတွေ့မှာလဲ၊ အနိစ္စလက္ခဏာမှတ်လိုက်။ ဒီနာမ်ဟာ ပုဂ္ဂိုလ် သတ္တဝါ ကျားမ ပျိုအို အရှင်းမဟုတ်ဘူးလို့ ဆင်ခြင်ကြ တိုင်ပင်ကြ။ သဘောပိုင်တဲ့ ခဏကစ၍ အနတ္တဉာဏ်ကို ရပြီမှတ်လိုက်။ အနတ္တဉာဏ်ကို ပြတ်သား ရှင်းလင်းကြည်လင်အောင် သဘောရထားလျှင် တမိုးအောက်တယောက်ဖြစ်ပြီလို့ ကွမ်းပစ်ပါ။ ရှေးရှေးသောဘဝအနန္တက ပြုပိုက်ခဲ့သော ဒုစရိုက်ကံ၏ အကြောင်းရင်းဖြစ်သော ငရဲကျဘို့ တိရစ္ဆာန် ပြန်၍ ဖြစ်ဘို့၊ ပြိတ္တာဘဝရောက်ဘို့ အသူရကာယ်ဖြစ်ဘို့အပါယ်လေးပါးတို့နဲ့ ကင်းပြတ်ပြီယောဂီ။ စိတ်ချ၍ သေရဲလော့။အာရုံကာမဂုဏ်တို့ကို မပြတ်လိုက်စားလိုသော တဏှာ ရှိပေမဲ့ အယူမှား ဒိဋ္ဌိမပါသော တဏှာသန့်သန့်ဖြင့်လို့ အားရအောင် သဘောကျ ခံစားလိုက ခံစားတော့ (**သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ-မိစ္ဆာဒိဋ္ဌိ**)အတူတူပါဘဲ။ယခုသာသနာ လောကမှာ သက္ကာယဒိဋ္ဌိကွာသော ဝိပဿနာတရား သန့်သန့်ကို လိုက်နာကြ ပရိသတ်တို့။ (ဝေဒနာ သညာမှ ကြွင်းသောစေတသိက် ၅၀-ကို သင်္ခါရက္ခန္ဓာခေါ်တယ်။စာသင်ဘူးသူက မေးလျှင် ဒါလောက်ပဲ ပြောပြ။)

၅။ စိတ်၈၉-ပါးကို စိတ်၁၂၁-ပါးကို ဝိညာဏက္ခန္ဓာလို့ စာယဲကဆိုပြီ။ ဒီလိုသိရုံနဲ့ ဝိပဿနာဉာဏ်မဖြစ်သေးဘူး။ အာရုံလိုက်ဘို့ကို နေ့ရောညဉ့်ပါ အခါခပ်သိမ်း စဉ်းစားခြင်း၊ တွေးကြံခြင်း နာမ်ကို ဝိညာဏက္ခန္ဓာ ဟူ၍ သိထားပါ။ ဆင်ခြင်နည်းမှာ ဒီဝိညာဏက္ခန္ဓာ ခေါ်သော နာမ်ဟာ ပုဂ္ဂိုလ်လဲ မဟုတ်၊ အသက်လဲ မဟုတ်၊ ငါ သူတပါး, ယောကျ်ား, မိန်းမရယ်လို့ ရှာဖွေ စမ်းသပ်လို့လဲ မရပါကလား။ ဒီ ဝိညာဏ်နာမ်သည် ရှိတယ် ဆိုရရုံမျှ ပါကလား။ ပရမတ် သဘောတရားပါကလား။ အမြဲတန်း ပေါ်လိုက်, ပျောက်လိုက် ဖြစ်နေသော နာမ်ကို ပညတ်တင်စား၍ ငါကြံစည်ဒါ, ငါက ကြံစည် လိုက်ထာ၊ ဒီလို ထင်လုံးကြီးသော သက္ကာယဒိဋ္ဌိဟာ အန္ဓဗာလတို့ရဲ့ အထင်မှားချက် ဖြစ်တယ်။ ဒီ ဝိညာဏ်နာမ်ကို ပျက်ပျက်နေသောအနိစ္စ၊ ပေါ်၍-ပေါ်၍ ဖြစ်လာသော ဒုက္ခ၊ ယောကျ်ား မိန်းမ ဇီဝအသက် ဘာတခုကမှ ဖြည့်စွက်လို့ မရသဖြင့် အနတ္တသဘော ပါကလားလို့ သိလျှင် အပါယ်လေးပါးသို့ မကျဘူးလို့ စိတ်ချမှတ်ကြ။

## အရိယာဖြစ်ဘို့ ဆင်ခြင်ပါ။

| | | | |
|---|---|---|---|
| ၁။ | ရူ | ရုပ်ခန္ဓာ | ရေမြှုပ်။ |
| ၂။ | ဝေ | နာမ်ခန္ဓာ | ရေပွက်။ |
| ၃။ | သင် | နာမ်ခန္ဓာ | တံလျှပ်။ |
| ၄။ | ခါ | နာမ်ခန္ဓာ | ငှက်ပျောတုံး။ |
| ၅။ | ဝိဉ် | နာမ်ခန္ဓာ | မျက်လှည့်ဆရာ။ |

## ရူပက္ခန္ဓာနဲ့ ရေမြှုပ်-မိမိခန္ဓာရုပ်။

၁-နံပါတ်၌ ဥပမာနဲ့ ယောဂီရှင်၏ ခန္ဓာနဲ့ဟပ်၍ တထပ်ထည်း တွေးကြည့်ပါ။ အန္တဗာလတွေ ယောကျ်ားထင်သော ရုပ်စု၊ မိန်းမ တကဲယ်ယူထားသော ရုပ်ပျက်ကြီးဟာ ရေမြှုပ်နဲ့တူတယ်။ရေမြှုပ်ဟာမြေကြီးကုန်းပေါ်မှာ မဖြစ်နိုင်၊ မြစ်, ချောင်း, ရေပြင်တို့မှာသာ ရှိတယ်။ ရေမြှုပ်ကြီး, ရေမြှုပ်ငယ် အစားစား ရှိဒါလို ကိုယ်ခန္ဓာရုပ်လဲ အကြီး,အငယ် အစားစားမှတ်။ ရေမြှုပ်ဖြစ်ထာ ရေကြည်ကြည်သန့်သန့်က မဖြစ်နိုင်၊ စဉ်းစားဘတ်၊ ရေနောက်, ရေညှိ, ရေပြစ်, မသန့်သော ရေတွေထဲကအညစ်တွေစုပေါင်းပြီးခေတ္တမျှရေမြှုပ်ဖြစ်တယ်ယောဂီ။ ခန္ဓာမှာ ပြန်ကြည့်လိုက်ပါ။ ဒီကိုယ်ရုပ် အစုအပေါင်းဟာ မူလပဌမ ဘာက ဖြစ်သလဲ၊ အမိ၏ဝမ်းဗိုက်, သားအိမ်တွင်းက သွေးရည်ကြည်ကြည်က မဖြစ်ပါဘူး။ **(ကလ လ ရေကြည်)**ခေါ်ကြပါတယ်။ ဒီရေဟာ တကယ် ကြည်ဘို့ ခက်ပါတယ်။ သွေးပုပ်,သွေးညစ်တွေ စုဆောင်းပြီး၊ ခေတ္တမျှ ယခုအထိ အဆိုင်အခဲ ဖြစ်ရဒါပါဘဲ။ **(ဒီခန္ဓာ ရေမြှုပ်မှတ်။)** ရေမြှုပ်သည် အနှစ်မရှိ-မခိုင်မာ၊ ဒီခန္ဓာထဲမှာကော သံတို,သံစ ပါသလား၊ တွေးဘတ်။ ။ရေမြှုပ်သည် ဘာနဲ့မှ အထိမခံနိုင်၊ အပျက်လွယ်တယ်။ လှေတိုး,လေတိုး,လှော်တက်,ခပ်တက်,ထိုးဝါး စသည်တို့နဲ့ ထိခိုက်မိသော် ချက်ခြင်းပျက်၊ လက်နဲ့ထိလဲ ပျက်ပျောက်၊ ဘာနဲ့မှ မထိမခိုက်ဘဲလဲ သူ့အလိုလို ပျက်ပျောက်၊ **ရေထဲက ရေခဲဟာ ရေဘဲ၊** ဒီခန္ဓာဟာ ဓားနဲ့,ဒုတ်နဲ့,သေနတ်နဲ့ စသည်ဖြင့် ထိခိုက်ရင်ပျက်၊ နှာခေါင်း ၂-ဘက်ကို ဆို့ပိတ်ထားရင် သေတယ်။ ရေထဲမြုပ်သေ၊ ဖျားသေ၊ နာလဲသေ၊ ထမင်းမစား, ရေမသောက်ဘဲနေသေ၊ စားသောက်နေရင်းလဲ သေဒါဘဲ။ ဘသူက ဘယ်လိုမှ မလုပ်နဲ့၊ သူ့ဘာသာနေ သေလိုက်၊ ရေညှိကဖြစ်တဲ့ ရေမြှုပ် ရေထဲမှာဘဲ ပျက်ပြုသလို၊ သွေးညှိ, သွေးညစ်ကဖြစ်တဲ့ သွေးရုပ်၊ သွေးထဲမှာပင် ပျက်ပျက်နေတယ်။ မြင်အောင်ကြည့်၊ ရှုံအောင်တွေး၊ ကိုယ့်ဉာဏ်ကမေး၊ ကိုယ့်ခန္ဓာက ဟုတ်သလောက် အဖြေ ပေးမယ် ယောဂီ။ (မကြေသေးလျှင် ဆရာ့ထံလာခဲ့)။ ။ရူပံအနိစ္စံ-ရူပံဒုက္ခံ-ရူပံအနတ္တာ။

## ဝေဒန ကန္ဒာနဲ့ ရေပွက်—နာမ်သက်သက်။

နံပါတ်-၂။ ခန္ဓာသည် ရေပွက်နဲ့ ဥပမာ တူတယ်။ ရေပွက်တို့ မည်သည် ရေထဲမှာသာရှိတယ်။ မြေပေါ်၌မရှိ၊ ဝဲသြဃ ခေါ်သော ရေပွက်ကြီး, ရေပွက် အလတ်, အငယ် ဗလုံစီနေအောင် ထကြွသော ရေပွက်၊ ခွက်-ခွက်မျိုးစုံတို့ကို မြင်ဘူးကြသားဘဲ။ အဲဒီရေပွက်တွေကို လိုက်ဖမ်းကြစမ်း၊ လက်ခုပ်နဲ့,လက်ညှိုးနဲ့ ထိကြည့်စမ်း၊ ခွက်တခုခုနဲ့ ဖြစ်စေ၊ ရေထဲကရေပွက်ကို ကော်၍ခပ်ယူပြစမ်းပါ။ ရေပွက်ခွက်ခွက် မြင်ရတယ်၊ လက်နဲ့ ဖမ်းပါ။ ရေပွက်ကို မထိမိ၊ လက်ထဲမှာ ရေစိုစိုဘဲ ခဏမြင်ရတယ်၊ လက်မှာ စိုစိုဘဲတွေ့ရမယ်ယောဂီ။ မိမိခံစားဘူးခဲ့သော အာရုံတွေကို ပြန်စဉ်းစား။ ကိုင်း-ဖမ်းစမ်း။ ကောင်းတယ် ဆိုဒါက စိတ်ထဲမှာ ရှိတယ်၊ စိတ်ထဲမှာ ကောင်းဒါကို လက်နဲ့ ကိုင်ဖမ်းပြပါ။ ရေပွက် ခွက်ခွက်, ဝိုင်းဝိုင်းကို ရေပြင်ထဲမှာ တကယ်မျက်စိနဲ့ မြင်ဒါမှန်တယ်။ အဲဒီ ရေပွက်ခွက်ခွက် ဝိုင်းဝိုင်းကို လက်တွေ့ကိုင်ဖမ်း၍ ရရဲ့လား။ မရမှန်းသိလျှင် တရားနဲ့ နှီးဘီမှတ်၊ **(ရေပွက်လား၊ ရေဘဲလား။)**ခံစားတဲ့ အာရုံကောင်းဒါအမှန်လား၊ထင်မှုလား၊ အာရုံတို့ကိုနေ့စဉ်ခံစားလျက် ပျော်မွေ့ကြသော အန္ဓဗာလတို့သည် ရေပြင်ထဲက ရေပွက်ကို လက်နဲ့ဖမ်းသော အရူးကဲ့သို့ ပုဒ်ပြတ်မှတ်။

---

## ဝေဒနာ ရေပွက် ၅—ချက်ရှင်းမယ်။

၁။ မျက်စိထဲမှာ ချစ်ကြိုက်စရာ အဆင်းအာရုံ မျိုးစုံသော ရေပွက်တွေကို ပြန်ရှာပါ။ ရှိရဲ့လား။ မရှိမှန်းသိလျှင် နောက်ထပ် အဆင်းအာရုံ ကောင်းကို ခံစားလျှင် ပွဲ, ဘိုင်စကုတ်, ရီးစား အာရုံနဲ့ ရင်ဆိုင်တွေ့သော်၊ ငါတော့ ရေပွက်ကို ဖမ်းရပြန်ပြီလို့ အသင်ယောဂီ သတိရလျှင် အနဲဆုံး ကလျာဏမှတ်။ ဘာတခုကမှ မျက်စိထဲမှာ မရှိပါကလားလို့ ပိုင်ပိုင် သဘောကျလျှင် သောတာ ပန် မှတ်ပါ။

၂။ သီချင်းဆိုသံ၊ ခေတ်စက်သံ၊ ရေဒီယိုအသံ၊ မိမိ အာရုံပြုတဲ့ အသံ ရေပွက်တို့ကိုလဲ ယောဂီ၏ နားထဲမှာ နဖါကလော်နဲ့ ဇတ္တာအောင် လိုက်ဖမ်း ကြပါ။ နားစွဲဝေဒနာ အာရုံခံ ကောင်းတယ် ယူလျှင် အတ္တာမှတ်။ ရေပွက် အစစ် ကေန်ဘဲလို့ ယူနိုင်လျှင် အနတ္တာမှတ်။

၃။ ဂန္ဓာရုံ၊ ရေမွှေး, နံ့သာမျိုးစုံ မိမိနှစ်သက်သော အနံ့ အာရုံ ရေပွက် တို့ကိုလဲ နှာခေါင်းအဝ, အတွင်းတို့၌ လက်ညှိုးဖြင့်ကော်၍ နှပ်ကိုညှစ်၍ ရှာကြ စမ်းပါ။အာရုံကို ရေပွက်ကဲ့သို့သော တကယ်လက်နဲ့ဖမ်းလို့ ထိလို့ မရပါကလား

လို့ ယခု သာသနာနှစ် သက္ကရာဇ် ၂၅၀၀ အကျော်မှာ တရားရှင် အဖြစ်သို့ အသင် ယောဂီဝင်လိုက်စမ်းပါ။ တရားမရဘဲ သေရမှာ ရှက်စမ်းပါ။

၄။ ရသာရုံ၊ ဝက်သား, ကြက်သား, ဆိတ်သား စသော လျှာနဲ့ ခံစားကြသော အာရုံ ရေပွက်ကြီး ယော်တိုလဲ နံနက်မိုးလင်းတိုင်း လျှာကို ကော်ပြား ငွေပြား စသည်တို့နှင့် ခြစ်၍ ပစ်ကြရာ ခံစားဘူးသမျှ ဝေဒနာကောင်း ဇိမ်တို့ကို တွေ့ကြရဲ့လား၊ လျှာကို ထုတ်ပြီး မှန်ထဲမှာ ကြည့်ရှာ။ **ဗလာ-သုည အနတ္တ အစစ်ဟူ၍** သိပိုင်သော ရေပွက်မတွေ့၊ **ရေဘဲတွေ့တဲ့သူနဲ့** အစစ်ခံချက် တူသမျှ ယောဂီ လူဖြစ်ကျိုး နပ်ပါပြီ၊ သေပျော်ပါပြီ။ ဝမ်းမြောက်တော့။ (လူသေဒါ အကောင်းသတ်လို့။)

၅။ ကိုယ်ကာယနဲ့ ထိဘူး, တွေ့ဘူးကြသော ဖောဋ္ဌဗ္ဗ ခေါ်သော အာရုံ ရေပွက်တွေဟာ နူးနူးညံ့ညံ့ ချောချောမွတ်မွတ် ဖြစ်သော ကော်ဇော မွေ့ရာ ကတ္တီပါ ဖွဲ့, လေ ခေါင်းအုံး, မော်တော်ကားဖုံ့ ကုလားထိုင်ဖုံစသော မိမိတို့ အကြိုက်ဆုံး အတွေ့အာရုံ ကာမဂုဏ် ရေပွက်တို့ကို တွေးကြ၊ တိုင်ပင်ကြ၊ ဆွေးနွေးကြ သဘောတူ ယောဂီတို့နဲ့ ၂-ယောက်ချင်း ဘာသာပြန် ပြောကြတော့။ စသုံး စကားတွေနဲ့ ရှုပ်မနေနဲ့ (**အငွေ့-အရှေ-မဆက်၊ အတွေ့လဲ-ရေပွက်၊**) မသိ-အန္ဓ၊ သိ-ကလျာဏ မှတ်လိုက်။

ဝေဒနံ အနိစ္စံ-ဝေဒနံ ဒုက္ခံ-ဝေဒနံအနတ္တံ။

---

## သညက္ခန္ဓာနဲ့တံလျှပ်–နာမ်သဘာဝမှတ်။

နံပါတ်-၁။ ခန္ဓာ၌ ဝိပဿနာဉာဏ် ရှာ၍ စစ်မယ်။ တရားနာရင် တရားကို မှက်ကြ၊ တွေးကြရအောင် နာယူကြ၊ လူကြီး မိဘများကို ပြန်ပြောကြ။ ဒီလို တရားမျိုးကို ကြားနာရလျှင် ငါတော့ အပါယ် မကျတော့ဘူးလို့ စိတ်ချယုံကြည်ကြ။ အလကား အကျိုးမဲ့ တရားတွေကို တရား အစစ်ထင်ပြီး နာခဲ့ကြရဒါများပြီမှတ်။ နားထောင်၊ တံလျှပ်ဆိုဒါ ရှေးက ခေါ်တဲ့စကား၊ ယခုခေတ်၌ နွေရာသီ အလွန် ပူပြင်းတဲ့ အခါမှာ သဲသောင်ပြင်မှာ ဖြစ်စေ၊ ကွင်းပြင် ထည်းထည်းမှာဖြစ်စေ၊ နေပူတဲ့အရှိန်တွေ ထကြွပြီး အခိုးအလျှံ တလူလူဖြစ်နေတယ်။အဲဒီ နေအရှိန်တွေကို ရှေးက တံလျှပ်လို့ ခေါ်တယ်မှတ်ကြ။ခံစားဘူးကြသော အာရုံတွေကောင်းဒါကို မှတ်ထားကြသော သညာ၊ အာရုံခံစားဘူးဒါကို မမေ့မပျောက်နိုင်တဲ့ သညာ၊ တွေ့ကြုံခံစားဘူးလို့ အိမ်မပျော် စားမဝင်အောင်

သတိရလို့ရလို့ချည်းနေတဲ့(**အတ္တသညာ**) အဲဒီကဲ့သို့ ဘာတခုကမှ ပြစရာ ရှာမရတဲ့ အာရုံ မီးခိုးကို စွဲစွဲမြဲမြဲ မှတ်ပုံ တင်ထားခြင်းကို တံလျှပ် နေအလျှင်နဲ့ တသွင်ထဲတူကယ် ယောဂီတို့။

---

## အန္ဓဗာလရွှေသမင်—အယူသန်ပုံ။

အကြိုက်အာရုံ ကာမဂုဏ်ခံစားဘူးဒါတွေကို မှတ်ဘူးခဲ့ပြီ။ မှတ်၍ ထားဆဲ မှတ်သားရမဲ့ အာရုံတွေ ရှာဘွေစမ်းသပ်၍ မရသော မှတ်ပုံတင် စာချုပ်တွေနဲ့ အန္ဓဗာလတို့က ပျော်မွေ့၍ နေရဲ ကြ၏မှတ်။ **ရွှေသမင်ဟာ နေအလျှင်ကို ရေထင်၍ ပြေးသောက်၊ ရေယူလို့မရ၊ နေပူကိုသာရမြီး-ရှင်ကွဲနာကျလို့** သေနေရသလို၊ အန္ဓဗာလ ပုထုဇန်အရူးတို့သည် အမှတ်အစွဲနဲ့ဒလစပ်ငရဲသို့ ကျရောက်ကြကုန်၏။ စာဘတ်မလောနဲ့။

---

## ရှင်းပြမယ်-ရှုပ်မဘတ်နဲ့။

၁။ အနိစ္စအစစ်-ကာမဂုဏ်နေပူကို ရေအယူရှိတဲ့ အန္ဓ။

၂။ ဒုက္ခဘေးအစစ်-ကာမဂုဏ်နေအလျှင်ကို ရေထင်တဲ့ ဗာလ။

၃။ အနတ္တသက်သက်-ကာမဂုဏ်နေရှိန်ကို ရေဇိမ်ထင်တဲ့ ဥမ္မတ္တက။

၄။ အသုဘကာမဂုဏ်-အစစ်နေလျှင်ကို-မြစ်ရေထင်တဲ့ အစက္ခုက။

## နွားထောင်—ရွှေသမင်နဲ့ တံလျှပ်။

မိုးလာဘို အချိန်မမှန်သမျှ ဂိမ္ဟန္တ တန်ကူးလ နွေရာသီ။ ပူအိုက်တဲ့ နေလာဘီ။ သတ္တဝါ ခပ်သိမ်းတို့ ရေဆာသည် ယောဂီတို့။ ဥပမာကို ကျကျနန နွားထောင်၊ သစ်ရွက်တွေ ကြွေကျတဲ့ နွေလအခါ ရေချိုးပြီး ချွေးထွက်၊ လူတွေလဲ အနေခက်၊ အလိုလိုနေရင်း ခွေးတွေက လျှာထွက်။ အေးစက်သော သစ်ရိပ်-အိမ်ရိပ် စသည့်တို့ကို ခိုကပ်၍ နေကြရတယ်။ လူတွေက နေသာကြတယ်။ မိန်နဲ့မိဿ, ပြိဿသို့ဝင်စ ခါသမယမှာ အချို့ အရပ်များ၌ ရေကန်, ရေဘွင်းတွေ ရေခန်းကုန်တယ်။ နေရှိန်ပူပြင်း ကုန်းကျဉ်းဟူသမျှ ဘယ်ဒေသမဆို မသက်သာကြဘူး။ ကွင်းပြင်လယ်ခေါင် သဲသောင်ဌာနတို့၌ နေရှိန်တံလျှပ်တွေကလဲ တဖျပ်ဖျပ် အခိုးတလူလူနဲ့ အမျိုးမျိုးပူပြီး ထကြွကြတယ်မှတ်။

သစ်ရွက်ကြွေကျ တောင်ပေါ်၌ ပျော်မွေ့ကျက်စားကြသော ကျား, ဆင့်, ဝက်တို့ထက် အသည်းနုသော သမင်ကလေးများမှာ မှီခိုစရာ သစ်ရိပ် သစ်ရွက်

မရှိ၊ ရေငတ်အနေကြပ် တောင်ပြေး, မြောက်ပြေး, ပြေးတိုင်းမော၊ နားတိုင်းမသက်သာ၊ ရေရှာလို့မရဘူး။ (**မိမိကိုယ် မိမိတွေးဘတ်**) တောင်ပေါ်ကနေပြီးတော့ မြင်ပုံ။ တိရစ္ဆာန် ရွှေသမင်က ကွင်းပြင်က နေအလျှင်ကို ရေထင်နေတဲ့ ယောဂီတို့။ တောင်ပေါ်က တအားကုန်အောင် လွှားခုန်၍ ပြေးတော့မဲ့ဟန်, အားယူနေတယ်။ (သိတဲ့လူကတော့ ကေန်ရေမဟုတ်ဘူး ပုဒ်ဖြတ်မှတ်။ သတ္တဝါကို ထင်လုံးသတ်။)

ပရိသတ်တွေ ခုနေအခါ စကားပြော လက်မခံကြနဲ့၊ ဆရာပြောဒါကိုသာ နားထဲထည့်ကြ။ အပြင်ပူ, ရင်ပူ, လျှာထွက်နေတဲ့ ရွှေသမင်ဟာ နေအလျှင်ကို ရေထင်လို့ လယ်ကွင်းပြင် အဝေးခရီးသို့ တအားခုန်ဝါ ပြေးပြီးသောက်ရင်-ရင်ကွဲသေရမယ် မုချမှတ်။ ဘာပြုလို့, အထင်လွဲလို့, မောလို့, မိုက်လို့, ရေငတ်အားကြီးလို့မှတ်။

**ဒီမှာကြည့်စမ်း။**

အန္ဓလင်မယား, သို့မ်ိး, သားနဲ့ စီးပွါးတွေကို...

**အန္ဓဗာလ တိရစ္ဆာန်သမင် အထင်မှားပုံ။** ရုပ်အစုကို သူဌေးထင်တယ်၊ ရုပ်အသုဘကို သူဌေးကတော် ထင်တယ်။ မင်း, မင်း မိဖုရား, မင်းကတော် ထင်ပြီး ခွဲဆို့၍ သေကြရတယ်။ (**ရေမဟုတ် နေ**)၊ ယောကျာ်း-မိန်းမ အရှင်းမဟုတ်။ ရုပ်ပျက်စုမှတ်လိုက်။ ရုပ်တုံးရုပ်ခဲတို့ကို လင်ဘဲ, မယားဘဲ, သားသမီးဘဲ, မြေး, မြစ်ဘဲဟူ၍ ထင်ရာမှတ်ပြီး သညာတတ်ကြတဲ့ ယောဂီတို့။ **ရွှေသမင်တိရစ္ဆာန်၏ မှတ်ပုံတင်ချက်ဟာ နေအလျှင်ကို ရေထင်နေလို့ ခက်ထာဘဲ။** အန္ဓဗာလတို့မှာလဲ အဋ္ဌကလာပ်ရုပ် ၈-စုကို အဟုတ်လူအစစ် အမှန်ဘဲလို့ သက္ကာယဒိဋ္ဌိ ဒြပ်ဂုဏ်နဲ့ မှတ်ပုံတင်ပြီး စွဲချက်နာပါကလားလို့ ဆင်ခြင် စဉ်းစား ဝေဘန်ကြ။

> ကောင်းတယ် ထင်လုံးနဲ့ အာရုံကာမဂုဏ်နေပူတို့ကို ရေဟူ၍ သူရဲဖမ်းသကဲ့သို့ အမြဲကန်းလို့ စွဲလမ်းကြသော အန္ဓ, ဗာလ, ဥမ္မတ္တက, အစက္ခုက-တို့ကား၊ သက္ကာယဒိဋ္ဌိ မကွာသမျှ လောကီသုခနှင့် နေရေးတွေဟာ သေဘေးအစစ် ဖြစ်တယ်။ နေ့စဉ်ရက်ဆက် ပျော်မွေ့ကြတိုင်း ရင်တွင်းမှာ အရှင်းရေအေး မဝင်မရောက်၊ အပူရှိန် အပူခိုးတွေ ဂလူလူ တထောင်းထောင်းထွက်လျက် ထွက်သော်လဲ မကုန်ဘဲ စုတိစိတ်ကျသော်လဲ ရင်တွင်း တဏှာပူနဲ့ ငရဲမီးပူတို့ မီးနဲ့ မီးချင်း ကူးစပ် ပြန့်ပွါးပြီး ထွက်ပေါက် မရှာနိုင်ကြသည်ကို သံဝေဂ ကြီးစွာ ရကြလေကုန်။
>
> (ရွှေသမင်ဟာ ဘယ်သူလဲလို့ စာအုပ်ချတွေးပါ။)
>
> သည့် အနိစ္စ-သည့်ဒုက္ခ-သည့်အနတ္တ။

## သင်္ခါရက္ခန္ဓာနဲ့ ငှက်ပျောတုံး။

ငှက်ပျောတုံးနဲ့ နာမ်ခန္ဓာ ဥပမာပြ၍ ဘုရားဟောတယ်။ ရှေးက လူကြီးတွေ ပြောသံကြားရပုံက လူသေကောင် ရုပ်ကြီးနဲ့ နှိုင်းယှဉ်ကြတယ်။ မသာအိမ်သို့ ရောက်လျှင် ရှေးကသုံးကြပုံ၊ သြော်- ယခုနေတော့ ငှက်ပျောတုံး, လက်ပံတုံး ကဲ့သို့ ဘာမှ အသုံး မကျတော့ဘူးလို့ ညည်းကြတယ်။ အဲဒီ အယူ မှားတယ် ယောဂီ။ ငှက်ပျောတုံးနဲ့ လူသေကောင်ရုပ်တုံးနဲ့ ဥပမာမပြကြနဲ့၊ သင်္ခါရက္ခန္ဓာနဲ့ ပြကြရမယ်။ ငှက်ပျောတုံးကို အိမ်ဆောက်ချင်တယ်။ တိုင်, ပေါင်းကွတ်, ခါးပန်း ယက်မ, ထုတ်, အမိုးအကာ စသည်ဖြင့် လုပ်သော် ဖြစ်ပမလား၊ မဖြစ်ဘူး ဘာပြုလို့၊ မခိုင်မာလို့ အနှစ်မရှိလို့ သံစွဲလို့မဖြစ်၊ သူ့အလိုလိုပင် နွမ်းဖတ်ပျော့ အိသွားဒါဘဲ၊ ငှက်ပျောတုံးကို တတောင်ခန့် အရင်းအဖျားဖြတ်။ ထိပ်တဲ့တဲ့က ကြည့်၊ တထပ်စီခွါစမ်း။

## တရားနာတယ်ဆိုဒါ နားလည်မှ-မလည်မရဘူးမှတ်။

အပေါ်ဆုံး အထပ်က အမာဆုံး။ အတွင်း အထပ်ရောက်လျှင် တထပ်ထက် တထပ် ပျော့လာဘိ။ အတွင်းဆုံးကျတော့ နုနုဖတ်ဖတ်ရှိတယ်။ လက်တွေ့ ဥပမာ ပြောမယ်၊ တရားနာသူတွေ နားရှင်းရမယ်။ တရားလဲ လင်းရမယ်။ အများ မငြင်းရအောင် ဆရာကြီး မသေခင်၊ အင်မတန် ခဲယဉ်းတယ်လို့ အားရွော့ ထားကြတဲ့ သောတာပန်ရဲ့ဉာဏ်ကို လွယ်လွယ်နဲ့ ရစေရန် ဆင်ခြင်တတ်ဘို့ ဟောခဲ့မယ်၊ ရေးခဲ့မယ်။

> သင်္ခါရက္ခန္ဓာရဲ့ ဘာသာပြန် လုပြိန်း ဘယ်လို မှတ်ရမှာလဲ၊ တိုက်တွန်းခြင်း၊ နှိုးဆော်ပေးခြင်း၊ အားပေးခြင်း၊ အားယူ ထားခြင်း၊ အားစိုက်တယ်၊ လို့လ ပြုတယ် လှုံ့ဆော်တယ်။ ကြိုးစားမဟဲ့၊ ရှာလိုက် မဟဲ့-စသည်ဖြင့် စိတ်အား မရှော့ဘဲ မတန့်မနားနိုင်ဘဲ စိတ်မာန် စွယ် ထောင်လျက် စိတ်ဒါးတောင်းကျိုက် မဖြုတ်တဲ့ သဘောကိုမှတ်။ အတိုချုပ် စကားကလေးကို မှတ်သွားကြ။ **(ထပ်ခါ ထပ်ခါ သင်္ခါ-ရက္ခန္ဓာ။)**

## ဆရာ၏တပည့် ကိုညိုရဲ့ အကြောင်း။

(စာဘတ်ထာ ပွစိ ပွစိနဲ့) ဘတ်ရင် ကျယ်ကျယ်ဘတ်၊ တိုးတိုး မလုပ်နဲ့၊ ဆီမန်း မန်းဒါ မဟုတ်ဘူး။ ဆရာ့ တပည့် ကိုညို အသက် ၆၆-နှစ် ကျမှ သေတယ်။ မယား ၉-ယောက်ရသွားတယ်။ မှတ်ကရော့။ ခလေးတွေက ၂၀-

လောက်ရှိတယ်။ ဘယ်လိုရပုံလဲ ၁၇-နှစ်သားက စပြီး မယားတ ယောက်ရတယ် ၂-နှစ်သာ ပေါင်းရ သေ။ အသက် ၂၀-ကျတော့ တယောက် ယူပြန်တယ်။ ၃-နှစ်ပေါင်း သဘောချင်း မကိုက်လို့ ကွာတယ်။ ၂၅-နှစ်မှာ အိမ်နီးချင်း ခေတ်သိကိုယူတယ်။ ရိုးသားဖြောင့်မတ်တယ်။ ၅ နှစ် ကြာတော့ လင်ငယ်ယူ သွားဘီ။(နောင်-ထပ်ယူလိုက်မဟဲ့၊) အဲဒါ သင်္ခါရက္ခန္ဓာ မှတ်လိုက်။ **မြတ်စွာ ဘုရားက ငါ့သား ငှက်ပျောဖတ်ကို ခွါဒါ ၃-ထပ်ရှိပြီဟဲ့ မောင်ရဲ့ ငါ့သား မောမယ် အနှစ်တွေ့မယ်ထင်သလား၊** ဒီလို ဘုရားဟောပေမဲ့ အန္ဓနားကြောမှာ မထိဘူး။ အသက်ငယ်တယ် ငှက်ပျောဖတ်ကို ခွါနိုင် သေးတယ်။ ၃၀-ရောက် သက်မှာယူဘီဟော့ မိန်းမ၊ ယူပြန်ပလား ယူဘာဖြစ်သလဲ၊အိမ်ထောင်မှု နားလည် တဲ့ မုဆိုးမဖြစ်တယ်။ ယောကျ်ား ၂-ဆက်ရဘူးခဲ့တယ်။ ရဘူးကော ဘာဖြစ်ရ မလဲ။ အဲဒီ မိန်းမက ၃-လင်ပြောင်းလာတော့ အိမ်ထောင်ပူကို နားလည်လွန်း တော့ စိတ်ပျက်နေတယ်။ စိတ်ကလဲ မကောင်းတော့ အလုပ် အကိုင် အချက် အပြုတ်လေးတယ်၊ ထိုင်းတယ်၊ ဟိုအိမ်လည် ဒီအိမ်လည်။ ကိုင်း ဒီလိုဆိုရှုပ်တယ် **(မောင်ညိုမိန်းမကွာပြန်ပြီဟော့။)**ရွာထဲမှာ နာမည်ကျော်ပြန်တယ်။

နောက်တခါ ၃၅-နှစ်ထဲရောက်စမှာ ရပြန်တယ်တယောက်၊ ဘယ်လိုမိန်းမ လဲ တခုလပ်၊အသက်ရွယ်တူ ခလေး ၂-ယောက်ပါတယ်။ပါပေစေ စိတ်သဘော ကောင်းတယ်၊ ရုပ်ချောတယ်၊ ခလေးတယောက်ဖွားပြီးခြင်း သေပြန်ပါရော၊ မောင်ညိုက တွေးတယ်၊ ငါတော့ မိန်းမသတ်တဲ့လူဘဲ တယ်ဆိုးတဲ့ ယောကျ်ား ဘဲလို့ သတင်းဖြစ်မှာဘဲ။ ဘယ်လိုဘဲဖြစ်ဖြစ် နောက်ထပ်ယူမှာဘဲ။ဘယ်တော့မှ မရှောင့်ဘူးမှတ်လိုက်။ ပါးစပ်က ဖွင့်မပြော စိတ်ထဲက သင်္ခါရက္ခန္ဓာရှဲသဘော ယောဂီ၊ **(မောင်ညိုကို အံ့သြသလား၊)** (တရားရအောင် စဉ်းစား။)

၃၅-နှစ်ကျမှ ညားတဲ့မယားနဲ့ စီးပွါးတက်တယ်။ မောင်ညို ပွလာပြီ။မောင် ညို မောင်ညိုနဲ့ ရွာထဲမှာ လိုချင်သူတွေ များတယ်။ စီးပွားလဲတက် မယားလဲ ပျက် ဘာ့ကြောင့် မောင်ညိုရှဲ ဆွေမျိုး တွေနဲ့ မတဲ့လို့ တရွာကလူကို ယူသွားပြန်တယ်။ အသက် ၄၀ ကျော်တော့ သီလရှင် လူထွက်နဲ့ ညားတယ်။ သူကလဲ လင်ရဘူးဒါ ၅-ယောက် ရှိပြီ။ တရားစကား စာစကား ကလေး တပြောပြောနဲ့ မောင်ညိုရှဲ သဘောကို လိုက်ပြီး ပေါင်းသင်းတတ်တယ်။ အဲဒီ သီလရှင် လူထွက်က အသက်၄၅-နှစ် ရှိတယ်။ သွေးဆုံးနာပါလာတယ်၊ အား ဗလနဲတယ်၊ ၂-နှစ်ကြာတော့သေပြန်တယ်။ မောင်ညို မျက်ရည်မစဲ ပူပွဲမျိုးစုံ တွေ့ရပြန်တယ်။

## ၄၅-နှစ်ကျတော့ မိန်းမထပ်ယူပုံ။

အဲဒီမိန်းမက အသက် ၅၀-ရှိတယ်။ မူလက သူကအပျိုကြီး၊ ၃-နှစ် ပေါင်းတယ်။ လူဝတ်နဲ့ မနေချင်၊ ခွင့်တောင်းပြီး သီလရှင် လုပ်သွားတယ်။ ကိုညို ကျန်ရစ်ပြီ ယောဂီတို့။ အသက် ၅၀-ရှိလာသော ဦးညို၊ တွေးဘိ။ ငါတော့ ယခုဘဝမှာ မိန်းမယူလို့ လက်စသတ်တော့မှာ မဟုတ်ဘူး။ မယူပြန်လဲဒုက္ခ၊ ယူပြန်လဲ ဒုက္ခပါကလား။ ဒုက္ခသိရက်နဲ့ ထပ်ယူမယ်။ ဘာဖြစ်ဖြစ်၊ **ဘုရားကဟော့မောင်**၊ မင့်အသက်နဲ့ တွက်ပါအုံးကွဲ့။ နေရက်နဲ့-သေဘက် မိန်းမတွေယူဘိုကိုချည်း လုံးပမ်းရတယ်။ အဲဒီ လုံးပမ်းမှု ကြိုးစားထားတဲ့အာရုံ ငှက်ပျောဖတ် ကာမဂုဏ် အတောမသတ်ထာ မောင်·ရိပ်မိရဲ့လားကွဲ့လို့၊ ဘုရားဟောတရားကို မောင်ညိုရဲ့ နားထဲ မဝင်ဘူး၊ ပုဒ်ပြတ်-ကိုယ်နဲ့ဟပ်။ ၅၀-အသက်ရောက်သောခါ·ယူတယ်မိန်းမ၊ အသက် ၃၀-အရွယ် ခပ်ငယ်ငယ်ဘဲ၊ တနှစ်သာကြာတယ်၊ ခလေး မီးမဖွါးနိုင်လို့ ဆုံးဘိ။

## အသက် ၆၀-ဦးညိုရဲ့လောက။

ဦးညိုမှာ မိန်းမ ၇-ယောက် ညားဘူးပြီ။ ငှက်ပျောဖတ် ခွါဘူးဒါ (၇)ထပ်ရှိပြီ။ တဖြေးဖြေး အတွင်းသား ခိုက်လေ-ပျော့ပျော့ တွေ့လေ၊ ဦးညိုကတော့ ထင်လုံး ရှော့မှာ မဟုတ်၊ **ဦးညိုရဲ့ သဒ္ဓါရက္ခန္ဓာ ခေါ်** အားထုတ်တဲ့၊ နာမ်လောကဓာတ်ဟာ အမှန် ငှက်ပျောဖတ်လို **ဝိပဿနာ ယောဂီတို့က** သရုပ်ကွဲကြစမ်းပါ။ ကိုယ့်ရောဂါလဲ ကိုယ်ပြန်တွေးကြ။ နားယောင်၊ အသက်-၆၀ဦးညိုရဲ့လောကကို ပြောပြမယ်။ ဦးညိုမှာ သမီးအိမ်ထောင်သည်,သားအိမ်ထောင်သည်, သား,သမီး,မြေး,မြစ်တွေကို အားကြီးစိတ်ညစ်လို့ အကြံထုတ်တယ်။ ငါ့မှာရှိတဲ့ ငွေ ၃၀၀၀-နဲ့ မယားယူအုံးမယ်။ ဒီတခါယူရင် အသက် ငယ်ငယ် ယူမယ်။ ဘာ့ကြောင့် ကြီးမှပေါင်းရတဲ့ မုဆိုးမ, တခုလပ်, တလင်ကွာ ဆိုဒါတွေက ငယ်လင်,ငယ်မယားကဲ့သို့ အချစ်မသန်ဘူး။ ငါကတော့ အသက်ကြီးပေမဲ့ ငွေနဲ့ မင်္ဂလာ တင်ဆောင်ယူမယ်။ အသက်ငယ်ဒါကိုရလျှင် သူက ငယ်ချစ်ဖြစ်ရမယ်။ အချို့က·ကွာ၊ အချို့က-သေွးဆုံးနာနဲ့ သေ၊ ထွက်ပြေး၊ သီလရှင်လုပ်သူကလုပ်၊ ရှုပ်တယ်-မိန်းမအငယ် ရှာမယ်။

---

## အတ္တကိလမထမှ—ကာမသုခသို့။

အဘိဓမ္မာ၊ နာမ်သဘာဝ ပေါ်လွင်ဘို့ ဟောပြ ရေးသားခြင်းကို သုတ္တန္တဘာဇနီနည်း မှတ်ကြ။ ခါးကိုင်း, နားထိုင်း, သွားရည်ကျ,သွားကျိုး, မျက်ဝတ်, မျက်ချေး မသုတ်သင်နိုင်သော ဦးညို။ ။သားသမီးတို့နဲ့နေရာတိုင်းမဖြစ်နိုင်ဘူး။

အယူသန်တဲ့ဦးညို။ ။ကျင်ကြီး,ကျင်ငယ်တစက်စက်ကျတဲ့ အရွယ်အိုဦးညို။ ။အနှစ်သာရရှိတာဘဲလို့ ထင်လုံးမရှော့၊ စိတ်မပျော့တဲ့ ဦးညို။ ။ပြောစမှတ်အခါခါ လောကဓာတ်ကမ္ဘာမှာ အတောမသတ် တဏှာနဲ့ **ငှက်ပျောဖတ်ခွါအုံးမဲ့—ဦးညို။** ရွာထဲမှာ လူရုပ်,လူညာ ဘိန်းစားတယောက် မောင်ခိုဆိုဒါကရှိတယ်။ အခြားလူတွေသိလျှင် ပြောင်ကြ, လှောင်ကြမှာ စိုးသဖြင့်၊ ဦးညိုကမောင်ခိုကို လက်ယပ်ခေါ် တိုးတိုးပြောတယ်။ အဘမှာ ငွေ ၃၀၀ိ ရှိတယ်၊ မိန်းမလိုချင်တယ်။ အသက် ၂၀-၂၅-နှစ်ထက်မကြီးစေနဲ့,ရအောင်ရှာ၊မင်းလဲကျေးဇူးရှိရမယ်၊ သူများတွေ မသိစေနဲ့ ပြောတယ်။ မောင်ခိုက ရွာထဲမှာ နာမည်ပျက်မိန်းမပျို အသက် ၂၀-ခန့် တယောက်ရှိတယ်၊ ဆင်းရဲတယ်။ အဲဒီမိန်းမကလေးကိုအဘိုးကြီးနဲ့ပေါင်းဘို့ နားချတယ်။ အပျိုငယ်က မလိုချင်၊ မောင်ခို့ရဲ့ဉာဏ်ကငွေ ၂၀ိ-ကို ယူထား။ ၂-ရက်, ၃-ရက်လောက် ပေါင်းပီးတော့ ထွက်ပြေးဒါပေါ့ ပြောတယ်။ အပျိုငယ်က သဘောကျပြီး ယူတယ်။

---

## ဦးညို မြွေပါလဲဆုံး—သားလဲဆုံး။

ဆင်းရဲပြီး နာမည်ပျက်သော အပျိုငယ်က မောင်ခို့ရဲ့ ပြောသမျှသဘောကျလို့ယူမယ် ဝန်ခံလိုက်တယ်။ မောင်ခိုက ဦးညိုထံမှ ငွေ ၃၀ိ-ကို ယူတယ်။ ခလေးမကို ၁၀ိ-ပေး၊ ငွေ ၂၀ိ ကို မောင်ခိုကယူပြီး ညားစေခိုင်းတယ်။ ဦးညိုအသက် ၆၀-ကျော်တယ်။ မိန်းမပေါင်း ၉-ဆက်ရှိတယ်။ ၉-နံပါတ် မိန်းမကိုအစစမှီခိုဘို့၊ ဝတ်ကြီး,ဝတ်ငယ် ပြုစုစေဘို့ ကိုယ်ကြိုက်မို့ အလို လိုက်ရပြန်တယ်။ ရွာထဲက လူကြီးတွေက ပြုံးကြတယ်၊ သားသမီးတွေကလဲ မျက်နှာထားခက်ကြတယ်။ ပဌမ ရောက်လာစမှာ ကြည်ဖြူစွာ ဦးညိုကို ပြုစုတယ်။ အစစအိပ်ရာနေရာ ကိစ္စအဝဝတို့ကို ဝတ္တရားကျေစွာ ဆောင်ရွက်တယ်။ ဦးညိုကလဲသမီးတပိုင်း,မယားတပိုင်း သဘောထားပါတယ်။ မိန်းမပျိုကလေးက အဘိုးအိုကိုခင်မက်လို့ မလှဲသာဘဲ အောင့်ပြီးပေါင်းသင်းရတယ်။ မပျော်ဘူး၊ ၃-ရက်အကြာညအခါ ထွက်ပြေးဘီ။ ဦးညိုမှာ ငွေ-၃၀ိလဲကုန်၊ မိန်းမလဲ မရှိ၊ **မြွေပါလဲဆုံးသားလဲဆုံးမှတ်။**

## သင်္ခါရက္ခန္ဓာနဲ့ ငှက်ပျောတုံး ရှင်းတမ်း။

သင်္ခါရက္ခန္ဓာကို စာစကားနဲ့သုံးလျှင် စေတနာ စေတသိက်ခေါ်တယ်။ ငယ်စဉ်ကစ-ယခုအထိ မိနစ်, နာရီ, ရက်·လ, နှစ်တို့ဖြင့် ထပ်ခါအားထုတ်သော လုံးပမ်းအားယူသော ကိုယ်စိတ်ပင်ပန်းမှုကို ကိုယ်တွေး

ပြီး၊သြော်-လောကဓာတ် ကမ္ဘာမှာ ပြောစမှတ် ရှာလိုက်တော့ အတော
မသတ် တဏှာကြောင့် ငှက်ပျောဖတ်ကို ခွါ၍-ခွါ၍ လာရလေခြင်းလို့
သဘောကျလျှင် အရိယာအစစ်မှတ်။

ငယ်စဉ်က စပြီး၊ အမှားရှုပ်သမျှ၊ မယားဒုက္ခအတွက် အမျိုးမျိုး, အဖုံဖုံ တွေ့ကြုံခဲ့ရသော စိတ်၏ဆင်းရဲခြင်း၊ **မြေပါလဲဆုံး၊ သားလဲဆုံး၊ အပူလုံးဆွဲ**—ယူကြုံးမရ ဖြစ်ရာက နာတာရှည် လူကြီးရောဂါနဲ့ဘဲ သေရှာရတယ်။ အဲဒါ·ဆရာ ကိုယ်တွေ့။ ဦးညိုရဲ့လောကမှတ်။

---

## ဦးညို၏ငှက်ပျောဖတ်–စာရင်းရှင်းမယ်။

၁။ ၁၇-နှစ်က-အားကောင်းတုံး-အပေါ် ထပ်။

၂။ ၂၀-နှစ်က-အရွယ်ရှိသေးတယ်-ဒုတိယ ထပ်။

၃။ ၂၅-နှစ်က ယူလက်စနဲ့-တတိယ ထပ်။

၄။ ၃၀-နှစ်က-နှမနဲ့မဖြစ်-စတုတ္ထ ထပ်။

၅။ ၃၅-နှစ်က-ယူမှဖြစ်မယ်-ပဥ္စမ ထပ်။

၆။ ၄၀-နှစ်က-ဘသူ့ကိုမှမရှက်ဘူး-ဆဋ္ဌမထပ်။

၇။ ၄၅-နှစ်က-ခါးတောင်းကျိုက်ပြ-သတ္တမ ထပ်။

၈။ ၅၀-နှစ်က-ကျွေးနိုင်ပါသေးတယ်-အဋ္ဌမ ထပ်။

၉။ ၆၀ ကျော်မှ-သွားစိပြတယ်-နဝမ ထပ်။

ဦးညိုကို လက်တွေ့ရှာနိုင်ရင်-အသင် ယောဂီ အရိယာ ဖြစ်ပြီ။

အတွင်းရောက်လေ–ပျော့လေ- တိုး၍-တိုး၍ မခိုင်မာသော ငှက်ပျောဖတ်ကို အားကုန် ယူ၍ ခြေကန်ပေး တအားခဲပြီး၊ဆွဲခွါဘိသကဲ့သို့၊ အားပေးချက်,နှိုးဆော်ချက် လုံးပမ်းသလောက် အနှစ်မရှိပုံကို ဝေဘန် တိုင်ပင်။

---

## သင်္ခါရက္ခန္ဓာနဲ့ ကာရက ဒိဋ္ဌိ။

တမယားပြီး တမယားထပ်ယူ၊ တလင်ပြီး တလင်ယူ၊ တအိမ်ပြီး တအိမ် ထပ်ဆောက်၊ တကျောင်းပြီး တကျောင်းထပ်ပြီးနေ၊ ခလေးတယောက်ရတယ်၊ ချစ်ရတယ်၊ ပြုစုရတယ်၊ နောက်တယောက် ရပြန်တယ်၊ ကျွေးမွေး သုတ်သင်ရ

ပြန်တယ်၊ အသက် ၄၀ ကျမှ ၅၀-ကျော်မှ ၇၀-ကျော်မှ စားမှု နေမှု လင်မှု မယားမှု ရွာပြောင်း ရပ်ပြောင်း အမျိုးမျိုး လူတွေနဲ့ မင်းတွေနဲ့ သူဌေးတွေနဲ့ စာရင်းငှား ကူလီတွေနဲ့ တွဲဘို့ လုံ့လ ပြုရပြန်တယ်။ ဆရာများကလဲ တပည့် ယောဂီတယောက်တိုးလာတယ်။ကြည်ညိုအောင် ဟောရတယ်။ နောက်ထပ် တပည့် အသစ်တွေ ရောက်လာတယ် လှူချင်အောင် ပြောရပြန်တယ်။ တပည့် ကလဲ ဒီဆရာတယောက်ကို လှူရတယ်။နောက်ဆရာကိုလဲလှူနိုင်အောင် အားထုတ် ရတယ်။(အဲဒါ ငှက်ပျောဖတ်ခွါ သင်္ခါရက္ခန္ဓာ။)

---

## ဒုက္ခကြီးအစစ်ဟူ၍ သင်္ခါရက္ခန္ဓာ၌သိ။

ငါလုပ်တယ်၊ ငါလုပ်မှ ဖြစ်တယ်၊ ငါမှသာ လုပ်နိုင်တယ်။ ငါ့တရား ဟောဘို့ အားထုတ်မယ်၊ ငါ့ကျမ်းရေးဘို့ ကြိုးစားမယ်၊ ငါ့ကို လူကြည်ညိုဘို့ ငါစီမံမယ်။ ငါ့ဘုန်ခိုးကြီးဘို့ ငါနှိုးဆော်မယ်-ယူသလား ယူတယ်၊ ယူရင် သင်္ခါရက္ခန္ဓာနဲ့ ကာရကဒိဋ္ဌိ မှတ်လိုက်။

သင်္ခါရာအနိစ္စာ-သင်္ခါရာဒုက္ခာ-သင်္ခါရာအနတ္တာ။

---

## ဝိညာဏက္ခန္ဓာနဲ့ မျက်လှဲ့။

နံပါတ် ၅-ဝိညာဏက္ခန္ဓာ၌ မျက်လှဲ့ဆရာ ဥပမာကို ဘယ်လို ရှင်းအောင် ဟောမလဲ ရေးမလဲ မေးစရာမလို။ ဒီမှာ မျက်လှဲ့ဆရာတို့၏ ပညာဆိုဒါ အရပ်သား လူပြိန်းများတို့ အပေါ်၌ လှဲ့ပတ်၍ ပြတတ်တယ်။ မျက်လှဲ့ပညာနဲ့ ထမင်း စားတယ်။ ပိုက်ဆံရှာပုံ ပညာတမျိုးဖြစ်တယ်။

## မျက်လှဲ့ဆရာက ဒီလိုလှဲ့ပြတယ်။

ဖေါ့ရုပ်, ကြေးရုပ်, ခဲရုပ်ကို ကစေခုန်စေခိုင်းတယ်၊ လူရှင်ကဲ့သို့ ကတတ်တယ်၊ ခုန်တတ်တယ်၊ လက်ပြောင်း လက်ကူးဖြင့် ပြောင်းလဲ၍ လက် ၂-ဘက်ဖြင့် ဆုပ်ထားတယ်။ လက်ဆုပ်တဘက်မှာ ကြေးပိုက်ဆံတပြား၊ တဘက် လက်ဆုပ်ထဲမှာ ငွေဒင်္ဂါး ၁-ကျပ် ကိုင်းကြည့်ကြ ကြည့်ကြ လက်ဆုပ် ၂ ဘက်ကို ဖြန့်ပြတယ်။ ၂-ဘက်စလုံး လက်ဝါးထဲမှာ ကြေးစေ့ တဘက်တစေ့ ဖြစ်တယ်။ နောက်တခါ ပြပြန်တော့ ပရိသတ်ရှေ့မှာ ကြေးစေ့တဘက်တစေ့ကိုပြပြီး ဆုပ်ထားတယ်။ တခါဖြန့်ပြလိုက်တော့ တဘက်က-သံပုရာသီးတလုံး၊တဘက်က ဘဲဥတလုံး ဖြစ်တယ်စသည်ဖြင့် တွေ့ဘူး မြင်ဘူးကြတဲ့ အတိုင်း ပြတတ်တယ်မှတ်။

အချို့ ပဉ္စလက် ခေါ် မျက်လှည့်ကြီး။ ဆရာကိုယ်တိုင် မန္တလေးမြို့ ဆိုင်းတန်း ဇာတ်ရုံကြီးထဲမှာ ကြည့်ဘူးတယ်၊ အံ့ဩဘွယ် ကောင်းသော ဂျပန် မျက်လှည့်ကြီး ဖြစ်တယ်။ အမျိုးမျိုး ပြပုံမှာ တယောက်က တယောက် ဥက္ကောင်းကို ထိပ်လယ်တဲ့တဲ့၌ လှံ နဲ့တအားထိုးလိုက်တယ်။ တယောက်ရဲခေါင်းမှာ စိုက်နေတယ်၊ လှံ ကိုနှုတ်တယ်။ သွေးတွေအားကြီးကျတယ်၊ ပရိသတ်တွေ သက်သေခံ ၂-ယောက် ဇာတ်ခုံပေါ် တက်ကြည့်စေခိုင်းတယ်။ တကယ်သွေးတွေ စီးကျနေတယ်။ သေလုသေခင် ဖြစ်လာတယ်။လူတယောက်က ထိုလူနာကို အဝတ်အုပ်၍ ရေလောင်းလိုက်တယ်။ အဝတ် အုပ်ထားကို ဖွင့်လိုက်တော့ ရေလဲမစို လူလဲ မသေ သွေးများလဲ အရှင်းမထွက်၊ ပကတိလူမာအတိုင်း က ခုန်လျက်နေတယ်။ လူကို လက်,ခြေတွေ ဖြတ်ပြတယ်။ သေအောင် သတ်ပြတယ်။လူသေကောင်ကို ရှင်အောင်လုပ်ပြတယ်။ တနည်း ၄-တောင် ခန့်လောက် အထက်သို့ တက်ကြွပြတယ် စသည်ဖြင့် ဉာဏ်ရှိသလောက် အရပ်သား လူပြိန်းများတို့၏ မျက်မြင် ထင်ရှား၌ပင် အထင်မှား အမြင်မှားအောင် လှည့်ပတ်၍ ပြတယ်မှတ်။

---

### ဝိညာဏ်မျက်လှည့်-ဒီပုံ ပြတယ်

**ဝိညာဏပစ္စယာ-နာမရူပံ၊**ဝိညာဏ်ကြောင့် နာမ်,ရုပ် ဖြစ်တယ်။ (**နာမ်, ရုပ် ဆိုဒါဘာလဲ**) ဝေါဟာရအနေနဲ့ ပြောလျှင် သတ္တဝါ ခေါ်တယ်။ နာမ်နဲ့ရုပ် မရှိလျှင် သတ္တဝါမဖြစ်၊ ဝိညာဏ်ကြောင့် ခွေးဖြစ်တယ်။ ဝိညာဏ်က ခွေးရုပ် လုပ်၍ အန္ဓဗာလ လူမိုက်တို့ကို မျက်လှည့်ပြတယ်၊ ဝိညာဏ်က နွားကောင်, ကျွဲကောင်, ကျားကောင်, ဆင်ကောင်, ကြက်ကောင်, ငှက်ကောင် ထင်ရအောင် ပြတယ်၊ ဝိညာဏ်က မြွေကောင်,မြွေရုပ်,လောက်ကောင်, လောက်ရုပ် လုပ်ပြတယ်။အစစ်ကား ဝိညာဏ်ကနာမ်။ အကောင်ထင်ရ, မြင်ရ, ထိရ, တွေ့ရဒါက ရုပ်။ လုံးဝ အကောင်မဟုတ်ဘူး။

---

### ဝိညာဏ်က လူရုပ်-လုပ်၍ပြတယ်။

အန္ဓဗာလခေါ် ယောကျာ်းအကန်း, ယောကျာ်းအမိုက်၊ မိန်းမအကန်း, မိန်းမအမိုက်တို့က မိမိကိုယ်မိမိ ယောကျာ်းထင်တယ်၊ အခြားရုပ်ကိုလဲ ယောကျာ်းထင်တယ်။ မိမိကိုယ်မိမိ မိန်းမတကယ်ထင်တယ်၊ အခြားရုပ်စု အပေါင်းကိုလဲ မိန်းမထင်၍ ကြည့်မြင်လေ၏။ **ဝိညာဏ်မျက်လှည့်ဆရာက** မျက်လှည့်ပြခြင်းကြောင့် နာမ်နဲ့ရုပ် ၂-ပါးကိုလူထင်တယ်၊ယောကျာ်းကိုမြင်တယ်။မိန်းမကို မြင်တယ်။နာမ်နဲ့ရုပ်ကိုမမြင်ချေ။ဝိညာဏ်မျက်လှည့်ဆရာကအန္ဓဗာလတို့ကို လှည့်ပတ်၍

မျက်လှည့်ပြတယ်။ လူရှင်ကို လူသေလုပ်ပြတယ်၊ သေပြီးနောက် သွေးစုကို လူရှင်လုပ်၍ ပြပြန်တယ်။ **(ယောကျ်ားရှုး - မိန်းမရှုး)** ဥမ္မတ္တက တို့ကား တကယ်ဘဲ လူသေတယ် ထင်ရ၏။ လူသေဘီထင်လို့ ရင်ထုခါ ငိုကြရ၏။ သွေးစု, သွေးခဲကိုပင် ငါ့သား, ငါ့သမီး တကယ်ထင်၍ မျက်လှည့်ပြတိုင်း ကြည့်ရှုရပြန်၏။ **နာမ်ခန္ဓာဝိညာဏ်က** ရုပ်အစုကို ခိုင်းစေပုံမှာ၊ ဥက္ကောင်းလှုပ်ပြတယ် မြင်၏။ ခြေလက် လှုပ်၍ပြတာဘဲ၊ မျက်လုံး, မျက်ခုံးလှုပ်၍ နေတယ်၊ ပါးစပ် ဟနေတယ်၊ ပါးစပ်စိထားတယ်၊ ထိုင်ပြတယ်၊ သွားလာပြတယ်၊ အိပ်ပြတယ် စသည်ဖြင့် မျက်လှည့်မျိုးစုံပြသည်ကို **သက္ကာယ ဒိဋ္ဌိ** အစွဲရှိကြသော လူအန္ဓ, နတ်အန္ဓ, ဗြဟ္မာအန္ဓတို့၏ မျက်စိမှာ တကယ်လူဘဲ၊ တကယ်နတ်ဘဲ၊ တကယ်ဗြဟ္မာကြီးဘဲထင်ရ၏။ လူထင်လူစွဲ၊ နတ်ထင်နတ်စွဲ၊ ဗြဟ္မာထင် ဗြဟ္မာစွဲကြောင့် မဟာငရဲသို့ ကမ္ဘာစွဲအောင်ကျသည်မှတ်။

## နာမ်ဝိညာဏ်က ဈာန်အဘိညာဏ် ထင်ရအောင် မျက်လှည့်ပြပုံ။

ကောင်းကင်ပျံ ရသေ့ကြီးကို မြင်ရတယ်။ ကောင်းကင်ပျံ ဝိဇ္ဇာဓိုရ်ကြီးကို တွေ့မြင်ရတယ်။ ဈာန်ရလို့ ကောင်းကင်ကို ပျံနိုင်တယ်၊ အဘိညာဏ် တန်ခိုးရှိလို့ မြေလျှိုး-မိုးပျံ သွားနိုင်ကြတယ် အယူရှိကြ၏။ နာမ်ဝိညာဏ်က ဈာန်အဘိညာဏ်ကို မဖြစ်စေနိုင်မှတ်။ **ဝိညာဏပစ္စယာ နာမရူပံ သမ္ဘဝတိ၊** ပါဠိရှိ၏။ ဝိညာဏပစ္စယာ ဈာန အဘိညာဏံ သမ္ဘဝတိ-ဟူ၍ ပါဠိမရှိဘူး။ ဝိပဿနာဉာဏ် ယထာဘူတဉာဏ်ကို တကယ်ရကြသော လူအရိယာ,ရှင်အရိယာတို့ကား မြေကြီးပေါ်မှာ မြင်သမျှတွေဟာ-ရုပ်၊ ကောင်းကင်မှာ မြင်သမျှတွေလဲ-ရုပ်၊ ရုပ်ကိုသာ မျက်စိနဲ့မြင်မှ အမြင်မှန် မှတ်လေ၊ သေပြ, ရှင်ပြ, မွေးပြ, ပျက်ပြမျိုးစုံ မျက်လှည့်ပြနေသဖြင့် ဝိညာဏက္ခန္ဓာကို မျက်လှည့်ဆရာ ဥပမာဖြင့် မိမိကိုယ်မိမိ ဆင်ခြင်ဘို့, တွေးဘို့, တိုင်ပင်ဘို့မှတ်။

ဤကား၊ ဝိညာဏံအနိစ္စံ-ဝိညာဏံဒုက္ခံ-ဝိညာဏံ-အနတ္တာ။

## အထူးသတိချပ်—ဒီအချက် ထပ်ခါဘတ်။

ယောဂီ-လူ,ရှင်,အရိယာ အလောင်းတို့ကို ဆရာကြီးမသေခင် အထူးသတိပေးခဲ့မယ်။ ဟောပြရေးသားလိုက်သော ခန္ဓာ ၅ါးပါးသဘောကို ထပ်ခါထပ်ခါ ဆင်ခြင်ကြလေကုန်။

ဤခန္ဓာပုပ်, ခန္ဓာဆွေးကြီးနဲ့ မတွဲမဘက်လိုပါက ခန္ဓာ၅ါးပါး၌ တပါးပါးမှာပင် အနိစ္စဆိုဒါ တကယ် မပြတ် ပျက်ပုံ။ ဒုက္ခဆိုဒါလဲ အဟုတ် ဘေးအစု

ဖြစ်ပုံ၊ အနတ္တဆိုရဒါလဲ ငါ-သူ မရှိပုံတို့ကို စေ့စေ့ စပ်စပ်, ကြပ်ကြပ် ဝေဘန်ကြပါ ယောဂီတို့။

တရားအစစ်ကို တကယ် တွေ့မြင်သော်၊ ဘုရားအစစ်ကို တကယ် တွေ့မြင်ရမယ်။ တရားအစစ်အမှန်ကို တကယ် သိရ, မြင်ရသော်၊ ပရမတ္ထသံဃာအစစ်ကိုလဲ တကယ် သိနိုင်, မြင်နိုင်ရမယ်လို့ ကျမ်းဂန်ဥပဒေ၌ ပါရှိသည် ဖြစ်သောကြောင့်၊ ဘုရားအစစ်ကို ဖူးတွေ့မြင်လိုက ပရမတ္ထ သံဃာ အစစ်ကို တကယ် သိမြင်လိုက ခန္ဓာငါးပါးကို ကျကျနန ဂရုစိုက်ပါ။ ရဟန္တာကို ဖူးမြင်ချင်ပါက သူများပြောကို မအံ့ဩနဲ့၊ ခန္ဓာငါးပါး အသိဉာဏ်မှန်ပြောင်းနဲ့သာ ကြည့်လျှင် ရဟန္တာကို ကေန်မြင်ရမယ် ယောဂီတို့။

**(အရိယာနံ အဒဿာဝီ၊)** အရိယာတို့ကို အန္ဓမျက်စိနဲ့မမြင်။
ခန္ဓာငါးပါး ပရမတ်ဟောစဉ် ပြီးပါပြီ။

---

**ပရိယတ္တိဥပဒေ-ပစ္စဝေက္ခဏာ-ဝီထိ။**

၁။ ပယ်ပြီးကိလေသာကို ဆင်ခြင်ဒါတခမ်း။
၂။ မပယ်ရသေးသော ကိလေသာကို-ဆင်ခြင်ပုံတဌာန။
၃။ မဂ်ဉာဏ်ကို ပြန်တွေးနေဒါက-တချက်။
၄။ ဖိုလ်ဆိုဒါ ဘာလဲလို့-ဝေဘန်ခြင်းတမျိုး။
၅။ နိဗ္ဗာန်ကတော့ ဒီလိုပါကလားလို့-သိပုံတနည်း။

သောတာပန်-သကဒါဂါမ်-အနာဂါမ်၊ ဒီ ၃-ယောက်တို့၏ ဉာဏ်၌ ဆင်ခြင်သော ထုံးစံသည်၊ ထို ငါးမျိုး မှတ်ကြ။

---

**အရဟတ္တမဂ်ဉာဏ်ရ ရဟန္တာအရှင်များ ဆင်ခြင်ပုံမှာ။**

၁။ ပယ်ပြီးကိလေသာတို့ကို ဆင်ခြင်တယ်။
၂။ မဂ်ဉာဏ်ရပုံကို ပြန်၍စဉ်းစားတယ်။
၃။ ဖိုလ်တရားရလို့ ဝမ်းမြောက်ပုံတွေးတယ်။
၄။ နိဗ္ဗာန်ကို ကျုပ်ပြည့်ရလို့ ငြိမ်းနေရခြင်းကို ဆင်ခြင်တယ်။

သောတာပန်-သကဒါဂါမ်-အနာဂါမ်မှာ ၅-မျိုးစီ။ ရဟန္တာမှာ ၄-မျိုးပေါင်း ပစ္စဝေက္ခဏာ ဝီထိ ၁၉-မျိုးမှတ်။

မေးပြီ။ အရိယာ ဖြစ်လျှင် ဤကဲ့သို့ ဆင်ခြင်ဒါ ဟုတ်ပါသလား။ တိုင်ပင်၊ ဆွေးနွေး၊မကျေအေးလျှင် လာခဲ့ကြ။

**ဦးညိုကိုတွေ့ရင်-ဒေါ်ညိုကိုလဲ တွေ့အောင်ရှာပါ။**

## ဝဇီရာထေရီနဲ့ နိဂုမ်းသတ်မတ်။

ဝဇီရာထေရီ နာမည်ထင်ရှား ရဟန္တာမတရားမျှင် မိန်းမမြတ်သည်။ အသက် ၂၀-ကျော်ခန့်မှာ တရားကျပ်ပြည့်ရတယ်။ ဘဝပြတ် တရားရတယ်။ -ရဟန္တာ ဆိုဒါ ပုံတမျိုးဟူ၍ သဏ္ဍာန်ကို မစွဲပါနဲ့။ မင်္ဂဉာဏ် ဖိုလ်ဉာဏ် မှတ်ပါ။ မင်္ဂကောင်-ဖိုလ်ကောင် ထင်မနေကြနဲ့။ ယခုခေတ်၌ လူပါး လူနုပ်တွေမှတ်။ ဝဇီရာ ထေရီ က ခန္ဓာငါးပါးကို တပါးစီ ဖျက်ပြီး၊ လက္ခဏာ ၃-ချက်စီနဲ့ ဝေဘန်နေတယ် ယောဂီတို့။ နတ်ပြည် ၆-ထပ်ကို အုပ်စိုးတဲ့ မာရ်နတ်မင်းက လူ့ဘောင်သို့ လူ ယောင်ဖန်ဆင်းပြီး၊ တရားဆင်ခြင်နေတဲ့ ဝဇီရာအပျိုကို ပလီပလာဆို၍ လှူပျို လှဲ့တယ်။

### ဉာဏ်ကစားဘို့-ဉာဏ်သွားကြ။

၁။ သံကိုဖျက်ထာ-ဘာလဲ့သံချေးပါဘဲ။
၂။ ရှင်သာမဏေကိုဖျက်-ပရိတ်ကြီးဓဇဂ်။
၃။ ယောကျ်ားတွေကိုဖျက်-လောင်းပွဲ့ မိန်းမ့ အရက်။
၄။ မိန်းမများကိုဖျက်-ဖဲလောင်းပွဲ့ယောကျ်ား။
၅။ ရဟန်းကိုဖျက်-မိန်းမနဲ့ ငွေ။
၆။ ရေကန့်ရေတွင်းကိုဖျက်-မှော့်ဗေဒါရွက်။
၇။ ဓမ္မကထိကကိုဖျက်-အုတ်ခဲ့ ပုလင်း့ မိန်းမ့ငွေ။
၈။ မင်းဂုဏ်ကိုဖျက်-လောင်းပွဲ့အရက့်လာဘ်။
၉။ သူဌေးဂုဏ်ကိုဖျက်-ပြန်ပေး့ဓားပြ့လောင်းပွဲ။
၁၀။ စစ်ဗိုလ့်စစ်သားကိုဖျက်-သေနတ်ခလုပ်ပျက်။
၁၁။ ပွဲသဘင်ကောင်းခမ်းဖျက်-ဘာလဲမီး။
၁၂။ ဆိုင်းတီးကောင်းတုံးဖျက်-ဘာလဲ့စည်း။
၁၃။ ရှင်ဘုရင်ကိုဖျက်-မိဖုရားနဲ့သူပုန်။
၁၄။ ပရမတ်ကိုဖျက်-လောကပညတ်။
၁၅။ မင်္ဂဉာဏ်ကိုဖျက်-သြဘာသစသော မဂ္ဂန္တရာယ်။
၁၆။ နိဗ္ဗာန်ကိုဖျက်-ဘုံနန်းပြာသာဒ်။
၁၇။ ဝိပဿနာကိုဖျက်-သမထနိမိတ်စွဲ။
၁၈။ ကျမ်းတတ်ကိုဖျက်-အရပ်သား ဗဟုသုတ။
၁၉။ သောတာပန်ကိုဖျက်-တဏှာနဲ့မာန။
၂၀။ သဘာဝကိုဖျက်-ဣတ္ထိနဲ့ပုရိသ။
၂၁။ သမာဒိဋ္ဌိဉာဏ်ကိုဖျက်-ကု့အကု ၂-ချက်။

၂၂။ ငါးပါးသီလကိုဖျက်-ခြင်္သေ့ သန်း၊ကြမ်းပိုး။
၂၃။ အိမ်နဲ့ကျောင်းကိုဖျက်-ကြွက်နဲ့ခြ၊
၂၄။ တရားနာဘို့ဖျက်ထာ-တူ၊မြေး၊မြစ်။
၂၅။ ခန္ဓာငါးပါးအသိဉာဏ်ကိုဖျက်-ယောကျ်ားနဲ့မိန်းမ။
၂၆။ ခေတ်အာစစ်ကိုဖျက်-ဇီဝအသက်။
၂၇။ အပါယ်လွတ်ဘို့ဖျက်-သက္ကာယဒိဋ္ဌိ။
၂၈။ ဂုဏ်သိက္ခာကိုဖျက်-ငယ်သူငယ်ချင်း။
၂၉။ သပာဓိဋ္ဌခြေကိုဖျက်-မော်တော်ကားလမ်းဆုံ။
၃၀။ ဝဇီရာထေရ်ကိုဖျက် မာရ်နတ်။

ဝဇီရာထေရီသည်၊ ခန္ဓာငါးပါးကို တပါးစီ ဝေဘန်နေဆဲမှာ၊ မာရ်နတ်က လူယောင်ဆောင်ပြီး ချစ်ကြိုက်စကား ပြောကြား လာ တယ်။ ။ ဝဇီရာက ချစ်စရာ, ကြိုက်စရာ မဟုတ်တဲ့ ခန္ဓာပုပ်၏ အကြောင်းကို ပြောပြတယ်၊ မာရ်နတ် နားမလည်ဘူး။ ။မေးတယ်၊ ဘာကိုမြင်လို့ လူပျို လာချွဲလှပါသလဲ ။မိန်းမ ကို မြင်လို့, အပျိုကို မြင်လို့ လူပျိုလှဲ့လာပါတယ်၊ ။အသင် ယောကျ်ားဟာ လူချော,လူလှဘဲ၊ အခြားကမိန်းမတွေကို သွားပြီးလည်ပါ။ ။အခြား မိန်းမ တို့ကို ကျုပ်က မမြင်ပါ။ ဒီမိန်းမကိုသာ မျက်စိ ကျနေပါတယ်။ ။ဒါဖြင့် ရှင့်မျက်လုံးထဲမှာ မိန်းမဝင်နေဘီ နားလည်လား။ ။ဒီစကားကို နားမလည် ဘူး။ ။ဘယ်မှာလဲမိန်းမ ဒီမှာ။ ။ဒါဟာ မိန်းမ မဟုတ်ဘူးရှင့်။ ။တယ် ခက်ပါလား။ ။ဒါ-မိန်းမ မဟုတ်လို့ ယောကျ်ားလားဗျ။ ။မိန်းမဆိုဒါက လောကအမှတ်။ တရားသိသူ့ရဲ့ မျက်စိမှာ မိန်းမကို မမြင်ပါဘူးရှင့်။ ။သူများ မမြင်ပေမဲ့ ကျုပ်က မိန်းမကိုဘဲ မြင်တွေ့နေတယ်။ ။တရားနဲ့ပြောမယ်။ ဒါ ခန္ဓာငါးပါး အပေါင်းမှတ်။ ။ခန္ဓာ ငါးပါးဆိုဒါ ကျုပ် မသိဘူး။ မိန်းမ အစစ်မို့ ချစ်ဒအားကြီးလို့ လာခဲ့ရတယ်။ ။ရှင်-လူပုံချောသလောက် အသိဉာဏ် အရှင်း မရှိပါကလား၊မျက်စိပါလျက်ကနဲ့ အမြင် မမှန်ပါကလား၊ ရှင် မြင်ဒါ လမ်းမကျလို့ အန္ဓလို့ ဆိုတယ်။ ရက်ရက်စက်စက် ပြောဘီ။

ဝဇီရာ မှည့်ခြင်း အကြောင်းမှာ။ ဝရဇိန်လက်နက်-မိုးကြိုးစက် ဆိုသလို၊ မိုးကြိုးပစ်သံ ပြင်း ထန် သ လို၊ စကားပြောလျှင် တဲ့တဲ့ ဘွင်းဘွင်း ပြောတတ်တယ်။ ဒါ့ကြောင့် ဝဇီရာခေါ်တယ် မှတ်ကြ။

မာရ်နတ်က ပြန်ပြောပုံ။ တယ်လဲ-စကားပြော တင်းမာပါကလား၊ မိန်း ကလေးရဲ့ ရုပ်ရေ လှပဒါနဲ့ မကိုက်ညီဘူး။ မိန်းမ မဟုတ်ရင် ဘာလဲ-ဘာတုံး၊ ကဲ-ပြောစမ်း။ ။ဒီမှာ ကြည့်စမ်း၊ မျက်စိ မှိတ်မထားနဲ့၊ ဃိချင် ဖွင့်ကြည့်၊ ဒီအတုံးကြီးကို ရှင်က ဘာထင်သလဲ၊ သူငယ်မရဲ့ အတုံးဟာ မိန်းမပေါ့ မိန်းမ။ မိန်းမပျိုကလေးမဟုတ်လို့ ဘာလဲ။ ။ဒါ-မိန်းမ မဟုတ် ရုပ်အစု, အပုပ်စု,

• အုပ်စု၊ ဟောဒီတကိုယ်လုံးကြီးဟာ ရူပက္ခန္ဓာခေါ်တယ်။ဒီရူပက္ခန္ဓာတုံးကြီးကို လိုရာထင်သလို အသုံးချနေတဲ့နာမ်ကို ဝေဒနက္ခန္ဓာမှတ်။ ကိုယ်ကြိုက်ကို အလို လိုက်ပြီး အကောင်းဆုံးဘဲလို့ အမျှင်ဒလစပ် အထင်အမှတ် ဆိုသော နာမ်ကို သညက္ခန္ဓာ ခေါ်တယ်။ နာရီစဉ် ရက်စဉ် ဆန္ဒရှိရာသို့ မရောက် ရောက်အောင် ဟောဒီရုပ် သွေးတုံးကြီးကို သယ်ယူ ပို့ဆောင်ရေးမှူး လုပ်နေဒါ အားထုတ် ခြင်း စိုင်းပြင်းနေတဲ့နာမ်ကို သင်္ခါရက္ခန္ဓာဆိုတယ်။ ဟောဒီ ရုပ်တုံးကြီးပေါ်မှာ တင်ပြီး ပုဂ္ဂိုလ်ဘဲ သတ္တဝါဘဲ ငါဘဲ သူဘဲ လူဘဲ နတ်ဘဲ ယောကျ်ားဘဲ မိန်းမဘဲလို့ အထင်လွဲပြီး ခံစားဘူးတဲ့ အာရုံ ကာမဂုဏ်တို့ကို ခံစားဘို့ရာကို တွေးတတ် ကြံစည်တတ်တဲ့စိတ် နာမ်ကို ဝိညာဏက္ခန္ဓာလို့ မှတ်ရတယ်။ အဲဒီခန္ဓာ ငါးပါးကို တကယ်အပိုင် သိမြင်သော် မိန်းမကို ရှင် ပမြင်တော့ဘူး၊ မျက်စိ အကြည်ရပြီမှတ်။ ယခု ဝဇီရာ ပြောတဲ့ ခန္ဓာငါးပါး သဘောကို ပေါက်မြောက် ခဲ့သော် ယောကျ်ားကို အရှင်း မမြင်တော့ဘူး။ ဒါကြောင့် ရှင်က မိန်းမ မြင်နေပေမဲ့ ဝဇီရာကတော့ ယောကျ်ားကို မမြင်တော့ဘူးရှင့်။

---

## မာရ်နတ်က မယုံ့, မယုံ-အပြောနဲ့မယုံ။

ကိုင်း-ဒါဖြင့် ဥပမာနဲ့ ပြောမယ်။ ရှင် လှည်းမြင်ဘူးသလား။ မြင်ဘူးတယ်၊ စီးဘူးတယ်၊ ဘာပြောချင်သလဲ။ ။ဝဇီရာရဲ့ ခန္ဓာစုံ ငါးအတွဲကို နွားလှည်းနဲ့ ဥပမာပြမယ်။ ကျကျနန နားထောင်။

၁-အချက်။ ဟောဒီ ရုပ်ခန္ဓာကြီးကို လှည်းကက်အိမ်နဲ့ တူတယ်မှတ်။ အဲဒီ လှည်းအိမ်ကို ဖြုတ်ဖျက်ထားတယ်။ ရှင် တက်လို့ စီးချင်ပေမဲ့ မဖြစ်။ လှည်း အိမ်က ပျက်ဆွေးနေဘိမှတ်။

၂-အချက်က။ ဝဇီရာကို မိန်းမအပျို တင်လှဲ့ လိုချင်သလား။ ဟုတ်တယ်၊ အပျိုထင်လို့ လိုချင်သဗျ၊ လိုချင်လို့ဘဲ လာခဲ့ရတယ်။ အဲဒီလို မိန်းမအပျိုစင်ဟု လိုချင် ခံစားချင်တဲ့ ဝေဒနာဆိုးခေါ် ရောဂါဆိုးကြီး ခေါ်တဲ့ ဝေဒနက္ခန္ဓာကို လှည်းမှာ နွားထမ်းတဲ့ ထမ်းပိုးတုံးနဲ့တူတယ်ရှင့်။

၃-အချက်က။ ဒါတော့ မိန်းမဘဲ အပျိုဘဲလို့ မျက်စိနဲ့မြင်တတ်, ထင်မှတ်တဲ့ သညက္ခန္ဓာနဲ့၊ လှည်းသန် ၂-ချောင်းနဲ့ ကောင်းကောင်းကြီး တူတယ်လို့ စဉ်းစား နေ၁်။ ဒီစကားမျိုး အနှမိန်းမတို့ဟာ ဘယ်တော့မှ မပြောတတ်ဘူး။ ရှင်တို့လို လူမျိုးတွေ ဘယ်မိန်းမကမှ မကြားရဘူးမှတ်။ ဘယ် ယောကျ်ားကမှလဲ ကြားနာရခဲပါတယ်။ တွေးနေ၁်၊ ရှင် ကြုပ်ကြုပ် နဖူးပေါ်လက်တင် ဆင်ခြင်မျှ

တွေးလိုက် ငေးငိုက်၍မနေနဲ့။ မျက်လုံးမှိတ်ပြီး ခေါင်းကို အောက်စိုက်မနေနဲ့။ ဒီမှာမော့ကြည့်ပါ။ ကြိုက်လို့လာရင် ကြည့်ရဲစမ်းပါ။ ကြားချင်လို့ နားဆင်လျှင် နားဝင်အောင် နားထဲရောက်အောင် နားထောင်လိုက်ပါ။

၄-အချက်ကတော့ ဩော် ငါတော့ ဒီမိန်းမပျိုကို ညားရအောင် ပေါင်းရအောင် ကြိုးကြိုးစားစားနဲ့ မရ ရအောင် လည်မကဲ့ ပြောပြမတဲ့ ဒါလို ဇော စိုက်ပြီး လာသလား။ ဟာဟုတ်လိုက်ထာ၊ ဟုတ်တယ်၊ မရလျှင်မနေနိုင်အောင် ဖြစ်လို့ သဲသဲမဲမဲ အားခဲထားပါတယ်။ အဲဒါလို အားခဲ အားထုတ် နှိုးဆော်တဲ့ ရှင်၏ နာမ် သင်္ခါရက္ခန္ဓာကို လှည်းဝင်ရိုး ပမာဖြင့် တူလှတယ်လို့ သိလိုက်စမ်းပါ။

၅-အချက်။ အမှားဘက်ပြီး တရားကိုဖျက်ဘိုပဟားပြုဘို မက်လို့ ရအောင် ယူမယ်။လူပျိုလှဲမယ်လို့ တွေးခြင်း ကြံစည်ခြင်း၊ရှင်၏ရင်ထဲကနာမ်ဝိညာဏက္ခန္ဓာ စိတ်ကို လှည်းဘီး ၂-ဘီးနဲ့တူတယ်။ မပြတ်ကြံစည်ရခြင်း မပြတ် လည်၍ နေရခြင်း၊ လှည်းဘီးဟူ၍မှတ်။ မိန်းပမဟုတ်ဘူး၊ လှည်းပျက် လှည်းပျက် တက်မစီးနဲ့တော့။လှည်းအိမ်ကိုလဲ ဖြုတ်ဖျက်ထားတယ်။ ထမ်းပိုးလဲ ဆွေးနေဘိ၊ လှည်းသန်ကလဲ ပွန်းရှနေတယ်။ လှည်းဝင်ရိုးကလဲ ကျိုးသွားတယ်။ လှည်း ၂-ဘီးကတော့ သံပတ်ခွေလဲပြုတ်၊ လှည်းဒေါက်တွေလဲ ချောင်ကျွတ်ကုန်ဘိ။ ကဲ-ပြန်ပေတော့ လှည်းကောင်းကို ရှာပြီး စီးပေတော့။

---

## မာရ်နတ်အန္ဓကိုတရားနဲ့ ပြောလို့ နားမလည်၊ အန္ဓဘာသာပြန်နဲ့ ပြော်ဘိ ။

**စကားတတ်လျှင်-စောင့်၊ တရားတတ်လျှင်-ပြောင့်။** (စကားမဆုံးခင် အစ မလှန်နဲ့၊ တရားမသုံးလျှင် ကမပြန်နဲ့၊)မာရ်နတ်က အကြံ ထုတ်ပြီ ယောဂီတို့။ ကဲ ဒီလိုဆိုရင် ငါတော့ ဒီမိန်းမကို လည်လို့ရမှာမဟုတ်ဘူး။ လူယောင်ဆောင်ပြီး လည်တော့၊ သူ့လို ငါလို ထင်တယ်။ ငါ့ကို အသက်တန်းစား ပုဂ္ဂိုလ်ရယ်လို့ မသိဘူး၊ သိအောင်ပြလိုက်မယ်။ နတ်ပကတိ အသွင်ဖြင့်ပြ၍ ဝဇီရာရဲ့အနားသို့ နောက်တကြိမ် ဘွားကနဲပေါ်လာပြန်တယ်။ ။အခုလာဒါ ဘာလူမျိုးလဲ။ ၊ ဘာလူမျိုးမှ မဟုတ်၊ နတ်မျိုး နတ်မျိုး၊ နတ်ပြည် ၆-ထပ်ကို အစိုးရသော ဝသဝတ္တီ မာရ်နတ်မင်းကြီးဆိုဒါ ကျုပ်ပေါ့-ကျုပ်။ (ဝသ-အလို၊ ဝတ္တီ-လိုက်စေခြင်း၊) ငါ့အလိုကို အားလုံးတို့က လိုက်ကြလို့ ဝသဝတ္တီနတ် မှတ်ပါ။ နတ်ပြည်မှာ အတူတွဲဘက်ပြီး **ဝဇီရာအပျိုချောနဲ့-ကျုပ်နဲ့** ၂-ကိုယ်တွဲ သဘောတူ

ပျော်ပျော်ကြီး စံစားဘို့ရာကိုမြော်လင့်ပြီး လာခဲ့တယ်။ ယခုတင်က လာသော သူလဲ ကျုပ်ပါဘဲ၊ လူအသွင်ကတော့ ပကတိ အသွင် မဟုတ်၊ ဉာဏ်သွင်းပြီး ပြောရဲ့,ဆိုရဲ့အောင် ဖန်ဆင်းလိုက်တဲ့ ရုပ်ဖြစ်တယ်။ ယခုအမြင်မှာတော့ ပင်ကိုယ် ရုပ် နတ်သားအစစ်မှတ်လိုက်။ ဝဇီရာက မေးခွန်းထုတ်တယ်။ ကိုယ်ရောင်ကိုယ် ဝါ, အရောင်အဝါနဲ့ အချောင်တဏှာဟန်ဒြပ် ကြွားတဲ့ ကောင်းကင်က မာရ် နတ်သားအစစ်ဆိုဒါလား။ ။ဟုတ်တယ်၊ ကျုပ် အထက်တန်းစား နတ်မင်းကြီး မှန်တယ်။ နတ်ထဲမှာ ကျုပ်-အကြီး အကဲ မှတ်ပါ။ ။လာတဲ့ ကိစ္စကတော့ ဝဇီရာကို တကယ် ပေါင်းသင်းချင်လို့ လာခဲ့တယ် ဆိုပါတော့။ ။မှန်ပါပေ သဗျ။ ။ဒါဖြင့် ခန္ဓာငါးပါးနဲ့ လှည်းပျက် ဥပမာ ပြလိုက်သော ဉာဏ်အမြင် တရားကို မာရ်နတ်သား နားမလည်လိုက်ဘူးလား။

မယားဇောနဲ့ တရားသဘောကို အာရုံမပြုနိုင်ဘူးဗျ။ အထက်တန်း စားလူ၊ အကက်တန်းစားနတ်၊ အထက်တန်းစား ဗြဟ္မာလိုဒါ အချစ် မယားဇောကြောင့် အစစ်တရားသဘောကို မလိုက်စားနိုင်·ပလော့လာနိုင် မနာယူနိုင်ဘူးမှတ်။

ရှင်တို့ နတ်ပြည်မှာ မိန်းမ မရှိဘူးလား။ ရောဂါရယ်, ရဟိရယ်, တဏှာရယ် အဲဒီ မိဖုရားသုံးယောက်ကို အမှူးပြုပြီး အခြွေအရံ နတ်မိဖုရားပေါင်း ၁၆၀၀၀-ရှိတယ်။ ။အဲဒီ နတ်မိဖုရားများနဲ့, ဝဇီရာနဲ့ ဘယ်သူက ဟင့်ဘယ် လှပခြင်း ရှိပါသလဲ။ ။လူ့ပြည်က မိန်းမတွေလို မဟုတ်၊ နတ်သား, နတ်သမီးဆိုဒါ နတ်သြဇာ အငွေ့အသက်မျှကိုသာ သုံးဆောင် စားသောက်ရတဲ့ ခန္ဓာကိုယ်မျိုး ဖြစ်တယ်။ ကျင်ကြီး, ကျင်ငယ် စွန့်ရခြင်း မရှိ၊ နှပ် တံတွေး·မျက်ချေး, ချွေး စသော အညစ်အကြေးတို့ အရှင်းမရှိ။ မနံမစော် ရေအေးခြင်း, ရေချိုးခြင်း မပြုမလုပ်ရ။ အလွန် တင့်တယ်လှပသော ခန္ဓာကိုယ်များ ဖြစ်ကြတယ်။ ကြည့်လို့ မဝ,ရှုလို့မငြီး နတ်တို့ရဲ့ ဘုံခ နတ်တို့၏ စည်းစိမ်ကြီးနဲ့လဲ ပြည့်စုံတယ်။ နတ်ပြည် ဆိုဒါ ရွှေဗိမာန်,ငွေဗိမာန်တွေနဲ့ နေရ, စားကြရတယ်။ ငွေ့,ကြွက်,ပုက်စသော တိရစ္ဆာန် သတ္တဝါတွေလဲ မရှိဘူး။ လူ့ပြည်က လူမိန်းမများကဲ့သို့ စက်ဆုပ်ရွံရှာ ဘွယ် မွေးဖွားခြင်း မရှိ။ (သတ္တုန္တရကပ်ခေါ်တဲ့ ဓါးလှက် ဘေး,ဟ် စသော လက်နက် အန္တရာယ် တို့ကြောင့် ဖြစ်စေ။ ဒုဗ္ဘိက္ခန္တရကပ် ခေါ်သော ပစားရ, မသောက်ရဘဲ ငတ်မွတ် ခေါင်းပါးသော ဘေးအန္တရာယ်တို့ကြောင့် ဖြစ်စေ၊ ရောဂါန္တရကပ် ဆိုသော အနာရောဂါ ဘေးဆိုး အန္တရာယ်တို့ကြောင့် ဖြစ်စေ၊ သေရခြင်းမရှိ။ ဗြုံးကနဲ ဖြစ်လာသော အရွယ်မှာ၊ ၁၆-နှစ်ခန့် ပေါ်ပေါက် လာရ၏။ သေပြန်သော်လဲ ယောဒီ ဥပဓိရုပ် ခန္ဓာကြီးဟာ အလိုလို ညှိနွမ်း

လာပြီး၊ ရုတ်တရက် တခဏချင်းပင် ကွယ်ပျောက် သွားတယ်။ အသက်ရှည်ပုံ၊ နတ်တို့၏ အမှတ်အသားမှာ နတ်သက်ပေါင်း (၁၆၀၀၀) နေရ၏။ လူတို့၏ ခေါ်ဆိုသော အမှတ်အသားမှာ၊ (၉,၂၁၆,၀၀၀,၀၀၀) (ကုဋေ-၉၂၁) အနှစ်ပေါင်း ၆-သန်း အသက်ရှည်တယ်။ ကိုင်း-အဲဒါလို အေးအေးချမ်းချမ်းနဲ့ ပူပန်မှု ဘေးအရိုန်မရှိ၊ နတ်တို့၏ အေးဇိမ်ကို-ကိုယ်တွေ့သိချင်ပါက လာလိုက်ခဲ့ပါ။ အမြန်ကြိုက်စမ်းပါ။

---

## အင်္ဂုတ္တရာလုပမာ ခွေးအမဲရိုးကိုက်။

ကဲ-ရှင်နတ်မင်းကြီး ပြောပြတဲ့ စကား ဆုံးပလား၊ အစသတ်ပလား။ ။ ဆုံးပါပြီ၊ အစသတ်ပါပြီဗျ။ ။စကားတတ်သူကား၊ သူများပြောလျှင် အပြိုင်လုပြီး မပြောဘူးမှတ်။ တရားတကယ်ရှိလျှင် သူများ ကောက်ကျစ်စဉ်းလဲတိုင်း မိမိက ဖြောင့်ရပယ် မှတ်ပါ။ ဒါ့ကြောင့် (**စကားတတ်လျှင် စောင့်--တရားတတ်လျှင် ဖြောင့်**)ဆိုသလို နတ်မင်းကြီး အာလက်တန်းစားက လောကရဲ့ စည်းစိမ်ကို မြိန်မြိန်ရှက်ရှက် ပြောတယ်၊ အားရပါးရ တဘက်သား နားကျအောင် ပြောတယ်၊ ဟောတယ်။ အန္ဓဗာလ-ဥပုတ္တက ဝေါ် သက္ကာယဒိဋ္ဌိ အဖွဲ့ဝင် ယောကျ်ား-မိန်းမတို့၏ နှစ်သက်မျှော်မှန်းရည်ရွယ်၍ ဆုတောင်းကြတဲ့ စည်းစိမ်ဖြစ်တယ်။ အကြီးဆုံး ဒုက္ခကို နတ်သုခကြီး ထင်ကြတယ်။ ဂေါတမဘုရားရဲ့ အသိဉာဏ်နဲ့ ကာမဂုဏ်အာဒီနဝကို အမြစ်က စပြီး ထင်ရှားအောင် အနှစ်မရဘဲ အဖြစ်ကိုပြ၍ ဆုံးမအုံးမှာဘဲ။ အရှင်ဟာ နတ်တို့၏ဘုရင် အာလက်တန်းစားဖြစ်သော နတ်မင်းကြီးလား။ ။ဟာ အစစ်ပါ။ ။ချွေး,ပြည်, သွေးမရှိတဲ့ နတ်မိဖုရားပေါင်း ၁၆၀၀၀-ရှိသလား။ ။ရှိတယ်။ ။နေပါအုံး၊အဲဒီသန့်ရှင်းမွှေးကြိုင်သော နတ်သမီးများတို့နှင့် ပျော်ပါးရလို့ တင်းမတိမ် သေးဘူးလား ရှင့်။ ။ ကာမ ဆိုဒါ ပိုတယ်မရှိ၊ လိုတယ်သာရှိ၊ ဘယ်ကလာပြီး တင်းတိမ်အားရခြင်း ရှိမှာတုံး။ ။ဝဇီရာရဲ့ခန္ဓာကိုယ်က သွေး, ချွေး, ပျော်ရည်, ပြည်, တံတွေး, နှပ်, အစေး,ကျင်ငယ်,ကျင်ကြီး စသောအပုပ်စုအညစ်စုမပြတ် လျှက်နေတယ်။ ဒလစပ်ယိုစီးကျဆင်းနေတယ်ဟဲ့ မာရ်နတ်ကဲ့။ မရွံဘူးလား၊ မကြောက်ဘူးလား။ ။ တဏှာစိတ် ဆိုဒါ ရွံစရာ ကြောက်စရာ အော့ချင်စရာအံချင်စရာကို မြင်တဲ့မျက်စိမရှိဘူးဗျ။ ဒီလိုစကားတွေ ထည့်ပြောမနေပါနဲ့။ ဘာတွေဘဲရှိရှိ မရွံပါဘူးဗျ။

လူ့ပြည်မှာ ခွေးတွေကိုက်ခဲတတ်သော အလေ့ရှိတယ်။ ဥပမာ ပြောပြမယ် နားစိုက်ပါ။ နားထဲထည့်စမ်းပါ။ အမဲရိုးကို ခွေးအိုကြီးများ ခွေးငယ်ကလေး

များ ခွေးအလတ်စားများ တချတ်ချတ် တကုတ်ကုတ် ဝါးနေဒါလို စားနေဒါလို ဝဇီရာ မြင်ဘူးတာကို ပြောပြမယ်။ နွား အမဲသားကို စားရသော ခွေးဟာ စားလို့လဲ ဝ-တယ်၊ အားရတယ်၊ အဆီအသားလဲဖြစ်တယ်၊ ပြီးလွယ်တယ်။ အသားမဟုတ် အရိုးကိုက်လို့ ကြာတယ် အားမရနိုင်။ ဒီခွေးလဲ တကယ် အဆီအသား မဖြစ်ပါဘူး မာရ်နတ်ကဲ့။ အထက်တန်းစား ဒြပ်မထုတ်နဲ့ ဟဲ့ မာရ်နတ်ယုတ် (တရားများတဲ့ ဘုရားသားတို့ရဲ့ အသိ၊ တရားကြီးတဲ့ ဘုရားသမီးတို့၏ အသိမှာ။ အဘိဓမ္မာ ဆိုသော ခက်တဲ့တရားနဲ့ ပြောလို့ရှိလျှင် အန္ဓလူ, အန္ဓနတ် နားမလည်ဘူး။ အန္ဓကို အန္ဓဘာသာနဲ့ဘဲ ဟဲ့တဲ့ရှင်းရှင်း ပြောပြမယ်။ (သံသရာ၌ အန္ဓဗာလ-ခေါ်သော ယောကျ်ား,မိန်းမတို့ဟာ ကာမဂုဏ်ခေါ်သော ငါးပါးအာရုံတို့ကို လိုက်စားကိုက်ဝါးနေကြဒါ၊ ခွေးငတ်ဟာ အမဲရိုးကိုက်ဝါးနေဒါနဲ့ တူတယ်မှတ်။) မာရ်နတ်။ အသင်သည် (ဒိဋ္ဌိဂလံ န ခေါ) အယူမှားနေပါပကော။ ဣတ္ထိ သတ္တောတိ သမုတိ၊ မိန်းမဆိုဒါ သတ္တဝါခေါ်ဒါ လောကမှာ ခေါ်ဘို့ပြောဘို့အမှတ်ပြုထားဒါမှတ်နတ်ရဲ့။(**အသား စားရရင် ဝ-ကြမယ်။**) အသားအစစ်က ဘာလဲ။ ယခု ပြောပြတဲ့ ခန္ဓာငါးပါး တရားမှသာ(သဗ္ဗရသံ-ဓမ္မရသော ဇိနာတိ) အားလုံးသော လောက အရသာတို့ကို နိုင်နင်းသော အရသာတူး တရားအစစ် မှတ်လိုက်။ ။ကာမဂုဏ်ဆိုဒါ အသား အနှစ်မရှိ စားလို့ဝါးလို့ မပြီးနိုင်သော အမဲရိုးမှတ်။ ဘယ်လိုဘဲ ဝါးဝါး အားမပြီးဘဲ သွားကျိုးမယ်မှတ် မာရ်နတ်။ သွေးစိမ်းရှင်ရှင်နဲ့ အရေအသား အနည်းငယ် ကပ်ရပ်နေသော နွားနံပါတ်ရိုး-ဒူးရိုး-ပေါင်ရိုး စသော အမဲရိုးတို့ကို(**စာဘတ်ရင်း မိမိခန္ဓာနဲ့ မိမိရဲ့စိတ်နဲ့ တသားထဲကျအောင် စဉ်းစားဘတ်။**) ကိုက်တာ ဝါးဒါ ကြာလာတော့၊ တဖြေးဖြေး အရိုးဟာ ကြေလာတယ်၊ ရွလာတယ်၊ မွ-မွ လာတယ်။ ဒါ ဘာ့ကြောင့် ခွေးပါးစပ်က အမြဲတန်း ယိုစီး သက်ဆင်းနေတဲ့ သွားရည်ကြောင့် အရိုးမွလို့ဝါးလို့ ရတယ်။ အဲဒါလို ကာမဂုဏ်ကတော့ အသား အရှင်းမရှိ၊ အရိုး သက်သက်ပါဘဲ။ ဘာ့ကြောင့် ကြိုက်လို့-လိုက်လို့-နှစ်သက်လို့-ဆုတောင်းလို့ မပြီးကြပါသလဲ၊

## စိတ်ထင်မှု အာရုံ-ကာမဂုဏ်။

စိတ်ထင်မှုခေါ် ကိုယ့်သွားရည်နဲ့ ကိုယ်ကောင်းနေကြကယ် ကာရုနတ်ကဲ့။ အဲဒါ ဝဇီရာဆိုဒါ အမည်-နာမ ပညတ်မှတ်။မြင်ရ-တွေ့ဟိရဒါက ရုပ်ပရုပ်အပုပ်အစပ်မှတ်။ မိန်းမဘဲ အပျိုဘဲ ထင်လုံးရှိပေမဲ့၊ တကယ်တန်း နှစ်သက်လောက်တဲ့ အဆီပရှိ၊ သွေး, ပြည်, အပုပ် အဟုတ် အပြည့်မှတ်။ ဝဇီရာရယ်

မိန်းမရယ် အပျိုရယ်လို့ အထင်ခံရတဲ့ အဗျာဂတ ရုပ်အစု အမဲရိုးကို ခွေးမျိုးနဲ့ တူတဲ့ မာရ်နတ်။ တရားရေမဝလို့ သွားရည်ကျလို့ ကိုက်ဝါး ချင်သော်လဲ အားမတိုးဘဲနဲ့ သွားကျိုးမယ် မာရ်နတ်ကဲ့။ ကဲ-တော်ဘီ ပြန်သွား။ နောက်ထပ် မပြောနဲ့ ငါမောတယ်၊

ထိုကဲ့သို့ (ကာမဂုဏ်) အမြဲသိုးပုပ် အမဲရိုး တကုတ်ကုတ် ကိုက်ဝါးလျက် ကိုက်စားသော ခွေးသွားရည်ကျ ဥပမာကို အထက်တန်းစား မာရ်နတ် မင်းကြီး ရိပ်မိသွားတယ်။ ဝဇီရာထေရီကို တောင်းပန်ပြီး ရှိခိုးတယ်။ တရားရှင်မှန်း-တရားရှိမှန်းကို တကယ်သိမြင် ပေါက်ရောက် သွားတယ် မှတ်။ (**ခန္ဓာငါးပါး တရားအစစ်–အားကိုး ချက်မရတဲ့။**) ယောကျ်ား-မိန်းမတို့ကတော့၊ အိမ်စောင့် နတ်-စသော နတ်စုတ်၊ နတ်မှဲ့၊ နတ်ယုတ်မာတို့ကို ကိုးကွယ်ကြရတယ်။ မမြင်ရ မတွေ့ရဘဲနဲ့ ပြောသံကြားနဲ့ ကြောက်လန့်ကြရတယ်။ ပူဇော် ပသ ရှိခိုးကြ ရတယ်။ မြတ်စွာဘုရား၏ သားစစ်၊ သမီးစစ် တို့ကိုတော့ လူမင်း နတ်မင်း ဗြဟ္မာ မင်းကြီးတို့ကပင် သာဓုခေါ်ကြရကာယ်။ ရှိခိုးကြရတယ်။ စောင့်ရှောက်ကြရတယ် ယောဂီတို့။

ဒါ့ကြောင့် ယနေ့ည ပဏ္ဍာမက် ဗိုလ်ငါးယောက် မမေ့ကြနဲ့၊ ခန္ဓာ ငါးပါး တရားအသားမှာ ဥပမာတွေ တမျိုးစီ တဖုံစီ ဟောပြ ရေးပြ လိုက်တယ်၊ ကျေးဇူးရှင် မိဘကို ပဌမဦးစွာ ပြောကြအမြန်။ မာတာပိတု ဥပဋ္ဌာန်မှတ်။ ဆရာကြီး ဟောတဲ့တရားဟာ ဘုရား၊ တရား၊ အစစ် ကေန် အမှန်ဘဲလို့ အိမ် ပြန်ရောက်တော့ အချစ်ဆုံးလင်ပြော မယားပြော- သား သမီးတွေလဲပြော ပုတ္တဒါရဿသင်္ဂဟောတဲ့ မှတ်ထား။ နက်ဖြန်ညကျတော့မှ **အာယတန ပရမတ် တရားကို** နာကြရမယ်။ အကုသိုလ်ကံတွေ ချုပ်ငြိမ်းပြီး အပါယ်မကျတဲ့တရားကို ငါတို့ နာရတယ်ကွဲ့လို့ သူငယ်ချင်း မိတ်ဆွေ အဖေါ် ရပ်ရွာထဲမှာ လိုက်ခေါ် ထပ်ခါ ထပ်ခါ ဥပမာတွေ ရွှေသမင်က နေအလျှင် ရေထင်ပုံ၊ ရေမြုပ်ကို ရွှေရုပ်ထင်မှားပုံ၊ အတောမသတ် တဏှာနဲ့ အသက် ၆၀ ရှိ သက်ကြီးအို ငှက် ပျောဖတ်ခွါပုံတွေကို အပေါင်းအသင်းတွေကိုပြော၊ အားလုံးဆွေမျိုးတွေကိုလဲ ဝိညာဏ် မျက်လှဲဆရာရဲ့ ဥပမာကို ရှင်းအောင်ပြော။ အဲဒါမှ ညာတကာနုဂ္ဂ သင်္ဂဟော တဲ့။ ဝိမုတ္တိယုဂလောကဣ ၂၅၀၀ သာသနာ နှစ်ပြည့်ဘို့ ၆ လတိတိ လိုတော့တယ် ယောဂီတို့။ အစားနဲ့ အကြွားကို အောက်ကျခံ၊ တရားရဘို့ကို အောက်ကျ မခံနဲ့နော်။ ခန္ဓာငါးပါး တရားကိုမသိလျှင် မိစ္ဆာဒိဋ္ဌိမှတ်။ ဗုဒ္ဓ ဘာသာ စစ်စစ်မှန်လျှင် ဘုရားရှင်ဟောသော တရားအစစ်ကို ဗဟုသုတအနေနဲ့ တင်းမတိမ်ကြနဲ့။ သဲညာသိမျှနဲ့ ဂုဏ်မလုပ်နဲ့ (**တရားဆိုဒါ**) ပရိယတ်တရား ပဋိ ပတ်လဲတရား ပဋိဝေဓလဲ တရားခေါ်တယ်။ ယခုည ဟောပြဒါ ယခုဘတ်ရဒါ

ဘာတရားလဲလို့ တရားအစစ်၏ အမည်ကိုရှာ။ ဝဇီရာဆိုဒါ အသက် ငယ်ရွယ်သူ ကလေး မိန်းမကလေးကပင် ကောင်းကောင်ကမာရ်နတ်ရဲ့ ရှိခိုးထိုက်တဲ့ ဂုဏ်ထူးကို ရတယ်။နှောင်သွေး ပဋိသန္ဓေမနေရသော ဘဝပြတ်တရားကိုလဲ ရတယ်။ငါတို့လဲ ဒီဆရာကြီးဟောတဲ့တရား ရေးတဲ့ ဓပ္ပဏထိက ဒီပနီကို သွားလေရာ ဆောင်မယ် လို့ သံသရာမှာ၊ အမြဲဆိုးမိုက်တဲ့အန္ဓဗာလ ခွေးမျိုး အမဲရိုးကိုက်ဘဝမှ ကျွတ်လွတ် ရပေပြီလို့ သာဓု ၃-ကြိမ် ကျယ်ကျယ်ခေါ်၍ ဝမ်းမြောက် ကြစေကုန်သတည်း၊ (ကြေးစည်ရိုက်။)

---

## ဆဋ္ဌမည ပဏာမ ဟောစဉ်။

### (ဉာဏ် ၃ စား)

၁-**သစ္စဉာဏ်**-နာမ်နဲ့ရုပ် တရားအမှန်သိခြင်း။

၂-**ကိစ္စဉာဏ်**-အနိစ္စ ဒုက္ခ အနတ္တ ဆင်ခြင်တိုင်း သိခြင်း။

၃-**ကတဉာဏ်**-ကျား,မ အရှင်းမဟုတ် အပိုင်သိခြင်း။

တရားနာကြသော တရားအားထုတ်ကြသော ယောဂီများ သိစေရန် ဉာဏ် ၃-စားကို စဉ်းစားကြပါ။ မိမိတို့သည် ဘယ်အဆင့် ဘယ်အဝန်းသို့ ရောက်နေ ပြီဆိုဒါ သိကြရန် မှတ်ကျောက်ဖြစ်သော ဉာဏ် ၃ စားဖြင့် တင်တိုက်ကြရမည်။ အချို့တရားပြဆရာ နားမလည်လျှင် တပည့်မှာ ဘယ်အဆင့် အတန်း ရောက် တယ်လို့ မပြောတတ်။ မပြောတတ်သော် တပည့်များ အားမရှိ၊ မိမိကိုယ် မိမိ ယခုကစ၍ ဝေဘန်ကြစေ။(ကိုယ့်ကိုယ် ကိုယ်ပင် လိမ်လို့ပရ။)

ဒီခန္ဓာကြီးကို အန္ဓဘဝက ငါဟာ ယောကျ်ားအစစ်၊ ငါဟာ မိန်းမ အစစ် ထင်တယ်ဝိပဿနာတရားကိုခလုလာပွားများလိုက်စားဆင်ခြင်ကြရာ ယောကျ်ား မိန်းမမဟုတ်ကြောင်းကို ဉာဏ်အားလျော်စွာ ပိုသလောက်သိကြတယ် မဟုတ် ဘာလဲနာမ်နဲ့ရုပ် ကေန်ဘဲလို့သိကြတယ်။(သိ) ပိုဒါသုတသိ စိန္တာသိ ဘာဝနာသိ ဟူ၍ ၃ မျိုးရှိတယ် ယောဂီ။ ဆရာက ပြောလို့ ယောဂီအချင်းချင်းပော့ ပြောလို့ နားမှာ ကြားတိုင်း မှတ်သားမိသဖြင့် သိခြင်းကို သုတသိမှတ် သညာဘ်လဲ ခေါ် တယ်။သူများပြောနှင့် ဆက်သွယ်ပြီး မှတ်သည့်အတိုင်း တွေးကယ် စဉ်းစားတယ် ကြံစည်တယ်။ ထိုကဲ့သို့ စဉ်းစားတိုင်း ရုပ်နာမ်အစစ်ဟူ၍ သိခြင်း ကြံစည် တွေး တော ဆင်ခြင်တိုင်း ရုပ်နဲ့နာမ်သဘော ၂ ခု ဟုတ်ထာဘဲလို့ သိရခြင်းကို စိန္တာ သိမှတ် ဝိညာဏ်သိလဲခေါ်တယ်။ သုတမှ တဆင့် စိန္တာသို့ အလိုပွာဉာဏ် အမြင် သန်ပြီး ကိုယ်ပိုင် ထိုးထွင်းဉာဏ်ဖြင့် ပုဂ္ဂိုလ်သတ္တဝါ အရှင်းမဟုတ်နာမ်သဘောနဲ့

ရုပ်သဘောအစစ်ဟူ၍ ထင်မြင် ပေါက်ရောက်ခြင်း အသိဉာဏ် မကုန်နိုင်ခြင်း၊ အသိဉာဏ်ပွားများခြင်းကို ဘာဝနာသိမှတ် ပညာသိလဲ ခေါ်တယ် ယောဂီတို့။

---

## ရှင်းတမ်းနားထောင်။

၁။ ဤသည်ကား နာမ်၊ ဤသည်ကား ရုပ်ဟူ၍ သညာသိ သိတဲ့ ယောဂီသည် သစ္စဉာဏ် ဆိုက်တယ်မှတ်။

၂။ နာမ်ပေါ်၌ အနိစ္စ-ဒုက္ခ-အနတ္တ ၃-ချက်။ ရုပ်ပေါ်၌ အနိစ္စ ဒုက္ခ အနတ္တ ၃ ချက် ဆင်ခြင်ဆဲ သုံးသပ်ဆဲ တွေးဆဲ တရားအားထုတ်ဆဲ အလုပ် လုပ်ဆဲ၌ အမှန်တရားကို စိတ္တာသိ-သိတဲ့ ယောဂီသည် ကိစ္စဉာဏ်သို့ ဆိုက် တယ်မှတ်။

၃။ ထိုကဲ့သို့ ကိစ္စဉာဏ်ဖြင့် ဝေဘန်မှု နှလုံးသွင်းမှု ပွါးများခဲ့လျှင် ယောကျ်ား မိန်းမ တကယ်မရှိ တကယ်မဟုတ် နာမ်နဲ့ရုပ် ကေန် အစစ်ဟူ၍ ဘာဝနာသိ-သိတဲ့ ယောဂီသည် ကတဉာဏ်သို့ ဆိုက်တယ်မှတ်။

၁။ သစ္စဉာဏ်ကား နာမ်နဲ့ရုပ် ၂ ပါးကို ပိုင်းခြား၍ သိဒါမှန်ရဲ့။ လက္ခဏာတင်မှု ပေါ့ရော့တယ်။ တယောက်ထည်း စဉ်းစားမှုနဲ့တယ်မှတ်။ ပြော ဟောမှုဖြင့် အသားယူ၍ အထင်ကြီး၍ ဘဝင်မြင့်သော ယောဂီဖြစ်တတ်တယ်။ ကြပ်ကြပ် သတိပြု။ ထိုကဲ့သို့ သစ္စဉာဏ် သညာသိ-ယောဂီကို မာနထက်သန်၍ စိတ်အနေ မြင့်တက်နေလျှင် ဆရာဖြစ်သူက ဆုံးမလို့ ရခဲပြီလို့ ပုဒ်ပြတ်မှတ်။ ဆရာ့တပည့်ထဲမှာရှိတယ်။ ဘာပြုလို့ သညာသိ ယောဂီကား ဆရာတဆူ ဖြစ် နေပြီ ပညတ်နဲ့ပရမတ်ကို ထုံးလိုချေ ရေလိုနှောက် စိတ်ထင်ရာပေါက် ကိုယ် ပျောက်အတတ်ကို ရနေပြီမှတ်။ အဲဒီလို သညာသိ ယောဂီ တို့ဟာ (**မယားထိ ဒါးကြည့် လင်ထိ ဘိနပ်ကြည့်**)အပြောသိဖြစ်လို့ ရင်တွင်းပူမငြိမ်း သက္ကာယ ဒိဋ္ဌိ တမွေးကမှ မကျွတ်။

၂။ ကိစ္စဉာဏ်ကား။ နာမ်၌ ရုပ်၌ အနိစ္စ ဒုက္ခ အနတ္တ ၃ ချက်ကို ခဏခဏ တွေးတယ်၊ သုံးသပ်တယ်၊ ဆင်ခြင်တယ်၊ ဆင်ခြင်တိုင်း ဣတ္ထိ-ပုရိသ ပျောက်တယ်၊ အနတ္တလက္ခဏာကို ပိုင်ပိုင်နိုင်နိုင် သဘောပေါက်တယ်။ ဘယ်လို သဘော ပိုင်နိုင်ပါသလဲ (**ပညတ်အာရုံကိုဖယ်၍**) ပရမတ်နာမ် ပရမတ်ရုပ်ကို ဆင်ခြင်တဲ့ အခိုက်ဆင်ခြင်တိုင်း သဘောပေါက်တယ်၊ အထင်ကြီးတတ်ပုံ တမျိုး

သတိပြုကြ ယောဂီတို့။ ဆရာကိုယ်တိုင်လဲ ဖြစ်ဘူးခဲ့တယ်။ ဆရာ၏တပည့်တွေကိုလဲ ပြောတဲ့အခါ အသံထွက်ကို အကဲခတ်၍ သိရဒါဘဲ။ဆင်ခြင်တိုင်း အနတ္တသဘောကို သိခြင်းဟာ ကိစ္စ ဉာဏ်မျှသာ ဖြစ်တယ် မှတ်လိုက်။ ဝေဘန်မှုတွေးမှု ဆင်ခြင်မှု အနတ္တဆိုက်လျှင် ကိစ္စအနတ္တသာ မှတ်လေ။ဒီအဆင့်မှာဘဲ ရပ်နေကြသော ယောကျ်ား, မိန်းမ ယောဂီတွေ အများကြီးရှိတယ်။ အချို့က တဂိုဏ်းခွဲပြီး ဆရာလုပ်နေကြတဲ့ ကိစ္စဆရာတွေလဲ ရှိတယ်။ ရင်ဆိုင်ကျလျှင် ငိုရမယ်။ လင်သေရင်-မယားသေရင် တိတ်တိတ်ပုန်း အရှက်ကွဲဟတ်တယ်မှတ်။

၃။ ကတဉာဏ်ကား။ပြုဘွယ် ကိစ္စပြီးဆုံးပြီ ကိစ္စမရှိတော့ဘူး။ကိစ္စရှိသေးလျှင် အလုပ်လုပ်အုံးပေါ့။ (**ပြုလုပ်ဆဲကို-ကိစ္စမှတ်**) ပြုလုပ်ပြီးကိုကတမှတ်။ ကတဆိုက်တဲ့ယောဂီဆိုဒါက အားထုတ်မှု-လုံးပမ်းမှု-တမင်ကြိုးစားမှုမရှိချေ။ဥပမာ၊ပိုက်ဆံချမ်းသာသော ဓနရှင်များကဲ့သို့ အလုပ်လုပ်ချင်လဲ ဖြစ်တယ်၊ မလုပ်ဘဲနဲ့ ထိုင်ပြီး တမင်းစားနိုင်တဲ့ အခြေလဲရှိတယ်မှတ်။

သစ္စဆရာ- ကိစ္စဆရာ- ကတဆရာကို- စစ်ဆေး၍ ဆည်းကပ်ကြ - တိုင်ပင်ကြ- ခွဲဆို့ရင် ကယ်သူမရှိဘူး။ တပည့် ယောဂီတို့မှာလဲ သစ္စတပည့်- ကိစ္စတပည့်- ကတ တပည့်--ဟူ၍ သုံးစားရှိသည် သိခဲလေစ။ ပါးနပ်ခဲလေစ။ တချို့ယောဂီများကလဲ ဈေးရောင်း, ဈေးဝယ်နဲ့ ဆက်ဆံခြင်း။ ငွေကြေး ထောက်ပံ့ခြင်း၊ ချေးငှါးခြင်း စသည်တို့နဲ့ တရားနဲ့ရော၍ ဆရာနဲ့တပည့်ဖြစ်သည်ကို သံသရာကထွက်မြောက်ရေးထင်၍ အချိန်ကုန်ကြရ၏။ အားနာလို့ ငဲ့ညှာပြီး တွဲရသော ဆရာနဲ့တပည့်တို့ကား၊ တဏှာတွဲ ဖြစ်သောကြောင့် (**သစ္စ ကိစ္စ-ကတ**)ဉာဏ်သုံးစားမှု-လွတ်တယ်မှတ်။

**သညာသိကို-ပညာရှိအမှန်တင်-မာန်ဝင်တတ်သည်။**

ဆဋ္ဌမည ပဉ္စမ ဟောစဉ် ရပ်ပြီ။

---

**ဆဋ္ဌမည အာယတန ဟောစဉ်။**

ကျောက်သင်ပုန်း သော္တ ရေးနည်း ပုံစံ။

| | | | | | |
|---|---|---|---|---|---|
| **ဆင်း** | သံ | နံ့ | သာ | တွေ့ | တရား |
| **စိ** | နား | နှာ | လျှာ | ကိုယ် | ဘွင်စိတ် |

စာထဲအတိုင်းသိဒါ ပရိယတ်၊ ခန္ဓာမှာသိလျှင် ပဋိပတ်၊
အမြင်မှန်ကို သိပိုင်သော် ပဋိဝေဓ မှတ်လေ။

ယနေ့ည ပရမတ်တရားရဲ့အမည်ကို အာယတန မှတ်ကြ။ ဒါ ပါဠိစကား၊ ဘာသာပြန်မှာ **တည်ရာဌာန**။ ဟောဒီ ခန္ဓာကိုယ်ကြီးဟာ အာရုံခံစားရာ ဌာန ချုပ်ကြီးတခုလို့မှတ်လိုက်ကြ။ စာရွက်နဲ့ခဲတံပါလျှင် ရေးလိုက်ကြ။ **ဒီခန္ဓာကိုယ် ရုပ်-တကဲ့ဌာနချုပ်**၊ အမှုသည်တို့ကို ဖမ်းဆီး ချုပ်နှောင်ရာ ဌာန မှတ်လိုက်။ တနည်း၊ လာသမျှအာရုံ ကာမဂုဏ်တို့က ဧည့်ခံရာ ဖြစ်လို့ ကာမ ဌာနချုပ် မှတ်လိုက်။ တနည်း၊ ဘာ့ကြောင့် ဒီခန္ဓာကြီးကို ပါဠိစကားနဲ့အာယတနခေါ်ရ သလဲ။ သံသရာကို ရှေအောင် ချဲ့ထွင် တတ်လို့မှတ်။ လိုရင်းမှာ အာရုံခံလို့ မပြီးနိုင်ဒါ အာယတန။ မွေးလို့ သေလို့ မပြီးဒါ ငိုလို့ ရယ်လို့ မပြီးနိုင်ဒါ (**ငါထင်လုံး လက်ကိုင်နဲ့**) တရားဟောလို့ ကျမ်းရေးလို့ မပြီးဒါ အာယတန ဟူ၍ ပုဒ်ပြတ်မှတ်။ ယောဂီချင်းတွေလျှင် အောက်ကျ မခံကန်း ပြောပြ သဘောကျအောင်လဲ စဉ်းစား။

ယောဂီ၏ မျက်စိ နား, နှာခေါင်း, လျှာ, တကိုယ်လုံး ရင်ထဲမှာ ရှိတဲ့ စိတ်။ အဲဒီ ၆ ပါးကို အတွင်း အာယတနမှတ်။ မျက်စိကြိုက် အဆင်း၊ နားကြိုက် အသံ၊ နှာခေါင်းကြိုက် အနံ့၊ လျှာကြိုက် အရသာ၊ကိုယ်ကာယ ကြိုက် အတွေ့ဟူသမျှ စိတ်မနောကြိုက် တရားဟူသမျှတို့ကို အပြင် အာယတန မှတ်ပါ။ ယောဂီရှင်၏ ခန္ဓာကိုယ်ကို စဉ်းစား။ ခန္ဓာကိုယ်ရှိလို့ စာထဲမှာ ရေးရ တယ်၊ ရေးသမျှ အာယတန ၁၂-ပါးဟာ ဒီခန္ဓာ၌ သတိမူပါ၊ (ခန္ဓာကိုယ် မရှိလျှင် စာရေးလို့ မရဘူးမှတ်။)

ပုံစံပြထားသော အပေါ် ၆ ပါးနှင့် အောက် ၆ ပါးတို့ကို ခန္ဓာ ကိုယ်၌ ဆင်ခြင်ရမည့် ဝိပဿနာအချက်စုဟု သိထားပါ။

သံသရာချဲ့ပုံကို အနည်းငယ် ရိပ်မိကြဘို့ မျက်စိ အဘက် အာယတနကို ဟောမယ်-ရေးမယ်။ ကိုယ့်အာရုံကိုယ်တွေးထား။(**မျက်စိက**) အဆင်းကို ကြည့် ချင်တယ်, ကြည့်ရတယ်, ကြည့်ဘူးပြီ, ကြည့်ဆဲ, နောင်လဲမပြတ်ကြည့်လိုတယ်။ ဘာတွေကို ကြည့်မြင်ချင်သလဲ။ မလှသာလို့ မကြိုက်ထာကို ကြည့်မြင်ရတယ်၊ ကြိုက်ထာ သဘောကျဒါကိုမှ ကြည့်မြင်ချင်ဒါအစစ်။ (**ကြည့်မြင်**) ဆိုရာ၌ အာယတနမဟုတ်၊ မြင်စိတ် မပေါ်သေး။ စက္ခုဒွါရ ခေါ်တယ်။ မျက်စိ ပေါက်လဲ ခေါ်တယ်၊ မြင်စိတ်ပေါ်ဘူးဒါ အနန္တရှိပြီ။မြင်သော ရူပါရုံအဆင်း ကို ကြိုက်စိတ်ပေါ်ဘူးဒါများပြီ။ စက္ခုဒွါရမှာ လာ၍ပေါ်သော စက္ခုဝိညာဏ် စိတ်သည် မူလ ရှိနှင့်သော မနောဒွါရမှာ ရှိသော စိတ်တလုံး၏ ကိုယ်စားမှတ်။ ဟဒယဝတ္ထုခေါ် နှလုံးသား နှလုံးသွေး၌။တနည်း၊ နှလုံးသွေး ကျရာ၌ သွေး

စက်ကျတိုင်း ကျတိုင်း ဖြစ်လိုက် ပျက်လိုက် နေသော စိတ်ကို ဘဝင်စိတ် ခေါ်တယ်။ မြင်စိတ် ဘယ်ကလာသလဲ ဘဝင်စိတ်ချုပ်လို့ နောက်အသစ် ပေါ်သည်မှတ်။ ဤကား၊ ယောဂီ အမြွက်မျှသိရန် ရေးပြ လိုက်သည်မှတ်။ အာယတန အခမ်း၌ စက္ခုဒွါရ သောတဒွါရ ဃာနဒွါရ ဇိဝှါဒွါရ ကာယဒွါရ မနောဒွါရ ဟူ၍ ပါဠိစကားဖြင့် သိစေရာ၏။ လူပြိန်းမှတ်ဘို့ရာမှာ ကိုယ်ခန္ဓာ၌ လက်ဖြင့် စမ်းသပ်၍ ကိုင်ကြည့်ပါ။

အာယတန ၁၂-ပါးကို ရုပ်နာမ်ဟူ၍ သိပါ။ မျက်စိပေါက်, နားပေါက်, နှာခေါင်းပေါက်, ကိုယ်ပေါက် ငါးပေါက်ရှိ အသားဆိုင် အသားခဲ ဟူသမျှကို ရုပ်မှတ်။ နှလုံးသားမှာ ဖြစ်စေ၊ ငါးဒွါရမှာဖြစ်စေ၊ ခဏ ခဏ ပေါ်လိုက်, ပျောက်လိုက် ဘဝင်စိတ် ဝိထိစိတ်တွေကို နာမ်ဟူ၍ မှတ်။ ရုပ်ဒွါရပေါက် ၅၊ နာမ် ဒွါရပေါက် ၁၊ ပေါင်း ဒီခန္ဓာမှာ အပေါက် ၆-ပေါက်မှတ်လိုက်။ မိမိ၏ မျက်စိဖြင့် မိမိကိုယ်ကို ကြည့်သော် မြင်တယ်၊ မြင်လျှင် ဤရုပ်သည်ပင် အဆင်းမှတ်။ မိမိရဲ့ နားနဲ့ မိမိအသံကို ကြားရသဖြင့် ဤ ရုပ်သည်ပင် အသံ ဖြစ်နိုင်တယ်။ ဒီရုပ်မှာ အနံ့ ရှိတယ်၊ အရသာလဲရှိတယ်၊ အတွေ့ဖောဋ္ဌဗ္ဗလဲ ရှိတယ်။ **(ဓမ္မတရားခေါ်)**ဤ ကိုယ်ခန္ဓာမှာ ရုပ်ဓမ္မနှင့် နာမ်ဓမ္မလဲ ရှိတယ်မှတ်။

အဆင်း, အသံ, အနံ့, အရသာ, တရား၊ ထို ၆-ပါး အာရုံတွေလဲ ဤခန္ဓာမှာ မှတ်။ ဤခန္ဓာမှာ အာယတန ၁၂-ပါး ဟူ၍ သိခဲလှ၏။ဘာ့ကြောင့် အချို့တရားပြ ဆရာတွေ ဟောပုံ ရေးကြပုံမှာ စက္ခု- သောတ, ဃာန ဇိဝှါ ကာယ မနော ထို ၆ ဒွါရသည် ခန္ဓာမှာရှိတယ်။ ရူပ, သဒ္ဒ ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မ ထို ၆ ပါးသော အာရုံ တို့သည် ခန္ဓာမှာ မယူကြ အပြင်ဘက်ကိုသာ ယူတယ်။ ဆရာနဲ့ သဘောချင်းလွဲတယ်။ အတွင်း အာယတန, အပြင်အာယတနဆိုပေမဲ့ မိမိ၏ ခန္ဓာမှာသာ ယူရမယ်။ ဘာ့ကြောင့် အချုပ်မှာ ခန္ဓာကိုယ်၌ ဝိပဿနာ ဆင်ခြင်သော်၊ အာယတန ၆-ပါး မဟုတ်၊ ၁၂-ပါး မှတ်ကြ။ အဆင်း, အသံ, အနံ့, အရသာ, အတွေ့ ဤငါးပါးကို ရုပ်ဆိုတယ်။ **(တရား)**ကွက်၌ ရုပ်ဓမ္မနဲ့ နာမ်ဓမ္မ ၂-ပါးဟူ၍သာ မှတ်ထားနိုင်အုံး။

---

## မျက်စိဒွါရ-သမုဒ္ဒရာကို ဟောမယ်။

ဝိပဿနာ တရားဆိုဒါက ပရိယတ်ကိုအခြေပြု၍ ဟောရ-ရေးရမယ်။ သို့မှ ပဋိပတ်ဖြစ်မယ် မှတ်ကြ။ ခန္ဓာကိုယ်မှာ အာရုံပြု၍ တရားနာကြစေ့။ မျက်စိဒွါရမှာ လာသမျှအာရုံတို့ကို ခံစားဘူးကြပါတယ်။ ဝိပဿနာဉာဏ်ဖြင့် မျက်မြင်လက်တွေ့ မျက်စိအပေါက်ကို မှန်ထဲမှာကြည့်၊ လက်နဲ့စမ်းသပ်ကြည့် ရှာ၊ ဘာ

အာရုံမှ မရှိဘူး ယောဂီတို့။ မျက်စိပေါက် ခေါ်သော အသားဆိုင် ရုပ်သည် မပြတ်, ပျက်နေလို့(စက္ခုံအနိစ္စံ)ဆိုတယ်။ အသားဆိုင်ရုပ်အစုဟာ ဘေးပေါင်း အစုံတို့၏ တည်ရာဌာန ဒုက္ခမှတ်။ (စက္ခုံဒုက္ခံ)ဆိုတယ်။ အဲဒီ အသား ရုပ်ဟာ မျက်စိလို့ ခေါ်တယ်၊ နာမပညတ် အရှင်းမရှိ။ ယောကျ်ားမျက်စိ-မိန်းမမျက်စိ အရှင်းမဟုတ်။ ဒါ့ကြောင့်(စက္ခုံ အနတ္တံ)ဆိုတယ်။ မိမိ၏မျက်စိအတွက် ရူပါရုံ ဟူသမျှတို့တွင် လိုက်စားနှစ်သက်မှု အလိုအရှိဆုံးကား၊ ယောကျ်ားရဲ့ မျက်စိမှာ မိန်းမရဲ့အဆင်း ဖြစ်တယ်။ မိန်းမရဲ့မျက်စိမှာ ယောကျ်ားရဲ့အဆင်း ဖြစ်တယ်လို့ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဘုရားဟောတော်မူတယ်။ တွေးကြည့်ကြလေ။ မျက်စိ အတွက် ကြည့်မြင်လို့-ကြိုက်လို့ အားမရနိုင်သဖြင့် ယောဂီ၏ မျက်စိတံခါးဝကို သမုဒ္ဒရာတစင်းဟူ၍သိပါ။ ကြောက်ပါ၊ လန့်ပါ။ နားပေါက်, နှာခေါင်းပေါက် လျှာပေါက်,ကိုယ်ပေါက်, စိတ်ပေါက် ပေါင်းတံခါးဝ ၆-ခုကို သမုဒ္ဒရာ ၆-စင်း ဟူ၍မှတ်ပါ။ခန္ဓာကိုယ်ကြီးကိုပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမလို့ ယူစွဲထား လျှင် အတ္တဒိဋ္ဌိ အန္ဓာရဲသား မှတ်၊ အာရုံတို့ကို ကျက်စားရာဌာန အာယတန သဘောအစစ်လို့ သိမြင်အောင် ဆင်ခြင်ကြ။

ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ-အားဖြင့် ကာမဂုဏ် ငါးပါး မှတ်။ ဓမ္မာရုံထည့်၍ ကာမဂုဏ် ၆ပါးမခေါ်နဲ့၊ အာရုံ ၆-ပါးခေါ်ကြ။ ဘာ ပြုလို့(**ဓမ္မာရုံ**)အချက်၌ ရှင်းပြမယ်။ ကုသိုလ်နဲ့ အကုသိုလ် ၂ မျိုးကို လူပြိန်းသိ ဓမ္မာရုံမှတ်။ (**နာမ်-ရုပ် နိဗ္ဗာန်**)ဟု ၃-မျိုးကို အရိယာ အလောင်းတို့နဲ့အရိယာ အရှင်မြတ်တို့ သိထားသောအာရုံ ဖြစ်တယ်။ ဓမ္မာရုံထဲမှာ နိဗ္ဗာန်ပါဝင်နေတယ်။ တရားအမှန်တိုလဲ ပါဝင် ရောနှောနေသောကြောင့် ကာမဂုဏ် ၆-ပါး မဆိုရ၊ ပုဒ်ပြတ်မှတ်။ (သရုပ်ကွဲခဲလေစွ။) သိန်းထိ ပေါက်သောခေတ်၌ ဥပမာပြောပြ ရလျှင် ပေါက်စဉ်ဂဏန်း ၆-လုံးရှိတယ်။ရှေ့ဆုံး ၅-လုံးနဲ့ ဂဏန်းချင်း တိုက်ဆိုင် တယ်။ နောက်ဆုံးဂဏန်း တလုံးနဲ့ လွဲလျှင် အရှင်း ထီမပေါက်။ ၁-လုံးလွဲလို့ မပေါက်လျှင် ၅-လုံးနဲ့ ကိုက်ညီပေမဲ့ အားမရကြနဲ့။ ဘာ့ကြောင့် နောက်တလုံး လွဲသဖြင့် ရှေ့ ၅-လုံးနဲ့ တိုက်ဆိုင်သမျှ အကျိုးမဲ့ မှတ်လေ။ တလုံးလွဲသူနဲ့ ထီ အရှင်းမထိုးသူနဲ့ အတူတူမှတ်၊ မတူတဲ့အချက်ရှိသေးတယ်။ ထီ အရှင်းမထိုးတဲ့ သူက ထီနှင့်ပတ်သက်၍ ဇောစောမှု,အားရမှု, ဝမ်းနဲမှု လုံးဝမရှိ။ ထီထိုးပြီးမှ နောက်ဆုံးဂဏန်း ၁-လုံးလွဲသော်။အဲဒီလူပါးစပ်က တဖြစ်ဖြစ်ပြောလို့မပြီးဘူး။ တအိမ်သားလုံး စိတ်ဆင်းရဲကြမယ်။နဲနဲလိုတယ် တလုံးထဲ လွဲတယ်။ အိပ်မက် မက်တာ အလကားဖြစ်ထာပါဘဲနဲ့၊ တော်တော်နဲ့ ပြောလို့မပြီး၊ ထီနဲ့ပတ်သက် တဲ့စိတ် ငရဲကြီးသွားဘီ ယောဂီ။

## သိန်းထီနဲ့ ဓမ္မာရုံ။

နိဗ္ဗာန်ရကြောင်း တရားကောင်းကို ရှာဘွေကြသော လူရှင်အပေါင်း အရိယာ အလောင်းတို့ သတိပြုကြစေရာ။ ရှေ့က ၅-လုံးသော ဂဏန်းနဲ့တူတဲ့ ကာမဂုဏ် ငါးပါးကို ဂဏန်းချင်း တူ-မတူ တိုက်စရာမလို။ ငါ-နဲ့သူ ကာမဘက်က ဂဏန်းမှာ တူကြပြီ။ နောက်ဆုံး တရားအစစ်ဆိုသော ရုပ်ဓမ္မနဲ့ နာမ်ဓမ္မကို သိသော ဓမ္မာရုံ ဂဏန်း ၁-လုံးတူရဲ့လား။ ကိုက်ညီရဲ့လား။ တနည်း၊ နောက်ဆုံးအခါရုံ ဓမ္မာရုံအကွက်၌ ပါဝင်သော နိဗ္ဗာန်တရားမြတ် ဂဏန်းတလုံးကိုကော ရရဲ့လားလို့ (သံသရာ မမျောက်ချင်လျှင် ခန္ဓာပေါက်စဉ်ကို တိုက်ကြပေတော့)လို့ သတိပေးလိုက်ဘယ်။ ဓမ္မာရုံကို ဓမ္မာယတနမှတ်လိုက်။ ယခုရေးဒါ ဓမ္မာယတနကို ရေးဒါမှတ်။ ရုပ်ဓမ္မ နာမ်ဓမ္မသာ ရှိတယ်လို့ ဓမ္မာရုံတရား အစစ်ကို ရလျှင်ပိုင်လျှင် ရူပ-သဒ္ဒ-ဂန္ဓ-ရသ-ဖောဋ္ဌဗ္ဗဆိုသော ကာမဂုဏ် ငါးပါး စလုံးပင်. ဓမ္မာရုံတွေချည်း ဖြစ်ရမယ် ယောဂီ။ ပုထုဇန်မှာ ကာမဂုဏ်နဲ့ဓမ္မာရုံ ၂-မျိုး၊ ကျပ်ပြည့် အရိယာမှာ နေရာတိုင်း ဓမ္မာရုံတမျိုးထဲမှတ်။ ပုဂ္ဂလမပါစေနဲ့ ဓမ္မကိုရှာလျှင် ဓမ္မကိုသာရ ဓမ္မာရုံ ဖြစ်ကြရမယ် ပုဒ်ပြတ်မှတ်။ (ကာမနဲ့·ပုဂ္ဂလ အတူတူ)

ဆဋ္ဌမည အာယတန ဟောစဉ် တော်ပြီ။

---

## ငနိခံ-နိဂုမ်းသတ်။

ကိုင်းယနေ့ည အာယတန ပရမတ်ညမှာ နိဂုမ်းသတ်ကို တသက်စာပါအောင် ဟောမယ်၊ ကျကျနန တလုံးမကျန်ရအောင် နားထဲကို ထည့်သွားကြ။ဝိပဿနာ ပညာစခမ်းဆိုဒါ လက္ခဏာ ၃ ချက်ကို သိထားရမယ်။ အနိစ္စတချက် ဒုက္ခတချက် အနတ္တတချက် ဒီ ၃-ချက်မှာ တချက်ကို သဘောပေါက်လျှင် ၂-ချက် ပါဝင်တယ်လို့ သိထားကြ မငြင်းကြနဲ့။ အာယတန အခမ်းမှာ ဦးနီ၏ ပုံဥပမာဖြင့် ယောဂီတို့၏ ကိုယ်ခန္ဓာနဲ့ဟပ်၍ ဒုက္ခအချက်ကိုကွက်ကွက် ကွင်းကွင်း ပေါ်လွင်ဘို့ မှတ်ကြရမယ်။ ရုပ်ပေါ် နာမ်ပေါ်၌ အင်ခြင်ရဲ့ ဒုက္ခသစ္စာကို ပညတ် စကားနဲ့ဘဲ သိစေရန် ဟောပြ ရေးပြမယ်။ ဆရာတို့၏ နေရပ်ဌာန၌ ဦးနီရယ်လို့ အသက် ၆၀-ခန့် အဘိုးကြီးရှိတယ်။ ဝိပဿနာ ရယ်လို့ မခေါ်တတ် မပြောတတ်ပေမဲ့ ပါးနပ်သော တရားဝင် အသိဉာဏ် ရှိကယ်။ ဆရာ၏ နေအိမ်၌ နေ့ညမရွေး အခါအားလျော်စွာ တရား လိုက်မေးကြသော ယောဂီတွေ အနဲဆုံး ၃ ယောက် ၅ ယောက် အမြဲလိုလို ရှိတယ်။ ထိုစဉ် အခါက ဆရာသည် အသက် ၃၅-နှစ်ခန့်သာရှိတယ်။ ဝိပဿနာ ပျက်ကို ရစ အချိန်ဖြစ်တယ်။ ဆရာကလဲ ယောဂီတပည့် ကြီးငယ်တို့ကို အခါ အချိန်မရွေး အမြဲ ဟောပြောလေ့ရှိတယ်။အပိုင်းရပ်ကွက် အဝေးမှာ နေသော ဦးနီက ဆရာ၏

ပညာ အရည်အချင်းကို တရှာတည်း နေသောကြောင့် သိပြီးဖြစ်တယ်။ဟုတ်ရာ မှန်ရာ ယထာဘူတဉာဏ်ကို လိုရင်း အတိုချုပ် သိပိုင်ပြီးသော ဦးနီသည် ဆရာ၏ နေအိမ်သို့ ၃-ရက် ၄-ရက် တခါတရံ နေ့စဉ် နာရီဝက်ခန့် လာလေ့ ရှိတယ်။ တခါတရံလဲ နာရီဝက် အကြာဆုံးနေတယ်။ များသော အားဖြင့် ၁၀-မိနစ် ၁၅-မိနစ်ခန့် နေဒါများတယ်။ အိမ်သို့ လာတိုင်း လိုရင်းအတိုချုပ် စကားကို မထိုင်ဘဲ မတ်တတ်ရပ်၍ ပြောလေ့ရှိတယ်။ ဦးနီလာရင် ဆရာ၏ တပည့်များ ကလဲ ဝမ်းသာကြတယ်၊ ဘာ့ကြောင့်ဝိပဿနာစကား အကျယ် ရှေရှေမပြော ဘဲနဲ့ လူပါးစကား ထိပ်စီးစကား လိုရင်း အမြွက်စကားများကိုသာ ပြောသွား သဖြင့် မိမိတို့ အားထုတ် လေ့လာ ထားသော ဝိပဿနာ တရားတွင် **(လိုရင်း ကောက်နုတ်ချက် အဆစ်အပိုင်း)** ကျသည့်အတွက် ဦးနီမလာဒါကြာပြီ လာစေ ချင်တယ်လို့ တောင့်တကြရတယ်။

---

## သံဝေဂဒုက္ခ-ဦးနီရဲ့လောက။

ဦးနီရောက်လာတီ ခါးကုန်းကုန်းနဲ့ ခေါင်းဘုံး မျက်နှာဝိုင်းဝိုင်း မျက်လုံး မျက်တောင် ကောင်းတယ်၊ စကား ပြောလျှင် သွားပေါ်ပေါ် ပြုံးစိစိ ပင် ကိုယ်ရပ် လက် ၂ ဘက် နောက်ပစ် ခါးထက်၌ လက်ချောင်းချင်း ချိပ်၍ နေလေ့ရှိတယ်။ ဦးနီ ပြောပုံ ဆရာ၏ တပည့်တွေရဲ့ နာမည်တို့ကို ခေါ်ပြီး ပြောလေ့ရှိတယ်။ ဟေ့ဗိုလ်ကြီး ဘာလုပ်နေကြသလဲကွဲ့။ နေဒွန်းလဲရောက်နေ ပလား၊ ဟိုဘက်က ထိုင်နေဒါက မောင်လွင့်လား။ အံမယ် ဘိုးလိပ်ကြီးက ဝိပဿနာဝိုင်းများ ဝင်နေပလားကွဲ့ စသည်ဖြင့် ပဋ္ဌမစကားချီတယ်။ ဆရာ၏ တပည့်များက ခရီးဦးကြိုဆိုကြ၊ နေရာပေးကြတယ်။ ဦးနီထိုင်ပါဗျ ထိုင်ပါ အုံး။တရားပြောပါအုံး။ဦးနီ ပြောဒါ သဘောကျလွန်းလို့ကျွန်တော်တို့က ဦးနီ ပြောတဲ့ **(ပေါက်လုံး)**တို့ကို ခဏ ခဏ သတိရလို့ တ,တ နေကြတယ် ခေတ္တ ထိုင်စမ်းပါ။ ဦးနီပြောတယ် မင်းတို့က ဆရာကောင်းတပည့် ပန်းကောင်း ပန် တွေဘဲ ဦးနီက ပြောစရာမလို၊ မင်းတို့ ပြောတာ နာချင်လို့ နည်းယူချင်လို့ လာဒါကွ။ ဦးနီကို အသိဉာဏ် တကယ် ရှိမှန်းသိလို့ ဦးနီမခေါ် အဆီဘူးကြီး လာဘီလို့ကျွန်တော်ကပြောပါတယ်။ မောင်လွင့် တယောက်က အဆီဘူးကြီးလို့ ခေါ်လေ့ရှိတယ်။ ။ဒါ့ကြောင့် ဦးနီသိသမျှ အမိန့်ရှိစမ်းပါလို့ ယောဂီ မောင်လွင့်က တရားတောင်းတယ်။ ။ဦးနီက ပြောပုံတမျိုး ခေတ်မသိလျှင် တရား မထင်ဘူး။သိတဲ့လူကမှ ဦးနီပြောဒါဟာ တကဲ့တရား အနှစ်ပါကလား လို့တဖြေးဖြေးအတွေးပေါက်ကြတယ်။ ။ဦးနီ၏ ပြောချက်-မင်းလိုတော့ ပညတ် တွေ ပရမတ်တွေ ရုပ်တွေ နာမ်တွေ အဋ္ဌကလာပ်တို့ မဂ္ဂင်တို့-စသည်ဖြင့် ရှေရှေ

ကြီး မသိပါဘူးကွယ်။ ဦးနီ သိဒါကတော့၊ ယခု မင်းတို့အပိုင်း ရပ်ကွက်သို့ မနက်တိုင်းလာရတယ်၊ မလာမဖြစ်ဘူး။ ဘာပြုလို့ ငနီခံဘဲ။

---

## ငနီခံ လောက-ခန္ဓာဒုက္ခ။

ယောဂီတွေက မေးကြတယ်၊ ဒီအပိုင်းကို လာရဒါ-ဘယ်နှယ် ငနီခံလဲဗျ၊ အရင်းမရှိ အဖျားမရှိ ဦးနီစကားက ငုံးတိတိ-ဖွင့်ပြောပါ။ ။အိမ်မှာ-သားကလေးတယောက် ငလုံးရှိတယ်၊ သမီးတယောက် အေးစိန် ရှိတယ်၊ မင်းတို့ အပိုင်းကို သမီးကလေးက ဈေးရောင်းရတယ်ကွဲ့၊ မျစ်ရောင်း-ဒညင်းသီးရောင်း-သခွါးသီးရောင်း သင့်ရာရောင်းရတယ်၊ သားအကြီး လှဘော်က မင်းတို့အပိုင်းမှာ အိမ်ထောင်ကျနေဒါ သိကြသားဘဲ၊ အဲ လှဘော်က အေးစိန် ရောင်းရတဲ့ ပိုက်ဆံ ၁၀-၂ ရဒါကို ဒိ-ကို နှိုက်ယူလိုက်တယ်၊ သမီးက ငိုပြန်လာတယ်၊ သမီးမငိုနဲ့ သူနှိုက်ထိုက်လို့ နှိုက်ယူဒါပဲ့ ယူပစေ ငနီခံလိုက်။ ။နားထောင်ကြ မင်းတို့ ဝိပဿနာယောဂီ လူပါးတွေဘဲကွဲ့၊ လွန်ခဲ့သော ၅-ရက်လောက်က ဆန်၅-ပြည် ဝယ်ထားတယ်၊ သားအဖ ၃-ယောက် ၄-ရက် ၅-ရက်ခန့် စားရဘို့၊ မနေ့က ညော့်သည် ၄-ယောက် သေတဲ့မိန်းမငွေနုနဲ့ အသိမိတ်ဆွေတွေ ငါးချဉ် ရောင်းရအောင် အိမ်ရောက်လာတယ်။ အဲဒီဆန်နဲ့ ထမင်းချက် ကျွေးရဒါပေါ့။ စားသောက် ရောင်းချပြီး တောပြန်သွားကြတယ်။ သားကလေး ငလုံးက အဖေ-ကျွန်တော်တို့ နက်ဖြန် ချက်ဘို့ ဆန် မရှိတော့ဘူးတဲ့။ ငိုသံပါနဲ့ ပြောတယ်၊ ညော့်သည်တွေ စားသွားလို့ကုန်ဘိ အဖေရဲ့။ ။ဟဲ့-မပြောနဲ့သား အိမ်နီးချင်းကြားမယ် တိတ်တိတ်နေမောင်။ အဖေရှာမယ်၊ ဆန်မရှိ ငနီခံပေါ့။ ဘာ့ကြောင့် မင့်တို့အမေ ငါက ယူမိတယ်။ မင့်တို့ရဲ့ အမေနဲ့သိတဲ့ ငါးချဉ်သည်တွေ စားထိုက်လို့ စားဒါကွဲ့ အောင့်သာခံ ငနီခံမှတ်လိုက်။

ဦးနီ ပြောစကားကို ကြားရတော့။ တချို့ယောဂီများက ရယ်သာရယ်ကြတယ် တရားမှန် မသိကြဘူး။ ။ဦးနီက ဟော့-နေ့ဒွန်း မရယ်နဲ့ကွဲ့၊ မင်းတို့လို သမ္မာဒိဋ္ဌိတွေ, ဝိဇ္ဇာဉာဏ်တွေတော့ မပြောတတ်ဘူးကွဲ့ နားထောင်။ သမီးက တနေ့ကျတော့ တိုင်ပြန်တယ်။ ။အဖေ-အကိုလှဘော်ရယ် ကျမဆီက ငွေ ၅-ကျပ်ကို ခဏပေးစမ်းပါဆိုပြီး တောင်းသွားတယ်။ ညနေ ယာပေးမယ်ဆိုပြီး ယနေ့ပါနဲ့ ၃-ရက်ရှိပြီ၊ ခုမနက် ငါးဝယ်ဘို့ မရှိဘူး။ ။အေး ယူပ်လိုက်ကွဲ့ လူရှုပ်ရဲ့။ ဟဲ့-သမီး လှဘော်ဟာ ငါမွေးဒါကွဲ့၊ ကောင်းကင်က ကျလာဒါ မဟုတ်ဘူး။ နင့်အမေ ငွေနုရဲ့သားအစစ်၊ ငွေနုမွေးထားခဲ့ဒါ ဟရှာလုံးမေးကြည့်၊ သား အကြီးဆုံး ဖြစ်တယ်၊ သူက-ဆိုင်လို့ယူဒါ ယူပေစေ၊ မပူ အဖေရှာမယ် ငနီခံ။ ဘယ့်နှယ်လဲဟေ့ ယောဂီတွေ သဘောပေါက်ကြရဲ့လား။

## ဦးနီရဲ့လောက-ဘုန်းကြီးပျံ ကိစ္စ။

ဒို့မှာ ငွေနုသေသွားဒါ ၁၀-နှစ်လောက်ရှိပြီ၊ ပိုက်ဆံမရှိတဲ့လူဆိုတော့ အိမ်မှာ နေရတယ် မရှိဘူး။ တညအိပ် နှစ်ညအိပ် လှေကလေးနဲ့ လှော်ပြီး ခရီးသွားရတယ်။ ပြောင်းဖူး, ခရမ်းသီး စသည်ဖြင့် ဝယ်ရတယ်၊ အိမ်ပြန်လာ ခလေးတွေကို မင်းတို့အပိုင်း ဈေးရောင်းခိုင်းတယ်၊ ရတဲ့ပိုက်ဆံ သား-လှေဘော်လူရှုပ်က-နှိုက်ယူ။ ဟေ့-ဗိုလ်ကြီး မင်းတို့လို ပညတ်ဖယ် ပရမတ်ကို ဘယ်လိုလုပ်မှ ဘယ့်နှယ် လုပ်ရင် ဘယ်လိုဖြစ်မယ်။ ဒါမျိုးတွေကို ကော်လို့ ကပ်လို့ မပြောတတ်ဘူးကွဲ့။ ငါသိဒါကဲတော့ သားသွီး မလိမ္မာတော့ ဘသူခံရမလဲကွဲ့ ပြောကြစမ်းပါ ယောဂီတို့ရဲ့။ ငနီမခံလို့ ဘသူလာခံမလဲကွ အဲဒါလောကမှတ်။ မနေ့က လာပြန်တယ်တထုံး။ အထက်ပိုင်း ဘုန်းကြီးကျောင်းက လာခေါ်လို့ လိုက်သွားရသေးတယ်။ ကိစ္စက ဒို့ရွာက ကိစ္စမဟုတ်၊ ဟိုမြန်အောင်က ဘုန်းကြီးတပါး ပျံတော်မူသတဲ့၊ အဲဒီ ကိစ္စကို ဂိုဏ်းဂဏချင်းတူလို့ တကာနီက ဝတ္ထုငွေ ငါး ကျပ်လောက်လှူပါ။ အကျိုးကြီးပါတယ်တဲ့၊ လုပ်လိုက်ဟဲ့ ကဲ-မောင်လုံး ရော့-ယူသွား ငါးကျပ် လုပ်ပစေ-ခံသာခံ မရှိငနီရှာမယ်။ (ယောဂီများက-ဦးနီပြောသွားတဲ့စကားတွေကို တခိခိရယ်ကြရတယ်။) ဦးနီကို ကိုဘိုးလိပ်ကြီးကမေးတယ်။ နေပါအုံး ဦးနီရဲ့၊ မြန်အောင်မြို့က ဘုန်းကြီး ပျံတော်မူဒါကို ဘာဆိုင်လို့လဲဗျ။

အေး မင့်အမေးနဲ့ မင့်အတွေးကတော့--မဆိုင်ဘူးပေါ့။ သူတို့ရဲ့ ဝိနည်းက-ပျံတော်မူတဲ့ ဆရာတော်က(ဂဏပါမောက္ခ)ဖြစ်လို့ပါတဲ့ ကိုယ့်ရွာက ဘုန်းကြီးကို ကိုယ်က မကင်းတော့ ကိုယ့်ဘုန်းကြီးက ဆက်သွယ်တဲ့ ဂိုဏ်းတွေလဲ ငနီရဲ့ ဂိုဏ်းပေါ့ကွ မောင်ဘိုးလိပ်ကြီးရဲ့။ မင်းမပါးသေးပါဘူး။ ဒါနဲ့တောင် အနတ္တ ဆိုက်လျှင် သောတာပန်ဖြစ်တယ်၊ ပညာ အသိဉာဏ် မပိုင်လျှင် အရိယာ မဟုတ်ဘူးဆို၊ ကဲ-အဲဒီ ဘုန်းကြီးလုပ်ထာဖယ်ပါ။

---

## ဦးနီရဲ့လောက-နေရပ်ကိစ္စ။

ကိုင်း- မင်းတို့သိတဲ့ ဝိပဿနာ- အသိ အလိမ္မာဘက်က ပြောကြလကွာ ငါ နားထောင်ပရစေ။ မင်းတို့မပြောငါပြောမယ်၊ မနေ့က နေ့လည် ဒို့အပိုင်းက-ကာလသားတွေက ပိုက်ဆံလာခံကြတယ်။ ဘယ့်နှယ်လဲကွ မောင်တို့ရဲ့ မင်းတို့လက်က ခွက်ထဲမှာ ပိုက်ဆံတွေ တချွမ်းချွမ်းနဲ့ ဘာကိစ္စလဲ ကျွန်တော်တို့ရပ်ကွက်က အတီးဝိုင်း ထောင်ကြမလို့။ ကိုလုံးအတွက် ကာလသားရေးရာ အဖွဲ့ဝင်ဖြစ်တယ် ငါးကျပ်ထည့်ပါ၊ ခက်တာဘဲ ငွေနုတော့ သေသွားဘီ- အေးသွားတယ်၊

သွားလဲ ငနီဘဲ၊ ဆန်မရှိလဲ ငနီဘဲ၊ ထင်းမရှိရင်ကော ဘသူလဲ။ ဟောဒီ အသေကောင်ကြီးဘဲ ငါးဝယ်သွားရင်လဲ ဒီငနီပေါ့ကွ။ ဒါ့ကြောင့် ငနီခံလို့ ပြောပါတယ်ကွယ်။ ဒို့အပိုင်းက - လူကြီးတွေက ယခုတော်သလင်းလပြည့် ဥပုသ်နေ့မှာ (ကြေးခွဲတယ်) ဘယ့်နှယ်ဥပုသ်စောင့်ရင်း ကြေးခွဲရသလဲဗျ၊ ဘာကြေးလဲ မင်းတို့ နားမလည်ပါဘူး၊ ဒို့အပိုင်းကလူကြီးဘိုးဆယ်တို့ အောင်လှတို့ပေါ့ကွ၊ ကိုရွှေဦးလဲ ပါတယ် (**ကထိန် ကထိန်**) တန်ဆောင်မုန်းလမှာ ကထိန် ခင်းမယ်တဲ့။ ။ဦးနီက ဘယ်လောက်ထည့်ရသလဲ၊ ။၁ဝ ထည့်ရမတဲ့ကွာ။ ငါ့မှာ-ခလေး ၂-ယောက်နဲ့အင်မတန်ဆင်းရဲတဲ့ ပုဆိုးဘိုး-အဘိုးအိုကြီးပါကွယ်၊ ၅-ကျပ်လုပ်ကြပါလို့ ပြောရတယ်။ ဒါနဲ့ မပြီးသေးဘူးလကွဲ့၊ ဥပုသ်ထွက်တော့ အိမ်ကို ပိုက်ဆံ အလှူခံလာကြပြန်တယ်။ ဘယ့်နှယ် မောင်ဘိုးဆယ် ပေါင်အောင်လှ ဦးရွှေဦးတို့ ဘာကိစ္စ အလှူခံ ထွက်လာကြပါသလဲလို့ မေးတယ်။ ။ကထိန်အတွက်ပါဘဲ။ ။နေပါအုံး ဥပုသ်နေ့က ပြောတဲ့အတိုင်း ငွေ ၅ ကျပ်လား။ အဲဒီငွေ ၅ ကျပ်လဲ ယူရမယ်။ နောက်ထပ် ၅ ကျပ်လဲ့ တိုးပါအုံး။ ။နို့ မင်းတို့ကို တောင်းပန်ပြီး ၅ ကျပ် ထည့်ပရစေလို့ ပြောခဲ့တယ် မဟုတ်လား။ စာရင်းပြန်ကြည့်ကြပါအုံး။

ဦးနီပြန်သွားတဲ့နောက် ဥပုသ်နေ့ည ၈ နာရီအထိ ကထိန် အတွက်ကို ဝေဘန်ကြပြန်တယ်။ အခြား အပိုင်း ရပ်ကွက်ရှိ ကျောင်းတိုက် အတွင်း ကထိန်ခင်းကြဒါက ဇာတ်ပွဲ ရုပ်သေးပွဲ တခုခု ပါကြတယ်။ ဒို့ကျောင်းက ပွဲအရှင်း မပါတော့ အချောက်တိုက် ကထိန်ဖြစ်တယ်။ ပွဲပါရင် ကထိန် စည်ကားမယ်။ မပါရင် မစည်ကားဘူး။ တဘက်က ပွဲဘိုး ပိုက်ဆံ တိုးခံမယ်။ တဘက်က ဒီနှစ်ရွာ ဆင်းရဲတယ်။ လယ်ကွေ့ ရေမြုပ်တယ်။ နှစ်စဉ်မပျက်မကွက် ကထိန်ခင်းဖြစ်ရင် တော်ပြီ။ ဒါဖြင့် မဲခွဲလိုက်။ မဲခွဲတယ်။ ပွဲမထည့်ဒါကို သဘောမကျတဲ့ ဥပုသ်သည်တွေက မဲဦးရေ ၅ဝ ကျော်ရှိတယ်။ ပွဲပါမှ ကထိန် စည်ကားမယ် သဘောကျတဲ့ဘက်က ၁ဝ-မဲလောက်ရှိတယ်။ ဦးနီက မေးတယ်၊ ဒါဖြင့်ပွဲမပါတော့ဘူးပေါ့။ ပွဲပါတယ် ဒါကြောင့် ပွဲအတွက် ၅ ကျပ် တိုးထည့်ပါအုံး။ "ဟိုက်"ဘယ့်နှယ်ဟာလဲ မဲလဲရှုံးတယ်။ ပွဲလဲပါတယ် ဆိုဒါ ရင်းပြ။ ခက်တယ် ဦးနီ၊ ဘုန်းကြီးကို ကြည့်လိုက်တော့ မျက်နှာမသာဘူး၊ မဲလဲရှုံးရော၊ ဘုန်းကြီးလဲ အခန်းထဲ ဝင်သွားတယ်။ ဒါဘာဖြစ်သလဲကွဲ့။ ဘုန်းကြီးစိတ်မကောင်းမှန်း သိတော့ အခန်းထဲ ဝင်လိုက်သွားကြတယ် အကဲခတ် နေကြတယ်။ ။ဘုန်းကြီးက ပြောပုံ၊ ရွာလဲဒီနှစ်ဆင်းရဲတယ်။ မင်းတို့ကထိန်ဟာ မလုပ်ချင်လဲ

နေကြ။(ထွီ)လို့ တံထွေး ထွေးပြီး အခန်းပြင် ထွက်သွားပြန်တယ် ဒါကြောင့် ပွဲမပါရင် ဘုန်းကြီး စိတ်မကောင်းမှာစိုးလို့ မနိုင်တဲ့ဘက်ကဘဲ (ဖုန်းတံထွေး **အတွက်**) အရှုံးပေးပြီး ပိုက်ဆံခံ ထွက်ခဲ့ရတယ်ဗျ။ နောက်ထပ် ၅ကျပ် ပါနဲ့ ၁၀။ လုပ်လိုက်ကွဲ့။ လုပ်သာလုပ် ငနီတော့ ခံဘက်ကဘဲ။

---

## ယောဂီများက သဘောကျလို့ ရယ်ကြတယ်။

ဘယ့်နှယ် မင်းတို့သိတဲ့ ပရိညာတွေ ပြောကြပါအုံးကွ။ (အနိစ္စာတော၊ အယံလောကော)ဆို ပြောကြပါကွဲ့ သောတာပန်ဂိုဏ်းရဲ့ ပင်းကို စဉ်းစားကြည့် ဒီရွာမှာ ငနီလူလာဖြစ်တယ်။ ဒီရွာကို အလိုလိုက်ရမယ်။ ဒီကျောင်း ကိုးကွယ် တယ်။ ဒီဆရာ့ရဲ့ စကား နားထောင်ရမယ်။ ဒီရပ်ကွက် အပိုင်းမှာ နေတယ်။ ဒီရပ်ကွက်အပိုင်းရှိ လူတွေ စီမံသလို ခံရမယ်ကွ။ငနီက မမှုးတဲ့သား လူဘောက်က ပိုက်ဆံချေးတယ်။ပြန်မဆပ်။နောက်တပ်အိမ်ပေါ်တက်ပြီး ယူချင်ဒါတွေ ယူသွား တယ်။ လူဘောက်လုပ်ချင်သလိုလုပ်၊ ငနီခံပေါ့။ မနက်မိုးလင်းရင် သူတောင်း စားကလာလို့ ထည့်လိုက်ဆန်၊ ဘိုးသူတော်ကလာ၊ မယ်သီလရင် တော့ကလဲ အိမ်ရှေ့လာရပ်။(**ဒါနရှင်များ**)၊အသံကြားရတော့ ထည့်လိုက်၊ ဝယ်ကားတဲ့ ညှာ တနပ်ချက်မဲ့ဆန်ဟာ ကုန်ပစေကွ။ နေစမ်းပါအုံး ဦးနီရဲ့။ တွန်းမပြောပါနဲ့၊ ဘိုးသူတော်တွေ မယ်သီလတွေ အလှူခံလာရင် မတတ်နိုင်တဲ့အခါ **ကန်တော့ ပါသေးရဲ့** ပြောလွှတ်ထားပေါ့။ ဒီလိုဆိုရင် သူတို့ကို ငေါက်ကယ်လို့ စိတ်ဆိုး သွားမယ်။လမ်းရှောက်ရင်း အတင်းပြောသွားအုံးမယ်ကွဲ့၊ ပေါင်လပ်ကြီးရဲ့။ ဘိုးသူတော်က လုပ်လဲခံ။ မယ်သီလရင် လုပ်လဲ ခံသာခံပေါ့ကွာ။ ပြီးတော့ ရှိသေးသကွဲ့။ တလတကြိမ် နှစ်လတကြိမ် ရွှေဟုတ် ငွေအုတ်တွေနဲ့၊ ကြေးစည် တွေနဲ့ အတီးအမှုတ်တွေနဲ့ ဥပသကာတဲ့ကွာ။ ဘုရားလက်ထက်က ဒီလိုဘဲ့မျာလား အလာများဒါကတော့ ဘာမှိုဆိုလားကွယ်။ အဲဒီပြိုကာချည်း ပြောပါပါကဲ။ ဗုဒ္ဓကိစ္စတဲ့ ထည့်လိုက်ပိုက်ဆံ မထည့်ရင်အိမ်နိုးချင်းလဲ ကဲ့ရဲ့မယ်ကွ။ နရာကျိုး မသေမခြင်း ငနီခံပေါ့။ မှတ်မိတဲ့ အရွယ်ကစပြီး ယခုအထိ ငနီကော ကိုယ့်ဟာ နဲ့လဲကိုယ်ခံ၊ သူများလုပ်ထာလဲခံ၊ ဒါ့ကြောင့် သားတွက် မိန်းမတွက် ကိုယ့် ဘက် မယားဘက် ဆွေမျိုးအတွက် ရွာအတွက် ဆရာအတွက် အပိုင်း အရပ် အတွက် ငနီဘဲခံလိုက်။ (ဒါ့ကြောင့် ခန္ဓာခေါ်ဒါ။)

## ဦးနီရဲ့ လောက ရွှေကျီးညိုဘုန်းကြီးနဲ့ ဒုက္ခ။

၁၂၉၁-ခုထက်က မြန်မာပြည်၌ များသောအားဖြင့် ၉-တောင်ပြည့် ဘုရား တွေတည်ကြတယ်။ ကပ်ကျော်ဘုရားဟု နိမိတ်ကောင်းယူ၍ ညဏ်တော် ၉-တောင်ရှိ စေတီဘုရားတည်ထားကိုးကွယ်ကြသော နှစ်၌၊ ဆရာတို့နေတဲ့ အပိုင်းရပ်ကွက်မှာ ကုန်စုံသည် မညွန့်က ဦးစီးခေါင်းဆောင်ပြီး ငွေရင်းစိုက်လျက် ဘုရားတည်ရန် စီမံကြတယ်၊ ဆရာနဲ့အခြားလူကြီးများကပါ ဘုရားတည်ဖြစ်ဘို့ ဘုရားအမမညွန့်ကို ကူညီ၍ ရပ်ရွာထဲ၌ အလှူငွေ ကောက်ခံကြရတယ်။ (**ဘုရားတည်ပြီးပြီ**) နိုင်ငံကျော်ရယ်လို့ ကြော်ငြာနဲ့ပေါ်လာတဲ့ ကိုယ်တော်ရဲ့ ဘွဲ့အမည်က (**ရွှေကျီးညို ခေါ် ဦးဇောတိပါလ။**) အဲဒီခေတ်က ရွှေကျီးညို၊ ရွှေဒေါင်းညို၊ ရွှေဥသြ၊ ရွှေပြည်စိုး၊ ရွှေလင်းယုန်၊ ရွှေလရောင်၊ ရွှေမိုးညို၊ ရွှေဟသာ။ အဲဒါလို ငှက်နာမည် ဘုန်းကြီးတွေပေါ်တဲ့ ကခေတ်မှာ (**ပစ်တိုင်းထောင်**)အမည်နဲ့ ဘုန်းကြီးတပါးကလဲ နာမည်ကျော်တဲ၊ ဘုရားအမ မညွန့်တည်သော ၉-တောင်ပြည့် ဘုရားပွဲတော်မှာ ရွှေကျီးညို ကိုယ်တော်ကို တရားဟော ပင့်တယ်။ မညွန့်က ဦးနီနဲ့ တွေ့ကြုံတုန်းကို တရားနာဆက်ဆက်ကြွပါရန် ဘိတ်လိုက်တယ် ယောဂီတို့။ ဆရာတို့၏နေအိမ် ဝိပဿနာ ယောဂီဝိုင်းမှာ၊ ဦးနီက နိဂုံးချုပ် မိန့်ခွန်းစကားပြောပုံ (**စာဘတ်သော်-ပြတ်သားမှာ ဘတ်စပ်ပါ။**) ရွှေကျီးညို ကိုယ်တော်ရဲ့ အင်္ဂါလက္ခဏာကား။ ကိုယ်ခန္ဓာပါက အသက် ၃၅ နှစ် အသား ဝါတယ်၊ ရုပ်ရည်ချောတယ်၊ အသံမှာ တခေါင်းလျှင် တခေါက်ပို့ခဲ့တယ်၊ ပိုးသင်္ကန်းနဲ့ ဟောလေ့ရှိတယ်၊ လက်က ယပ်တောင် ကိုင်တယ်၊ တရားဟောစဉ်၌ အငြိမ်မနေဘဲ မတ်တတ်ရပ်လျက် တခါတရံ ရှောက်လျက် ဟရားဟောတယ်။ သင်္ကန်းအစကို တဘက် လက်ကကိုင်ထားသော အမူအရာမှာ၊ ဇာတ်ပင်းသားလိုပင် ထင်ကြရတယ်။ အသံဆွဲပုံ၊ ဟစ်ပုံ၊ နေးပုံ၊ မြန်ပုံ သိန္နည်းမှာလဲ မျိုးစုံ၊ (**တည ၁၀ဝီ။**) မညွန့်က ဦးနီ-ကျော်လွန်းလို့ တရားနာသက်ဆက်လာနေ၏။ ဦးနီတို့က ဝိပဿနာ တရားကိုလဲ လေ့လာနေတယ်။ တရားနဲ့စပ်သိုင်ရင် ဟုတ်-မဟုတ် စိစစ်ရွေးထုတ်တတ်တယ်။ ဆရာ ဦးမြတ်သိန်းထွန်းပဲ ရှိပါတယ်။ တရားနာလျှင် ဘုန်းကြီးရဲ့ ရွှေဘွဲ့တွဲကနာပါ၊ ဆက်ဆက်ကြွပါ။

---

### ဒိတခါ ဦးနီရဲ့လောက-အကြီးဆုံး ဒုက္ခ။

ဦးနီက ဆရာနဲ့ ပနီးမဝေးက တရားနာတယ်။ ဆရာ၏ တပည့် ယောဂီတွေကလဲ ရှေ့ဆုံးက၊ ဦးနီရဲ့ နောက်က ဘုရားအမ-မညွန့်က နေတယ် တရားနာကြပြီ။ ရွှေကျီးညိုက ကုလားထိုင်ပေါ်က ငါးပါးသီလ ပေးတယ်၊ ည ၈-နာရီ

တရား စ,တယ်၊ ဦးနိုက သီလပေးစ,မှာ ဘုန်းကြီးကို တချက် မော့ကြည့်လိုက်တယ်။ တရားပွဲသို့ ရောက်လာကြသော ပရိသတ်တွေ ၂၀၀၀-၃၀၀၀-ခန့် ရှိတယ်။ ဘုန်းကြီးက ၈-နာရီက စ,ဟောလျှင် ၁၂-နာရီကျမှ ပြီးတယ်၊ ပရိသတ်တွေ တယောက်ကမှ ထပြီးမပြန်နိုင်၊ ဘုန်းကြီးက ငါးပါးသီလပေးပြီးလျှင် စိန်ရောင်ခြည်ဂါထာနှင့် ဘုရားပင့်တယ်၊ ပရိသတ်တွေ အားပြီးချီးကျူးကြတယ်။ ဦးနိုက ဘုရားပင့်ကို ကြည်ညိုပြီး နားစိုက်နေဒါကို ဆရာမြင်တယ်။ ဘုရား ပင့်လို့ပြီးတော့ စကား တန်ဆာတွေ ရှောက်ပြောဒါက ၁၀ မိနစ်ခန့်ကြာတယ်။ ထို့နောက် ကုလားထိုင်ပေါ်က ဆင်း, ပတ်ပတ် လက် တဘက်က ယပ်တောင်ကိုင်၊ တဘက်က သက်န်းစဆွဲထား၊ အာခံကိုဖြဲပြီး ကြွတက်သွားအောင် ဟစ်ဆိုလိုက်တယ်။ **(အာကာ လွှာပုံပြုပါလို့ မေရှကိုတဲ့ စုတ်တံချီ။)** ဦးနိုက တချက်မော့ပြီးကြည့်တယ်။ခေါင်းငုံ့ပြီး ဆရာဘက်သို့ ခပ်စောင်းစောင်း လှဲကြည့်တယ်။ ဆရာက ဦးနို့ရဲ့ အကြောင်းကို သိပေသ့၊ ရယ်ချင်အားကြီးလို့ မကြည့်ရဲဘူး။ ဘုန်းကြီးက ပဋ္ဌဂါထာနဲ့ အနက်ခေတ်တန်ဆာ့ ,ဘောလုံးထပ်တွေကိုရွတ်လိုက်၊ သိုက်သမိုင်းတွေ ပြောလိုက်၊ ဘုရားလောင်း ကျီးမင်းဇာတ်ထုပ်ပြောလိုက်၊ ဇာတ်လမ်း ခြားမှာညှပ်ပြီး **(အောင်ပင်လယ် တောယံက ရွှေကျီးညို)** စသည့် သီချင်းသံဖြင့် တကျော့တလှဲ့ ဆိုလိုက် အဲဒီအခါမှာ ဆရာက ဦးနို့ရဲ့ အကဲခတ်တယ်။ဦးနိုက မော့ကြည့်လိုက်-ငုံ့သွားလိုက်၊ ဆရာဘက် စောင်းကြည့်လိုက်၊ ပြုံးတုံ့တုံ့ကလေး နေလိုက်- ပြင်ဘက်ထွက်ချင်ဘီ။ ဒူးကိုထောင်လိုက်, ချလိုက် ပရိသတ်တွေကများလို့ ထွက်စရာလမ်းပေါက်မရှိ၊ နောက်ပြန်ကြည့်တော့ ဦးနိုက မညွန့်ကို မြင်ပြန်တယ်၊ ပရိသတ်ရှေ့က တပြန်ကိုကလဲ ပရိသတ်တွေ မြင်လို့ မကောင်း၊ မညွန့်ကိုလဲ အားနာရတယ်။ ဒီလိုနဲ့ဘဲ တရားပွဲပြီးသွားတယ်။ တရားနာလျှင်-ဆီးအောင့်တတ်တယ်။

ဟော့--လောကမှာလေ၊ လူ့ လူချင်းလုပ်ထာ ခံရဒါက ခံပေါ်ဆို ခံနိုင်တယ်။ ယခုတော့ ရွှေကျီးညို ဘုန်းကြီးလုပ်ထာ ခံလိုက်ရဒါ မပြောနဲ့၊ ဒီတခါ အနာဆုံးဘဲကွ။ ဘာပြုလို့လဲဆိုတော့ ပြင်ဘက်လဲမထွက်နိုင်၊ ဆီး သွား ချင် လို့ လဲ မသွားရ၊ မညွန့်လဲ အားနာတယ် ဆရာ ဦးမြတ်သိန်းကလဲ မျက်နှာချင်း တဲ့တဲ့ နေရဒါလဲ ဒုက္ခ၊ တရားသံတကျော့ သီချင်းသံကလဲ စင်ပေါ်က ပကျော်ကျော်နဲ့ အော်နေတဲ့ ဘုန်းကြီးကို မကြည့်ရဲဒါကလဲ ဒုက္ခ၊ မင်းကိုတော့ ဂိပဿနာဉာဏ်ကို ဘယ်လို အသိဉာဏ် ပေါက်ကြတယ်။ ဒီလူ လောကမှာ ဘယ်မျှသံဝေဂ ရကြတယ်လို့တော့ မသိဘူး။ဘာသူတွေက ဘယ်လိုဘဲလုပ်လုပ် ခံရပေစေ၊ လူလုပ်ထာ

ခံရဒါထက် ရွှေကျီးညိုဘုန်းကြီးက သက်န်းစ ဆွဲပြီး ရှေးမင်းသားကဲ့သို့ တေးသီချင်းသွားနဲ့ ဂေါတမ ဘုရားရှင်၏ တရားတော်ကို လူကြီး, လူကောင်း ပညာရှိတွေမှအစ ကြွရောက်လာကြတဲ့ တရားနာ ပရိသတ်တွေကို ရှေးအရိယာ သူတော်စင်တို့၏ မုချဘာသာ မစစ်ဘဲ ဗုဒ္ဓသာသနာ အနှစ်ကို တိမ်မြုပ်ကွယ်ပစေပြီး။ လောကကြီး၌ထင်သလို ဖြစ်ချင်သလို ဘုရားထူးခံပြီး ဘုရားရဟန္တာတို့၏အဝတ်တန်ဆာကိုပင် မငဲ့မညှာပါဘဲ ဟောရဲပါပေတယ်။ တရားနာကြတဲ့ ပရိသတ်တွေကလဲ မြတ်စွာဘုရား ရှိစဉ်က ဟောတဲ့ နိဗ္ဗာန် ရကြောင်းအစစ်တရားတော် အဆီအနှစ် ဒီကိုယ်တော် ဟောဒါမျိုးဘဲလို့ ထင်မှတ် သွားမှာငနီ ရှက်နာ,နာလွန်းလို့ မောင်လွင့်ရဲ့။ မင်းလဲ အသက်ငယ်ပေမဲ့ လူပါးဘဲကွဲ့။ အတိုချုံးမယ် လူချင်းတင်စီးဒါထက် ရွှေကျီးညို ဘုန်းကြီး တင်စီးဒါတရားနဲ့ လွဲပြီး လုပ်လိုက်ထာ အခံရအခက်ဆုံးကွဲ့-ယောဂီတို့ရဲ၊ ဒါလဲ မည္ဘန့်အားနာလို့ ကိုင်း-နေမြင့်ဘိ အိမ်ပြန်မယ်။

---

## နိဂုမ်းချုပ် အနုသန္ဓေ စကား။

ကိုင်း-ဟောဒီ ခန္ဓာဒုက္ခ လူ့ဘုံမှာ ဖြစ်ကြရဒါ အချို့က ကုသိုလ် ခေါ်တယ် ကောင်းတယ်လို့ အယူသန်ကြတယ်၊ "ကုသလဓမ္မ". ကံ အသုံးစကားကို ဉာဏ် ၃-ပါးနဲ့ ပဏ္ဏာမက ပြခဲ့ပဲ့အတိုင်း ဝေဘန် ကေန် လူမဟုတ်၊ နာမ်ရုပ် ကံပြုတ်အောင် ဉာဏ်သရုပ်နဲ့ဆင်ခြင်၊ ဆယ့်နှစ်ခွင် အာယတန ဆိုဒါ လာသမျှ ဒွါရက အာရုံခံဒါပါဘဲ၊ အာရုံခံရာဌာန ၆-အာယတနကို ဘယ်တော့ခါမှ မတော်နိုင် မကန့်နိုင်သဖြင့် မပြီးနိုင် မဆုံးနိုင်ကြလို့ မျက်စိ ဒွါရပေါက်စသည်တို့ကို သမုဒ္ဒရာ ၆-စင်းနဲ့တူပုံလဲမမေ့ကြနဲ့။ အတွေ့ကြတော့ တရားဟောတယ် နာတယ် ယောဂီအဖွဲ့လုပ်ကယ် ဆွေးနွေးတယ် ကမ္မဋ္ဌာန်း ထိုင်တယ် ကောင်းဒါ လုပ်သမျှ ပမှားဘူး၊ သို့ပေမဲ့ တရားအယူး ဝိပဿနာကို ပညာဉာဏ်နဲ့ စိစပ်အောင် မိမိကိုယ်မိမိ စစ်တမ်းထုတ်ကြည့်။ ငါဟာ တရားဟော ပုဂ္ဂိုလ် လုပ်တယ်။ ငါတရားကိုလာ၍ နာယူကြတယ်၊ ငါ ဟရား တကယ်များ ရရဲ့လားလို့ မိမိကိုယ်မိမိ ညာဝါးလို့ လိမ်လို့မရဘူး ပုံးပြတ်မှတ်လိုက်။ ဆရာဟောတဲ့ ၇-ရက်စဉ် တရားပွဲ ပြီးသွားရင်လေ ဟောဒီ မဏ္ဍပ်ထဲမှာ ဟောဒီ မြို့ရွာထဲမှာ ဟောဒီတရားနာ ပရိသတ်တွေရဲ့ စိတ်ထဲမှာ ယခုကျမ်းစာ ဘတ်နေတဲ့ ရဟန္တာအလောင်းရဲ့ စိတ်ထဲမှာ(ငနီခံ)ဆိုဟဲ့ စကားသံကို တရားမှန်လွန်းလို့ နားထဲမှာ တရားစွဲဘိုထားခဲ့မယ်။ဆရာဟောသမျှတရားအစုစုတွေများအားကြီးလို့ခက်အားကြီးလို့တလုံးမှ မကျန်အောင် အကုန် ပျောက်စေခါမူ (မဟာဓမ္မကထိက)ခေါ် ဝိပဿနာ သန့်သန့်စစ်စစ်ကိုသာ ပညာရှိ ကျေနပ်အောင် လူပြိန်းတွေလဲ နား

လည်အောင် ဟောတတ်လို့ နိုင်ငံကျော် အမည်မှန်သဖြင့် ကိုင်း ငနိခံ ဆိုဒါ ဘယ်မှာလဲ ဦးနီဆိုဒါ ဘယ်ရွာမှာလဲလို့ အထူးအမည် သဘောကျ ဦးနီရဲ့ လောက ကိုယ်စားလည် ပါဝါလွဲပြီး ငနိခံ ငါပါကဘဲလို့ သာဓု ၃ ကြိမ် ကျယ်ကျယ်ကြီးခေါ်၍ ဝမ်းမြောက် ကြစေကုန်သတည်း။ (ကြေးစည်ရိုက်-မငိုက်နဲ့။)

---

[ဆရာက သံတိုင် အားလုံး လိုက်ဆို။]

ဦးနီသံပေါက်။

တရားရှေ့လို-ယောဂီဗိုလ်-ကိုယ့်ကိုယ်တွေးကြကုန်။
လူ့ဘုံဖြစ်ရ-ကုသလ-ဒုက္ခမဆုံးပုံ။

ဒုက္ခကိုသာ-နေ့စဉ်ရွာ-ဗာလာလူမိုက်ဂုဏ်။
ကာမဂုဏ်မျိုး-စည်းစိမ်ဆိုး-အကျိုးယုတ်တဲ့ဘုံ။

စိတ်ကြိုက်လိုရာ-မပြည့်ပါ-ရှည်စွာဒုက္ခဘုံ။
သမုဒ္ဒရာ-ဤခန္ဓာ-၆ ဖြာဒွါရဘုံ။

အာရုံခံကြ-အာယတန ဆုံးဆမရှိကုန်။
အိမ်ထောင်ကိစ္စ။လူ့လောက တွေးကြယောဂီစုံ။

ကိုယ့်မီးကိုယ်ရှာ-ကိုယ့်ခန္ဓာ-ကိုယ်သာဆုတောင်းပုံ၊
ခန္ဓာလက်စ-မသိမ်းကြ-ဒုက္ခမဆုံးယုံ။

ဘေးစုံတွေ့ပြန်-ငနိခံ-ကုကံခေါ်တဲ့ဘုံ။
ဦးနီလောက-သဘောကျ-နေ့ညကိုယ်၌ကြုံ။

ငါကာဦးနီ-ပမာညီ-ယောဂီတွေးကြပုံ။
ရှင်မြတ်သိန်းထွန်း-ဒုက္ခညွန်း-ဉာဏ်စွန်းမြင်ကြကုန်။

ဆဋ္ဌမည နိဂုမ်းသတ်ဟောစဉ် သာဓုပါပြီ။

## သတ္တမည ပဏ္ဍမ ဟောစဉ်။

### သိက္ခာ သုံးပါး ပဏ္ဍမ

၁။ **သီလသိက္ခာ**-ကိုယ်နှုတ် စောင့်သုံးဘို့လေ့ကျင့်။

၂။ **သမာဓိသိက္ခာ** စိတ်သန့်ရှင်းရေး ဖြစ်ဘို့လေ့ကျင့်။

၃။ **ပညာသိက္ခာ**-အသိဉာဏ် အမှန်ရဘို့လေ့ကျင့်။

နံပါတ် ၁-သတ်ခြင်း, ခိုးခြင်း, သူများ၏မယား သမီးများ၊ သူများ၏လင်သားတို့ကို ကြူးလွန်ခြင်းမဖြစ်စေဘို့ အလေ့ကို သီလ၊ အကျင့်ကို သိက္ခာမှတ်။ အလေ့အကျင့်ကိုပင် သီလသိက္ခာ ခေါ်တယ်။ ဟောခဲ့, ပြောခဲ့လှတယ်။ သရုပ်ကွဲခဲ့လှတယ်။ လိမ်ညာ၍ ပြောဆိုခြင်း၊ သူတပါးတို့၏ ချစ်ခင်ပေါင်းသင်းသည်ကို ကွဲပြားအောင် ရန်တိုက်စကား ပြောဆိုခြင်း၊ အခြားသူများ၏ နားကြားခြင်း၌ စိတ်မချမ်းသာသော ရှက်စရာစကားတို့ဖြင့် ဆဲဆိုခြင်း၊ ဇာတ်ပွဲ, ရုပ်သေးပွဲ, ဘိုင်စကုတ်ပွဲ စသော ပျော်ပွဲအစရှိသော မစားရ, မသောက်ရ ဘာကျိုးမှ မရှိသော အကျိုးမဲ့စကား ပြောဆိုခြင်းတို့ကို မပြောမဆို ဖြစ်ဘို့ အလေ့ကို သီလ၊ အကျင့်ကို သိက္ခာမှတ်။ အလေ့အကျင့်ကိုပင် သီလသိက္ခာ ခေါ်တယ်။ ရှောင်လေ့ရှိမှ ရှောင်ကြမယ်၊ ရှောင်စရှိဘို့ အကျင့်လုပ်ကြရမယ်။ ဤကား၊ ကိုယ်, နှုတ် ၂-ပါးတို့ဖြင့် စောင့်ရှောက်ခြင်း၊ သီလ သိက္ခာပုဒ်ကို အရိယာ သောတာပန် ဖြစ်ချင်သော ယောဂီရှင်တို့၏ (၁-နံပါတ် လက္ခဏာမှတ်။)

နံပါတ် ၂-မှာ။ သူတပါးတို့၏ သာယာစွာ ခံစံသော စည်းစိမ်ကို မိမိ၏ အလိုသို့ရောက်အောင် စိတ်ထဲက ကြံစည်ခြင်း။ တနည်း၊ သူတပါးတို့၏ စည်းစိမ် ခံစားခြင်းကို မလိုမုန်းခြင်း၊ သူတပါးတို့ကို အသေ သတ်ဖြတ်ဘို့ စိတ်ထဲက ကြံစည်ခြင်း၊ သူ၏ စည်းစိမ်တို့ကို ပျက်စီးအောင် ဖျက်ဆီးပစ်ခြင်း၊ ဘုရားစသော အရိယာ သူတော်ကောင်းတို့က ပစ်ပယ်သော အယူမှားကို မှန်တယ်လို့ စိတ်ထဲက ယူခြင်းတို့ကို မယူဖြစ်ဘို့၊ စိတ် တည်ကြည်ဘို့ အလေ့ကို သမာဓိ၊ အကျင့်ကို သိက္ခာမှတ်။ အလေ့အကျင့်ကိုပင် သမာဓိသိက္ခာခေါ်တယ်။ ကျင့်ရိုးရှိမှ ကျင့်စဉ်ရမယ်။ ကျင့်စဉ်လုပ်မှ အတုလိုက်မယ်။ ဤကား၊ စိတ်ကောင်းဖြင့် စောင့်ရှောက်ခြင်း သမာဓိသိက္ခာပုဒ်ကို အရိယာ သောတာပန် ဖြစ်ချင်သော ယောဂီတို့၏ (၂-နံပါတ် လက္ခဏာမှတ်။)

## ယောဂီများ-သတိမူချက်။

သီလနှင့် သမာဓိ၊ သိက္ခာ ၂-ပါးကို ဂရုစိုက်၍ မထိန်းသိမ်းပါက ဒုစရိုက် ၁၀-ပါးတို့ ကျေနပ်ဖြစ်ကြရမယ်မှတ်။ တိုင်းပြည် ပျက်တယ်ဆိုဒါ သီလနဲ့ သမာဓိ ၂-ပါးကို စောင့်ထိန်းသူမရှိလို့၊ ရှိပေမဲ့ တိုင်းပြည်ငြိမ်သက်အောင် မလုပ်နိုင်လို့ မှတ်။ ရှင်ရှင်, လူလူ အပူဇော်ခံ, ရှိခိုးခံ, ဘုရားထူးခံ, အရိုအသေပြုဒါကို ကြိုက် နှစ်သက်ပြီး အထက်တန်းအနေ ဇိမ်ကိုအာရုံခံဖြစ်ကြသော ပုထုဇန်တို့ကား သီလ နှင့် သမာဓိ၊ သိက္ခာ ၂ ပါးကို ထိန်းသိမ်းမှု နည်းပါးသဖြင့်၊ မိမိတို့၏အောက် ဘက်ဖြစ်သော သူတို့ကား-အဘယ်ဆိုဘွယ်ရာ ရှိချေအံ့နည်း။ (စဉ်းစားတိုင်ပင်။) ဆရာ၏ တပည့်ထဲမှာ ဝိပဿနာ ဆရာတဆူ လုပ်၍နေသူ ယောကျ်ား-မိန်းမတို့ အများကြီးရှိတယ်။ ထို ဆရာယောကျ်ား, ဆရာမိန်းမတို့သည် ဒုစရိုက်ဆယ်ပါးကို ပါဠိ အနက် မရသော်လဲ အဓိပ္ပါယ်ကိုပင် ပြည့်စုံအောင် မသိသူက များတယ် ယောဂီတို့။ ဒုစရိုက်ကံကို ကျူးလွန်သမျှ ဘယ်ခါမှ အရိယာစခမ်းသို့ မရောက် မှတ်။

နံပါတ် ၃-၌ တရားနာသူတို့ သိနှင့် ထားရမည်မှာ ဒုစရိုက် ၁၀-ပါးလုံး ယခုဘဝလုံး မကျူးမလွန်သူ ဖြစ်လင့်ကစား၊ ကောင်းရာ သုဂတိ ဘဝသို့ ကျေနပ်ရောက်ကြောင်း မှန်တယ်။ သို့သော်၊ ယခုဘဝမှာ သူတော်ကောင်း မှန် တယ်။ ပုထုဇန်ပါဘဲ။ နောက်ဘဝကျတော့ကော သူတော်ကောင်း ဖြစ်ချင်မှ ဖြစ်အုံးမယ်။ ဖြစ်စေကာမူ ပုထုဇန်ပါဘဲ၊ အသိ အလိမ္မာကို ပညာဆိုတယ်။ ဘယ်မှာ သိရ, လိမ္မာရမှာလဲ၊ မိမိ၏ ကိုယ်ခန္ဓာရဲ့ ဖြစ်လာရပုံကို အခြေ ကျကျ သိရ, လိမ္မာရမယ်။ (သိ) ဆိုသည်မှာ၊ ဤ ခန္ဓာ၏ အရည်အချင်းကို ဟုတ်ရာ မှန်ရာကိုသာ သိကြရမယ်။ ဟုတ်ရာ-မှန်ရာကို သိရလျှင် မဟုတ်ထာ မမှန်ဒါကို သိချင်လို့ လုံးပမ်းရှာဖွေသော်လဲ မဖြစ်နိုင်တော့ပြီ။ အဘယ်ကဲ့သို့ ဟုတ်ရာမှန်ရာ ကို သိရမလဲ။ ဤကိုယ်ခန္ဓာ၏ဖြစ်စ, ဖြစ်လယ်, ဖြစ်ဆုံးအထိ အပြန်အလှန် စုံစမ်းခြင်း, စစ်ဆေးခြင်း, တွေးခြင်း, ဆင်ခြင်ခြင်းများခဲ့ပါသော်။ ဤခန္ဓာ မှာ ရှိရင်းစွဲဖြစ်သော လက္ခဏာတို့ကပင် ထင်ရှားအောင် သက်သေခံကြရမယ် ဖြစ်လို့ ဟုတ်ရာ မှန်ရာ တို့ကိုသာ အသင် ယောဂီ - သိမြင်ရမယ် မလွဲပါ။ ထိုးထွင်း၍ သိမြင်လာအောင် အားထုတ်ခြင်း အလေ့ကို ပညာ။ အကျင့်ကို သိက္ခာမှတ်။ အလေ့အကျင့်ကိုပင် ပညာသိက္ခာဆိုတယ်၊ အရိယာ သောတာပန် ဖြစ်ချင်သော ယောဂီရှင်တို့၏ (၃-နံပါတ် လက္ခဏာမှတ်။)

သတ္တမည ပဏ္ဏာမ ဟောစဉ် တခဏ်းရပ်။

## သတ္တမည ဓာတ်တရား ဟောစဉ်။

ယနေ့ည ဓာတ် ၁၈-ပါး ပရမတ်။

| ဆင်း | သံ | နံ့ | သာ | တွေ့ | တရား |
|---|---|---|---|---|---|
| စိတ် | စိတ် | စိတ် | စိတ် | စိတ် | စိတ် |
| စိ | နား | နှာ | လျှာ | ကိုယ် | ဘဝင်စိတ် |

## ဘာ့ကြောင့် ဓာတ်ခေါ်ပါသလဲ- ပြုလုပ်သူရှာမရလို့ဓာတ်။

ယနေ့ညတော့ နောက်ဆုံးညဖြစ်တယ်။ ပဋ္ဌာန်မညာတွေက မပါတဲ့ လူတွေဟာ၊ ယခုညမှာ အတိုချုပ်လိုရင်းကို ဟောမဲ့ညနဲ့ကြုံကြိုက်နေကြပြီ၊ ဝမ်းမြောက်ကြပေတော့။ တိုအားကြီးတော့ အရမြန်တယ်၊ အရလဲနှေးတယ်၊ နှစ်မျိုး၊ ဘာ့ကြောင့် အရမြန်ပါသလဲ၊ လိုရင်းတလုံးထဲကို မှတ်ရတော့ ကျေးဇူးလှယ်ဒါပေါ့။ အရနှေးပုံက တခြားမဟုတ်၊ ဆရာက ဒီတလုံးထဲ မှတ်သွားပေတော့လို ပြောလိုက်ရင်၊ တရားဟာ တယ်လဲလှယ်ပါကလား။ ဒါ့ကြောင့်-အရနှေးချင်လဲ နှေးမယ်။ ဒီခန္ဓာကိုယ်၌ ၁၈-ပါး၊ ပရိယာယ်နည်းဖြင့် ပဋ္ဌာန်စေတို့ ဆရာဟောမယ်။ ပုံစံပြထားသော ဇယားကွက်၌၊ အပေါ် ၆-ပါးကို အတိုက်ဓာတ်ဆိုတယ်၊ အောက်က ၆-ပါးကို အခံဓာတ်မှတ်ကြ၊ ဟောဒီ အလယ် ခေါင်က၊ စိတ် ၆-လုံးကို၊ အတိုက်အခံ ၂-ခုတို့၏ ထိခိုက်တွေ့ဆုံမှုကြောင့် ပေါ်လာ ဖြစ်ချုပ်ကြသော ဝိညာဏ်ဓာတ်-မီးပွင့်ဓာတ် ၆-ပါးမှတ်။ ။ပေါင်း ဓာတ် ၁၈-ပါး လို့သိပါ။ ပရိယတ္တိနည်းသည် သုတ္တန္တ ဘာဇနီနည်း-အဘိဓမ္မာ ဘာဇနီနည်း၊ ၂-နည်းရှိ၏။ သုတ္တန်နည်းနဲ့ ရှေးဦးစွာပြမှသာ အဘိဓမ္မာနည်းကို နားကြားနိုင်မယ်၊ စိုးစားနိုင်မယ်မှတ်ကြ။ သုတ္တန်နဲ့ သုတ္တန္တ အတူတူမှတ်။

## သုတ္တန်နည်းဖြင့် ခန္ဓာကိုယ်၌ ဆင်ခြင်။

ယောဂီ၏ကိုယ်ခန္ဓာ၌၊ သေသေချာချာ စာဘတ်၊ ခန္ဓာနဲ့ဟပ်တွေး။ စက္ခုဓာတ်-ဘာသာပြန်မှာ၊ မျက်စိ ဓာတ်ဆိုတယ်။ မျက်စိ-ပညတ်၊ ဓာတ်က ပရမတ်။ တနည်း၊ (**စက္ခုဓာတု**) စက္ခုဘာလဲ၊ မျက်စိ။ ဓာတုဘာလဲ၊ သူ့သဘော။ စက္ခုဓာတု မျက်စိဆိုဒါ- သူ့သဘောမှတ်။ (**သောတ ဓာတု**) နားခေါ်တာလဲ

ဘာသူ့သဘောလဲ သူ့သဘော။(**ဃာနဓာတု**)နှာခေါင်းခေါ်ပေမဲ့ ငါ့သဘော မပါ(**ဇိဝှါဓာတု**)လျှာလို့ နာမည်ရှာစမ်းပါ။ မတွေ့ပါဘူး။ ဘာ့ကြောင့်၊ သူ့သဘောဖြစ်လို့။ (**ကာယဓာတု**)တကိုယ်လုံးလဲ သူ့သဘောနဲ့သူ ဖြစ်တယ်မှတ်။ (**မနောဓာတု**)ကို စသုံးမှာ ဘဝင်စိတ်မှတ်။ လူပြိန်းသိမှာ အာရုံကို ပိုင်ပိုင် မသိသေးသော စိတ်ကို ဘဝင်စိတ်ဆိုတယ်။ အဲဒီဘဝင်စိတ်ကို မနောဓာတ်ခေါ်တယ်။ ဘာသာပြန် သိလိုက မနောက စိတ်၊ ဓာတုက သူ့သဘော၊ မေးတယ် စိတ်ဟာ ဘာသူ့သဘောလဲ၊ စိတ်ဟာ သူ့သဘောပေါ့၊ ဒါနဲ့ မင့်သဘော ငါ့ သဘောဆို၊ ဒါက အနွှဗာလ အယူမှတ်။ ငါ့စိတ်နဲ့ ငါ့ကိုယ် ငါတင်သလိုနေ မယ်လို့ ပြောကြဒါ မှားနေသလား။ စိတ်ကို ငါထင်လုံး ရုပ်ကို ငါထင်လုံး၊ သက္ကာယဒိဋ္ဌိ ရှိနေကြလို့၊ ငါ့စိတ် ငါ့ကိုယ် အယူရှိတယ်၊ ပြောရုံမျှ ဆိုလျှင် သက္ကာယဒိဋ္ဌိ မဖြစ်။ ပြောဆိုတဲ့အတိုင်း၊ လူဘဲလို့ အယူစွဲလျှင် အယူရဲ့ ကျမယ် မှတ်လိုက်။

အခံဓာတ် ၆-ပါးကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူမဟုတ်၊ ဓာတ်သဘော အချုပ်ဟူ၍ ဝိပဿနာဉာဏ်ဖြင့် ဆင်ခြင်ပါ။ စည်းပြင်ဘက် မထွက်နဲ့နေဘ်၊ အတိုက်ဓာတ် ၆-ပါးကိုလဲ၊ အားလုံးဓာတ် အားလုံး သူ့သဘောမှတ်လေ။ အလယ်က ဝိညာဏ်ဓာတ်၊ ၆-လုံးကိုလဲ စိတ်ပါဘဲ၊ စိတ်ကိုပင် နာမ်ဟုသိထား ပါ။ အဲဒီအလယ်က မီးပွင့်ဓာတ် ၆-လုံးတို့ကိုလဲ ယောကျ်ားဘဲ၊ မိန်းမဘဲလို့ မယူနဲ့၊ နာမ်သဘော သက်သက်တွေကို ယောကျ်ား၊ မိန်းမမှတ်လျှင် မိစ္ဆာဒိဋ္ဌိ၊ ဝိပဿနာ ဉာဏ်ဖြင့် ဆင်ခြင်၍ ရှေး၍ ကြည့်ခဲ့သော် စိတ်မှန်သမျှ နာမ်တွေဟာ ဘာနာမ်မဆို၊ ဓာတ်တွေချည်းမှတ်လိုက်၊ စိတ်နဲ့နာမ် တခုယ်မှတ်။

---

## ဝိမုတ္တိယုဂလောက။

ပရိယတ္တိ ပညာသည်၊ ဘာ့ကြောင့် ပဋိပတ္တိ ပညာ မဖြစ်ပါသလဲ။ လူတင်လုံး ယောကျ်ား မိန်းမ ထင်လုံး ပျော်မှုကို ဆင်ခြင်။ နှလုံးသွင်းခြင်း မဟုတ်သည့်အတွက် ပဋိပတ်ပညာ မဖြစ်။ ပဋိပတ်သို့ ပေါက်ရောက် မပေါက်ကြသေးသော အားမထုတ်ကြသေးသော အားထုတ်ဘူးကို မရ ကြသေးသော ပရိယတ် လူ့ရှင် ရဟန်းတို့သည် ဝိပဿနာ ပဋိပတ် နည်းကို ထက်ထက်သန်သန် အားထုတ်ပြီး ငါတော့ ပရိယတ်ကတ်ရဲ့ သင်ကြားရုံမျှနဲ့ ပုထုဇဉ်က ပုထုဇဉ်ဘဲ ဖြစ်ဖြစ်မယ်။ ဒီလိုပုထုဇဉ် အဂတိ တခါတ်တကန်း အမြင့်ကို လှမ်းမယ်။ သမုတိသစ္စာ အခေါ်ခံရသော ပုဂ္ဂိုလ်ကြီးကျယ်သော လူများသာမဟုတ်လို့ မဖြစ်သော တိတ်တိတ်များ အသိဉာဏ်မြတ်ရှာ ပရမတ္ထ သိပ်ရာဖြစ်ပြီးမှ သေမယ်၊ နေမယ်လို့ ဆိုက်

မပေါ့တန်း အားမလျှော့တန်း မာန်မဝင်တန်း ပဋိပတ်စခမ်းကို တကယ် တန်းကြိုးပမ်းမယ်ဆိုသော် မျက်စောင်းထိုးရုံမျှနဲ့။ တနည်း၊ လက်ဖြစ် တတွက်ခန့်မျှနဲ့ပင် အရိယာဖြစ်ပါတယ်လို့ ဆရာကြီး မသေခင် ခေတ်တရား အခမ်းက သတိပေးခဲ့ကယ်။ (အားထား အားကိုး၊ ကိုယ်ကျိုး တွက်တာ၊ ကိုယ့်ကိုသာ။)

---

## တကိုယ်လုံးကို–ဓာတ်သဘောယူ။

ယူဆိုပေမဲ့ အပေါ့စား, အပေါစား, အလယ်စား ဘယ်မှာကောက်ကောက် ကောက်၍ယူတိုင်း ရတတ်တဲ့ ကျောက်ခဲ အိုးခြမ်းကွဲ အုတ်ခဲ သလဲ အမှိုက် သရိုက်တို့လို မထင်နဲ့၊ ထင်ရင် ဓမ္မ အန္တရာယ်မှတ်။ ဆရာ၏ တပည့်ထဲမှာ သညာသိ ယောဂီတို့ အလွန်ပေါများတယ်။ (**ဝိပဿနာ သညာသိ ယောဂီဟာ**) ဆိုဆုံးမ ခက်တယ်၊ ပရိယတ် ဥပဒေကို မပို၊ သီလကို မစောင့်၊ သို့အတွက် ပညာရှိ မဟုတ်ပါဘဲ ပညာရှိ ကပေါက်အနေဖြင့် မာန်ဘဝင် မြင့်နေသည်ကို သူသတ်, သားသတ်, ငါးသတ် ဖြစ်သော သူဟိုယက် အဆ ရာထောင် မိုက်လှတယ်။ (**တရားတော်ကြောင့် အကျိုးဟုတ်လှ၏၊ တရားချော်လို့ အကျိုးယုတ်လှ၏၊ တွေ့ခဲ့ ပေါ်ခဲ့သည် ယောဂီ**) ဤလူ့ဘဝ လူ့ခန္ဓာကိုယ်ကို ခေတ္တခဏမျှ ရလာ တဲ့အခိုက်အတန့် စက္ကန့်ကလေးမျှ၌ အာရုံအစုတ် ကာမဂုဏ် အပုပ်ကို မိုက်၍ ကြိုက်၍ မက်မောရ၍ အချိန်မဖြုန်းကြနဲ့ ဖြုန်းခဲ့ကြပါများပြီ။ ဓမ္မာရုံ အချုပ် ခေတ်သရုပ်ကို ကြိုက်၍ လိုက်၍ မက်မောရ၍သာ သေကြ နေကြဘို့ လိုရင်း ဖြစ်သည် သတိရစေ၊ ခေတ် ၁၈-ပါးကို လက္ခဏာတင်၍ ဆင်ခြင်ရမယ်။ အကြိမ်များစွာ တွေးရမယ်၊ တိုင်ပင်ရမယ်၊ တယောက်နဲ့တယောက် ဆွေးနွေး ကြပါ၊ အဖွဲ့အသင်းလုပ်ပါ၊ တအိမ်အိမ်မှာ ၇-ရက်တပတ် ပင့်ဘိတ်၍ ဝေဘန် ကြလေ၊ တွေးခြင်း, မေးမြန်းခြင်း, ကြားနာ စုံစမ်းခြင်းကိုပင် ဝိပဿနာ အလုပ်စခမ်းလမ်းဖြောင့် မဂ္ဂသစ္စာမှတ်လေ။ စက္ခုဓာတ်သည် အနိစ္စအစစ်မပြတ် ပျက်နေတယ့် ယောဂီ။ အဲဒီ စက္ခုဓာတ် တလုံးအတွက်နဲ့ အနန္တဖြစ်သော ဘေး ဒုက္ခတို့ကို ဆင်ခြင်ပါ။ ဒီမျက်စိဓာတ်သည် ငါနဲ့မဆိုင် ငါပိုင်မဟုတ် သူ့ သဘာဝ ဓာတ်သရုပ် ဟူ၍ လူပျောက်အောင် ဓာတ်ပေါက်အောင် အနတ္တကို ဆင်ခြင်ပါ။

## ပညတ်နဲ့တွဲ၍ ဓာတ်ပေါ်အောင်တွေး။

ပညတ်သုံးစကားနဲ့ ဟောသွားမယ် ရေးသွားပယ်၊ ပညတ်သုံးကို အလေး မပြုနဲ့၊ ပရမတ်ကို ခန္ဓာ၌ ဓာတ်ပေါ်အောင် တွေးရှု၊ အခံဓာတ် ၆-ပါးကို တပါးစီ စဉ်းစားဘတ်ပါ။ စက္ခုဓာတ် မျက်စိ၌ မျက်ဝတ် ထွက်ခြင်း မျက်စိ မှုန်ပြာဝေ ငိုမှိုင်းခြင်း၊ ကျိန်းစပ်ခြင်း၊ မျက်မွေးစူးခြင်း၊ မျက်ခမ်းစပ်ခြင်း၊ မျက်စိနာခြင်း၊ တိမ်ထွက်ခြင်း၊ မျက်လုံးကန်းခြင်း၊ အမှိုက်ဝင်ခြင်း စသည်ဖြင့် ဒုက္ခလက္ခဏာ မျိုးစုံတို့ကို ငါလုပ်ထာလား သူ့သဘောနဲ့သူ ဖြစ်ထာလား ဆင်ခြင်ပါ၊တိုးပင်ပါ။

သောတဓာတ်၊ နား ၂-ဘက်၌ အူခြင်း, ယားခြင်း, တိုင်းခြင်း, လေတွက်ခြင်း ပင်းခြင်း, နားပြည်ယိုခြင်း, နားတွင်း၌ အနာပေါက်ခြင်း, ပိုးစပ်ကောင် ဝင် ခြင်းတို့ကို သူတပါး လုပ်လို့ ဖြစ်သလား၊ ကိုယ်ဘဲ လုပ်သလား၊ လုပ်သူမရှိ လုပ်တဲ့လူရှာပရ၊ မရရင်ဓာတ်မှတ်။ ဃာနဓာတ်၊နှာခေါင်း ၂-ပေါက်၌ နှာစေး ခြင်း, ပိတ်ခြင်း, နှပ်ထွက်ခြင်း, နှာရည်ယိုစီးခြင်း, နှာမွန်ခြင်း, လိုင်ခပ်နာ ဖြစ် ခြင်း, ဖွတ်စအိုနာ ဖြစ်ရခြင်းတို့ကို ပုဂ္ဂိုလ်သတ္တဝါ သိုမလား၊ သူ့ ဘာသာသူ ဖြစ်ထာလား။ သက္ကာယဒိဋ္ဌိကွာသူ၏အသိဉာဏ်မှာ ငါမပါ သူ့ဘာသာမှတ်။ (ယောဂီ ဖြေးဖြေးနဲ့ တွေးတွေးဘတ်၊ စာရွက်လှန်သော် လက်ကို ကံထွေး ဆွတ်ထာ ရှေးလူကြီးတွေရဲ့ အလေ့၊ ယခုဝိမုတ္တိလောကမှာ ဒီလိုမလုပ်ပါနဲ့။)ဇိဝှါ ဓာတ်၊ လျှာ၌ ဝိပဿနာဆင်ခြင်ပုံ၊ လျှာနဲ့ပတ်သက်သမျှ ယောဂီလဲ ကိုယ်တိုင် ကိုယ်တွေ့ ဖြစ်ဘူး ကြုံဘူး ပါတယ်၊ လျှာကွဲခြင်း၊ လျှာနာ ပေါက်ခြင်း၊ လျှာပြတ်ခြင်း၊ အညှာအခင်နဲ့ တွဲနေခြင်း၊ လျှာအသီးလုံး ဖြစ်ခြင်း၊ အဖု အပိမ့် စသော မကျွရအနာ ဖြစ်ရခြင်း၊ သူများကဲ့သို့ လျှာမလိပ်နိုင် မဟုတ်ပြန်နိုင်ခြင်း၊ လျှာ ၂-ခွ ဖြစ်ရခြင်း၊ လျှာဖျား, လျှာ အလယ်၌ အဖုကွက် အနက် ကွက်စသော စက်လက္ခဏာတွေပါနေရခြင်းတို့ကို ဘယ်သူ လုပ်တာတယ်ဆိုပလဲ၊ ဓာတ်သဘောဆိုက်အောင် ရေးတယ်။ အပို ရေးတယ်မယင်နဲ့၊ စကားရှိုးတယ် ထင်သလား၊ စာ စကား·ပါဋ္ဌိစကား တွေလို မလေးစားချင်ဘူးလား ယောဂီ။ တရားရချင်ဒါလား၊စာသုံးသက်သက် ပါဋ္ဌိစကား သိချင်ဒါလား၊ဆရာ၏မေတ္တာ ကား၊ **သေရမဲ့အတူတူဖြစ်ရင် တရားရပြီးမှသေကြ။ (ကာယမာတုကိုယ်ဓာတ်၌)** ဝါ၊ တကိုယ်လုံး၌ ဖြစ်ဘူးခဲ့ဒါတွေ ရှောက်တွေးစမ်းပါယောဂီ။ ဓာတ်သဘော လား၊ မိန်းမလား။ သူဖြစ်ချင်တိုင်း ဖြစ်ထာလား၊ ယောကျ်ား သဘောလား။ လူပြိန်း ဆင်ခြင်တာက်ဘိုမှာ ယောကနာမည်နဲ့ ပြောပြပြီး ဟောပယ် ရေးပယ်။ တကိုယ်လုံး၌ ခေါင်းအုံ, ခေါင်းကိုက်, ခေါင်းခဲ, မူးဝေခြင်း၊ ဇက်ကြောယင်း

တောင့်ခြင်း၊ လက်ပြင်ငုတ်ခြင်း၊ နောက်ကြောတက်ခြင်း၊ ကြောအောင့်ရင်ကြပ်၊ အဆုပ်နာ, အူယောင်, အူကျ, သွေးမုတ်, လေမုတ်, ရေမုတ်, သားအိမ်နာ, ဆုံဆို့နာ, ဆုံကွဲနာ, ပန်းသေ, ပန်းညှိုး, ဆီးနီ, ဆီးဝါ, ဆီးချို, ဆီးချုပ်, သွေးငုတ်, သွေးသွန်၊ အဲဒါတွေ ကာယသတ်သတ်၌ဖြစ်သော ဓာတ်အစု၊ အဲဒီဓာတ်သဘောတွေကို နာမပညတ် အမည် ခေါ်တာ ဘသူတွေက ခေါ်ဒါလဲ။ ဝမ်းချုပ်၊ ဝမ်းသက်တယ်၊ အသံကပ်-အသံမထွက် ဆွံ့အခြင်း၊ ခြေတုံ့, လက်တုံ့, ခေါင်းတုံ့, ခါးကိုင်း, ကိုယ်တခြမ်းသေ, အကြောဆွဲဒါဘေ့ အိမ်စောင့်နတ်ဖမ်းတယ်၊ စုန်းဖမ်းတယ် ဟုသလား၊ ဟူ-အနွမှတ်။ ကံကြောင့် ဖြစ်တယ်ယူသော် (**ကမ္မဿ ကတ သမ္မာဒိဋ္ဌိ**။) ငါပြုတဲ့ ကံဘဲလို့ယူလျှင် ငါပြုတဲ့ အကုသိုလ်ကံကြောင့် ငါ့မှာ ယိုကဲ့သို့ တကိုယ်လုံး၌ ဝဲ့, ယားနာ, ဝက်ခြံ့, ပွေး, နှင်းခူ, သမင်ဖြူ, သမင်နက်, ခရှသင်း အစ-ဟိုရှဲနေသော နူနာကုဋ္ဌရောဂါကြီးကို ငါခံစားနေရတယ် ယူလျှင်အနွမှတ်။ သူ့သဘောလို့ သိလျှင် ကလျာဏမှတ်။ လူနဲ့ သူ့သဘောနဲ့-သူ့သဘော အယူကမျှားလို့ သူ့သဘောဘဲမှာ လူပါနေသေးလျှင် စူဋသောတာပန် မှတ်လိုက်။

## အရိယာဓာတ်က ဒီလို။

စကား ပြောတယ် မယူဘူး အပြတ်မှတ် (ဓာတ်)။ သွားတယ်, လာတယ်, စားသောက်တယ်, အိပ်တယ်, ခြေလှုပ်, လက်လှုပ်, လေ့ထိုး, လေ့ခတ်, စပါးရိတ်, ကူလီထမ်း, အရှင်းမရှိ ဓာတ်အတိ။ စစ်တိုက်, စစ်ထိုး, ရွှေနေလိုက်, ရုံးထိုင်, ရုံးဆင်း, ရုံးတက် စာရေးတယ်မဟုတ် ဓာတ်သက်သက်သာရှိ။ လူသိချင်လို့ တရားလာနာကြသလား၊ တရားလိုချင်လို့ လာကြသလား၊ လူသိချင်လျှင် မတရားမှတ်။ မိမိကိုယ်မိမိ ဖြစ်ချင်တိုင်း ပျက်ချင်တိုင်း သူ့ဘာသာတတ်တိုင်း သဘောအစုတွေကို ငါသူ အမှတ်ပျောက်၊ အသိဉာဏ်မှာ ဓာတ်ပေါက်။ မေးတယ်-သေတယ် ဆိုဒါက လူ ဓယူရှိလျှင် မှန်တယ် သမုတိသစ္စာမှတ်။ မွေးဒါ-သေဒါ လုံးဝ မရှိဘူးလို့ ပိုင်ပိုင်သိတာဘဲ ဓာကကစ၍ အရိယာ သောတာပန်မှတ် တကိုယ်လုံး ဓာတ်။

ဂါတ်ကို သဘောကျသော အသင်ယောဂီသောတာပန်သည် လူသေ
ကောင်ကို တရားနာတယ် အယူစွန့်နိုင်ရဲ့လား။

သတ္တမည ဓာတ်တရားဟောစဉ် ဆုံးပါပြီ။

## သတ္တမည နိဂုမ်းသတ် ဟောစဉ်။

ဆရာ တရားဟောလာဒါ ယနေ့ညပါနဲ့ ၇-ညရှိပြီ။ နက်ဖြန် ဒီအချိန်ရောက်လျှင် တရားပွဲသို့ လာကြဒါ သတိရကြရပယ်။ ဆရာလဲ ပြန်ရမယ်၊ ဟောခဲ့တဲ့ တရားတွေကို မမေ့ကြနဲ့။ ဆရာရေးတဲ့ ကျမ်းစာတွေကို ဆရာ၏ကိုယ်စား ထားခဲ့မယ်။ တရားပွဲကြီးသိမ်းဒါနဲ့ ဘုရား ပရိနိဗ္ဗာန်စံဒါနဲ့ အတူပဲဘဲလို့ ယူကြည်ခဲ့လေစွ။ ရုပ်တရား နာမ်တရားတို့၏ သင်္ခါရဓမ္မ အနိစ္စကို ဟောပြခြင်း၊ တရားတော်မှတပါး အခြားတရားပွဲပြီးသည်ကို ဘုရားပရိနိဗ္ဗာန်စံဒါနဲ့ တူမယ်မမှတ်နဲ့။ အစားနဲ့ အညာခံကြ၊ တရားနဲ့ အညာအလိုင်းမခံကြရအောင် မလောခင် ဂရုစိုက်ကြ။ ၇-ရက်စဉ် ဆက်လက်၍ ညတိုင်း ဟောနေကြဖြစ်လို့ နက်ဖြန်ည မလာရရင် တရားပွဲကြီးကို လွမ်းပြီး ကျန်ရစ်ကြပေတော့။ ဆရာ ဟောတိုပြောပုံ ပြယုဂ် ဥပမာ ရယ်စရာမျိုးစုံ၊ တရားပေါ်လွင်အောင် ပြောနည်း အမယ်တွေတို့သည် တဖြေးဖြေး တစိမ့်စိမ့် ပေါ်လာရမယ်မှတ်။ တရားကူး တရားမြတ်ကို နာယူပြီး အိမ်ပြန်ရောက်သော် တရားနာမလိုက်နိုင်သော မိအို-ဘအိုတို့ကို အတိုချုပ် မှတ် တလုံးဘဲ ပြောပြကြ။ အနတ္တကိုဘဲ ပြောပြော။ တဘက်လုံး ကျေးဇူးပြုစုရဒါ ထက် ဘဝကူး ဖြောင့်မတ်အောင် ထောက်ပံ့ ပြောဟောသောတရားက သာ၍ အကျိုးထူးတယ်လို့ ဆရာမပြန်ခင် မသေခင်မှာခဲ့ပယ်—မှာလိုက်တယ်။

## ဇဝန ဟံသာမင်းဇာတ်။

ဗာရာဏသီပြည်မှာ ရှင်ဘုရင်က ဗြဟ္မဒတ်မင်းဖြစ်ပြီး တိုင်းနိုင်ငံတကွ တပြည်လုံးကို စိုးမိုးအုပ်ချုပ် အာဏာရှင်ပင်လုပ်တယ်။ မင်းကျင့်တရား နား မလည်ဘူး၊ သီလကိုလဲအရှင်းမသိ။ ပြည်သူ ပြည်သားတို့မှာ ပျော်ရွှင်သာယာ ခြင်းမရှိ။ ကိုယ်,စိတ် ၂ ပါးလုံးသင်းရဲ ဒုက္ခခံရသူတို့က များတယ်။ တယောက်နဲ့ တယောက် ရက်စက်စွာညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခြင်း၊ သတ္ထန္တရကပ်ဆိုက်။ အမျိုးအမည်ပင် မသိနိုင်သော ဝေဒနာအိုးတို့ကြောင့် သေကြေ ပျက်စီးကြရသော ရောဂန္တရကပ်ဆိုက်။ မိုးခေါင်ရေရှား ဆန်စပါးစသော ကောက်ပဲသီးနှံ တို့ ပါးရှားခြင်းကြောင့် မစားရ, မသောက်ရ ငတ်မွတ်၍ သေကြေရခြင်း ဒုဗ္ဘိက္ခန္တရကပ်ဆိုက်။ ထိုကဲ့သို့ ကပ်ကြီးသုံးပါး ဆိုက်ရောက်နေသော ဗာရာဏသီ တိုင်းပြည်၏ အရှေ့ဘက်-ယူဇနာ ၁၀၀-ကွာဝေးသော တောစပ်၌ ရွှေတောင် ကြီးရှိတယ်၊အလောင်းတော်ဇဝန ဟံသာမင်းကြီးက ရွှေအဆင်းနှင့်ပြည့်စုံသည့်

ပြင်၊ ဟင်္သာဓမ္မကထိက မင်းကြီးဟူ၍လဲ ယောဂီတို့ မှတ်ထားကြ။ ရွှေဟင်္သာငယ် ပေါင်း-ဝဲနဲ့-ယာ-ခြွေရံတပည့် ရှစ်သောင်းတို့အား ရုပ်နဲ့နာမ် ၂-ပါး ဖြစ်ပျက်သည့်အကြောင်း တရားကောင်းကို ညစဉ်ဟောပြ ဆုံးမတော်မူတယ်။ ဒါ သူတော်ကောင်းအလေ့ မှတ်လိုက်။

---

## ဟင်္သာတို့၏ တန်ခိုးသတ္တိ။

ညစဉ် ဂိပဿနာ တရားပွဲကြီးဖြစ်တယ်။ အမွေးအတောင်တို့က ရွှေသား ပကတိမှတ်။ ပျံသန်းသွားလာသော် အခြားသတ္တဝါတို့ထက် အဆမျှားစွာ လျင်မြန်တယ်။ အလောင်းတော်ကို နေမင်း-လပင်းတို့ယက် မရေတွက်နိုင်အောင် လျင်မြန်အားကြီးလို့ ဇဝနဝေါတယ်။ အာနန္ဒာ-ညီတော် ဟင်္သာပင်းကလေးကို စိတ်သွားတိုင်း ဝန္ဒာကိုယ်ပါအောင် ပျံသန်းသောအချက်၌ လျင်မြန်သဖြင့် စိတ္တာက အမည်ရတယ်၊ ကောင်းကင်ပြင်၌ ဘုရားအလောင်း တကောင်တည်းပင် လှည့်လည် ပျံဝဲ၍နေသော်၊ ကောင်းကင် အပြည့် အန္တြဖြစ်၍ အကောင်ပေါင်း အနန္တတို့ ပျံသန်းနေဘိ သကဲ့သို့ ယင်မှတ်ရတယ်။ အောက်မြေပြင်၌ မိုးမှောင် အတိကျ၍ နေပြောက် မထိုးအောင် လျင်မြန်စွာ ပျံသွားနိုင်သော တန်ခိုးထူး ရှိတယ်။ တနေ့သောအခါ၊ ဒေဝဒတ်အလောင်း ကျီးကန်းသည် အိမ်တအိမ်၏ မီးဖိုချောင် အခန်းတွင်းသို့ အမြန်ပြေးဝင်ပြီး ငါးကြော်တစ်ကို ထိုးသိတ်နေခိုက် လက်မြန်သော ထမင်းချက်တယောက်က ကျီးကန်းကို လက်ရဖမ်း အတောင် ၂-ဘက်ကိုချုန်၊ အမွေးဟူသမျှ အကုန်နုတ် အိုးခြမ်းကွဲကိုဝိုင်း-ဖောက်-ကြိုးကွင်း တပ်-ကျီးကန်းရဲ့ လည်ပင်းကို အမှတ်အသားပြုပြီး လွှတ်လိုက်တယ် ဒုက္ခဘဲ။ ။ ထိုအခါ၊ အဖေါ် ကျီးတွေက အော်ကြ-ဟစ်ကြ ဆူဆူ-ညံညံ ဖြစ်ကြရာ၊ ပုတီး ခွက်ဆွဲ ကျီးကန်းမဲသည် အထက်သို့ ပျံတက်လိုက်၊ အောက်ကျလိုက်၊ ခုန်ဆွ ခုန်ဆွနဲ့ ဘုရားအလောင်းတော် စံပျော်သော ရွှေတောင်၏ခြေရင်း၌ တကောင် ချင်း ရောက်တယ်။ ဟင်္သာငယ်များက မြင်လို့မေးတယ်။ ဘာကောင်လဲ။ ကျီး ကန်း ခေါ်ပါတယ်။ ဘယ့်နှယ် ဘယ်လိုဖြစ်ပုံလဲ။ ဖြစ်ပုံကို-နောက်မှ ပြောပါရ စေ။ အစာမစားရလို့ ရေမသောက်ရလို့ သေမလောက် ဖြစ်ပါတယ်။ အသင်တို့ ကျွန်ုပ်ကို ကယ်နိုင်ရင် ကယ်ကြပါလို့ အသနားခံတယ်။ ဟင်္သာငယ်များက ကျီး ကန်းရဲ့ ဒုက္ခကို မြင်ရသည့်အတွက် အသနားဖက်ပြီး အလောင်းတော်၏ ထံသို့ ကူညီဖေးမပါ ခေါ်သွားကြတယ်။ ဒေဝဒတ်ကျီးကန်းမဲ ရွှေတောင်ခေါ် ထီးနန်း ယံသို့ ဘုရားအလောင်း၏ ရွှေတော်မှောက်တော့ ရောက်ကပြီ။

---

## စကားချပ်။

အန္ဓနဲ့ အရိယာ၊ ကျီးကန်းနဲ့ ရွှေဟင်္သာ၊ အန္ဓဗာလတို့၏ အလယ်မှာ အရိယာသူမြတ် မနေတတ်။ အရိယာစကား ပြောသော သူမြတ်တို့၏ ရွှေ အလယ်ခေါင်မှာ အန္ဓဗာလတို့ မနေရဲကြသလို၊ ကျီးကန်းမဲသည် ဟင်္သာ ရွှေရောင်တို့၏ ရွှေမှောက်၌ မနေတတ် မနေရဲ၊ ကောင်ကြည့် မြောက်ကြည့် ဖြစ်၏။

ဇဝန ဟင်္သာမင်းက ကျီးကန်း၏ လက္ခဏာကို ကြည့်တယ်။ သားက ဟင်္သာ ငယ်များကလဲ အကဲခတ်ကြတယ်။ ဘယ်လို အကောင်လဲ ဒီအကောင်ဟာ အမွေး လဲ တပင်မှ မရှိ၊ အသားကလဲ နက်ပြာရောင်၊ အာသဘောင်က နီရဲ၊ နှုတ်သီး ကလဲ ရှေလဲရှေ မဲလဲမဲ၊ အသံကွဲနဲ့-ခြေထောက်ပါမဲနက်၊ ဘယ်လိုများ ဖြစ်ပျက် လာတယ်။ ဒီလို အဓိပတိ ရွှေတောင်ကြီးကို သူ့ရုပ် သူ့ရေ-ဂုဏ်အနေနဲ့-ဘယ်လို လူမျိုးတွေကများ လာပို့ကြပါလိမ့်- လေတွေ မိုးတွေ တိုက်ကဲ့ အထဲများပါပြီး လာလေရော့သလား တွေးကြ ကြောက်ကြ ရယ်ကြ ပြုံးကြ အံ့သြကြတယ်။ အလောင်းတော်က အကြောင်းပေါ်အောင် မေးတယ်။ ဖြစ်ပျက်ခဲ့ပုံအလုံးစုံကို အကုန်အစင် ပြောပြတယ် ယောဂီတို့။ကျီးပြောသမျှစကား လှန်စွာမှသနားတော် မူသဖြင့် ဟင်္သာများကို အမိန့်တော်မှတ်တယ်။ ကိုကျီးကို အမွေး အတောင် ပေါက်ပွားလာအောင် လေလုံ မိုးလုံထား၊ အစာ, ရေစာ ကောင်းမွန်စွာကျွေး ချမ်းသာအောင် မွေးကြစေ။ ထိုခဏမှာပင် အာဟာရ ပရိယေသန ဒုက္ခကို သံဝေဂရအောင် ကျီးကန်းကို သက်သေခံပြ၍ ဆုံးမတော်မူတယ်။ အဲဒါလူတွေ မဟုတ်ဘူး။ ဟင်္သာတွေ-ငှက်တွေမှတ်။

---

## ရွှေတောင်နဲ့ ကျီးကန်းနဲ့ မတန်ဘူး။

ဒုက္ခိတ ကျီးကန်းမိုက်ကို သနားကြင်နာသဖြင့် သလေးဂရု ကျွေးမွေးပြုစု ကြသော ဟင်္သာတို့အပေါ်၌ ကျီးကန်းက မာနရောက်ပြီး။ အောင်မြောက်၍ စိတ်ကြီးဝင်ပုံ။ မင်းတို့ ယနေ့ ငါ့အား အစာကျွေးဒါ ဟယ်နေ့ကျပါ ကလား၊ ဟင်္သာများက အလောင်းတော်၏ အမိန့်ကို မကျန်အောင်နိုင်၍ မလွဲ သာ သည်းခံကြရတယ်ညစုံတရားနာရန် ဟင်္သာမင်းကြီး၏အထက်သို့ပေါ်ကြကယ်။ မင်းတို့သာ နာကြ မင်းတို့တရားကို ငါ-နားမကြားလို။ ငါ၏ကျီးမနဲ့ သားသွီး များကိုသာ အောက်မေ့တယ် လွမ်းဆွတ်တယ်။ ငါ့ကို နောက်နေ့ တရား နာရန်လာ၍ မခေါ်ကြနဲ့လို့ မာနနဲ့ပြောတယ်။ ဟင်္သာများက ဟဲ့ကျီးကန်းမဲ ရွှေတောင်ဆိုတဲ့ ထီးနန်းနဲ့ လွဲချော်သလား။(သခင်ကမွေး သခင်ကိုဟောင်တဲ့ခွေး)

ကဲ့သို့ ကျေးဇူးရှင်များကို ကျေးစွပ်တဲ့ စကား ပြောသလား၊ အေးပြောတယ်၊ အသင်တို့က ရွှေတောင်ကြောင့် ရွှေရောင်တောက်ကြဒါပါ၊ငါလဲ ဒီရွှေတောင်ကို အမြဲနေလျှင် နင်တို့ ဟင်္သာတွေလိုပင် ရွှေရောင်တောက်မှာပေါ့ ဆို၍ မာန သံဖြင့် ရန်စကားပြောတယ်။ ဘုရားအလောင်းက ထိုကဲ့သို့ တရားနဲ့ ဆန့်ကျင် ဘက်စကားကို မရိုမသေပြောသဖြင့် ကျီးကန်းမှာ ဓမ္မအန္တရာယ်သင့်၍ အသက် သေမှာ စိုးရိမ်သောကြောင့် ရွှေတောင်နဲ့ဝေးကွာသော တောအရပ်သို့ အမြန် ပြန်ရန် စေခိုင်းလိုက်တယ်။ ကျီးကန်းမဲ ယီးနန်းနဲ့လွဲပြီး တောထဲ ပြန်ရောက် တယ်မှတ်။ ကျီးကန်းနဲ့ ရွှေတောင်နဲ့မယိုက်တန်၊.

## နေ့မင်းနဲ့ ဟင်္သာမင်း အပြေးပြိုင်ခဏ်း။

တနေ့သောအခါ ညီတော်စိတ္တက ဟင်္သာက မိမိ၏ စွမ်းရည်သတ္တိကို အများ ဟင်္သာတို့ သိစေဘို့ နေမင်းနဲ့ပြိုင်၍ ပြေးလိုကြောင်း။ နောင်တော် ဟင်္သာမင်းထံ ခွင့်တောင်းပန်တယ်၊ ညီတော်၏ အသက်ဘေးကြောင့် ပြိုင်ပြေးဘို့ရာ ခွင့်မပေး။ နောက်နေ့ နံနက် နေမင်းမထွက်မီ နောင်တော် မသိအောင် တောင်ပေါ်မှ အရှေ့အရပ် လောကမာတ်သို့ အမြန်ပြေးပြီး ထွက်ပေါ်လာမဲ့နေကို စောင့် တယ်၊ နေဝန်းပေါ်ထွက် ၆-နာရီနံနက်အချိန်မှာ စိတ္တက ဟင်္သာနှင့် ယှဉ်ပြိုင်၍ ပြေးလာတီ။ရွှေတောင်ကြီးဆီသို့ အလောင်းတော်က ထိုအကြောင်းကို သိသဖြင့် နေမင်းနဲ့ညီ အပြေးပြိုင်ကြသည်မှာ အသက်ရှိတဲ့ သတ္တဝါက ဘယ်လိုပင် မြန် သော်လဲ ကြာလျှင် ရှုံးရမယ်လို့ ထုံးမသေသ်လဲ နားမယောင်သော ညီတော်၏ သတ္တိကို နောင်တော်က တောင်ပေါ်က ကြည့်နေတယ်။နံနက် ၆ နာရီမှ ၈-နာရီ အထိ စိတ္တက ဟင်္သာက အပြေးသာတယ်။ ၉ နာရီကျော်လို့ ၁၀-နာရီ အချိန် ခန့်မှာ ရွှေဟင်္သာ မောပန်းတန်ပြီး ပေါနေသီ။ ရှုံးတော့မယ် သေတော့မယ်။ ထိုအခါကျမှ တောင်ပေါ်က နောင်တော်က အမြန်ပြေးပြီး ညီတော်ကို လက်ျာဘက် ရွှေအတောင်ဖြင့် ဖေးပယ့်တွဲပြီး တောင်ထဲသို့ အရောက် ခေါ် လာတယ်။ ဟင်္သာ အပေါင်းက အစာရေစာဖြင့် ကောင်းစွာပြုစု ကျွေးမွေး ပြီး အမောပြေအောင် စောင့်ရှောက်ကြတယ်။

ထိုအချိန်၌ နေမင်းလာတာ တောင်တဲ့တဲ့ မရောက်သေး။ ဒီအချက် အလောင်းတော်၏ လျင်မြန်ပုံ အချက်ကို သိကြတော့ နေမင်းသည် တောင် ပေါ်သို့ ရောက်လာသည်ကိုလဲ ဟင်္သာ တို့ကို ပြောပြတယ်။ အသင်တို့ ငါ၏ အစွမ်း သတ္တိကို ပြမယ်။ တောင်ကနေ၍ ကြည့်ကြတော့။ ။ညနေ ၅-နာရီ အချိန် နေဝင်ခါနီးမှ ငါလိုက်သွားမယ်။ နေ့ကိုမှီလျှင် အတောင် ၂-ဘက်ဖြင့်

ကွယ်ဝှက်၍ ပြမယ်။ အမိုက်မှောင် ကျသွားသော် နေကို ငါက အမှီ လက်ရ ဖမ်းပြီလို့ သိကြရအောင် သက်သေပြမယ် ပြော၍ နေကို မှီအောင်လိုက်တယ်။ အတောင် ၂-ဘက်ဖြင့် ဖုံးကွယ်လိုက်သော် အမှောင်ပကတိဖြစ်တယ်။ တောင်သို့ ပြန်၍ ရောက်သော်လဲ နေမဝင်သေး။ ထိုကဲ့သို့ အလောင်းတော်၏ သတ္တိ တန်ခိုးတော်ကို ဟသ်ာငယ်တပည့်များက ချီးကျူးအံ့ဩ၍ ဥက္ကောင်းညွှတ်ပြီး အတောင် ၂-ဘက်တို့ဖြင့် ရှိသေစွာ ပူဇော်ပွဲပြုကြတယ် ယောဂီတို့။

## ဘုရင်ကို ဟသ်ာမင်းက တရားပြပုံ။

နေနဲ့ဟသ်ာတို့ ပြိုင်ဆိုင်ကြသဖြင့် အောက်မြေပြင်၌ တနေ့လုံးလင်းလိုက် မှောင်လိုက် အလင်းရောင်နှင့် အမှောင် နေ့နဲ့ည-ရွေးမရအောင် ထူးဆန်းသော ဖြစ်ပုံကို ဗြဟ္မဒတ် ဘုရင်နှင့်တကွ သိကြ မြင်ကြသော တိုင်းသူပြည်သား အားလုံးတို့က ကြောက်လန့် တုန်လှုပ်ကြတယ်။ သို့အတွက် ရှင်ဘုရင်နှင့် မင်းမိဖုရား အစုံ မှူးမတ်များပါ ဝိုင်းအုံ၍ ကန်တော့ပွဲ မျိုးစုံနှင့် ပင့်မြှောက် ပူဇော်ကြ တယ်။

---

## နန်းကြမ်းပြင်သို့ထွက်၍ တယောက်လျှင် တပွဲစီ မြှောက်သူ-ရှက်သူ တို့၏ကိုယ်စား ရှင်ဘုရင်ကိုယ်တိုင်က ဆိုပုံ။

ငါသည် လူတို့၏ဘုရင်ဖြစ်တယ်၊ တရားစည်းကမ်းဖြင့် အုပ်ချုပ်ပုံ မဖြောင့် လို့လား၊ မင်းကျင့်တရားနှင့်မညီညွှတ်လို့လား၊ သီလ သမာဓိ ပရိုလို့လား၊ မိမိ ကိုယ် မိမိ ဘုရင်မာနရှိပြီး ငါလုပ်ထာ ငါအုပ်ထာ ငါစီမံဒါမှ မှန်တယ်လို့ အယူများ သဲန်မာနေပါသလား။ ပြည်သူအများတို့အား ကိုယ်ချင်းမစာ ကိုယ် ၏သားသမီးချင်း မစာမညှာဘဲသေချင်သလိုသေကြ၊ဖြစ်ချင်သလို ဖြစ်ကြခြင်းကို လစ်လျူရှု၍ မေ့မူးနေလေသလား၊ မိစ္ဆာအယူ မှားသောမှုကို အယူဖြောင့် ကြောင်း တရား ကောင်းဖြင့် ဖြောင်းဖြပေးသူ ရှိပါမူကား၊ ယခု ထင်ရှား ကြွရောက်တော်မူစေသား။ ။ငါသည် အဂ္ဂသာဝက နာမထင်ပေါ် ရဟန္တာ အကျော် တကယ်ဖြစ်မည်မှန်ပါက ယနေ့ ယခု ထူးဆန်းမှု အတိတ်၊ နိမိတ် အတွက် ဖြစ်ပုံချက်ကို ထင်ရှားဖွင့်ပြ သိကြစေဌာ နတ်ဒေဝါတို့ ကူဝါစေဝင် ရှောက် ထောက်မကြ စေကုန်သတည်း။

သားသမီးမကောင်း ဘမိတို့၏ခေါင်း၊တပည့်တွေ မကောင်း ဆရာ တို့၏ခေါင်း၊ တိုင်းသူပြည်သားမကောင်း၊ အုပ်ချုပ်သူ ဘုရင်အစိုးမင်း တို့၏ခေါင်း။ (ခေါင်းရှောင်လို့မရဘူး။)

## ပြည်လုံးချမ်းသာ ဗုဒ္ဓရာဇာ။

အလောင်းတော် ဟင်္သာမင်းဟာ မိမိ၏ တရားဂုဏ်ကို ကြည်ညိုညွတ်ခ အားကိုးကြသူတို့၏ စိတ်အကြံနှင့်အဓိဋ္ဌာန်ပြုသည်ကို သိတော်မူသဖြင့် ဟင်္သာ ဝဲယာတို့နှင့်တကွ ရွှေတောင်မှ အောက်မြေပြင် နန်းတော်သို့ ကြွမြန်းသက်ဆင်း၍ လာတယ်။ ဘုရားအလောင်း ဟင်္သာမင်းကြီး၏ ကိုယ်ခန္ဓာကား ယခုမြင်ဘူးသော ဆင်ကောင်ကြီးခန့် ရှိတယ်။ နောက်ပါ ဟင်္သာတို့ကား ဥဒေါင်းငှက်၏ ၃ ကိုယ်စာမျှ ရှိကြတယ်။ အသက်ရှည်သော သာသနာပအခါမှတ်လေ၊ (စာဘတ် ကျယ်ကျယ် ဘတ်ပါ။) ဟင်္သာနန်းတော်သို့ လာကြပုံမှာ ဟင်္သာမင်းကြီးက ရှေ့ဆုံးက နောက်ပါ ဟင်္သာတို့က ဝဲယာ တတန်းလျှင် အကောင် ၁၀၀၀ စီတန်းလျက် တန်းပေါင်း ဆယ်တန်းတို့ဟာ တတန်းထက်တတန်း ကောင်း ကင်မှာ မြင့်၍ ကျန်ရစ်ကြတယ်။ နန်းတော်ကဲ့တဲ့သို့ ဆယ်တန်း ၈-ကြိမ် အဆင့် ဆင့်အလီလီ ဘုရားအလောင်းတော်ကို လိုက်၍ ပို့ကြတယ်။

သာယာသော အသံစုံတို့ဖြင့် မြည်ဟီး ကျူးရင့်၍ ပျံဝဲရောက်လာကြတယ်။ မမြင်ဘူးသော ရွှေရောင်တို့ဟာ ကောင်းကင်နဲ့မြေပြင် နီဝင်းသော ရွှေစင်ပကာတိ ကဲ့သို့ ထူးဆန်းသော အရောင်တို့ကို မြင်ကြရတယ်။ မကြားဘူးသော သာယာ သော အသံတို့ကိုလဲ ကြားကြရသော မြည်သူ အပေါင်းတို့မှာ အလွန်အားရ ရွှင်လန်းပြီး မပြောမဆိုနိုင်အောင် နန်းတော်သို့ စုပေါင်း၍ လာကြတယ်။ အလောင်းတော်ဟာ တင့်တယ်စွာ စီမံရှိထားသော နန်းကြမ်းပြင် ပန်းမွေ့ရာ ပလ္လင်၌ စံမြန်းနေတော်မူလျက် ကန့်တော့ပွဲ ပင့်ဖြောက်သော အကြောင်း ကိစ္စ ကို မေးတယ်။

ဗြဟ္မဒတ်ဘုရင်ဟာ မိမိတို့၏ တိုင်းပြည်၌ ကပ်သုံးပါးဆိုက်ခြင်း သူပုန်ထကြ သောင်းကျန်းခြင်း၊ သူခိုးဓားပြ ပူပန်ခြင်းတို့ကြောင့် နေ့ရောညဥ့်ပါ မအိပ်နိုင်၊ မစားနိုင် မကြံစည်နိုင်ဘဲ အကြံကြပ်၍ နေခိုက်မှာ နေဟာထွက်၍ လင်းလာ လိုက်၊ မှောင်အတိ ကျလိုက်နှင့် အမျိုးမျိုး ယနေ့ဖြစ်ရပုံဟာ ဘယ်ကဲ့သို့ အကြောင်းများရှိပါသလဲ ငါ့ဒို့တိုင်းပြည် အကျွက်ကြောင့် အတိတ် နိမိတ်များ ပြလေရော့ သလားလို့ ကြောက်လန့် တုန်လှုပ်ကြသဖြင့် နတ်သိကြားများကို တိုင် တယ်၍ အကောက်ကောင်းကင်သို့ ကန့်တော့ပွဲစီညီနှင့်ဦးချ၍ တင်မြှောက်ကြရပါ ကြောင်း လျှောက်တယ်။ အလောင်းတော်က - နေလပ်းပုံ - မှောင်အတိကျပုံ အလုံးစုံကို အတိုချုပ် ပြန်ပြောပြတယ်။ နေပင်းနဲ့ ကျုပ်နဲ့ အပြေး ပြိုင်တယ်၊ လောကမှာ လျှထက် သဘောကမြန်တယ်၊ မင်းကြီး နွားထောင်၊ သဘောထက် ရထားယာဥ်က မြန်တယ်၊ အဲဒါတွေထက် နေ-တိုလ-တို့က သာ၍မြန်တယ်။ နေ့,

လ,တို့မြန်ပုံမှာ တမိနစ်မှာ ယူဇနာ ၁၀၀-ခန့် လျင်မြန်စွာ သွားနိုင်တယ်။ အဲဒီ နေမင်းထက် ကျုပ်က-အဆထောင်သောင်း ပျံနိုင်ကြောင်း သတ္တိကို ဟသာ်ာငယ် တို့ကို ပြခြင်းဖြစ်တယ်လို့ ဧပြာပြလျှင် ဘုရင်မင်းကြီးက · အလောင်းတော်ဟသ်ာ အင်မတန်မြန်ကြောင်း တကောင်ထဲပျံ၀ဲဒါက သိန်းသောင်းများစွာ ပျံ၀ဲနေသလို နေပြောက်မထိုးဘဲဖြစ်ပုံကို အလွန်အံ့သြပါပေတယ်လို့ချီးကျူးတယ် ယောဂီတို့။

## တရားဟောကွက် ဒီမှာ။

ဟော့ မင်းကြီး- ကျုပ်မြန်ဒါကို အသင်မချီးမွမ်းနဲ့ မအံ့သြနဲ့၊ အသင်၏ခန္ဓာ ကိုယ်က မရေတွက်နိုင်အောင် မြန်တယ်မှတ်လိုက်။ (**ဘုရင် နားစိုက်ပြီ ဘာ့ ကြောင့် အဂ္ဂသာဝက အလောင်း ဖြစ်လို့**) အသင်၏ ခန္ဓာဟာ ပျက်စီးတယ်မှာ ကုဋ္ဌေပေါင်း ၅ ထောင်ကျော် ချုပ်, ပျောက်, ပျက်, ထပ်ခါ အသစ်ထက်၍ နေတယ်။သေ,သေနေတယ် မင်းကြီးရဲ့။ သေ, သေနေမှန်းမသိဒါက ဒီခန္ဓာငုက် က မြန်စွာပျက်လို့ မသိဒါမှတ်လိုက် စသည်ဖြင့် ရုပ်, နာမ်, ဖြစ်ပျက်ရှင်ဘုရင်၏ ခန္ဓာစက်က မြန်ပုံ ဝိပဿနာတရားကို ဟောတယ်။ မင်းကြီးနှင့်တကွ မိဖုရား, ခြွေရံ, မှူးမတ် အားလုံးသော ပရိသတ်တို့သည် များစွာမှ အားရဝမ်းသာ၍ တရားတော်ကို နာယူမှတ်သားကြတယ်။

အဲ-တိရစ္ဆာန်ငှက်က-လူဘုရင်ကိုဟောပုံ၊ အလောင်းတော်က-ငါးပါးသီလကို စောင့်ထိန်းကြဘို့ ဆိုဆုံးမတယ်၊ တရားဟောပြီးနောက် မင်းကြီးကို မှာခဲ့ပုံ၊ ယနေ့ကစ၍ မရဏာနုဿတိ သေရခြင်းတရားကို ရက်မခြားတွေးဘို့ မင်းသုံး တရား ဆယ်ပါးကိုလဲ ဟောပြတယ်။ ဟသာ်ာအပေါင်းတို့ကို ဟရားနှင့်နေ့စဉ် ဆုံးမဩဝါဒပေးရန် ဝတ္တရားရှိသေးတယ်။ ယခုညအချိန်မီ ရွှေတောင်တို့ ငါ ပြန်ပြီပြော၍ နောက်ပါတပည့်တို့နှင့် ပျံတက်ကြွမြန်းကြတယ်မှတ်။ ။ရှင်သာရိ- ပုတ္တရာ အလောင်းမင်းသည်၊ ဘုရားလောင်း ဆိုဆုံးမသည့်အတိုင်း မိဖိကစ၍ ငါးပါးသီလမြဲပြီး ပြည်သူပြည်သားတို့ကို ဟောပြဆုံးမတော်မူတယ်။ ဝိပဿနာ ရုပ်တရား, နာမ်တရားတို့ဖြင့် ဤခန္ဓာပျက်ပြားနေကြောင်းကိုလဲ ဟောပြဆုံးမ သဖြင့် ကပ်သုံးပါးကင်းပျောက်ပြီး ပြည်လုံးချမ်းသာ ဗုဒ္ဓရာဇာခေတ် ဖြစ်ခဲ့ဘူး တယ်မှတ်။ ထိုအခါက စ၍ ဟသာ်ာရုပ်နဲ့ ပုံကူရွေ့သားကို ယုလုပ်ပြီး နန်းတော် မှာ ကိုးကွယ်၍ ထားတယ်။

တိုင်းပြည်၌ ကပ်သုံးပါးဆိုက်လျှင် တိုင်းပြည်ကို အုပ်ချုပ်သော ဘုရင်မင်းအစိုးရနှင့် ဘုရားတူးခံဖြစ်သော အထက်တန်းစား လူ ရှင်များ တို့ကစ၍ သီလ, သမာဓိ, ပညာကို ပဋမရှေးဦးစွာ ပြည့်စုံညီညွတ်မှ

တပည့်အောက်သား ပြည်သူများကိုဟောပြဆုံးမ အုပ်ချုပ်လို့ရမယ်မှတ်။ ခေါင်က မိုးမလုံလျှင် ဘယ်တော့ခါမှတိုင်းပြည်မအေးဘူးမှတ်။ ဝိပဿနာတရားထွန်းကားမှ တိုင်းပြည်လုံးချမ်းသာ၍ ဗုဒ္ဓရာဇာ ဖြစ်ကြမယ်။ ။ ဟင်္သာမင်း ဇာတ်ထုပ်ကို ဆရာကြီးက ဟောပြီးတဲ့အဆုံးမှာ တပည့်ယောဂီမယ်များက ဟင်္သာမင်းသံပေါက်ကို ညီညီဆိုကြရမယ်။ အတင်တပိုဒ်-အချတပိုဒ်ဆို။ ဆရာက-သံတိုင်မယ်။

---

## ဇဝနဟင်္သာမင်း သံပေါက်။

ရွှေတောင်ဃေလာ၊ ရွှေဟင်္သာ၊ ပျော်ရာနိဗ္ဗာန်ဘုံ။
ရံရွှေရှစ်သောင်း၊ ဟင်္သာပေါင်း၊ ညွတ်ပျောင်းပူဇော်ပုံ။

နေ့စဉ်ညစဉ်၊ တရားရင်၊ သွန်သင်ဆုံးမပုံ။
ရုပ်နာမ်သင်္ချေ၊ ပျက်ကြောင်းသေ၊ သိစေဟောပြဂုဏ်။

ဒေဝဒတ်ကျီးငယ်၊ ဒုက္ခသယ်၊ ကိုးကွယ်ရောက်ခါလှူ။
တရားကလှဲ၊ ကျီးကန်းမဲ၊ ပိုက်မြဲအလေ့ထုံ။

ကျီးကန်းမဲကောင်၊ မြတ်ရွှေကောင်၊ ရွှေရောင်ထင်ရပုံ။
ရွှေတောင်ကိုလှဲ၊ ကျီးကန်းမဲ၊ နားမြဲမီးသွေးပုံ။

ယောဂီများစွာ၊ တရားရှာ၊ တောင်မှာနိဗ္ဗာန်ယုံ။
ရွှေဟင်္သာမှန်၊ မိုးပေါ်ပျံ၊ ရောင်လျှံထွန်းတောက်ပုံ။

တိရစ္ဆာန်တောင်၊ တရားဆောင်၊ မြတ်ခေါင်ဗုဒ္ဓဂုဏ်။
နေမင်းပမာ၊ ရွှေဟင်္သာ၊ ရောင်ဝါဂုဏ်ပေါင်းစုံ။

သစ်တပင်ကောင်း၊ ငှက်ရှစ်သောင်း၊ ခိုအောင်းပျော်ကြပုံ။
ဆွေတော်ရှစ်သောင်း၊ မျိုးတော်ပေါင်း၊ ဆုတောင်းပြည့်စုံကြုံ။

ရှင်ဘုရင်ဆို၊ တရားလို၊ ငှက်ကို ရှိခိုးပုံ။
အရှင်မင်းမြတ်၊ ရုပ်နာမ်ဓာတ်၊ ချုပ်ပြတ်သတိကြုံ။

မင်းကျင့်တရား၊ သတိထား၊ ဆယ်ပါးပြည့်စုံကုန်။
သားသမီးမကောင်း၊ မိဘခေါင်း၊ လူပေါင်းချွတ်ယွင်းပုံ။

နေသွားပမာ၊ ငါ့ခန္ဓာ၊ ပျက်ထာမြန်လှပုံ။
ရှင်မြက်သိန်းထွန်း၊ နေကိုညွှန်း၊ သေစွန်းမြင်ကြကုန်။

ကိုင်း-နိဂုမ်းချုပ် လိုရင်းစကား ဆရာမှာသွားမယ် ၇-ရက်စဉ် ဝိပဿနာ တရားမြတ်ဟာ အလွန်ထူးမြတ်တယ်ဖြစ်၍ အန္တဘာဝမှ အနဲဆုံး ကလျာဏ ဘဝသို့ နေ့,နာရီ ရက်,လ မကြာဘဲ ပန်းကန်တလုံးနဲ့အမြန်ဆုံးနည်းကို ဟောခဲ့ ရေးခဲ့ပြီ၊ အပါယ်လေးပါးသို့ မကျမရောက်တော့ဘူးလို့ စိတ်သာသျှ လိပ်ပဏာမ ကစပြီး အလောင်းတော် ဟသံ့ာမင်းဇာတ်နှင့် ၇ ရက်စဉ်အချုပ် ယာဉ် နိဂုမ်း အုပ်လိုက်ကပြီ။ ကိုယ့်ရုပ်နဲ့ ကိုယ့်နာမ် ကိုယ့်ဉာဏ်မှာ ဝေဘန်ကြ။ ဇကန္တ ကရား အဇစ် အနတ္တဉာဏ် အဆီအနှစ်နှင့် သမာဒိဋ္ဌိဉာဏ် ဖြစ်ကြစေ။ (စဝပဝ) စ မအက္ခရာဟာ လိပ်ကြီးကျောက်ကုန်း၊ ယောဂီဓါတ်ခွာအတုံးမှာ ထုက်ရှာလို့ သုံးသပ်လျှင် တလုံးခေါတ် အဲဒီ ဓမ္မတလုံးခေါတ်နှင့် ဘဝအာသုံ ပြုက်ကြစေ။ တရား ကျပ်ပြည့်ရခဲ့သော် ဒီခန္ဓာ တကိုယ်လုံးဟာ ဓမ္မခေါတ် ဘဝပြုတ်ဘိုအစ အက္ခရာ တလုံးက အနတ္တဆိုသော ဓမ္မစကြာမှာ ဆုံးကြရမယ်။ ဘာဂဝါဖြုတ်က မမ္မအနတ္တ မှတ်။ အဓမ္မကား အတ္တ၊ ဓမ္မကား အနတ္တ၊ စဉ်းစားကြမ်။ စကြာစကားနဲ့ သဘောတရား အသုံးပညတ်နဲ့ မသုံးကောင်းတဲ့ ပညတ် ယောဂီများ သတိချပ်။ အသိတရားနဲ့ အသုံးစကားခြားနားရှိခဲ့ကြ၊ သိထားရမဲ့တရားကို အသုံးစကား ထဲမထည့်ကြနဲ့။ သုံးနှုန်းကောင်းသော စကားတဲကိုသာ အသိဉာဏ် ရာများ ပေါ်လွင်အောင် ပြောကြရမယ်။ ဒါ့ကြောင့် ယနေ့ည ပဏာမဂ္ဂ သတ္တ သုံးပါး အင်္ဂါရှစ်ပါးတို့နှင့်ပြည့်စုံခဲ့သော် အရိယာဖြစ်ကြပြီလို့ သာဂု ၃-ကြိမ်ကျော်ကျယ် ကြီး ခေါ်၍ ဝမ်းမြောက်ကြစေကုန်သတည်း။

သတ္တမည ခေါတ်တရားဟောစဉ်တော်ပြီ။

ဤတွင် ၇-ရက်စဉ်ဟောထုံး တပျီးပြီး၏။

# မဟာ ဓမ္မကထိက ဒီပနီလမ်းညွှန်။

ကဲ-ခန္ဓာဒုက္ခမှ မြန်စွာမုချ လွတ်လိုကြသော ရှင်လူ့ အပေါင်းတို့။ မဂ္ဂသစ္စာ လမ်းကြောင်းပြ အခွင့်ကောင်းကာလ ဝိမုတ္တိလောကသို့ ရောက်ကြဘို့ ဇု-လသာ လိုတော့တယ်။ ဒါ-ပုထုဇန်တို့၏အမှတ်။ ။ဘုရားစသော အရိယာတို့၏ အမှတ်မှာ အဘိဓမ္မာ ဝိပဿနာပညာ အနတ္တတရားကို ဟောသူ သိသူ ရှိနေဟုန်း၊ တနည်း ဝိနည်းသိလ သာသနာအသက် ရှိနေဆဲ၊ တနည်း လူပြိန်းသိဘို့ အဘိဓမ္မာ၏ ဘာသာပြန် သုတ္တန် သမာဓိတရား ထွန်းကားစဉ် ဝိမုတ္တိလောကချည်း မှတ်ကြ။

ဘုရားဂုဏ်ကြောင့် တရားဂုဏ်တော် ဖြစ်လာရတယ်၊ တရား ဂုဏ်တော်ကြောင့် သံဃ ဂုဏ်တော်ကို ရကြပါတယ်။ ကြပ်ကြပ် တွေးကြ။ မိမိကိုယ် မိမိ ငါဟောမဲ့ တရားဟာ ဘုရားရှင်၏ တရားအစစ် ဟုတ်ကဲ့လား- ဟောခါနီး စဉ်းစားကြဘို့။ တနည်း။ ပေါက်လာရ ရောက်တတ်လေးဆယ် ဦးတည်ရာ ဟောရ ကောင်းမလား့ တနည်း၊ တရားအစစ်ယောင်ဆောင်ပြီး လူပြိန်းတို့၏ အလယ် ခေါင်မှာ အာဘောင်အာရင်း ခပ်ပြင်းပြင်းအော်၊ အသံညှင်းပြီး တခါတရံ အော်။ စင်မြင့်ပေါ်က ဟောရဲကြသော သိုက်စာသမိုင်း လူရိုင်းတို့အလို ဆိုချင်တိုင်းဆို၊ အသံရှည် အသံတို ဗျာဟိန္ဒြို၊ နံရစန္ဒြို၊ ဘင်္ဂလီနှင့် နာဂလီလိုလို သက္ကဋ ဘာသာ သင်္သကရိုက်သံလဲ တချို့ပါတယ်။ အမရှံ ဟရီ ပသီ့ ပဏ္ဏားသံ ရုပ်နံ့ဘမ်ကတာလွှဲ ဝိပဿနာ ယောင်ယောင်တမျိုးထည့်ပြီး တလှဲ့စီ အလိုက်ခိုင်း။ ထွက်လေ ဝင်လေကို အရှူခိုင်း အရှိုက်ခိုင်း သံပိုင်းရတု တပေါင်သံ အဆိုနဲ့ ညှပြီး လူမှုဒါန အလှူငွေ ကောက်ခံ ရဘို့က အကြောင်းပြ ဘုရားတည်။တချို့က ကျောင်းဆောက်မယ်။ ငါစားမယ့် အမျိုးမျိုး တရားနဲ့ တိုင်းပြည်လည်ကြဒါ ကပိလကိုသတိရ။ မိဘ့ သားချင်းဆွေမျိုးနှင့်တပည့်အရင်းတို့ပါ အဝီစိတွင်းသို့ ဆင်းကြရတယ်။တသင်းလုံး့တဖွဲလုံး ရေကကျွတ်အိုးတော့၊ ယခုသမုဒ္ဒရာပင်လယ်ကြောမှာ ကပိလ ငါးဖြစ်ပြီး မျောနေဘိ မှတ်ကရော။ ဘာ့ကြောင့် ဓမ္မအစစ်ကိုတော့မတရားပြော၊ အဓမ္မကိုတော့ တရားအစစ်လုပ်၊ ကိုင်း-အဲဒီဇာတ် အရှုပ်တွေရှုပ်သိမ်းဘို့ အချိန် ရောက်ကပြီ။ **(သံဃနဲ့ ဓမ္မ)** ဂုဏ်နဲ့ ဒြပ် ၂-ဌာန ဟပ်ဘို့ သာဓကရှိသမျှအညီ၊ **မဟာဓမ္မကထိက ဒီပနီ** ကို ကြည့်ကြ။ကပိလ အညစ် စခန်း ပြုတ်အောင် ဒီဥပဒေနဲ့စစ်တမ်းထုတ်ကြမယ်၊လာမရှုပ်နဲ့တရားမစစ် မဟောဘူး။ မနာဘူး။ ဝိပဿနာကိုဟောမှ နာမယ်။

## အထက်တန်းစားယောဂီများအဘို့။

အဋ္ဌကလာပ် ဓာတ် ၈-စုကို တခုစီရှင်း၍ ပရိယတ်နည်း ဥပဒေနှင့် ညီစွာ ပဋိပတ်နည်းဖြင့် ဆင်ခြင်ပုံ၊ ထိုမှတဆင့် ပဋိဝေဓ ဆိုက်ပုံကို မေတ္တာ စေတနာဖြင့် ကိုယ်ပိုင်ဉာဏ် အရဟောမယ် ရေးမယ်။ စဉ်းစားဘတ်၊ ခန္ဓာနဲ့ဟပ်၊ မဟပ် ပဋိပတ်မဟုတ်။ ပထဝီဓာတ်သည် မာခြင်းသဘော ပျော့ခြင်းသဘော ၂-မျိုး၊ အာပေါဓာတ်သည် မပြိုမကွဲ တွဲခြင်းသဘော ကျဲခြင်းသဘော ၂-မျိုး၊ တေဇောဓာတ် အေးတဲ့သဘောနဲ့ ပူတဲ့သဘော ၂-မျိုး၊ ဝါယောဓာတ်၊ ငြိမ်ခြင်း၊ လှုပ်ခြင်း၊ သဘော ၂-မျိုး၊ ဤကား အထည်မံ, အမာခံ, အရင်းမူလ အခြေခံ ဓာတ်ကြီးလေးပါးဟုသိပါ။ မဟာဘုတ် လေးပါးလဲခေါ်တယ်။ကာယ ပသာဒခေါ် လက်နှင့် စမ်းသပ်၍ ရသောဓာတ်မှာ ပထဝီ, တေဇော, ဝါယော ဓာတ် ၃-ပါးကိုသာမှတ်။ အာပေါဓာတ် တပါးကို စမ်းသပ်၍ မရမှတ်။ ဘာ့ ကြောင့် နူးညံ့ သိမ်မွေ့သော ဓာတ်ဖြစ်လို့ စိတ်ဉာဏ်ဖြင့်သာ တွေးဆလို့သိရ တယ်။ အဲဒီလေးပါး ခန္ဓာကိုယ် ရုပ်မှာမှတ်။ ဉာဏ်ကြီးပါးသူတို့ကား လူအရှင်း မရှိ၊ ဤဓာတ်ကြီး လေးပါးတို့၏ သဘောမျှသာရှိတယ်။

ဝဏ္ဏဓာတ် မျက်စိနဲ့ မြင်သမျှ အဆင်း၊ ဂန္ဓဓာတ် နှာခေါင်းနှင့် နံသမျှ အနံ့၊ ရသဓာတ် ပါးစပ်လျှာဖြင့် စားသောက်သမျှ အရသာ၊ သြဇာဓာတ် ခန္ဓာတကိုယ်လုံး၌ ရှိသမျှ အစေး အဆီ ဤလေးပါးကို အမှီရုပ်ခေါ်တယ်။ ဥပါဒါရုပ်လဲဆိုတယ်။ ဉာဏ်ငယ်သူများ ဆင်ခြင်လျှင် တရားအရ မြန်သော ဓာတ်ငယ် ၄-ပါးမှတ်။ ဝိပဿနာဉာဏ်ဖြင့် တဆင့်တက်၍ ဆရာပြောဘိ။ ဓာတ် ၈-မျိုးကား (ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ) ထို ၈-မျိုးကို ဉာဏ်သဘောဖြင့် တခုစီမခွဲတတ် ပေါင်းတတ်လျှင် ဆံပင်ဖြစ် တယ်။ ဥက္ကောင်းဖြစ်တယ်။ ခြေသည်း, လက်သည်းဖြစ်တယ်။ ငါကောင်, သူ ကောင်ဖြစ်တယ်။ သွားဖြစ်တယ်။ ယောကျ်ား, မိန်းမဖြစ်တယ်၊ ယခုဟောပြ နေသော အဋ္ဌကလာပ်ဓာတ် ၈-ခုကို တခုစီ, တခြားစီ, မဆင်ခြင်တတ်သော် ဘယ်ခါတော့မှ အကောင်အထည်မပျောက်။ မပျောက်သမျှသက္ကာယဒိဋ္ဌိ ခရိုင် နယ်က မလွတ်မှတ်။ ရုပ်ကို လူထင်လို့ ရုပ်ကိုပျက်အောင် ဖျက်တတ်ကြရမယ်။ သတိကြီးစွာထား၍ အာရုံဇောနဲ့တရားရအောင် ဘတ်ပါယောဂီ။ ဆရာကောင်း မတွေ့သမျှ သောတာပန်ဘယ်ခါမှ မဖြစ်ရ မှတ်လိုက်။

## အပြောဓာတ်နဲ့သဘောဓာတ်။

သဘောဓာတ်သည် အဋ္ဌကလာပ် ဓာတ် ၈-စု၌၊ ဓာတ်ကိုသိပိုင်လျှင် ဓာတ်ဟာ ၄-ပါး ၈-ပါး ၁၈-ပါး အရှင်းမဟုတ်ဘူး၊ ဓာတ်တလုံးကဲ မှတ်။ မိမိ လက်ဖြင့် မိမိ၏ခန္ဓာကိုယ်မှာ စမ်းသပ်၍ ဆင်ခြင်သော် လက် သည်းကား မာတဲ့သဘော၊ လက်မနဲ့လက်ညှိုးကြားက အသားသည်

ပျော့ခြင်း နူးညံ့ခြင်း သဘော၊ ဒီသဘော ၂-မျိုးသာရှိတယ်၊ ပုဂ္ဂိုလ် သတ္တဝါမရှိဘူး လို့- ဆင်ခြင်ရဒါမှန်တယ်၊ တဆင့်တက်ပါ ပျော့ဒါ၊ ပထဝီ ဟုတ်ချင်သာ ဟုတ်မယ် ဓာတ်မဟုတ်၊ ဘာ့ကြောင့် ဓာတ်သည် မမာဘတ်၊ မပျော့တတ်ပုဒ်ပြတ်မှတ်။ မာတယ်,ပျော့တယ်ဆိုဒါဘာသူက ပြောလို့ ဘာသူကသိသလဲ တိုင်ပင်ကြ၊ ဓာတ်,ဓာတ်ဆိုပေမဲ့အပြောဓာတ်နဲ့ သဘောဓာတ်။

---

## ဥပမာနဲ့ဟပ်–အဋ္ဌကလာပ်။

၁။ ပထဝီ-ပါ-ပျော့-ဂျုံမှုန့်။
၂။ အာပေါ-ဖွဲ့-ဟို့-ရေ။
၃။ တေဇော-အေး-ပူ-နေပူ။
၄။ ဝါယော ကည်-လှုပ်-လေ။
၅။ ဝဏ္ဏ-ဆင်း-နှင်း။
၆။ ဂန္ဓ-အနံ့ ရေမွှေး။
၇။ ရသ-အစာ-သကြား။
၈။ ဩဇာ အဆီ ထောပတ်။

ဂျုံမှုန့်ဖြစ်စေ ဆန်မှုန့်ကိုပင်ဖြစ်စေ ရေနှင့်ရော၍ နယ်ပါ။ နနွင်း ရေမွှေး သကြားထောပတ်တို့ပါထည့်၍ နှံ့အောင်နယ်ပါ။ နယ်ပြီးသော် ပုံသဏ္ဌာန် အတူ ယောကျ်ား ၁-ရုပ်၊ မိန်းမက ၁-ရုပ် ပြုလုပ်ပြီး၊ နေပူလှန်း သို့မဟုတ် လေတိုက်ခံထား၊ အရုပ်တို့ကို ဉာဏ်ဖြင့်ဆင်ခြင်ပါ။ **ဥပရိမကာယ** အထက်ပိုင်း၊ **မဇ္ဈိမကာယ** အလယ်ပိုင်း **ဟေဋ္ဌိမကာယ** အောက်ပိုင်း၊ ၃-ပိုင်းရှိတဲ့ အနက် တပိုင်းကိုခွဲပေး၊ နဖူးသား၌ ဥပမာပြု၊ ၈-မျိုးသာသဘောမှတ်၊ နဖူးမဟုတ် မိန်းမ မဟုတ် ယောကျ်ားမဟုတ်၊ ပါးသား လည်ပင်းသား အရှင်းမရှိ။ အထက်ပိုင်း၌ ပထဝီဓာတ်နှင့် တူသော ဂျုံမှုန့်ကို ပြန်၍နုတ်ယူစမ်းပါ။ မရပါဘူး သဘော မျှသာ ဖြစ်တယ်မှတ်။ ရေမွှေးအနံ့ကို နုတ်ယူပါ၊ ရပါ့လား မရဘူး။ သဘောနဲ့ သာသိရတယ်။ ဘာသဘောလဲ ဓာတ်သဘော ထောပတ်နဲ့ တူသော ဩဇာ ဓာတ်ကို ပြန်ဘို့ နုတ်စမ်း မရဘူး။ ဒါကြောင့် အဝိနိဗ္ဘောဂ ရုပ်ခေါ်တယ် တခုစီခွဲလို့မရဘူး။ ရေကိုနုတ် လေကိုနုတ်၊ နနွင်း သကြား တို့ကိုပါ ဉာဏ်ဖြင့်။ တခုစီပြန်၍ နုတ်ဖယ်သော် ခေါင်းပိုင်းမရှိ အလယ်ပိုင်းလဲ ရှာမတွေ့၊ ဒူးသား ပေါင်သား ဆိုသော အောက်ပိုင်းလဲ လုံးဝမရှိမှတ်။ ဘယ်မှာလဲ ယောကျ်ား ဘယ်မှာလဲ မိန်းမ၊ စာကို ပြန်ဘတ် ခန္ဓာကိုယ်နဲ့ဟပ်။ ဒါဒါ ဝိပဿနာ အလုပ် မှတ်။ လပ်ခါထပ်ခါ အကြိမ်များစွာ တွေးပါ။ ယောကျ်ားပုံသဏ္ဌာန် မိန်းမ ပုံသဏ္ဌာန်ဆိုဒါကံမျက်စိရောဂါ အစွဲမှတ်။ စင်စစ်မှာဓာတ် ၈-ပါး ကလာပ်။ ဥပမာ အရ ဂျုံမှုန့်နဲ့သကြား ထောပတ် ပြန်ရှင်းလိုက်။ နှာခေါင်းမှာ ဓာတ်သဘော-၈

လက်ညှိုးတချောင်းမှာ ၈၊ ဆံပင်တချောင်း၊ သွားတချောင်းမှာ ၈-မျိုးစီမှတ်။ မိန်းမရုပ် တကိုယ်လုံး၌ ဓာတ်သဘော ၈၊ ယောကျ်ားရုပ် တကိုယ်လုံး၌ ဓာတ်သဘော ၈၊ ဓာတ်သဘော ၈-ပါးကို မိန်းမကယ်မှု ယောကျ်ား အယူ စွဲလမ်းမှုကို ပုထုဇန်အရှူးမှတ်။ အန္ဓငရဲသားမှတ်၊ မိန်းမမဟုတ် ယောကျ်ား မဟုတ် ဓာတ် သရုပ် ၈၊ သဘောပါကလားလို့ အပိုင် သိမြင်ခဲ့သော် အပါယ် မကျတော့ဘူးလို့ လက်ခမောင်းခတ်လိုက်၊စိတ်ချနေ၊ လောဘ,ဒေါသ, မောဟ, မကုန်သော်လဲ လားရာသုဂတိမြဲလို့ သောရဲတော့ ယောဂီ။

(ကြည့်ရ-ထိရ-ဓာတ်) မှန်၏။ အောက်တန်းဉာဏ်ပုက်။ ကြည့်သူ-ထိသူ **မရှိပါ ဓာတ်အစစ်။** အဲဒါအထက်တန်း ဉာဏ်မှတ်။(တချို့က မာတ်တောင်မှ မရှိဘူးတဲ့။ ဒီလိုအယူလွန်သော်၊ နှမ်းကြူးမြီးပြောတဲ့စကားမို -ဒီလူ မိစ္ဆာ ဒိဋ္ဌိမှတ်။)

## လူကောင်ပျောက်ရှုနည်း။

စာဘတ် မမြန်နဲ့ ယောဂီ၊ ပထဝီ, အာပေါ, တေဇော, ဝါယော,ဝဏ္ဏ, ဂန္ဓ ရသ,ဩဇာ, ရုပ်တခု၌ သဘောရှစ်မျိုးကို မျက်မြင်တခုစီ ခွဲ၍ ပြနိုင်ပရနိုင် ဒါကြောင့် အဝိနိဗ္ဘောဂ ဟု ခေါ်တယ်။ ထိုကဲ့သို့ ရှစ်မျိုးဟာ အထက်တန်း စား ဉာဏ်အဘို့မှာ တမျိုးထဲမှတ်ရမယ်။ဘာ့ကြောင့် (ဓာတ်)ဟုသာသဘောသို့ ဆိုက်စေလို၍ သတိပေးလိုက်တယ်။ အဋ္ဌကလာပ်ရုပ်၊ ကနည်း အဋ္ဌကလာပ် (ဓာတ်)တနည်း၊ ဓာတ် ၈-ပါး တဆင့်တက်လိုက်စမ်းပါ။ (ဓာတ်ဟာပါး၏မှတ် လိုက်။) (ဝိစိကိစ္ဆာမထားနဲ့နော်။) စာပမ်ခံလေနဲ့။ ပဋိပတ်ရ ပဋိဝေဓသို့ ဆိုက် အောင် သိဘို့၊ တနည်း ပဋိဝေဓ အထက်တန်းဉာဏ်သို့ သက်ဝင်ဆိုက်ရောက်ပြီး သော အရိယာတို့၏ အမြင်ကို ယောဂီရှင် အတုလိုက်စမ်းပါ။ ဥပမာပြောမယ်၊ အိမ်ဆောက်ပြီးစ အိမ်သစ်၌ မီးဖိုအသစ်ဖြစ်ရမယ်။ မိုခနောက် ၃-လုံး၊ ဆုံမဟုတ် ဘာ မီးဖိုဘဲဖြစ်ဖြစ် မီးဖို၏ အပေါက်က ကျပ်ငိုးမပ် ကုပ်သားပါ။ ဖိုခနောက် ကြားထဲက တင်းထည့်ပါ။ မီးကို မီးမွှေး၊ ထပင်, ထင်း စသည်တို့ကို ကိုးစံ အတိုင်းချက်ရေးပြုတ်ရေးကိုညက်ဖြင့်စဉ်းစားထားပါ။ထင်းကို ရှစ်မျိုးခုခွဲပါ။

တင်း ၈-မျိုး

၁။ ပျဉ်းကတိုးသား-ပထဝီဓာတ်။

၂။ ကနစိုသား-အာပေါဓာတ်။

၃။ ကျွန်းသား-တေဇောဓာတ်။

၄။ ကုက္ကိုသား-ဝါယောဓာတ်။

၅။ ပိတောက်သား-ဝဏ္ဏဓာတ်။

၆။ နံ့သာဖြူသား-ဂန္ဓဓာတ်။

၇။ နွယ်ချိုသား ရသဓာတ်။
၈။ ထင်းရှူးသား-ဩဇာဓာတ်။

အဲဒီ-ထင်းရှူးချောင်းကို အဋ္ဌကလာပ် ၈-မျိုးနဲ့ ဉပမာ ထပ်တူသိထားပါ။ ဒါပရိယတ် နည်းမှတ်။ ထင်း ၈-ချောင်းကို ဖိုခနောက် သုံးလုံးကြား၌၊ တနည်း ပီးဖိုမှာ မီးကိုမွှေးပါ။ မီးလောင်ပြီ၊ မီးခိုးတွေ ထွက်တာ မြင်ရဲ့လား, မြင်တယ်။ (စာဘတ် ပြတ်သားစွာဘတ်) ဆိုင်းဘတ်-မရှုပ်နဲ့၊ မီးခိုးမှာ ပျဉ်းကတိုးသားက ထွက်တဲ့မီးခိုး-ကနုစိုသားက ထွက်တဲ့မီးခိုး စသည်ဖြင့်မီးခိုး ၈-မျိုး ခြားနားလို့ မြင်ရဲ့လား-ရရဲ့လား မမြင်မရပါ၊ မီးခိုးမှာ အတူတူမှတ်။

ပထဝီတခြား-အာပေါ်ကခြားကိုသော ပရိယတ်မှတဆင့် မြင့်၍ ဉာဏ်ယူလျှင် (**ဓာတ်နဲ့မီးခိုး** ၊ ဒုတူတူမှတ်၊ ဓာတ်ကို သဘောပိုင်ပိုင်သိသော် ပထဝီရဲ့ဓာတ်က ဘယ်လို၊ အာပေါ်ရဲ့ဓာတ်ကဒီပုံ၊ တေဇောရဲ့ဓာတ်ကတော့ ဒီအချိုး၊ ဝါယော ဓာတ်သိုဒါက ဒီကဲ့သို့ အာနုဘောစားဘဲ၊ ဝဏ္ဏဓာတ်က ဟောဒီလိုဘဲ၊ ဂန္ဓဓာတ် မှာက-ဒါမျိုးပေါ့၊ ရသဓာတ်ကတော့ ဟောဟိုဟာလိုပေါ့။ ဩဇာ ဓာတ်ကျ တော့ပု-ဒီအချိုးအစား ဒီလိုပိုနိုင်ရဲ့လား။ ကိုချင်သလား၊ ဓာတ်ပေါက်သော အထက်တန်းစား တို့၏ ဉာဏ်မှာ ဓာတ်သဲမှာ ဘာမှုလာရှုပ်မနေနဲ့၊ ဓာတ်ထဲမှာ ဘာမှုလာ၍ မရောလေနဲ့။ ဓာတ်တို့ဒါ ၄-မျိုး,၈-မျိုး,၁၈-မျိုးမဟုတ်၊ ပုံးပြတ် မှတ်လိုက်။ (စဉ်းစား။) မီးခိုးတွေကို မြင်ရရုံမျှသာ လက်နဲ့ဆုပ်ကိုင်လို့ မရဘူး ယောဂီ။ ထို့ အတူ ဓာတ်သို့ဒါပဲ တွေးကြံစဉ်းစား ဉာဏ်အမြင် အားသာလျှင် ပြောဖို့ရသော သဘာဝပျော့၊ အဲဒီဓာတ်သဘာဝကို လက်နဲ့ ဆုပ်ကိုင်လို့မရ။ ဒီမီးခိုးတွေ မဲနက် ရောင်နေရာက အရောင် ဖြူပျော့ပျော့အခိုးမှ အငွေ့တဖြေးဖြေး ရွေ့ပြီး မျက်စိနဲ့မမြင်ရအောင် ပျောက်သွားသလို ဓာတ်သဘောလို့ ပြော လို့ ဖြစ်ရာက ရေ ရှေရင့် တွေးရင်း စဉ်းစားပြီး ဉာဏ်ရင့်ရင့်လာသော် ဓာတ်ဘဲ သဘာဝပဲ ပြောလို့ ပြလို့မျှ မရသောင် မပြောတတ်အောင် ပျောက်သွား သော အာရုံ ဉာဏ်ကို၊ (ဝါ) ပြောလို့မဖြစ်သော အသိဉာဏ်သို့ ရောက်ခြင်းကို ပဋိဝေဓနည်း မှတ်လေ။

## မိမိခန္ဓာမှာ ဉာဏ်နဲ့ရှာပါ။

ယခုလက် ဓာတ္တမျှအိပ်၊ သို့မဟုတ် ထိုင်၊ ထိတ်ထိတ်ရာ၌ ပညာဉာဏ်ဖြင့် စဉ်းစား ဆင်ခြင်ပါ ယောဂီ။ လက်ဖြင့် မျက်ခွက်ကို မထိဘဲကိုင်၍ စမ်းသပ်ပါ။ လက် တလုံးခန့်ခါမျှ စဉ်းစား ဓာတ် ၈ မျိုး ရှိသည့်အနက်မှာ တေဇောဓာတ်ကိုပင် ဝိပဿနာအာရုံပေါက် ရှုစမ်းပါ ယောဂီ။ ဘာသာပြန် အပူဘဲထားပါ။ လက်ဝါး ဖြင့် မျက်ခွက်ကို ဟပ်၍စမ်းသော် အပူငွေ့ကို တွေ့ရမယ်။ သဘောမကျလျှင် ရေနွေးပူပူထည့်ပြီးစ-လာ ကော်ရည့်အိုးကို လက်တလုံးခန့်ခွာ၍ လက်ဖြင့်စမ်းပါက- အပူရှိန်အပူခိုး ယှက်နေတာကို ထင်ရှားစွာ တွေ့ရမယ်။ မျက်ခွက်၌ အတူယူ၍

ဆင်ခြင်ပါ။ လက်ဝါးပြင်၌ တိုးလာသော အပူရှိန်ဟာ-မျက်ခွက်လား တေဇော ဓာတ်လား၊ မပြတ်ဒလစပ် ထွက်နေသောအခိုးသည် ပါးမဟုတ်-နှာတံမဟုတ် အသားဝါ-အသားချော မဟုတ်၊ ယောကျ်ား မဟုတ်၊ မိန်းမ မဟုတ်၊ လက်ဝါးမှာလာ၍ ဟပ်နေသော အပူရှိန်သည် မျက်လုံးမဟုတ်၊ မျက်ခုံးမွေး မဟုတ်ဘူး နှုတ်ခမ်းသားမထင်ဘလေနဲ့ယောဂီ။ဒါတေဇောဓာတ်ကို မြင်ဘို့ရေးဒါမှတ်။ပညတ်ခေါ် ခေါင်းပိုင်းတပိုင်းလုံး၌အနိစ္စ, တေဇောဓာတ် မပြတ်ထွက်နေသော် ကျန်ဓာတ် ၇ မျိုး မီးခိုးတွေလဲ ပါသွားပြီမှတ်လိုက်။ ရှုပ်ပနေနဲ့၊ မီးခိုးထဲမှာ ပျဉ်းကတိုးသား, ကျွန်းသား, ကုက္ကိုသားရွေးလို့ရကြရဲလား။ မီးခိုးကျတော့ သဘောတူမှတ်။ ပထဝီ, အာပေါ, တေဇော, ဝါယော, ဟူ၍ နာမည်မှာက တမျိုးစီပါဘဲ။ ဓာတ်ကျတော့ သဘောတူမှတ်လိုက်။ လက်ဝါးပြင်၌ ထိခိုက်လာသော တေဇောဓာတ်ကို နဖူးမထင်နဲ့ ထင်-အန္တမှတ်။ အထက်ပိုင်းက အလယ်ပိုင်းက-အောက်ပိုင်းက ထွက်သမျှ အနိစ္စတေဇောဓာတ်ကို ပင်း- မင်းကတော် သူဌေး, သူဌေးကတော် ထင်သလား ထင်-သက္ကာယဒိဋ္ဌိ၊အမုန်မှာ ထွက်သမျှပျက်ပြ ဓာတ်အနိစ္စမှတ်ပါ။ (**တနည်း၊ ဓာတ်မှာ အနိစ္စမရှိ**)ဒိဋ္ဌိခန္ဓာတုံးကြီးဟာ ကေဇော်တုံးကြီး အခိုးတုံးကြီးမှတ်လိုက်။

အခြားဓာတ် ၇-ပါးလာမရှုပ်နဲ့။ တေဇောကို ပေါက်အောင်ရှုလျှင် အကုန်လုံးတေဇောစုမှတ်။ လူစုမဟုတ်ဘူး၊ ပရိယတ်သင်ဘူးလို့ မှတ်ယားတဲ့အမှတ်ကို ခေတ္တ ဖျောက်ထားစမ်းပါ။ (အမှတ်ပျောက်မှ-ဓာတ်ပေါက်မည် ယောဂီ) ခက်တယ် ခက်ထာ ဝိပဿနာမှတ်။ လွယ်ဒါသိလျှင် အထက်တန်း ဉာဏ်မရမှတ်ပါ။ ဒိဋ္ဌိခန္ဓာအတုံးဟာ ထမင်း အစာအာဟာရ ထပ်၍ ပသွင်းခဲ့သော် ဒိနေရာမှာပင် ပျောက်ရမယ်မှတ်။ မူလက ဘာကဖြစ်သလဲ သွေးက -သွေးဟာ မျိုးထဲမှတ်ပါ၊ နောက်မှအရိုး,အရေ, သွား, ဆံပင်, ဒါတွေလာမရှုပ်ပါနဲ့ မူလက သွေး-ခုလဲသွေးပါဘဲ။ တကိုယ်လုံးကို လက်တလုံးခန့်ခွါ၍ လက်ဝါးဖြင့် တေဇောဟာလုံးကိုပင်ရှုပါ။ စာသိတွေနဲ့ ရောမတွေးနဲ့ သတိပြု။ ကျည်ပွေးလား တေဇော အခိုးလားမိမိရဲ့ လက်ဝါးကိုလာ၍ တိုးတဲ့သဘောကိုသာ စူးစားဆင်ခြင်ပါ။ အပူဓာတ်တိုးသလား ရင်ဘတ်သားလား ကျောသားလား ၁၅-နှစ် ၂၆ နှစ်အရွယ်လာ၍ ထိခိုက်သလား၊ ဓာတ်သဘာဝလား။ တနည်း၊ တနုဂ်နွေ့ တနည်းသာ စသောနေ့တွေတိုးလာသလား၊ အပူသဘာဝလား၊ (**အပူသဘာဝပါဘဲ။**) အပူသဘာဝလာပြီးတိုးတယ် ဟူသော် အသင်ယောဂီမှာ ပညာက် ခံသေးတယ်။ အလွန်ဆိုးသောတာပန်ဉာဏ်မျှသာ (အပူမဘာက် သကာဝသက်ဟက်တိုးသသဘောကျပါမှ အထက်တန်း အရိယာမှတ်လိုက်။)

## ချစ်သားရာဟု တေဇောဓာတ်နာနာရှု။

ယောဂီ၊ မိမိ၏ခန္ဓာကိုယ်ကို မိမိ၏လက်ဝါးနှင့်သာ ပထိဘဲရှုပါ။အ

သွားနဲ့လက်ဝါးနဲ့ထိပြီး ဆင်ခြင်လျှင်ပထဝီနဲ့ရောထွေးသွားမယ်။လက်ကို တိုးသော အခိုးဟာလူတိုးသလား၊ အခိုးဓာတ်လား၊ ပေါင်သားလား၊ ဒူးခေါင်းလား၊ အခိုးဓာတ်လား၊ ခြေခုံလား၊ (အခိုးဖြုတ်-ဓာတ်ကုတ်။) အခိုးစုကို ကတိုးဥ ထင်လုံးဟာ မျက်စိကန်း နားကန်းမှတ်။ မျက်စိ, နားပါလျက်နဲ့ဝိပဿနာဉာဏ်ကို မရလို့-အန္ဓဘဲ့ကိုရသည် သံဝေဂ ရှိစေ။ လူလူ,ရှင်ရှင်,စားနေ,သွားနေကြ,အိပ်နေကြ,ဓမ္မတာမှာပင် ရပ်နေကြဒါ များလှတယ်။ ကံထိုက်ကို အမှန်မကြိုက်ကြနဲ့။ ကံဖြောင့်လျှင် ဉာဏ် စောင့်မှ တန်းတက်မယ်။ ယနေ့အထိ အသက် ကြီးရင့်လာသော်လဲ အပါယ်လွတ် သွေးဗိုက် တိုးလွတ်တဲ့ ဝိပဿနာ မဟာတက္ကသိုလ်စာမေးပွဲ ဝင်ဘူးရဲ့လား ယောဂီ။

တေဇောဓာတုံ ခေါ ရာဟုလ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော၊ ဇာနတော၊ ပဿတော၊ သက္ကာယဒိဋ္ဌိ ပဟီယတိ။

ရာဟုလ၊ သားချစ်ရာဟုလာ။ ခေါ ဧကန္တေန၊ အမှားအညစ်မပါ တရား အစစ်ကို နာကြားရသဖြင့်။ တေဇောဓာတုံ၊ တေဇောဓာတ်ကို။ အနိစ္စတော၊ မပြတ် ထွက်ပျက်နေသော သဘောအားဖြင့်။ ဒုက္ခတော၊ ကြီးလှသော ဆင်းရဲ သဘောအားဖြင့်။ အနတ္တတော၊ ငါကောင်-သူကောင်-ဘာတကောင်မျှ ရှာမရ သောအားဖြင့်။ ဇာနတော၊ ပဋိပတ်နည်းမှန်ဖြင့် သိမြင်သော ယောဂီအား။ ပဿတော၊ ပဋိဝေဓအသိဉာဏ်ဖြင့် အပိုင်သိပြီးသော ယောဂီအား။ သက္ကာယ ဒိဋ္ဌိ၊ ငါသည် ဘုရားသား ရာဟုလာအစစ် ထင်မှားသောအဖြစ်ကို။ ပဟီယတိ၊ ပယ်နိုင်လေ၏။ (နာမ်ကို ဆင်ခြင်ဘို့ မဟုတ်ဘူး။)

**ဒီအချက်-စာဘတ်ရပ်ထားပါ။**

တေဇောဓာတ် တလုံးကို ဟောပြ လိုက်တာနှင့် တပြိုင်နက်၊ သားတော် ရာဟုလာ ရဟန္တာ ဖြစ်တယ်။ တရားကျပ်ပြည့်ရတယ်။ (စဉ်းစား။) တေဇော ဓာတ်ကိုသာ အနိစ္စ, ဒုက္ခ, အနတ္တ-ရှုရမယ်။ ဓာတ်သက်သက်ကို အနိစ္စ, ဒုက္ခနဲ့ လုံးဝမဆိုင်။ ဓာတ် ဘယ်အချိန် မမြဲသလဲ။ ဓာတ် ဘယ်အခါပျက်သလဲ။ ဓာတ် ဟာ ဘယ်ပုံ ဆင်းရဲပါသလဲ။ ဓာတ်ဟာ ဘယ်လိုဘေးဒုက္ခ ရောက်နေပါသလဲ။ ဉာဏ်ကြီးသူနဲ့ တိုင်ပင်စမ်းပါ။ နားထောင်-ဒီအချက် နဖူး လက်တင် ဆင်ခြင်၊ စီးပွါးဇိတ်တွေ လာရှုပ်မနေနဲ့။ ဒီမှာကြည့်စမ်း၊ (တေဇောဓာတ်ကို) အနိစ္စ, ဒုက္ခ, အနတ္တ-ရယ်လို့ ဝိပဿနာ ရှုပါတော့။ ဓာတ်သက်သက်ကို အနတ္တရယ်လို့ ရှုမနေနဲ့တော့၊ ဘာပြုလို့ ဓာတ်ဟာအနတ္တ မှတ်လိုက်။ ဓာတ်ပေါ်မှာ အနတ္တ-အနတ္တ-လို့ ရှုနေသော ယောဂီဟာ ဓာတ်အစစ်ကို သဘောမကျသေးလို့ မှတ်။ တနည်း၊ ဒီယောဂီဟာ ဓာတ်နဲ့အနတ္တကို တခြားစီ ထင်နေတယ်မှတ်ပါ။ တနည်း၊ တေဇောဓာတ်အနတ္တ၊ ဓာတ်အနတ္တ ၂-မျိုးကို နားလည်ခဲလှတယ်။ ဆရာကောင်း လိုပြီ။ သူလဲဆရာ-ငါလဲဆရာ,ဆရာတွေ များတဲ့လောကဥ္(**ဆရာများ-သားသေ**)

တပည့်များ-ဆရာပွေ၊ ခက်ထသဘဲ၊ တချို့လဲ တရားအစစ်အမှန်ကိုတော့ တကယ် လိုချင်လို့ လိုက်ထသမှန်ရဲ၊ မူလဆည်းကပ်မိတဲ့ ဆရာကိုင်ရ အားနာရဒါနဲ့ ဆရာကောင်း ရှိမှန်း သိရက်ကနဲ့ မသွားရ, မလာရဒါလဲ ကြပ်ထသဘဲ ယောဂီ။

တေဇောဓာတ်၌ တေဇောဖြတ်၊ ဓာတ်မှတ်။ ဓာတ်ရယ်-သဘာဝရယ် အနတ္တ စစ်စစ်ရယ်-ညီအစ်ကိုမဟုတ်ဘူး။ တယောက်ထည်း ပုံ ပြက်၊ ဂဏှာဟိ-စာမကြည့် ပါးစပ်အရှေ့မပြောဘဲ ယုံယုံကြည်ကြည် မှတ်လေလော။ လက်ဝါးပြင်၌ အခိုး, အငွေ့, တိုးနေသခရွေ့ လူတိုးကြီး ယောကျ်ားတိုးကြီး-မိန်းမတိုးကြီး အရှင်း မဟုတ်၊ ဓာတ်တိုး သဘာဝတိုး။ တနည်း၊ ဓာတ်ဟာ အတိုးမဟုတ် သဘာဝ ဟာ အခိုးစုမဟုတ်ဘူး။ (တေဇောဓာတ်ဟာ လူမဟုတ်သော်၊ ပထဝီကို စဉ်းစား နေလျှင် မောမယ် ယောဂီ။) ဉပါဒါရုပ် ၄-ခုထဲက၊ ဂန္ဓဓာတ်ကိုဘဲ တွေးချင်လဲ တွေးပါ။ တကိုယ်လုံးမှာ မိမိရဲ့ နှာခေါင်းဝ၌ လာသမျှတွေဟာ အနံ့ဓာတ်မှတ်။ နှာခေါင်းထဲ၌ လက်မပါ၊ ဝမ်းပိုက်မပါ၊ နှာခေါင်းထဲသို့ ဝင်လာဒါမှာ ပါးသားမဝင်၊ နှုတ်ခမ်းသားမဝင်၊ နဖူးသားမဝင်၊ အနံ့ဓာတ်သာ ဝင်တယ် ယောဂီ။ တကိုယ်လုံး အနံ့သဘောစုမှတ်ပါ။ အနံ့ဓာတ်ကို လူယူသလား-ယူတယ် ယူ-ငရဲသွား။နှာခေါင်းထဲသို့ ပုဂ္ဂိုလ်သတ္တဝါတွေဝင်လာလို့ ရှုရ-ရှိုက်ရသလား။ ဟုတ်တယ်၊ ဟုတ်-အန္ဓ, ဗာလ, ဉမ္မတ္တက, အစက္ခုကမှတ်။ (**အနံ့ဓာတ်**) အနံ့ မရှိ ဓာတ်သာရှိ၊ အနံ့ရှိနေသေးပါက အသင်ယောဂီမှာ ဘဝကျွန်ပြိုမှက်။ ခန္ဓာ ကိုယ်ကို လက်ဝါးနဲ့ စမ်းပါလို့-ခန္ဓာကိုယ်ကို နှာခေါင်းဖြင့် နမ်းကြည့်ပါလို့ စာ ထဲမှာရေး၍ မှာရတယ်။ဓာတ်သဘော ပေါက်အောင်သာ မှာရတယ်။ တေဇော ဓာတ်ကို စမ်းသပ်တဲ့ လက်ဝါး ဘယ်မှာလဲ။ ဂန္ဓ အနံ့ကို နှာခေါင်းဖြင့် ထိပါလို့ ဆိုသော်လဲ နှာခေါင်းကို တွေ့နေသေးလျှင် ပဋိသန္ဓေ သွေးဗိုက်ကို မြင်နေဒါနဲ့ အတူတူပုဒ်ပြတ်မှတ်။

(**ဓာတ်**)ကိုပင် မရှိယူလျှင် အတိဓာဝ-ဒိဋ္ဌိမှတ်လိုက်။
လူကောင်ပျောက်ရှုနည်း နှမ်းစေ့ခန့်တော်ပြီ။

---

## အစ္စန္တပရိသုဒ္ဓိ—ထိုင်ဝိုင်းပြောနည်း

တဏှာ လိုက်စားမှုကိုတော့ တင်းမတိမ် မတန်မတော်ပါဘဲနဲ့ ဘသူ ဟော ဟော တရားချည်းဘဲတဲ့။ တနည်း၊ ဘသူဟောဟော အနတ္တပါဘဲ ဓာတ်ပါဘဲ သဘာဝပါဘဲလို့ တင်းတိမ်နေသော သညာသိ ပုထုဇန် မဂ္ဂန္တရာယ် ယောဂီ တို့ကို ဘေးဖယ်လိုက် နောက်ကထားလိုက်။ ဒီမှာကြည့်စမ်း၊ လူမြင်လျှင် အန္ဓ-ကန်းတယ်။ဘာ့ကြောင့် တရားမျက်စိ မပါလို့ လင်မြင် လင်မျက်စိ၊မယားမြင်ရင် မယားမျက်စိ၊ နွားမြင်နွားမျက်စိ၊ ဓာတ်ကိုမြင်မှဓာတ်မျက်စိ၊ သို့သော်မျက်စိက ဓာတ်ကို မြင်တယ်ဆိုဒါ ဉပဒေနဲ့ မညီ မြင်သမျှ ဓာတ်လို့ ဆိုလိုတယ်။ ရုပ်ရဲ့ အဆင်းသန့်သန့်ကိုသာ မြင်ရမယ်။ ပရိယတ် ဉပဒေ ပဌမအထစ်မှတ်။ရှေ့ဟာတန်း

တက်လိုက်။ ယောဂီဒီမှာကြည့်ပါ။ ဆရာစကားပြောလျှင် ထိုင်ဟော ထဟော ဘယ်အခါမဆို ဆရာ့ကို ကြည့်နာပါ။ ဘာ့ကြောင့် ပြယုဂ်နဲ့ ဟောသဖြင့် လူ ကြည့်နာစမ်းပါ။ ဆရာဟောလျှင် ခေါင်းကို အောက်ငုံ့နာမယ် မျက်စိမှိတ် နာမယ်ဆိုလျှင် လက်ကိုင်ပြ ဥပမာကို မမြင်ရလို့ သဘောပေါက်ဘို့ခက်တယ်။ ဒီ ကြည့်ရှေ့တတန်းတက်မှတ်၊ မျက်စိမရှိဘူး၊ရုပ်ပျက် တဆင့်တိုးရုပ်ဖယ်ပျက်မှတ်၊ ပျက်က-ဘာကိုမှမမြင်၊ ပျက်ကို မျက်စိခေါ်တယ် မျက်လုံးခေါ်တယ် ခေါ် ချင်ဒါခေါ် စက္ခုပသာဒ-စက္ခုဒွါရ စက္ခုဝတ္ထုခေါ် အခေါ်ခံရတဲ့ ဝတ္ထုက ငါဘာလို့ မပြောပါဘူး။ ဝဏ္ဏ ရူပါယတန ရူပါရုံ အဆင်းခေါ်ပါ။သူ့ခေတ် သူ့ဘာသာ သူ့ရွာ သူ့ဓလေ့ သူ့ထုံးစံအတိုင်းခေါ် ပညတ်မရှိ(အဆင်းရုပ် မျက်စိရုပ် မြင်စိတ်နာမ်) ဒါဒီ သုံးမျိုးလုံးကို (ပျက်) တခုသာ သိပါ။ ပျက် အနိစ္စထဲမှာ မျက်စိမပါဘူး မြင်တယ်မရှိ။ အမြင်ခံဝတ္ထု ရှာမရမှတ်။ ပျက် သတ်သတ် သဘောကျသော် အနိမိတ္တမဂ်ရပြီမှတ်။ အသင် ယောဂီရဲ့ ဉာဏ်မှာ ပျက်ပြနေလျှင် မက်လမ္ဘ ပုံအသွင်ဒြပ် သဏ္ဌာန် နိမိတ်မရှိတော့ဘူး။ ဒါပရိယတ် ဥပဒေအရ ဆရာသုံးဖြတ် လိုက်ပြီမှတ်။ ပဋိပတ္တိ နည်းအရ ဝေဘန်သော် ပျက်ကို သဘောကျသေးလျှင် ဒီယောဂီ တရားမရသေးဘူး။ဘာ့ကြောင့် အနိစ္စရဲ့ ဘာသာပြန်ကမြဲ-ပျက်ရွေ့နေတယ်။ ဒီလို သိနေသော် ရုပ်ဝတ္ထု အထည်ခံ အမာခံ ရှိကျန်နေသေးဒါပေါ့။

ပျက်တယ်ဆိုဒါ ဝတ္ထုပစ္စည်း ရှိနေလို့ ပျက်ရဒါပေါ့။ ဝတ္ထုပစ္စည်း မြူမှုန်မျှ ရှာမတွေ့သော် ဘာက လာပျက်မှာလဲ၊ ပျက်သည့် အနတ္တနဲ့ စိတ်ပေါင်းကိုယ်ခွါ တနည်း၊ကိုယ်ပေါင်းစိတ်ခွါ ဥပမာမှတ်။ ခက်တယ် ခက်လို့အဘိဓမ္မာ ခေါ် တယ်။ ဝတ္ထု ခေတ်သား၌ အနတ္တ ရှုသော ယောဂီတို့ အသို့ ဆိုသော် အနိစ္စနဲ့ အနတ္တ သဘောတူသည့်- မူကွဲတယ် ဘယ်နေရာမှာတူပါသလဲ ဒါနာမ် ဒါရုပ် ဟူ၍ ပိုင်းခြားသိထားပြီး နာမ်၌ရှင်း၊ ရုပ်၌ရှင်း၊ ဆင်ခြင်သော ယောဂီရှင်မှာ မူကွဲသော်လဲ အတူတူဘဲ မှတ်လေ။

အနတ္တလောကမှာ အနတ္တပြောတတ်ရင် တရားရပြီ ထင်ကြတယ်။ သဘာဝ လောကမှာ သဘာဝ ပြောတတ်ရင် တရားရပြီထင်ကြတယ်။ ခေတ်လောကမှာ ခေတ်ပြောတတ်ရင် တရားရပြီ ထင်ကြတယ်။ အပြော အနတ္တ၊ သဘော အနတ္တ အပြောသဘာဝ၊ သဘော သဘာဝ၊ အပြော ခေတ်-သဘော ခေတ်ဟူ၍ မီးချ ကြည့်မှသာ သိကြရမယ်။ဆရာ၏ တပည့်အရင်း တွေထဲမှာ အပြောယောဂီတွေ ထောင်, သောင်း, မကရှိတယ်။ ပြောဖေါ်ရဒါကိုပင် သာသနာကြီးပွားတယ် ဆိုရတယ်။

## ဓာတ်ဟာ ဘာလုပ်တတ်ပါသလဲ

**ဓာတ်ဟာ** ဆရာသိတဲ့အလုပ်မျိုး၊ ယောဂီရှင် နားလည်ထားတဲ့ အလုပ်မျိုး ဟူသမျှ လောကလူတွေ လုပ်တဲ့အလုပ်မျိုး၊ နတ် ဗြဟ္မာတွေပြုလုပ်တဲ့ လုပ်ငန်း ဆိုသမျှ ဘာတခုကိုမှ မလုပ်တတ်ဘူး ယောဂီ။ လူကသာ သွားတတ် လာတတ် စားတတ် သောက်တတ် အိပ်တတ် ပေါင်းတတ် ညားတတ်တယ်။ ဓာတ်က ဘာမှလုပ်ဖော်မရ၊ လူကသာ တိုင်းပြည်ကို စိုးပိုင်အုပ်ချုပ်တတ်တယ်၊ လူ့စည်းစိမ် ကိုခံစံတတ်တယ်။ ကုသိုလ်ပြုတတ်တယ်-အကုသိုလ်ပြုတတ်တယ်။ ဒုက္ခဝေဒနာ မျိုးစုံ ခံရတယ်၊ (**နားဘတ်။**) လူကားအိမ်ထောင်ပြုတတ်တယ်၊ ဓာတ်က ဒါမျိုးတွေ နားမလည်ဘူး။ လူကား ဒါန လုပ်တတ်, သီလ စောင့်တတ်, သမထ ကမ္မဋ္ဌာန်း အလုပ်ကို လုပ်တတ်တယ်။ ဝိပဿနာ-ဘာဝနာကို ပွါးများတတ်တယ်။ ဓာတ်ကို မေးပြီ။ ဟော့-ဓာတ် မင်း ဘာလုပ်တတ်သလဲ။ (**ကျုပ် လုပ်ချင်ဒါ လုပ်နေတတ်တယ် ဆရာ။**) လူကသာ ကျမ်းဂန်ရေးတတ်, တရားဟောတတ်, စာသင် စာချတတ်တယ်။ ဓာတ်ကိုစုံစမ်းတယ် ဘာများလုပ်နေသလဲလို့။ သတ္တဝါကဲ့သို့ ဘာကိုမှ လုပ်ကိုင်တတ်တာမဟုတ်။ (**သူ့သဘောနဲ့သူ ဖြစ်ချင်သလို။**) လူက သားသမီး မွေးဖွားတတ်, အိုတတ်, နာတတ်, သေတတ်တယ်။ ဓာတ်က ဒါတွေ ငါ နားမလည်ပါဘူး။ ငါ့လာပြီး ရှုပ်မနေကြနဲ့ ယောဂီတို့။ လူဟာ အလုပ် မျိုးစုံ လုပ်ဖော်ရတယ်။ ဓာတ်သည် လူတို့ကဲ့သို့ အလုပ်အကိုင် အရှင်းမလုပ်တတ်။ လူသည် ဘုန်းကြီး လုပ်တတ်, လူထွက်တတ်, မြို့အုပ်, မြို့ချုပ်လုပ်တတ်, လာဘ်စားတတ်, ရာထူးလုတတ်, ဒါးပြတိုက်တတ်, သူပုန်ထတတ်, မီးရှို့တတ်, ပြန်ပေး လုပ်တတ်တယ်။ ဓာတ်ကား၊ သူ့ဘာသာသူ နေတယ်မှတ်။ လူကား၊ စက်မှု လက်မှု လုပ်တတ်, လေယာဉ် စီးတတ်, ဈာန်ပျံတတ်တယ်။ သူများကို ချစ်တတ် မုန်းတတ်တယ်။ သူများအပြစ်ကိုရှာတတ်တယ်။ ကြောင်ချေးကို ကြောင်က ပြာဖြင့် ဖုံးဖိထားသကဲ့သို့ ဖုံးကွယ်တတ်တယ်။ သူများကိုသေအောင်သတ်တတ်တယ်၊ ဓာတ်က နုံတယ်, အ တယ် ဘာမှမလုပ်တတ်, မပြောတတ်, မကြံတတ်။

ဓာတ်ကို သဘောပေါက်လျှင် သဘာဝမှတ်။ သုညတမှတ်။ နိဿတ္တမှတ်။ ပရမတ်ဓာတ်သားအနတ္တ၊ ပရမတ်ဆတ်ဆတ်အနတ္တ ခေါ်ဆိုလို့ ဖြစ်ရုံမျှ-ပြောတတ် ရုံမျှသာရှိတဲ့ သဘောကို ဓာတ်မှတ်လေ။ အနတ္တထဲ၌ အတ္တ မှုမှုန်တမှုန်မျှ မကျန်ရအောင် ဉာဏ်ရှိသလောက် စစ်ဆေး၊ ခပ်သိမ်းသော အညစ်အကြေး တို့ကို စင်အောင် စစ်၍ ထုတ်ကြည့်။

**(သဗ္ဗ-မလ-ဝိရဟိတ-အစ္စန္တ-ပရိသုဒ္ဓိ—မှတ်။)**

# ဝဇီရာထေရီ ဥဒါန်း။

ပဥ္စက္ခန္ဓာ သန္တာဂဿတ္ထိ၊ ပုရိသော အတ္ထိ ဗာလာနံ။
ကောကာ မာရ ဘိန္ဒန္တော၊ အင္ဂ ကလိလ ဥပမံ။

မာရဒေဝ၊ ချောတယ်, လှတယ် ပရိယာယ်မာယာနှင့် အန္ဓတိုဘာသာ အပို ဗလချာစကားနှင့် အာ့ဂျီကညာကို လိုရာသို့မြွားပြီး ခံစားလို့ တင်းမတိမ်၊ နတ်တို့၏ ကာမစည်းစိမ်ကို မြိန်မြိန်ရှက်ရှက် နှုတ်ထွက်သံ တဏှာများလှတဲ့ ဟေ-ယုတ်မာတဲ့မာရ်နတ်သား။

ပဥ္စက္ခန္ဓာ၊ ရုပ်ဘုံမှာ နာမ်စုံကျ ငါးခန္ဓာ သမူဟတို့သည်။ သန္တာ သံဝိဇ္ဇ-မာနာ၊ ကြည့်-မြင်, ထိ-ဆုတ်၊ အဟုတ်တန်းမိ ထင်ရှားစွာ ရှိကြခြင်းကြောင့်။ ဗာလာနံ၊ ဇာလ-မိန်းမ၊အန္ဓ ယောကျ်ား၊ များလှသော လူမိုက်အပေါင်းတို့အား။

ဂဿတ္ထိတိ၊ ဤကဲ့သို့ အမူအရာ ဤလက္ခဏာကိုသာစွဲ၊ ကေန္တ မိန်းမဘဲလို့၊ အယူသန်ခါ မှဲကြခြင်းသည်။ ပုရိသောတိ၊ ထိုကဲ့သို့ ဟန်ပန် ထိုသဏ္ဌာန်ကိုသာ အမှတ်ထား၊ ကေန္တ ယောကျ်ားပါဘဲလို့ အယူသန်ခါ မှဲကြခြင်းသည်။ အတ္ထိ၊ အသဲခိုက်အောင်စွဲမိုက်လျက် ရှိကြ၏။ ။ကောကာ၊တပါးစိ-တခုစိ။ ဝါ၊တခြားစိ၊ တဌာနစိ၊' ဘိန္ဒန္တော၊ ရှုပက္ခန္ဓာက လှည်းအိမ်၊ ဝေဒနာဇိမ်ကိုတော့ ထမ်းပိုး၊ ဝင်ရိုးမှာ သခါရက်။ သညာက္ခန္ဓာက၊ လှည်းသန့်၊စိတ်ဝိညာဏ်မှာဟော့-လှည်းဘီး၊ ဖျက်ဆီးခါ ရှာလိုက်သည်ရှိသော်။ အမှာကံ၊ ဘုရားအစ တရားထူးရကြတဲ့ အရိယာလောက အခြေတည် ငါတို့လို-ဝဇီရာ ထေရီတို့အား။

သတ္တောတိ၊ မိန်းမ, ယောကျ်ား မှောက်မှားတဲ့အယူ အသက်ဇီဝရှင်ကြတဲ့ ငါသူဟူ၍။ ရထောတိ၊ စီးတိုင်း မောင်းတိုင်း အမြဲသွားတဲ့ လှည်းရထားဟူ၍။ နတ္ထိ၊ အရိယာတို့ရဲ့ညာဏ်မှာ စိုးစဉ်းမျှမရှိ။

ဒိဋ္ဌဒေဝ၊ စိတ်ကိလေသနှင့် နှုတ်ရှုရှုပလီပလာရပ်ခဲ့တတ်ကို ဝဇီရာဟုအမည်မှာ ရှာလို့မရ၊အတွေ့က ဗလာ၊မွေ့သမျှအနှစ်မပါ၊ နှင့်မာယာတကယ်ရှုပ်၊ဒိဋ္ဌကောင် မာရ်နတ်ယုတ်၊ အင္ဂကလိလ-ဥပမံ၊ အရိုးကို-အသားထင် တရားမမြင်တော့ မိန်းမ၊ အားမရ,စားမဝအဆီ,အသားလုံးဝမဟုတ်၊ အားဗလ တကယ်ဆုတ်၊တကုတ်ကုတ် စား၊ခွေးအိုမိုက် အလားကဲ့သို့၊ ကိုယ့်သွားရေနှင့် ကိုယ်ဝါး၊ အားပြတ်ခါသော၊

ပုံဥပမာ ဆင်ခြင်လေတော့။ ဒီဥပမာကိုသာ အသင်မှတ်ပြီးတော့။ ဂစ္ဆာဟိ၊ ကိုက်နေကြ အရိုးစုံ နတ်ဘုံကိုသာ ပြန်ပေတော့။ ဂစ္ဆာဟိ၊ နတ်ပြည်ကိုသာပြန်၊ စံနေကြ,စားနေကြသွားရေကျ အရိုးစုမိန်းမဟု တကယ်ထင် ခွေးအိုကြီး လက်ပေးသင်သလို နွားအိုကမြက်နုကြိုက် အနွတို့မှာတော့ အဘိုးထိုက်၊ ဆိုးမိုက်တဲ့ တဏှာ၊ မပြတ်လေသမျှအရိုးကိုက်ခါ၊ ပါးစပ်မှာသွားရေကျ၊ အငတ် အဆာ မပြေတဲ့ ပြိတ္တာဘဝ အမှားဝေဒနာအကြိုက်နှင့် ဖားကိုမြွေကိုက်သကဲ့သို့ မလွတ်တန်း ပီတိကျကျပြီး။ ကိုင်း-အညီရှိသမျှ အဆီအထိ မထနိုင် မဝနိုင်ဘဲ ခြေဘ် အပိစိ ကျအောင် သွားကြရလေကုန်တော့သတည်း။(မှာရ်နတ်ဘယ်မှာလဲ)

---

## ဆရာမသေခင် မှာခဲ့မည်

တရားအစစ်ရဘို့ အများဆရာတွေ ရေးသော ကျမ်းစာတိုင်းလဲဘတ်ကြပါ၊ အခြားပုဂ္ဂိုလ်များ ဟောသော တရားတို့ကိုလဲ နာယူပါ။ ကမ္မဋ္ဌာန်း ထိုင်မှ တရားရမည် အထင်ရှိလျှင်လဲ အားထုတ်ကြပါ။ အနတ္တဉာဏ်ကို ရဘို့သာ ကိုယ်ကျိုးဟူ၍ ဂဏှာဟိ ပုဒ်ပြတ် မှတ်လေလော။

ဆရာ၏ တပည့်အရင်းဘဲ သားသမီးဘဲ ဆို၍ တရားနဲ့ပတ်သက်ပြီးငွေကို လူကိုဆွဲဆောင် လှုပတ်ခြင်းတို့ကိုငင်း။ တရားမှန် မဇ္ဈိမ မကျသော (**အတိဓာဝနဲ့ ဩဟိန**)အလွန် အယူတ်တို့ကိုငင်း။ ကြပ်ကြပ် အကဲခတ်၍ ရှောင်ရှားကြ ဆရာကိုယ်တိုင် ဟောပြသော အယူနဲ့ ဆရာရေးခဲ့သော ကျမ်းရှိ ဥပဒေ တို့ကိုသာ ဆရာ၏ဆန္ဒဟု မှတ်ကြ။

ဆရာသည် မေတ္တာသမထကို ပေါက်မြောက်အောင် အားထုတ်ဘူး၏။ ယောဂီများလဲ မေတ္တာသမထကို တကယ်အားထုတ်ကြပါလို့ တိုက်တွန်းလိုက်ပါသည်။

**၁၃၁၇-ခု၊ဝါခေါင်လဆုတ် ၅-ရက်**
**နံနက် ၅-နာရီခွဲအချိန်**
**မဟာစမ္ဗကာထိက ဒီပနီမွေးနေ့။**

(အစိုးရ အသိအမှတ်ပြု)
ခြံအမှတ် ၂၀၁၊ပင်ရွှေညောင်လမ်း၊ပြည်သာယာစာတိုက် တာမွေလေး ရန်ကုန်။

# ဝိဇ္ဇာစရဏ - မဂ္ဂသမ္ဘာရ
# အဖွဲ့ချုပ်၏စည်းမျဉ်း ဥပဒေ။

၁။ ငါးပါးသီလကို ခါးတော်ပုဆိုးကဲ့သို့ မြဲဘို့ရာ ဂရုပြုရမည်။
၂။ မေတ္တာသမထ နေ့စဉ်ပွါးရမည်၊ သည်းခံခြင်းပြည့်စုံရမည်။
၃။ ဒါန သီလ ဘာဝနာ သုံးပါးကို ဝိဝဋ္ဋဖြစ်ဘို့ နားလည်ကြရမည်။
၄။ သီလ သမာဓိ ပညာ သိက္ခာသုံးပါး အစဉ်ပြည့်စုံကြရမည်။
၅။ အယူမလွန်ရ မလျော့ရ မဇ္ဈိမပဋိပဒါ ဗဟိုလယ် အယူမှန်ကျရမည်။
၆။ ၇-ခမ်း သရုပ် ၇-ရက်စဉ်ကို သညာသိ သိဘို့ရာ လေ့လာအားထုတ်ရမည်။
၇။ တလလျှင် ၄-ကြိမ် ၂-ကြိမ် အဖွဲ့ရုံး၌ ဆွေးနွေးဟောပြောကြရမည်။
၈။ ကျား မ ကြီး ငယ် မရွေး တရားဟောလျှင် ရိုသေစွာ ကြားနာကြရမည်။
၉။ တရားဆွေးနွေးဝိုင်း၌ မာနလျှော့၍ အယူမှန်ကို သက်ရောက်စေရမည်။
၁၀။ ဥက္ကဋ္ဌကိုဖြစ်စေ ဓမ္မကထိကကိုဖြစ်စေ အရိုအသေပေး၍သာ ခေါ်ရမည်။
၁၁။ တရားတော်၌ သဘောမကျေနပ်ပါက အဖွဲ့မှာပင် တိုင်ကြားကြရမည်။
၁၂။ အနန္တငါးပါးနှင့် ကျမ်းဂန်များကို ထိခိုက်မှုမပါ ပြောဟောရမည်။
၁၃။ ပိဋကတ်တော်သို့မဟုတ်ရှေးပညာရှိများရေးသားသောကျမ်းများနှင့်ညှိပါ။
၁၄။ သပ္ပုရိသ ဆရာကြီး ဦးမြတ်သိန်းထွန်းရေး ကျမ်းများ မျိုးစုံ အဖွဲ့၌ ထားရှိရမည်။
၁၅။ အဖွဲ့ဝင်မဟုတ်သောတရားနာသူများကို အားပေးတိုက်တွန်းရမည်။
၁၆။ အနည်းဆုံး ၇-နှစ်ခလေးကစ၍ အဖွဲ့ဝင်အမှတ်စာရင်းထည့်သွင်းရမည်။
၁၇။ တရားနှင့်ဆန့်ကျင်ဘက်ယောဂီကို ၃-ကြိမ်တိုင်သုံးမ,မရလျှင်ပယ်ရမည်။
၁၈။ အစည်းအဝေးပွဲ၌ လက်ာ သံပေါက် ဥဒါန်းစသည်တို့ကို ရွတ်ဆိုကြရမည်။
၁၉။ "ဝိဇ္ဇာစရဏ မဂ္ဂသမ္ဘာရအဖွဲ့"ဟု ဆိုင်းဘုတ်ဆွဲသင့်ကဆွဲရမည်။
၂၀။ မိမိတို့မြို့နယ်အလိုက် သင့်တော်သော စည်းမျဉ်းဖြင့် ဖြည့်စွက်နိုင်သည်။

၁၂၉၂-ခုနှစ်ကစ၍ အဖွဲ့ အမည်ဖြင့် ဝိပဿနာ တရားတော်ကြီးကို ပျံ့နှံ့စေရန် ဆောင်ရွက်ခဲ့သော ၅-ယောက် သဘောတူရှိက ဖွဲ့နိုင်သည်။အများမလိုက်နှင့် အမှန်ကြိုက်။

---

ဆရာကြီးဦးမြတ်သိန်းထွန်း-၏ သမီးကြီး ဒေါ်ကျင်ငွေ မဂ္ဂသစ္စာစာပေ၊
ခြံအမှတ်-၂၀၁၊ ပင်ရွှေညောင်လမ်းပြည်သာယာစာတိုက်၊တာမွေလေး ရန်ကုန်။

ဓမ္မဒူတတက္ကသိုလ်
စာကြည့်တိုက်
ကမာရွတ်။

# ဆရာကြီး ဦးမြတ်သိန်းထွန်း၏
# ဝိပဿနာကျမ်းများ


၁။ ပညာဒီပနီ ပ—တွဲ
၂။ ပညာဒီပနီ ဒု—တွဲ
၃။ ဉာဏဒီပနီ
၄။ စက္ခုဒီပနီ
၅။ ဝိဇ္ဇာဒီပနီ
၆။ အာလောကဒီပနီ
၇။ ပုဂ္ဂလဓမ္မနှင့် အတ္တုပ္ပတ္တိ
၈။ မဟာဓမ္မကထိကဒီပနီ
၉။ မဟာမင်္ဂလာဝိပဿနာဒီပနီ
၁၀။ သာသနာဒီပနီ
၁၁။ ဝိသာခါဒီပနီ
၁၂။ ဓမ္မစကြာဒီပနီ
၁၃။ ဗုဒ္ဓဘာသာဒီပနီ ပ-တွဲ
၁၄။ ဗုဒ္ဓဘာသာဒီပနီ ဒု-တွဲ
၁၅။ သာသနာ့မုခကျမ်း
၁၆။ ပစ္ဆေဒဒီပနီ
၁၇။ သင်္ခါယနာဒီပနီ
၁၈။ ဥဒါန်းလင်္ကာစုံ
၁၉။ မဂ္ဂသမ္ဘာရဒီပနီ
၂၀။ သတိပဋ္ဌာနဒီပနီ
၂၁။ ဝိမုတ္တိာယုဂဒီပနီ
၂၂။ ဩကာသဒီပနီ
၂၃။ လောကဓံဒီပနီ
၂၄။ ဓာတုဒီပနီ
၂၅။ ဘာသာရှင်းတမ်း အလင်းကျမ်း
၂၆။ သီလဒီပနီ
၂၇။ ဓမ္မဝိဘာဂဒီပနီ
၂၈။ ဓမ္မေသနဒီပနီ
၂၉။ ဗုဒ္ဓရာဇာဒီပနီ
၃၀။ ထွက်ရပ်ခေါင်ကမ္မဋ္ဌာန်းအဖွင့်ကျမ်း
၃၁။ ဓမ္မဓိဋ္ဌာနဒီပနီ
၃၂။ မင်းနဲ့ငါ မေး—ဖြေ
၃၃။ သတိထား
၃၄။ သဒ္ဓမ္မရှင်းတမ်း
၃၅။ ဝိဇ္ဇာရှစ်သောင်း
၃၆။ ဒုလ္လဘဒီပနီ



အောင်ဈေးစာပေ
၇၅/၇၆ (ရုံ၂) လေဟာပြင်ဈေး
ဘုရားလမ်း၊ ရန်ကုန်